

with love
ချစ်ခြင်းမေတ္တာဖြင့်
ထူးအိမ်သင်
အဖိဝ်းရှင့်ရောင်ရက်စွဲများ

# အစိမ်းရင့်ရောင် ရက်စွဲများ

## ထူးအိမ်သင်

## ကွယ်လွန်ခြင်းအမှတ်တရ

Typing - ဟိဏ်းဇော်အောင် & noel

PDF - nyisay

http://mmteashop.com

http://mmteashop.com

# ကျေးဇူးတင်လွှာ

ရင်ဘတ်ပေါင်းများစွာကို ရိုက်ခတ်ဆဲ ဖြစ်တဲ့ သီချင်းများရဲ့ ဖန်တီးရှင်၊ အံ့ဩစရာ ကောင်းလောက်အောင် ကြိုတင် မြင်နိုင်စွမ်းသော ဉာဏ်ပညာဖြင့် "ရာဇဝင်များရဲ့ သတို့သမီး" ကို ဖန်တီး မွေးဖွားခဲ့သူ ...


မြတ်နိုးခဲ့ရသော ဂီတမော်ဆရာ ကိုငှက်အား အမှတ်တရ လွမ်းဆွတ်စွာဖြင့် အစိမ်းရင့်ရောင်ရက်စွဲများ စာအုပ်လေးကို ကျွန်တော်တို့၏ အွန်လိုင်း လက်ဖက်ရည် ဆိုင်လေးမှ တင်ဆက်လိုက်ပါသည်။

အစိမ်းရင့်ရောင်ရက်စွဲများ စာအုပ်အား အစကနေ အဆုံးထိ တိုင်အောင် စာရိုက်ကူညီ ခဲ့ကြသော ညီငယ် ဟိဏ်းဇော်အောင်၊ ညီမငယ် နိုဝယ်တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ...

စာအုပ်အတွင်း ကိုငှက်၏ ပုံရိပ်များအား ထည့်သွင်း အသုံးပြုခွင့် ပေးခဲ့ကြသော http://www.htooeinthin.com အား ထပ်လောင်း၍ ကျေးဇူးအထူး တင်ရှိပါကြောင်း ...

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
http://mmteashop.com

http://mmteashop.com




http://mmteashop.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၅၃၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၂၁၀၆၀၈
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်ကာလ - ၂၀၀၆၊ အောက်တိုဘာ
မျက်နှာဖုံးဒီဇိုင်း - မျိုးဆွေသန်း
စီစဉ်သူ - သိမ်းတင်သား
ထုတ်ဝေသူ - ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ အမှတ် ၁၁၁၊ ၃၃လမ်း၊ ရန်ကုန်
ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း
တန်ဖိုး - ၂၀၀၀ ကျပ်

ဒီစာအုပ်ထွက်ပေါ်လာနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အောက်ပါအဖွဲ့များကို အထူးကျေးဇူး တင်ပါသည်။

MST Genius Dream City

SUNN

Studio Idea & Solution DTP

Scangraphics

http://mmteashop.com

| ဒီစာအုပ်မှာ စုစည်းထားသမျှ |
|---|
| သျှပ်မှူးကျော် |
| လင်းထက် |
| ရဲသင်ရန် |
| ဒီဖိုင်းမျိုးဆွေသန်း |
| ရွှေရော်ရော် |
| မောင်မောင်ဇော်လတ် |
| သီဟန်သွင် |
| အောင်ဝေး |
| မင်းထက်မောင် |
| ကေအောတီ |
| နီကိုရဲ |
| အမှတ်တရစကားများ |
| နိုင်ဇော် |
| နင်းဝေငြိမ်း |
| နွယ်ဦး |
| မြင့်မိုးအောင် |
| မအိ |
| ခင်ပန်နှင်း |
| စောဝေ |
| ဝါဝါနွယ်ဦး |
| ဝဏ္ဏခွါနီ |
| မောင်သစ်မင်း |
| ငြိမ်းအေးအိမ် |
| လွှမ်းဝေနိုင် |
| အောင်စိုးသူ (စတိုင်သစ်) |
| ပိတောက်မြေအယ်ဒီတာ |



http://mmteashop.com

ကြည်လင်အေး

မောင်သစ်မင်း + ညီညီသွင်

သိမ်းတင်သား

မြင့်မိုးအောင်

ပေရယ်ဆိုးငြိယ်

Emperror မဂ္ဂဇင်းမှ တင်ဆက်မှု


ညီလေးခင်

ကိုမျိုး IR

ရုပ်ရှင်တေးကဗျာ အယ်ဒီတာ

စုစုစံ

အောင်ကျည်စိုးမြင့်




http://mmteashop.com

# ထူးအိမ်သင်ကိုယ်တိုင်ရေးခဲ့သောကဗျာများ

## စင်သီယာ

နလုံးသားနဲ့ဖတ်ဖို့
(ရင်၌ဖြစ်သော)
...... ချစ်ဇနီးသို့ ....

' စင်သီယာ '
ငါ့ကဗျာ ဘယ်မှာလဲ
မရဲတရဲမေးခွန်း
တိုးတိတ်လွန်းမှာသိတယ်
နယ်မချဲ့ပါနဲ့ ဝေဒနာ
ငါမနေတတ်ဖူး
အရှုံးတစ်ယောက်ရဲ့ လွမ်းချင်းကို
မင်းဘာကြောင့် နားထောင်ချင်တာလဲ
အဲမှာစွဲတဲ့ မြားချက်ဟာ
လူမသိဘဲ အသက်သေစေတယ်
နွေမှာဖြစ်တဲ့ မိုးတိမ်ဟာ
မုတ်သုန်မလာခင် အိပ်စက်ရဦးမယ်
မင်းရဲ့ နောက်ဆုံးရယ်မောသံမှာ
ငါသေခဲ့ပြီ စင်သီယာ



http://mmteashop.com

ငါ့ကဗျာ ဘယ်မှာလဲ ... ။
‘ စင်သီယာ ’
ငါမပြောတော့ဘူး
မင်းဦးနောက်နှံ့အိုင်တောမှာ
ဘောဂဗေဒဇယားချပ်တွေ
မျက်တောင်ခတ်တဲ့ ကိန်းဂဏန်းတွေ
“ငွေ... ငွေ... ငွေ” (မင်းတို့)
ဆိုနေကျ သီချင်းတစ်စမို့
ငါအလွတ်ရနေပြီ
ဒီအမှိုက်ပုံထဲ၊ ငါ့ကို မဆွဲနဲ့ စင်သီယာ
ငါမလာနိုင်ဘူး
စူးစူးဝါးဝါးအော်ဟစ်
ချွေးမိုးအောက်နစ်ပါစေ
မင်းပြုံးနေ စင်သီယာ
ငါမပြောတော့ဘူး ...။
‘ စင်သီယာ ’
မင်းဘာမှမသိဘူး
ငါ့ဘဝဟာ ဆူးနဲ့ခလုတ်ပဲ
ညွှတ်တဲ့ ဦးကောင်းနဲ့ ငါအသက်မရှင်
လေးညှို့ကိုင်ပြီးမှ မာနအခွံခွာ
ငါတောင်းပန်ရမှာလား ...
မင်းစကားပြန်အနှုတ်မှာ
ငါ “ ဖြုတ် ” ကနဲကြွေခဲ့ပေါ့
ညှိုးရော့တဲ့ ငါ့အပြုံး



http://mmteashop.com

နေပါဦး အချစ်
ပစ်မသွားပါနဲ့ကွယ်
နွေလယ်အိပ်မက်တစ်ခု
ငါစာတမ်းပြုထားတယ် စင်သီယာ
မင်းဘာမှမသိဘူး … ။

' စင်သီယာ '
မင်းမညာနဲ့
ကွန်ပျူတာနလုံးသားရေ့
အသံမေ့တဲ့တိပ်တစ်ခွေ
မင်းငိုနေသလား … အချစ်
အက်စစ်မျက်ရည်တွေပဲ
ငရဲဆန်လှတယ်
မင်းဘဝ၊ မင်းအသက်
မင်းဟာ စက်ရုပ်ပဲ
မင်းလုပ်သမျှ ဆန္ဒမဲ့တယ်
ယန္တရားရဲ့ လည်ပတ်မှုဖြစ်စဉ်မှာ
ငွေဟာ လောင်စာပဲ စင်သီယာ
မင်းမညာနဲ့ … ။

' စင်သီယာ '
မင်းကို ငါချစ်တယ်
ရာစုနှစ်ပေါင်းများစွာမှာ
လူတွေ ဒါပဲပြောကြတယ်



http://mmteashop.com

ငါ့အတွက် စကား(၅)လုံး
မင်းအပြုံးကဝါးမြို့ခဲ့
သရော်တဲ့ နှုတ်ခမ်းတွေ
"ချွင်" မြည်နေတယ်
မြေကြီးသားဘဝမှာ
အဖျှတ်တိုကမီးပုံကြောင့်
ငါ့ရင်အုံလူသတ်ကွင်းထဲ
သားရဲတွေအစာတောင်းပြီး
အသက်နဲ့ အညီအမျှကျိန်ဆို
မိုးပြိုတယ် စင်သီယာ ...
မင်းကို ငါချစ်တယ် ... ။

' စင်သီယာ '
ဘာကြောင့်လဲ
ဖန်တီးဆဲ ဂီတမှာ
သာယာမှုမဲ့တယ်
နွယ်မြက်သစ်ပင် သံယောဇဉ်မဟုတ်
ကဗျာတစ်ပုဒ်ကြေပျက်ပြီးမှ
မင်းဝန်ချမှာလား
ဆေးသမားများတဲ့အခါ
ပန်းပွင့်တစ်ရာကြွေစေတယ်
ရေဒီယိုသတ္တိကြွအပြုံး
ငါ့နလုံးသားထက်မှာ
ပုံးကျင်းရာထင်ပြီ စင်သီယာ



http://mmteashop.com

ဘာကြောင့်လဲ ...။

' စင်သီယာ '
ငါမငိုဘူး
ပြာပုံမှာလူးတဲ့ဘဝ
လွတ်မြောက်ရေးလမ်း စ ရှာတုန်း
မင်းအမုန်းကိုမေ့လို့
အငွေ့ပျံနေတဲ့မျက်ရည်
လေပွေနဲ့သစ်ရွက်
ချွေးစက်တွေ ချွေရဦးမယ်
တကယ်ပါ စင်သီယာ
ငါမငိုဘူး ...
ပထမဦးဆုံး မင်းအတွက်ငါ
သေခဲ့တာကြာပြီလေ
မကြွေနဲ့ စင်သီယာ
ငါ ............ ။

သျှုပ်မှူးကျော်
" မြ " ကဗျာစာအုပ် (၁၉၈၁) မှ ...

http://mmteashop.com

# စပယ်ဖြူအိပ်မက်

လှိုင်းခတ်သံ ဂီတ ...
ချိုမြ မပီပြင်၊ သည်ရင်မှာ
ကြယ်ပြာ ... လပြာ ... ကောင်းကင်ပြာ ...
ရောင်လွှာ မြူးပြက်၊ လျှပ်လက်သလို
အို ... လှလိုက်တာ။

သဲသောင်ခုံလား၊ ရေစွယ်လားလေ
ခြေသံဖွဖွ၊ ကြားနေရပေါ့
မွှေးမြသန့်စင်၊ အာရုံမြင် ရနံ့
သင်းပျံ့နေဆဲ၊ ရင်ထဲမှာ .... ။

စကားတိုးတိုး၊ မြူခိုးဝေဝေ
စံပယ်ရေ ... စံပယ်ဖြူ ...
ဘယ်သူများလဲ၊ မေးလိုက်ဆဲမှာ
သဲသဲလှုပ်လှုပ်၊ ငှက်တစ်အုပ် ...
ရုတ်ခြည်းပျံပြေး၊ ဟိုး အဝေးကို။

သည်အိပ်မက်မှ၊ မောင် နိုးထလည်း
တမ်းတတပ်မက်၊ ရန်း မထွက်ချင်
သက်ဦး မြတ်မွန်၊ ရှာလွန် ရွက်တိုက်
ပြေးလိုက် ရှာဖွေ .... ၊



http://mmteashop.com

စံပယ်ရေ ..... စံပယ်ဖြူ
ဘယ်သူများလဲ၊ ဘယ်မှာလဲကွယ်
ရင်ထဲ မေးမိဆဲပါ မေ။

လင်းထက်
ရှုမဝမဂ္ဂဇင်
၁၉၈၂၊ ဒီဇင်ဘာမှ .....




http://mmteashop.com

# ချောင်းကြည့်ပေါက်များ

သူ့အလို ...
အထက်အဆိုပါအကြောင်းများအရ
တွေးဆချက်များမှာ

(၁)
'စကားလုံးများ'ဟာ 'အတု' ဖြစ်ပြီး
'စိတ်'သည် 'အစစ်အမှန်' ဖြစ်တယ် .... တဲ့ ။

(၂)
'ခြေထောက်တေ'ဟာ 'လမ်း' ဖြစ်ပြီး
'ငါ'သည် 'ခရီးဆုံး' ဖြစ်တယ် .... တဲ့။

(၃)
ဆိုတော့ကာ ..
အဲဒီခြေထောက်အတုတွေနဲ့
အဲဒီစကားလုံး တင်းကြမ်းပြည့်လမ်းကိုပဲ
စီးစီးပြီးသွားနေရတာ .... တဲ့
အဲဒီခရီးဆုံးမှ ရောက်ပါ့မလား
အဲဒီအစစ်အမှန်ရော ဟုတ်ပါ့မလား
အဲဒီစိတ်ကြီးကို ကုန်လွန်းလို့



http://mmteashop.com

အဲဒီ ငါကဖြင့် .... တဲ့
အင်း
ပျင်းတယ် .... ဆိုတာကြီးပဲ
ကြိတ်မနိုင် ခဲမရ ......။

ရဲသင်ရန်
ပန် မဂ္ဂဇင်း
၂၀၀၂၊ အောက်တိုဘာမှ .......




http://mmteashop.com

# ဂျပ်ဆင်ထိပ်ကာလရိပ်ပြာ

ဒီဇိုင်း မျိုးဆွေသန်း

နေရောင် ပူပြင်းလှတဲ့ မုံရွာမြို့ရဲ့လမ်းမပေါ်မှာ ကတ္တရာလမ်းစေးတွေ အငွေ့ပျံနေတယ်။ ဗာဒံရွက်ခြောက်တွေက လေရူးလေးနောက်ကို လျှောက်လိုက်နေတယ်။ လက်ဘက်ရည်ဆိုင်ထဲက လူတွေက နားကိုစွင့်ရင်း အဝေးကိုငေးနေကြတယ်။ အဲ့ဒီ လူတွေကြားမှာ ထိုင်နေရင်းနဲ့ ခင်ဗျားရဲ့ အသံကို စကြားရတယ်။

မိုးတွေရွာနေတဲ့ ကောင်းကင်အောက် က ရန်ကုန်မြို့ရဲ့သစ်ပင်တွေက ကုပ်ဝပ်ငြိမ်သက် နေကြတယ်။ မိုးစက်သေးသေးလေးတွေက လေရူးနောက်ကို ဝေ့ခနဲပါသွားတယ်။ ရေဝေးသင်္ချိုင်းထဲမှာ လူတွေ ယောက်ယက်ခတ်နေတယ်။ အဲ့ဒီ လူတွေကြားကနေ ခင်ဗျားရဲ့ မျက်နှာကို ဂူပိတ်ခါနီး လှစ်ခနဲအဖွင့်မှာ တွေ့လိုက်ရတယ်။ အဲဒီကျတော့ ခင်ဗျားက အသံမဲ့၊ အသက်မဲ့။

ကျွန်တော်နဲ့ ခင်ဗျားရဲ့ တွေ့ဆုံခြင်းမှာ သစ်ရွက်ခြောက်တွေနဲ့ စပြီး မိုးစက်သေးသေးလေးတွေမှာ အဆုံးသတ်တယ်။

အဲဒီ အစနဲ့အဆုံးရဲ့ကြားထဲမှာ မုံရွာ၊ မန္တလေး ကျောင်းသား နေ့ရက်တွေမှာ ခင်ဗျား သီချင်းတွေနဲ့ ကျွန်တော် ဖြတ်သန်းဖူးတယ်။ ရန်ကုန်ကို ရောက်တော့ ခင်ဗျားနဲ့ လက်ဘက်ရည်ဆိုင် တစ်ခုမှာ မသိကျွမ်းဘဲနဲ့ အတူထိုင်ဖူးရင်း ကြားလူတစ်ယောက်က မိတ်ဆက်ပေးလို့ ခဏ ခင်မင်ရဖူးတယ်။ လှည်းတန်းဈေးရှေ့မှာ ခင်ဗျားက ခရုစွပ်မတ် ဦးထုပ်နဲ့ ပန်းသီးကြီးကြီး တစ်လုံးကိုင်ပြီး လမ်းဖြတ်ကူးဖို့ ရပ်နေတာတွေ့တော့ 'စန်တာကလော့ကြီးလား' ဆိုတော့ 'ဟုတ်တယ်' လို့ ဖြေဖူးတယ်။ ခေါင်းမှာ ပုဝါကြီးစည်းလို့ ၄၆ လမ်းမှာ တစ်ခါတွေ့တော့ 'ကိုငှက် ဦးနှောက်တွေ လူခိုးမှာ စိုးရိမ်လို့ ခေါင်းကို ထုပ်ထားတာလား' ဆိုတော့ 'ဟုတ်တယ်ကွ' လို့ ဖြေဖူးတယ်။ နောက်တော့ ကျွန်တော်

http://mmteashop.com

ဒီဖိုင်းတွေရေးရင်း ခင်ဗျားတို့ နေထိုင်ရာ ဒီဂီတလောကမှာ အတူတကွ နေထိုင်ခဲ့ကြပါတယ်။

ခင်ဗျားနဲ့ သင်္ကြန်တစ်ခါလည်ရင်း ရေပက်တဲ့ လူတွေက 'ထူးအိမ်သင်ဂိုက်ကြီး ဖမ်းလာတဲ့လူ' လို့ ခင်ဗျားကို ဝိုင်းအော်ကြတာ တွေ့ဖူးတယ်။ ခင်ဗျားအမေရဲ့ မော်လမြိုင် သင်္ကြန်ထမင်း စားဖူးတယ်။ လဘက်ရည်ဆိုင် ခဏခဏ အတူထိုင်ဖူးတယ်။ စကားပြောရတာ ကပ်တဲ့ ခင်ဗျားနဲ့ ခဏခဏ အငြင်းအခုံ လုပ်ဖူးတယ်။ တွေ့ရင် ငြင်းရတာလည်း သမိုင်းဆိုင်ရာ အကြောင်းတွေ။ အဲဒီထဲမှာ ခင်ဗျား အားကျတဲ့ သူတွေက ရာဇဓိရာဇ်၊ မင်းကံစီ။ အဲဒီလူတွေ အကြောင်းပြောရရင် ခင်ဗျားက မျက်လုံးတွေ တောက်လက်လို့၊ ရာဇဓိရာဇ်စီးတဲ့ ဆင်တော် 'ငရက်နွဲ့'၊ အပိုင်စားရတဲ့ စည်းစိမ်စာရင်းကို လှုပ်လှုပ်ရှိ ခင်ဗျား အလွတ်ရွတ်ပြီ။

ရာဇဓိရာဇ် နဲ့ ဗျည်းနွဲ့ စီးချင်းထိုးတော့ ဆင်တော်နှစ်ကောင်ရဲ့ နာမည်က ဘာလို့ 'ငရက်နွဲ့' သွားတူ ရတာလဲမေးတော့ ကျွန်တော်က 'ရမ်ဘိုခေတ်စားတော့ အိမ်တိုင်း လိုလိုက ခွေးတွေ ရမ်ဘို ဖြစ်ကုန်တာပေါ့' ဆိုတော့ 'ဟုတ်သလိုတော့ ရှိတယ်၊ ဒါပေမဲ့ ငါတော့ မင်းအဖြေ ဘဝင်မကျပါဘူး' လို့ ခင်ဗျားက အကန်လုပ်ပြန်တယ်။ ဒါပေမဲ့ ဒီအကြောင်းတွေပဲ တွေ့တိုင်း ပြောဖြစ်ပါတယ်။ ပထမမြန်မာတွေ ဘယ်ကလာ၊ နတ်ထိပ် တောင်ကြားက မြင်းတွေနဲ့ မဆင်းနိုင်ပါ။ စာအရေးအသားတွေ ဘယ်ကလာ၊ ခင်ဗျားနဲ့ ငြင်းလို့ ပြီးမသွားသေးတဲ့ အကြောင်းအရာတွေပါ။

'မင်းကို ငါပေးလို့ ပိဋကတ်သုံးပုံရတာ' ပြောတော့ ကျွန်တော်က 'ခင်ဗျားတို့ သထုံက ပိဋကတ်ကို ကျွန်တော်တို့ မယူပါ၊ အဲဒီ အချိန်တုန်းက သထုံက ဟာက Third Edition ပါ။ သီဟိုဠ်မှာ Fourth Edition ပေါ်နေပြီ။ သီဟိုဠ်က ယူတာပေါ့ဗျာ၊ Edition အဟောင်းကြီးတော့ မယူပေါင်ဗျာ' ကျွန်တော်ပြောတော့ 'အောင်မာ မဏိစန္ဒာကျတော့ ယူတယ်ပေါ့လေ' 'မဏိစန္ဒာကြီးလည်း လှမယ် မထင်ပါဘူးဗျာ'၊ 'အောင်မယ်လေးကွာ မင်းတို့အခု ငါတို့မော်လမြိုင်က နန္ဒာလှိုင်ကိုပဲ မင်းသမီးဆိုပြီး ကြည့်နေရတာ မဟုတ်လား' ဆိုတော့ ကျွန်တော်က 'မနန္ဒာကြီး မကြိုက်ပါဘူး၊ ခိုင်သင်းကြည်ပဲ ကြိုက်တာပါ'၊



http://mmteashop.com

'အဲဒါတော့ မင်းနဲ့ ငါနဲ့ တူသွားပြီ၊ ဟား ဟား ဟား၊ ဒါကျမှ ဒီကောင်နဲ့ငါ မငြင်းရတော့တယ်'။

တစ်မိုးအောက်မှာ မှတ်မှတ်ရရ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်း ကြာကြာနေဖူးတာ ကိုရွှေ့အခန်းမှာ ဂိမ်းဆော့နေကြတာ။ ကိုရွှေက 'ဒဂုံပြန်မယ်' ဆိုတော့ ခင်ဗျားရော၊ ကျွန်တော်ရော နေခဲ့ကြတာ။ ကျွန်တော်က ကွန်ပျူတာဂိမ်း စစ်တိုက်တမ်း၊ ခင်ဗျားက TV ဂိမ်းကော်ဖောပုံစီးတမ်း၊ တစ်ယောက်နဲ့ တစ်ယောက် စကားတောင် လှည့်မပြောဖြစ်ကြဘူး၊ ကျွန်တော်က ဂိမ်းဆော့ရင် အပြင်မှာ တကယ်ရှိတာတွေပဲ ကြိုက်တယ်၊ ခင်ဗျားက အပြင်မှာ မရှိတဲ့ ကစားနည်းပဲ ကြိုက်တယ်။ အာလာဒင်ရဲ့ ကော်ဇောပုံစီးမယ်၊ မာရီယိုရဲ့ မှို ပွင့်လေးတွေ စားမယ်။ မနက်လေးနာရီလောက်မှာ တစ်ယောက်နဲ့ တစ်ယောက် တစ်ချက်စီလောက်တော့ လှမ်းကြည့် ကြတယ်။ ခင်ဗျားက ငုတ်တုတ်ကြီးထိုင်လို့၊ ကြမ်းပြင်ပေါ်ကို ဖင်ချ မထိုင်ဘူး။ ဆက်တိုက်ဆော့ကြတာ။ ၃၆ နာရီ ကျော်လိမ့်မယ်။ တယ်လီဖုန်းလာတော့ ခင်ဗျား ထကိုင်တယ်။ 'မိသွယ် ခင်ဗျားကို လာခေါ်တော့မယ် မဟုတ်လား' ဆိုတော့ 'ဟုတ်တယ်' တဲ့။ အဲဒီကျမှ ရပ်တော့တယ်။ အဲဒီ အချိန်ကျမှ ခင်ဗျားက အဆက်အစပ် မရှိဘဲနဲ့ 'ကျောင်းဆရာ၊ ဒလတောကြီးတန်းမှာ မင်းရဲကျော်စွာနဲ့ ရာဇမိရာဇ် စီးချင်းထိုးကြတုန်းက.....' 'ဟာ တော်ပြီကိုငှက်ရာ၊ စီးချင်း မထိုးနိုင်တော့ဘူး၊ ခိုင်သင်းကြည်ပဲ' လို့ပြောပြီး ခင်ဗျားနဲ့ ကျွန်တော် စစ်ပြေငြိမ်းပြီး လက်ဘက်ရည်ဆိုင် ထိုင်နေတုန်း မိသွယ်ရောက်လာပြီး ခင်ဗျားကို လေလျှော့ပြီး ခေါက်သိမ်း သွားရော။ အဲဒီနောက် လူချင်း သိပ်မတွေ့ဖြစ်တော့ပါ။ (အခု မာရီယို 3D ဂိမ်း အသစ်တွေ ထွက်နေပါပြီ)

ခင်ဗျား ပျော်ရွှင်နေတာ၊ မှုန်မှိုင်းနေတာ၊ ကြည်လင်နေတာ၊ ရီဝေနေတာ၊ သန့်ရှင်း နေတာ၊ နောက်ကျိနေတာ၊ တက်ကြွနေတာ အားလုံးမြင်ဖူးပါပြီ။ ခင်ဗျားနဲ့ အများကြီး မနီးစပ်ခဲ့ပါ။ ခင်ဗျားရဲ့ အနုပညာနဲ့ စိတ်ခံစားမှုကိုလည်း အများကြီးမနီးစပ်ခဲ့ပါ။

လူချင်း ခင်နေသော်လည်း ခင်ဗျားနဲ့ အလုပ်များများ မလုပ်ခဲ့ဖူးပါ။ နှင်းဆီလှိုင်း Unplugged အယ်လ်ဘမ်နဲ့ အမေ (သို့မဟုတ်) မေတ္တာတော်ဘွဲ့တမ်းချင်း VCD



http://mmteashop.com

ဒီဇိုင်းများသာ လုပ်ပေးခဲ့ဖူးပါတယ်။ နှင်းဆီလှိုင်း Unplugged အယ်လ်ဘမ် ဒီဇိုင်းလုပ်တော့ ကျွန်တော်က ကိုမှတ်သုံထံ ခင်ဗျားတို့ပုံတူ SKETCH လေးတွေ သွားအပ်ပြီး ဓာတ်ပုံနဲ့ SKETCH ရောကာ ဒီဇိုင်း လုပ်ပေးလိုက်တယ်။ အဲဒီ ဒီဇိုင်းလေးတွေက ခင်ဗျားရဲ့ နောက်ဆုံးခရီးမှာ ဝေတဲ့ လက်ကမ်း စာရွက်အဖုံးလေး ဖြစ်ရလိမ့်မယ်လို့ မထင်ခဲ့ပါ။ 'အမေ' အယ်လ်ဘမ် ကျတော့လည်း ကိုမှတ်သုံထံမှာပဲ ခင်ဗျားပုံတူ SKETCH အပ်မိပြန်ပါတယ်။ အဲဒီ ခင်ဗျားရဲ့ ပုံတူ SKETCH လေးတွေက ခင်ဗျားအုတ်ဂူမှာ ကပ်မယ့် ကြေးပြား ဖြစ်မယ်လို့ မထင်မိပါ။

မထုတ်ဖြစ်တဲ့ မဂ္ဂဇင်းတစ်အုပ်မှာ မျက်နှာဖုံးလုပ်ဖို့ ပေးထားတဲ့ ဓာတ်ပုံတစ်ပုံကို Scan ကူးပြီး ဒီဇိုင်းလုပ်ကာ စီဒီထဲ ကျွန်တော်ထည့်ထားမိတယ်။ ခင်ဗျားက သမီးလေး 'ထောထော' ကို ပိုက်ပြီး ထိုင်နေတဲ့ပုံ။ မေတ္တာဓာတ် အပြည့် ပါတယ်လို့ ခံစားရလို့ သိမ်းထားမိတယ်။ ဓာတ်ပုံ ဘယ်သူရိုက်မှန်း မသိရပါ။ အဲဒီ ပုံလေးက ခင်ဗျား ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရ အယ်လ်ဘမ် ကာဗာဒီဇိုင်း ဖြစ်တော့မယ်၊ ကျွန်တော် တွေးထင်မထားမိခဲ့ပါ။

ခင်ဗျားကို ကျွန်တော် နှစ်ခုပဲ ပေးဖူးတာ မှတ်မိပါတယ်။ ကာလပ်စစ် စီဒီ နှစ်ခွေတွဲ၊ Edwin Arnold ရဲ့ Light of Asia စာအုပ်၊ (ကျွန်တော်က ပေးလို့ ယူပေမယ့်လည်း ငြင်းတာတော့ မလျှော့ကြပါ။ ကျွန်တော်က မောင်စံဖော် ဘာသာပြန်တာကြိုက်တယ်၊ ခင်ဗျားက မောင်သာနိုး ပြန်တာကြိုက်တယ်။) ခင်ဗျားက ကျွန်တော့်ကို အများကြီး ပေးခဲ့တာကိုတော့ ခင်ဗျား သေတဲ့ညမှပဲ ပြက်ပြက်ထင်ထင် မြင်မိပါတယ်။ နောက်နေ့ ခင်ဗျား နောက်ဆုံးခရီးမှာ ခင်ဗျားရဲ့ ပရိသတ်တွေကို ဝေငှဖို့ လက်ကမ်းစာရွက်လေး ကျွန်တော် ဒီဇိုင်းလုပ်ပါတယ်။ ကျွန်တော့် အခန်းလေးထဲမှာ ကိုကြွက်နီ၊ မြင့်မိုးအောင်၊ ရွှေဂျော်ဂျော်၊ မောင်မောင်ဖော်လတ်၊ လေးဖြူနဲ့ ဦးလီတို့ ရှိတယ်။ အများနဲ့ ဆိုင်တဲ့ ခင်ဗျားကို ကိုယ်စားပြုတဲ့ ခင်ဗျားစာသားလေးတစ်ခု ကျန်ရစ်သူတွေက စဉ်းစား ပေးကြတယ်။



http://mmteashop.com

'လင်းလက်တောက်ပဆဲမှာပဲ ရုတ်တရက်
ကွဲကြေသွားပြန်တယ် အို ညနေကြယ်'

သက်ငြိမ် လို့ စာရိုက်လိုက်တယ်။

အဲဒီမှာပဲ ကျွန်တော့်တစ်ကိုယ်စာ တွေးမိပါတယ်။ 'ဘာကြောင့်မှန်း ကိုယ်မသိခဲ့ပါ၊ ဂျပ်ဆင်ထိပ်က လရိပ်ပြာရယ်' လို့ပါ။

ကျွန်တော့်ကို ပေးခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်ခေတ်လုံးကို ပေးခဲ့တာပါ။ ခင်ဗျား ပေးခဲ့တာ အများကြီးပါ။ ခင်ဗျားရဲ့ လူကြိုက်များလှတဲ့ ' အမေ့အိမ်' တို့၊ 'ရောဝတီ' တို့ကို ခဏ ထားပါ။ ခေတ်ကို ကိုယ်စားပြုနိုင်တဲ့ ခင်ဗျားသီချင်းတွေ အများကြီးပါ။ ခေတ်က တောင်းဆိုလို့ ပေါ်လာတာ ခင်ဗျားပါ။ ခေတ်ကို ကိုယ်စားပြုပြီး ခင်ဗျားပေးခဲ့တာတွေ အများကြီးထဲက ဒီစာသားလေးကို ကျွန်တော် အမြဲရွတ်နေမိပါတယ်။

'နွေကျောင်းပိတ်ရက်တွေ လွန်ချိန်မှာ
သူပြန်မလာနိုင်ပြီပဲ
ဘာကြောင့်လဲ ကိုယ်မသိခဲ့ပါ
ဂျပ်ဆင်ထိပ်က လရိပ်ပြာရယ်'

ခင်ဗျားဟာ ဂျပ်ဆင်ထိပ်က လရိပ်ပြာပါ။

ကျွန်တော် ခင်ဗျားကို ဗာဒံရွက်ကြွေတွေ ကြားမှာ စတွေ့တယ်။ မိုးစက်သေးသေးလေးတွေ ကြားမှာ ဆုံးတယ်။

အခု မိုးစက်သေးသေးလေးတွေ ပြန်ကျလာပြီ။

ဒီဇိုင်း မျိုးဆွေသန်း
၃၀ .၅ .၂၀၀၅



http://mmteashop.com

# လွမ်းခြင်းအားဖြင့်

ရွှေဂျော်ဂျော်

ကျွန်တော်တို့ တစ်တွေ အခုလို သူ့ကို ပိုင်းပြီး အောက်မေ့သတိရ ဂုဏ်ပြု ရေးသားထားတဲ့ စာတွေကို ထူးအိမ်သင်သာ ဖတ်ရမယ်ဆိုရင် ရှက်ပြီး မနေတတ် မထိုင်တတ်နဲ့ နောက်ထပ် ထွက်ပြေးသွားလိမ့်ဦးမယ်ထင်ပါတယ်။

အရင်တုန်းက သီတင်းကျွတ်လို နေ့ရက်တွေမှာ ကျွန်တော်တို့၊ မောင်မောင်ဇော်လတ်တို့က သူ့ကိုကန်တော့ဖို့ သူ့အိမ်ကိုသွားတိုင်း 'ဟာ မလုပ်နဲ့' လို့ အော်ဟစ်ရင်း အခန်းထဲဝင်ပုန်းပြီး ပြန်ထွက် မလာတတ်တော့တဲ့ သူပါ။ သူက သူ့ကို အရေးတယူ လုပ်လွန်းရင် မကြိုက်တဲ့သူ။ အပေါင်းအသင်း သူငယ်ချင်း ဆက်ဆံရေးက လွဲရင် ဘာတစ်ခုမှ အပိုမလိုချင်သူပါ။

ဒီအချိန်မှာတော့ သူ့ကို ကျွန်တော် ပြောချင်ပါတယ်။ 'ကိုလေးရေ လွမ်းလောက်တဲ့ သူမို့လွမ်းတာ၊ တမ်းတစရာကောင်းတဲ့ သူမို့တမ်းတတာ အားလုံးရဲ့ သဘာဝမို့ ခွင့်ပြုလိုက်ပါတော့။ ကိုထွေး (ဝင်းမင်းထွေး)နဲ့ ကိုလေးကိုယ်တိုင်လည်း 'ဗင်ဆင့်ဗင်ဂိုး တမ်းချင်း' ဆိုတဲ့ သီချင်းတစ်ပုဒ်နဲ့ တမ်းတခဲ့ဖူးတာပဲ မဟုတ်လား' လို့ပါ။

သူ ထွက်ခွာသွားစ အချိန်ကဆိုရင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုရဲ့ စိတ်ဓာတ်တွေ ကောင်းကောင်း အထိနာခဲ့ ပါတယ်။ အယ်ဖြူကိုဆုံးရှုံးရပြီး များမကြာမီ သူ့ကိုပါ ဆုံးရှုံးလိုက်ရလို့ပါပဲ။ ကျွန်တော်တို့အတွက်ဆိုရင် ကြွေတဲ့ကြယ်တွေက ကြီးတတ်ခဲ့ ပါတယ်။

သူ့ကိုလွမ်းဆွတ်တဲ့ အသံတွေဟာ လေထဲမှ၊ Internet ထဲမှာ၊ ဂျာနယ်မဂ္ဂဇင်းတွေ ထဲမှာ၊ တိုးတိုးလျလျတစ်မျိုး၊ ကျယ်ကျယ်လောင်လောင်တစ်ဖုံ၊ လူရောင်စုံ၊ အသံရောင်စုံ ဟန်ရောင်စုံပါပဲ။

http://mmteashop.com

'အမှတ်တရ ပြန်ဆိုတေး လွယ်လွယ် ပုံသဏ္ဌာန်တွေနဲ့တော့ ထူးအိမ်သင်ရဲ့ သီချင်းတွေကို မဖျက်ဆီးလိုက်ပါနဲ့' လို့ အစချီပြီး အကြံပြု အသံပြုနေတဲ့သူ့ပရိသတ်ထု ရဲ့ အသံတွေဟာ တဖြည်းဖြည်းနဲ့ အနုပညာလောကသားတွေရဲ့လွမ်းဆွတ်သံကို ကျော်လွန် မြည်ဟိန်းလာခဲ့ ပါတယ်။ ကျွန်တော် ငေးမောတွေဝေနေခဲ့မိတယ်။

သူကွယ်လွန်တဲ့ သတင်းကြောင့် ကျွန်တော့်မိခင်သာမက ကျွန်တော့် ညီအစ်ကိုတွေပါ မျက်ရည်ကျကြသတဲ့။ ကျွန်တော် ငေးမောတွေဝေ နေခဲ့မိတယ်။ သူ့ကို ဆရာအရာထား လေးစားတဲ့သူတချို့ ကျွန်တော့်ပခုံးပေါ်မှာ လာငိုကြတယ်။ လက်ဘက်ရည်ဆိုင် ရောက်တော့လည်း ဆိုင်ရှင် ကုလားညီအစ်ကိုလေး နှစ်ယောက်ဟာ ငိုင်လို့၊ ဖွင့်ထားတဲ့သီချင်းက 'အကြွင်းမဲ့ မေတ္တာတော် (သို့မဟုတ်) အမေ' သီချင်းများ။

ဈာပနနေ့မှာတော့ သူ့ပရိသတ် အစစ်တချို့နဲ့ မမျှော်လင့်ဘဲ ထပ်တွေ့ လိုက်ရတယ်။ ကျိတ်ကျိတ်တိုး ဆောင့်ဝင်လာတဲ့ လူအုပ်ကြီးကြောင့် မြင့်မိုးအောင်ရဲ့ ခြေထောက်မှာ ဖိနပ်မရှိတော့ဘဲ ဖြစ်ခဲ့ရတယ်။ ကျွန်တော်ဟာလည်း လူအုပ်ကြီးရဲ့ အပြင်ဘက်ကို လွင့်စင်ထွက်အသွား တွေ့လိုက်ရတဲ့ မြင်ကွင်းတစ်ခုက မမေ့နိုင်စရာပါပဲ။

အံကြိတ်ငိုနေတဲ့ ယောကျ်ားတွေ။ တောက်ခေါက်သံ တစ်ချက်လည်း ကြားရရဲ့။ တချို့ကက္ကန္ဒြေရရနဲ့ ကဗျာစာရွက်တွေ ဝေနေတယ်။ ကျွန်တော် အံ့သြငေးမော နေခဲ့ရင်းက အခုတော့ သူ့ကိုပြောချင်လာပါတယ်။

'ကိုလေးရေ ယောကျ်ားဆိုတာ တခြားယောကျ်ားတစ်ယောက်ကို လွယ်လွယ်နဲ့ မလေးစားတတ်ဘူး။ ပြီးတော့ လွယ်လွယ်နဲ့ မလွမ်းတတ်၊ မငိုတတ်ကြပါဘူး။ လူတစ်ယောက်ရဲ့ ရင်ထဲက လွမ်းဆွတ်မှုကို ရရှိဖို့ အောက်ကျို့ တောင်းခံလို့ မရဘူး၊ အမိန့်ပေး စေခိုင်းလို့လဲ မရဘူး။ သင်ကြားပေးလည်း မရနိုင်ပါဘူး။ အဲဒီတော့ သန့်စင်သော အလွမ်းများနဲ့ သူတို့စိတ်ကြိုက် လွမ်းပါစေတော့ ကိုလေးရေ' လို့။


ကျွန်တော်တို့ လွမ်းပါရစေ။ ကျွန်တော်တို့ရဲ့ သစ္စာရှိသော ဈေးဝတီ သူ့ရဲကောင်း အတွက် အမေ့အိမ်ကို ဘယ်တော့မှ ပြန်မလာတော့မယ့် ညီအစ်ကိုအရင်း တစ်ယောက် အတွက်။



http://mmteashop.com

လွမ်းခြင်းအားဖြင့်

ရွှေဂျော်ဂျော်




http://mmteashop.com

# မောင်မောင်ဇော်လတ်ရဲ့ အမှတ်ရချက်များ

(၁) ပထမဆုံးအထိအတွေ့ (First touch)

လွန်ခဲ့တဲ့ ၁၉ နှစ်ဝန်းကျင်၊ ကျွန်တော် ၈ တန်း ကျောင်းသားဘ၀၊ သူငယ်ချင်း တစ်ယောက်က ကျောင်းခန်းထဲမှာ ဂစ်တာမပါ လက်ဗလာနဲ့ သီချင်းတစ်ပုဒ် ဆိုပြဖူးတယ်။ 'နာရီပေါ်က မျက်ရည်စက်များ' ထူးခြားတယ်။ သံစဉ်စာသား သစ်တယ်။ ချက်ချင်း နှစ်ခြိုက်မိကြတယ်။

ဒါဟာ ထူးအိမ်သင် (ကိုငှက်)နဲ့ ကျွန်တော်ရဲ့ ပထမဆုံး အထိအတွေ့၊ မြင်မြင်ချင်း ချစ်တယ်ဆိုတဲ့ စကားလိုပဲ ကြားကြားချင်း ကြိုက်တယ်ဆိုတဲ့ ပြင်းအားမျိုးနဲ့ပေါ့။

(၂) လွှမ်းမိုးမှု (Influence)

အဲဒီအချိန်ကစလို့ နောက်ပိုင်း ထွက်သမျှ 'ထူးအိမ်သင်' ရဲ့ အခွေတွေ သီချင်း တွေကို မလွတ်တမ်း နားထောင်တယ်။ သီချင်းတွေ ရေးတော့လည်း အရင်လို မဟုတ်တော့ဘူး၊ သူ့ (ထူးအိမ်သင်) ရဲ့ သံစဉ်တည်ဆောက်ပုံ၊ သူ့ရဲ့ စာသားစတိုင်လ်၊ သူ့ရဲ့ ဒဿနတွေကို သိစိတ်နဲ့ရော မသိစိတ်နဲ့ပါ အတုယူဖြစ်ခဲ့တယ်။

ကျွန်တော်နဲ့ အယ်ဖြူတို့ရဲ့ ငယ်ဘ၀ကို ကိုငှက်နဲ့ ဆရာစိုင်းခမ်းလိတ်တို့ရဲ့ သီချင်းများက အကြီးအကျယ် လွှမ်းမိုးခဲ့တယ်။

(၃) ပထမဆုံး အရှင်လတ်လတ် တွေ့ဖူးခြင်း

ကိုငှက်ကို ပထမဆုံး တွေ့ဖူးတာက Stage စင်ပေါ်မှာ။ ၁၉၈၉ တောင်ကြီးမြို့ ဘောလုံးကွင်းထဲမှာ လုပ်တဲ့ show တစ်ခုမှာ။ မှတ်မှတ်ရရ ဂစ်တာဝယ်ဖို့ စုထားတဲ့ငွေနဲ့ လက်မှတ်ဝယ် ကျူရှင်သင်တန်းကနေ အသာလေး လစ်ထွက်ပြီး သွားကြည့်ရတာ။ ဒီဇင်ဘာ နှင်းမှုန်တွေကြားမှာ ဆွယ်တာအင်္ကျီ ဝတ်ပြီးသီချင်း ဆိုနေတဲ့ပုံ၊ မျက်မှန်ထူထူ၊ ဆံပင်ရှည်ရှည်ကောက်ကောက်နဲ့ ဒီပုံစံကို စဉ်းစားလိုက်ရင် မနေ့တစ်နေ့ကလိုပဲ။ လူချင်း



http://mmteashop.com

အနီးကပ်တွေ့ပြီး စကားပြောချင်ပေမဲ့ ကျွန်တော်တို့ကြည့်ရတဲ့ ထိုင်ခုံက စင်ရဲ့ အနီးကို သွားလို့မရပါ။ အဝေးကသာ ငေးကြည့်ခဲ့ရတယ်။

(၄) လက်ဆွဲနှုတ်ဆက်

၁၉၉၀-၉၁ လောက်မှာတော့ ကိုရွှေ (ရွှေဂျော်ဂျော် )ရဲ့ကျောင်းဖူးကြောင့် ကိုငှက်နဲ့ မိတ်ဆွေဖြစ်ခွင့် ရခဲ့တယ်။ ကိုယ်လေးစား အားကျတဲ့ လူတစ်ယောက်နဲ့ လက်ဆွဲ နှုတ်ဆက်ခဲ့တယ် ဆိုတာထက် ပိုမိုလေးနက်အမှတ်ရ ရပါတယ်။ သူဟာ တေးရေးတဲ့သူ ဘယ်သူ့ကိုမဆို တလေးတစားနဲ့ နေရာပေးတတ်တာကို သတိထားမိတယ်။ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ဟာ ရင်းနှီးတဲ့မိတ် ဆွေတွေထက် ကျော်လွန်ပြီး ညီအစ်ကို ရင်းခြာလို ဆရာတပည့်လို ချစ်ခင်ကြပါတယ်။

(၅) ကြားကာလများ

နောက်ပိုင်းမှာတော့ ကျွန်တော် ရန်ကုန်သွားရင် သူ့ဆီမှာပဲ အနေများခဲ့သလို သူမန္တလေးဘက်ကို လာတိုင်း ကျွန်တော့်ဆီကို မဖြစ်မနေ ရောက်ရောက် လာတတ်တယ်။ လူချင်း ကြိုကြားကြိုကြား တွေ့ဖြစ်ပေမဲ့ စိတ်ထဲမှာတော့ အမြဲတမ်း နီးနီးစပ်စပ် ရှိခဲ့ကြတယ်။ တစ်ခါတလေ သီချင်းတွေကို Tape ခွေလေးနဲ့ အသံသွင်းပြီး သူ့ဆီကိုပို့ ဖုန်းတွေဆက်၊ စာတွေရေးနဲ့ အဆက်သွယ် မပြတ်ကြပါ။ နောင် ကျွန်တော် ရန်ကုန်မှာ အခြေချ နေထိုင်ပြန်တော့လည်း အိမ်ချင်းမဝေးလှတာကြောင့် မိသားစုချင်းပါ ပိုမိုခင်မင် ရင်းနှီးခဲ့ပါတယ်။

(၆) ကျွန်တော်သိတဲ့ သူ့အကြိုက်

ကိုငှက် အမက်မောဆုံး အစားအစာကတော့ ဆန်ပြုတ် ဖြစ်လိမ့်မယ်။ ဘယ်နေရာ သွားသွား လက်ထဲမှာ စာအုပ်လေးတစ်အုပ် အမြဲပါတတ်တယ်။ Game ကစားရတာ ဝါသနာပါပြီး သူ့အကြိုက်ဆုံးကတော့ Resendent Evil ဖြစ်လိမ့်မယ်လို့ ထင်တယ်။



http://mmteashop.com

ကျွန်တော်တို့ (ကိုရွှေ၊ ကိုမြင့်မိုး အပါအဝင်)နဲ့ မတူတာကတော့ သူဟာ အားကစားကို စိတ်မဝင်စားတာပါပဲ။ ဘောလုံးကတော့ အဆိုးဆုံး ထင်ပါရဲ့။ သူ့အကြိုက် ထဲမှာ အထူးသဖြင့် Harmonica flute နဲ့ Resension တွေများ ကျန်ရစ်ခဲ့ရင်း ပြီးပြည့်စုံနိုင်မယ် မဟုတ်ပါ။

(၇) အဆုံးအမ

ကျွန်တော့ကို မှတ်မှတ်သားသား ဆုံးမစကား ပြောခဲ့ဖူးတဲ့ အထဲက "အောင်မြင်မှု ဆိုတာ မီးခိုးလိုပါပဲ၊ မီးခိုးဆိုတာ မီးရှိလို့ထွက်တာ၊ မီးမရှိရင် အလကားပဲ၊ အနုပညာဝမ်းစာ (မီး)က အရေးကြီးဆုံးပဲ" လို့ အဓိပ္ပာယ်ရတဲ့ ဆုံးမစကားကိုတော့ ကျွန်တော် အကြိုက်ဆုံးပါပဲ။

(၈)အမြုတေ

ကျွန်တော် သတိထားမိသလောက် ကိုငှက်ဟာ အဆိုတော် ဖြစ်ချင်တဲ့သူ မဟုတ်။ musician (ဂီတပညာရှင်) သာဖြစ်ချင်သူပါ။ သူဟာ အနုပညာကလွဲရင် အခြားသော ငွေကြေး၊ ဂုဏ်ပကာသနတွေကိုလည်း မက်မောသူ မဟုတ်။ ဘဝကို ယုံကြည်သလို ဖြတ်သန်း၍ အနုပညာစိတ်ကူး အနုပညာအသွေး အသားဖြင့် အသက်ရှင် နေထိုင်တဲ့သူ ဖြစ်သည်။ ဘယ်ပယောဂကြောင့်မှ သူစိတ်မပါဘဲ ဆိုခဲ့သော သီချင်း၊ ရေးခဲ့သော သီချင်းများ ရှိလိမ့်မည် မဟုတ်။

၁၆ ပဲရည်ပြည့် မှတ်ကျောက်တင်ခံနိုင်သော ပါရမီကြီးသော တစ်ခေတ် တစ်ယောက် အနုပညာသမား၊ ဒီခေတ်ကြီးထဲက ဂီတလောကရဲ့ ဒဏ္ဍာရီဆန်တဲ့ အမြုတေ တစ်ခု ဖြစ်ခဲ့တယ်။ ရှားပါးပါတယ်။ နမြောမိပါတယ်။

(၉) နှုတ်ဆက်ချိန်



http://mmteashop.com

ကျွန်တော် City FM မှာ ပြောခဲ့ဖူးတယ်၊ လူချင်း မရင်းနှီးခင်က ကြားဆရာ၊ မြင်ဆရာ Ideal person လို့။

နောင် ရင်းနှီး ခင်မင်လာတော့ သင်ဆရာ အစ်ကိုကြီး တစ်ယောက်လို့။ ဒီလောကမှာ လက်တွဲခဲ့တဲ့ ချိန်ကြာလာတော့ ကျွန်တော်တို့ရဲ့ခေါင်းဆောင် တစ်ယောက်လို ဒီခေတ်ကြီးထဲမှာတော့ ပုံပြင်တစ်ခုလို ကျွန်တော်တို့ အားလုံး ချစ်မြတ်နိုးတဲ့ "ထူးအိမ်သင်" ပရိသတ်တွေ တန်ဖိုးထားတဲ့ "ထူးအိမ်သင်"။ တန်ဖိုးမြင့် "ဘဝတစ်ခု" ကို နေထိုင်ပြခဲ့ပါတယ်။ ဘယ်တော့မှ သေဆုံးမှာ မဟုတ်တဲ့ သီချင်းများရဲ့ ပိုင်ရှင် "မော်ဆရာ" တစ်ယောက် ကောင်းရာသုဂတိ ရောက်ပါစေ။

မောင်မောင်ဇော်လတ်




http://mmteashop.com

# ကျွန်တော်သိသမျှ ထူးအိမ်သင်

သီဟန်သွင်

ဒီကမ္ဘာမှာ အရှုံးဆိုတာတစ်ခုကလွဲရင် ကျန်တာတွေ အကုန်ပေးချင်ပေမယ့် အဲဒီအရှုံးဆိုတာကိုမှ ပေးလိုက်ရပြီး လိုချင်တာတွေ ရခဲ့သူတွေနဲ့ နှိုင်းစာရင် "သူ" က အများကြီး နေပျော်သွားပါတယ်။

သူသေသွားပုံကိုသာ ကျွန်တော်နည်းနည်းအံ့ဩမိတာ။

ကျွန်တော်တို့ လူမျိုးတွေရဲ့ သဘာဝ သူသူကိုယ်ကိုယ် ဖြစ်တတ်ပုံက ကျွန်တော်တို့ဟာ မိမိရဲ့ ကိုယ်ပွား သမီးသား မိတ်ဆွေများအကြောင်း တွေးတောပူပန်လေ့ရှိကြတယ်။ ခုနေ၊ ငါ့ရဲ့ ဘယ်သူဘယ်ဝါဖြင့် ဘယ်နေရာမှာ ဘယ်လိုများ နေရှာပါလိမ့်ဆိုတာမျိုး။ ဒါပေမယ့် အစာအာဟာရရယ်လို့ ကျွန်တော်တို့ စားသောက် ရှူရှိုက်လိုက်တာတွေ အထဲမှာ ဘယ်လိုများ နေမလဲလို့ တွေးတောပူပန်ကြရိုး မရှိကြဘူး။ ကိုယ်တွင်းအင်္ဂါတွေနဲ့ မသင့်တင့်လို့ စစ်ခင်းနေပြီဖြစ်ကြောင်း၊ ခန္ဓာကိုယ်တစ်နေရာက တာဝန်အရ သတင်းပို့မှသာ သိရတော့တယ်။ အဲဒီအခါကျ သက်ဆိုင်ရာ ကျွမ်းကျင်နားလည်သူက ရှင်းမရအောင် ပြဿနာက ခေါင်ခိုက်နေပြီ။

အဲဒီလို သမားရိုးကျ သူလိုကိုယ်လိုဆန် မှုက ခေတ်ပေါ် လူသားတစ်ယောက်လို နေထိုင်ခဲ့သူ တစ်ဦးရဲ့ နောက်ဆုံး ဖြစ်ရပ်မှာလည်း တွေ့လိုက်ရတာ အံ့ဩစရာ ကောင်းမနေဘူးလား။

လွန်ခဲ့တဲ့ ၂နှစ်လောက်က "သူ" ကျွန်တော့ကို လိုက်ရှာနေတယ်လို့ ကြွက်နီက ပြောပါတယ်။ သိုင်းဆရာထွန်းဝေ ဘယ်မှာနေတယ်ဆိုတာ မေးမလို့တဲ့။ ထွန်းဝေဆိုတာ ကျောင်းတုန်းက ကျွန်တော်တို့နဲ့ သိုင်းကစားဖက်ပါ။ သိုင်းပြောင်းပြန်ဆရာကြီး ဦးမောင်လေး မသေခင်မှာ ဆရာဖြစ်အဆင့်ထိရထားသူ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ "သူ" တွေ့တော့ ဘာဖြစ်လို့ ထွန်းဝေကို တွေ့ချင်ရတာလဲလို့ မေးတဲ့အခါ သူပြောတာက ကျွန်တော် ထင်ထားတာထက် ပိုအံ့ဩရပါတယ်။ သူ့သမီးလေးကို သိုင်းသင်ချင်လို့တဲ့။



http://mmteashop.com

"နေပါဦး မင့်သမီးက ဘယ်အရွယ် ရောက်နေလို့လဲ" ဆိုတော့ ကျောင်းတောင် မထားရသေးဘူး။ ဒါဖြင့် ဘယ်လို စိတ်ကူးတွေပေါက်ပြီး သိုင်းသင်ပေးချင်တာလဲလို့ မေးတော့၊ သူ့သမီးလေးရဲ့ အနာဂါတ်လုံခြုံရေးကို စိတ်ပူပန်သတဲ့။ သူ သဘောတူလို့ ကတော့ ကိစ္စမရှိပါဘူး။ သူသဘောမတူပဲ သူများ ကျူးကျော်စော်ကားရင် ခုခံ ကာကွယ် နိုင်အောင်လို့ပါတဲ့။ သူ့သမီးကဖြင့် ကျောင်းထားတဲ့အရွယ်တောင် မရောက်သေးဘူး။ သမီးရေ့ရေးကို တမျှော်တခေါ်ကြီးတွေးပြီး ရတက်မအေး ဖြစ်နေရတယ်။ ထွန်းဝေက စက်မှုတက္ကသိုလ် (YIT) ကနေ ချည်မျှင်( Textiles) အဓိကဘာသာနဲ့ B.E ဘွဲ့ရပြီး မန္တလေးက အရက်ချက်စက်ရုံမှာ အလုပ်လုပ်နေတယ်လို့ ကြားတယ်လို့ ကျွန်တော် ပြောတော့ သူတော်တော်စိတ်ပျက်သွားတယ်။ ဒါတောင် ရန်ကုန်က သိုင်းပြောင်းပြန် အဖွဲ့ချုပ်မှာ ဘယ်သူတွေ ရှိသေးလဲ လုပ်နေသေးတယ်။ အဲဒီနောက်ပိုင်း သူနဲ့ ကျွန်တော် မကြာခဏ ဆုံဖြစ်သေးတယ်။ များသောအားဖြင့် နီကိုရဲ့ အိမ်မှာဆုံဖြစ်တာ များတယ်။ စကားတွေ ထိုင်ပြောရင်း မိုးစင်စင် လင်းသွားတတ်တယ်။ စကားပြောတိုင်း သူ့သမီးလေးကို သိုင်းသင်ချင်တဲ့ အကြောင်း အမြဲပါတယ်။ သူ့သမီးအတွက် စိတ်ပူတာ ရပ်မသွားခဲ့ဘူး။ သူ့အတွက် ဘယ်တော့မှ စိတ်မပူဘူး။ သူ့အစာအိမ်၊ နလုံး၊ ကျောက်ကပ်၊ အဆုတ် ဘာတွေဖြစ်နေမယ်ဆိုတဲ့အကြောင်း ဘယ်တော့မှ စကားမစပ်မိကြဘူး။

သူ့ကို ကျွန်တော်တို့ ညီလို့ပြောရင် ရပါတယ်။ သွေးသားတော်စပ်တဲ့ ညီအစ်ကို (Biological Brother ) တော့မဟုတ်ဘူး။ ခံယူတဲ့ဘဝ အလုပ်နဲ့စပ်တဲ့ ညီအစ်ကို (Professional Brother ) တော့ ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ စံရိပ်ငြိမ် ၆ လမ်းမှာ အတူနေခဲ့ကြတဲ့ အစုအမြုံလေးဟာ ဘဝချင်းယှက်နေတဲ့ (Professional Family) လေးပါ။ သူ့စကားနဲ့ ပြောရရင် "အရင်းနီးဆုံး နလုံးသားများ ..." ပေါ့။

ထွန်းဝေအကြောင်း ပြန်ကောက်ရဦးမယ်။ ထွန်းဝေနဲ့ ကျွန်တော်က ပုသိမ် ကောလိပ်မှာ ကတည်းက သိခဲ့ကြတယ်။ ကျွန်တော်ကျောင်းပြီးတော့ ရန်ကုန်မှာ ဆက်နေ၊ ထွန်းဝေက ပုသိမ် ဒေသကောလိပ်ကနေပြီး Y.I.T ရလို့ ရန်ကုန်မှာ လာတက်တာနဲ့



http://mmteashop.com

ပြန်ဆုံကြတာ။ သူ (သျှပ်ကလေး) နဲ့ ကျွန်တော်က ပုသိမ်တုန်းက မသိခဲ့ဘူး။ ရန်ကုန်ကျမှ သိကြတာ။

ထွန်းဝေလိုပဲ ပုသိမ်ဒေသ ကောလိပ်က ၂နှစ်ပြီးလို့ ရန်ကုန်တက္ကသိုလ် အသီးသီးမှာ လာတက်နေကြတဲ့ ကျွန်တော်တို့ အသိုင်းအဝိုင်းက သုံးဆယ်လောက် ရှိတယ်။ အဲဒီအချိန်က ကျွန်တော်တို့တွေဟာ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ဝင်စားနေကြ၊ ကိုယ့်အချင်းချင်းလည်း စိတ်ဝင်စားနေကြ၊ တစ်ယောက်လုပ်တာ တစ်ယောက်လိုက် လုပ်နေကြတဲ့ အချိန်ပေါ့။ ထွန်းဝေက မယ်ဒလင် တစ်လက်နဲ့ သီချင်းဆိုဖို့ ကြိုးစားသလို ထူးအိမ်သင် ဖြစ်လာမယ့် သျှပ်ကလေးဆိုတဲ့ ကောင်ကလည်း ကိုးယိုးကားယားနဲ့ သိုင်းကစားသေးတယ်။

ကျွန်တော်တို့နဲ့ အတူနေတဲ့ မောင်မောင် (ကဗျာဆရာအရိုင်းဖြူ) နဲ့ သူက ပုသိမ်ပြည်တော်သာမှာ အတူနေတဲ့ တစ်ရက်ကွက်သားချင်း။ မောင်မောင်နဲ့ ပုသိမ်သား ပန်းချီဆရာ နေမျိုးဇော် (ကဗျာဆရာမင်းညိုစင်) က ငယ်ကျွမ်းဆွေ။ ကျွန်တော်နဲ့ နေမျိုးဇော်က ပုသိမ်ကောလိပ်မဂ္ဂဇင်းမှာ မဖြစ်ညစ်ကျယ်လေးတွေ လုပ်ထားတာရှိတော့ သူက ကျွန်တော်တို့နာမည်တွေကသိနေတယ်။ လူလူချင်း ခင်တတ်တဲ့ ညာဉ် ကလည်း သူ့မှာ ရှိတယ်။ သူ့ညီအစ်ကို မောင်နှမမှာ သူကအကြီးဆုံး ဆိုတော့ သူ့ထက်ကြီးတဲ့ လူတွေကို ပိုခင်တာလည်း ဖြစ်နိုင်ပါတယ်။ သူက မောင်မောင်နဲ့ပတ်သက်ပြီး စံရိပ်ငြိမ် ၆ လမ်းက အခန်းကို ရောက်လာပါတယ်။

မှတ်မှတ်ရရ ညတစ်ည သူနဲ့ကျွန်တော် လှည်းတန်းမှာတွေ့တယ်။ သူ့နာမည်က ကျော်မြင့်လွင်တဲ့။ သျှပ်မှုုးကျော် နာမည်နဲ့ ကဗျာတွေဘာတွေရေးလို့ ကဗျာစာအုပ်တောင် ထုတ်ပြီးပြီတဲ့။ သီချင်းတွေလည်း ရေးနေတယ်တဲ့။ ပညာအရင်အချင်းကတော့ BIO တွဲနဲ့ ပထမနှစ်ကို နှစ်ခါကျပြီး External ထိနေပြီ။ ဒီတစ်ခါထပ်ကျရင် ကျောင်းထွက် ရတော့မယ်တဲ့။ ကျွန်တော်က သူ့ကိုကြည့်ပြီး ရင်မောသွားတယ်။ ဒီကသူတွေမှာဖြင့် ကျောင်းပြီး ထားကြတာတောင် ရှေ့ဆက်ဘယ်လို စခန်းသွားကြမယ် မသိသေးတာ၊ ကိုယ့်ထက် ပေတဲ့သူနဲ့တော့ လာတွေ့ နေပြန်ပါပြီပေါ့။ လေးထောင့်ပုံ မျက်မှန်ကိုင်း



http://mmteashop.com

အနက်ထဲက သူ့မျက်လုံးက ကျွန်တော်တို့နဲ့ တွေ့ရတာကို တစ်ခုခု ခံစားနေတဲ့ပုံ။ ဘေးဘီ ဝဲယာက လူတွေကိုယ့်ကို ဘယ်လိုမြင်နေမယ်ဆိုတာကို အကဲခတ်ကြည့်တဲ့အကြည့်မျိုး သူ့မှာမတွေ့ရဘူး။

သူ့ပုံက လုပ်ချင်ရာ တစ်ခုတည်းကိုသာ ခေါင်းထဲထည့်ထားပြီး ဇွတ်တရွတ် ထင်ရာစိုင်းမယ့်ပုံ သိသိသာသာ ပေါ်နေတယ်။ သူက ကျွန်တော်တို့ အခန်းမှာ အငယ်ဆုံး၊ လူကောင်ကလည်း အသေးဆုံးဆိုတော့ သူ့ကဗျာဆရာနာမည်ရဲ့ ရှေ့ဆုံးအလုံးကိုယူပြီး သျှပ်ကလေးလို့ ခေါ်ကြတယ်။

ဒါပေမယ့် သူကကောင်းတာလား၊ ကံဆိုးတာလားတော့ မသိဘူး။ ကျွန်တော်တို့ အခန်းမှာ သူထင်ရာစိုင်းလို့ မရဘူး။ အဲ့ဒီခေတ်အခါ အခြေအနေအရ ခေတ်စားနေတဲ့ အတိုင်း ကျွန်တော်တို့ အခန်းက စည်းကမ်း အလွန်တင်းကျပ်တယ်။ အရက် မသောက်ရဘူး၊ ဖဲမရိုက်ရဘူး၊ တခြားကိစ္စကတော့ စကားထဲတောင် ထည့်မပြောလေနဲ့။ အဲ့ဒီ စည်းကမ်းတွေ ဖြစ်လာရတာက ပိုက်ဆံမရှိတဲ့ အချက်လည်းပါတယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်က မဂ္ဂဇင်း တစ်စောင်ထုတ်ဖို့ (ရယ်တော့ ရယ်ရတယ်)။ မဂ္ဂဇင်း ထုတ်မယ်သာ ဆိုတာ မဂ္ဂဇင်းတိုက်တွေက ဘယ်နားနေမှန်းတောင် သိကြသေးတာ မဟုတ်ဘူး။ နောက်ပိုင်းကျမှ နေမျိုးဇော်က ရှုမဝမှာ ကဗျာသရုပ်ဖော်ပုံတွေ ဆွဲလာလို့ သူ့ကို အကြောင်းပြုပြီး ရှုမဝကို ဝင်ကာထွက်ကာ ဖြစ်လာတယ်။ မိုးဝေနဲ့လည်း အဆက်အသွယ် ရှိလာတယ်။

ကျွန်တော်တို့ အခန်းမှာ သူသီချင်းရေးတဲ့ ကိစ္စ၊ ဂီတအနုပညာကိစ္စ တော်တော် မှေးမှိန်သွားတယ်။ တကယ်တော့ ပြန်စဉ်းစားကြည့်ရင် ကျွန်တော်တို့ကလည်း ဟိုမကျ သည်မကျ လူတွေပါ။ 'ကျောင်းပြီးမှ လုပ်ချင်ရာလုပ်' ဆိုတဲ့ အယူအဆကို လက်ခံပြီး သူ့ကို ဝိုင်းနှိပ်ကွပ်ကြတယ်။ သူက ကျွန်တော်တို့ အခန်းမှာ အငယ်ဆုံးလည်းဖြစ်ပြန်၊ သူ့မိဘနဲ့လည်း ဘာတွေဖြစ်လာမှန်းမသိ၊ ကျောင်းကလည်း ပြီးသေးတာ မဟုတ်တော့ ကျွန်တော်တို့မှာ ဒီအတွက် တာဝန်ရှိတယ်လို့ အားလုံး သဘောပိုက် ထားလိုက်ကြတယ်။ ကျွန်တော်တို့နဲ့ လာနေပြီး မတော်တရော်တွေဖြစ်သွားမှာကို စိုးရိမ်ကြတယ်။ သူ့ကိုဝိုင်းပြီး



http://mmteashop.com

ကြပ်မတ်လိုက်ကြတာ စိတ်မကောင်းစရာလား၊ စိတ်ကောင်းစရာလား ဆိုတာ ခုထိ ဝေခွဲမရ ဖြစ်နေတုန်းပါပဲ။

ရန်ကုန် တက္ကသိုလ်ထဲမှာ ပုသိမ်ကနေ ပြောင်းလာတဲ့ ဆရာတွေရှိတယ်။ ပုသိမ်ကောလိပ်ဆိုတာလည်း ရွာလေးတရွာလိုဖြစ်နေတော့ ဆရာတွေနဲ့ ကျွန်တော်တို့ ရင်းနီးကြတယ်။ ကျွန်တော်တို့က သျှပ်ကလေးကို ကျောင်းထဲခေါ်သွားပြီး သူ့ဘာသာတွဲနဲ့ ဆိုင်တဲ့ ဆရာတွေနဲ့ တွေ့ပေးတယ်။ မသိတဲ့ စာတွေးမေးဖို့ ဆရာတွေဆီ လွှတ်တယ်။ အခန်းမှာ သူစာကျက်ရတယ်။ နောက်ပိုင်းမှာ ညပိုင်းလက်ဘက်ရည်ဆိုင် သွားတာတောင် သူ့ကို မခေါ်တော့ဘူး။ သူ့အတွက် ပါဆယ် ဆွဲလာတယ်။ ခများမှာ ကျောင်းမတက်ချင်လို့ ပုသိမ်က ထွက်လာကာမှ ကျွန်တော်တို့ အခန်းမှာ ကျောင်းတက်ရတာထက် ပိုဆိုးနေတော့တယ်။ သူကလည်း ကျွန်တော်တို့ ပြောတဲ့အတိုင်း ရောယောင်ပြီး လိုက်လုပ်ရှာပါတယ်။

သူတစ်ခုခုလုပ်ရင် အရာအားလုံးကို မေ့ပြီး စိမ်ပြေနပြေ လုပ်တတ်တာကိုတော့ ကျွန်တော်တို့ သတိထားမိတယ်။ အားသွန်ခွန်စိုက် ပုံစံမျိုးတော့လည်း မဟုတ်ဘူး။ အေးအေးဆေးဆေး လုပ်နေတတ်တယ်။

သူဆန်ဆေးပြီဆိုရင် စပါးလုံးတင် မဟုတ်ဘူး။ ခဲလုံးတွေရော အမှုန်အမွှားတွေရော၊ 'အဖြူရောင်' ဆန် နဲ့ ဆန့်ကျင်ဘက်ဖြစ်သမျှ အနက်ရောင်တွေ အားလုံး မကုန်မချင်း ကောက်နေတော့တာဘဲ။ ထမင်းချက်ဖို့ ဆန်ဆေးနေတယ်ဆိုတာ မေ့သွားတဲ့ပုံ။ သူဆန်ဆေးတိုင်း ဟေ့ကောင် တော်တော့၊ မင်းဆန်ဆေးနေတာကြာပြီ လို့ တစ်ယောက်ယောက်က သတိပေးရတယ်။ အဲဒီကျမှ 'အင်' ဆိုတဲ့ အသံနဲ့ ပြင်ပလောကကို သတိပြုမိပြီး သူ့ရဲ့ ဈာန်သမာပတ်ဝင်စား မှုကို ရပ်တော့တယ်။

လူကြည့်တော့ သဘောကောင်း မလိုလိုနဲ့ စိတ်ကတော့ကြီးတယ်။ သူ့အမေနာမည် 'ဒေါ်မြရင်' ဆိုတာ ကျွန်တော် အဲဒီအခန်းမှာ နေကလည်းက အမြဲ ရင်းနီးနေတယ်။ သူ့အဖေ နာမည်ကျတော့ ကျွန်တော်ခုထိ မသိဘူး။ သူ အိမ်ကို စာထည့်လို့ စာအိတ်ပေါ်က သူ့အိမ်လိပ်စာကို ဖတ်ကြည့်ရင် သူ့အမေနာမည်ပဲ ဖတ်လို့ရပြီး



http://mmteashop.com

သူ့အဖေနာမည်ကျ ရေးပြီးမှ ပြန်ဖျက်ထားတယ်။ ဖတ်လို့ မရအောင်ကို ဖျက်ထားတယ်။ အိမ်ကို စာထည့်တိုင်း အဲဒီလိုလုပ်တော့ ကျွန်တော်က မနေနိုင်ဘဲ ပြောမိတယ်။ "မင်းကွာ မရေးချင်လည်း အစတည်းက မရေးဘဲထားပြီး မင်းအမေနာမည်တစ်ခုပဲ ရေးပါလား၊ ခုတော့ မင်းလုပ်ပုံက တမင်ရှည်ရှည်ရှယ်ချက်နဲ့ မခံချင်အောင် လုပ်သလိုဖြစ်မနေဘူးလား" ဆိုတော့ သူက "အစ်ကိုမသိပါဘူး။ ကျွန်တော်က အဲဒီလို လုပ်ရမှ ကျေနပ်တယ်" တဲ့။

ကျွန်တော်တို့ အခန်းမှာနေမယ့် သူငယ်ချင်းနှစ်ယောက် တိုးလာသေးတယ်။ တစ်ယောက်က မောင်သုန် (နောက်ပိုင်းမှာ 'အဖေနှင့် ခေသူမဟုတ်နှင့် အခြားဝတ္ထုတိုများ' စာအုပ်နဲ့ အမျိုးသားစာပေဆု ရသွားတယ်)။ ကျွန်တော်တို့ကတော့ သူ့ကို ငှက်ဆိုးလို့ ခေါ်တယ်။ နောက်တစ်ယောက်က ကိုသန်းဝင်း။ သူက ပုသိမ်ကောလိပ်မှာ "အနန္တလှိုင်" ဆိုတဲ့နာမည်နဲ့ ကဗျာဆရာဖြစ်နေပြီ။ သူက မဟာဝိဇ္ဇာတန်း တက်ရအောင်လာခဲ့တာ။ ဒါပေမယ့်သူက တောရဆောက်တည်ခဲ့တာ မဟုတ်ဘဲ မြို့ရဆောက်တည်ခဲ့တဲ့ အတွက် မဟာဝိဇ္ဇာတန်းကို တက်ခွင့် မရပါဘူး။ ဝိဇ္ဇာဘွဲ့ကို မြန်မာစာအဓိကနဲ့ "အထူးအောင်" ခဲ့ပေမယ့် မဟာဝိဇ္ဇာတန်းနဲ့ "ဝေး" သွားတဲ့အတွက် သူဟာ ကျွန်တော်တို့အခန်းမှာ အောင်ဝေး ဖြစ်သွားပါတော့တယ်။ နောက် ပြည်က ကျွန်တော့်သူငယ်ချင်း ကိုခင်မောင်လွင်ရယ်၊ အခန်းမှာ စုစုပေါင်း ခုနစ်ယောက်ပေါ့။ ဒါကအမြဲနေတဲ့ သူကိုပြောတာ။ အမြဲမနေဘဲ ကြုံရင်ကြုံသလို အိပ်သွားတာက ဆယ်ယောက်ကျော် ဆယ့်ငါးယောက်လောက် ရှိတယ်။

ကျွန်တော်တို့ အခန်းကို 'ဇီးကွက်' တိုင်းပြည်လို့ ခေါ်ကြတယ်။ ညဆို မအိပ်ကြဘူး။ တစ်ယောက်တစ်မျိုး စိတ်ကူးတည့်ရာ လုပ်နေကြတာချည်းပဲ။ အပေါ်ထပ်က အိမ်ရှင် မကြည်ကြည်ဝင်းနဲ့ တစ်ခါတစ်ခါ စာလာကျက်တဲ့ ကျောင်းသူတွေက ကြမ်းပေါက်ကနေ ကျွန်တော်တို့ ဘာလုပ်နေလဲသိရအောင် ချောင်းကြည့်ရတယ် ပြောတယ်။ ကဗျာရေးသူကရေး၊ ဝတ္ထုရေးသူကရေး၊ စာဖတ်သူကဖတ်ပေါ့။ ကျွန်တော်တို့ ရေးသမျှတွေကို အောင်ဝေးက ဒိုင်ခံ ပရုဖ် ဖတ်ပေးတယ်။ ဘယ်သူကဖြင့် ဝိုက်ချန်နဲ့ မောက်ချ မှားရေးတယ်လို့လည်း ထောက်ပြပြုပြင်တယ်။

http://mmteashop.com

အောင်ဝေး ကဗျာရေးရင် မရေးခင်အသံထွက် ရွတ်နေတတ်တယ်။ မြင်းကျားဖြတ်ကူး၊ အာလူး စားရ တို့ 'ဖူးချစ်ရဲ့အဖေ ဦးချစ်ရဲ့အဖေ' တို့ဆိုတဲ့ အသံတွေက သူ့ဆီက ကြားနေရတယ်။ သူက အဲဒီကတည်းက မြင်းကိုကြိုက်နေပြီ။ ကျွန်တော်တို့က သူ့သံယောင် လိုက်ပြီး 'နောက်' တယ်။ "R.I.T က သမကုန်ထုတ် ငါပြန်ဆုတ်ခဲ့" သူနဲ့ မောင်မောင် (ကြောင်) က R.I.T ကုန်ထုတ်သမ အလုပ်သွားလျှောက်ပြီး မရခဲ့တာကို ရည်ညွှန်းပြီး နောက်တာပါ။

ညတိုင်းလိုလိုမှာတော့ နေမျိုးဇော် ပန်းချီဆွဲတဲ့ စားပွဲဆီက စာရွက်ပေါ်တင်ထားတဲ့ ဆေးသားထူထူကို မှတ်ဆိတ်ရိတ်ဓားလေးနဲ့ ခြစ်နေလို့ ထွက်နေတဲ့ ရှဲရှဲသံကို ကြားနေရတတ်တယ်။ သူက မနက်မိုးလင်းတဲ့အထိ အလုပ်လုပ်တတ်တယ်။ သူ့အလုပ်ပြီးရင် ကရင်သင်တိုင်း အနီလေးဝတ်ပြီး ခင်ဝမ်းရဲ့ ဘယ်တော့များလဲ နှင်းရယ် . . . သီချင်းကို ဂီတာတစ်လက်နဲ့ ညည်းတယ်။

ကိုခင်မောင်လွင်ကတော့ ဆေးလိပ်တိုခဲပြီး ဝတ္ထုတွေကို အတင်းဖိဖိရေးတယ်။ သူ့ဝတ္ထုတွေ ကိုထွန်းဝေက ယူဖတ်ပြီး တော်တော်စိတ်မချမ်းမသာ ခံစားပြီး ပြန်ပြန်သွားရတယ်။ သူကဘယ်နေရာမှာ ဘယ်သူနဲ့ ဘာဖြစ်လာမှန်းတော့ မသိဘူး။ သူ့ဝတ္ထုတိုင်းလိုလိုမှာ ကျွန်ုပ်၏ချစ်သူသည်ကား ထိုလူကြီး၏ ရင်ခွင်တွင် ပျော်ရွှင်မွေးစက်နေပေတော့သည် ဆိုတဲ့ဝါကျက မကြာခဏပါနေတယ်။ ထွန်းဝေက အဲဒီဝါကျကို စိတ်မကောင်းကြီးစွာနဲ့ ကျွန်တော်တို့ရှေ့မှာ ပြန်ပြန်ရွတ်ပြတတ်တယ်။

သူများတွေ ဝတ္ထုရေးတော့ သီချင်းရေးမယ်ဆိုတဲ့ သျှပ်ကလေးကလည်း ဝတ္ထုတွေ လိုက်ရေးတယ်။ သူလိုကောင်မျိုးလေး ရေးတာလောက်တော့ ကျွန်တော်က အထင်မကြီးပါဘူး။ တစ်ခုတော့ ရှိတယ်။ သူက တစ်ခုခုလုပ်ရင် တစ်ထိုင်တည်းအပြီး လုပ်တတ်တယ်။ ကျွန်တော် မှတ်မိနေတယ်။ ညတစ်ည သမိုင်းဝင်း Canteen က ဦးတင်အောင်ရဲ့ ရွှေကြယ်ကဖီးကို ကိုခင်မောင်လွင်တို့ အမိုးမိုးပေးနေတဲ့ ညပေါ့။ ဆိုင်ထဲက ထုတ်ထားတဲ့ ခုံပေါ်မှာ မောင်မင်းကြီးသား သျှပ်က ကုန်ပြီး စာတွေ ရေးနေတယ်။ ဘာတွေရေးတာလဲ မေးတော့ ဝတ္ထုရေးနေတာတဲ့။ ရှုမဝကို ပို့မလို့တဲ့။



http://mmteashop.com

ကျွန်တော်က ပြုံးတယ်။ ရှုမဝမှာပါဖို့ ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စ။ သူမို့ စဉ်းစားရဲတယ်လို့ တွေးမိတယ်။ ကျွန်နော်တောင် လေးငါးပုဒ်ရှိပြီပို့တာ၊ တစ်ခါမှ မပါတာကို။ ဒါပေမယ့် မကြာပါဘူး။ လင်းထက်ဆိုတဲ့ ကလောင်နာမည်နဲ့ မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍ ဆိုတဲ့ သူ့ဝတ္ထု ရှုမဝချစ်ကိုယ်တွေ့ ကဏ္ဍမှာ ပါလာတယ်။ ဒီတော့မှ ဤပုဂ္ဂိုလ်လေးကို လျှော့ထွက်၍ မဖြစ်ချေတကားလို့ သူ့ခြေစလက်စတွေကို ကျွန်တော်အသိအမှတ် ပြုရတော့တယ်။ ကျွန်တော်က ရှုမဝကို ဝတ္ထုတွေ ဆက်ပို့တယ်။ မပါပါဘူး။ ခုထိလည်း မပါဖူးပါဘူး။

အခန်းမှာ စိတ်မချမ်းသာစရာ တစ်ခုဖြစ်သွားတာက သူ့ရှိစုမဲ့စုနဲ့ ဝယ်ထားတဲ့ ဂစ်တာလေး အခိုးခံရတုန်းကပါ။

အဲဒီနေ့က ဖြစ်ချင်တော့ သူတစ်ယောက်တည်း အခန်းမှာအိပ်ပြီး ကျန်ရစ်ခဲ့တယ်။ တံခါးကလည်း ခါတိုင်းလိုဖွင့်ထားတယ်။ ခိုးတဲ့လူက နံရံမှာထောင်ထားတဲ့ ဂစ်တာကို ကိုယ့်ပစ္စည်း ကိုယ်လာယူသလို ယူထွက်သွားမှာပေါ့။ ဂစ်တာကို ဘယ်အချိန်က ယူသွားလည်းတော့ မသိဘူး။ သူငယ်ချင်း တစ်ယောက်က ရောက်လာလို့ သူနိုးမှ ဂစ်တာ အခိုးခံရမှန်း သိတော့တယ်။ အခန်းနံရံမှာ စာအုပ်တွေအပြည့်ရှိတယ်။ အင်္ကျီ အဝတ်အစားတွေလည်းရှိတယ်။ ဒါပေမယ့် အဲဒါတွေ ဘာတစ်ခုမှ ယူမသွားဘူး။

ကျွန်တော်တို့ ပြန်လာတော့ သူကမှိုင်တွေတွေလေးနဲ့ သူ့ဂစ်တာ အခိုးခံရကြောင်း ပြောပြတယ်။ မင်းအိမ်တာကလည်းကွာ ခိုးတဲ့ကောင်က အေးအေးဆေးဆေးထိုင်ပြီး သီချင်းတစ်ပုဒ် တီးသွားသေးလားမှ မသိတာလို့ ကျွန်တော်တို့က သူ့ကိုပိုင်းပြောကြတယ်။

သူနဲ့ကျွန်တော် ပိုရင်းနှီးမိတာက ဝါသနာတချို့သွားတူလို့ပါ။ သူလည်း ကျွန်တော့်လို အင်္ဂလိပ်စာဝါသနာ ပါတယ်။ သူ့မှာ သူ့အဖေ အမွေလို့ပြောတဲ့ (J.C NESTFIELD) ရဲ့ GRAMMAR စာအုပ်ပါလာတယ်။ ရေဒီယိုလေး တစ်လုံးပါလာတယ်။ သူကလုပ်စရာ မရှိရင် အဲဒီ NESTFIELD GRAMMARကို အသံထွက် ဖတ်နေတတ်တယ်။ ကျွန်တော်တို့ အင်္ဂလိပ်သတင်းစာ ယူတယ်။ မနက်သတင်းစာလာရင် ခေါင်းကြီးပိုင်းတွေ အရေးကြီး သတင်းတွေကိုဖြတ်၊ မသိတဲ့ စကားလုံးတွေကို အဘိဓာန်မှာရှာ၊



http://mmteashop.com

အဲဒီသတင်းတွေကို ကျက်တယ်။ ရေဒီယိုလာတဲ့ အချိန်ကျတော့ အင်္ဂလိပ်ဘာသာ အစီအစဉ်မှာ အဲဒီသတင်းတွေကို နားထောင်တယ်။ အဲဒီတုန်းက အင်္ဂလိပ်စကားပြော စာအုပ်နဲ့ တိပ်ခွေက သိပ်ခေတ်မစားသေးတော့ ရေဒီယိုနဲ့ သတင်းစာကို ကျောင်းတစ်ခုလို လုပ်ပြီး တက်နေရတယ်။ ဘယ်လိုပဲ လုပ်လုပ် ကျွန်တော်တို့ အင်္ဂလိပ်စာကို ကျွန်တော်တို့ မကျေနပ်နိုင်ဘူး ဖြစ်နေတယ်။ ကျွန်တော့မှာ ကျောင်းတော့ပြီးပါရဲ့ ရဟန်းကိစ္စက မပြီးဘူး ဆိုတာလို အင်္ဂလိပ်စာကိစ္စ မပြီးဘူး ဖြစ်နေတယ်။ အဲဒါနဲ့ သူနဲ့ကျွန်တော် ပိုတွဲမိကြတယ်။

စံရိပ်ငြိမ် ဇလမ်းထဲ ကျွန်တော်တို့ နေတဲ့နေရာက ကျောင်းဘက်နဲ့ ပိုနီးတော့ ကျောင်းထဲကို ကျွန်တော်တို့ မကြာခဏ ရောက်ဖြစ်ကြတယ်။ ကျောင်းထဲက ဦးချစ်ဆိုင်မှာလည်း ထိုင်ဖြစ်တယ်။ ကျောင်းထဲမှာ အင်္ဂလိပ်စာနဲ့ပတ်သတ်လို့ ကျွန်တော်တို့ အားကျတဲ့ ဆရာတစ်ယောက်ရှိတယ်။ သတ္တဗေဒဌာနက ဦးတင်သန်းပါ။ (ဆရာဦးဆန်းလွင်ရဲ့ Let's speak English စာအုပ်ကို အမှာရေးတဲ့ဆရာပါ) တက္ကသိုလ် ပရဝုဏ်ထဲမှာ ဦးတင်သန်းရဲ့ အင်္ဂလိပ်စာ ဘယ်လောက်တော်တယ်ဆိုတာ။ အဲဒီအချိန်က ကျွန်တော်တို့ရဲ့ အခံဉာဏ်စွမ်းနဲ့ မခန့်မှန်းတတ်ပါ။ ဒါပေမယ့် သူ့ရဲ့တစ်မူထူးခြားတဲ့ လေ့လာအားထုတ်မှုကြောင့် လူသိများလှပါတယ်။ ကျွန်တော်တို့လို လူငယ်တွေကို အင်္ဂလိပ် စာလေ့လာဖို့ သူအမြဲအားပေးတတ်တယ်။ ခင်ဗျားတို့လူငယ်တွေ လုပ်ကြစမ်း ပါဗျာ၊ ကျွန်တော်ငယ်ငယ်ကဆို အင်္ဂလိပ်စာလုံးရဲ့ အဓိပ္ပာယ်ကို မသိလို့ ဆရာက မြန်မာလိုရေးပေး၊ ကျွန်တော်က မြန်မာလိုပါ မသိလို့ ရခိုင်လို လိုက်မှတ်ထားရတယ် ရခိုင်အမျိုးသား ဖြစ်တဲ့ ဆရာဦးတင်သန်းက အဲဒီလိုပြောလေ့ရှိပါတယ်။ ဦးတင်သန်းက ဦးချစ်ဆိုင်မှာ စာထိုင်ဖတ်တာကို ကျွန်တော်နဲ့သျှပ်က လက်ဘက်ရည်သောက်ရင်း ငေးကြည့် ရတယ်။ ဦးတင်သန်း ရောက်လာဖို့ဆိုရင် လူမရှိတဲ့ စားပွဲတစ်လုံး ရွေးပြီးထိုင်တယ်။ သူလာရင် စားပွဲထိုးလေးတွေက သိတယ်။ ရေနွေးအိုးအပြင် ဆားခွက်ပါ ချပေးရတယ်။ ဆရာက လက်ဖက်ရည်မှာတယ်။ ရေနွေးငှဲ့တယ်။ ရေနွေးထဲကို ဆားနည်းနည်း ထည့်တယ်။ အဲဒါပြီးရင် ရှပ်အင်္ကျီကိုချွတ်ပြီး ဘေးခုံပေါ်မှာ ချထားတဲ့ သူ့စာအုပ်ခုံပေါ်မှာ အင်္ကျီကိုတင်တယ်။ အဲဒီနောက် ဖတ်လက်စ အင်္ဂလိပ်စာအုပ်ကို ယူကာ



http://mmteashop.com

ပါးစပ်က အသံထွက်ပြီး ပယ်ပယ်နယ်နယ်ကြီး ဖတ်တော့တယ်။ အသံအနိမ့်အမြင့်အလိုက် ကိုယ်ဟန် အမူအရာက ပြောင်းသွားတယ်။ ပခုံးတွန့်တယ်။ မျက်ခြောရှုံ့တယ်။

ကျွန်တော်တို့ကို ပြောနေကျ၊ ကျွန်တော်တို့ မှတ်မိနေတဲ့ စကားကတော့ အင်္ဂလိပ်စကားလုံးတွေသာ ကျက်ရမှာ မဟုတ်ဘူး။ ဝါကျပါ ကျက်ရမယ်။ ဝါကျပါကျက်လို့ မလုံလောက် သေးဘူး၊ အမူအရာပါ ကျက်ရမယ် ဆိုတဲ့ စကားဖြစ်ပါတယ်။ ဘယ်လို အမူအရာပါ ကျက်ရမှာလဲလို့ မေးကြည့်တော့ ဥပမာဗျာ ကျွန်တော်က ဂျိမ်စ်းဘွန်း ကားကိုကြည့်တော့မယ်ဆိုရင် ဂျိမ်စ်းဘွန်း ဝတ္တုစာအုပ်ကိုရှာပြီး အလွတ်နီးပါး ရအောင် အခေါက်ခေါက် အခါခါဖတ်တယ်။ ပြီးမှရုပ်ရှင်ကြည့်တယ်။ ရုပ်ရှင်ထဲက ပြောတဲ့စကားကို ဘယ်နေရာမှာ ဘယ်လိုအမူအရာနဲ့ ပြောတယ်ဆိုတာပါ တစ်ခါတည်းကျက်ပစ်လိုက်တယ်။ ကျွန်တော်တို့ကို စကားပြောနေတုန်းမှာပဲ ဆရာကရုတ်တရက် နတ်ဝင်သလိုဖြစ်သွားပြီး ဂျိမ်းစ်ဘွန်း ဇာတ်ကအတိုင်း ကျွန်တော်နဲ့ သျှပ်ကလေးရဲ့ အင်္ကျီရင်ဘတ်တွေကို ဆောင့်ဆွဲရင်း အင်္ဂလိပ်လို အော်ဟစ်ငေါက်ငန်းပါတော့တယ်။ ကျွန်တော်တို့နှစ်ယောက်က ကြောင်တောင်တောင်နဲ့ ဆရာဘာဖြစ်သွားတာလဲ မသိဘူး၊ ကျွန်တော်တို့ အမှားအယွင်း တစ်ခုခု လုပ်မိလို့ အင်္ဂလိပ်လို ဆွဲထိုးတော့မလား အောက်မေ့တာ သျှပ် ဆိုတဲ့ကောင်က မျက်နှာကို ငယ်လို့။ တော်တော်ကြာတော့ ဆရာက အဲဒီလို အမူအရာပါ ကျက်ပစ်လိုက်မှ ကျွန်တော်က ပိုမှတ်မိတယ် ဆိုမှ ကျွန်တော်တို့ သက်ပြင်းချနိုင်တော့တယ်။

ကျွန်တော်တို့ နှစ်ယောက်က ကျွန်တော်တို့ အင်္ဂလိပ်စာ ကိစ္စမပြီးတဲ့ အကြောင်း ပြောပြတော့ ဆရာက ကျွန်တော်တက်နေတဲ့ သင်တန်းမှာ သင်နေတဲ့ ဆရာမကြီး Mrs.Palma Ba Kyaw ဆိုတာရှိတယ်၊ ဆိပ်ကမ်းသာလမ်းမှာ သင်နေတယ်၊ သူကဗြိတိသျှ နိုင်ငံသား အိုင်ယာလန်လူမျိုး၊ သူကအင်္ဂလိပ်လိုပဲ ပြောတယ်၊ မြန်မာလို လုံးဝမပြောတော့ ခင်ဗျားတို့ အင်္ဂလိပ်လို ပိုပြောဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ကို အကြံပေးရုံတင်မက သင့်ရာအပ်ပို့ ဆရာတို့ လိုက်လုပ်ပေးတယ်။

ဆရာမကြီးက ကျွန်တော်တို့ကို 'ဘို' နာမည်တွေပေးတယ်။ သျှပ်ကလေးကို စတီဖင်စင် (Stephenson) ကျွန်တော့ကို ရော့ဒ်နီ(Rodney)။ ကျွန်တော်တို့ ဆရာမကြီး



http://mmteashop.com

ဆီမှာ တစ်နှစ်နီးပါး ကြာတယ်။ သူက ပုသိမ်မှာ စာမေးပွဲဖြေဖို့ရှိတာနဲ့ ဆရာမကြီးဆီက အရင်ထွက်သွားတယ်။

'သျှပ်ကလေး' ပုသိမ်ကို စာမေးပွဲဖြေရအောင် သွားနေတဲ့ အတောအတွင်း ကျွန်တော်တို့ အခန်းမှာ ဉမကွဲပေမယ့် သိုက်ပြောင်းဖို့ အကြောင်းပေါ်လာတယ်။ နေမျိုးဇော်က ခရီးရက်ရှည် အဝေးကြီးသွားဖို့ ဖြစ်လာတာနဲ့ ကျွန်တော့်အနေနဲ့ ဒီအခန်းမှာ ဆက်မနေသင့်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ နေမျိုးဇော်က ခရီးထွက်သွားတယ်။ ကျွန်တော်က ပြည်အရှေ့ဘက် ဝက်ထီးကန် ဆိုတဲ့အရပ်မှာ တွဲဘက် ကျောင်းဆရာ သွားလုပ်နေလိုက်တယ်။ သျှပ်ကလေး ပုသိမ်က စာမေးပွဲဖြေပြီး ပြန်လာတော့ ကျွန်တော်ရှိရာ ဝက်ထီးကန်ကို လိုက်လာတယ်။

ကျွန်တော်က ကျောင်းကို စာသွားသင်ရင် သူနဲ့ကျွန်တော့်တပည့်ကလေး မောင်မောင်မြင့်က အိမ်မှာချက်ပြုတ်ပြီး နေကြတယ်။ ဘာမှလုပ်ရှားမှု မရှိတဲ့အချိန် ပြီးခဲ့တာတွေရော ရှေ့မှာဖြစ်ချင်တာတွေရော အသာဖယ်ပြီး ငြိမ်နေရတဲ့ အချိန်ပေါ့။ အပူရှိန်ပြင်းတဲ့ နွေရာသီမှာ ဖားတစ်ကောင် ဘယ်မှထွက်မရတာနဲ့ ရေတိုင်ကီအောက်မှာ အသာထိုင်ပြီး အသက်မှန်မှန်ရှူနေတဲ့ ပုံစံမျိုး ဖြစ်မယ်။

အဲဒီအချိန်က သူသီချင်းတွေ စမ်းရေးနေပြီလို့ ယူဆရတယ်။ ဒါပေမယ့် သူဂစ်တာတီးတာ မတွေ့ရသလောက်ပဲ။ အနီးအနားမှာ သူများတွေ ဂစ်တာတီးရင်လည်း သူဘာမှ ဝင်ပြောလေ့မရှိဘူး။ ညဘက် ကျွန်တော်စာသင်ပြီးရင် ကျောက်သင်ပုန်းပေါ်မှာ သင်္ကေတတွေ ရေးပြီး ဒို - ရေ - ဆို - မီ ဆိုတာတွေ အော်နေတာမျိုးလောက်ပဲ ရှိတယ်။ တစ်ခါတလေ ညတစ်ရေးနိုးလို့ ကျွန်တော်ထကြည့်တော့ အော်နေတုန်း၊ တစ်ခါတစ်ခါ ညနှစ်ချက်ထိုး သုံးနာရီလောက် ရှိနေပြီ။ သူ့ဂါထာမန္တရားတွေ ရွတ်ဖတ် သရဇ္ဈာယ် နေတုန်း။ သူနဲ့အတူနေတဲ့ ဘေးလူတွေကတော့ ဘယ်သိပ့်မလဲ။ သီတင်းကျွတ်လို အခါမျိုး Stage Show တွေဘာတွေရှိရင် သူနဲ့ကျွန်တော် သွားနားထောင်ကြတာပေ့ါ။ သာမန် ပရိသတ်အနေနဲ့ပါပဲ။ ဂီတအကြောင်း တီးဝိုင်းအကြောင်း မှတ်ချက်ချတာ၊ ဝေဖန်တာ သူဘာမှ လုပ်လေ့လုပ်ထ မရှိဘူး။



http://mmteashop.com

အဲဒီ သူ့ရဲ့မျိုသိပ်ထားတတ်တဲ့ အလေ့အကျင့်ဟာ တမင်လေ့ကျင့်ထားတာ ဒါမှမဟုတ် တစ်စုံတစ်ယောက်ဆီက ကောင်းတဲ့ အကျင့်တစ်ခု အနေနဲ့ အတုယူထားတာ မဟုတ်ပဲ မွေးရာပါ စရိုက်ဖြစ်မှန်း ကျွန်တော်အသေအချာ သိရတယ်။ မိမိရဲ့အစွမ်းအစကို ဘယ်နေရာ ချပြရမှန်းမသိ ဖြစ်နေတဲ့သူတွေ ဖြစ်လေ့ဖြစ်ထ ရှိသလို သူများ မသိတာနဲ့ ကိုယ်သိတာနဲ့ ကြုံလို့များကတော့ မျက်နှာကို ဝင်းကနဲလက်ခနဲဖြစ်သွားပြီး အားမနာ ပါးမနာ နေရာမရှောင် ရှင်းလင်းပြသတာ၊ ဘယ်သူမှ မတီးဘဲ ကိုယ့်ဘာသာကိုယ် တီးမြည်တာကို သည်းခံနားထောင်ရတဲ့ဒုက္ခ၊ သူနဲ့နေစဉ်က ဘယ်တော့မှ မရှိခဲ့တာ တော်တော် စိတ်ချမ်းသာစရာ ကောင်းပါတယ်။

ကျောင်းတွေပြန်ဖွင့်တော့ ဝက်ထီးကန်ကနေ ပုသိမ်ကို ကျောင်းတက်ရအောင် သူပြန်သွားတယ်။ ပုသိမ်မှာ သူနဲ့ကျနော် ပြန်ဆုံသေးတယ်။ အဲဒီနောက်ပိုင်း သူ့မိဘတွေ မော်လမြိုင် ပြန်ပြောင်းသွားတယ်။ သူလည်းပါသွားတယ်လို့ ကြားတယ်။ အဲဒီကစပြီး ကျွန်တော်နဲ့ တော်တော်ကြာ အဆက်ပြတ်သွားပါတယ်။

သူနဲ့ကျွန်တော် ဘယ်လောက်ထိ ကင်းကွာသွားသလဲ ဆိုတော့ သူ 'ထူးအိမ်သင်' ဖြစ်သွားတာ ကျွန်တော် မသိလိုက်ဘူး။ 'ငှက်' ဖြစ်သွားတာလည်း ကျနော် မသိလိုက်ဘူး။ ပထမ အခွေထွက်ပြီး ဟိုလူပြော သည်လူပြောမှ 'ထူးအိမ်သင်' ဆိုတာ 'သျှပ်ကလေး' မှန်း သိရတော့တယ်။ 'မော်ဆရာအိပ်မက်' အခွေထွက်ပြီး ပြည်ကို သီချင်းဆိုရအောင် လာမှ သူနဲ့ကျွန်တော် ပြန်ဆုံဖြစ်တယ်။ အမှတ်တမဲ့ ကြည့်လိုက်ရင်တော့ သူ ဘာမှမပြောင်းလဲပါဘူး။ ဒါပေမယ့် သေသေချာချာ သတိထားကြည့်မှ ကျွန်တော်နဲ့ တွေ့ခါစက တွင်းဝက ထွက်ရကောင်းမလားလို့ ပြူတစ်ပြူတစ်လုပ်နေတဲ့ နှုတ်ခမ်းမွေး ထောင်ထောင်နဲ့ ကြွက်ကလေး တစ်ကောင်လို အပြင်လောကကို ထိတ်လန့်၊ ကိုယ့်ကိုယ်ကို။ သံသယရှိနေတဲ့ အမူအရာမျိုး မရှိတော့ဘူး။ သူရုန်းကန်ခဲ့ရ၊ သည်းခံခဲ့ရ ပုံတွေကို စုံစီနဖာ ပြောပြပါတယ်။ သူပြောတာတွေ ခြုံပြီး ကျွန်တော်က 'အလုပ်' ဆိုတာပဲ သဘောပေါက်လိုက်တယ်။ သူအလုပ်လုပ်ခဲ့တယ်။ ဒါပါပဲ။ စနေဂြိုလ်ကလွတ်လို့ ကောင်းသွားတယ် ဆိုတာ စနေဂြိုလ်ထဲမှာ အလုပ်လုပ်ထားလို့ပါ။

http://mmteashop.com

"ကောင်းမြတ်သော အရာတွေဟာ စောင့်စားတဲ့ သူဆီကို လာတယ်။ တကယ်လို့ အဲဒီစောင့်တဲ့ အချိန်မှာ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ခဲ့ရင်ပေါ့။"

All the good things come to those who wait it they work hard while they are waiting. ဆိုတဲ့ စကားအတိုင်းပါပဲ။

"နေပါဦး မင်း ထူးအိမ်သင် ဖြစ်သွားတာက ဘယ်လိုလဲ"

"ကျွန်တော် တော်တော်စိတ်ပျက်နေပြီ အစ်ကိုရ၊ တခြားဟာတစ်ခုခု လုပ်ဖို့တောင် စဉ်းစားနေပြီ။ မော်လမြိုင်မှာ ကျွန်တော့်ဘဝကို ပြောင်းပေးမယ့် အဘိုးကြီးတစ်ယောက်နဲ့ သွားတွေ့တယ်၊ သူ့ဆီမှာ ကျွန်တော် music lessons တွေ သင်ဖို့ ချဉ်းကပ်တယ်၊ ပထမတော့ သူကငြင်းတယ်။ နောက်ပိုင်းမှ သင်ပေးတာ။"

"မင်းအရင်က လုပ်ထားတာတွေက သူနဲ့တွေ့တော့ ဘာဖြစ်သွားသလဲ"

"အစ်ကို နားလည်အောင် ပြောရရင် သူက ဘာလုပ်ပေးသလဲ ဆိုတော့ ကျွန်တော် တစ်စစီ တစ်ပိုင်းစီ သိထားတဲ့ ဟာတွေကို ချုပ်ပေးသွားတယ်။ ကျွန်တော် အလုပ်လုပ်လို့ရအောင် 'စုစည်း' ပေးသွားတယ်ပေါ့"

"မင်းကတော့လေ၊ ငါ့ကိုတွေ့နေကျ တရုတ်သိုင်းကားထဲကလို လုပ်ပြီး ပြောနေပြန်ပြီ ထင်တယ်၊ ဇာတ်လိုက်က အားနည်းချက် တစ်ခုခုကြောင့် ပွဲကြီးပွဲကောင်း တစ်ခုခုမှာ အထိနာလာ၊ စိတ်ဓာတ်တွေကျပြီး ချောင်ကျကျ နေရာလေး တစ်ခုမှာ မထင်မရှားနဲ့ ခပ်သိုသိုလေး ခိုနေတုန်း အရူးလို သူတောင်းစားလို အယောင်ဆောင်ထားတဲ့ ပညာရှင်ပဂေးကြီး တစ်ယောက်နဲ့တွေ့၊ သင်ကြား လေ့ကျင့်ပေးလိုက်လို့ ပြန်ချပစ်လိုက်တာ ရန်သူတွေအကုန်သေပြီး ချန်ပီယံဖြစ်သွားတယ်ပေါ့"

"တကယ်ပြောတာ အစ်ကိုရ၊ သူက ကျွန်တော့်ကို တွက်ချက်ကြည့်ပြီး အင်္ဂလိပ် နာမည်တောင် ပေးသွားသေးတယ်။ အလက်ဇန္ဒား (Alexander) တဲ့။ အဘွားကြီးပေးတဲ့ နာမည်က စတီဖင်စင် မဟုတ်လား။ ခု ကျွန်တော့်မှာ ဘို နာမည်နှစ်ခုနဲ့ ဟာ ဟား၊ စတီဖင်စင်"



http://mmteashop.com

အဲ့ဒီနောက် သူနဲ့ကျွန်တော် တော်တော်ကြာအောင် မတွေ့ပြန်ဘူး။ ဘဝကို အစဉ်အလာအရ ပညာ၊ ဥစ္စာ၊ ဘာဝနာရှာဖို့ အရွယ်သုံးပါး ခွဲခြားထားတာ ကျွန်တော် ကြားဖူးတယ်။ ဒါပေမယ့် ကျွန်တော် ရောက်နေတဲ့ အသက်အထိ 'တွေ့ကြုံဆုံကွဲ' ထောင့်က ကြည့်ရင် အရွယ်နှစ်ပါးပဲ တွေ့ရတယ်။ ပထမပိုင်း အတူနေ၊ အတူစား၊ အတူအိပ်၊ တစ်ယောက်နဲ့ တစ်ယောက် အိပ်ချိန်ကလွဲလို့ တစ်နေကုန် တွေ့နေတဲ့အရွယ်နဲ့ နောက် တစ်ပိုင်းက တစ်ယောက်နဲ့ တစ်ယောက် တွေ့ဖို့ သိပ်ခက်သွားတဲ့အရွယ်။ တစ်ခါတစ်ခါ လမ်းရဲ့ဟိုဘက် သည်ဘက်မှာ လှမ်းမြင်လိုက်ရုံမြင်ပြီး အေးအေးဆေးဆေးမှ တွေ့ဦးမယ် လို့ စိတ်ကူးသာထားတယ်။ ဘယ်တော့မှ အေးအေးဆေးဆေး မဖြစ်နိုင်တဲ့ အရွယ်။

နောက်တစ်ခါ ပြည်ကို သူလာတာက အောင်ရင်နဲ့ တပ်မ ၆၆ မွေးနေ့ အထိမ်းအမှတ်ပွဲမှာ သီချင်းဆိုရအောင် လာတာ။ ဒါပေမယ့် သူကလည်းချောင်းနာနေလို့ မဆိုနိုင်ဘူး။ သူကကျွန်တော်တို့နဲ့ နေခဲ့ပြီး အောင်ရင်ပဲ သွားဆို လိုက်ရတယ်။ ညနေဘက် အောင်ရင်က သူနဲ့ကျွန်တော့်ကို တောင်ခြေနားထိ ကားနဲ့ လိုက်ပို့ပေးပြီး ပြန်သွားတယ်။ သူနဲ့ကျွန်တော် တောင်ပေါ်က ကိုခင်မောင်လွင် တဲလေးကို သွားပြီး ထုံးစံအတိုင်း စကားတွေ ထိုင်ပြောကြတယ်။ ရောက်တတ်ရာရာ၊ ဟိုရောက်သည်ရောက် ပြောနေကြ ရာက ဘယ်လို စကားစပ်သွားတယ် မသိဘူး။ သူပြောတဲ့ စကားတစ်ခုကြောင့် ကျွန်တော် ခေါင်းထောင်ကြည့်မိတယ်။ မျက်လုံးလည်းကျယ်သွားတယ်။

"ဆရာ စိုင်းခမ်းလိတ်က ကျွန်တော့်ကို အော်တိုရေးခိုင်းတယ်ဗျ"

"ဟာကွာ၊ မဟုတ်တာ၊ မင်းလည်း မင်းအလျောက် တော်မှန်း အားလုံး သိပါတယ်၊ ဒါပေမယ့် ဆရာစိုင်းခမ်းလိတ်က အော်တို ရေးခိုင်းလောက်အောင်တော့ မင်းမတော် ဘူးကွာ၊ ငါကတော့ မယုံဘူး၊ မင်းသက်သက်ကြွားတာ" "ကျွန်တော်က ရယ်ရယ်မောမော ခါးခါးသီးသီး ပြန်ပြောမိတယ်။"

"ဟုတ်ပါတယ် အစ်ကိုရ၊ ကျွန်တော် တကယ်ပြောတာပါ၊ ကျွန်တော် နန်းသီတာမှ ဘီယာထိုင်သောက်နေတုန်း လာရေးခိုင်းတာ၊ ကျွန်တော်လည်း ဆရာ ကျွန်တော့်ကို



http://mmteashop.com

မနောက်ပါနဲ့ လို့တောင် ပြန်ပြောသေးတယ်။ ဆရာက သူ့အော်တို မဟုတ်ပါဘူးတဲ့၊ သူ့သမီးလေး အော်တိုလို့ ပြောပါတယ်၊ သူ့သမီးအတွက် ရေးခိုင်းတာပါ။"

ဒီတော့မှ ကျွန်တော်က စိုင်းထီးဆိုင်ဆိုတဲ့ 'အဆိုတော်တွေ လက်မှတ်ထိုးဖို့ သူ့ရဲ့အော်တိုပါး ... ဆိုတဲ့ ဆရာ့သီချင်းကို သတိရသွားပြီး

"အော် . . . ဒါဆိုရင်တော့ ဟုတ်မယ်၊ မင်းပြောတာ ငါယုံတယ်၊ ကဲ လုပ်ပါဦး၊ မင်းက ဘာတွေများ ကြီးကြီးကျယ်ကျယ် ဆိုဆုံးမပြီး ရေးပေးလိုက်သလဲ"

"ကျွန်နော်က .... 'ကြွေနေတဲ့ ပန်းကလေးများ လိုက်ကောက်ခြင်းမှာ ကျေနပ်မှု အပြည့်အဝရတဲ့ ချစ်သမီးလေးရေ ...၊ ဒီလိုသာအမြဲ ရောင့်ရဲနေတတ်ရင် ဘယ်လောက် ကောင်းမလဲ ...' ဆိုတဲ့ ဆရာ့ရဲ့ နမ်းခမ်းနွဲ့အတွက်သီချင်းတစ်ပုဒ်ကို အစအဆုံး တစ်လုံးမကျန် ရေးပြီး လက်မှတ် ထိုးပေးလိုက်တယ်"

"ကဲ... မှတ်ကရော ကျက်သရေရှိလိုက်တာကွာ" လို့ကျွန်တော့် ပါးစပ်က လွှတ်ကနဲ့ ထွက်သွားမိတယ်။

သူ တစ်ချက် ခုတ်လိုက်တာက၊ လေးငါးချက်လောက် ပြတ်သွားတယ်။ ဆရာစိုင်းခမ်းလိတ် အပေါ်ထားတဲ့ ဂါရဝတရား ပါတယ်။ စေ့စပ်သေချာတာ ပါတယ်။ ကိုယ်မြတ်နိုး စုံမက်တာကို လေးနက်ခိုင်ကျည်တဲ့ သူ့သဘာဝကို ပြတယ်။ အခွင့်ကြုံတာနဲ့ ကြီးကြီးကျယ်ကျယ် ပြောဆိုတာကို စက်ဆုပ်တဲ့ သူ့ရဲ့စိတ်ထား ပါတယ်။ ရိုးသားပေမယ့် ထုံအမနေတဲ့ သဘောကိုလည်း တွေ့ရတယ်။

တချို့က သူ့ကို ဉာဏ်ကောင်းတယ်၊ စူးစိုက်ဝင်စားမှု ကောင်းတယ်လို့ ပြောကြတယ်။ ကျွန်တော် အထူးသတိပြုမိတာက သူ့ရဲ့ပါးနပ်မှုပါ။

သူဟာ ငယ်စဉ်က တိုင်းပြည်ကို ကယ်တင်စောင့်ရှောက်ချင်တဲ့ ကမ္ဘာကြီးကို ပြောင်းလဲပစ်ချင်တဲ့ လူငယ်တစ်ယောက်ရဲ့ ရိုးသားတဲ့ အိပ်မက် ရှိခဲ့ပါတယ်။ အိပ်မက်က လန့်နိုးပြီး ဘာကိုမှ ပြောင်းလဲလို့ မရမှန်း သိတဲ့အခါ အနည်းဆုံးတော့ သူ့ပတ်ဝန်းကျင်ကို စိတ်ချမ်းသာအောင် ပျော်ရွှင်အောင် လုပ်သွားခဲ့ပါတယ်။ သူ့ကိုယ်သူ ဘာဆိုတာ တိတိကျကျ သိသွားတယ်။



http://mmteashop.com

"ကျွန်တော်ဟာ ကမ္ဘာမြေကြီးရဲ့ သီချင်းလေးတစ်ပုဒ်ပေါ့..."

ကမ္ဘာလောကကို ပျော်ရွှင်အောင် လုပ်ဖို့ ပညာလိုတယ်။ ဘာလုပ်လုပ် အောက်သက် ကျေဖို့ လိုတယ် မဟုတ်လား။ အခြေခံမရှိပဲနဲ့ ဖန်တီးမှုဆိုတာ မရှိနိုင်ဘူး။ ဆိုတာ သူနောကျေအောင် သဘောပေါက်တယ်။ သူဟာ ကိုယ့်ဖတ်စာကိုယ် ပြဌာန်း၊ ကိုယ့်ဆရာကိုယ်ရှာ၊ ကိုယ့်ကျောင်း ကိုယ်ရှာ တက်သွားတယ်။ တစ်နည်းအားဖြင့် ပြောရရင် ကိုခွဲခြားပြသွားတယ်။ ကျွန်တော်တို့ကို ထားပြီး သူသင်ချင်တဲ့ ပညာကို တတ်အောင် သင်သွားတယ်။

ပြန်စဉ်းစားကြည့်တော့ သူ ကျွန်တော်တို့နဲ့ ခွဲခွာသွားတာဟာ ကောင်းသော ခွဲခွာခြင်း ဖြစ်ပါတယ်။ သူကိုယ်တိုင်လည်း ကျွန်တော်တို့နဲ့ ဆက်မနေသင့်တော့ဘူးလို့ ယူဆကောင်း ယူဆခဲ့ပါလိမ့်မယ်။

လောကမှာ စား၊ သောက်၊ နေ၊ ထိုင်တာကအစ တွေ့ဆုံကြုံကွဲ အားလုံးသော အရာကိစ္စတွေဟာ အချိန်အကန့်အသတ် တစ်ခုအတွင်းမှာ နရီ စည်းဝါးကိုက် ဖြစ်နေမှသာ သဘာဝတရားနဲ့ ညီညွတ် အဆင်ပြေနေမှာ မဟုတ်လား။ ဘာတစ်ခုမှ ပိုသွားလို့ လိုသွားလို့ မရဘူး မဟုတ်လား။

'တန်ဆေး လွန်ဘေး' ဆိုတာ အစာအာဟာရတောင်မှ နူးညံ့သိမ်မွေ့တဲ့ ဒီဂရီလေး တစ်ခု အကျော်မှာ 'မိတ်ဖက်' ကနေ 'ရန်ဖက်' ကို ပြောင်းသွားတယ်လို့ ဆိုလိုတာ မဟုတ်လား။ အဲဒီအချိန်တုန်းဆီက ကျွန်တော်တို့ဟာ ခေတ်ပေါ် သီချင်းဂီတတွေကို ခံမင်နှစ်သက် ကြပေမယ့် ဆံပင်ရှည်ထားပြီး ဂစ်တာတီးတာကျတော့ ဟာစ်ပီစရိုက်၊ ပုပ်သိုးနေတဲ့ အရင်းရှင်စနစ်ရဲ့ စရိုက်လက္ခဏာဆိုပြီး ဆန့်ကျင်တဲ့ သဘောထားက ကျွန်တော်တို့ကို ဖုံးလွှမ်းထားတယ်။ သူမကျေနပ်တဲ့ လူကြီးတွေနဲ့ ကျွန်တော်တို့နဲ့ သိပ်ပြတ်ပြတ်သားသား မကွာဘူး။ ကျွန်တော်တို့နဲ့ ဆက်နေရင် သူဘာဖြစ်မယ်တော့ မသိဘူး။ ထူးအိမ်သင် ဖြစ်မှာတော့ မဟုတ်တာ သေချာတယ်။ အတူသာ ဆက်နေဖြစ်ရင် ကျွန်တော်တို့ကို ထော်လော်ကန့်လန့်တွေ လုပ်လာကောင်း လုပ်လာနိုင်တယ်။ ပြောလို့ မရဘူး။



http://mmteashop.com

သူ့အဖေကိုတောင် လုပ်ခဲ့သေးတာပဲ။ ကျွန်တော်တို့နဲ့ စောစောစီးစီး လမ်းခွဲသွားတဲ့ အတွက် သူဖြစ်ချင်ရာ ဖြစ်သွားတာလို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့် သူဟာ ပါးနပ်တယ်လို့ ကျနော်ပြောချင်တာ။

ဒါပေမယ့် သူဟာ 'ထူးအိမ်သင်' မဖြစ်လာဘဲ တခြားတစ်ခုခု ဖြစ်အောင် လုပ်ရင်လည်း အရှုံးပေးမယ့် လူစားမဟုတ်ပါဘူး။ သူဟာ လိုချင်တာတွေ အကုန်မရခဲ့ ပေမယ့် အိပ်မက်ကို အမိအရဖမ်းဖို့ လျှောက်လှမ်းခဲ့တဲ့ လမ်းမှာ အရှုံးမပေးခဲ့ရဘူး။ သူဖြစ်ချင်တဲ့ ဘဝကို မစွန့်လွှတ်ခဲ့ရဘူး။

တစ်ချိန်ချိန်မှာ ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားလာမယ့် လူဖြစ်ဖြစ် နနယ်စဉ် ကာလတစ်ခုမှ မတောက်တခေါက်ဘဝ၊ ဟိုယောင်ယောင် သည်ယောင်ယောင် ဘဝတွေ ရှိခဲ့မှာပါပဲ။ သူက အဲဒီမတောက် တခေါက်ဘဝ၊ ဟိုယောင်ယောင် သည်ယောင်ယောင် ဘဝတွေကို အချိန်တိုတိုအတွင်းမှာ ထားရစ်ပြီး မြန်မြန်ဖြတ်သန်း သွားတယ်။ မရေရာတဲ့ ပင်လယ်နဲ့ ရေရာတဲ့ ပင်လယ်အကြား ရေလက်ကြားကို ဖြတ်ကူးတဲ့အကူးအသန်းမှာ သူကမြန်တယ်။

ဒါကြောင့် သူဟာ ဟိုမရောက် သည်မရောက် မဖြစ်ခဲ့ဘူး။ ဟိုလည်း ရောက်ခဲ့တယ်။ သည်လည်းရောက်ခဲ့တယ်။

သောင်မတင် ရေမကျလည်း မဖြစ်ခဲ့ဘူး။ သောင်တွေ အခါခါတင်ပြီး အခုတော့ ရေကျသွားပြီပေါ့။ သံသရာ ဘယ်ဆိပ်ကမ်းမှာ ပြန်ဆုံကြဦးမလဲ။

သီဟန်သွင်

http://mmteashop.com

# နှုတ်ဆက်တေး

အောင်ဝေး

ဂွတ်ဘိုင် ကပ္ပတိန် ထူးအိမ်သင်
ငါတို့ အသက်ကယ်လှေပေါ် ရှင်သန်နေဆဲပါ
မင်း သင်္ဘောကြီးနဲ့အတူ ပင်လယ်ထဲနစ်မြုပ်ခဲ့ရာ။
ဂွတ်ဘိုင် ကပ္ပတိန် ထူးအိမ်သင်။
မင်းဝိညာဉ် ကမ်းကြည့်ငှက်ကလေး ပြန်လာတဲ့အခါ
ငါတို့တစ်နေ့ အောင်ပွဲနဲ့ ကုန်းမြေကို တွေ့နိုင်တာ။
ဂွတ်ဘိုင် ကပ္ပတိန် ထူးအိမ်သင်။
နောင်တစ်ချိန် ငါတို့ လွတ်လပ်စွာမွေးဖွားခွင့်ရှိရင်
ကလေးတွေကို မင်းနာမည်ပေးမှာ အသေအချာ။
ဂွတ်ဘိုင် ကပ္ပတိန် ထူးအိမ်သင်။
ဂွတ်ဘိုင် ကပ္ပတိန် ထူးအိမ်သင်။
ဂွတ်ဘိုင် ကပ္ပတိန် ထူးအိမ်သင်။

အောင်ဝေး

http://mmteashop.com

# Goodbye Song

Goodbye Captin Htoo Eain Thin
We are still alive in the lifeboat
You sank in the sea together with the ship
Goodby Captain Htoo Eain Thin
When your Soul bird watching the shore comes back.
We'll see the land with victory.
Goodby Captain Htoo Eain Thin
There will be a time we will be born free.
We'll give your name to chidren.
Goodby Captain Htoo Eain Thin
Goodby Captain Htoo Eain Thin
Goodby Captain Htoo Eain Thin

Aung Way

Trans: Nyein Wai

http://mmteashop.com

ထူးအိမ်သင်(၄၂) နှစ်
မင်းဆုံးပြီဆိုတဲ့ သတင်းဟာ
ငါ့ရင်ထဲမှာ အနုမြူဗုံးကွဲသွား။
မဟာဆုံးရှုံးမှုကြီးတစ်ရပ်ပါပဲ
ကမ္ဘာ့အနုပညာလောကအတွက်အသံတွေ မင်းကြားနိုင်မလား။
မင်းရဲ့ဝိညာဉ်ကို မိုးတွေရွာ
ဘဝသစ် အသက်သစ်မှာ ငြိမ်းချမ်းအေးမြပါစေသား။

မင်းထက်မောင်
၁၇ - ၈ - ၂၀၀၄




http://mmteashop.com

# ငှက်ကဲ့သို့ငှက်

ကေအေတီ

ပျံပြီးလို့ နားတာလား
နားပြီးလို့ ပျံသွားသလား
အများလား အမှန်လား
အသွားလား အပြန်လား
ဘာတစ်ခုမှ ပြောမသွားတဲ့ ငှက်တစ်ကောင်။
သေချာတာတစ်ခုကတော့
ငှက်ဟာငှက်လိုပဲ
မွေးဖွားတယ်
လေ့ကျင့်တယ်
ပျံသန်းတယ်
တေးသီတယ်
အမြင့်ဆုံးကိုရောက်ခဲ့တယ်
အဝေးဆုံးကို မြင်ခဲ့မယ် ။ ။

ချစ်ခြင်းအားဖြင့်
ကေအေတီ

http://mmteashop.com

# ကျနော်ဖြတ်သန်းခဲ့ဖူးသော မျဉ်းဖြောင့်တစ်ကြောင်း

နီကိုရဲ

ဆောင်းညနေ နေရောင်ခြည်မှာ မဟာဗန္ဓုလ ပန်းခြံလမ်းထဲမှာ ဝင်းဝါကာ နေသည်။ ဈေးသည်များ အော်သံ၊ ကားဟွန်းသံ၊ သီချင်းသံ၊ လူအုပ်ကြီး စီးမျော ရွေ့လျားသံ စသည့် ရန်ကုန်မြို့ညနေရီ အသံတွေထဲမှာ သူနှင့်ကျနော် အတူ လျှောက်လာရင်း မဟာဗန္ဓုလ ပန်းခြံလမ်းထိပ်က ကိုထွန်းရီ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။

ကိုထွန်းရီဆိုင်က စားပွဲတွေ ကုလားထိုင်တွေနဲ့ ထိုင်ရသောဆိုင်မဟုတ်၊ ပလက်ဖောင်းနံဘေး တိုက်အပိုစွန်းဘောင်ပေါ်မှာ တစ်ယောက်ထိုင် ဖျာလေးတွေခင်းပြီး ထိုင်ရသောဆိုင်ဖြစ်သည်။ မဟာဗန္ဓုလ ပန်းခြံလမ်းကို အလျားလိုက် မျက်နှာချင်းဆိုင်ကာ ထိုင်ရသော ဆိုင်ဖြစ်သည်။

သူနှင့်ကျွန်တော်က အခုမှ တွေ့ကြခြင်းလည်းမဟုတ်၊ လမ်း၃၇ရှိ ကိုငြိမ်းအေး၏ သရဖူမဂ္ဂဇင်းတိုက်တွင် ကျွန်တော်နှင့် နေ့လယ်ခင်းကတည်းက ဆုံကြခြင်းဖြစ်သည်။ ကျွန်တော် မဂ္ဂဇင်းတိုက်ပေါ် တက်သွားတော့ သူက သရဖူစာအုပ်အဟောင်းတွေကို ခေါင်းအုံးကာ သရဖူမဂ္ဂဇင်းတစ်စောင်ကို အေးအေးလူလူ ဖတ်နေသည်။ ကျွန်တော့်ကို တွေ့တော့ တစ်ချက်နှုတ်ဆက်ပြီး စာပြန်ဖတ်သည်။ ကျွန်တော်သူ့ကို မနှောက်ယှက် ချင်တာနှင့် အပေါ်ထပ်ခိုးမှာ လက်ညှိုးနှစ်ချောင်းနှင့် ကွန်ပြူတာကို ထိုးနေသော ကိုကြွက်နီဆီ တက်ခဲ့သည်။

ကိုကြွက်က 'လာမရှုပ်နဲ့ လာမရှုပ်နဲ့ ဒီမှာအလုပ်လုပ်နေတာ၊ ခင်ဗျားတို့လို ဇာတ်ညွှန်း တစ်ပုဒ်ရေးပြီး ငွေသိန်းချီရလို့ အချိန်တွေပိုပြီး လျှောက်သွား နေနိုင်တဲ့ကောင် မဟုတ်ဘူး' စသည်ဖြင့် သူ့ဝသီအတိုင်း ခပ်တည်တည်လိုလို ဘာလိုလိုဖြင့် စလေသည်။ ဒါပေမယ့် ကျနော်ရောက်သွားလို့ သူပျော်သွားတာကိုလည်း အတိုင်းသားမြင်နေရပါသည်။



http://mmteashop.com

သူက အောက်ထပ်ကနေလှမ်းအော် သည်။

'ဟော့ကောင် ကရင် ... အပိုတွေပြောမနေနဲ့'

ကျနော်လည်း ရယ်ရယ်မောမော ကိုကြွက်ကို ပြန်စကာ အောက်ထပ်သို့ ဆင်းလာသည်။ သူက ဖတ်လက်စ စာအုပ်ကို ချကာ ဆေးပေါ့လိပ်ကို မီးညှိကာနေ၏။

သူက နှုတ်ခမ်းမွေး မုတ်ဆိတ်တွေကို ပြောင်နေအောင်ရိတ်ထားသည်။ ဆံပင်ကွေးကောက်ကလည်း အရင်တုန်းကလို အရှည်မဟုတ် တိုတိုပါးပါးညှပ်ထား၏။ သူ့ကို သပ်သပ်ရပ်ရပ် ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်းလည်း ဖြစ်သည်။ နောက် ထူးခြားချက် တစ်ခုက သူ ဒီနေ့ ဂျင်းဘောင်းဘီဝတ်မလာ၊ အင်္ကျီအဖြူလက်ရှည်နှင့် ပုဆိုးကွက်စိပ်ကလေးကို ဝတ်ကာထားသည်။

'ဖတ်စရာရှိတာ ဖတ်ပါဗျာ၊ ကျွန်တော်လည်း အေးအေးဆေးဆေးပါ'

'ဖတ်ပြီးပြီဗျ ၊ မရှင်းလို့ထပ်ဖတ်နေတာ . . .'

ဟုတ်သည်။ သူကစာဖတ်လျှင် စာကိုတစ်ကြောင်းချင်း အေးအေးဆေးဆေး ဖတ်တတ်သူဖြစ်သည်။ သူဖတ်နေသည့် ဆောင်းပါးက ဆရာဇော်ဇော်အောင်၏ ကျိုက်ဝိုင်း စစ်တမ်း စာပေအနုပညာအတွေးများ ဖြစ်သည်။ ထိုဆောင်းပါးတွင် ဆရာဇော်ဇော်အောင်က ဂီတ အကြောင်းကို ဆေးနွေးထားသည်။ ဝေလာတီးလုံး၊ ချွတ်တီးလုံး၊ ဘီလူးဆိုင်းတီးလုံး၊ လူသံသက်သက် ဂီတ ရှိနိုင်သလား၊ ... စသည်ဖြင့် ဂီတအကြောင်း၊ အသံအကြောင်း ဆောင်းပါးကို သူဖတ်နေခြင်းဖြစ်သည်။

ထိုဆောင်းပါးကို အမှီပြုကာ သူနှင့် ကျွန်တော် အသံတွေအကြောင်းကို ဆွေးနွေး ဖြစ်သွားသည်။

'ကိုရဲဝင်း စဉ်းစားကြည့်၊ လူမျိုးတိုင်းမှာ ဘာသာစကား ရှိတယ်။ ဘယ်လောက်ပြောရ သင်ရခက်တဲ့ ဘာသာစကားပဲဖြစ်ဖြစ် သီချင်းလုပ်လို့ရတယ်၊ သူ့ဘာသာစကားမှာကိုက သံစဉ်ရှိနေတယ် . . . သီချင်းမရှိတဲ့ လူမျိုးဆိုတာ ကမ္ဘာပေါ်မှာ မရှိဘူးဗျ'

http://mmteashop.com

သူသည် အဆိုတော်များထဲတွင် (ကျွန်တော်တွေ့ဖူး ရင်းနှီးဖူးသမျှကို ဆိုလိုပါသည်) စာအဖတ်ဆုံး၊ သူနှင့် စာပေရေးရာ ဆွေးနွေးသည့်အခါ သူဘယ်လောက် စာဖတ်ထားသလဲ ဆိုတာ သာသာနိုင်သည်။ ဒီလိုနှင့် အသံ၊ အသံကနေ ကဗျာ၊ ကဗျာကနေ ဂီတဘက်သို့ စကားက မသိမသာနှင့် ကူးပြောင်းသွားခဲ့သည်။

'ကိုအောင်ဝေးက ကဗျာကို သီချင်းလုပ်မယ်၊ ကဗျာကို ရုပ်ရှင်ရိုက်မယ်လို့ ပြောဖူးတယ်၊ ကိုငှက် ဘယ်လိုထင်လဲ'

သူက ဆေးပေါ့လိပ်ကို ဖွာကာ ခဏစဉ်းစားသည်။ ဘဲဥပုံ မျက်မှန်နောက်က ဝေသီနေသော သူ့မျက်လုံးတွေကို ကြည့်ခြင်းအားဖြင့် သူ့ဦးနှောက်တွေ ဘယ်လောက် အလုပ်လုပ်နေသည်ဆိုတာ သိသာသည်။

'ကဗျာကို သီချင်းလုပ်ဖို့ကတော့ နီးစပ်တယ်ဗျ၊ ဖြစ်လည်းဖြစ်နိုင်တယ်။ လုပ်လည်း လုပ်နေကြတာပဲ၊ မောင်စိန်ဝင်းပုတီးကုန်း ရဲ့ကဗျာကို ကိုတိုးကြီးဆိုတာ ကောင်းတာပဲ။ ကဗျာကိုယ်၌ကလည်း သီချင်းဖြစ်လောက်တဲ့အသံ၊ စကားလုံးရည်ရွယ်ချက် စတာတွေ ရှိနေရမှာပေါ့၊ သူလို ကိုယ်လိုရေးတဲ့ ကဗျာကိုတော့ သီချင်းလုပ်လို့ ထူးခြားမှာ မဟုတ်ဘူး။ အခု ကိုဒီရဲ့ကဗျာ ဇာမဏီငှက်ကို သီချင်းလုပ်တာ ဖြစ်တာပဲ၊ ဒါပေမယ့် ကဗျာကို ရုပ်ရှင်ရိုက်မယ်ဆိုတာကြီးကတော့ ခပ်ရှုးရှုးအတွေးပါဗျာ ဘယ်လိုမှမဖြစ်နိုင်ဘူး။'

'ကဗျာရှည်ဆိုရင်တော့ ဖြစ်နိုင်မယ် ထင်ပါတယ်'

သူခဏစဉ်းစားပြန်သည်။

'ကြိုးစားမကြည့်ရဘူးတော့ ကျွန်တော်မပြောပါဘူး။ ဒါပေမယ့် ကဗျာက လွတ်လပ်တယ်ဗျ။ တသီးပုဂ္ဂလဆန်တယ်၊ ကဗျာထဲမှာပါတဲ့ ညနေဟာ ခင်ဗျားဖတ်ရင် ခင်ဗျားညနေပဲ၊ ကျွန်တော်ဖတ်ရင် ကျွန်တော့်ညနေပဲ တူမှာမဟုတ်ဘူး။ ရုပ်ရှင်လုပ်လိုက်ရင် သူတို့ပြတဲ့ ညနေဖြစ်သွားမယ်။ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ညနေမဟုတ်တော့ဘူး၊ တိုးတက်လာခဲ့နည်းပညာက ဆန်းသစ်မှုနောက်ကိုလိုက်နိုင်တယ်၊ ကဗျာရဲ့နူးညံ့သိမ်မွေ့မှုကိုတော့ သူယူပေးနိုင်မှာ မဟုတ် ဘူး . . .'

http://mmteashop.com

သူနှင့်စကားပြောရတာ လွတ်လွတ်လပ်လပ် ရှိသည်။ ဘယ်လောက်ကြီးကျယ်တဲ့သူ ဖြစ်စေ သူမကြိုက်လျှင် မကြိုက်ဘူးပြောတတ်သူ၊ ပြောသည့်နေရာတွင်လည်း အားမနာတမ်း ပြောတတ်သူဖြစ်သည်။ သူသည် အနုပညာတစ်ခုကို သူ့အတွက်နှင့် အရသာခံနိုင်ခြင်း မခံနိုင်ခြင်းကလွဲ၍ ဘာကိုမှ စိတ်မဝင်စားသူတစ်ယောက်ဖြစ်သည်။

စကားပြောကြရင်း ညနေစောင်းတော့ လက်ဖက်ရည် ထွက်သောက်ကြရအောင်ဗျာ ဟု သူကဆိုသည်။ အပေါ်ထပ်ခိုးမှာ ကွန်ပြူတာကို လက်ညှိုးနှင့်ထိုးနေသော ဆရာကြွက်ကိုလည်း ခေါ်ပါသည်။

'ဟော့ကောင် ကရင် လက်ဖက်ရည်သောက်လိုက်မလား'

"ဘိုးတော်တို့ပဲ ပြည်တော်သာကြပါဗျာ၊ ဒီစာမူကို ဒီညနေအပြီးရိုက်၊ မောင်နိုးလာရင် ပန်းချီဆွဲ၊ ဒီညဖလင်ထွက်အောင်လုပ်ပြီး မနက်အမီရုံးတင်ရမှာ ပြီးတော့ . . ."

"ကရင် ...တော်တော့ကွာ၊ မင်းကြည့်လိုက်ရင် အလုပ်က အမြဲတမ်းများနေတာပဲ၊ ပြီးတော့ ဖြစ်ဖြစ်မြောက်မြောက်လဲ ဘာမှရှိတာမဟုတ်ဘူး နေခဲ့ သွားတော့မယ် . . . လာ ကိုရဲဝင်း"

ဒီလိုနဲ့ ကျွန်တော်တို့ မဟာဗန္ဓုလပန်းခြံလမ်းက ကိုထွန်းရီဆိုင်ကို ရောက်ခဲ့သည်။ သူက ဘလက်ကော်ဖီသောက်ကာ ကျွန်တော်က လက်ဖက်ရည်ချိုကျကို သောက်သည်။ လက်ဖက်ရည် သုံးလေးငုံအထိ ကျွန်တော်တို့ ဘာစကားမှမပြောဘဲ မဟာဗန္ဓုလပန်းခြံလမ်းကို ငေးနေကြသည်။

"ကိုရဲဝင်းက ဇာတ်ညွှန်းဘက်ကော စာဘက်ကောမှာ ရှိတဲ့လူဆိုတော့ ဝတ္ထုတိုကလေးကို ရုပ်ရှင်ရိုက်ဖို့ ကြိုးစားကြည့်ပါလား။"

သူကရုတ်တရက်မေးသည်။

"ဟာ ကျွန်တော် သိပ်လုပ်ချင်တဲ့ အလုပ်ပေါ့၊ ကြိုးစားတယ်၊ ဒါပေမယ့် မလွယ်ဘူးဗျာ"



http://mmteashop.com

ကျွန်တော် စိတ်ပျက်လက်ပျက် ပြောတော့ သူက သူ့ကော်ဖီခွက်ကို နံဘေးနားချကာ အရေးတကြီးပြောသည်။ "ဟေ့လူ ဝတ္တုတိုကလေးကို ဗီဒီယိုတစ်ကားဖြစ်အောင် ဆွဲဆန့်ဖို့ ပြောတာမဟုတ်ဘူးနော် ..."

"ကျွန်တော် သဘောပေါက်ပါတယ်၊ ဗီဒီယို တစ်ကားစာမှာ ဝတ္တုတို ၃ ပုဒ် ဒါမှမဟုတ် လေးပုဒ်ပါမယ်၊ အဲဒီလိုမျိုးမဟုတ်လား၊ ကူရိုဆာဝါ ရိုက်သွားသလိုမျိုးလေ"

"ဟုတ်တယ် ... အဲ့ဒါပြောတာ တချို့ဝတ္တုကလေးတွေ ရိုက်လို့ သိပ်ကောင်းတာတွေ ရှိတယ်ဗျ ... အခက်အခဲက ဘာရှိလို့တုန်း"

"Producer ပေါ့ဗျာ . . . ဒါမျိုးက လုပ်လေ့လုပ်ထ မရှိဘူး၊ ဈေးကွက်လဲ မရှိဘူး၊ producer တွေက ငွေမြုပ်ပြီး စမ်းသပ်ရဖို့ထက် ငွေမြုပ်ပြီး ပုံမှန်ရဖို့ကိုပဲ လုပ်ချင်တာ၊ သူတို့က အိပ်မက်ဆိုးမက်ချင်တဲ့ လူတန်းစားမဟုတ်ဘူးဗျ"

သူ ခေါင်းကိုမော့ကာ ဟက်ဟက်ပက်ပက်ရယ်ပါသည်။ ဘာစားကိုသဘောကျသွားလို့လဲတော့မသိ။ ပြီးတော့ နံဘေးကိုချထားသော ကော်ဖီခွက်ကို ဂရုတစိုက် ပြန်သောက်သည်။ ကော်ဖီကို သောက်ပြီးတော့ ဘာကိုတွေးကာ သဘောပေါက်သည်မသိ၊ ခေါင်းတဆတ်ဆတ် ညိတ်နေပြန်၏။

"ဟာ ကိုငှက်ကြီး . . ."

ကျွန်တော်တို့ရှေ့ရှိ လူတွေဖြတ်နေသော ပလက်ဖောင်းပေါ်မှ ခေါ်သံတစ်ခုဖြစ်သည်။ မော့ကြည့်တော့ လူငယ်လေးတစ်ယောက်၊ အသက် ၂၀ နီးပါးပင် ရှိလိမ့်မည်။ ထိုလူငယ်လေး၊ ကျောမှာ ဂစ်တာအသစ် တစ်လုံးလွယ်ထား၏။ အသစ်မှ ပလပ်စတစ်နှင့် ထည့်ကာ သားရေပင်နှင့် စည်းထားသော အခုမှဝယ်လာသည့် ဂစ်တာအသစ်ကလေး။

"ကိုငှက်ရာ . . . ဝမ်းသာလိုက်တာ၊ ကျွန်တော်အခုမှ ဂစ်တာဝယ်လာတာ၊ ကျွန်တော့် ဂစ်တာမှာ ကိုငှက် လက်မှတ်ထိုးပေးပါဗျာ၊ နော် ကိုငှက် ..."

ကောင်လေးက ပါးစပ်ကပြောရင်း ဂစ်တာကို အုပ်လာသော ပလတ်စတစ်ကို ဖြေနေသည်။ ပြီးတော့ ဂစ်တာကို ရိုရိုသေသေ လှမ်းကာပေး၏။ သူ့ပရိသတ် သူ့ဂီတကို



http://mmteashop.com

ရှုးရှုးမူးမူးစွဲလန်းသည့် ပရိသတ်၊ ထိုကောင်လေးအတွက် ဆိုလျှင် သူသည် သူ့ရဲကောင်း တစ်ယောက် ဖြစ်လိမ့်မည်။ ကျွန်တော်အသာပင် ကြည့်နေလိုက်သည်။

သူက ဂစ်တာကိုယူကာ နောက်ဖက်သို့ လှန်လိုက်သည်။ ဂစ်တာက ထင်းရှူးသား ပျဉ်စပ် ဂစ်တာကလေး၊ ချစ်စရာ၊ အသစ်ဆိုတော့ အရောင်က ဝင်းလက်နေ၏။ ဂစ်တာနောက်ဖက်အိုးကိုတော့ ရှားစေရောင်သုတ်ကာထား၏။

"ဘောလ်ပင်နဲ့ ထိုးလို့မရဘူးဗျ၊ ဘာမှထင်မှာမဟုတ်ဘူး၊ ခင်ဗျားမှာ ဝှိုက်ပင်ပါလား"

"ဟာ . . . မပါဘူး ကိုငှက်ရ"

"ကိုရဲဝင်းဆီမှာရော correction pen ဆိုပိုကောင်းတာပေါ့"

"မပါဘူး ကိုငှက်ရ"

ကောင်လေး မျက်နှာငယ်သွားသည်။ ထူးအိမ်သင် တစ်ယောက်လုံးကို တွေ့ပြီး လက်မှတ် တစ်ခုတော့ ရသွားချင်စိတ် အလွန်ပြင်းထန်နေပုံရ၏။

"ဒါဆို ခဏနေဦး၊ ကျွန်တော်သွားဝယ်လိုက်ဦးမယ်"

"ဟာ . . . ကိုငှက် မသွားပါနဲ့၊ ကျွန်တော်ဝယ်ပဲ့မယ်"

ကောင်လေးက လက်ကာပြပြီး ကမန်းကတမ်း ပြေးထွက်သွားသည်။ သူကဘာမှမပြော ဂစ်တာကို ဟိုကြည့်ဒီကြည့်သည်။ ကြိုးစမ်းကြည့်သည်။ လိုအပ်သည် များကို ပြန်ညှိသည်။ လက်ဘက်ရည်သောက်သူများနှင့် ပလက်ဖောင်းမှ လျှောက်သွား သူများက ကြည့်သွားကြသည်။

"ဟာ ကိုငှက်ကြီးကွ" ဆိုသော အသံကိုလည်း ကြားရသည်။ "ဟယ် ထူးအိမ်သင်ဟဲ့" ဆိုသော အသံကိုလည်း ကြားရသည်။

သူက ဂစ်တာကို မကြည့်ဘဲ ကြိုးကိုကျွမ်းကျင်စွာ ညှိပြီး ကောဒ့်တစ်ကော့ဒ် နှစ်ကောဒ့်ကို တီးသည်။ ပြီးတော့ မျက်မှောင်ကျုံ့သည်။ ဂစ်တာအလုံးတွေ လိုက်စမ်း ပြန်သည်။ သူသိပ်ကျေနပ်ပုံမပေါ်၊ ဘာကိုမကျေနပ်မှန်းတော့ ကျွန်တော်လည်းမသိ။

http://mmteashop.com

ထိုအချိန်တွင် ကောင်လေး ပြန်ရောက်လာသည်။ မျက်နှာမှာ ချွေးတွေရွှဲလို့ . . . သူ့ကို noti correction pen ထိုးပေးသည်။ သူက ဂစ်တာကို မှောက်ကာ နောက်မှာ "ချစ်ခြင်းအားဖြင့် . . ." ဟုရေးကာ Sign ထိုးပေးလိုက်၏။ ကောင်လေးက ဂစ်တာကို တယုတယပြန်ယူကာ ဝိုက်pen ကိုခြောက်သွားအောင် မှုတ်ပေးနေသည်။ ပြီးတော့ "ဂစ်တာကောင်းရဲ့လား ... ကိုငှက်" ဟုမေးသည်။

"ညီလေး ဂစ်တာက လှပါတယ် ဒါပေမယ့် ရှေ့က do (ဒို) နဲ့ နောက်ဒို ကျူနင် မမှန်ဘူး၊ ဘယ်သူရွေးပေးတာလဲ "

"ကျွန်တော်လည်း ရွေးတယ်၊ သူတို့လည်း ရွေးပေးတယ် အစ်ကို၊ ဒါက သူတို့ ရွေးပေးလိုက်တာ၊ ကျွန်တော်လည်း စိတ်ချပြီး ယူလာခဲ့တာ "

သူခေါင်းကို ခါသည်။ ပြီးတော့ ဆိုင်တံဆိပ်ကိုကြည့်သည်။ ပြီးတော့ ဂစ်တာကို ကိုင်ကာ မတ်တပ် ထရပ်သည်။

"ဒီကောင်တွေကွာ ... လုပ်ပြန်ပြီ၊ ကိုယ်လိုက်ရွေးပေးမယ် ညီ၊ ကိုရဲဝင်း ခင်ဗျား လိုက်မလား "

"လိုက်ခဲ့မယ်လေ "

ကောင်လေးမှာ ထခုန်မိမတတ် ဝမ်းသာနေရှာသည်။ သူ့ဘယ်ဘက်ဘေးကို ကပ်ရပ်လိုက်၊ ညာဘက်ဘေးကို ရပ်လိုက်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ပျော်မြူးနေ၏။

အနုပညာရှင် တစ်ယောက်၏ ရိုးသားသော ရပိုင်ခွင့်ကို ကျွန်တော် အားရဝမ်းသာ ငေးကြည့်နေမိသည်။

ဆိုင်ရောက်တော့ ဆိုင်ရှင်က သဘောပေါက်ပုံရသည်။

"ခင်ဗျားတို့ အဲ့ဒီလို မလုပ်ပါနဲ့ဗျာ ..." ဟု သူကဆိုသည်။

"သူ လေး ငါး လက်ရွေးပြီးမှ သူအကြိုက်ဆုံး အလုံးကို ရွေးယူသွားတာပါ ကိုငှက်ရာ ရွေးချင်လည်းရွေးပါ"



http://mmteashop.com

သူက ချိတ်ထားသော ဂစ်တာတွေကို လျှောက်ကြည့်ကာ နှစ်လုံးဖြုတ်ပြီး စမ်းတီးကြည့်သည်။ အသံတွေကို သေသေချာချာစစ်သည်။ ပြီးတော့ နောက်တစ်လုံးကို စမ်းတီးကြည့် ပြန်သည်။ ကောဒ့်တွေကို ကိုင်ကြည့်သည်။ ပြီးတော့ ထိုနှစ်လုံးထဲက တစ်လုံးကို ယူသည်။

"ညီ . . . ဒါပဲယူ ဒါကောင်းတယ် . . . ညီက ရစ်သမ်ပဲ တီးမှာ မဟုတ်လား"

"ဟုတ်ကဲ့ ကိုငှက် . . ."

သူလှမ်းပေးတဲ့ ဂစ်တာနှင့် ခုနက ဂစ်တာနှစ်လုံးကို ကိုင်ကာ ကောင်လေး ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်။ တစ်လုံးက ထူးအိမ်သင် လက်မှတ်နဲ့၊ နောက်တစ်လုံးက ထူးအိမ်သင် ကိုယ်တိုင် ရွေးပေးထားတာ။ ကောင်လေးက ဂစ်တာနှစ်လုံးကိုချကာ သူ့ပိုက်ဆံအိတ်ကို ထုတ်ပြီး ရေတွက်နေသည်။ ပြီးတော့ ဆိုင်ရှင်ကို ပြောသည်။

"ကျွန်တော် နှစ်လုံးစလုံး ယူမယ်အစ်ကို၊ ဒါပေမယ့် နှစ်ထောင့်လေးရာ လိုနေတယ်၊ နောက်နေ့ ဆက်ဆက် ကျွန်တော်လာပေးပါ့မယ်"

"ညီကလည်း တစ်လုံးဆိုတော်ရောပေါ့ကွ လောဘကြီးလှချည်လား"

သူက ကောင်လေးခေါင်းကို ခပ်ဖြည်းဖြည်းပုတ်ကာ ရယ်မောရင်း ပြောသည်။ ဒါပေမယ့် ကောင်လေးကမရ

"ကိုငှက်လက်မှတ်နဲ့ ဂစ်တာကို ပြန်မထားခဲ့နိုင်ဘူး၊ ဒီဂစ်တာကိုလည်း ကိုငှက် ရွေးထားတာ ဆိုတော့ ယူမှကိုရမှာ .... ကျွန်တော် မှတ်ပုံတင်ထားခဲ့ပါမယ် အစ်ကို နောက်နေ့ ဆက်ဆက်လာပေးမှာပါ"

"ကဲပါ ညီရာ နောက်တစ်လုံးမှာလည်း ငါထိုးပေးပါ့မယ်"

"အဲဒါလည်း ယူမှာပဲ ကိုငှက်၊ နှစ်လုံးစလုံး မထားခဲ့နိုင်ဘူး"

"အေး. . . အဲ့ဒါဆိုလည်း ယူကွာ .. ယူ၊ လိုတဲ့ငွေ ငါစိုက်ပေးလိုက်မယ်"

"ဟာ . .. ကိုငှက်မလုပ်ပါနဲ့ မလုပ်ပါနဲ့"

http://mmteashop.com

ကောင်လေး မျက်နှာမှာနီရဲကာ အားနာခြင်း ရှက်ရွံ့ခြင်းတို့နှင့် လည်လိုက် ကာနေ၏။ သူက ပိုက်ဆံ ထုတ်ကာပေးသည်။ ဆိုင်ကလည်း အားနာကာ ထောင့်ငါးရာပဲ ထပ်ယူသည်။ ကိစ္စကပြတ်ပြီ။

ကောင်လေးက ဂစ်တာ ၂ လုံးကိုပိုက်ကာ ဘာစကားမှမပြောနိုင်။

"ညီက ဂစ်တာကို ဆရာနဲ့သင်တာလား"

"မဟုတ်ဘူးအစ်ကို ဒီလိုပဲ လမ်းဘေးက တတ်တာ၊ သီချင်းအပုဒ် ၂၀ လောက်တော့ တီးတတ်ပါတယ်။ ကိုငှက်သီချင်းတွေ များတယ်၊ ဂစ်တာကတော့ အခုမှ စဝယ်တာ"

"ဒါဆို လမ်းဘေးမှာ တီးတာ ခဏရပ်လိုက်၊ မင်းအခြေအနေက ပြင်လို့ ရသေးတယ်၊ ဆရာတစ်ယောက်နဲ့ အသေအချာသင်ကွာ"

ကောင်လေးက ကျွန်တော်တို့ကို သူ့အိမ်အတင်းခေါ်သည်။ တစ်ခုခု ကျွေးပါရစေ ဟုလည်း အကြိမ်တစ်သန်းလောက် ပူဆာ၏။

"ကိုယ့်တို့မှာ သွားစရာ ကိစ္စလေးတွေ ရှိသေးတယ်ညီ၊ ဒီလောက်ကူညီတာ ကျေနပ်ပါကွာ၊ ဂစ်တာကို ချစ်ရင် ဂစ်တာသမား ကောင်းတစ်ယောက် ဖြစ်အောင်လုပ် ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ ကိုငှက် စိတ်ချပါ၊ ကျွန်တော် ရင်ထဲက မှတ်ထားပါ့မယ်၊ အရမ်းဝမ်းသာတယ် ကိုငှက်ရာ"

ကျွန်တော်တို့ လမ်းခွဲခဲ့ကြသည်။ ကောင်လေး၏ နာမည် ဘာညာကိုပင် မမေးမိကြ။

ကားပေါ်ရောက်တော့ သူက "ကိုရဲဝင်း ဒီည အားတယ်မဟုတ်လား" ဟု မေးသည်။

"ပြီးခဲ့တဲ့ အပါတ်က လုံးချင်းတစ်အုပ် ပြီးသွားပြီ၊ အားတာမှ အသားလွတ်ကို အားနေတာ၊ ကိုငှက် သွားချင်ရာသာ သွားဗျာ"

http://mmteashop.com

ထိုနေ့ညက ကျွန်တော်တို့ oasis ကိုရောက်သည်။ အရက်သောက်ကြသည်။ ထွေရာလေးပါး ပြောကြသည်။ ခဏကြာတော့ အသံသွင်းမည့် အဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ ကျွန်တော် နားမလည်သော စက်ချိန် ဘာညာလုပ်ကြပြီး သူက နားကြပ်ကလေး တပ်ကာ studio အခန်းထဲဝင်ကာ သံဗူးကလေးထဲမှာ ကော်စေ့ကလေးတွေ (ကျွန်တော် ထင်တာပြောတာ၊ ထို instrument ၏ အမည်ကို ကျွန်တော်မသိပါ) ထည့်ထားသော ဗူးကလေး နှစ်ချောင်းကို သူကဝင်လှုပ်ကာ တီးခြင်း ဖြစ်သည်။

ထို့နောက် ထိုအဖွဲ့က သီချင်းဆိုသည်။ သူက စက်ခန်းထဲ ရောက်သွားကာ ဟိုဟာကိုတိုး ဒီဟာကိုလျှော့ ဝင်ကူညီပြန်သည်။

ပြီးတော့ ထိုအဖွဲ့နှင့် ကျွန်တော်တို့ အရက် ထပ်သောက်ကြပြန်သည်။

ထိုအဖွဲ့ပြန်သွားတော့ သူက oasis အောက်ထပ်မှာ ထားတဲ့ စန္ဒယားကြီးကို ဖွင့်ကာ တီးသည်။ မည်သည့်တေးသွားမှန်း ကျနော်မသိပါ။ သူစိတ်ထဲရှိတာကို တီးနေတာလည်း ဖြစ်နိုင်ပါသည်။

"ခင်ဗျား . . . ဒီမှာပဲ အိပ်မလား" ဟုသူကမေးသည်။ ကျွန်တော် OK ဟု ခပ်သွက်သွက် ဖြေ၏။ ကျွန်တော်မူးနေပြီ။ သူက ဖုန်းဆက်ကာ စားစရာတွေမှာသည် အရက်ထပ်မှာသည်။

စားစရာတွေ ရောက်လာတော့ သူက သောက်ချင်လည်း ထပ်သောက် ဆာရင်လည်း စားဗျာ၊ ကျွန်တော် Notes ထုတ်လိုက်ဦးမယ် ဟု ဆိုသည်။ သူက မှောက်လျက်အိပ်ကာ စာရွက်များ၊ ခဲတံ၊ ဘောလ်ပင်များနှင့် အလုပ်ရှုပ်နေသည်။ ကျွန်တော် နောက်နစ်ခွက်လား မသိတော့၊ ထပ်သောက်သည်။ ပက်လက်လှန်တော့ ခေါင်မိုးမျက်နှာကြက်ပြားတွေ ပြေးနေကြ၏။ ကျွန်တော် အိပ်ပျော်သွားသည်။

## ရုပ်ရှင်

ထို့နောက် သူနှင့်ကျွန်တော် တော်တော်အဆက်အသွယ် ပြတ်သွားပြန်သည်။ လုံးလုံး မတွေ့ခြင်းတော့ မဟုတ်။ သရဖူ မဂ္ဂဇင်းတိုက်မှာ တစ်ခါတစ်ရံတွေ့သည်။ ၃၄



http://mmteashop.com

လမ်းမှာ တစ်ခါတစ်ရံတွေ့သည်။ ဝိုင်းဝင်ထိုင် ထွေရာလေးပါး စကားပြော၊ ကျွန်တော်က အရင်နှုတ်ဆက်ပြီး ထတာမျိုး ရှိသလို သူက အရင်ထွက်သွားတတ်တာလည်း ရှိသည်။ အရင်တုန်းကလို စကား အေးအေးဆေးဆေး ပြောခွင့်မရ။

၁၉၉၆ မှာ ကျွန်တော်ပထမဆုံး ဗီဒီယိုကား စရိုက်သည်။ ဒွေး၊ ထက်ထက်မိုးဦး တို့နှင့်ဖြစ်သည်။ သစ်ခက်ငါး ဆိုသောကားဖြစ်၏။ ထိုကားအတွက် ဇာတ်ဝင်သီချင်းကို စောဘွဲ့မှူး အမှတ်တရထဲက သူဆိုသော သီချင်းကလေးကို ကျွန်တော်က သုံးချင်သည်။ သို့သော ထိုသီချင်းဝယ်ဖို့ သူ့ထံ ကျွန်တော် ကိုယ်တိုင်မသွား၊ producer ကိုသာ တာဝန်ပေးခဲ့သည်။ ကျွန်တော်ပါလာလျှင် သူ့ဘက်က တစ်မျိုးဖြစ်နေမှာ စိုးရိမ်၍ ဖြစ်သည်။ နောက်ပြီး သူ့အနုပညာအတွက် ငွေကြေးဆိုသော တန်ဖိုးကိန်းဂဏန်းထဲမှာ ကျွန်တော် ဝင်မပါချင်။ producer ကိုတော့ ဘယ်လောက်ဖြစ်ဖြစ် ဝယ်ခဲ့ပါဟု ကျွန်တော်မှာခဲ့သည်။

နောက်တစ်ကြိမ် ကျွန်တော်၏ ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သော ကြည်ပြာရောင်နဂ္ဂတစ်များ မှာလည်း သူ့သီချင်းကိုပင် ကျွန်တော်သုံးဖို့ ဆုံးဖြတ်ခဲ့သည်။ ထိုသီချင်းကို လည်း producer နှင့် တစ်ဆင့်သာ ဝယ်ပါသည်။

ထို 'ကြည်ပြာရောင်နဂ္ဂတစ်များ ' မရိုက်ကူးမီ ကျွန်တော် အိမ်ထောင်ကျသည်။

ကျွန်တော့် မင်္ဂလာဆောင်ဖိတ်စာကို သူ့အိမ်သို့ ကိုယ်တိုင် သွားဖိတ်သော်လည်း တံခါးသော့ကိုသာ တွေ့ရ၏။ မင်္ဂလာဆောင်ရန် တစ်ရက်အလိုမှာ သူ့အိမ်သို့ ကျွန်တော် နောက်တစ်ခေါက်သွားသည်။ သူ့ကိုရော သူ့ဇနီး မသွယ်ကိုပါ မတွေ့ခဲ့ရ၊ သို့သော် သူ့ညီဖြစ်သူနှင့် တွေ့ရသဖြင့် ဖိတ်စာပေးကာ ဖိတ်စာပေါ်မှာ ဆက်ဆက်လာခဲ့ပါဟု စာထပ်ရေးပေးခဲ့ရသည်။

သူသည် ပွဲလမ်းသဘင် အသွားနည်းသူ တစ်ယောက်ဆိုတာ ကျွန်တော်သိသည်။ ဖိတ်စာသာ ပေးခဲ့သော်လည်း သူလာဖို့ကို စိတ်ထဲမှာ ၅၀% ပဲ ထားခဲ့တာ အမှန်ပင်ဖြစ်သည်။

သို့သော် ကျွန်တော့်မင်္ဂလာဆောင်ကို သူ့မိသားစုနှင့်အတူပါလာပါသည်။



http://mmteashop.com

ထို့နေ့က သူတို့ ထိုင်သည့်ဝိုင်းကလူတွေက စိတ်ဝင်စားစရာ ကောင်းသည်။ သူ၊ သူ့ဇနီးမိသွယ်နှင့် သမီး မိကွန်ထော၊ ကိုချောနွယ်၊ ကိုကြွက်နီနှင့် ကိုဇော်မြင့်ဦး (သီဟန်သွင် ) တို့ဖြစ်သည်။

သူ့ကိုတွေ့တော့ ဇနီးပုပုနွေးနွေးက ဝမ်းသာအားရ 'ကိုထူးအိမ်သင်ကို သီချင်း တစ်ပုဒ် ဆိုဖို့ ပြောပေးပါ . . .' ဟု ပူဆာသည်။

ကျွန်တော် သူတို့ဝိုင်းကို နှုတ်ဆက်ပြီး ဖြစ်နေသဖြင့် တစ်ခေါက်ပြန်သွားကာ သီချင်း လက်ဖွဲ့ပေးပါဦးဟု တောင်းဆိုရမှာကို အားနာနေခဲ့သည်။ မည်သူ့မျက်နှာကိုမှ မထောက် မလုပ်ချင်လျှင် လုံးဝမလုပ်တတ်သော သူ့အကျင့်စရိုက်ကို သိထားသဖြင့်လည်း တောင်းဆိုရမှာ ဝန်လေးနေသည်။

ဇနီးက ပူဆာလွန်းသဖြင့် ကျွန်တော် အရဲစွန့်ကာ သွားတောင်းဆိုတော့ သူက ကြည်ကြည်သာသာပင် သဘောတူပြီး စင်ပေါ်သို့တက်တာ အော်ဂင်ဆရာနှင့် ခဏညှိသည်။ ပြီးတော့ အကြင်နာအိပ်မက် intro တီးလုံးသံ စကားလုပြော အစားစား ရယ်မောနေကြသော ပရိတ်သတ် ခဏ ငြိမ်ကျသွားသည်။ သူ့အဆိုမှာ နစ်မျောသွားကြ၏။ ကျွန်တော်နှင့် ဇနီးလည်း ရောက်ရာ နေရာကပင် သူ့သီချင်းလက်ဖွဲ့ကို ခံယူလိုက်ကြသည်။ ကျွန်တော့်အမေက ဆိုတတ်တဲ့သူဆိုတော့လည်း ဘာမှ မဟုတ်သလိုပဲနော် ဟုပြောသည်။

ထိုမင်္ဂလာပွဲမှာ သူဘယ်အချိန်ပြန်သွားမှန်း ကျွန်တော်မသိလိုက်။

ကျွန်တော်တို့ မတွေ့ဖြစ်ကြတော့ပြန်ပါ။

နောက်တစ်ကြိမ်တွေ့ပါက ကြည်ပြာရောင်နဂ္ဂတစ်များ ကန်တော့ပွဲပေးသော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် မှာဖြစ်သည်။ ကျွေးသည်က ဒန်ပေါက် ထမင်းဖြစ်သဖြင့် သူရော ကျွန်တောရော မစားကြ။ ကျောင်းတိုက် လေှကားရင်းမှာ သူနှင့် ကျွန်တော် စကားပြောဖြစ်ကြသည်။ မောင်လွင်မိုးလည်း ရောက်လာ၏။ ထွေရာလေးပါး စကားပြောရင်း လွင်မိုးက

http://mmteashop.com

"ကျွန်တော်ဗျာ သီချင်းရေးဆရာ လေးငါးခြောက်ယောက်လောက် စုပြီး ပြင်ဦးလွင်တို့ ကလောတို့ အေးအေးဆေးဆေး နေရာမျိုးမှာ သီချင်းသွားရေးစေချင်တယ် လွတ်လွတ်လပ်လပ်ဆိုရင် ပိုကောင်းမှာ . . ."

လွင်မို းစကားဆုံးတော့ သူကခေါင်းကိုမော့ကာ မျက်မှန်အဝိုင်းကလေးထဲက မျက်လုံးကလေးတွေ ကျဉ်းပိတ်သွားအောင်ကို ဟက်ဟက်ပက်ပက်ရယ်သည်။

"မလုပ်နဲ့ ... ခင်ဗျား ရူးသွားလိမ့်မယ်ဗျ"

"မဟုတ်ဘူးလေဗျာ . . . ဘာမှ မပူအပင်မရှိ လွတ်လွတ်လပ်လပ်နေ . . . ကိုယ်ခံစားချင်တာ ကိုယ်ခံစားပြီးရေးရမှာဗျာ"

"ဘယ်နစ်ရက်မှာ ဘယ်နစ်ပုဒ် ပြီးရမယ် ဆိုတာလည်းမရှိဘူး မဖြစ်နိုင်ဘူးလား"

လွင်မိုးအမေးကို သူအလေးအနက်ထားကာ စဉ်းစားပါသည်။

"ခင်ဗျား စိတ်ကူးကောင်းပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဆီက လူတွေက အဲ့ဒီလို လုပ်ဖို့ အချိန်နည်းနည်း စောနေသေးတယ် ထင်တာပဲ၊ လုပ်ကြည့်ရင်တော့ အတွေ့အကြုံ တစ်မျိုးရမယ် ထင်တယ်။"

လွင်မိုးနှင့်သူ ထိုကိစ္စကို ဆက်ဆွေးနွေးကြသည်။ ခဏကြာတော့ လွင်မိုးကို အင်တာဗျူးလာလုပ်သဖြင့် ကျွန်တော်တို့ ခဏရှောင်ပေးလိုက်ကြရသည်။

"ခင်ဗျားလူက မဆိုးဘူးဗျ၊ သူ့မှာ ဒီလိုစိတ်ကူးမျိုးတွေ ရှိမယ်တောင် ကျွန်တော် ထင်တာမဟုတ်ဘူး" ဟု ကျွန်တော့်ကိုပြောသည်။

ကြည်ပြာရောင် နဂ္ဂတစ်များ press show ပြတော့ သူတို့ မိသားစု လာကြည့်သည်။ ကျွန်တော်နှင့်သူ ရုံအဝင်တွင် မဆုံကြပါ။ ကျွန်တော်က ဒီကားကို လေးငါးခါလောက် (ကားဆက်ကတည်းက) ကြည့်ပြီးသားမို့ ပရိတ်သတ် သဘောကျ နေသည်ကို တွေ့ရသောအခါ စိတ်ချပြီး ရုံအပြင်ကို ထွက်တော့ သူနှင့် မိကွန်ထောကို ရုံအပြင်မှာတွေ့သည်။ သူက ကလေးထိန်းနေခြင်းဖြစ်၏။ ကျွန်တော့်ကို တွေ့တော့ ကိုရဲဝင်း လာလေဗျာ ဟု လှမ်းခေါ်သည်။

http://mmteashop.com

ကျွန်တော် သူနှင့် မတွေ့ရတာ ကြာပြီ ဖြစ်သဖြင့် ဝမ်းသာကာ စီးကရက်ကိုယ်စီသောက်ကြသည်။ သူက သူ့သမီး မိကွန်ထောအား ကျွန်တော့်ကို အင်္ဂလိပ်လို နှုတ်ဆက်ခိုင်းသည်။ မိကွန်ထောက သွက်သွက်လက်လက် နှုတ်ဆက်ပါသည်။ သူ့သမီးကို ကြည့်ကာ သူကျေနပ်နေပုံ ရသည်။

"ဆေးလိပ်သောက်ချင်လို့ ထွက်လာတာဗျာ . ." ကျွန်တော်စကားစသည်။

"ကျွန်တော်ကတော့ ကြည့်ကို မကြည့်ချင်တာ . . . ဘာဖြစ်လို့လည်း မသိဘူးဗျာ။ မြန်မာကားတွေ ကျွန်တော်ကြည့်လို့ မရဘူး၊ ကြည့်ရတာ ပင်ပန်းတယ်ဗျ။ Entertainment မဖြစ်ဘူးဗျာ၊ မိသွယ်က ကြည့်ချင်တယ်ဆိုလို့"

စိတ်ထဲရှိသည့်အတိုင်း ပြောတတ်သော သူ့ဗီဇကို သိပြီးဖြစ်သဖြင့် ကျနော် ရယ်နေလိုက်သည်။ နောက် သူနှင့်ကျွန်တော် ထွေရာလေးပါး ပြောဖြစ်ကြသည်။ ကျွန်တော်က လူတစ်ယောက် ဝင်လာတိုင်း လူတစ်ယောက် ထွက်လာတိုင်း ရုံအဝကို လှမ်းလှမ်းကြည့်မိသည်ကို သူသတိထားမိတော့

"ကိုရဲဝင်း ... ခင်ဗျားလုပ်စရာရှိတာ လုပ်နော်၊ အားမနာနဲ့" ဟုဆိုသည်။ ကျွန်တော်လည်း စီးကရက်တစ်လိပ် ကုန်သွားတော့ ရုံထဲပြန်ဝင်ခဲ့သည်။

နောက် နှစ်လခန့်ကြာတော့ သူ့အိမ် ကျွန်တော် ရောက်သွားသည်။ ဂိမ်းကစားသည့် စက်နှင့် တီဗွီကြည့်နေသည်ကို တွေ့ရ၏။ သူကြည့်နေသည်ကား Richard Gere ပါသည့် Red Conder ကား။ ကျွန်တော် ကြည့်ပြီးသွားပြီ။ ဒါပေမယ့် ကျွန်တော် သူနှင့်အတူ လိုက်ကြည့်နေလိုက်၏။ ရုပ်ရှင်ထဲက စကားတွေကို သူလိုက်ပြောပြော ကြည့်နေသည်။ ကျွန်တော် ရှိတာကိုလည်း ဂရုမစိုက်၊ သူမရှင်းသည့် စကားကိုတွေ့လျှင် pause ဖမ်းကာ ကြည့်သည်။ ရုပ်ရှင်ပြီးသွားတော့ သူနှင့်ကျွန်တော် စကားပြောကြသည်။

ရုပ်ရှင်ကြည့်ပြီးစမို့ ရုပ်ရှင်အကြောင်း စကားလမ်းကြောင်းက အားကောင်းသွား၏။ သူသည် ကောင်းသည် ဆိုသော ရုပ်ရှင်တော်တော်များများကို ကြည့်ပြီးကြောင်း သိရသည်။ ဟိုကားသည်ကား အကြောင်း ပြောကြရင်း ကျွန်တော်က SEAN PENN (ရှောင်ပန်း) ရဲ့ ကားတစ်ကား အကြောင်းကိုပြောတော့ . . .



http://mmteashop.com

"ဟာ . . . အဲ့ဒီ့ကောင် ကျွန်တော် ကြည့်လို့ မရဘူးဗျာ၊ မျက်နှာပေးကိုက သောက်ဂရု မစိုက်သလိုလို မထေမဲ့မြင်လုပ် သလိုလိုနဲ့ စကားပြောရင်လည်း ဒေါင့်မကျိုးဘူး ရင့်သီးတယ်"

ကျွန်တော်ရယ်တော့ သူကနားမလည်သလို ကြည့်သည်။ ပြီးတော့ ဘာရယ်တာလဲဗျ ဟုတ်မေး၏။

"လူတွေက တစ်ခါတစ်လေ ကိုယ်နဲ့တူတဲ့လူဆို ကြည့်မရတတ်ဘူးဗျ"

ကျွန်တော့် စကားဆုံးတော့ ခဏစဉ်းစားက သူဟက်ဟက်ပက်ပက် ခေါင်းကိုမော့က ရယ်လေသည်။

ရုပ်ရှင် အကြောင်းပြီးတော့ ကျွန်တော်တို့ ရုပ်ရှင် နောက်ခံ တီးလုံးအကြောင်း ပြောသည်။ Background music အကြောင်းပြောသည်။ သူက ရှိပြီးသား သီချင်းတစ်ပုဒ်ကို ရိုက်ပြီးတဲ့ ရုပ်ရှင်ထဲက ယူသုံးတာကို လက်မခံချင်၊ သဘာဝလည်းမကျဟု ယူဆပုံရသည်။

"ဗီဒီယိုကားတွေက ထားလိုက်တော့ဗျာ...၊ ရုပ်ရှင်ကားကြီးတွေမှာဆို မလုပ်သင့်ဘူး၊ ခင်ဗျားကားမှာ ကျွန်တော့်သီချင်း ယူသုံးတယ်၊ ကျွန်တော်က အဲ့ဒီ့ဘာကား"

"ကြည်ပြာရောင်နဂ္ဂတစ်"

"အဲ .... ထားတော့၊ ကျွန်တော်က အဲ့ဒီ့ ကားအတွက် ဆိုထားတာမှ မဟုတ်တာဗျ၊ အကုန်ဘယ်ပါမလဲ၊ mood လည်း ဘယ်ရှိမလဲ၊ စကားလုံးကလည်း ဘယ်ထိပ်ါမလဲ။ "

ကျွန်တော်က သူ့ကို ကျွန်တော်တို့ ရုပ်ရှင်လောက အခြေအနေ တစ်ချို့ကို ရှင်းပြသည်။ သူလက်မခံပါ။

"ခင်ဗျားတို့ အပျင်းကြီးတာပါဗျာ၊ ကျွန်တော်က သီချင်းသမားမို့ ရေးဖို့အပ်ဖို့ ပြောတာ မဟုတ်ဘူး၊ ဆိုပြီးသား လာဝယ်တော့ ဘာမှမလုပ်ရဘဲ ပိုက်ဆံတောင် ရသေးတယ်၊ ဒီလိုချည်းပဲ သွားနေတာ ကောင်းကို မကောင်းတာဗျ။"

http://mmteashop.com

သူက "ကျွန်တော်တို့ နိုင်ငံရဲ့ ဘယ်အနုပညာကိုဖြစ်ဖြစ် မြင့်မားစေချင်သည် အဆင့်အတန်း မြင့်စေချင်သည့် ဆန္ဒအမြဲရှိသည်။ ကျွန်တော်တို့က မညံ့ဘူးဗျ၊ အခု မတော်သေးဘူးလည်း ဖြစ်နေတယ်"

ဟု သူမကြာခဏ ငြီးသည်။ သူနေထိုင်သော ဂီတလောက ကိုလည်း သူအလုံးစုံ ကျေနပ်သူတစ်ယောက် မဟုတ်။ အဆိုတော်တွေ စုပြီး ပြန်ဆိုတေးတွေ ဆိုတဲ့ ကိစ္စကိုလည်း သူမကျေနပ်။

ကျွန်တော်လည်း အခြေအနေအရတော့ ဆိုပါတယ်ဗျာ၊ အိမ်စားဖို့နဲ့ ကိုယ်သုံးဖို့ ဆိုပါတော့၊ ဒါပေမဲ့ ဒါကြီးကို စီးပွားရေး တစ်ခုအနေနဲ့ ပျော်ပျော်ရွှင်ရွှင်ကြီးတော့ မဆိုချင်ဘူးဗျာ ဟု ဆိုသည်။

## မိကွန်ထော

ထိုနှစ်ပိုင်းအတွင်း သူနှင့်ကျွန်တော် ရံဖန်ရံခါဆိုသလို ခပ်စိပ်စိပ် တွေ့ဖြစ်ကြ၏။ တစ်ခါတလေ ကျွန်တော့် ဇနီးကိုခေါ်ကာ သူ့အိမ် တစ်နေကုန် စကားပြောဖြစ်သည်။ ထူးအိမ်သင်ဟု ဖြစ်လာသော သူ့ဘဝလမ်းကြောင်းကို ပြောဖြစ်တော့ တော်တော် ပင်ပန်းတာကို တွေ့ရ၏။

ငယ်စဉ်က စာဖတ်ဝါသနာပါသော၊ ကဗျာရေး ဝါသနာပါသော၊ ဂီတကို ဝါသနာပါသော သူ့ကို လက်မခံဘဲ ဆုံးမထိန်းကွပ်မှုများသော သူ့ဖခင် အပေါ်တွင် သူကျေနပ်ပုံ မရ။ ထိုကြောင့်ပင် လွတ်လပ်မှုနှင့် ဝါသနာ နောက်ကို လိုက်ရန် သူအိမ်က ထွက်ခွာခဲ့ခြင်း ဖြစ်မည်။

"ဆရာမ ကြည်အေး ပြောတဲ့စကား သိပ်မှန်တယ်ဗျာ၊ ကလေးဆိုတာ ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူး၊ ကိုယ်က ပြုစုစောင့်ရှောက်ရမယ့် တာဝန်ပဲရှိတယ် ဆိုတာ...၊ ကျွန်တော်တော့ မိကွန်ထောကို ဘယ်တော့မှ မချုပ်ချယ်ဘူး၊ သူလုပ်ချင်တာကို လုပ်ပဲ၊ အန္တရာယ်ရှိနိုင်တဲ့ ကိစ္စဆိုရင်တော့ နားလည်အောင် ရှင်းပြတယ်၊ သူလက်ခံအောင် ကြိုးစားတယ်၊ ကျွန်တော်တို့ အလုပ်က ဒီလောက်ပဲဗျ"



http://mmteashop.com

သူသည် သူ့သမီးနှင့် ပတ်သက်၍ ကြီးမားသော မျှော်လင့်ချက်ကို မထား၊ လှပသော လွတ်လပ်သန့်ရှင်းသော အနာဂတ်ကိုသာ ထားသူဟု ကျွန်တော်ထင်သည်။

တစ်နေ့ ကျွန်တော်မိုးရွာကြီးထဲ ထီးမပါ ဘာမပါဘဲ သူ့အိမ်ကို ရောက်သွားသည်။ သူအိပ်နေလျှင်လည်း မိုးခိုပြီးပြန်ဖို့ ဆုံးဖြတ်ထား၏။ သို့သော် သူအိပ်မနေပါ၊ ကျွန်တော့် ပုံကိုကြည့်ကာ ဘယ်လိုဖြစ်လာတာလဲဟု ဆိုကာရယ်သည်။ ကျွန်တော့အင်္ကျီကို ချွတ်ကာ သူ့အင်္ကျီနှင့် လုံချည်ကို လဲရသည်။ ပြီးတော့ ချမ်းနေသဖြင့် သူသောက်နေသော ဘလက် ကော်ဖီကို ကောက်ကာ သောက်လိုက်သည်။ ခပ်နွေးနွေး ဘလက်ကော်ဖီသည် လည်ချောင်း ထဲသို့ စူးရှစွာ စီးဝင်သွား၏။ ကျွန်တော့် တအံ့တဩ မော့ကြည့်တော့ သူက ပြုံးသည်။

"ဘလက်လေဘယ် ရောထားတာ ... ချလိုက် နွေးသွားတာပေ့ါ၊ ခင်ဗျား ဘလက် ကော်ဖီနဲ့ အရက် မသောက်ဖူးဘူးလား"

"ကျွန်တော်ကတော့ ရေနဲ့ပဲ တီးတာ..."

"မိသွယ် ဖျော်ပေးလိုက်ပါဟာ .... ကိုရဲဝင်း အချမ်းပြေသွားအောင်"

မိသွယ်က ကျွန်တော့ကို တစ်ခွက်စပ်ကာ ဖျော်ပေးသည်။ အဲ့ဒီနေ့က သူကျွန်တော့်ကို စကားအဆန်း တစ်ခုပြောသည်။

"ကိုရဲဝင်း၊ ခင်ဗျားမှာ ဂျူဂျစ်ဆုတတ်တဲ့ ဆရာတွေဘာတွေ မရှိဘူးလား"

"ဟာဗျာ . . .ကျွန်တော့်ပုံစံနဲ့ အဲ့ဒါတွေနဲ့ ဘာဆိုင်လို့လဲဗျာ"

"မဟုတ်ဘူးလေဗျာ၊ ရုပ်ရှင်အသိုင်းအဝိုင်းနဲ့ဘာနဲ့ ပတ်သက်ပြီးတော့လေဗျာ"

"မရှိဘူးဗျ၊ ကိုငှက် ဘာလုပ်မလို့လဲ၊ ဒီအရွယ်ကြီးကျမှ လက်ရုံးအားကိုးစရာတွေ ရှိသေးလို့လား"

"ကျွန်တော့်အတွက် မဟုတ်ဘူး ကိုရဲဝင်းရ၊ မိကွန်ထောအတွက်"

"မိကွန်ထောအတွက် . . ."

ကျွန်တောသည် အနားမှာ ကစားနေသော မိကွန်ထောကို ကြည့်ကာ တအံ့တဩ မေးမိသည်။



http://mmteashop.com

"ဟုတ်တယ်ဗျ၊ ဒီပညာက အနားကို ကပ်လို့ မရအောင် ကာကွယ်တဲ့ ပညာဗျာ၊ ကျနော့်သမီး ကြီးလာရင် သူက သဘောတူလို့ကတော့ ဘာပဲဖြစ်ဖြစ်ဗျာ၊ သူ့စိတ်ထဲက သဘောမတူတဲ့၊ သူမနှစ်သက်တဲ့လူက ယောကျ်ားဗလ အားကိုးနဲ့ သူ့ကို အနိုင်ကျင့်မှာ ကျွန်တော် စိုးရိမ်တယ်၊ သူ့ကိုယ်သူ ကာကွယ်နိုင်ဖို့အတွက် ကိုယ်ခံပညာတစ်ခုခု သင်ထားပေးချင်တယ်၊ သူတတ်ထားစေချင်တယ်"

ကျွန်တော် အားရပါးရ အချိန်တော်တော်ကြာအောင်ရယ်မိသည်။ ကျွန်တော် ရယ်သည့် အတွက် သူကျွန်တော့ကို သိပ်ကျေနပ်ပုံမရ၊ ထိုအချိန်က မိကွန်ထောမှာ ငါးနှစ်အရွယ်သာ ရှိသေးသည်။ အရုပ်ကလေးတွေနဲ့ ကစားကောင်းတုန်း။

"ခင်ဗျားက ဘာကိုရီတာလဲ . . ."

"ကိုငှက်ရာ မိကွန်ထောက ကလေးရှိပါသေးတယ်၊ မဟုတ်သေးပါဘူးဗျာ"

"ဒီအရွယ်ကစပြီး အခြေခံသင်ထားမှဗျ"

"ကိုငှက်က ကိုယ့်သမီးကိုယ် ကြည့်ပြီး အတွေးတွေ ဘယ်ထိ ရောက်သွားတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါပေမယ့် စောပါသေးတယ်ဗျာ"

ကျွန်တော်ပြောတော့ သူကလေးလေးနက်နက် စဉ်းစားနေသည်။

"မဟုတ်ဘူးဗျာ၊ ကျွန်တော့်သမီးက မိဘတွေအပေါ်မှာပဲ အားကိုးနေတာ မလိုချင်ဘူး၊ ကျွန်တော်တို့ကလည်း သူ့ကိုအချိန်ပြည့် နေရာတိုင်း စောင့်ရှောက်နေနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ သူ့ကိုယ်သူ ကာကွယ်နိုင်ရမယ်ဗျာ၊ ကာကွယ်နိုင်တဲ့ အရည်အချင်းလည်း သူ့မှာအပြည့်အစုံ ရှိထားရမယ်။"

သူက လေးလေးနက်နက်ကို ပြောနေသည်။ ကျွန်တော် မရယ်တော့ဘဲ စဉ်းစားမိ၏။ သူဖခင်တစ်ယောက် အနေနှင့် သမီးဖြစ်သူကို စိုးရိမ်သည်။ သို့သော် သူစိုးရိမ်ပုံက သမီးပညာတတ် မဖြစ်မှာ .... (အတန်းထဲမှာ ပထမတို့ ဘာတို့မရမှာ မျိုးကို ဆိုလိုသည်) သူများဝတ်သလို မဝတ်ရ မစားရမှာ လောကအလယ်မှာ တင့်တင့်တယ်တယ် မနေရမှာ စသည်ဖြင့် သာမန်မိဘတွေ စိတ်ပူသလိုမျိုး ပူခြင်းမဟုတ်၊ သမီးဖြစ်သူ၏



http://mmteashop.com

စိတ်လွတ်လပ်ခွင့်ကို အစော်ကားခံရမှာကို ပူခြင်းဖြစ်သည်။ တော်တော်လေး ထူးဆန်းသည် ဟုလည်း ဆိုနိုင်ပါသည်။

"ကိုငှက်ရယ် .... မိန်းကလေးတွေမှာ ကျွန်တော်တို့ သင်မပေးရဘဲ သူတို့ကိုယ် သူတို့ ကာကွယ်တဲ့ နည်းတွေကို အလိုအလျောက် တတ်ထားတာ ရှိပါတယ်၊ သိပ် စိတ်မပူပါနဲ့"

ကျွန်တော်နှစ်သိမ့်သည်။ သို့သော် . . . သူကျေနပ်ပုံမရ။

"မဟုတ်ဘူးဗျ၊ ဒီခေတ်က ဒီလို မဟုတ်ဘူး၊ မဟုတ်ဘူးဗျာ ခင်ဗျားမှာ မရှိရင်လည်း ကျွန်တော် စုံစမ်းဦးမှာ၊ ကျွန်တော်လည်း အရင်တုန်းက သင်ဖူးတယ်၊ ကျွန်တော် သင်တာက သိုင်းပြောင်းပြန်ဗျ၊ အခုတော့ အားလုံး အဆက်အသွယ်ပြတ်ကုန်ပြီ၊ စုံစမ်းရင်တော့ ရနိုင်ပါတယ်"

ညနေ ခြောက်နာရီလောက်မှာ မိုးကစဲသွားသည်။ မသွယ် စပ်ပေးသော ဘလက်လေဘယ်နှင့် ဘလက် ကော်ဖီလည်း သုံးခွက်ကုန်သွားပြီ။ ကျွန်တော်ပြန်ရန် သူ့ကိုနှုတ်ဆက်သည်။ သူက ဝတ်တုတ်ကလေး ထိုင်ကာ ဆေးပေါ့လိပ်ကို မီးခိုး တထောင်းထောင်း ထအောင်ဖွာရင်း တစ်ခုခုကို စဉ်းစားနေပုံပေါ်သည်။

ကျွန်တော် သူ့အကျႌ သူ့ပုဆိုးကို ဝတ်ကာပြန်လာရင်း လမ်းမှာ စဉ်းစားမိသည်။ 'သူဟာ တော်တော် တစ်ဖက်စွန်း ရောက်တာပဲ ...' ဟုဖြစ်သည်။ နောက်တော့ ရယ်ချင် သွားသည်။ 'ငါရောဘာထူးလို့လဲ ....' ဆိုသော အတွေးကြောင့်ဖြစ်၏။

ဒါကြောင့် သူနှင့်ကျွန်တော် ခင်နေတာလည်း ဖြစ်နိုင်ပါသည်။

## လမ်းဘေးဂီတပွဲ

သူနှင့်ကျွန်တော် မထင်မှတ်ပဲ ဂီတပွဲတစ်ပွဲ နွှဲခဲ့ဖူးပါသည်။ ထိုနှစ်ကာလများက သူနှင့် ကျွန်တော် တစ်ပတ်ကို အနည်းဆုံး တစ်ရက်တော့တွေ့ ဖြစ်ကြသော အချိန်လည်း ဖြစ်သည်။ ကျွန်တော်တို့ အနုပညာသမားတွေ Hand Phone တွေရကြ၏။ ဒီတော့သူ့ဆီကို ဆက်သွယ်ရတာ အဆင်ပြေသည်။ အရင်တုန်းက လမ်းဘေး ဖုန်းမှ သူ့အိမ်ကို



http://mmteashop.com

ဖုန်းဆက်လျှင် အမြဲတမ်း မသွယ်နှင့်သာ တွေ့သည်။ မေးလျှင် "မရှိဘူး ဘယ်သွားမှန်းလဲ မသိဘူး" ဟု မသွယ်၏ အိပ်ချင်မူးတူး လေသံကိုသာ ကြားရ၏။

အခု သူ့မှာ Hand Phone တစ်လုံး ရှိနေသဖြင့် အရင်ကထက်စာလျှင် ဆက်သွယ်ရတာ ပိုအဆင်ပြေချင်သည်။ (ထိုဖုန်းမှာ သူလျှောက်ပြီးရသော ဖုန်းမဟုတ်ပါ မသွယ် အစ်ကို၏ Hand Phone ကို သူယူကိုင်ခြင်း ဖြစ်သည်။ သူက ဖုန်း မလျှောက်ပါ) ကြုံ၍ ပြောရဦးမည်။ သူ့ဖုန်း ကိုင်သော အလေ့အကျင့်အကြောင်း ဖြစ်၏။ သူက သူ့ဖုန်းကို အမြဲတမ်း ပိတ်ထားသည်။ သူဆက်ချင်လျှင် ကောက်ဖွင့်ကာ ဆက်တတ်ပြီး၊ ဆက်ပြီးလျှင် ပြန်ပိတ် ထားတတ်၏။ အရေးကြီး၍ သူ့ထံဖုန်းဆက်လျှင် "ဆက်သွယ်မှု ဧရိယာပြင်ပ" ဆိုသော လူကြီးမင်းနှင့်သာ တိုးတတ်လေသည်။ ထိုကိစ္စကို ကျွန်တော်မေးတော့ "Hand Phone ဆိုတာ ကိုယ်က ဆက်ချင်တဲ့ အချိန် အလွယ်တကူ ကောက်ဆက်ဖို့ပဲလို့ ကျွန်တော် ထင်တယ်ဗျာ၊ ဖွင့်ထားရင် ဆိုင်တာတွေရော မဆိုင်တာတွေရော ဝင်လာရော.. ဒါကြောင့်မို့ ကျွန်တော် ဖုန်းနံပါတ်ကို ပေးချင်တဲ့သူကိုပဲ ပေးတာ၊ ခင်ဗျား ဆက်ချင်ရင် ခြောက်နာရီလောက်ဆက် ကျွန်တော် ဖုန်းဖွင့်ထားတယ်" ဖုန်းနှင့် ပတ်သက်သည့် သူ့အဘိဓမ္မာက တစ်မျိုးပါလားဟု ကျွန်တော်ထင်သည်။

ထိုနေ့က ကံကောင်းစွာ သူနှင့်ကျွန်တော် ဖုန်းအဆက်အသွယ်ရကာ Oasis Studio မှာဆုံကြ သည်။ သူ့ကိစ္စတွေပြီးတော့ သူနှင့်ကျွန်တော် သူ့ကားပေါ်တက်ကာ ပြန်ခဲ့ကြသည်။ ဘယ်သွားမည် ဘာလုပ်မည် ဘာအစီစဉ်မှ မရှိ။

လှည်းတန်း မီးပွိုင့်ရောက်တော့ သူက ကားမောင်း နေရင်းက "ကိုရဲဝင်း… ကျွန်တော် မုန့်ဟင်းခါး စားချင်တယ်ဗျာ…"

သူ့လေသံက နူးနူးညံ့ညံ့၊ သားတစ်ယောက်က ဖခင်တစ်ယောက်ကို ပူဆာသည့် ပုံစံမျိုး။ သူ တစ်ခါတစ်ခါ အဲဒီလို ပြောတတ်တလေ့ ရှိတာကို ကျွန်တော် သတိထားမိသည်။

"ဟာ… စာချင်စားပေ့ါ ကိုငှက်ရ… လှည်းတန်းမှာ မုန့်ဟင်းခါးကောင်းတဲ့ ဆိုင်တွေ အများကြီးဟာ" ဒီလိုနှင့် သူနှင့်ကျွန်တော် မုန့်ဟင်းခါး ဆင်းစားကြသည်။ သူလည်း တစ်ပွဲမကုန်၊ ကျွန်တော်လည်း မကုန်ပါ။ မကုန်သည့်မုန့်တွေ သွန်ခိုင်းကာ



http://mmteashop.com

ဟင်းရည် သောက်နေကြတုန်း ပုံသံနှင့် သီချင်းဆိုသံကို ကြားရလေသည်။ သူက ဟင်းရည် သောက်နေရာမှ အသံလာရာဆီ ကြည့်သည်။ ပြီးတော့ ခေတ္တနားစိုက်ထောင်ကာ ငြိမ်နေသည်။ ကျွန်တော် လျှောက်ရှာကြည့်တော့ လူလေးငါးဆယ် လောက်ခန့် အုံနေသော ပလက်ဖောင်းမှ အသံဖြစ်၏။ ဆိုနေသော သီချင်းက ပိုးအိစံ၏ မဏိစန္ဒာသီချင်း။ အသံက ယောကျ်ားအသံ။

"ကိုရဲဝင်း လာဗျာ..."

ပိုက်ဆံရှင်းပြီး ကျွန်တော်တို့ လူအုပ်ထဲ တိုးလိုက်တော့ စဉ့်အိုးကလေး သုံးလုံးကို ထီးပိတ်နှင့် အုပ်ကာတီးနေသော လူတစ်ယောက်ကို တွေ့ရ၏။ အဝတ်အစားက နွမ်းနွမ်း ခပ်ပိန်ပိန်၊ သူ့မျက်နှာက သစ်ကြားသီးလို သွေ့ခြောက်လျှက်။

ကိုငှက်က သူတီးပုံကို စိုက်ကြည့်ကာနေသည်။ ထိုသီချင်း ပြီးသွားတော့ ဘာမပြော ညာမပြောနှင့် လူအုပ်ထဲမှ ထွက်ကာ ထိုလူ့အနား သွားကာထိုင်သည်။

"ဟာ... ကိုငှက်ကြီးကွ"

ဟု လူအုပ်ထဲက တစ်ယောက်က ပြောသည်။ ကျွန်တော်က လူအုပ်ထဲမှာပင် ကျန်ခဲ့သည်။ သူနှင့် လိုက်သွားရမလား၊ ဒီမှာပဲ ရပ်နေမလား မဝေခွဲနိုင်၊ သူက စဉ့်အိုးကလေး တစ်လုံးကို တီးကြည့်ကာ ထိုလူနှင့် စကားပြောသည်။

ကျွန်တော်ကြားရသရွေ့ ဆိုလျှင် အသံဘယ်လို ချိန်သလဲ ဘာကို တင်းသလဲ လျှော့သလဲဟု မေးဟန်တူပါသည်။ တီးသူကလည်း သူ့ကို သိဟန် တူပါသည်။ စဉ့်အိုး ကလေး တစ်လုံးကို ဖြုတ်ပြကာ ပြန်တပ် ပြန်တင်းလုပ်ကာပြ၏။

ပြီးတော့ သူက စဉ့်အိုးကလေးတွေကို ဖြုတ်ကာ၊ တပ်ကာ၊ တင်းကာ၊ လျှော့ကာ၊ တီးကြည့်နေသည်။ ဝိုင်းကြည့်နေသူတွေကလည်း "ဟော့ကောင် ထူးအိမ်သင်ကွ၊ ထူးအိမ်သင်" ဆိုသဖြင့် လူက တော်တော်များလာသည်။ လူတွေ အုံလာသည် ဆိုလျှင် ပို၍ မှန်မည်။ ဒီတော့မှ ကျွန်တော် လူအုပ်ထဲက တိုးထွက်ကာ သူ့အနားသို့ ရောက်သွားသည်။ သူ ကျွန်တော့်ကို မော့မကြည့်။



http://mmteashop.com

ထိုစဉ်းအိုးကလေး သုံးလုံးကို တီးကြည့်သည်။ အမျိုးမျိုး တီးပြီးသည့်နောက် စဉ့်အိုး တီးသူကို "ဒီအတိုင်းတီး" ဆိုကာ သူက ပြသည်။ ဟိုလူက လိုက်တီး၏။ ပထမ မမှန်သေး သူက စိတ်ရှည်လက်ရှည် ပြသည်။ သုံးခါလောက် ပြပြီးတော့ နေ့စဉ် တီးဟန်တူသော ဟိုလူက သူပြသည့်အတိုင်း တဖြည်းဖြည်း မှန်ကာ လာသည်။ သူက ကျေနပ်ကာ ဟုတ်ပြီး... ဟုတ်ပြီ... ဟု ဆိုသည်။ အခုချိန်ထိ သူဘာ့ကြောင့် တီးခိုင်း နေတယ်ဆိုတာ ကျွန်တော်မသိ၊ ထိုလူကလည်းမသိ ပရိသတ်လည်းမသိ၊ ဟိုလူလက်ကျ မှန်သွားတော့မှ သူက သူလွယ်ထားသော အိတ်ထဲမှ ပလွေတစ်ချောင်း (သူ ဩစတြေးလျ သွားစဉ်က ဝယ်လာခဲ့သော စတီးလ်ပလွေ ဖြစ်သည်) ကို ထုတ်ကာ အသံစမ်းသည်။ ပြီးတော့ ဟိုလူ့ကို "ဒီအတိုင်းပဲ တီးနော်..." ဟုဆိုကာ တေးသွား တစ်ခုကို မှုတ်သည်။ ဘာတေးသွားမှန်း ကျွန်တော် မသိပါ။ စဉ့်အိုးပုံသံနှင့် အလွန်လိုက် ဖက်၍ နားထောင် ကောင်းတာပဲ သိပါသည်။

တဖြည်းဖြည်း လူတွေ အုံကာလာသည်။ ဟိုလူကလည်း အားတက်ကာ သူပြထားသည့် အတိုင်းတီးသည်။ သူက မျက်စေ့ကိုမှိတ် ခေါင်းကိုမော့ကာ သူ့တေးသွားထဲ မှာသာ ရှိသည်။ ကြည့်သည့် ပရိသတ်ကလည်း ငြိမ်ကာနေ၏။ ထူးအိမ်သင် ဟုတ်တယ်... မဟုတ်ဘူး။ ငြင်းကြသူတွေသာ ရှိသည်။ ဆယ်မိနစ်လောက် မှုတ်ပြီးတော့ သူ တေးသွားကို ချလိုက်သည်။ ငြိမ်နေသည့်ပရိသတ်က လက်ခုပ် တီးကြသည်။ သူက ပလွေကို အိတ်ထဲ ပြန်ထည့်သည်။

စဉ့်အိုး တီးသူကို ငွေတစ်ထောင် ထုတ်ကာပေး၏။ ပရိသတ်က ကိုငှက်ကြီး နောက်တစ်ပုဒ် လုပ်ပါဦး နောက်တစ်ပုဒ်ဟု ဆိုကြသည်။ အော်ကြသည်။ သို့သော် သူဘာမှ မပြော ပရိသတ်ထဲက တိုးထွက်ကာ ကားရှိရာသို့သာ လျှောက်သွားသည်။

ကားမောင်းလာတော့ သူနှင့် ကျွန်တော် ဘာမှ မပြောဖြစ်ကြ၊ ပြောစရာလည်း မရှိဟု ထင်ပါသည်။ ခဏကြာတော့မှ ကားမောင်းရင်း သူကပြောသည်။ "ကျွန်တော်တို့ ဆီမှာက လမ်းဘေးမှာ တီးရင် တောင်းတယ်လို့ပဲ ထင်နေကြတာ.. အေး လေ...

http://mmteashop.com

တောင်းလည်း တောင်းနေကြတာကိုး၊ သူတို့ (အမေရိကကို ညွှန်းဟန်တူပါသည်) ဆီမှာ က တီးပြတာဗျ၊ သူတတ်တာကို သူတီးပြနေတာ၊ တချို့ဆို တော်တော်ကောင်းတယ် ”

ကျွန်တော် ဘာမှပြန်မပြောမိပါ။ ကျွန်တော့် အတွက်တော့ ပထမဦးဆုံး အတွေ့အကြုံ ဖြစ်သည်။ ကျွန်တော် သူ့ကို အံ့သြချင်နေသည်။ သို့သော် အံ့သြ၍ မရပါ။ သူသည် ဒီလိုပဲ သူလုပ်ချင်တာကို လုပ်တတ်သော လူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော် သိထား၍ဖြစ်သည်။

## ကားတိုက်ခြင်း

မှတ်မှတ်ရရ ထိုနေ့က အင်တာဗျူးဂျာနယ်တွင် အယ်ဒီတာ လုပ်နေသော ကိုကြွက်နီ (သိမ်းတင်သား) က ကျွန်တော့်ကို ဖုန်းလှမ်းဆက်ကာ ခေါ်သည်။ သူ့ဂျာနယ်မှာ စာရေးပေး ဖို့ဖြစ်၏။

ပြဿနာက ကိုကြွက်နီနှင့် ဒါရိုက်တာ မိုက်တီးက စသောပြဿနာ ဖြစ်သည်။ ကိုကြွက်နီက ဒါရိုက်တာ မိုက်တီးထံမှ စာမူတောင်းသည်။ ရေးချင်တာရေးဟု ဆို၏။ ကိုမိုက်က ရေးပေးမယ်ဟု ကတိပေးကာ အနားကျမှ သူရေးရမည့် အကြောင်းအရာကို ဆုံးဖြတ်၍ မရဘဲဖြစ်ကာ ထိုစာမူ ကွက်လပ်နေရာကို ကျွန်တော့်အား ရေးပေးရန် ပြောသည်။ ကိုကြွက်ကိုလည်း ကျွန်တော် ရေးပေးလိမ့်မယ်ဟု ပြောထားပုံ ရသည်။ ကိုကြွက်ကဖုန်းထဲမှ ......

“ဟေ့လူ မလာလို့ မရဘူး၊ အဲဒီနေရာက စာမူကွက်လပ်ကြီး၊ ပြီးတော့ ရှေ့ဆုံးမှာ သုံးကော်လံနဲ့ တစ်ဝက် ရေးပြီးသား စာမူရှိရင်ယူလာခဲ့ ”

“ဟာ... ရေးပြီးသား ဘယ်ရှိမလဲ ”

“မရှိရင် ဒီကိုလာခဲ့၊ တိုက်မှာလာရေး ညနေအမီ ရုံးတင်ရမှာ ဒီမှာ ဘိုးတော်လည်း ရောက်နေတယ်... လာခဲ့ ”



http://mmteashop.com

ဘိုးတော် ဆိုသည်မှာ ကိုကြွက်နီက ကိုငှက်ကို ခေါ်သော နာမည်ဖြစ်သည်။

"ဟော့လူ... ကိုရဲဂင်း ကျွန်တော် ရောက်နေတယ် လာခဲ့လေဗျာ၊ ဒီကရင့် ကီစွကို လာရှင်း ပေးလိုက်ဦး နာပြီးတာနဲ့ ကျုပ်ဒီကောင့်ကို ထိုးချင်လာပြီ"

ကိုကြွက်နှင့် သူက ငယ်သူငယ်ချင်းတွေမို့ တစ်ယောက်နှင့် တစ်ယောက် ဒီလိုပဲ ပြောသည်။ ဆဲနေ ဆိုနေကျလူတွေ ဖြစ်သည်။

"OK... ကျွန်တော်လာခဲ့မယ် "

ကားပေါ်မှာ ရေးစရာ အကြောင်းတွေကို စဉ်းစားလာရ၏။ ကျွန်တော့်ကို ကိုမိုက်က လိုက်ပို့ပါသည်။ ကျွန်တော့် ဘဝတွင်လည်း တိုက်မှာ ထိုင်ပြီး ပထမဦးဆုံး ရေးဖူးသော စာမူတစ်ပုဒ်ဖြစ်သည်။ ကိုကြွက်ကလည်း Red Label အသေးကလေး တစ်လုံးနှင့် ဧည့်ခံရှာပါသည်။ သူက သောက်ရင်း ကျွန်တော့်ကို လှမ်းပြောသည်။

"စာရေးဆရာ သိက္ခာကျတာ ပေါ့ဗျာ၊ တိုက်လိုက် ရေးရတယ်လို့... ကျုပ်ဆို ဘယ်တော့မှ မရေးဘူး၊ ခင်ဗျားမို့ ရေးတာ..."

"ဟာ... ဘိုးတော်ရာ မလုပ်ပါနဲ့၊ ရေးရေး ကိုယ့်ဆရာရေး ကော်လံဝင်အောင် ရေးနော်၊ ပြီးတာနဲ့ စာတန်းစီပြီး စိစစ်ရေး ပြေးရမှာ..."

ကျွန်တော် ကိုကြွက်နီဒုက္ခကို ဖြေရှင်း ပေးလိုက်သည်။ စာဖောင် ကွက်တိဝင်ပါသည်။ ပြီးတော့ သူနှင့် ကျွန်တော် ထွက်ကြသည်။ ထုံးစံအတိုင်း ဘယ်မှန်း မသိ။ နောက်ဆုံးတော့ ထုံးစံအတိုင်းပင် OASIS ရောက်သွားကြသည်။ OASIS မှာ စကားပြောကြရင်း သီချင်းသွင်း တာကြည့်ကြရင်း ည ၈ နာရီကျော်တော့ ပြန်ကြသည်။ အိမ်ကိုတော့ မဟုတ် Mr Guitar ကို ဖြစ်သည်။

သူ အဲဒီနေ့က OASIS မှာ စိတ်တိုစရာတစ်ခု ကြုံလာဟန် တူပါသည်။ ကားကိုတအား မောင်းလာ၏။ သူက ကိုယ့်ကိုကိုယ် ယုံကြည်သူ ဖြစ်သဖြင့် ကားမောင်း ကြမ်းပါသည်။ သူ့ ကားကို စီးရဲသူ တော်တော်ရှားသည်ဟု နောက်မှ ကျွန်တော် သိရသည်။ လှည်းတန်း မီးပွိုင့်ရောက်တော့ ဖြတ်အထွက်မှာ ဘယ်က ဘယ်လိုဖြစ်သည် မသိလိုက်

http://mmteashop.com

ကျွန်တော်တို့ ကားမှာ နိုင်ငံခြားရုပ်ရှင်တွေထဲက အတိုင်း ချာလပတ်လည်ကာ လွင့်ထွက်သွားသည်။ ထိုစက္ကန့်ပိုင်းတွင် ဘာဖြစ်မှန်း ကျွန်တော် သေသေချာချာ မသိလိုက်ပါ။

အော်သံ ဟစ်သံတွေတော့ ကြားလိုက်ရသည်။ ဘယ်နစ်ပတ်လည်သွားသည်မသိ ကားက လမ်းဘေး ပလက်ဖောင်းအစပ်မှာ ထိုးရပ်ကာသွားသည်။ တိုက်သည့်ဘက်က ကျွန်တော် ထိုင်သော ဘယ်ဘက်အခြမ်း ဖြစ်သည်။ ဘယ်မှန် ကြေမွထွက်သွား၏။ ကားနံဘေးမှာ အစင်းရာကြီး ဖြစ်သွားသည်။ ထိုကိစ္စတွေက ပြီးမှသိသောကိစ္စဖြစ်သည်။

ကျွန်တော်တို့ကား ထိုးရပ်သွားသွားခြင်း တိုက်လိုက်သည့် ဟိုဘက်ကားမှ လူအုပ်စုက ဒုတ်တွေ၊ ဓားတွေကိုင်ကာ ပြေးချလာသည်။ သူကလည်း ဘော့စ်ဘော ရိုက်တံကို ကားထဲမှ ယူကာ ထွက်သည်။

"ဟေ့လူ... ကိုရဲဝင်း ခင်ဗျားပြေးတော့" ဟုသူက အော်သည်။ သို့သော် ကျွန်တော်ပြေး၍မရ၊ ကားတံခါးဖွင့်၍ မရတော့။ ဟိုဘက်က ပြေးလာသူ လေးယောက်က ကားနားရောက် တော့ ရပ်ကာသွားသည်။

"ဟာ... ကိုငှက်ကြီးကွ... ခဏနေဦး"

တစ်ယောက်က အော်သည်။

တော်တော် စိတ်ဆိုးနေသော လူတစ်ယောက်ကို သူတို့ အချင်းချင်း ပိုင်းထိန်းလိုက်ကြ၏။ ထိုလူငယ်တွေက အသက်အစိတ် ပတ်ဝန်းကျင်ပင် ရှိဦးမည် ထင်သည်။ ပထမ အော်သောလူက ဒုတ်ကို ပခုံးပေါ်တင်ကာ "ဘယ်လိုဖြစ်တာလဲ ကိုငှက်ရာ.. ကံကောင်းလို့..." ဟုပြောပြီး လက်ကို ဆန့်တန်းပေးသည်။ အပြန်အလှန် နှုတ်ဆက်ကြ၏။ ပိုင်းကြည့်နေသော လူတွေက ရန်ပွဲအစား မိတ်ဆက်ပွဲကို တွေ့တော့ တစ်မျိုး ဖြစ်သွားကြဟန် တူ၏။ ကားတွေကို စစ်ဆေးကြည့်တော့ သူ့ကားတံခါးမှ နောက်နားအထိ အစင်းကြောင်းကြီး ထင်သွားသည်။ ဘက်မှန်ကွဲကာ ကျိုးသွားသည်။ ဟိုဘက် ကားရှေ့ မီးလုံး ကွဲသွား၏။ "ကဲ ဖြစ်ပြီးတာတွေ ထားလိုက်တော့ ကိုငှက်ရာ ကျွန်တော်တို့က ကိုငှက် ပရိသတ်ပါ ကိုငှက်နဲ့ စကားရေရေလည်လည် ပြောချင်တယ်ဗျာ.. ဆိုင်တစ်ဆိုင် သွားကြရအောင် ကိုငှက် ဘယ်ဆိုင်သွားမလဲ"



http://mmteashop.com

"ရပါတယ်... ဘယ်ဆိုင်ဖြစ်ဖြစ်ပါ၊ မိန်းကလေးတွေ သီချင်းမဆိုတဲ့ ဆိုင်ဆို ပြီးတာပဲ၊ ရပါတယ်"

"ဒါဆို ကျွန်တော်တို့ ကားနောက်ကလိုက်ခဲ့ ကိုငှက်ရာ... နော်..."

ဒီလိုနှင့် ကျွန်တော်တို့ EUGENIA ဆိုင်ကို ရောက်သွားသည်။ ကားပေါ်မှာ သူက ကျွန်တော့်ကို ကြည့်ကာ "ကျုပ်က ဆော်ရတော့မယ် ထင်တာ... ခင်ဗျားပါတော့ လွဲတာပဲဗျ" ဟု ဆိုသည်။ ဆိုင်ရောက်တော့ မိတ်ဆက်ကြသည်။ သူတို့ကလည်း Hand Phone ကိုယ်စီနဲ့ဆိုတော့ ခေသူများတော့ ဟုတ်ဟန်မတူ။ မိတ်ဆက်ရင်း ကျွန်တော့်ကို နီကိုရဲမှန်း သိသွားတော့ ခုနက ထိန်းမရသူက မှုန်တေတေ လုပ်နေရာက ဝမ်းသာသွားပုံ ရ၏။ မကြည်ပြာရေးတဲ့ နီကိုရဲလားဟု မေးကာ ကျွန်တော့်ကို သူသီချင်တာတွေ မေးသည်။ ခဏကြာတော့ အားလုံး ရယ်ရယ်မောမော ဖြစ်ကာသွား၏။ ကျန်သုံးယောက်က ကိုငှက် သီချင်းတွေ အကြောင်းမေးသည်။

သူက ဖြေသင့်သည့်စကားကို အလေးအနက်ထားကာ ဖြေသည်။ သူမဖြေချင် သည့် စကားကို ဖြတ်ချပစ်သည်။ သူ့ဝသီအတိုင်းပင် လိုက်လိုက်ရောရော ပြောချင်းမရှိ။ ထိုသို့ပြော သည်ကိုပင် ဟိုကောင်တွေက သဘောကျကြသည်။ အရက် ၂ ပုလင်း ပြောင်တော့ ဟိုကောင်တွေက တကယ့်မိတ်ဆွေရင်းတွေလို ဖြစ်သွားသည်။ သူတို့ ဖုန်း နံပါတ်တွေ ပေးသည်။ ကျွန်တော်တို့ ဖုန်းနံပါတ်တွေ တောင်းသည်။ ပြီးတော့ စားသောက်သမျှကို သူတို့က အတင်းရှင်းသည်။ ကားတိုက်သည့်ကိစ္စကို ပြန်ပြောတော့ ရယ်စရာ တစ်ခုလိုဖြစ်နေပြီ။

"မှားတာက ကိုငှက် မှားတာဗျ၊ ကျွန်တော်တို့က လမ်းအမှန်က မောင်းတာ ကိုငှက်က ဖွတ်ဝင်လာတာကိုး"

"မသိဘူးဗျာ ကျုပ်လည်း မောင်းတတ်သလို မောင်းလိုက်တာပဲ"

ကားအသီးသီး ပေါ်တက်ပြီးတော့ သူ့ကို ဟိုဘက်ကားက လူတွေက လှမ်းအော်ကြသည်။

"ကိုငှက် သတိထားပြီး မောင်းဦးနော်၊ Take it easy... Take it easy"

http://mmteashop.com

"OK... I'm fine" ဟု သူက ပြန်အော်ကာ ကားကို ဝေါခနဲ ဘက်ဆုတ်ပြီး၊ ဝူးခနဲ မောင်းထွက်ခဲ့သည်။

"ကျွန်တော် ကားမောင်းရင် စီးရဲတဲ့သူ သိပ်မရှိဘူးဗျ၊ ဘိုဖြူဆို သိပ်ကြောက်တာ၊ ကျွန်တော် မောင်းနေရင် ရှေ့ကခုံကို လက်ကိုင်ပြီး မျက်လုံးကို ပြူးလို့၊ ချွေးတွေပျံလို့ လှည့်ကြည့်တော့ ဘာမှမဖြစ်သလို လေချွန်ပြတာ၊ ဖြစ်နိုင်ရင် သူ ကျွန်တော့် ကားကို စီးခဲတယ်"

ကျွန်တော် ဘာမှပြန်မပြောတော့ သူက "အခုမှ ကြောက်နေတာလား၊ ဖြစ်ရင် ခင်ဗျား ဘက်ကဖြစ်မှာ သွားမှာပဲ"

"ကျွန်တော် အဲဒါကို မစဉ်းစားပါဘူး၊ အနုပညာသမားမှာ မတောင်းပဲရတဲ့ ဆုတွေရှိတယ် ဆိုတာ ကျွန်တော် စဉ်းစားနေတာ"

သူက ခပ်တိုးတိုး ရယ်သည်။

"အမေ့ကို ကျေးဇူးတင်ရမှာဗျ၊ ကျုပ်ရုပ်ကြီးကို တစ်ခါမြင်တာနဲ့ မှတ်မိအောင် မွေးပေးခဲ့တာကိုးဗျ... ဟား... ဟား... ဟား"

သူသည် ဘာမှ မဖြစ်တော့သည့်နှယ် ကားကိုလွတ် လွတ်လပ်လပ် မောင်းနေလေသည်။ ထိုနေ့က Mr Guitar ကို သွားကြသည်။ ဟိုရောက်တော့ ကားတိုက်သည့် ကိစ္စကို သူဘာမှ မပြောတော့ စတိတ်ခုံဘေးက သီချင်းဆိုတဲ့ ကောင်မလေးတွေ ထိုင်သည့်ခုံမှာ ဘီယာထပ် သောက်ကြရင်း သူ့အိတ်ထဲက ဘာဂျာကို ထုတ်ကာ တေးသွားကို လိုက်မှုတ်နေလေသည်။

## လက်မောင်းလှဲခြင်း

"Central မှာ မြင့်မိုးရော အဘ (ကိုဇော်သစ်) ရှိတယ်ဗျ၊ မြင်မိုးက သီချင်း ရေးနေတာ၊ လာဗျာ သွားရှုပ်ကြရအောင်"

Oasis က ထွက်ခါနီးမှာ သူကဆိုသည်။ မို့မို့ အခွေထဲက စုံတွဲ သီချင်းတစ်ပုဒ် ဖြစ်သည်။ သူသီချင်း အသံသွင်းတာကို ကျွန်တော် ပထမဦးဆုံး အကြိမ် မြင်ဖူးတာလည်း ဖြစ်၏။ ထိုနေ့က ကျွန်တော်နှင့်အတူ ကာတွန်း စိုးစံဝင်းလည်း ပါသည်။ သူသီချင်း



http://mmteashop.com

သွင်းသည့်အခါ လက်ကလေး နောက်ပစ်ပြီး ဆိုတတ်သည်။ မိုက်နားကို ကပ်လိုက် ခွာလိုက်နှင့် သူ့အသံကို ကစားသွားသည်။ ဆရာတစ်ယောက်ရှေ့မှာ ဆိုပြနေသလို ဆိုပြခြင်း ဖြစ်သည်။

ပြီးတော့ စက်ခန်းထဲမှာ ပြန်နားထောင်သည်။ စက်ကိုင်တဲ့ ကောင်လေးကို လည်ပင်း ညှစ်လိုက်၊ ဆွဲဖက်ချုပ်လိုက်၊ နားရွက် လိမ်ဆွဲလိုက်နှင့် စသည်။ ထိုကောင်လေးမှာ သူ့ဒဏ် တော်တော်ခံရ၏။

နားထောင်ပြီးတော့ ခလုတ်ကလေးတွေ ရွှေ့ကာ သူမကျေနပ်သည့် အပိုဒ်ကို ပြန်ဆိုသည်။

နောက်ပြန်နားထောင်ပြီး ဒုတိယအသံကို သူအတည်ပြုသည်။ စက်ခန်းထဲက ထွက်လာတော့ ဘာမှမဟုတ်တဲ့ အချစ်ကို တန်ဖိုးထားမိတာ . . . ကိုယ်လွန် ပြီထင်တယ် . . . . ဆိုတဲ့ အပိုဒ်ကလေးကို ကြိုက်တယ်ဗျာ ဟုဆိုသည်။ 'ခင်ဗျား ရေးတာလား!' ဆိုတော့ 'မဟုတ်ဘူးဗျ၊ ဝိုင်းထဲက ကောင်လေး တစ်ယောက်ရေးတာ' ဟုပြောသည်။

Central Hotel ထိ ကိုစိုးစံဝင်း ပါလာသည်၊ ကျွန်တော်တို့က ညအိပ်မှာဆိုတော့ ကိုစိုးစံဝင်း ပြန်သွား၏။ ကိုမြင့်မိုးအောင်တို့ အခန်းကို ရောက်တော့ ဝင်သောင်းကျန်းကြသည်။ Oasis က ပါလာသည့် လက်ကျန်ပုလင်းကို ရှင်းကြသည်။ ကျွန်တော်တို့ အတွက် အခန်းကို ကိုဇော်သစ်က ယူပေးသည်။ သူရော ကျွန်တော့်မှာပါ မှတ်ပုံတင် မပါသဖြင့် ပထမ အခန်းမရသလို ဖြစ်နေသေးသည်။

အခန်းထဲရောက်တော့ အင်္ကျီကိုချွတ်ကာ သူက ကုတင်ပေါ် အားရပါးရ ပစ်လှဲကာ ငြိမ်နေသည်။ ကျွန်တော် သူ့ကိုကြည့်သည်။ သူတော်တော် ပိန်သွားသည်ဆိုတာ သတိပြုမိ၏။ ခဏနေတော့ ကိုဇော်သစ်က ဘလက်လေဘယ် ပုလင်းအသေးတစ်လုံး လာပေးသည်။

ကျွန်တော် တော်တော် များနေသဖြင့် မသောက်ချင်တော့…။ သူက ဖန်ခွက် ၂ခွက် ထည့်သည်။

"ရေချိုးလိုက်ဗျာ၊ ရေချိုးပြီးမှ သောက် လန်းသွားတာပေါ့"



http://mmteashop.com

ကျွန်တော့်ကိုပြောရင်း သူက အင်္ကျီကို အရင်ချွတ်ကာ ရေဝင်ချိုးသည်။ ရေချိုးခန်းထဲက ထွက်လာတော့ သူဘာမှ ဝတ်မထား။ သူ့တစ်ကိုယ်လုံး အချိုးအစားကျကျကို ပိန်နေသည်ကို တွေ့ရ၏။ ကျွန်တော် ရေချိုးပြီး ထွက်လာတော့ သူက သောက်နေပြီ။

ထမင်းကို ထောပတ်ပြောင်းဖူးနှင့် ကြော်ထားသော စားစရာလည်း ရောက်နေပြီ။ ကျွန်တော် ထမင်းကို အရင်စားသည်၊ ဆာလည်းဆာနေသောကြောင့် ဖြစ်၏။ ကျွန်တော် ထမင်းကြော် တစ်ပွဲကုန်သည်။ သူကတော့ လေးငါးဖွန်းလောက်သာ စားသည်။

"ဟေ့လူ ... ကိုငှက် ခင်ဗျား အစာကလေး ဘာကလေးတော့ စားဦးဗျာ... တစ်နေ့လုံး ဘာမှလည်း စားတာ မတွေ့ဘူး၊ ဒီထမင်းကြော်တော့ ကုန်အောင်စားပါဗျ၊ ခင်ဗျား တော်တော်ပိန်နေပြီ"

"စားကို မစားချင်တာဗျ၊ ဒီလောက်စားတာပဲ လွန်လှပြီ၊ အေးဗျ ခင်ဗျားက ကျွန်တော့်ထက်တော့ လက်မောင်းသားတွေ ဘာတွေရှိသားပဲ၊ ခင်ဗျားနဲ့ ကျွန်တော် လက်မောင်းလဲ ရအောင်ဗျာ"

"ဟာ . . . ခင်ဗျားနဲ့လဲ့ရင် ကျွန်တော်ရှုံးမှာပေါ့"

"ဘာလို့ရှုံးရမှာလဲဗျ၊ ကဲ ခင်ဗျားနဲ့ ကျွန်တော် လက်မောင်းချင်းပဲ ယှဉ်ကြည့်ဦး.."

သူက ကျွန်တော့် လက်မောင်းနားကို သူ့လက်မောင်း ကပ်ကာပြ၏။ ဟုတ်သည်။ သူ့လက်မောင်းက ကျွန်တော့်လက်မောင်းထက် ပိန်သည်။ ဒါပေမယ့် အရိုးအဆစ်ကြီးသည်။ ကျွန်တော့် လက်ဖျံက သူ့တစ်ဝက်တောင် မရှိချင် . . . သူက ဆိုဖာပေါ်မှာ တံတောင်ကို ထောက်ကာ Ready ဖြစ်နေပြီ။ ငြင်းမရသည့် အဆုံး သူ့ကို ဘယ်လိုရနိုင်မလဲဟု စဉ်းစားရသည်။ သူ့လက်မောင်းက ကျွန်တော့်ထက် ရှည်သည်။ ဆုံတိုသော လက်မောင်းသည် လဲ့ရခက်ကြောင်း ကျွန်တော်သိသည်။

ဒါနဲ့ သူနှင့်ကျွန်တော် ပထမအကြိမ်လဲ့သည်။ ဘယ်ဘက်လက်ကို နောက်ပစ်ထားရပြီး ခါးအားမပါကြေးဟု သူက စည်းကမ်းသတ်မှတ်သည်။

ပွဲစတော့ ကျွန်တော့် စိတ်ကူးအတိုင်း အားနှင့်ဖိသည်ကို ကျွန်တော် တောင့်ကာထား၏။ တစ်မိနစ်နီးပါးပဲ တောင့်ခံနိုင်ပါသည်။ ပြီးတော့ ကျွန်တော်ရှုံးသည်။



http://mmteashop.com

"ခင်ဗျား မဆိုးဘူးဗျ၊ ကျန်တဲ့သူတွေ ဒီလောက်တောင့် မခံနိုင်ဘူး၊ နောက်တစ်ပွဲဗျာ"

"တော်ပါပြီဗျာ . . . မရပါဘူး"

"ဘာလို့ မရရမှာလဲ၊ ဒီမှာကြည့်ပါဦး ကျွန်တော့် လက်မောင်းက ဘယ်လောက်ရှိလို့လဲ၊ လာပါဗျာ၊ ခင်ဗျားကို လက်လှဲနည်း ပြောပြမယ်ဗျာ၊ ဟောဒီပခုံးဆုံကို ခိုင်အောင်တောင့်ထား အားကို လက်ဖျံမှာထည့် . . .လာ"

ကျွန်တော် သူငှဲ့ထားသော အရက်ကို တစ်ရှိန်ထိုး မော့ပစ်လိုက်သည်။ ဒုတိယအကြိမ် လှဲကြသည်။ ကျွန်တော် အားရှိသမျှ တောင့်ကာထား၏။ ကျွန်တော့် တစ်ကိုယ်လုံး တုန်နေသည်။ Aircon ခန်းထဲမှာ ချွေးစို့ကာလာ၏။ သူက ဖိနေရာမှ နည်းနည်း လျှော့ပေးသည်။ ကျွန်တော် ပြန်တက်လာသည်။ သူ့ကိုဖိချသည်၊ သူက တစ်ဝက်လောက်အထိ အဖိခံပြီး ပြန်ဆွဲသည်။ ကျွန်တော်ပြန်တောင့်ထားရ၏။ သူက ကျွန်တော့်ကို လဲအောင်မလှဲ၊ ကျွန်တော်ကလည်း အားကုန်တောင့်ကာ ထားရသည်။

ထိုပွဲကို သူက သရေဟု သတ်မှတ်သည်။ ပြီးတော့ နောက်တစ်ပွဲတဲ့။

ကျွန်တော် လက်မောင်းကြွက်သားတွေ ချက်ချင်း တောင့်ကာလာသည်။ ကျွန်တော် နိပ်ကာ ဖြေပေးရ၏။

"ကျွန်တော် လက်လှဲတာများပြီဗျ၊ ရှုံးပွဲမရှိဘူး၊ ကျွန်တော့်ထက် ၂ဆလောက် လက်မောင်းကြီးတဲ့ သူတွေကိုလည်း နိုင်ဘူးတယ်၊ ဒီအားပဲဗျ"

သူက လက်သီးကိုဆုပ်ကာ လက်ဖျံကိုကွေးပြသည်။

"ကရင် စားပွဲထိုးလေး တစ်ယောက်ကိုတော့ ကျွန်တော်ရှုံးဖူးတယ်ဗျ၊ ဒီကောင် တော်တော်သန်တာ . . . ကဲ နောက်တစ်ပွဲ Ready"

ကျွန်တော် နောက်တစ်ခွက် သောက်ကာ စိတ်ကိုးတင်းလိုက်သည်။ သူ့ကိုနိုင်သူမှ သူက ရပ်မယ့်သဘောမှာ ရှိသည်။ လှဲကြပြန်သည်။ ကျွန်တော်ပဲရှုံးသည်။

"ခင်ဗျားက အားလျှော့လိုက်တာကိုးဗျ ... ဖိထားတဲ့သူ အားကုန်တဲ့ အချိန်မှာ ခင်ဗျားက ပြန်စီးရမှာ၊ ကျွန်တော် ဒီလောက်အထိ လှဲထားပေးမယ်ဗျာ ခင်ဗျားက စဖိ"



http://mmteashop.com

ဒီလိုနှင့် လှဲကြပြန်သည်။ ကျွန်တော်ပဲရှုံးသည်။

"ခင်ဗျားကို တစ်မောင်းကြောပေးမယ်ဗျာ"

တစ်မောင်းကြော ဆိုတော့ ကျွန်တော်လည်း မခံချင်ဖြစ်ကာ လှဲသည်။ ခုနက တုန်းကလောက် မြန်မြန်ဆန်ဆန် မရှုံးသော်လည်း နောက်ဆုံးတော့ ရှုံးပါသည်။ သူသည် ကျွန်တော်ရှုံးသည်ကို မကျေမနပ် ဖြစ်နေသည်။ ဒီလိုလှဲ ဟိုလိုအားယူ စသည်ဖြင့် လှဲနည်းတွေကို သင်ပေးကာ ထပ်လှဲကြပြန်သည်။ ဘယ်နှစ်ကြိမ်လှဲမိမှန်း မသိ၊ ကျွန်တော့် ညာဘက်လက်က လက်မောင်းသားတွေ ပူကျွမ်းကာ အောင့်တက်လာသည်။ လက်ကို အောက်သို့ ချလိုက်လျှင် လက်က အောက်ကို မကျတော့ ကော့တက်နေသည်။ ကြွက်သားတွေ နာနေပြီ။

ဒီတော့ သူက ဘယ်ဘယ်ချင်း လှဲမည်တဲ့။ ဘယ် ၂ ခါလှဲသည်။ ကျွန်တော် ရှုံးသည်။

"ကျွန်တော့် ဘယ်ဘက်လက်က ပခုံးဆစ်ရိုး ပြုတ်ထားတာပါဗျ နိုင်ပါတယ် လှဲစမ်းပါ"

သူ့ပုံစံက ကျွန်တော့်ကို သူနိုင်သည့် အပေါ်မှာ သာယာချင်တာ မဟုတ် သူ့ကို ကျွန်တော်က နိုင်တယ် ဆိုတာပေါ်မှာသာ သာယာချင်ပုံရသည်။ မလှဲတော့ပါဘူး ဆိုတော့ ကျွန်တော့်ကို အမျိုးအမျိုး အားပေးကာ လှဲခိုင်း၏။ နောက်ဆုံး လက်တွေမခံနိုင်ကြကာ ခြေသလုံးလှဲမည်...။

ဘောင်းဘီတွေ ချွတ်ကာ ခြေသလုံးချင်း ထောင်ကာ လှဲကြသည်။ အရိုနှင့်ကြိတ်သည့် ဒဏ်ကို ကျွန်တော်မခံနိုင်၊ ရှုံးပါသည်။

"တော်ပြီ ကိုငှက်ရာ ကျွန်တော့် တစ်ကိုယ်လုံး နာနေပြီဗျ၊ မနိုင်ပါဘူးဗျာ"

"ခင်ဗျားက နည်းမသိလို့ဗျ ခြေသလုံးလှဲရင် နောက်ကို လှန်ထောက်ထားတဲ့ လက်နှစ်ဖက်မှာ အားမထည့်ရဘူး၊ ခါးမှာ အားထည့်ရတာ၊ လာစမ်းပါဗျ..."



http://mmteashop.com

သူက မြူဆွယ်ပြန်သည်။ ကျွန်တော်ကတော့ ခြေထောက်ကို မထုတ်တော့၊ ထိုအချိန်တွင် တံခါးခေါက်သံ ကြားရ၏။ ဖွင့်ပေးတော့ ကျွန်တော်တို့နှင့် မသိသော လူနှစ်ယောက်၊ သူတို့ကိုယ်သူတို့ မိတ်ဆက်ကြသည်။ ဦးလေးနှင့်တူဖြစ်၏။

"ကျွန်တော့်တူက အဆို အရမ်းဝါသနာပါပါတယ်၊ အခု ရန်ကုန်ကို လာတာလည်း အဲဒီကိစ္စနဲ့ လာတာပါ၊ ဒီကောင်က ဆရာ့ကို တွေ့လိုက်ရလို့ အောက်မှာ အခန်းနံပါတ် ဆင်းမေးပြီး မိတ်ဆက်တာပါ၊ ဖြစ်နိုင်ရင်တော့ ဆရာရယ် အပေါ်ထပ်က Karaoke ခန်းမှာ ကျွန်တော့် တူကလေး ဆိုတာကို လိုက်နားထောင်ပေးပြီး လိုတာကို ဆုံးမပေးပါဦး ဆရာရယ် . . . "

တောင်းတောင်းပန်ပန် ရိုရိုကျိုးကျိုး ဖိတ်ခေါ်သဖြင့် သူစဉ်းစားရ ကြပ်နေဟန် တူပါသည်။ ကျွန်တော်ကတော့ ဝမ်းသာနေ၏။

"ခဏနေရင် လာခဲ့ပါ့မယ်ဗျာ"

"ကျေးဇူး အရမ်းတင်ပါတယ် ဆရာ၊ ဆရာနဲ့ တွေ့ရခဲလို့ပါ၊ ကျွန်တော်တို့ စောင့်နေပါ့မယ် ဆရာ . . ."

သူ တံခါးပိတ်ပြီး ခုတင်ပေါ်မှာ ထိုင်သည်။ ဘာကို အတွေး ရောက်သွား ပြန်သည်မသိ။ စီးကရက်တစ်လိပ် သောက်ကာ စဉ်းစားနေသည်။ ဆယ်မိနစ်လောက် ကြာမှ ခင်ဗျားပါ လိုက်ခဲ့ဗျာ .... ဟုခေါ်ကာ အခန်းတံခါးကို ဖွင့်သည်။ ဟိုတူဝရီး နှစ်ယောက်က အခန်းတံခါးဝမှ စောင့်နေကြခြင်း ဖြစ်၏။

အခန်းရောက်တော့ သူက စက်ကို ချိန်သည်။ စိတ်တိုင်းကျဟန် မတူပါ။ ပြီးတော့ ကောင်လေးကို မင်းအပိုင်ဆုံး သီချင်းတစ်ပုဒ် ဆိုကွာဟု ပြောသည်။ သူ့ဦးလေးက မင်းဆိုနေကျ ဟိုသီချင်း ဆိုပြလိုက် ဟုဆိုသည်။ ကောင်လေးက အဲဒီသီချင်းကို မဆိုချင်၊ တခြားတစ်ပုဒ်ကို ဆိုပြ၏။ သူသေသေချာချာ နားထောင်ပါသည်။ ပြီးတော့ ကောင်လေးကို လိုအပ်တာတွေ ပြောပြသည်။

"သီချင်းဆိုရင် အသက်ရှူရပ်ထားရတယ်၊ ဒီတော့ ဘယ်နေရာမှာ ဆိုနေရင်းနဲ့ အသက် ခိုးရှူရမလဲဆိုတာ သိရမယ်၊ Solo ဝင်တဲ့ အခါမှာလည်း အသက်ကို ပုံမှန်ပဲ



http://mmteashop.com

ရှုံ့ရမယ်၊ အတင်းရှုံ့တာတို့ အောင့်ထားတာတို့ ဖြစ်နေရင် နောက်အပိုဒ် စဝင်တော့ key လွဲသွားတတ်တယ်၊ နောက်ပြီး မင်းကြိုက်တဲ့ အဆိုတော်အသံနဲ့ တူအောင် ဘယ်တော့မှ လိုက်မဆိုနဲ့၊ အဲဒါ ကိုယ့်အသံ ပျက်ကရော၊ ကိုယ့်အသံနဲ့ကိုယ် ဆိုဖို့ပဲ ကြိုးစား၊ ဒီ့အပြင် ကျယ်ပြန့်တာတွေ အများကြီး ရှိသေးတယ်၊ တစ်ထိုင်တည်း ပြောလို့ ဘယ်လိုမှ မရဘူး"

ကျွန်တော်ကတော့ နာနေသော လက်မောင်းကြွက်သားတွေကို ပွတ်ပေး နေရသည်။ ပရုပ်ဆီရှိရင် ကောင်းမှာပဲဟု တွေးမိသည်။

ကောင်းလေးတွေက ငါးကြင်းမြီးကြော်နှင့် Tiger ဘီယာတွေ မှာထားသည်။ သူ့ကိုလည်း ဆိုဖို့ပြောတော့ သူ အခြားအဆိုတော်၏ သီချင်းနှစ်ပုဒ်ကို Mic မပါပဲ ဒီအတိုင်း ဆိုပြသည်။ အစ်ကို့သီချင်း ဆိုပြပါဦး ဆိုပြီး ကောင်လေးက ရွေးထည့်ပေးသည့် 'အဓိပတိလမ်းက ခြေရာများ' ကို သူဆိုသည်။ သို့သော် ထုံးစံအတိုင်း အခွေထဲမှာ ဆိုထားသည့် အဆွဲအငင်နှင့် ကွဲအောင် ဆိုပြသွား၏။ တစ်မျိုး နားထောင်၍ ကောင်းပါသည်။ နောက် ကောင်လေးကို တစ်ပုဒ်ဆိုခိုင်းကာ ကျွန်တော်တို့ ပြန်ဖို့ ပြောရသည်။ အလုပ်ရှိသေးကြောင်း ညာရသည်။ သူတို့ အတင်းပေးလိုက်သော ဘီယာတစ်ယောက် တစ်ပုလင်း ကိုင်ကာအထွက်မှာ ကိုဇေယျာလင်းတို့နှင့် သွားဆုံသည်။

Central ခေါင်မိုးပေါ် တက်ပြီး ဘီယာသောက်ကာ သူက ကိုဇေယျာလင်းကို အင်္ဂလိပ်လို ပြောသည်။ ဟိုကလည်း ပြန်ပြော၏။ ကျွန်တော်လည်း မူးမူးနှင့် ဝင်ကာပြောသည်။ ကိုဇေယျာလင်းတို့ကလည်း ဘာပြောကောင်းမလဲ၊ မူးနေပြီ။

နောက်ဆုံး ကျွန်တော်တို့ထက် ဆိုးတဲ့သူနှင့်တွေ့တော့ ထွက်ပြေးဖို့ ကြိုးစားသည်၊ မရ။ ကိုဇေယျာလင်းက love bite ဆိုကာ ကျွန်တော့်ကို လိုက်ကိုက်သည်။ ကိုမြင့်မိုးအောင်တို့ အခန်းထဲ ဝင်ကာပြေးရ၏။ သူတို့လည်း မအိပ်ကြသေး၊ ဂစ်တာတစ်လုံးနှင့် အလုပ်ရှုပ်နေကြသည်။ သူတို့အခန်း ဝရုန်းသုန်းကား ဖြစ်သွား၏။ ကျွန်တော်ကပြေး၊ ကိုဇေယျာလင်းက မိအောင်ဖမ်းကာ ရအောင်ကိုက်သည်ကို သူသဘောကျကာ အားရပါးရ ရယ်နေသည်။

မနက်လေးနာရီထိုးမှ ကျွန်တော်တို့ အိပ်ရသည်။



http://mmteashop.com

မနက်ရှစ်ခွဲလောက်မှာ သူကကျွန်တော့်ကို နှိုးသည်။ "ကျွန်တော် ခေါင်းတွေ အရမ်းကိုက်နေတယ်ဗျာ၊ အိပ်ဦးမယ်"

"ဟာ အိပ်ရင် ခေါင်းကို သွေးရောက်ပြီး ပိုကိုက်တာပေါ့ဗျ၊ ရေချိုးလိုက်ဗျာ၊ ကျွန်တော့်မှာ ခေါင်းကိုက်ပျောက်ဆေးရှိတယ်၊ ထ ထ"

ကျွန်တော် ရေချိုးတော့ လက်မောင်းက လှုပ်လို့မရအောင် နာနေသည်။ ဆပ်ပြာကို ဘယ်ဘက်လက်နှင့် တိုက်ရ၏။ ပြီးတော့ ဘရိတ်ဖတ်စ် စားရန် အောက်ထပ် အခန်းသို့ ဆင်းသည်။ သူက ဘလက်ကော်ဖီ နှစ်ခွက်မှာကာ ညက ကျန်သော Black Label လက်လေးလုံးလောက်ကို အညီအမျှ ခွဲကာထည့်ပေးသည်။

"အဲဒါ ခေါင်းကိုက်ပျောက်ဆေးပဲ "

သောက်ပြီး ခဏကြာတော့ ခေါင်းက သက်သာသွားသည်။ လက်မောင်း တစ်ခုလုံးကတော့ တောင့်တင်းကာ အောင့်နေသည်။ သူက ဘလက်ကော်ဖီနောက်ထပ် ထပ်မှာကာ Black Label နှစ်ပက်စီ မှာပြန်သည်။ သူကိုယ်တိုင် စပ်ကာပေး၏။ စကားပြောရင်း ဘယ်လိုက ဘယ်စကားကို ရောက်သွားသည်မသိ၊ ရှမ်းသိုင်းအကဆီကို ရောက်သွားသည်။ သူက ထိုင်နေရာမှထကာ ရှမ်းသိုင်း ကပြသည်။ က,ရင်းနှင့် သူ့ကော်ဖီခါက် လက်နှင့်ထိကာ မှောက်သွားသည်။ ကျွန်တော်က ကျွန်တော့်ဖုန်းကို ကမန်းကတမ်း ကောက်ရွှေ့ရသည်။

"ဘာလဲ ကိုရဲဝင်း ခင်ဗျားဖုန်း ရေစိုသွားမှာ ကြောက်လို့လား ! "

"မဟုတ်ပါဘူး"

"မဟုတ်ရင် ဘာဖြစ်လို့ ရွှေ့ရတာလည်း မညာပါနဲ့ဗျာ ... "

"မဟုတ်ပါဘူးဗျာ၊ စိုတော့လည်း ဘာဖြစ်တာမှတ်လို့ "

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျား ဒီဖုန်းလေးကို တော်တော်မြတ်နိုးနေတယ် မဟုတ်လား"



http://mmteashop.com

ထိုအချိန်မှာ ကျွန်တော် ဘာကို ဒေါသဖြစ်သွားသည်မသိ၊ ကျွန်တော့်ဖုန်းကို ကောက်ယူကာ ရှေ့က ကော်ဖီခွက်ထဲ ပစ်ချလိုက်သည်။ ဒီတော့မှ သူလန့်ကာ ဖုန်းကို ကမန်းကတမ်း ဆယ်သည်။ သူ့အင်္ကျီနှင့်သုတ်ကာ အာငွေ့ပေးသည်။

"ခင်ဗျားက ဘယ်လို လုပ်လိုက်တာလဲဗျ" ဟုမေးသည်။ Power ဖွင့်ကြည့်တော့ လာသည်။ ပြီးတော့ ပြန်ကျသွားသည်။ သူ စားပွဲထိုးကလေးတွေဆီမှာ Hair Dryer လိုက်ငှားသည်။ မရှိ၊ သူ အာငွေ့ပေးရင်း ပြတင်းပေါက်ပေါင်က နေရောင်မှာ ခဏလှန်းသည်။ ကျွန်တော်ကတော့ ဘာမှမလုပ်၊ ငုတ်တုတ် ထိုင်ကြည့်နေသည်။ ရှေ့က ဘလက်ကော်ဖီကို တစ်ကျိုက်တည်း သောက်ပစ်လိုက်သည်။ သူက တဖျစ် တောက်တောက်နှင့် ဖုန်းကို ပြင်နေသည်။

နေရောင်ကြောင့် ဖုန်းပူသွားတော့ Power ပြန်ဝင်လာသည်။

"ခင်ဗျားကလည်း လူတစ်မျိုးပဲ၊ တော်သေးတာပေါ့ဗျာ၊ Power ဝင်ပြီဗျ"

သူက ဖုန်းကိုပြန်ပေးသည်။ ခဏနေတော့ ဖုန်းသံမြည်လာသည်။ ကိုင်တော့ အိမ်ကဇနီး အီတွန့်ပွမ် ဖြစ်နေ၏။

"တစ်ညလုံး ဘယ်လျှောက် သွားနေတာလဲ" ဟူသော လေသံမာမာနဲ့ စကားလုံး တွေကို ကြားရသည်။ "ကိုငှက်နဲ့ Hotel မှာအိပ်တာ၊ ရော့ ကိုငှက်နဲ့ ပြောလိုက်"

"အေး ညီမလေး ကိုရဲဝင်းက ကိုယ်နဲ့ဒီမှာ တစ်ညအိပ်တာပါကွာ၊ ကိုယ်က ဆွဲထားလို့ အေးအေး ခုပြန်လာမှာ၊ စိတ်ဆိုးမနေနဲ့"

သူက ဖုန်းပြန်ပေးရင်း "တော်သေးတာပေါ့ဗျာ၊ ဖုန်းကောင်းသွားလို့" ဟု ဆိုသည်။ ကျွန်တော့်ကို အိမ်လိုက်ပို့ပြီး အီတွန့်ပွမ်ကို ဝင်ပြောသည်။ ဒီတော့မှ အီတွန့်ပွမ်မှာ ကိုယ်ဝန်ကြီးနဲ့မှန်း သူတွေ့ရ၏။

"ကိုရဲဝင်း အစက ဘာလို့ မပြောတာလဲဗျာ၊ ဒီလိုဆို ကျွန်တော်လည်း မဆွဲထားပါဘူး၊ ညီမလေး Sorry နော်..."

အီတွန့်ပွမ် နှုတ်ခမ်း နည်းနည်းလန်ကာ သွား၏။ ထမင်းစားသွားဖို့ ကိုငှက်ကို ခေါ်သည်။ ကိုငှက်က ဘယ်စားမတုံး၊ ပြေးလေသည်။ ကျွန်တော်လည်း ဝင်အိပ်လိုက်၏။



http://mmteashop.com

အိပ်ရာကနိုးတော့ လက်မောင်းက အောင့်ရုံမဟုတ်၊ ယောင်ကိုင်းကာ တဆစ်ဆစ် နာနေသည်။ မတ်တပ်ရပ်လျှင် နာနေသည်။ လက်ကို အောက်ချထားလျှင် အောင့်ကာနေ၏။ အီတွန်နုပ္ပမ်က ဘာဖြစ်တာလဲဟု မသက်ာသလို မေးသည်။

ကိုငှက်နဲ့ လက်လှဲလာတာ ... ဟုပြောတော့ ယုံချင်ပုံမပေါ်။ "မဖြစ်နိုင်ဘူး၊ ကိုငှက်နဲ့ ဘာမှ လက်လှဲစရာ မလိုဘူး၊ ကိုငှက် ဘာမှ မဖြစ်ဘူး" ဟုဆိုသည်။ ယောင်ကိုင်းနေသော လက်မှာ ပရုပ်ဆီလိမ်းသည့် ဒဏ်ကို တောင်မခံနိုင်၊ နာလှသည်။ အီတွန်နုပ္ပမ်က ဆေးလိမ်းပေးရင်း ဘယ်ဘက်မောင်းက ကိုဇေယျာလင်း ကိုက်ထားသော ဒဏ်ရာများကို ပါတွေ့သောအခါ မသက်ာမှု ပိုကြီးကာလာသည်။

"မဟုတ်တော့ဘူး၊ ဒါ တစ်ခုခုတော့ တစ်ခုခုပဲ၊ လက်မောင်းလှဲတာ မဖြစ်နိုင်ဘူး၊ ဒီကိုက်ရာတွေကရော . .. "

"ကိုဇေယျာလင်း ကိုက်တာ"

သို့သော် အီတွန်နုပ္ပမ်က မယုံတော့ သူ့ကို ကိုယ်ဝန်ကြီးနှင့် ထားခဲ့ကာ ကျွန်တော် မဟုတ်ကဟုတ်က တစ်ခုခုလုပ်လာပြီဟု သူတွက်ကာ မျက်ရည်ကျသည်။ ကျွန်တော်လည်း အိပ်ရေးမဝ၊ ခေါင်းတွေကကိုက်၊ လက်မောင်းက နာနေသဖြင့် ရှင်းမနေတော့ပဲ အိပ်ပစ်လိုက်သည်။

သုံးနာရီထိုးတော့ ဖုန်းက အသံမြည်လာသည်။ စိတ်ကောက်နေသော မိန်းမက မကိုင်၊ ကျွန်တော်ကိုင်တော့ မသွယ်အသံ ဖြစ်နေသည်။

"ရှင်တို့ ညက ဘာတွေလုပ်ကြတာတုံး "

မသွယ်အသံကြောင့် ကျွန်တော် နည်းနည်းလန့်ကာသွား၏။ သူလည်း ပြဿနာ တက်နေပြီလား။

"ဘာဖြစ်လို့လဲ မသွယ်"

"ဒီမှာ ... ကိုလေးလေ လက်မောင်းတွေနာလို့တဲ့ လှုပ်တောင်မလှုပ်နိုင်ဘူး၊ ရှင်တို့ ညက လက်လှဲကြတယ်ဆို ..."

"ဟုတ်တယ် မသွယ်၊ ကျွန်တော်လည်း လက်တွေယောင်ပြီး ကိုက်နေတယ်"



http://mmteashop.com

"အံ့ဩပါ့တော်၊ ဒီမှာ ကိုလေးကို ဆူနေတာ၊ ကိုရဲဝင်းလို ဗလမျိုးကိုများ ရှင်သွားလုံရတယ် ဆိုတော့၊ ကိုရဲဝင်း ရှုံးတာကို မကျေနပ်လို့ လုံရင်းနဲ့ ပွဲများသွားတာတဲ့၊ အဓိပ္ပာယ် မရှိတာကို သိပ်လုပ်တာပဲ"

ပြောပြီး မသွယ်ရ အားရပါးရ ရယ်သည်။ ကျွန်တော် အကွက်ရနေတုန်း မိန်းမကို ဖုန်းပေးလိုက်၏။

"မယုံရင် မသွယ်ပြောနေတယ်၊ မင်းမေးကြည့်၊ သူလည်း မထနိုင်ဘူးတဲ့"

မသွယ်နှင့် အီတွန့်ပွမ် စကားပြောကြသည်။ ဒီမှာ ဘယ်လောက် ယောင်နေကြောင်း၊ ဟိုမှာ ဘယ်လောက် ယောင်နေကြောင်း ပြောကြ၏။ အရေးထဲ လက်မောင်း အယောင်ပြိုင်နေကြသေး၏။

"မူးမူးရူးရူးနဲ့ လုံတာနေမှာပေါ့" ဟု အီတွန့်ပွမ်က မှတ်ချက်ချသည်။ မသွယ် ဘာပြန်ပြောလဲတော့ မသိ။ အီတွန့်ပွမ်က "ကိုငှက်ရှိလား အစ်မ၊ မေးစရာတစ်ခု ရှိလို့" ဟု ဆိုသည်။

ကိုငှက်ဖုန်းကိုင်တော့ လက်မောင်းက ကိုက်ရာကို မေးသည်။ ကိုငှက်က ဇေယျာလင်း ကိုက်တာဟု ဖြေလိုက်ပုံရ၏။

"ဒါပေါ့ လက်မောင်းကြီးကလည်း ယောင်လာ၊ ကိုက်ရာကလည်း ပါလာတော့ ဘယ်ယုံပါ့မလဲ"

ကိုငှက်၏ ရယ်သံကို ဖုန်းခွက်ထဲက လွင့်ထွက်လာတာကို ကြားရ၏။ ကျွန်တော် သုံးရက်လောက် လက်မောင်းနာတာကို ခံစားလိုက်ရ၏။ နောက်မှ ကိုငှက်မူးလာလျှင် ဒါမှမဟုတ် သူ့ကို ကျန်းမာရေးဂရုစိုက်ဖို့ ပြောလျှင် လက်မောင်း အမြဲလုံတတ်ကြောင်း သိရသည်။

အမှန်မှာ သူ့ကျန်းမာရေးက ထိုစဉ်ကတည်းက မကောင်းတော့ပါ။ သူကိုယ်တိုင် လည်း သိပါသည်။ သို့သော် သူ့ကျန်းမာရေး ကောင်းကြောင်း၊ အားရှိသေးကြောင်းကို လက်မောင်းလုံကာ အနိုင်ယူခြင်းဖြင့် သူ့ကိုယ်သူ ပြန်ညာထားဟန် တူပါသည်။ ဒုတိယ လက်မောင်း လုံပွဲက ရွှေပန်းဆိုင်း စာသောက်ဆိုင်မှာ ဖြစ်သည်။ ညနေခြောက်နာရီ



http://mmteashop.com

လောက်မှာ ကိုမိုက် ဖုန်းဝင်လာသည်။ သူတို့ ရွှေပန်းဆိုင်မှာ ရှိကြောင်း၊ ကိုငှက်လည်း ရောက်နေကြောင်း ပြောသသည်။ ကိုငှက်က "ဟေ့လူ လာခဲ့လေဗျာ" ဆိုတာနှင့် ကျွန်တော်ထွက်ခဲ့သည်။

ကျွန်တော် ရောက်သွားတော့ သူတို့ဝိုင်းက ကောင်းနေပြီ။

သူက " ကိုရဲဝင်း လက်မောင်း ဘယ်လိုလဲ" ဟုမေးသည်။

"သက်သာသွားပါပြီ"

ကိုမိုက်က ဘာဖြစ်လို့လဲ ဆိုတော့ သူကရှင်းပြသည်။ တစ်ဆက်တည်း သူလက်မောင်းလုံတာ တစ်ယောက်ပဲ ရှုံးဖူးကြောင်း ထုံးစံအတိုင်း ဆက်ပြောသည်။ နောက်ဆုံး ကိုမိုက်နှင့် လက်မောင်းလုံမည် ဖြစ်သွားသည်။ ကျွန်တော် အသာ မသိချင်ယောင် ဆောင်နေ၍လည်း မရ၊ ကျွန်တော့်ကိုပါ ဆွဲထည့်သည်။ သုံးယောက် ပတ်လည် ပြိုင်ကြမည်။

လူအားနေသော ခုံမှာ ကျွန်တော်တို့ သုံးယောက် ထိုင်ကြသည်။ ကြေးက ရှုံးတဲ့သူ ဘယ်ခေါ်ခေါ်လိုက်ဖို့ မငြင်းကြေး။ ဒီည ကျွန်တော် အိမ်ပြန်ဖို့ လမ်းမမြင်တော့ ဆိုတာ ကြိုသိသည်။

ပထမ ကျွန်တော်နှင့်သူ လုံသည်။ ယခင်ကထက် တော်တော် တောင့်ခံနိုင်တာပဲ ရှိသည်။ ကျွန်တော်ရှုံး၏။ ဒုတိယ ကိုမိုက်နှင့် ကျွန်တော်လုံသည်။ ခဏပဲ တောင့်ထား နိုင်သည်၊ ရှုံးသည်။ ရွှေပန်းဆိုင်းက စားသောက်နေသူတွေက ကျွန်တော်တို့ကို အထူးအဆန်း ငေးနေကြသည်။

ကိုမိုက်နှင့်သူ လုံတော့ သူတစ်ပြန် ကိုယ်တစ်ပြန်ရှိသည်။ အချိန်နည်းနည်း ကြာ၏။ နောက် သူရှုံးလေသည်။ သူသိပ်ကျေနပ်ပုံမရ။ ကိုမိုက်ကို ဆက်လုံချင်နေ သေးသည်။ သို့သော် ကိုမိုက်က ပွဲမစမီက ကတိစကား အတိုင်း ပွဲကိုရပ်လိုက်သည်။

ထိုနေ့က မိုးစင်စင်လင်းမှ အိမ်ကိုပြန်ရောက်သည်။



http://mmteashop.com

သူကိုယ်တိုင် အိမ်ကို လိုက်ပို့ပေးပါသည်။ အိမ်ရောက်တော့ အိပ်ရာက နိုးကာစ ခြောက်လသား ကျွန်တော့် ငတိက ကားပေါ်က ဆင်းလာသော ကျွန်တော့်ကို တွေ့သဖြင့် ကားစီးမည်ဆိုကာ ငိုသည်။

သူက စီးပါစေဗျာ .... ဟုဆိုကာ ကျွန်တော်နှင့် သားကိုတင်ကာ ကားတစ်ပါတ် မောင်းပေးသည်။ ကျွန်တော့်သားကို သူ့ရင်ခွင်ထဲ ထည့်ကာ မောင်းခြင်းဖြစ်၏။ သူပြန်တော့ အိမ်ကငတိ ငိုကာ ကျန်ခဲ့သည်။

ထိုဖြစ်ရပ်မှ သူနှင့်ကျွန်တော် နစ်ကြိမ် လက်မောင်း လှဲခဲ့ဖူးသော အမှတ်တရ ဖြစ်ရပ် ဖြစ်သည်။

အခုတော့ ကျွန်တော် ခင်မင်ရပါသော သူငယ်ချင်းသည် ဇရာနှင့် လက်မောင်း လှဲရာ စောစောစီးစီး ရှုံးသွားခဲ့သည်။

## Mr.Guiter

"Mr.Guiter ကတော့ ကျွန်တော့် လေ့ကျင့်ရေးကွင်းကြီးပဲဗျ"

သူက ကျွန်တော့်ကို ရယ်ရယ်မောမော ပြောသည်။ သူနှင့် ကျွန်တော် ကိုယ်ပိုင် အဆက်အသွယ် Hand Phone ရပြီးကတည်းက ကျွန်တော်တို့ အများဆုံး ဆုံသော Mr.Guiter သာဖြစ်သည်။ ကျွန်တော်နှင့် သူသည် Mr.Guiter ရောက်လျှင် ဘီယာ တစ်ယောက် တစ်လုံးစီဆွဲကာ Mr.Guiter သီချင်းစင်ဘယ်ဘက်က ခုံမှာထိုင်ကြသည်။ ထိုင်ခုံမှာ Mr.Guiter ၏ ပင်တိုင်အဆိုရှင် ကောင်မလေးများ အလှည့်ကျ နားသော နေရာဖြစ်သည်။ သို့သော် ကိစ္စမရှိ၊ သူတို့နှင့်ကျွန်တော်တို့က ရင်းနှီးနေပြီ။

Mr.Guiter က တီးဝိုင်း ခဏနားချိန်တွင် ကျွန်တော်တို့ စကားပြောကြသည်။ ဘေ့စ်တီးသည့် ကိုညီညီကို သူက Bass Theory သင်ပေး တတ်သည်။ တစ်ခါတစ်ရံ စင်ပေါ်က ဆိုနေသော သီချင်းကို ထိုထိုင်ခုံမှ ပလွေဖြင့် လိုက်မှုတ်ချင် မှုတ်ပေး နေတတ်သည်။



http://mmteashop.com

တချို့ညတွေမှာ ဆိုင်သိမ်းသည်အထိ စကားပြောကောင်းနေ သဖြင့် မပြန်ကြတော့ဘဲ ဆိုင်မှာပဲ အိပ်လိုက်သည့် ညတွေလဲ ရှိသည်။ သူသည် Mr.Guiter ကို သူ့အိမ်လို သဘောထားသည်။ ကိုနေမျိုးဆေးကလည်း ဘာမှမပြော၊ သူနှင့် ကျွန်တော်တို့က မသောင်းကျန်း၊ သူသည် Mr.Guiter ကို ရောက်လျှင် မြူးလာတတ်သည်။ OASIS ကိုရောက်လျှင် မြူးလာတတ်သည်ကို ကျွန်တော် သတိထားမိသည်။ တစ်နေ့လုံး "နေမကောင်းဘူးဗျာ" ဟု ပြောကာ ကုပ်ကုပ်လေးလုပ်ကာ နာရည်တွေ ညှစ်လိုက်၊ ချောင်းတွေ ဆိုးလိုက် ဖြစ်နေသော သူသည် ထိုနေရာသို့ ရောက်လျှင် မျက်လုံး အရောင်တောက်လာသည်၊ အသံလွင်လာသည်၊ ကိုယ်အမူအရာ သွက်လက်လာသည်။ သူသည် ဂီတရှိသည့် နေရာတွင် ပျော်ရွှင်တတ်ကြောင်း ကျွန်တော်နားလည်လာသည်။

တစ်နေ့သူနှင့် ကျွန်တော် ဆိုင်ပိတ်သွားသော Mr.Guiter မှာ ဘီယာသောက်ရင်း အေးအေးဆေးဆေး စကားပြောဖြစ်သည်။ ပထမကဗျာအကြောင်း ပြောကြသည်။ သူ ပုသိမ်တက္ကသိုလ်တုန်းက ကဗျာရေးခဲ့ဖူးကြောင်း ကလောင်အမည်က "သျှပ်မှူးကျော်" ဖြစ်ကြောင်း၊ ထိုအမည်ကြောင့် သူ့ကို "သျှပ်" "သျှပ်ကလေး" ဟုခေါ်ကြကြောင်း အရက်သောက်သည့် အတွက် ခေါ်သည့် "ရှပ်" အကြောင်း ပြောသည်။

သူ ကဗျာဆရာ ဖြစ်ခဲ့ဖူးကြောင်း ပြောတော့ ကျွန်တော် သိပ်မအံ့သြပါ၊ သူ့သီချင်းတွေကို ဆိုကြည့်လျှင် သူကဗျာဆရာ ဆိုတာကို သိသာလာနိုင်သည် မဟုတ်ပါလား။ သူနှင့် ဆက်စကားပြောရင်း စာရေးဆရာများထံ ရောက်သွားသည်။ သူနှင့်ကျွန်တော် စာရေးဆရာ အကြိုက်ချင်းတူတာ များသည်၊ ကွဲလွဲတာလည်း ရှိသည်။

"စာရေးဆရာထဲမှာ အရေးအသား ဘယ်သူ ကြိုက်လဲ ကိုရဲဝင်း"

"ရွှေဥဒေါင်းကို ကြိုက်တယ်"

"ဟာ... တူတယ်ဗျာ၊ ဒီလူကြီးက ဘာရေးရေး ခံ့ညားတယ်ဗျာ၊ အတွေးအခေါ်လည်း သူ့ခေတ်တုန်းက ဆိုရင် pioneer ဖြစ်တယ်ဗျ၊ ပြီးတော့ စိတ်လည်း တော်တော်မာတဲ့ လူကြီး၊ ကျွန်တော်ကတော့သူ့ကို လူ့ယဉ်ကျေးကြီးလို့ ထင်တယ်ဗျာ"



http://mmteashop.com

ဆရာကြီး ရွှေဥဒေါင်းကို "လူ့ယဉ်ကျေးကြီး" ဟု သူသုံးသော အသုံးအနှုန်းကို ကျွန်တော် သဘောကျသွားသည်။ ဝတ္ထုတွေပြီးတော့ သီချင်းကိစ္စ ပြောဖြစ်ကြသည်။

"အခုခေတ် သီချင်းတွေ Rap တို့ ပန့်(ခ်) တို့ကို ခင်ဗျားဘယ်လို သဘောရလဲ ကိုငှက်"

သီချင်း အကြောင်းမေးတော့ သူသတိနှင့် ဖြေသည်။ သီချင်းအကြောင်း ပြောလိုက်တိုင်း သူသည် စည်းလွတ်ဝါးလွတ် ဘယ်တော့မှ ပြောလေ့မရှိ။

"အဲဒါကို ခဏထားလိုက် ကိုရဲဝင်းရာ၊ ကျွန်တော့် အသံက စပြောမယ်၊ သိပ္ပံရှင်တွေက အသံကို လှိုင်းအလျားနှင့် တိုင်းပြီး သာယာသံနဲ့ ဆူညံသံလို့ ၂ မျိုး ခွဲတယ်၊ ကျွန်တော် ကတော့ သုံးမျိုး ခွဲချင်တယ်၊ အနုပညာဖြစ်တဲ့ အသံရယ်၊ အနုပညာမဖြစ်တဲ့ အသံရယ်၊ သာမန်အသံရယ်လို ့ခွဲချင်တယ်"

"သာမန်အသံနဲ့ အနုပညာ မဖြစ်တဲ့အသံ ဘာကွာလဲ"

"ကွာတယ်ဗျ၊ သာမန်အသံ ဆိုတာက အခုကျွန်တော်တို့ ကြားနေရတဲ့ အသံတွေဗျာ၊ လေတိုက်သံ၊ ကားဟွန်းသံ၊ စကားပြောသံ၊ ဖွန်းသံ၊ ပန်းကန်သံ၊ ချောင်းဆိုးသံ၊ အလှူခံတဲ့အသံ စသည်ဖြင့်ပေါ့ဗျာ၊ အနုပညာ မဖြစ်တဲ့ အသံဆိုတာမှ ဆူညံသံဗျ၊ ဥပမာ သီချင်းတစ်ပုဒ်ကို ဆိုတယ် တီးတယ်ဗျာ Meloday ရောဆိုသံရော စာသားရောက ဘယ်လိုမှ စိတ်ဝင်စားဖို့ မကောင်းဘူးဗျာ၊ ဒါပေမဲ့ သူကအနုပညာကို လုပ်နေတာ အနုပညာမဖြစ်ဘူး၊ ခင်ဗျား မကြိုက်တဲ့ သီချင်းတစ်ပုဒ်ကို နားထောင်နေရတာ နားငြီးတာပေါ့၊ သာမန်သံက ဒုက္ခမပေးဘူး၊ အနုပညာမဖြစ်တဲ့ အသံက ဒုက္ခပေးတယ်"

သူနှင့် ကျွန်တော်သည် စကားပြောရင်း interview ပုံစံဖြစ်သွားသည်။ နစ်ယောက်တည်း ဆိုတော့ ပေါ့ပါး လွပ်လတ်လျှက်လည်း ရှိ၏။

"ဟာ.... ရှိတယ်ဗျ၊ အဲ့ဒါ အရေးကြီးတယ်၊ ဒါကြောင့် တစ်ခါတလေ သီချင်းထဲမှာ၊ ဆိုင်ကယ် မောင်းသံတို့၊ မိုးရွာသံတို့၊ ရေစီးသံတို့၊ လျှပ်စီးလက်တဲ့ အသံတို့၊ ရယ်သံတို့၊ ရှိုက်သံတို့၊ စကားပြောသံတို့ ထည့်တာပေါ့၊ ဒါပေမဲ့ ထည့်တတ်ဖို့ အရမ်းအရေးကြီးတယ်၊ သာမန်အသံကို အနုပညာသံလို့ ကြားရင် အဲဒါ ဂီတမှာ မော်ပေါက်တာပဲ လုံးဝဆရာကြီးပဲ၊



http://mmteashop.com

ကျွန်တော်တို့ ဂီတသံမျိုးစုံကိုက သာမန်အသံကို နားထောင်ပြီး ထွင်ခဲ့တာပဲလေဗျာ၊ အလောင်းစည်သူမင်းကြီး ဇမ္ဗူသပြေသီး ရေထဲကြွေတာကို ငါးကြီး ဟပ်သံကနေ ပလုပ်တုတ်တုတ်ပြုန်း ဖြစ်တယ်လို့ ဆိုတာမဟုတ်လား !”

“ဒါဖြင့် သာမန် အသံနဲ့ အနုပညာဖြစ်တဲ့ အသံ ဆက်သွယ်မှုရှိတယ်ပေါ့”

“ရှိတယ်၊ တော်တော် အဆင့်အတန်းမြင့်တဲ့ ဆက်သွယ်မှုရှိတယ်၊ ဆရာပါရဂူ ရေးတဲ့ သိဒ္ဓတ္ထဝတ္ထုထဲမှာ သိဒ္ဓတ္ထဟာ နောက်ဆုံး မြစ်ဆီက သင်ယူတယ်၊ မြစ်ရေးစီးသံကို နားထောင်ပြီး ဘဝငြိမ်းချမ်းသွားတယ်၊ ကျွန်တော် တော်တော် ကြိုက်တယ်ဗျာ၊ သာမန်လူ နားထောင်ရင် မြစ်ရေသံလိုပဲ ကြားရတဲ့ အသံဟာ သူ့အတွက် ဂီတ ဖြစ်သွားတာ၊ အနုပညာ ဖြစ်သွားတာ၊ နားလည်မှု ဖြစ်သွားတာ၊ အဲဒီမြစ်ရေစီးသံကို နားထောင်ပြီး သိဒ္ဓတ္ထငြိမ်းချမ်းသွားတာ၊ ကျွန်တော်ကတော့ အဲဒီလိုပဲ ယူဆတယ်”

“မဟာဝီရ ဆိုတဲ့ နိဂဏ္ဍနာလပုတ္တ ဆိုတာ ရှိတယ် မဟုတ်လား! ကိုငှက် ဆိုတာက ဂေါတမဘုရား အကြောင်းဆိုတာ ဘာဖြစ်လို့ အဲ့ဒီနာမည် ပေးရတာလဲ”

“အေးဗျာ .... အဲဒီ ကိစ္စကလည်း ကျွန်တော် မကြာခဏ ရှင်းရတယ်၊ ကျွန်တော် ဆိုလိုတဲ့ မဟာဝီရက နိဂဏ္ဍနလပုတ္တကို ပြောတာ မဟုတ်ပါဘူး မဟာဆိုတာ ကြီးမြတ်ခြင်းဗျာ၊ ဝီရဆိုတာက ရဲရင့်ခြင်း အဲဒီအဓိပ္ပာယ်နဲ့ ဆိုတာပါ”

“ကိုငှက်က အဲဒီသီချင်းကို ကုလားသံနဲ့ ဆိုထားတာနော်”

“အေးလေ .... ဘုရားက ကုလားလူမျိုးပဲဟာ၊ ဒီသီချင်းက ကျွန်တော် ရေးတာ မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်း မောင်မောင်ဇော်လတ် ရေးတာ၊ သူရေးတော့ သံစဉ်က ရိုးရိုး swing ကလေးပဲ၊ ကျွန်တော်က အဲဒီမှာ သံစဉ်ရှာပြီး ပြန်ပြောင်း ဆိုတာ၊ အဲဒီ သီချင်းမှာ လင်းကွင်းသံကလေးတွေ ခင်ဗျာ သတိထားမိတယ် မဟုတ်လား၊ အဲဒါ ရွှေတိဂုံဘုရားက ကလေးကစားတဲ့ လင်ကွင်းကလေးတွေ သွားဝယ်ပြီး ကျွန်တော် ကိုယ်တိုင် တီးထည့်တာ”



http://mmteashop.com

သူနှင့် ကျွန်တော်နှင့် အသေအချာ စကားပြော ဖြစ်ကြသော Mr.Guiter ထိုညကို ကျွန်တော် မမေ့ပါ။ စကားကောင်းကောင်း ပြောလိုက်ရခြင်းသည် အစားကောင်းကောင်း စားလိုက်ရသည်ထက် စိတ်ကို ပို၍ကျေနပ်စေသည် မဟုတ်လား။

Mr.Guiter မှာ သူနှင့် ကျွန်တော် ဖြစ်ခဲ့သော အဖြစ်အပျက်ကလေး တစ်ခုလည်း ရှိသည်။ အဲဒီနေ့က သူ့ကို ကျွန်တော် စိတ်ဆိုးနေသည်။ ဖုန်းအဆက်အသွယ် ရပြီး သူပြောတဲ့ နေရာမှာ သူမရှိသောကြောင့် ဖြစ်၏။ မေးကြည့်တော့ သူလုံးဝမလာဟု ဆိုသည်။ ကျွန်တော် ဖုန်းထပ်ဆက်သည်။ ဖုန်းကမြည်သည် လိုင်းဝင်သည် မကိုင်၊ ကျွန်တော်ကလည်း ဒါမျိုးဆိုလျှင် အလျှော့မပေးချင်၊ လင်းစတူဒီယိုကို ရောက်သည်၊ OASIS ကို ရောက်သည်။ မရှိ။ နောက်ဆုံး Mr.Guiter မှာ ထိုင်စောင့်တော့မှ မိသည်။

ဒါနဲ့ ကျွန်တော် Mr.Guiter က ဘေစ့်တီးသည့် ကိုညီညီနှင့် ညိုကာ သူစကားပြောနေတုန်း သူ့သီချင်းကို ကျွန်တော် တက်ဆိုသည်။ သူ၏ "အမေ့အိမ်" သီချင်း။ သူစကားပြောနေရာမှ တအံ့တသြ လှည့်ကာကြည့်သည်။ ပြီးတော့ လက်ခုပ်တီး၏။ ပြီးတော့ Mr.Guiter က ပန်းခြင်းကြီး ကျွန်တော့်ကို လာပေးသည်။ ကျွန်တော်က စသည်။ သူကရွှံ့သည်။

သို့သော် ပိုက်ဆံရှင်းတော့ ထိုပန်းခြင်းဖိုးကြီး ပါနေသည်။ နည်းနည်းလည်း မဟုတ် တစ်သောင်းတဲ့၊ ဒါနဲ့ ကျွန်တော်က စားပွဲထိုးကလေးကို ခေါ်ကာ ရှင်းပြသည်။ စားပွဲထိုးကလေးက သူနဲ့ မဆိုင်ကြောင်း ပြောသည်။

"ငါက ကိုင်ကဲ့စတာ ... ကိုင်ကဲ့ကလည်း ငါ့ကို စတာပါကွာ ... အားလုံးသိပါတယ် ... အချင်းချင်း စတာကွ"

ဘယ်လို ရှင်းပြပြမရ၊ ကျွန်တော်က စားတာ သောက်တာဖိုးကိုပဲ ရှင်းသည်။ ပန်းခြင်းဖိုးကို မပေး။ ကိုနေမျိုးဆေးကို ခေါ်ပေးပါ ဆိုတော့လည်း ထိုစဉ်က ကိုနေမျိုးဆေးက ပန်းချီကိစ္စနှင့် ဂျာမဏီသို့ သွားနေသည်။ သူ့ကို ပြောတော့ အဲ့ဒါ ကျွန်တော် မသိဘူးလေဟု ဆိုသည်။ ခက်ပြီ။ နောင် ကျွန်တော် Mr.Guiter ရောက်တိုင်း စားပွဲထိုးကလေးက ထိုဘောက်ချာကို လာလာ ပေးတတ်သည်။ ကျွန်တော့်မှာ ဒုက္ခ



http://mmteashop.com

ရောက်ကာနေ၏။ ကိုနေမျိုးဆေး ပြန်ရောက်တော့ ကျွန်တော်က ပြောပြသည်။ ကိုနေမျိုးဆေးက ဘာမှ မပြော ရယ်၍သာ နေသည်။ စားပွဲထိုးကလေးက ကျွန်တော့်ကို တွေ့လျှင် ထိုဘောင်ချာ အဟောင်းကို လင်ဗန်းထဲထည့်ကာ ယူလာစမြဲ မဖြစ်တော့။

နောက်ကျတော့ ကျွန်တော် ဈေးဆစ်ရသည်။

"ငါးထောင်ပဲ ထားကွာ၊ အမှန်ဆို ပေးစရာတောင် မလိုတဲ့ ကိစ္စကွ"

"မရဘူးဆရာ၊ စာရင်းက သွင်းပြီးနေပြီ"

"အေး ... ဒါဆိုလည်း အခု ငါးထောင်ယူထားဦးကွာ ..."

နောက်တစ်ခါလာတော့ ငါးထောင်ကျန် ဘောက်ချာဟောင်းက ရောက်လာမြဲ၊ ကျွန်တော် နှစ်ခါခွဲ ဆပ်ခဲ့ရသည်။

ကျွန်တော့် ၃၇ နှစ်မြောက်မွေးနေ့ကို Mr.Guiter မှာပင် ကျင်းပပါသည်။ ဧည့်သည် ဘယ်သူမျှ မပါပါ။ ကျွန်တော် အဖေ၊ အမေ၊ ဇနီး၊ သားနှင့် စန်းမွန်အောင် အဖွဲ့ အပြင် ကိုငှက်သာ ပါပါသည်။

သူက ကဗ္ဗလာဖျော်ရည် တစ်ခွက်ကို သောက်သည်။ "ကိုငှက် ကျွန်တော့် အတွက် မွေးနေ့လက်ဆောင် သီချင်တစ်ပုဒ် ဆိုပေးပါလားဗျာ ..."

ကျွန်တော် တောင်းဆိုတော့ သူက ပြုံးသည်။

"ကျွန်တော် မဆိုချင်ဘူးဗျာ ..."

သူ ကျွန်တော့် မွေးနေ့အတွက် သီချင်းဆိုပေးမသွားပါ။

သူ့ကို လုပ်ချင်တာကို လုပ်ရဲသည့် သတ္တိထက်၊ မလုပ်ချင်တာကို မလုပ်ဘဲ နေရဲသော သတ္တိကို ပိုသဘောကျမိပါသည်။

## ကိုဇော်မြင့်ဦးနှင့်

သူ့ ပုသိမ်သူငယ်ချင်းများ ဖြစ်ကြသော ကိုကြွက်နီ၊ ကိုနေမျိုးဇော်နှင့် ကိုဇော်မြင့်ဦး တို့ကို သူနှင့်မသိခင် ကတည်းက စာပေလောကမှာ ကျွန်တော်နှင့်



http://mmteashop.com

အရင်ရင်းနှီး ခဲ့ရသည်။ သူတို့ အားလုံးသည် တစ်ချိန်က ပုသိမ်မှာ အဆောင်အတူနေခဲ့ သူများ ဖြစ်သည်တဲ့။ အံ့ဩစရာ တော်တော်ကောင်းပါသည်။

တစ်နေ့ ကိုဇော်မြင့်ဦး (စာရေးဆရာ သီဟန်သွင်) ပြည်ကနေ ရောက်လာသည်။

"သျှပ်ကလေးနဲ့ တွေ့သေးလား" ဟု ကိုဇော်မြင့်ဦးက မေးသည်။ ကျွန်တော်နှင့် မတွေ့တာ တစ်လလောက် ရှိပြီဆိုတော့ ကျွန်တော် ဖုန်းကောက်ဆက်သည်။ ကံကောင်းထောက်မစွာ ဖုန်းက တန်းဝင်ကာ သူကိုင်သည်။ ကိုဇော်မြင့်ဦးနှင့် စကားပြောပြီးတော့ ဆုံချင်တယ်ဗျာ ဟုဆိုတာ ထိုညက ကျွန်တော့် အိမ်မှာပင် ဆုံကြသည်။ သူတို့ မဆုံဖြစ်တာ (၁၈) နှစ်လောက်ရှိမည်ဟု ဆိုကြသည်။

ငယ်သူငယ်ချင်း အကြောင်း ငယ်ဆရာအကြောင်း ပြောကြ၏။ မင်းဟိုကောင့် မှတ်မိသေးလား၊ အစ်ကို သိတယ် မဟုတ်လားနှင့် သူတို့ နောက်ကြောင်းပြန် ကိစ္စမှာ ကျွန်တော် ဝင်ပြောစရာ စကားမရှိပါ။

ကျွန်တော်က အမြည်းပြင်ဆင်ပေးခြင်း စားစရာလုပ်ပေးခြင်းဖြင့် သူတို့ကို ပါရမီ ဖြည့်ရသည်။

"မင်းမှတ်မိသေးလား၊ သျှပ်ကလေး မင်း ပထမဦးဆုံး ဝယ်လာတဲ့ ဂစ်တာ အဲ့ဒီ နေ့ညမှာပဲ အခိုးခံရတာလေ . . ."

"မှတ်မိပါတယ် အစ်ကိုရာ ... အားရအောင်တောင် မတီးလိုက်ရဘူး၊ ကိုရဲဝင်း မဟာဗန္ဓုလ ပန်းခြံလမ်းမှာ ဂစ်တာဝယ်တဲ့ ကောင်လေးကို မှတ်မိလား"

"မှတ်မိတာပေါ့"

"ကျွန်တော် တမင်တကာ လိုက်ဝယ်ပေးတာဗျ၊ ကျွန်တော့်တုန်းက အငတ်ခံပြီး စုထားတဲ့ ငွေနဲ့ ဝယ်ထားတဲ့ ဂစ်တာလေးဗျာ၊ ကျွန်တော် တညလုံး တီးပြီး အိပ်ချင်တော့ ဘေးနားထောင်ပြီး အိပ်တာ ဘယ်အချိန်က ဆွဲသွားလိုက်မှန်းတောင် မသိဘူး၊ အဲဒီ ဂစ်တာလေး အကြောင်း သီချင်း ရေးရဦးမယ်ဗျာ"

ပုလင်းတစ်လုံး ပြောင်လို့ နောက်တစ်ပုလင်း ခါးလယ်ရောက်တော့ ကိုငှက်က ဘိုလို ပြောလာပြီ။ ကိုဇော်မြင့်ဦးက ညှော်လမ်းညွှန်လည်း လုပ်သဖြင့် ကောင်းကောင်း



http://mmteashop.com

ပြောနိုင်သည်။ ကိုငှက် ဘိုလိုပြောရင် မူးလာပြီဆိုတာ သိနိုင်သည်။ ကျန်းမာရေး ဂရုစိုက်ဖို့ မပြောဖြစ်အောင် ကျွန်တော် သတိထားရ၏။ တော်ကြာ လက်မောင်းလှဲနေရဦးမည်။

လေးနာရီထိုးတော့ ပုလင်းပြောင်ပြီ။ ကိုဇော်မြင့်ဦးက ဝရံတာမှာပဲ ကွေးအိပ်သည်။ ကျွန်တော်ကတော့ အိပ်လို့ မရတော့၊ စားထားတာတွေ သိမ်းပြီး နံနက်ခင်း အေးလာသဖြင့် သူတို့ကို စောင့်ခြုံပေးရသည်။ ကျွန်တော် စောင်ခြုံပေးတော့ သူနိုးလာသည်။ နိုးနိုးချင်း ဆေးပေါ့လိပ်ကို ကောက်ဖွာသည်။ အရုဏ်တက် ငှက်ကလေး တွေ အုန်းပင်နှင့် သရက်ပင်ပေါ်မှာ အော်နေတာကို သူနားထောင်သည်။

ပြီးတော့ သူ့အိပ်ထဲက ပလွေကို ထုတ်ကာ ပလွေမှုတ်သည်။

ခုနစ်နာရီ ခွဲလောက်မှာ သူ့ဖုန်းမြည်လာသည်။ သူပြောပုံအရ မသွယ်ထံမှ ဖြစ်ပုံရ၏။ မသွယ်နဲ့သူ ရန်ဖြစ်ကြပုံ ပေါ်သည်။ သို့သော် သူရန်ဖြစ်သံက တိုးတိုးတိတ်တိတ် ငြင်ငြင်သာသာ ....

ကျွန်တော်က ပထမ သူ့လေသံကို နားထောင်က သာမန် ပြောသည်ဟုသာ ထင်သည်။ စကားလုံးကို ကြားတော့မှ ရန်ဖြစ်မှန်း သိရသည်။ ဒါနဲ့ သူဖုန်းကို ယူကာ ကျွန်တော့်အိမ်မှာ တစ်ညလုံး ရှိကြောင်း အလီဘိုင် လုပ်ရသည်။ မသွယ်က ငိုနေ၏။

အိမ်ပြန်မလာတာ ငါးရက် ရှိပြီဟုလည်း ဆိုသည်။ ဒီတော့ ကျွန်တော်လည်း ဖုန်းကို အိပ်ယာမှ နိုးလာသော ကျွန်တော့် ဇနီးထံ ပေးလိုက်၏။

"အမလေး၊ ဟုတ်ပ့ါ ဟုတ်ပ့ါ အတူတူပဲ၊ ကျွန်မလည်း ဒီလိုပါပဲ အစ်မရယ်၊ ဒီညတော့ ဒီမှာ ရှစ်နာရီလောက် ကတည်းက တစ်ညလုံး စကားပြောနေကြတာပဲ "

သူက ကျွန်တော့်ကို ကြည့်ပြီး ပြုံးပြသည်။ "ခင်ဗျားနည်း မဆိုးဘူး ကိုရဲဝင်း" ဟုဆိုသည်။ ထို့နောက် သူပြန်သွား၏။

ထိုနှစ်က သူ့နှစ်ကျွန်တော် အတွဲမိဆုံး နှစ်များဖြစ်သည်။ သူက ကျွန်တော်တို့ ရုပ်ရှင်ရိုက်တာကို ကြည့်ချင်သည် ဆို၍ ကိုပြည့်ဝ ရိုက်သော ရိုက်ကွင်းကို ကျွန်တော် ခေါ်သွားသည်။ သူအသံသွင်းစရာ ရှိသည့်အခါ Studio ကို ကျွန်တော့်ကို သူက ခေါ်သွားသည်။



http://mmteashop.com

တစ်ရက်တော့ သူနှင့်ကျွန်တော် မနက်ကတည်းက သောက်ကြသည်။ ဘာရည်ရွယ်ချက်မှ ရှိလို့ မဟုတ်၊ စိတ်ညစ်လို့လည်း မဟုတ်၊ ပြီးတော့ PTL Studio ကို သွားကြသည်။ ဟိုမှာ ဖြိုးကြီးတို့နှင့် တွေ့သည်။ ဆက်သောက်ကြ၏။ နောက်ဆုံး ပြန်တော့ ကျွန်တော် မဟုတ်နိုင်တော့၊ Bass တီးသည့် ကိုညီညီတို့ အိမ်မှာ ကျွန်တော့်ကို သူနှင့် ကိုညီညီတို့ တွဲချရသည်ဟု ဆိုသည်။

သူ့ကားပေါ်ရောက်တော့ ကျွန်တော်အန်သည်။

သူကားမောင်းရင်း "အားမနာနဲ့ ကိုရဲဝင်း .... အန် အန်" ဆိုသော စကားကို မသဲမကွဲ ကြားရသည်။ ကျွန်တော့် အိမ်ကို သူလိုက်ရှာကာ ကားထဲမှ တွဲကာ အိပ်ရာထဲ အထိ ပို့ပေးသည်။ ကျွန်တော့် အဖေနှင့်အမေကို ကျွန်တော့်အိတ်နှင့် ပိုက်ဆံတွေ အပ်သွားပြီး စာရေးပေးသွားခဲ့သည်။

အခု မိုးအေးအေးမှာ ရေးရင်းနှင့် ကျွန်တော် သူ့ကိုလွမ်းနေသည်။ နောက်ဆုံး တွေ့ကြတော့ သူ့အိမ်မှာ ဖြစ်သည်။ ကျွန်တော် ရောက်သွားတော့ သူအိပ်နေသည်။ မသွယ်ကို မနှိုးနဲ့ အရေးတကြီးကိစ္စ မရှိဘူးဟု ကျွန်တော် တားရသည်။ သူ့ခြေသလုံး ဖြူဖြူသေးသေးကလေးကို ကျွန်တော်တွေ့ရ၏။

မသွယ်နှင့် ကျွန်တော် စကားပြောရင်း မသွယ် ရယ်သံကြောင့် သူနိုးလာသည်။ မသွယ်က ကားသော့တောင်းကာ ကလေး ကျောင်းသွားကြိုမည်ဟု ပြောကာ ထွက်သွား၏။ သူ့ကြည့်ရတာ သိပ်မရွှင်လန်းပါ။ စကားလည်း သိပ်ပြောချင်ပုံမရှိပါ။

"ကိုငှက် နေမကောင်းဘူးလား"

"ကျွန်တော် နေမကောင်းတာ မဟုတ်ဘူးဗျ၊ အရင်က ပေခဲ့တဲ့ ဒဏ်တွေနဲ့ ကျွန်တော့် တစ်ကိုယ်လုံး ဘာမှကို မကောင်းတော့တာ"

သူက ငုတ်တုတ်ကလေး ထိုင်ကာ ဒူးပေါ် လက်ပိုက်ထားရင်း ငြိမ်ကာနေသည်။ သူအိပ်သည့် ဖျာဘေးမှ စပိုက်အအေးပုလင်းနှင့် ဆေးပုလင်း အနည်းငယ်ကို တွေ့ရသည်။ ခဏကြာတော့ သူချောင်းဆိုးသည်၊ ရင်ဘတ်ကို ထုကာပုတ်ကာ ချွဲဟပ်၏။ တော်တော့်ကို ဟပ်ယူရသည်။ ကျွန်တော်ပြန်ဖို့ ဆုံးဖြတ်လိုက်၏။



http://mmteashop.com

"ကျွန်တော် အခုစိတ်ဝင်စားတာ နှစ်ခုပဲ ရှိတော့တယ်၊ အနုပညာရယ် သေခြင်းတရားရယ်ဗျ၊ သေတော့လည်း ပျောက်သွားတာပဲဗျ၊ ကျွန်တော်တို့ လုပ်ခဲ့တဲ့ ကုသိုလ်တွေ ကောင်းမြတ်တဲ့ စိတ်ထားတွေ ရိုးသားမှုတွေက ဘယ်လိုလဲ မသိဘူး၊ ခင်ဗျား အရင်သေသေ ကျွန်တော် အရင်သေသေဗျာ၊ အဲဒါတွေ ဟုတ်လား မဟုတ်လားတော့ လာပြောကြေးဗျာ ..."

ပြောပြီးတော့ သူပြန်လှဲနေသည်။

"ကဲ ... ကိုငှက် နားလိုက်တော့ဗျာ၊ အေးအေးဆေးဆေးမှ လာခဲ့ဦးမယ်"

"အခုတော့ နားချင်တယ်ဗျာ၊ ညနေ ကိုတူးတူး Show အတွက် Notes တွေ ထုတ်ရဦးမှာ OASIS ကို သွားရဦးမှာ"

ကျွန်တော် အိတ်ကို လွယ်ကာ ထထွက်သည်။ တံခါးဝနား ရောက်မှ ပြောရသည်။

"ကိုငှက် ကျန်းမာရေးတော့ ဂရုစိုက်ဗျာ"

သူက ယဲ့ယဲ့လေးပြုံးသည်။

သူသည် သေသွားသူ တစ်ယောက်သာ ဖြစ်ပါသည်။

ဆုံးသွားသူ တစ်ယောက် မဟုတ်ပါ။ ဒီနေ့အထိလည်း သူကျွန်တော့်ကို ဘာမှ လာမပြောပါ။ သူ့အကြောင်းကိုလည်း ကျွန်တော် အိပ်မက်မမက်ပါ။ ကျွန်တော့်လို လူတစ်ယောက်ကို လာပြောနိုင်သော အဆင့်ထက် အလွန်မြင့်သော နေရာကို သူရောက်နေသည်ဟု ကျွန်တော်ထင်ပါသည်။

သူ ကျွန်တော့် လက်တစ်ကမ်းမှာ ရှိပါသည်။

ကျွန်တော့် ကက်ဆက်ထဲမှာ ရှိပါသည်။ ဖိမ်ခံကား ကောင်းကောင်းထဲမှာ ရှိပါသည်။ လက်ဖက်ရည် ဆိုင်တိုင်းမှာ ရှိပါသည်။ မင်္ဂလာဆောင်မှာ ရှိပါသည်။ ကျွန်တော်တို့ အပြင်းပြေ ငြီးငြူသီဆိုမှုထဲမှာ ရှိပါသည်။ မတီးရသေးသော ဂစ်တာ များစွာနှင့် တီးခတ်နေသော ဂစ်တာများစွာထဲတွင် ရှိပါသည်။

မျဉ်းဖြောင့်များသည် ဆုံဖို့ အခွင့်အရေးရရန် ခက်ခဲပါသည်။



http://mmteashop.com

သူသည် ကျွန်တော် တိတိကျကျ ဆုံတွေ့ခဲ့ရသော မျဉ်းဖြောင့်တစ်ကြောင်း ဖြစ်ပါသည်။

နီကိုရဲ

26,May, Thy 2005




http://mmteashop.com

# ဝမ်းနည်းခြင်းမှတ်တမ်း

ဖြစ်မယ် ပျက်မယ် သေခြင်းတရား တစ်နေ့ကျ
အိုမုချ
အားလုံးကြုံမှာ သိတယ် ... သိလည်းပဲ
နောက်ပိတ်ဆုံးမှာ လူတိုင်းဟာ အကုန်ခွဲခွာ
အနိစ္စ မမြဲဘူးဆိုတာ သိတယ် .... သိလည်းပဲ
မျက်လုည့်ပြသလိုပဲ ငါ့ရှေ့မှာ မနေ့တစ်နေ့က
ရှိကြသေးတယ်
ရုတ်တရက်မှာ နှုတ်ဆက်ပျောက်ကွယ်
အခုတော့ ငါတစ်ယောက်ထဲ ဘယ်ယုံနိုင်မလဲ
အတူတူ အိပ်မက်နေတုန်း
အတူတူ လမ်းတစ်ခုလျှောက်တုန်း
အတူတူ ရွက်လွှင့်နေတုန်းမှာ ပျောက်ကွယ်

အတူတူ သီချင်းများဆိုတုန်း
အတူတူ အလင်းများရှာတုန်း
အတူတူ တစ်မိုးအောက်ခိုနေတုန်း

(dedicated to အယ်ဖြူ & ထူးအိမ်သင်)
မောင်မောင်ဇော်လတ်
၂၁ - ၈ - ၂၀၀၄



http://mmteashop.com

# ထူးအိမ်သင်ကို သိသော ဂီတလောက က ပြောစကားမှတ်တမ်းများ

ထူးအိမ်သင်
အားလုံးအတွက် ရည်ရွယ်ခဲ့ပြီး
မင်းအတွက်လည်း ပေးနိုင်ခဲ့တဲ့ ငါ့လက်ဆောင်
အနုပညာသမားတစ်ယောက်အကြောင်း
ဆံပင်တွေဖွာကြဲ အိုမှုန်တိုင်းထဲ
ခြေလျင်လာသောခရီး သည်
အပြာရောင်အဝတ်ဟောင်း ဘောင်းဘီလေးတစ်ထည် အမြဲဝတ်ထားပြီး
အချိန်တွေဟာလည်း သေဆုံးသွား ကမ္ဘာမြေပြင်အဆုံး ဖြစ်လာဦးမယ်
လူဟာ နေရခဏတာပဲကွယ် အနိစ္စအမြဲမရှိတဲ့
သက်တံရဲ့ အလှဟာကွယ် မိုးသားထဲမှာ ပျောက်သွားတယ်
ကြယ်တွေလွင့်ကြွေတယ် အမှောင်တွေ ပြေးထွက်သွားတော့ အလင်းရောက်လာ
ရာသီတစ်ခုကုန်ရင် နာရီအသစ်လည်မယ် ကမ္ဘာရဲ့သမိုင်းထဲဝယ်
ငါဟာ နေ့တွေညတွေကို ဖြတ်သန်းပြီးတော့ ရောက်လာမယ် လာမယ်
သင်လိုချင်သော ပြည့်စုံခြင်းတွေ
ငါယူလာပြီး အရောက်လာခဲ့မယ်
အပြာရောင်အဝတ်ဟောင်း ဘောင်းဘီလေးတစ်ထည် အမြဲဝတ်ထားပြီး

ငါတကယ်ရောက်လာမယ် စောင့်နေကွယ်
ကမ္ဘာရဲ့သမိုင်းထဲလျှောက်လာမယ်
အိုး - နေ့တွေညတွေ ငါဟာဖြတ်သန်းပြီးတော့ အရောက်လာမယ်ကွယ်
ငါဟာနေ့တွေညတွေ ဖြတ်သန်းပြီးတော့ အရောက်လာမယ်ကွယ်



http://mmteashop.com

ငါဟာနေ့တွေညတွေဖြတ်သန်း ပြီး
ငါပျော်နေမယ်

သုခမိန်လှိုင်

---

ငှက်ကြီးရေ
မင်းအသံကိုငါကြားချင်တယ်
ဒါပေမယ့် မကြားရ
မင်းအကြောင်းတွေ ပြောချင်ပါတယ်
ဒါပေမယ့် ငါနှုတ်တွေဆွံ့အ
မင်းကိုငါလိုက်ရှာတော့
ငါ့ရင်ထဲမှာ မင်းကိုတွေ့တယ်
မင်းက
သီချင်းတွေဆိုလို့

မောင်သစ်မင်း

---

ငှက်ကြီး
အနုပညာအတွက်ကိုသာ တစိုက်မတ်မတ်လုပ်ခဲ့ရတော့
အကြွေစောခဲ့ရတယ် နမြောမိပါတယ်
ကြေကွဲဝမ်းနည်းစွာဖြင့်

ခင်မောင်တိုး(မဖျှိမလှိုင်း)

---

ကွေးသောလက်မဆန့်ခင်ဆိုတဲ့ စကားမျိုး
မကြာခဏကြားဖူးပေမယ့် ဒီတစ်ခါ BIRD က



http://mmteashop.com

အနိစ္စဆိုတဲ့ လက္ခဏာရေးသုံးပါး တရားပြတာ
ကျနော် တော်တော်ကိုတုန်လှုပ်မိပါတယ်
BIRD ရဲ့ချစ်ခင်ကြင်နာတဲ့ မိသားစုရယ်
အနုပညာရယ် သီချင်းရယ် ဂစ်တာရယ်
ကျွန်တော်တို့ရယ် အားလုံးအားလုံးကို
စွန့်သွားခဲ့ပြီပေါ့နော်

စိုင်းထီးဆိုင်

---

ငှက်ကြီး
ခင်ဗျားကို သတိရဖို့
Percussion တွေ Harmonica တွေ
ရှိနေတယ်ဗျာ

ဇော်ဝင်းထွဋ်

---

ကျွန်တော်တို့ရဲ့စိတ်ကို အစာအာဟာရ ကျွေးဖူးတဲ့
ကျေးကျေးဇူးရှင်တစ်ယောက် - -
အရမ်းကိုဝမ်းနည်းပါတယ် နမျောပါတယ်

အငဲ

---

ငှက်
မင်းငှါ့ထက် ငယ်ပေမယ့်
ငှါ့ကိုဆုံးမခဲ့တာတွေ ငါဘယ်တော့မှ မမေ့ပါ

အောင်ဝေး

---



http://mmteashop.com

ထူးအိမ်သင်
သိပ်နမြောဖို့ကောင်းတယ်

ခင်မောင်ရင်

---

ကိုယ်ငှက်အကြောင်းက ရေးမယ်လို့ စိတ်ကူးလိုက်တိုင်း
ကိုယ်ငှက် မျက်နှာကို မျက်လုံးထဲမှာ မြင်မြင်နေတယ်
ဂျင်းဂျက်ကက် အစုတ်ကြီးနဲ့ ပုဆိုးကြီးနဲ့ ဆိုင်ထဲဝင်လာတာတွေ
နောက်ပြီးတော့ အဲဒီလို ဟား ဟား ဟား ဟား ဆိုပြီးတော့
ဘယ်လိုလဲတော့ မပြောပြတတ်ဘူး သူ့ရယ်သံကြီးကိုလေ
သူနဲ့ ရင်းနှီးတဲ့သူတွေ အားလုံးတော့ သိတယ်
အဲဒီရယ်သံကို နားထဲမှာ ကြားနေတယ်
ကိုငှက်အကြောင်းကို ရေးမယ်ရေးမယ်လို့ စိတ်ကူးနေတာကြာပြီ
ဒါပေမယ့် တစ်ခါမှ မရေးဖြစ်ဘူး
ဘာလို့လဲဆိုတော့ ကိုငှက်အကြောင်းကို ရေးလိုက်ရင်လည်း
အပြင်က ကိုငှက်ကို မီမယ်လို့ ကိုယ့်ကိုယ်ကို လုံးဝမထင်လို့

နေမျိုးဆေး

---

ထူးအိမ်သင် ကွယ်လွန်သွားသည်မှာ -
ကျွန်တော့်အတွက် မိတ်ဆွေသူငယ်ချင်းကောင်း တစ်ယောက် ဆုံးရှုံးမှု
ထို့ထက်ပို၍
ကျွန်တော့အတွက် ညီအစ်ကိုရင်းချာ တစ်ယောက် ဆုံးရှုံးမှု
ထို့ထက်ပို၍



http://mmteashop.com

ကျွန်တော့အတွက် ဆရာသမားကောင်းတစ်ယောက် ဆုံးရှုံးမှု အထူးသဖြင့် မြန်မာနိုင်ငံ အတွက် ဂီတသစ် အနုပညာရှင်စစ်စစ် ဆုံးရှုံးမှု ဖြစ်ပါတယ်။

သူ့အနုပညာများနှင့်တကွ သူနဲ့ပါ ဆုံစည်းခွင့်ရတဲ့ ဘဝကို ကျွန်တော် တစ်သက်လုံး အမှတ်တရ ဂုဏ်ယူသွားပါမယ်။

သူ့သီချင်းတစ်ပုဒ်မှာ ဖော်ပြခဲ့တဲ့ "ငါဟာ အတ္တမဲ့ အလင်းရောင်တစ်ခု ဖြစ်ချင်တယ်" ဆိုတဲ့ သူ့ဆန္ဒအတိုင်း ပြည့်ဝနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းရင်း ဦးညွှတ်ပါတယ်။

ရွှေဂျော်ဂျော်

၁၃ - ၉ - ၀၄




http://mmteashop.com

# နာရီပေါ်က မျက်ရည်စက်များ

နိုင်ဇော်

(၁)

ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့မှာ "ချစ်ဗဟိုရ်" ဆိုသော စင်တင်တေးဂီတ စားသောက်ဆိုင် တစ်ဆိုင်ရှိသည်။ "ချစ်ဗဟိုရ်" ၏ ပင်တိုင် ဂီတပညာရှင်က ကိုဝင်းဦး။

ကိုဝင်းဦးသည် ပဲခူးသား။

မော်လမြိုင်တက္ကသိုလ်မှာ သချင်္ချာမေဂျာနှင့် တက်ခဲ့သည်။ ကိုဝင်းဦး၏ ဂီတ ငယ်ဆရာများမှာ ပဲခူး နှယ်တေးဂီတမှ ဦးထွေးမောင်မောင်နှင့် ဦးဝင်းမောင်မောင်တို့ ဖြစ်ကြသည်။ ကိုဝင်းဦးသည် ပဲခူး Paradise တွင် တီးခဲ့၏။ မော်လမြိုင်ကျတော့ ဖက်တန်းရှိ ရွက်စိမ်းတီးဝိုင်းတွင် တီးခတ်ခဲ့သေးသည်။

(၂)

၁၉၈၄ ခုနှစ်။

မော်လမြိုင်မှာ sharp တီးဝိုင်းထောင်တော့ ကိုဝင်းဦးကို ပဲခူးထိ လာပြန်ခေါ်ကြသည်။ လာခေါ်ပုံက အဆန်း...

"ဝိုင်းထဲမှာ ရောက်နေတဲ့လူက မဖြစ်စလောက် အသက်အရွယ်နဲ့ ဟိုလူ တီးတာဆိုလည်း မဟုတ်သေးဘူး၊ မတီးနဲ့၊ ဒီလူ ဆိုတာဆိုလည်း မဟုတ်သေးဘူး၊ မဆိုနဲ့၊ မှားရင် လုံးလုံးသည်းမခံဘူး၊ အဲဒါ ခင်ဗျားလာမှ သူ့ကို လှန်ချိုးနိုင်တော့မှာ၊ ဘယ်သူမှ သူ့ကို မနိုင်တော့ဘူး" ဟုဆိုသည်။

မော်လမြိုင်ရောက်တော့ ဆံပင်တွန့်ကွေးကွေး၊ အသားဖွေးဖြူဖြူ၊ မျက်မှန် ထူထူကြီးနှင့် လူငယ်လေးကို တွေ့ရသည်။ သူ့နာမည်က ကျော်မြင့်လွင်။ ခင်မင်သူတွေက ဘဲဥ ခေါ်ကြသည်။

သီချင်းတိုက်ပြီး စကားနည်းနည်း ပြောကြည့်သည်နှင့် ဗီဇသိသွားပြီး၊ လှန်ဖို့ချိုးဖို့ နေနေသာသာ သူတို့နှစ်ယောက် လွန်စွာ ချစ်ခင် ရင်းနှီးသွားခဲ့ကြလေသည်။

(၃)

မော်လမြိုင် Sharp တီးဝိုင်းမှာ ကျော်မြင့်လွင်နှင့် ကိုဝင်းဦးက လိဒ်နှင့်ဘေ့စ်ကို ခွ တီးကြပြီး ဂျက်မြသောင်းက ဒရမ်တီးခဲ့သည်။

ကိုဝင်းဦးနှင့် ကျော်မြင့်လွင်တို့ သွားလေရာ တတွဲတွဲမို့ လူတွေကို ကိုဝင်းဦးကို သျှပ်ကြီး၊ ကျော်မြင့်လွင်ကို သျှပ်ကလေး ဟုလည်း ခေါ်တတ်ကြသေးသည်။

(၄)

တစ်နေ့တော့ ကျော်မြင့်လွင်က

"ကျွန်တော် သီချင်းလေးတွေ ရေးထားတာ ရှိတယ်" ဟု ဆိုလာသည်။

ကိုဝင်းဦးက ၁၉၇၉ - ၈၀ ခုနှစ်လောက်တုန်းက ပဲခူးမှ သူငယ်ချင်းတွေ၏ "လွမ်းတဲ့လမ်း" အယ်လ်ဘမ်ကို လင်းစတူဒီယိုမှာ သွင်းခဲ့ဖူးသော အတွေ့အကြုံ ရှိခဲ့သည်။

ကျော်မြင့်လွင် ရေးထားသည် ဆိုသော သီချင်းကလေးတွေ ဟော်လိုဂစ်တာနှင့် တီးပြတာ နားထောင်ရသည်။ နားထောင်ကြည့်လိုက်ကြည့်လိုက်ချင်း တန်းသိသွားသည်။ Own tune လိုင်းမှာ ဤသီချင်းပုံစံမျိုး လုံးဝမရှိ။

ကိုဝင်းဦးက -

"ဟ မင်းသီချင်းတွေ ကောင်းလှချည်လား" ဟုတ် ချက်ချင်းမှတ်ချက် ချမိသည်။

(၅)

ကျော်မြင့်လွင်မှာ ရေးထားသည့် သီချင်းတွေက လယ်ဂျာစာအုပ်နှစ်အုပ်စာ။ ရှစ်ဆယ်လောက်ပင် ရှိမည်။

"ဟကောင် မင်းဖြစ်တယ်၊ ခွေလုပ်ဖို့ ကြိုးစားကွာ" ဆိုတော့ ကျော်မြင့်လွင်က -



http://mmteashop.com

"ကျွန်တော် အဆိုတော်လုပ်ဖို့ မဟုတ်ပါဘူး၊ သီချင်းလေးတွေသာ ရောင်းပေးစမ်းပါဗျာ" ဟု ဆိုသည်။

ထိုကာလကတည်းက "နာရီပေါ်မှ မျက်ရည်စက်များ" သာမက "မှော်ဆရာအိပ်မက်" "သက်ပြင်း" သီချင်းတွေပင် ရေးဖွဲ့ပြီးနေပြီ။

(၆)

ကျော်မြင့်လွင်သည် တူရိယာပစ္စည်း တစ်ခုခုနှင့် ခဏတွေ့လိုက်ရုံမျှသာ။ သူ့ပင်ကိုယ် ပါရမီအရ ချက်ခြင်းရင်းနှီး ကျွမ်းဝင်သွားသည်။ သီချင်းဆိုလည်း တစ်ခါလောက် နားထောင်လိုက်ရုံနှင့် ရနေပြီ။

ပဲခူး ခြူးကမ္ဘာ ကျော်ကျော်တို့အိမ် သွားလည်တော့ စန္ဒရားတီးကြသည်။ ထိုအချိန်က ကိုဝင်းဦး သူငယ်ချင်း ကိုတူးတို့လည်း မော်လမြိုင်သကြၤန်မှာ သီချင်းဆိုဖို့ ရောက်နေကြသည်။ ကျော်မြင့်လွင်က "နာရီပေါ်မှ မျက်ရည်စက်များ" ဆိုပြသည်။ ညကအချိန်မတော် နှစ်နာရီထိုးနေပြီ။ ကျော်ကျော့အမေက မောင်းချလိုက်၍ အားလုံး ကမ်းနားလမ်းမှာ မိုးလင်း သွားထိုင်နေရလေသည်။

(၇)

တစ်နေ့တော့ ကျော်မြင့်လွင့် က -

"ကိုဝင်းဦး၊ ကျွန်တော် ဂီတပညာ သင်ချင်သေးတယ်ဗျာ၊ ဆရာဖရန်းစစ်ဆီ သွားသင်ရအောင်၊ မုဒုံအထွက်လမ်း ကုန်းထိပ်မှာ နေတာဗျ၊ ကျောင်းနောက်က ကွေ့တက်သွားရုံ နီးနီးလေးပဲ" ဟု ဆိုသည်။

ဆရာဖရန်းစစ်၏ အမည်ရင်းက ဦးအောင်စိုး၊ ရေတပ် ဘင်တီးဝိုင်းမှာတုန်းက ခေါင်းဆောင်။ အင်ဂလိုအင်းဒီယန်း လူမျိုးဖြစ်သည်။။



http://mmteashop.com

ဆရာဖရန်းစစ်က သူတို့ကို လေ့ကျင့်ခန်းတွေ ပေးသည်။ ကိုဝင်းဦးက ရောက်လိုက် မရောက်လိုက် များသည်။ ကျော်မြင့်လွင်ကတော့ စွဲစွဲမြဲမြဲ မှန်မှန်ကြီးသွား၍ သီအိုရီပိုင်းမှာ အလွန့်အလွန် တိုးတက်သွားခဲ့လေတော့သည်။

(၈)

၁၉၈၅ ခုနှစ်။

တော်သလင်းလ။ ဆွမ်းကြီးလောင်းရာသီ။ သီချင်းတိုက်အပြီးမှာ -

"ကိုဝင်းဦးလာဦးဗျာ၊ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောရအောင်၊ တိုင်ပင်စရာ ရှိတယ်" ဟုဆိုသည်။

ထိုအခါကျမှ ကျော်မြင့်လွင် အမေက ရက်ကောဒင်း လုပ်ဖို့ ငွေထုတ်ပေးထားတာ သိလာရတော့သည်။

သူတို့နှစ်ယောက် မော်လမြိုင်က ထွက်လာကြတော့ သီချင်းသွင်းဖို့ဆိုတာ ဘယ်သူမျှ မသိကြ။ တီးဝိုင်းထဲပင် အသိမပေးခဲ့။ ဆရာဖရန်းစစ်ကိုတော့ ကမန်းကတန်း ပြေးကန်တော့ကြသည်။ ဆရာက -

"ကျော်မြင့်လွင်၊ ငါ့တပည့်တွေ ထဲမှာတော့ မင်းက အထူးခြားဆုံးပဲ၊ မင်းသေချာပေါက် အောင်မြင်မှာပါ" ဟု ဆုမွန်ကောင်း တောင်းပေးခဲ့သေးသည်။

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန် ၁ လမ်းရှိ ကိုဝင်းဦးအိမ်မှာ စတည်းချ လိုက်ကြသည်။။ ကိုဝင်းဦးက ထိုအချိန်မှစပြီး ကျော်မြင့်လွင်ကို သီချင်းဆိုဖို့ ကိစ္စတစ်ခုပဲ ခေါင်းထဲ သွင်းထားစေသည်။

ကျန်တာအားလုံး သူစီစဉ်သည်။ ရန်ကုန်တက်ပြီး Aces တီးဝိုင်းမန်နေဂျာ ကိုစိုးအောင်နှင့် သွားတွေ့သည်။ ဒိတ်ယူ၊ တီးဝိုင်းချိန်း၊ အားလုံး စီစဉ်သည်။ အိုအေစစ်မှာ အသံသွင်းကြမည်။

ကျော်မြင့်လွင်က ပထမတစ်ကြိမ်၊ နှစ်ကြိမ်ပဲ လိုက်လာသည်။ ကိုဝင်းဦးပဲ ရှေ့က ပြေးလွှား ကမကထ လုပ်ပေးခဲ့သည်။



http://mmteashop.com

(၉)

အားလုံး အဆင်သင့် ဖြစ်သလောက်ရှိမှ ရန်ကုန် တက်လာကြသည်။ တာမွေက ကိုထွေးညွှန့်အိမ်မှာ တည်းသည်။ ရန်ကုန်တက္ကသိုလ် မိန်းထဲမှာလည်း တစ်ခါတလေ သွားနေသည်။

ကိုဝင်းဦးက ဘဏ္ဍာကိုင်၍ ပိုက်ဆံကို တိုင်းပြီး သုံးရသည်။ ရီကောဒင်းပြီး ညနှစ်နာရီ၊ သုံး လေးနာရီ။ အိုအေစစ်မှာ ဘူတာကြီးအထိ လမ်းလျှောက်။ မနက်စောစော ၆နာရီ ရထားစီးပြီး ပဲခူးပြန်ရသည်။

ရီကောဒင်းနေ့ ဆိုလျှင် နတ်စ် ထွက်ကူးတာမျိုး လုပ်ဖို့ ကားငှားထားရသည်။

ဟိုက်ဆွမ် ပျော်ပွဲစားရုံကို သွားကြသည်။ တက်စားတာမဟုတ်။ နံဘေးက မုန့်ဟင်းခါးဆိုင်မှာ စားကြတာဖြစ်သည်။

(၁၀)

ရီကောဒင်းအတွက် အားလုံးဝိုင်းကြဝန်းကြသည်။

အိမ်က ကက်ဆက်ရောင်း၊ နာရီရောင်း ထည့်သည်။ ပဲခူးက သူငယ်ချင်း တွေလည်း သူ့ကိုချစ်တော့ ကူညီပေးကြသည်။ စစ်စစ်ပေါက်ပေါက် လက်ထဲ သုံးသောင်း ခွဲခန့် ရှိလာသည်။

တီးဝိုင်းနှင့် ရီကောဒင်းမှာတင် နှစ်သောင်းခွဲကုန်ပြီ။ အင်ဂျင်နီယာနှင့် တီးဝိုင်း အကျွေးအမွေး၊ တိုလီမိုလီက တစ်သောင်းလောက် ကုန်တော့သည်။

(၁၁)

ရီကောဒင်းကာလမှာ ကျော်မြင့်လွင်၏ အစွမ်းသတ္တိများစွာ တွေ့လာရသည်။

"ညီလေးရေ" ဆိုလျှင် ထိုသီချင်းကို လုံးဝကြိုတင် မရေးရသေး။ အကျိုးပြု သီချင်းတစ်ပုဒ် ထည့်ရမည်ဆို၍ စတူဒီယိုထဲတင် ကောက်ရေးသည်။ ကိုပက်ထရစ်က ထိုသီချင်းကို နှစ်သက်လှ၍



http://mmteashop.com

"မင်းသီချင်းက တိုက်တယ်လ်တောင် လုပ်လို့ရတယ်" ဟု ဆိုသည်။

(၁၂)

အသံသွင်းတာကလည်း ဒုက္ခအတော်ခံခဲ့ရသည်။

အတီးပြီး၍ အဆို Vocal ထပ်နေပြီ။ ကျော်မြင့်လွင်ကို ကိုချာလီ၊ ကိုကောင်းမြတ်တို့က စိတ်ရှည်စွာ လုပ်ပေးကြသည်။ Track နှစ်ခုပေါင်း၍ ကဒ်တစ်ခု ရအောင် လုပ်ပေးသည်။ နှစ်ကန့်ပေါင်း၍ တစ်ခုပိုထွက်လာသည်။

ထိုအခါ သူစိတ်တိုင်းကျဆိုသည်။

ကောင်းပြန်သည်။

ဒါလည်းကောင်း။ ဟိုဟာလည်းကောင်း။ ဘာထည့်ထည့်ကောင်း ။ ဘယ်သူမှ မရွေးနိုင်။ တစ်ခါဆို၊ ဆိုဟန်တစ်မျိုး။ Mood ပင်ပြောင်းသွားသည်။ ကိုပက်ထရစ်ပင် မျက်စိလည်သည်။

"ခင်ဗျားဟာ သီချင်းအသစ် တစ်ပုဒ်လား"

"မဟုတ်ဘူး၊ တစ်မျိုး ပြောင်းဆိုလိုက်တာ"

"ဟာ ... လုပ်ချလိုက်ပြန်ပြီဗျာ"

(၁၃)

သို့ဖြင့် "စုပါစကားလုံးကွန့်" ဟုလည်း အမည်ပေးကြသည်။ "မစွတာကွန့်" ဟုတ်လည်း ခေါ်ကြသည်။

သို့သော် အားလုံး ကြည်ကြည်ဖြူဖြူ၊ ပျော်ပျော်ရွှင်ရွှင်။

(၁၄)

ဟာမိုနီ ထည့်မည် ဆိုတော့ ဟာမိုနီ ၁ ယောက်ကို ၅၀၀ နှင့် နှစ်ထောင် ပေးရမည်။ ထိုအချိန်မှာ ရေပိတ်ချိန်ရောက်ပြီ။ နှစ်ထောင် မပြောနှင့် နှစ်ရာပင်မရှိ။



http://mmteashop.com

ကိုယ့်ဘာသာပဲ ချလိုက်တော့မည်။

ဟာမိုနီ အရိန်ရှိမှ နှစ်ယောက်တိုင်ပင်သည်။ တကယ်တော့ ကျော်မြင့်လွင် အိုင်ဒီယာပဲ များသည်။ ကိုဝင်းဦးက နည်းနည်း။

ပဲခူးက မျိုးအေး၊ ဝင်းမြတ်ဦးတို့နှင့် ညီညီသွင်၊ ကိုဝင်းဦးတို့ လေးယောက်ပဲ ဟာမိုနီအတွက် စီစဉ်ကြသည်။ ကိုချာလီက အရင်နားထောင်ပြီး မိုက်တွေရှေ့တိုး နောက်ဆုတ် ချိန်ဆကြသည်။

လုပ်တော့လည်း အခက်အခဲများစွာ။

ကျော်မြင့်လွင် လုပ်ချင်တာက သိပ်များသည်။ သူသိထားတာ ကလည်း ထုထည်ကြီးမားသည်။

ဤသို့ဖြင့် နှစ်ဂျူတီစလုံး မိုးလင်းခဲ့ရသည်။

(၁၅)

တီးဝိုင်းက instruments တွေနှင့် တီးခတ်ပေးထားသမျှ ကျော်မြင့်လွင်စိတ်ထဲမှာ အားလုံး ကျေနပ်အားရသည် မဟုတ်။ နောက်ခံတီးထား သူ့စိတ်ထဲ မပြည့်တာတွေရှိသည်။ အင်အား ထုထည် လျော့နေတာရှိမည်။ ထိုသို့ instruments က လိုနေသမျှနေရာတွေကို လူ့အသံ(human voice ) တွေနှင့် လိုက်ဖြည့်ပေးရသည်။

သူက ကိုဝင်းဦးတို့ကို ဘယ်နားမှာ ဘယ်လိုဘယ်လိုအော်ပေးဖို့ ညွှန်ကြားသည်။ သူထောက်ပြသည့် နေရာများမှာ လူ့အသံနှင့် အားဖြည့်ခဲ့ရသည်။

ဒုက္ခရောက်သည်။ ပင်ပန်းသည်။

အသံဖမ်းသည့် ကိုချာလီတို့က သူတို့သက်တမ်းတစ်လျှောက် ဒီလိုလုပ်တာမျိုး ခဏခဏ မကြုံတွေ့ခဲ့ရဖူးသော်လည်း သူ့ကို သည်းခံကြသည်။ အလိုလိုက်ကြသည်။



http://mmteashop.com

(၁၆)

တကယ်တော့ ထိုအချိန်တုန်းက ကျော်မြင့်လွင်၏ အသက် ၂၂နှစ် ၂၃နှစ်လောက်ပဲ ရှိသေးသည်။

သို့သော် ဂီတ ပညာကို သူကောင်းကောင်းကြီး သိနေပြီ။ သူခိုင်းသည့် အတိုင်း လုပ်ပေးပြီး ပြန်နားထောင်ကြည့်တော့ ပီတိဖြစ်စရာ၊ ဂီတအသံတွေက အားအင်အပြည့် ရုပ်လုံးကြွလာသည်။

"နာရီပေါ်မှ မျက်ရည်စက်များ" အခွေထွက်လာသောအခါ ပရိသတ်ရင်ထဲ တည့်တည့် တန်းတန်း ရောက်သွားခဲ့ရသည်မှာ အဆိုပါအဆန်းတကြယ် ကြိုးပမ်း အားထုတ်ခဲ့သည်များကြောင့်ဆိုလျှင် မမှားနိုင်။

အချို့သော လူနည်းစုအတွက် "နာရီပေါ်မှ မျက်ရည်စက်များ" နားမခံမရပ် နိုင်စရာ ဖြစ်ခဲ့ရသည်မှာလည်း သူ၏ ဂီတမော်ပဋ္ဌလက် တန်ခိုးကြောင့်ပင် ဖြစ်လိမ့်မည်။

(၁၇)

ကျော်မြင့်လွင်သည် အဆိုပညာ ပိုင်နိုင်သလို တူရိယာတွေကို စေခိုင်းနိုင်သည်။ တစ်ကြိမ်တွင် ရီကောဒင်း ခဏနားခိုက် အားလုံး ကင်တင်း သွားထိုင်ချိန် သူနေရစ်ခဲ့သည်။ ပြန်လာတော့ အခန်းထဲမှ စန္ဒယားသံကို ကြားရသည်။ အခန်းတံခါး မစေ့တစေ့ ကြားမှာ စန္ဒယားကို ဘယ်ညာကိုင်နေသော ကျော်မြင့်လွင်ကို တွေ့ရသည်။

တီးနေသည်က "နာရီပေါ်မှ မျက်ရည်စက်များ"

(၁၈)

ပတ္တလားတွေလည်း သူဝင်တီးတတ်သည်။

"မင်းဘယ်တုန်းက တတ်သွားတာလဲ" ဆိုလျှင်

"ခုနကပဲလေ" ဟု ဖြေတတ်သည်။

http://mmteashop.com

(၁၉)

သည်လိုနှင့် မာစတာတိပ်ခွေ ပြီးခဲ့သည်။

သို့သော် စတူဒီယိုကနေ မရွေးနိုင်သေး။ ပိုက်ဆံကမရှိ။ ခွေရောင်းရမှ ရွေးနိုင်တော့မည်။

လိုက်စပ်ရောင်းကြည့် ရတော့မည်။

တိပ်ခွေထွက်လျှင် မည်သည့် နာမည်နှင့် ထွက်မည် ဆိုတာကို မေးကြည့် ရသေးသည်။

"ဘာ ... ထူးအိမ်သာ"

"ဟာ . . . ခင်ဗျားလုပ်ပြီ၊ ထူးအိမ်သင်ပါဗျ" ဟု ဆိုသည်။

ပန်းချီကလည်း ဖြစ်သည်။ သူ့ ကာဘာကဒ်ကို သူ့ဘာသာ ရေးဆွဲထားခဲ့သည်။

(၂၀)

အခွေလိုက်ပြတော့ ရီကောဒင်းတွေက စိတ်မဝင်စား။ လာအကဲခတ်ထား ပြီးသော တေးသံသွင်းကြီး တစ်ခုကတော့ ဤအခေါက်ကို အပြတ်ဝယ်မည်။ သို့သော် နောက်ထပ် နှစ်ခွေ ဆိုပေးရမည်။ ထိုနှစ်ခေါက်အတွက် တီးဝိုင်းစတူဒီယိုခ ဘာမျှ ထပ်ပေးစရာမလို။ သူတို့အားလုံး တာဝန်ယူမည်။

သို့သော် ကျော်မြင့်လွင်က ချုပ်ကိုင်တာကို လက်မခံ။ နောင်ထွက်မည့် အခွေနှစ်ခွေ ကိစ္စ သူမသိ။ သူက ဘုန်းကြီးဝတ်ချင်လည်း ဝတ်သွားမည်။ "ကျုပ်သီချင်းတွေ ဝယ်ဆိုမယ့်လူမ ရှိလို့သာ ကိုယ့်ဘာသာ ဆိုလိုက်ရတာ၊ အခုအောင်မြင်သွားလည်း နောင်ကို ဆိုချင်မှဆိုတော့မှာ" ဟု ဆိုသည်။

(၂၁)

ချုပ်ကိုင်မည့်သူဆီ မရောင်းရသလို ဘယ်မှာမှ ရောင်းမထွက်။ ချာလည် ချာလည်နှင့် ဝေ့နေသည်။ စရိတ်ပြတ်တော့ ပြန်ရှာသည်။



http://mmteashop.com

စိတ်ဓာတ်ကျလာ၍ "ဘုန်းကြီးဝတ်လိုက်ရ ကောင်းမလား" မကြာခဏ တွေးမိသည် ဟု ကိုဝင်းဦးကို ပြောပြသည်။

ခြောက်လလောက်အကြာ ...

တိုက်ဆိုင်ချင်တော့ ရန်ကင်းဆယ့်နှစ်လုံးတန်း၊ ပိုက်လုံးကြီးရှေ့ လက်ဖက်ရည် ဆိုင်မှာ တိတ်ခွေထည့်ဖွင့်ထားစဉ် ...

သူငယ်ချင်းတစ်ယောက် ရောက်လာသည်။

ပဲခူးမှ အလုပ်သမားအရာရှိ၏ သားဖြစ်သူ ကိုမောင်မောင်ကျော်။

ကိုဝင်းဦးနှင့်က အတော်လေးရင်းနှီးသည်။

(၂၂)

ဝင်ထိုင် စကားပြောရင်း ...

"ခု ဖွင့်ထားတဲ့ အခွေလေး ကောင်းလှချည်လား၊ ဘယ်သူ့အသံပါလိမ့်" ဟု ဆိုသည်။

"အသံရှင်က သူပဲလေ" ဟု ကျော်မြင့်လွင်နှင့် မိတ်ဆက်ပေးရသည်။ အခွေလေး လိုက်ရောင်းနေတာ သိတော့ ကိုမောင်မောင်ကျော် စိတ်ဝင်စားလာသည်။ သူ့အဖေနှင့် ဂန္ထမာနှင့် နီးစပ်မှုရှိသည်။

"ကျွန်တော့်မှာတော့ ငွေနှစ်သောင်းရှိတယ်၊ ယူသွားဗျာ၊ အခွေတော့ ကျွန်တော့် အဘိုးကြီးဆီ အပူကပ်ဖြန့်မယ်" ဟု ဆိုသည်။

ကျော်မြင့်လွင်က ညစ်နေပြီ။ စပ်ခဲ့တာလည်း နှံ့သလောက်ရှိပြီ။ စိတ်ဓါတ် ဒုံးဒုံးကျ၍

"ရောင်းလိုက်ဗျာ ပေးစရာရှိတာတွေ ပေးပြီးရင် မော်လမြိုင်ပြန်ဦးမယ်" ဟု ဆိုသည်။

(၂၃)

သည်လိုနှင့် တစ်ထိုင်တည်းမှာ အရောင်းအဝယ် ဖြစ်သွားတော့သည်။



http://mmteashop.com

(၂၄)

အခွေရောင်းပြီးချိန်မှာ စိတ်ထဲလုံးလုံး ပေ့ါသွားသည်။ ကျန်သည့်အပိုင်း မောင်မောင်ကျော့် ဘာသာ လုပ်ပါစေတော့။ အောင်မြင်မည်၊ မအောင်မြင်မည်ဆိုသည့် ဇောတွေလည်း မရှိပြီ။

သံယောဇဉ်ဖြတ်ခဲ့သည်။

ပဲခူးမှာ လေးငါးရက်နေပြီး မော်လမြိုင်သို့ အေးအေးဆေးဆေး ပြန်သွားတော့သည်။

(၂၅)

နောက်ထပ် ခြောက်လလောက်ကြာမှ အခွေထွက်လာခဲ့သည်။ ပရိသတ် အကြားမှာ "နာရီပေါ်မှ မျက်ရည်စက်များ" အောင်မြင်သွားခဲ့ပုံက တုန်လှုပ်ချင်စရာ။ အံ့မခန်း။

ထိုအကြောင်းတွေ ပြန်စဉ်းစားတိုင်း ကိုဝင်းဦးမှာ ဆွတ်ပျံ့လွမ်းမောစရာ။

နှစ်ပေါင်းနှစ်ဆယ်။

နိုင်ဇော်

http://mmteashop.com

## ထူးအိမ်သင် ကွယ်လွန်ပြီးနောက် မဂ္ဂဇင်း ဂျာနယ်များမှ လွမ်းစာများ

# အစိမ်းရင့်ရောင့်ရက်စွဲများ

နင်းဝေငြိမ်း

သည်ကနေ့ ၁၄-၁၁-၀၄ နေ့၊

မှတ်မှတ်ရရ ထူးအိမ်သင်ဆုံးတာ ၃လပြည့်သည့်နေ့၊

သူကား ၁၄-၈-၀၄ နေ့မှာ ဆုံးသည်။

အနုပညာရှင် တစ်ယောက် ဆုံးပါးသွား၍ ဝမ်းနည်းတာထက် များစွာ နမြောတသ ဖြစ်စရာကောင်းသည်ကို သူ့ရျာပန မြင်ကွင်းက အထင်အရှား ဖြစ်စေခဲ့သည်။ သူက တေးရေးဆရာ အဆိုတော် ဂီတပညာရှင် အနုပညာ စာပေမှာ ကဗျာဆရာ သျှပ်မှုးကျော်။

ကျွန်မမှာ သူ့အကြောင်းရေးရန် ပြည့်စုံလုံလောက်သော အကြောင်းပြချက်များစွာ မရှိပါ။ ဒါပေမယ့် ကျွန်မပတ်ဝန်းကျင်ရှိ အနုပညာရှင်များစွာက သူနှင့် ဆက်နွယ် ပတ်သက်နေကြသည်။ သူ့အကြောင်း ပြောမကုန်အောင် ရှိနေကြသည်။ သူနှင့်ကျွန်မက အစိမ်းသက်သက်တော့ မဟုတ်။ မျက်မှန်းတန်း သိကျွမ်းနေကြသူများလည်း ဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ကျော် ကာလများ ၁၉၉၀-၉၁ ခုနှစ်လောက်တွင် ပုသိမ်မြို့မှာ မွေး၍ မော်လမြိုင်တွင် ကျောင်းပြီးသော ထူးအိမ်သင်သည် "အမေ့အိမ်" သီချင်းကို မြန်မာတစ်နိုင်ငံလုံးက လူငယ်တွေ နှုတ်ဖျားမှာ စီးဆင်းစေအောင် ဖန်တီးနိုင်စွမ်း ရှိခဲ့ချိန်။

အနုပညာမှ လွဲလျှင် ဘာကိုမှ မမက်မောသူ တစ်ယောက်၊ အချည်အနှောင်များ၊ ထိန်းချုပ်မှုများစွာကို ကြောက်ရွံ့သူတစ်ယောက်၊ သူ့ကိုမြင်တိုင်း ဘားလမ်း (မဟာဗန္ဓုလ ပန်းခြံလမ်း) ဝန်းကျင်မှာ ဂျင်းန်အပြာ တစ်ထည်နှင့် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်



http://mmteashop.com

နေတတ်တာမျိုး၊ ဆံပင်တွေ ကော့ကော့ကောက်ကောက် ဖြူဆွတ်သော အသားအရေမှာ ခပ်ပိန်ပိန် ရှည်ရှည်လေးနှင့် မျက်မှန်ပါဝါထူကြီးကလည်း သူ့ရဲ့ အမှတ်အသား ဖြစ်ခဲ့သည်။

ထိုကာလများက ကျွန်မမှာ သူငယ်ချင်း ၄ ယောက်ရှိခဲ့သည်။ ဂီတလောကနှင့် လုံးဝပတ်သက်နေသော စာပေအနုပညာနှင့် ပတ်သက်နေသောသူများသာ ...

သည်လို .... သည်လို ခင်မင်နေကြသူတွေက ကိုယ်စီ အနုပညာသမားတွေ ဖြစ်သောအခါ တေးရေး မောင်ဇော်သစ်၏ အင်မတန် ချစ်လှစွာသော အဆိုတော် ထူးအိမ်သင်သည်လည်း ကျွန်မတို့နှင့် မေးထူးခေါ်ပြော စာရင်းဝင်ခဲ့လေ၏။ သူက ပကာသနကို အလွန်မုန်းဟန် တူ၏။ သူ့ကြည့်လိုက်လျှင် အလွန်စိတ်လက် အေးနိုင်စွာ သွားလာ နေထိုင်တတ်၏။ ဘာအဆောင်အယောင်မှ သူ့မှာမရှိ။ သူ့မှာ ရှိနေတာက အနုပညာတွေမှန်း သိသာလှ၏။ သူ့အနုပညာတွေက အရာရာကိုလွှမ်းမိုးနိုင်စွမ်း ရှိလွန်း၏။

ကျွန်မ မှတ်မိသေးသည်။

အရင်က မဟာဗန္ဓုလပန်းခြံလမ်းက တေးသံသွင်းဆိုင်တွေ ဘေးမှာ သစ်မွှေး အအေးဆိုင်ရှိ၏။ ထိုအအေးဆိုင်မှာ ကျွန်မတို့ သူငယ်ချင်းတွေ အအေးသောက်နေကြရင်း ထိုဝိုင်းသို့ ထူးအိမ်သင် လာထိုင်သည်။ သူက ကျွန်မ၏ ရုံးယူနီဖောင်းကိုကြည့်ပြီး "ကျွန်တော် အဲဒီ ဝတ်စုံတွေမြင်ရင် စိတ်ထဲ လေးလံနေတယ် ... ရုံးဝတ်စုံ ဝတ်ထားရင် ကျွန်တော်တို့ စကားပြောရတာ မလွတ်လပ်သလိုပဲ " တဲ့။

နောက် ... သူကဆက်ပြောသေး၏။

"ရုံး ဆိုတာ ဘာလုပ်ရတာလဲ " တဲ့။

ထူးအိမ်သင် ဆိုတာ အဲ့ဒါပါပဲ။ ကျွန်မဘဝမှာ မှတ်မှတ်ရရကို ရှိခဲ့ဖူးသော အဖြစ်ပါ။ ထိုစဉ်က ထူးအိမ်သင်ပြောသမျှ ကျွန်မက ရယ်နေမိ၏။ အတော်ကြီးကို ရယ်စရာကောင်းသူ တစ်ယောက် ဟုပြောပြီး ... ကျွန်မက ရုံးဆိုတာ ဘာ ... ဘယ်လိုနှင့် ရှည်ကြာစွာ ရှင်းပြခဲ့ပေမယ့် ... ထိုစဉ်ကတည်းက ထူးအိမ်သင်၏ ကင်းလွတ်နယ်မြေကို ခန့်မှန်းမိသည်။ သူက ဝန်ထမ်းဆိုတာကို မသိ။ သူသည် စည်းမျဉ်း ဥပဒေများကို မွန်းကြပ်သူတစ်ယောက် ဆိုတာမှန်း ကောင်းစွာ သိနားလည်ခဲ့ရပါသည်။



http://mmteashop.com

နောက်တစ်ကြိမ်ဆုံတာက သူနှင့် သူချစ်သူ မသွယ်သွယ်ထွေးတို့ လက်ထပ်ပြီး လေထန်ကုန်းမှာ လာထိုင်စဉ် တစ်ရက်ပေါ့....။ ၁၉၉၅ အလွန်ကာလများပဲ ဖြစ်မည်။ သည်တုန်းက ကျွန်မက ရွက်နဝေမဂ္ဂဇင်း၏ အယ်ဒီတာ။ ကျွန်မ နေထိုင်သောလမ်းသည် မဂ္ဂဇင်းတိုက် တည်ရှိရာလမ်းနှင့် တစ်လမ်းထဲမို့ အယ်ဒီတာအလုပ်ကို နေ့ဆိုင်းညဆိုင်း ချီတက်ဆဲကာလ ...။ သတင်းကောင်းမှန်သမျှ စာမျက်နှာပေါ်တင်လိုသော အယ်ဒီတာ လက်သစ်တို့၏ ပညာခန်းတွေထုတ်သုံးချိန်။ ကျွန်မ အယ်ဒီတာစားပွဲရှေ့မှာ တစ်စုံတစ်ယောက် လာပြောသော သတင်းထက် ကျွန်မကိုယ်တိုင် မြင်တွေ့သော သတင်းကိုသာ ထည့်လေ့ရှိ၏။ တိုက်တိုက်ဆိုင်ဆိုင် ထူးအိမ်သင်နှင့် မိသွယ် (သူက မိသွယ်ဟု ခေါ်၍ ကျန်သူများကလည်း နှုတ်ကျိုးစွာ လိုက်ခေါ်နေမိပါသည်) တို့ အတူယှဉ်တွဲပြီး လာတော့ ကျွန်မက "လက်ထပ်လိုက်ပြီလား" ဟု အကြားသတင်းကို အတည်ပြုသည်။ ဘာကြောင့်ဆိုတော့ သူက မိသွယ်ပခုံးကို ရဲရဲတင်းတင်းဖက်လို့ ...။ မိသွယ်က ရေခဲမုန့်လေး စားလို့ ပြုံးပျော်နေကြသည့် အသွင်။ ကလေးလေးမှ တကယ်ပီဘိ ကလေးငယ် တစ်ယောက်၏ အပြုံး ...။

ပြုံးပျော်နေသော ထူးအိမ်သင်နှုတ်မှ "ဟုတ်တယ် လက်ထပ်လိုက်ပြီ" တဲ့။ သိပ်သေချာသော သတင်းကို ရရှိခဲ့သော ကျွန်မသည် ရွက်နဝေ စာမျက်နှာပေါ်မှာ ထူးအိမ်သင်၏ လက်ထပ် သတင်းထည့်ခဲ့သော ပထမဆုံး အယ်ဒီတာ တစ်ယောက်အဖြစ် အတော်ကြီး ဝမ်းသာခဲ့ဖူးတာ အမှန်ပင်။ သူက ထိုသတင်းပါသွား၍ ကျွန်မကို အတော်ကြီး ဒေါပွသတဲ့။ သူ့သတင်းက မှန်သော်ငြားလည်း သူက မင်္ဂလာ မဆောင်ချင်သူ၊ အလှူ ပကာသနတွေကို ရှောင်သူ၊ စာမျက်နှာထက်မှာ ကိုယ်ရေးကိုယ်တာ သတင်းတွေကို မတင်ချင်သူ၊ စင်စစ် ဧကန်ဖြစ်လေ၏။ သူဒေါပွလေ .... ကျွန်မက ဝမ်းသာခဲ့လေ။

ဒါပေမဲ့ သူက အနုပညာသမားပါ။ ထိုအနုပညာသမား၏ လုပ်ရပ်မှန်သမျှ အနုပညာသတင်း၊ လူမှုရေးသတင်း၊ ပညာရေးသတင်း အားလုံးမှန်လျှင် ထည့်ခွင့် ရှိတာကိုက ကမ္ဘာ့စာနယ်ဇင်းမူဝါဒ။ ဒါပေမယ့် ကျွန်မတို့ယဉ်ကျေးမှု ကတော့

http://mmteashop.com

ဆိုးသတင်းကို အမှောင်ချ၍ ကောင်းသတင်းကို စင်ပေါ် တင်ပေးတတ်သည့် ညာတာ တတ်သော ယဉ်ကျေးမှုပါ။

ထိုအချိန်က သူ့ရဲ့ "အမေ့ရဲ့ ဒုက္ခအိုးလေး"၊ "ကျေးဇူးပါမေမေ" တို့ "ရာဇဝင်ထဲက သတို့သမီး" တို့ဆိုလျှင် ဘယ်မှာဖွင့်ဖွင့် အသာလေး ရပ်နားထောင်ရမှ ကျေနပ်ကြသည် အထိ အောင်မြင်ခဲ့သူ။ သီချင်းကို အနုပညာနှင့် ဆိုသူ၏ သီချင်းအရသာကား သည်ကနေ့ အထိ ရင်ထဲစွဲတုန်းပင်။

သူဆုံးသွားပြီဆိုတော့ ... မယုံပါ။ ဘာလို့ချက်ချင်းကြီး ဆုံးရတာလဲပေါ့။ ထိုရက်တွေက ဂီတသမား လူငယ်တစ်ယောက် ဆုံးပြီဟု ကောလာဟလ ကြားနေဆဲမှာ ရုတ်တရက်ကြီး ထူးအိမ်သင်က ဆုံးရသတဲ့။

နောက်နေ့သတင်းစာမှာ သူ့နာရေး ဖတ်ခဲ့ရ၏။

သူဆုံးပြီဆိုတော့ ကျွန်မတို့ ဘာကို နမျောရမှန်းမသိ၊ အလွန်အမင်း နမျော နေကြ၏။ အရာရာဟာ အဓိပ္ပာယ် နည်းသွား သယောင်ပင်။ ဒါဟာ လူဖြစ်ရခြင်း၏ တန်ဖိုး တဲ့လား။

သူ့ဈာပနကို ကျွန်မတို့ သွားပို့ပါသည်။

ဘယ်လိုမှ တိုးမပေါက်သည့် ဈာပန။ လူငယ်များက ကြိတ်ကြိတ်တိုး။ မင်းသား၊ မင်းသမီး အဆိုတော်တွေ ကြည့်ဖို့လာသူများက သပ်သပ်၊ ထူးအိမ်သင် ပရိသတ်က သပ်သပ်။ သူ့ဈာပနမှာ သူ့နောက်ဆုံး မျက်နှာကို မြင်ချင်၍ လာကြသူများ အားလုံးနီးပါး (သူ့မိသားစုမှ လွဲ၍) ဘယ်သူမှ မမြင်လိုက်ရအောင်ပင်။ အစီအစဉ် မကျမန၊ အလဲလဲ အပြိုပြိုတွေ ဖြစ်ပြီး နောက်ဆုံး သူ့ဈာပန ခေါင်းကိုပင် အတင်းတွန်းထုတ် ထမ်းပြေးရသည် အထိ ပရိသတ်ကို ထိန်းမရနိုင်ခဲ့။ သူ့နောက်ဆုံး အယ်လ်ဘမ် ခေါင်းစဉ်ဖြစ်သော "တစ်နေ့စာ အလွဲများ" ဟာ ဒါများလား မသိနိုင်။

သူ့အပေါ် ချစ်ခင်သူများထဲမှာ စာပေအနုပညာသမားတွေလည်း အပြည့်၊ လေထန်ကုန်း ကနေ လိုက်ပို့ကြတာ ပါရမီကားကြီး ငါးစီးလုံး လူအပြည့်၊ မတ်တတ် ရပ်လျက်၊ ကားပေါ်မှာ ပုသိမ်သားတွေ ပါလာ၏။ ရရာကားတွေနှင့် ရန်ကုန်



http://mmteashop.com

တက်လာကြတာတဲ့။ ထိုအချိန်က ပုသိမ်မှာရေကြီးချိန်၊ ကားလမ်းတွေ ပိတ်ချိန်မှာ သူတို့ ကြေကွဲစွာ ရောက်လာကြလေရဲ့။ လမ်းမှာ သူ့အကြောင်းပြောရင်း ကျွန်မက စိတ်အချဉ်ပေါက်စွာ “သူ့ကို ဘယ်သူတွေ ဝိုင်းလွှမ်းကြဦးမလဲ မသိဘူး၊ သူ့သီချင်း မဆိုကြပါနဲ့လို့ တားဖို့ကောင်းတယ်” ဟုတ် ရင်ထဲကအတိုင်း ပြောမိသည်။ ဆရာမ သန်းမြင့်အောင်တို့က ထောက်ခံကြသည်။ လမ်းမှာ တစ်လမ်းလုံး ရပ်ပါလာသော ဆရာမ သန်းမြင့်အောင်က ထူးအိမ်သင်၏ သမီးလေးမိကွန်ထော ငယ်ငယ်က ခဏခဏ ဖျားလွန်း၍ မိတ်ဆွေ ဆရာဝန်ဆီ ခေါ်သွားခဲ့ဖူးကြောင်း၊ ဆရာဝန်က ကလေးကို ခေါင်းကနေ ရေလောင်းချိုးချတာကို စိုးရိမ်တကြီး ဖြစ်နေခဲ့သော ထူးအိမ်သင်အကြောင်း၊ သမီးလေး မိကွန်ထောကို သူသိပ်ချစ်ကြောင်းတွေ ဝမ်းနည်းတသ ပြောသွားခဲ့သမျှ ဆို့နင့်စွာ ကျွန်မတို့ နားထောင်လို့ပေါ့။ မြို့ထဲမှ ရေဝေးအထိ လိုက်ပို့ခဲ့ကြသည်မှ သည်လို ဖြစ်ရလေခြင်းဟု မကျေမနပ်ဖြစ်ကြရသည်။ ကျွန်မတို့ဆို လူအုပ်လှိုင်းထဲ ယိမ်းထိုးနေကာ ကိုယ့်ခင်ပွန်းသည်လည်း ဘယ်ရောက်နေမှန်းမသိ။ ဘေးနားက ညီမလေး ထွေးထွေး လက်ကိုသာ အတင်းဆုပ်ပြီး “မလဲစေနဲ့” ဟူ၍ တွင်တွင်သတိပေးရင်း အသက်ရှူ မဝတောင် ဖြစ်ခဲ့ရသည်။ မဟေသီ မဂ္ဂဇင်းက ဆရာမ သင်းသင်းသာနှင့် သွန်းနှင်းအိမ်လည်း လူစုကွဲ၊ အဆိုတော် ကိုင်ဇာလည်း သူ့ညီမကို လိုက်ရှာနှင့် ဖြစ်ကုန်၏။ ကျွန်မ တစ်သက်လုံး လိုက်ပို့ခဲ့ဖူးသည့် ဈာပနများ စည်ကားသည်၊ နောက်ဆုံးခရီး စည်ကားသည်ဆိုတာ တွေထက် များစွာ များစွာ၊ လူတွေ၊ လူတွေဆိုတာ … ကျွန်မတို့ ဘယ်သူမှ မငိုနိုင်ကြပါ။ ဆို့နင့်စွာ၊ မကျေနပ်စွာဖြင့် သူ့ကို ဂူသွင်းမည့်နေရာထိ လိုက်သွားကြသည်။

လူအုပ်ကိုကြောက်ပြီး အချိန်လွန်တော့ ဖွင့်မပြရဲတော့ဘူး ဆိုတား၊ လုံခြုံရေး တောင်းထားတဲ့ သူတွေက မထိန်းနိုင်ဘူး ဆိုလားမသိ၊ မသိခြင်းတွေနှင့် သူ့ကို ဂူသွင်းမည့် နေရာဆီ သွားကြတော့ အတားအဆီး အဖြတ်အကျော်တွေ လုပ်ခဲ့ကြရပြန်သည်။ ထိုအချိန် မှာ ကျွန်မ အတော်ကြီး ဒေါသဖြစ်နေပါပြီ။ ဒါ နိုင်ငံကျော် အဆိုတော တစ်ယောက်၏

http://mmteashop.com

အောင်မြင်မှုတဲ့လား၊ ဒါ တေးရေးဆရာ တစ်ယောက်၏ လက်ပြ နှုတ်ဆက်မှုတဲ့လား၊ သူကတော့ ဘာမှ မသိနိုင်ပါလေ။

ကျွန်မတို့ ကိုယ်တိုင် ဂူသွင်းသော နေရာနား ရောက်အောင် မနည်းသွားခဲ့တာတောင် မသွားရ၊ မလာရနှင့် လက်တွေချိတ်ဆွဲတားနေကြသေး၏။ သည်အချိန်မှာ တေးရေး ဝင်းမင်းထွေး၏ ပေါက်ကွဲကြေကွဲသံကို ပီပီသသ ကြားလိုက်ရပါသည်။

'ခင်ဗျားတို့ ဒီလောက်မတားနဲ့၊ ဒါ Artist တွေဗျ ကျွန်တော်တို့ နားလည်တယ်' တဲ့၊ ကျွန်မ သူ့ခံစားချက်တွေ နားလည်ခဲ့ရပြန်၏။ သည်တုန်းမှာ ထူးအိမ်သင် လဲလျောင်းနေသော နေရာမှ မြင်နေ ကြားနေလျှင် ထိုအရာတွေအတွက် အတော်ကြီး စိတ်ပျက်နေမည်လား မသိနိုင်ပါ။

ကျွန်မတို့က သူကွယ်လွန်ပြီးဆိုတာကို အသိအမှတ် မပြုကြပါ။ သူ့အကြောင်း ပြောနေဆဲပင်။ ကျွန်မခင်ပွန်း ပန်းချီဆရာက သူ့ပုံတူ ထိုင်ဆွဲခဲ့သည်။ တစ်နာရီတည်းနှင့် ပြီးသွားသော သူ့ပုံတူကို သူ့မိသားစုဆီ ပို့ပေးလိုက်လေ၏။ ဤမျှလောက် နှစ်သက် လေးစားကြပါသည်။

တလောဆီက

သူ့အိမ်လေးကို ပြတိုက်လုပ်မည်ဟု ကြားရသည်။ ပြတိုက်ဆိုတာ 'လူတော်တွေအတွက်ထားတာ' ဟု သိမ်းတင်သားက အနက်ဖွင့်သည်။ သူ့အမှတ်တရတွေ စုဆောင်းနေကြသည်

ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ထူးအိမ်သင်ပြတိုက်သို့ သွားကြည့်ရလိမ့်မည် ဟုသာ တွေးရင်း ....

နှင်းဝေငြိမ်း

မုဒိတာမဂ္ဂဇင်း၊ အမှတ် ၁၄၊ ၂၀၀၅

http://mmteashop.com

# ပျောက်ဆုံးသွားသော ညနေကြယ်

နွယ်ဦး

၁။

၁၆-၈-၂၀၀၄ ရက်၊

တနင်္လာနေ့

နေ့လယ် ၂ နာရီ …။

မနက်ကတည်းက သိမ်းကျုံးလုပ်လာခဲ့သော အလုပ်များက အခုအချိန်အထိ အောင်ပင် လက်စမသတ်နိုင်တတ်သေး။ အလုပ်သာ လုပ်နေရသည်၊ စိတ်က အလုပ်ထဲမှာ ရှိမနေချင်။ ဟိုသည် လွင့်မျောပြန့်ကျဲနေသော စိတ်အစဉ်ကို လိုက်လံဖမ်းဆုပ် စုစည်းနေရသည်ကိုက အလုပ်တစ်ခု။ လက်မှနာရီကို ငုံ့ကြည့်နေမိသည်မှာ ဘယ်နကြိမ်မြောက်မှန်းပင် မသိတတ်နိုင်တော့။ နရီစည်းချက် မမှန်တော့သော ရင်ဘတ်ထဲက နလုံးခုန်သံတစ်ခါတစ်ရံ ရွှေနိုင်ငံပုံနှိပ်စက်က ဝုန်းဝုန်း ဂျောင်းဂျောင်း ပုံနှိပ်စက်သံ၊ စက္ကူဓားစက်ဖြတ်သံတို့ထက်ပင် ကျော်လွှန်မြည်ဟည်းနေသလား ထင်ရသည်။

ကျွန်တော့်လိုပင် နာရီတကြည့်ကြည့်ဖြင့် စိတ်စောနေဟန်တူသော ကျွန်တော့်လက်ထောက် အယ်ဒီတာဉာဏ်လင်းအောင်က 'အစ်ကို ကျွန်တော်တို့ လေထန်ကုန်းစုရပ်ကိုပဲ သွားမှာလား' ဟု မေးနေ၍ ခေါင်းခါပြလိုက်မိသည်။

နာရီကို ထပ်ကြည့်လိုက်ဖြစ်သည်။ နာရီလက်တံတိုက ၂ ဂဏန်းစွန်းစွန်းမှာ ရှိနေပြီး လက်တံရှည်က ၄ ဂဏန်းမှာ ရှိနေသည်။ ၂…. ၄၊ ၂ … ၄၊ ၄ …၂၊ ၄၂ ဒါ … ဒါ။ ဘာရယ်မဟုတ် နာရီအိမ်ထဲက ဂဏန်းတွေကို ရေရွတ်ပြီး ကျွန်တော့်စိတ်တွေ ဂယောက်ဂယက်နှင့် သွေးပျက်ချင်သလိုလို။ ပုံနှိပ်စက်၌ ချိန်းဆိုထားသော ကုမ္ပဏီမန်နေဂျာ ဦးမြင့်နိုင် ရောက်လာစေချင်ပြီ။ ဦးမြင့်နိုင်နှင့် တွေ့ဆုံပြီးလျှင် ကျွန်တော်သွားလိုရာ သွားနိုင်မည် ဖြစ်သောကြောင့်ပင်။ ၂နာရီခွဲ ကျော်ကျော်လောက်တွင်တော့



http://mmteashop.com

ခြံဝမှ ကားဟွန်းသံကြား၍ ကျွန်တော့်ခေါင်းက မတ်ခနဲဖြစ်သွားသည်။ ဦးမြင့်နိုင် ကားပေါ်က ဆင်းလာပြီး မထိုင်ရသေးခင်မှာပင် ကျွန်တော် ပြောစရာရှိသော အလုပ်ကိစ္စများ၊ မင်္ဂလာဆောင်ကိစ္စများကို ခရားရေလွှတ် ပြောနေမိသည်။ ထို့နောက် တိုက်ကို သယ်ရမည့် မင်္ဂလာဆောင်ကိစ္စများကိုလည်း အယ်ဒီတာရိုးသက်နှင့် တစ်ခါတည်း လွှဲလိုက်သည်။ ကျွန်တော် ဒီပုံနှိပ်စက်က ဖဝါးခြေဖွေ့ဖွေ့ချင်နေပြီ။ ပြီးလျှင်တော့ ကျွန်တော် နေရာတစ်ခု ဆီသို့ အမြန်ဆုံး သွားရောက်ချင်နေပြီ။ အိုကေ… ဒါဆိုရင် ကိုနွယ်ဦး သွားချင် သွားတော့လေဟု ဆိုသော ဦးမြင့်နိုင် စကားလုံးအဆုံးမှာ ကျွန်တော်၏ သွက်လက် မြန်ဆန်သော ခြေလှမ်းများက ခြံဝဆီသို့ ရွေ့လျားနေပြီ ဖြစ်သည်။ ကျွန်တော့် နောက်နားတွင် ဉာဏ်လင်းအောင်၏ ခြေသံများ ကပ်လျက်ပါလာသည်ကို ကြားနေရသည်။ ခြံဝနား အရောက် ကိုနွယ်ဦး ကိုနွယ်ဦး ဆိုသောခေါ်သံကို တိုးသဲ့သဲ့ ကြားလိုက်ရသလို။ မသေချာ၍ လှည့်မကြည့်ဘဲ ဆက်လျှောက်ဖြစ်သည်။ သည်ခဏ 'အစ်ကို' ဟု ခေါ်သံနှင့် အတူ ကျွန်တော့်အင်္ကျီညာဘက် လက်မောင်းသားကို ဉာဏ်လင်းအောင် လှမ်းဆွဲလိုက်သည်။ ကျွန်တော်ရှေ့ကို လျှောက်နေသော အရှိန်ကပဲ မြန်သလား၊ ဉာဏ်လင်းအောင် လှမ်းဆွဲလိုက်သော လက်ကပဲ အားပါသွားသလား မသိ။ ကျွန်တော့် အင်္ကျီရင်ဘတ်ပေါ်က ကြယ်သီးတစ်လုံးက ဖတ်ခနဲ ပြုတ်ကျသွားသည်။ ရုတ်တရက် ပြုတ်ကျသွားသော ကြယ်သီးလေးကို ကျွန်တော် ကောက်ယူဖို့ ခါးကိုကိုင်းကာ လက်လှမ်းလိုက်ပြီ ဖြစ်သည်။ ကြယ်သီး အဖြူရောင်လေးကို ကျွန်တော့်လက်နှင့် ထိဖို့ တစ်မိုက်ခန့် အလိုမှာ ကျွန်တော့်လက်က အလိုလို ရပ်တန့်သွား၏။ ကျွန်တော့် မျက်လုံးအစုံက ကြယ်သီးပေါ်မှာ၊ ကြယ်သီးပေါ်မှာက ကျွန်တော်ချစ်သော၊ ဂီတ လောကက ချစ်သော၊ အနုပညာသမားတွေချစ်သော၊ ပရိသတ် အားလုံးချစ်သော ထူးအိမ်သင်၏ မျက်နှာ . . . ။

ကြယ်သီးလေးကို ကျွန်တော် ဆက်မကောက်ရဲနိုင်တော့။ လက်ကို ပြန်ရုပ်၊ ခြေလှမ်းတွေကို သုတ်သုတ်နှင်ကာ ကမ္ဘာအေး ဘုရားလမ်းမပေါ်သို့ အပြေးတစ်ပိုင်း တက်လိုက်မိသည်။ Taxi တစ်စီးကို လက်လှမ်းပြတော့ Sony Show Room ရှေ့မှာ



http://mmteashop.com

ရပ်သွားသည်။ ကားဆီသို့ အမြန်လျှောက်သွား၏။ ကားနားရောက်တော့ ဒရိုင်ဘာက ဘယ်ကိုလဲ အစ်ကိုဟု မေးသည်။ ကျွန်တော့်နှုတ်ဖျားက စကားလုံးနှစ်လုံး ထွက်ကျလွင့်စင်သွားသည်။

"ရေဝေး"

ဟုတ်သည်။ အခုလောက်ဆို ရေဝေးမှာ ငှက်ကလေးတစ်ကောင် ကျွန်တော်တို့အလာကို မျှော်နေရှာရော့မည်။ ထိုငှက်ကလေးကို ကျွန်တော်တို့ အေးချမ်းဆိတ်ငြိမ်သော နေရာလေး တစ်ခုဆီသို့ သွားရောက်ပို့ဆောင်ပေးကြမည်လေ။

## က။ ကြည့်စမ်းပါဦး ကိုငှက်ရယ်

ခင်ဗျားကချစ်တဲ့ ... ခင်ဗျားကိုချစ်တဲ့ ခင်ဗျားရဲ့ ဂီတပရိတ်သတ်တွေ ရေဝေးသုသာန်ရင်ပြင်မှာ အပြည့်အနက်ပါပဲ။ ဂစ်တာတစ်လက်နဲ့ သူတို့ကို ခင်ဗျား သီချင်းဆိုပြပါဦးလားဗျာ။ ခင်ဗျားရဲ့ စီးမျောနေတဲ့ ဂီတစမ်းချောင်းလေးထဲမှာ သူတို့အားလုံး လိုက်ပါစီးမျောခဲ့ကြတာပါ။ ဟိုး . . . 'နာရီပေါ်က မျက်ရည်စက်များ' တိပ်ခွေလေးကနေ အခုနောက်ဆုံး 'တစ်နေ့စာ အလွဲများ' အထိပဲပေါ့။ ကျွန်တော်ကတော့ ခင်ဗျားရဲ့ ထမင်းအိုးလေး ဖြစ်ခဲ့ဖူးတဲ့ အဲဒီသူတွေကို 'အဆိုတော်တွေ ကြည့်ချင်လို့ လာတဲ့သူတွေလေ' ဟု အမနာပ မပြောရက်ပါဘူးဗျာ။ ဟောဟိုက ခန်းမ ၂ ကြီးထဲမှာ ခင်ဗျားအလာကို စောင့်နေတဲ့ လူငယ်တွေ၊ လူလတ်တွေ၊ အဲဒါ ကိုငှက်ရဲ့ခရေဇီတွေလေ။ သူတို့တွေက ကိုငှက်မျက်နှာကို နောက်ဆုံးကြည့်ချင်လို့ အချိန်အကြာကြီး စောင့်နေကြသူတွေပါ။

အအေးခန်း ရုံးရှေ့နားမှာတော့ ဂီတလောကသားတွေ ဟိုနားတစ်စု၊ ဒီနားတစ်စု။ သူတို့ရဲ့ မျက်နှာပေါ်က မှိုင်းအုံ့ညို့ဆိုင်းနေတဲ့ ကာလာက မိုးကောင်းကင်ကြီးအထိ တက်ပြီး အရောင်တွေဟပ် နေလေရဲ့။ ကားတစ်စီးထဲက နေထွက်လာတဲ့ ကိုကြွက်နီက ကျွန်တော်တို့ကို တွေ့တော့ ကိုနွယ်ဦးဆိုပြီး အနီရောင် ပလတ်စတစ် ယပ်တစ်ချောင်းနဲ့



http://mmteashop.com

အစိမ်းရောင် ပန်းဖလက်ကလေးတစ်ရွက် ထိုးထည့်ပေးတယ်။ အလွမ်းတွေနဲ့ ရင့်သန်နေတဲ့ ကိုကြွက်နီရဲ့ နှုတ်ခမ်းမွှေးကားကား မုတ်ဆိတ်ဖားဖား မျက်နှာကြီးကို ကြည့်ပြီး ပါးစပ်က 'ကျွန်တော် . . . ကျွန်တော် ' ဆိုတဲ့ စကားလုံးကလွဲပြီး ဘာမှ ထွက်ကျမလာဘူး။ ကိုမြင့်မိုးရေ ... ဒီ ရေဝေးမှာက စကားလုံးတွေ မရှိတော့လောက်အောင် ဘယ်ရောက်ကုန်လို့လဲဗျာ။ ကျွန်တော့်ကိုကြည့်ပြီး ကိုကြွက်နီက သိတယ် ... သိတယ် ကျွန်တော် အားလုံးသိတယ် ခင်ဗျားလိုချင်တာတွေ ကျွန်တော် ထပ်ပို့ပေးမယ်ရယ်လို့ ဂဘောက်တိဂဘောက်ချာပြောပြီး အအေးခန်းဘက်ကို ထွက်သွားတယ်။ ကိုကြွက်နီရဲ့ ညိုညစ်ညစ် အင်္ကျီကျောပြင်ကြီးကို ကြည့်ပြီး ကျွန်တော်သူ့ကို အသံမဲ့စွာ ...

ကိုကြွက်နီ ကိုငှက်သိရင် ခင်ဗျားကို ထုံးစံအတိုင်း ဆဲနေဦးတော့မှာပဲ။ ဒီအချိန်ထိအောင် ခင်ဗျားက လွဲနေတုန်းပဲလေ။ ကျွန်တော် အခုအချိန်ဆီက ကိုငှက်ရဲ့ အချက်အလက်တွေ ဘာမှမလိုချင်ဘူး။ ကျွန်တော် ဒီကိုလာတာ ဒါတွေယူဖို့ မဟုတ်ပါဘူး။ အခုချိန်မှာ ကျွန်တော်က ဟိုးလွန်ခဲ့တဲ့အနှစ် ၂၀ လောက်က စာနယ်ဇင်းသမားလေး မဟုတ်တော့ဘူး။ အဲဒီတုန်းက ... အဲဒီတုန်းကတော့ ...။

၂။

ထိုကာလများက ကျွန်တော့်ဘဝတစ်ခုလုံးကို သတင်းတွေ၊ ဆောင်းပါးတွေ၊ အင်တာဗျူးတွေ ကြားထဲ၌ မြုပ်နှံထားခဲ့သည်။ စာနယ်ဇင်းသမား ဆိုတာကလည်း လက်ချိုးရေ၍ ရသောအချိန်ဖြစ်သည်။ သတင်းတွေ လိုက်အားကောင်း၊ ဆောင်းပါးတွေ ရေးအားကောင်းးသော ကာလလည်း ဖြစ်လေသည်။ မည်းမည်းမြင်လျှင် ရေးဖို့ပဲကြိုးစားနေတဲ့ စာနယ်ဇင်းသမားလေး တစ်ဦးဟု ဆိုမည်ဆိုက ဆိုနိုင်ပါလိမ့်မည်။ တစ်ခုတော့ ရှိပါသည်။ ထိုစဉ်က စာနယ်ဇင်း စာမျက်နှာများပေါ်တွင် ကျွန်တော်သည် အကြောင်းအရာအလုံးစုံကို မင်နှင့်မရေးဘဲ ရင်နှင့်ရေးခဲ့ပါသည် ဆိုခြင်းပင်။ ဒါကြောင့်လားတော့ဖြင့် မသိ။ အနုပညာရှင်များ၏ အမုန်းကို တစ်စိုးတစ်စိမျှ မရရှိခဲ့ပေ။ ထိုစဉ်က မုန်းမည်ဆိုလျှင် ငှက်ကြီးနှင့် သူ၏ ချစ်လှစွာသော မိသွယ်သည်လည်း ကျွန်တော့်ကို မုန်းလောက်



http://mmteashop.com

ပါပေသည်။ အကြောင်းရှာတော့ အပေါင်းပါက ဇာတ်ပို့မင်းသားကြီး ကြွက်နီဖြစ်သည်။ ထိုစဉ်အခါများက ထူးအိမ်သင် စတေ၍ရှိုးများတွင် ကျွန်တော်ရှိနေခဲ့သည်။ ကျွန်တော်က သတင်းရေးဖို့ပဲ ဖြစ်သည်။ ကျွန်တော့်လိုပင် ထူးအိမ်သင်ရှိုးတိုင်းလိုလိုတွင် ဆံပင်ကုပ်ဝဲနှင့် ကောင်မလေး တစ်ယောက်လည်း အမြဲရှိနေခဲ့ပါသည်။ သူက ရင်ခုန်သံတွေ စီးမျောနေတဲ့ လက်ဝါးနှစ်ဘက်နှင့် ငှက်ကြီးသီချင်း တစ်ပုဒ်ပြီးတိုင်း လက်ခုပ်တီး အားပေးဖို့ပဲ ဖြစ်ပါသည်။ ကြာတော့ ဒီကောင်မလေးကို ကျွန်တော် အသိအမှတ်အပြုဘဲ လျစ်လျူရှု မနေနိုင်တော့။ ထိုစဉ်က ငှက်ကြီးနှင့် အတူနေသော ကြွက်နီထံ စပ်စုကြည့်လိုက်တော့ ငှက်ကြီးနှင့် သံယောဇဉ်ငြိတွယ်နေသော ကောင်မလေးဟု သိလိုက်ရသည်။ သို့နှင့် ပုဒ်မှာ ဇာတ်ရုံကြီးတွင် ထူးအိမ်သင် သီချင်းဆိုသော တစ်ညတွင်တော့ လိုက်ကာကြားကနေ ငှက်ကြီး သီချင်းဆိုနေသည်ကို စူးနစ်ငေးရီစွာ ကြည့်နေသော ထိုကောင်မလေးကို ဓါတ်ပုံ ခိုးရိုက်လိုက်သည်။ ထို့နောက် ထူးအိမ်သင်၏ ထာဝရပရိတ်သတ် တစ်ဦးဟူသော ပုံစာဖြင့် မဂ္ဂဇင်းထဲတွင် ထည့်ဖြစ်လိုက်သည်။ မဂ္ဂဇင်းထဲပါလာသောအခါ မိသွယ်က ငှက်ကြီးကို ထိုကိစ္စပြောပြီး အိမ်ကသိလျှင် ပြဿနာဖြစ်မည်၊ ဘာညာဟု ပြောမည်ဟု ထင်ပါသည်။ သည်မှာတင် ငှက်ကြီးက လက်သည်ကို ဒေါသတကြီးနှင့် စုံစမ်းပါသည်။ ကျွန်တော်မှန်း သိတော့မှ သူ့ဒေါသတွေ ပြေလျော့သွားပါသည်။ ကျွန်တော့်ကိုတော့ သူသည် ဘယ်တုန်းကမှ သူ့ကို နစ်နာအောင် မလုပ်ခဲ့သော ရဲဘော်ရဲဘက်အဖြစ် သဘောထား ခဲ့ဟန် တူပါသည်။ အနည်းငယ် ကျန်သေးသော ဒေါသက ကြွက်နီဘက်သို့ မြားဦး လှည့်သွားပါတော့သည်။ ဒါကို ကြွက်နီက ကြိုသိထားရမည်။ ခု ကြွက်နီညံ့လို့ ဒီသတင်း စာနယ်ဇင်းကို ပေါက်တာဟုဆိုကာ ကြွက်နီကို အပြစ်တင် ကြိမ်းမောင်းပါတော့သည်။ ထို့နောက်ပိုင်းတော့ ဘာတွေ ဆက်ဖြစ်ကြမည် မသိ။ ကျွန်တော် သိခဲ့ရသည်က မိသွယ်နှင့် ငှက်ကြီးတို့ သဘောတူညီမှု နှစ်ဦးသဘောတူ အိမ်ရာထူထောင်လိုက်ကြပြီ ဆိုသော သတင်းပင် ဖြစ်ပါသည်။ မိသွယ်သည် ငှက်ကြီး အပေါ်၌ ရယူလိုမှုထက် ပေးဆပ်မှု သက်သက်ဖြင့်သာ သန့်သော၊ ဖြူသော၊ အချစ်မျိုးဖြင့် ချစ်ခဲ့မှန်း သူမ၏ မျက်လုံးများထဲ၌ ထိုစဉ်အခါများ ကတည်းက ကျွန်တော်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ဒါကြောင့်ပဲလားမသိ၊



http://mmteashop.com

မိသွယ် ရွေးချယ်ထားသော ငှက်ကြီးအတွက် အလွမ်းပန်းခြင်းက အဖြူရောင် နှင်းဆီပွင့်များသာ ဖြစ်ခဲ့ပါသည်။

ခ။ ထွန်းထွန်း (အိပ်မက်ကုန်သည်) ကို အစီအစဉ် ဘယ်လို လုပ်မှာလဲ ဆိုတော့ ထွန်းထွန်းက မော်ကျူရီကထွက်ရင် အိုအေစစ် အဖွဲ့က တစ်ဘက်၊ ကျောက်မြောင်း အုပ်စု က တစ်ဘက်၊ လက်ချိတ်ပြီး ကာထားပေးမယ်၊ ဒီကနေ ခန်းမ ၂ ကို သယ်ထုတ် သွားမယ်။ အဲဒီမှာ ခင်ဗျားတို့ နည်းနည်း လမ်းရှင်း ထားပေးစေချင်တယ် လို့ ထွန်းထွန်းက ပြောသည်။ ဘာဖြစ်လို့ ခန်းမ ၂ ဖြစ်ရတာလဲ။ ဒါ.... ငှက်ကြီးလေ... ဒါ ထူးအိမ်သင်လေ...။

ထူးအိမ်သင် ဆိုတာ သူနဲ့ ဂီတ ခေတ်ပြိုင်တွေထဲမှာ 'တစ်' ဖြစ် ခဲ့တဲ့သူလေ... ဂီတသစ် အနုပညာရှင်တွေ ထဲမှာ သူ့လောက် ဘဝကို ရင်းတာ၊ သူ့ လောက်ဂီတထဲ ကို မြုပ်နှံတာ၊ သူ့လောက်ဂီတ သီအိုရီကို ပိုင်နိုင်တာ ဘယ်သူရှိသေးလို့တုန်း။ သူ့ ကိုခန်းမ ၁ မှာ ထားသင့်တာပေါ့။ ဟင်.... ဘာဖြစ်တယ်၊ ခန်းမ ၁ ကပြင်နေလို့ ဟုတ်လား။ ဒါကြောင့် ၂ မှာထားမှာတဲ့လား။ အခုရောက်ဆဲ ငှက်ကြီး ရဲ့ အသက်က ၄၂ နှစ်တဲ့လား။ ငှက်ကြီးရေ....၂ ဂဏန်းက ခင်ဗျားရဲ့ unlucky number များလားဗျာ.. ခန်းမ ၂ ထဲမှာလူတွေက ခြေချစရာ မရှိအောင်ကို ပြည့်နှက်နေတယ်။ ထွန်းအိန္ဒြာဗိုလ်နဲ့ ကိုအောင်မင်းထွန်းတို့ နှစ်ယောက်လည်း အမောတကော ရောက်လာတယ်။ ပန်းခွေတွေ ပန်းခြင်းတွေ တဖွဲဖွဲ၊ ဟိုကဒီက ရောက်လာကြတယ်။ မိသွယ်ရဲ့ အဖေနဲ့ အမေကထိုင်လို့။ မိသွယ်ရဲ့ အမေက ပုံမှန်ရှိပေမယ့် မိသွယ်အဖေကတော့ သူ့ မျက်လုံးအိမ် နီနီထဲမှာ မျက်ရည်တွေ ပြည့်လျှံနေတယ်။

မိသွယ်ဖေဖေရဲ့ တုန်လှုပ်ကြေကွဲနေပုံက ဖုံးဖိထားလို့ မရတော့တဲ့ ပုံမျိုးနဲ့ပေါ့။ ဒါကို အကင်းပါးတဲ့ မိသွယ်က သူ့ ဖေဖေရှေ့မှာ ဒူးထောက်ထိုင်ပြီး အဖေ မငိုရဘူးနော်။ အဖေလည်းမငိုနဲ့ သမီးလည်း မငိုဘူး။ သမီးက အဖေ့သမီးလေ အဖေရဲ့လို့ ရယ်ဟန်ပြုံးဟန်နဲ့ အားပေးစကား ပြောတော့ မိသွယ်ဖေဖေက မိသွယ်ခေါင်းကို



http://mmteashop.com

အသာအယာပွတ်ပြီး ယဲ့ယဲ့လေး ပြုံးပြတယ်။ ပြီးတော့ မိသွယ်က ဒီဘက်ကိုလှည့်ပြီး သူ့မျက်လုံးထဲက လျှံကြလာတဲ့ မျက်ရည်စတွေကို သူ့ ဖေဖေ မမြင်အောင် လက်ခုံ နဲ့ သုတ်ပစ်လိုက်တယ်။ ပြီးတော့ သူ့မျက်လုံးတွေက ပန်းခွေ ပန်းခြင်း ထားတဲ့ စင်လေးဆီကို ရွေ့သွားတယ်။

ပန်းခြင်းတစ်ခုဆီ အရောက်မှာ သူ့မျက်လုံးက ဝင်းကနဲ ဖြစ်သွားတယ်။ ကျွန်တော် မိသွယ်မျက်လုံး ရောက်တဲ့နေရာကို ကြည့်လိုက်တော့ ထိုးချင်သလို ထိုးထားတဲ့ ပန်းရောင်စုံ ပန်ခြင်းတစ်ခု၊ ပန်းခြင်းပေါ်မှာတော့ စာရွက်တစ်ခု။ စာရွက်ပေါ်က ရေးထားတဲ့ စာက 'ချစ်သော ဖေဖေ အတွက် သမီးလေး မိကွန်ထော' တဲ့လေ..။ ပြီးတော့မှ မိသွယ်က ဘယ်မှာလဲ ဘယ်မှာလဲ မိသွယ် ပန်းခြင်း ရှာပေးကြပါအုံးလို့ ရေရွတ်နေရှာတယ်။ ကိုမြင့်မိုးအောင် မိန်းမက နေအုံးနေအုံး ခုန ငါတွေ့လိုက်တယ်လို့ တစ်ယောက်ကို လှမ်းအော်ပြောနေတယ်။ ခဏနေတော့ အဖြူရောင် နှင်းဆီပွင့်တွေချည်း ထိုးထားတဲ့ မိသွယ်ရဲ့ အလွမ်းသင်္ကေတလေး တစ်ခု ရောက်လာ တယ်။ ကိုငှက်က ရောက်မလာသေးဘူး။

ခဏနေတော့ ကဗျာဆရာ ကိုဇောဝေက ထူးအိမ်သင်ကို ချစ်တဲ့ ကျွန်တော်တို့ အားလုံးရဲ့ အမေကို ခန်းမထဲ တွဲခေါ်လာတယ်။ အမေ.... နဂိုကထက် ပိုလို့ ပိန်နေပါလား။ အမေ့ကို ကြည့်ရတာ ပုံရက်သား ပြိုလဲတော့မယောင် ရွှေတောင် တစ်ခုလိုပါပဲလား။ အမေရေ.... အမေ ဘာမှမဖြစ်ပါနဲ့အုံး။ အမေ့သားမရှိတဲ့နောက် အမေ့သား၊ အမေ့ရဲ့ ဒုက္ခအိုးလေး ထားရစ်ခဲ့တဲ့ အမေ့အိမ်လေးမှာ ကျွန်တော်တို့ နားခိုပါရစေအုံး။ ကျွန်တော်တို့ မဆိုတတ် ဆိုတတ် ညည်းလိုက်တဲ့ အမေ့သားရဲ့ သံစဉ်တွေ အမေ့ရင်ခွင်ကို ရိုက်ခတ်ခွင့် ပေးပါဦး။ လူတွေကလည်း များလာလိုက်တာလေ။ ဘယ်လိုမှ တားမနိုင်ဆီးမရ ပြိုလဲတော့မယ့် အတိုင်းပါပဲ။ ငှက်ကြီးရဲ့ နောက်ဆုံးခရီးလေး လှပ စေချင်တဲ့ ဆန္ဒနဲ့ ကျွန်တော်တို့ရဲ့ မရှိတတ် ရှိတတ် အသံသေးသေးလေး တွေနဲ့လူတွေကို နောက်ဆုတ် ပေးဖို့၊ မတိုးကြဖို့၊ စည်းကမ်းရှိဖို့ အော်ဟစ်နေမိတယ်။

http://mmteashop.com

သီရိကိုကိုလည်း ထူးအိမ်သင် ရောက်အလာကို လူတွေကြားမှာ လာစောင့်နေတယ်။ လွယ်အိတ်လွယ်ထားတဲ့ ရီဝေဝေ လူတစ်ယောက်က "ငှက်ကြီး... မင်းကိုငါနမြောလိုက်တာကွာ။ မင်း ငှက်ဖျားတက်တော့ မင်းကိုငါ နှိပ်ပေးခဲ့တယ်လေ။ မင်းသီချင်းတွေ ငါတို့ နားမထောင်ရတော့ဘူးလား " လို့ တတွင်တွင်ပြောပြီး ငိုနေပြန်တယ်။ ခဏနေတော့ သားကို နောက်ဆုံးကြည့်ဖို့ ရောက်လာတဲ့ အမေ့ကို ကိုစောဝေ က ပွေ့ပြီး ခန်းမ အပြင် ကို မ, ထုတ်သွားတယ်။ မော်ကျူရီမှာပဲ အမေ ငှက်ကြီးကို ကြည့်ပါစေလေ။ အမေ.... ဒီတစ်ခါ ကိုငှက်ကို ကြည့်တဲ့ အကြည့်က ဟိုးတစ်ခါက အမျိုးသားဇာတ်ရုံကြီးရဲ့ရှေ့ဆုံးတန်းမှာထိုင်ပြီး စင်ပေါ်မှာ သီချင်းဆိုနေတဲ့ အမေ့သားကြီးထူးအိမ်သင်ကို ကြည့်နေတဲ့ အကြည့်နဲ့ တူနိုင်ပါအုံးမလား အမေ....။

ထိုအချိန်ကို ထူးအိမ်သင် လျှမ်းလျှမ်းတောက် အောင်မြင်သောအချိန်ဟု ပြောနိုင်မည် ထင်ပါသည်။ အမျိုးသားဇာတ်ရုံကြီးတွင် ထူးအိမ်သင်၏ ပထမဆုံး ဝမ်းမင်းရှိုးလုပ်သော ချိန်ဖြစ်သည်။ ပွဲစီစဉ်သူက ကိုဇော်သစ်ဖြစ်သည်။ ထူးအိမ်သင်အကြောင်း ပြောလျှင် ကိုဇော်သစ်ကို ထားခဲ့၍မရ တတ်နိုင်။ ကိုဇော်သစ်ဆိုတာ ပန်းနုလဝန်းတေးသံသွင်း၏ အရေးပါသူ တစ်ဦးဖြစ်သည်။ ထူးအိမ်သင်၏ ပထမဆုံး အယ်လ်ဘမ် 'နာရီပေါ်က မျက်ရည်စက်များ' ကို ဂန္ဓမာတေးသံသွင်းက ဖြန့်ချီခဲ့သည်။ ကာဗာ ဒီဇိုင်းက ကိုသိန်းလွင်ဖြစ်သည်။

ဒုတိယ အယ်လ်ဘမ်က ကျွန်တော် အမှတ်မမှားဘူး ဆိုလျှင် 'မှော်ဆရာ အိပ်မက်' ဖြစ်သည်။ ပန်းနုလဝန်းက ဖြန့်ခဲ့သည်။ ထို အခွေအတွက် ဆိုင်ထောင်ဘုတ်ကို ဒီဇိုင်းပန်းချီကိုကျော်မင်းမောင်က ရေးဆွဲခဲ့သည်။ သူရေးခဲ့သည်က ငှက်တစ်ကောင်၏ ရုပ်ပုံ ထိုပန်းချီကားကို ထူးအိမ်သင် အလွန်နှစ်ခြိုက်ခဲ့သည်။ ထိုပန်းချီကားထဲက ငှက်ပုံနှင့် ထူးအိမ်သင်ကို ခဏခဏ ပြောလွန်း၍ မိတ်ဆွေသူငယ်ချင်းများက ချစ်စနိးဖြင့် ငှက်ကြီး ဟုခေါ်ရာမှ အစပြု၍ သည်နာမည်က အခုထိ တွင်သွားခဲ့ခြင်း ဖြစ်သည်။ နောက် ပန်းနုလဝန်းကပဲ 'သက်ငြိမ်အယ်လ်ဘမ် ' ထပ်ထွက်ခဲ့ပြန်သည်။ သည်တုန်းက ပန်းနုလဝန်း

http://mmteashop.com

အပေါ် ထပ်ခိုးလေးမှာ ထူးအိမ်သင်နှင့် ကျွန်တော် ကဗျာ အကြောင်း၊ ဂီတ အကြောင်း၊ ဝတ္ထု အကြောင်းတွေ အများကြီး ပြောဖြစ်ခဲ့ကြသည်။

ထူးအိမ်သင် ရင်ထဲတွင် အနုပညာတွေ အပြည့်ရှိခဲ့တာ ထိုစဉ်ကတည်းက ဖြစ်သည်။ ထို့ကြောင့်လဲ ထူးအိမ်သင်သည် ဂီတအနုပညာ လောက၌ ခိုင်ခိုင်မာမာ အောင်မြင်လာခြင်း ဖြစ်သည်။ နာမည် အောင်မြင်တော့ ငွေကြေးပါ အောင်မြင်လာခဲ့သည်။ ထူးအိမ်သင်၏ လောကသည် အိုအေစစ် အခန်းကျဉ်းလေးသာ မဟုတ်တော့။ သူ့နယ်ပယ်က တစ်စထက်တစ်စ ကျွန်တော်တို့ လိုက်မမှီအောင် ကျယ်ဝန်းလာသည်။ လူချင်းလည်း အရင်ကလောက် သိပ်မတွေ့ဖြစ်ကြတော့။ တစ်ခါက ညှော်ခံပွဲ တစ်ခုတွင် တွေ့ဖြစ်ကြပြီး ထိုကအပြန် ယုဇနဉယျာဉ် ဟိုတယ်ရှေ့က စားသောက်ဆိုင်ငယ်လေးကို ကျွန်တော့်အား ခေါ်သွားသည်။ ကျွန်တော်လည်း အဲသည်ဆိုင်လေးကို အဲသည်တုန်းကမှ စရောက်ခဲ့ဖူးခြင်း ဖြစ်သည်။ အဲသည်မှာ ထူးအိမ်သင်က ကျွန်တော့်ကို နိုင်ငံခြား အရက်တစ်မျိုးဖြင့် ချစ်ခင်စွာ မိတ်ဆက်ပေးသည်။ ထိုညက ထူးအိမ်သင်နှင့် ကျွန်တော် အကြောင်းအရာသစ် များစွာလည်း ပြောဖြစ်ခဲ့သည်။ ထူးအိမ်သင်က ကျွန်တော့်ထက် ပို၍ အသစ်များစွာကို နှစ်လိုသူဖြစ်သည်။ ထိုကရှေ့ ဘယ်လိုအသစ်တွေကို သူပွေ့ပိုက်ဦးမယ် ဆိုသည်ကို ကျွန်တော် မသိတတ်နိုင်ခဲ့။

## ၈။ ဒါလည်း အသစ်ပါပဲ ကိုငှက်ရယ် .....။

ဈာပနရှု ခန်းမထဲမှာ Dead Body ကို ချလို့ မရအောင် ပရိတ်သတ်များပြားနေခဲ့တာလေ။ ဘယ်မှာရှိဖူးလို့လဲ၊ ဘယ်သူ့တုန်းကလဲ ...။ အခု ခင်ဗျား အလှည့်ကျမှပါ ကိုငှက်ရာ။ ခင်ဗျားကို ထည့်ထားတဲ့ ကျွန်းသေတ္တာကြီးကို ခန်းမ ၂ ထဲ ဘယ်မှာ ကြာကြာချလိုက်ရလို့လဲ။ ၂ မိနစ်လောက် ခဏလေးချတယ် ဆိုရုံလေး။ မိသွယ်ကြည့်ဖို့ သေတ္တာဖုံးလေးကို ခဏလေးလှပ်တယ် ဆိုရုံလေး။ ဒီလောက်ပဲ လုပ်လို့ ရနိုင်ခဲ့တယ်။ ခင်ဗျားကို ချစ်တဲ့ ခင်ဗျား ပရိတ်သတ်တွေလေ။ ဘယ်လိုမှ တားမရနိုင်၊ ဆီးမရနိုင်အောင် ခင်ဗျားကိုကြည့်ချင်လို့ဆိုပြီး စုပြုံတိုးဝှေ့ ရောက်လာကြတာလေ။



http://mmteashop.com

ခင်ဗျားကတော့ အဲဒီသေတ္တာလေးထဲမှာ ငြိမ်သက်အေးစက်လို့။ ခင်ဗျားမျက်နှာဘေးက ခေါင်းအုံးပေါ်မှာ ခင်ဗျားရဲ့ ဖတ်လက်စလို့ ထင်ရတဲ့ တရားစာအုပ်လေးနှစ်အုပ်၊ ဒါ မိသွယ်ရဲ့ အစီအစဉ်ပဲလို့ ထင်ပါရဲ့။ မိသွယ်က ခင်ဗျားကို အဲဒီလောက် အထိကို အေးချမ်းတဲ့ တရားအရသာထဲမှာ ပျော်မွေ့စေချင်တာပါ။ ခင်ဗျားကို အဲဒီလောက်အထိ ချစ်တာပါ။ ပြီးတော့ ကိုငှက်ရဲ့လက်လေး နှစ်ဘက်ကြားမှာ ပန်းစည်းလေးကတစ်ခု။

ထုတ် ... ထုတ်၊ အပြင်ကို ထုတ်မယ်ဆိုတဲ့ အသံအဆုံးမှာ ခင်ဗျား သေတ္တာလေးကို ပြန်ပိတ်လိုက်ကြတယ်။ ပြီးတော့ လူတွေကြားထဲက တိုးဝှေ့လို့ ကားဆီကို ထမ်းထုတ်ပြီး ကားထဲ ထည့်လိုက်ကြတယ်။ ကိုသျှပ်ရေ ... သွားတော့ ....သွားတော့ ဆိုတဲ့ အသံတစ်သံက လွင့်တက် လာပြန်တယ်။ အပြင်မှာ မိုးဖွဲဖွဲကလေး စရွာနေပြီ။ အခု ဒီသီချင်းကို ဘယ်သူရေးမှာလဲ။ ဆိုမယ့်သူက ဘယ်မှာလဲ။ ဂူသွင်းတဲ့ နေရာကိုရောက်ဖို့ တော်တော်ကလေး သွားကြရတယ်။ ငှက်ကြီးနဲ့အတူ လူတွေ၊ ကားတွေ၊ ပန်းပွင့်တွေ၊ ကတ္တရာ လမ်းကျဉ်းလေးထဲမှာ ခပ်နှေးနှေးပဲမျောရွေ့နေကြတယ်။ ကားလမ်းဘေး တနေရာအရောက် လယ်ကွင်းဘက်ဆီကို ဖွဲဆင်းကြရတယ်။ ကားတွေက ကျန်ရစ်ခဲ့။ လူတွေ၊ ပန်းတွေ၊ မျက်ရည်တွေ၊ ငိုရှိုက်သံတွေနဲ့ ညနေကြယ်ပွင့်ကလေး တစ်ပွင့်ကတော့ လယ်ကွင်းထဲက တစ်ဘက်ရပ် ခနိမိုးတဲလေးဆီကို ဆက်ရွေ့သွားကြပြန်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ ညနေကြယ် မေးမိုတ် အိပ်စက်မှာပေါ့။ အဲဒီ အင်္ဂတေနံရံ ဂူကျဉ်းလေး ထဲမှာပေါ့။ အဲဒါ သံစဉ်နဲ့ တေးကဗျာတွေ အိပ်စက်နားနေတော့မယ် နေရာလေးပေါ့။

စောစောကတည်းက မာချင်ယောင် ဆောင်ထားတဲ့ မိသွယ်၊ အခုမတော့ ငို .... ငို..။ ရှိုက်ကြီးတစ်ငင် ငို၊ အောင်အောင်လည်း ငို၊ ဘိုဖြူလည်း ငို၊ R ဇာနည်က တက်တွေခေါက်၊ တူးတူးက မချိတင်ကဲဖြစ်၊ ကိုထီးက အုတ်ဂူတစ်ခု ပေါ်မှာ မတ်တပ်ရပ်ပြီး ငေးရီ၊ တင်ဇာမော် မျက်လုံးတွေကလည်း ဝေရီ၊ ချောစုခင်က ဂူသွင်းပြီးတဲ့အထိ စောင့်မယ် လို့ပြော ....။



http://mmteashop.com

နေဦး ... နေဦး ... ဒါလေး ထည့်ပေးလိုက်ပါဦး ဆိုပြီး ရောက်လာတဲ့ လက်တစ်ဘက် ... မဟုတ်ဘူးလေ၊ အထဲမှာ မိသွယ်ထည့်ပေးထားတဲ့ တရားစာအုပ်လေး ၂ အုပ် ရှိနေပြီပဲ။ ငှက်အတွက် တခြားဘာတွေ လိုဦးတော့မှာလဲ။

'ပိတ်ပြီ.. ပိတ်ပြီ '

'အုတ်ခဲတွေပေး ... ဘယ်မှာလဲ မဆလာ'

'ငှ ... ငှ မိသွယ်ရေ၊ အားရအောင် ငိုတော့....'

၄။ အပြန်လမ်း တစ်လျှောက်လုံး မိုးကဖွဲဖွဲကလေး ရွာနေသည်။ ကားပေါ်တွင် ကိုမျိုး (ကြောင်နစ်ကောင်) က ထူးအိမ်သင်၏ နောက်ဆုံးအချိန်များ အကြောင်းကို Rewind ပြန်လုပ်နေသေးသည်။ အရာအားလုံးက ပြီးဆုံးသွားခဲ့လေပြီ ထူးအိမ်သင် ဆိုသည်က လူသေသော်လည်း နာမည်ကတော့ဖြင့် သေမည် မဟုတ်ပေ။ ထူးအိမ်သင် သီချင်းများ ကလည်း အမြဲရှင်သန် နေဦးမည် ဖြစ်သည်။ ကျွန်တော်တို့ အားလုံး၏ ရင်ထဲတွင် သူကိုယ်တိုင် သံစဉ်များဖြင့် ထုဆစ် ပေးထားရစ်ခဲ့သော ဂီတကြယ်ပွင့်လေး တစ်ပွင့်ကတော့ဖြင့် ဘယ်တော့ ဘယ်ကာလတွင်မှ ပျောက်ပျက်သွားမည် မဟုတ်မှန်း ကျွန်တော်တို့ သိနေခဲ့ကြသည်ပဲလေ ...။

နွယ်ဦး

Beauty Max မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၄။

http://mmteashop.com

# သီချင်းများ၏ ခေါ်ဆောင်ရာ

မြင့်မိုးအောင်

ထူးအိမ်သင် ကွယ်လွန်ပြီး ၁၀ ရက်ပြည့် ဆွမ်းကျွေးကို (၂၃.၈.၂၀၀၄) နေ့က OASIS STUDIO မှာ ပြုလုပ်ကြပါသည်။ ရက်လည် ဆွမ်းကျွေးကို သီတာလမ်း နေအိမ်မှာ ပြုလုပ်ပြီး ဖြစ်သော်လည်း OASIS မှာ သူ့အိမ်ထက်ပင် အနေများသော နေရာဖြစ်သဖြင့် OASIS မှ ဂီတအပေါင်းအသင်း မိသားစုများက စီစဉ်ကြခြင်း ဖြစ်ပါသည်။ သူ မဆုံးခင် တစ်လကျော်ကတည်းက သီချင်းခွေ အသစ်အတွက် သီချင်းအသစ် ရေးလိုက် Arrangement လုပ်လိုက်နှင့် အိမ်မပြန်ဖြစ်ခဲ့ပါ။ မဆုံးခင် တစ်ပါတ်လောက်ကမှ နေမကောင်းလို့ သီတာလမ်းအိမ် ပြန်ဖြစ်သွားပါသည်။ သူ့အကြောင်း စဉ်းစားမိသောအခါ ဟိုးအရင် နာမည်ကျော် တေးရေး အဆိုတော် မဖြစ်ခင်ကတည်းက ဒီအတိုင်းပင်။ အိပ်ချိန်၊ စားချိန် မမှန်။ အိပ်တဲ့ စားတဲ့နေရာ အတည်တကျမရှိခဲ့။ သီချင်းတွေရှိရာ၊ ဂီတအလုပ်ရှိရာ ကိုသာ အမြဲတမ်း လှည့်လည် သွားလာနေခဲ့ပြီး သီချင်းတွေ ခေါ်ဆောင်ရာသို့သာ ရမ္မက်ဆန္ဒပြင်းစွာ လိုက်ပါနေခဲ့သဖြင့် သီချင်းဂီတသာ သူ့အိမ် အစစ်ဖြစ်ကြောင်း ပြန်တွေးကြည့်မှ သိသာ ထင်ရှားလာခဲ့ပါသည်။

အထက်တန်း ကျောင်းသား ဘဝမှာကတည်းက သူစိတ်ညစ်သော ဘင်ခရာ အဖွဲ့ထဲသို့ ဂီတသင်္ကေတတွေ တတ်မြောက်ချင်တာ တစ်ခုတည်းနှင့် ဝင်ရောက်ခဲ့သေးသည်။ ဒေသကောလိပ် တက်တော့လည်း သူ့လွယ်အိတ်ထဲမှာ ကျောင်းစာအုပ်တွေ အစား 'ထင်းရှူးပင်ရိပ်' တို့လို စာပေ ကဗျာစာအုပ်တွေ ရောက်နေပြန်ပါသည်။ အဲဒီ ကာလတုန်းက သူဘယ်မှာ နေတာလဲ။ ကျွန်တော်လည်း မနည်းပြန်စဉ်းစားကြည့်ရသည်။ ပုသိမ်ကောလိပ် ပြင်ပဆောင် သီတာဦးမှာ ဖြစ်မည် ထင်သည်။ သူငယ်ချင်းတွေဆီ ကပ်နေ၊ ကပ်စား၊ ဂစ်တာတီးလိုက်၊ သီချင်းဆိုလိုက်၊ မော်လမြိုင်အိမ်က လကုန် ငွေပို့သောအခါ သူငယ်ချင်းတွေနဲ့ တစ်ရက်တည်း ကုန်အောင်သုံးပစ်လိုက်ကြ။

http://mmteashop.com

အဆောင်မှာ တီးစရာ၊ ဆိုစရာ မရှိလျှင် အနုပညာအကြောင်း ပြောဆိုကြသော ကျောင်းလက်ဘက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ၊ ဒါမှမဟုတ် ပြည်တော်သာတိုက်က သူငယ်ချင်းတွေရဲ့ အခန်းမှာ ကက်ဆက် အဆောင်းလေးထဲ အသံတွေ သွင်းကြည့်တာ။ နောက်တော့ ကျွန်တော့် အိမ်အပေါ်ထပ်မှာ အင်္ဂလိပ် သီချင်းအသစ်တွေ နားထောင်လိုက်၊ Chord ရှာလိုက်၊ Note ထုတ်လိုက်။ ကျွန်တော့်အိမ်မှာ တစ်လလောက်ကြာသွားပြီး ပြန်တော့ ကြွက်နီတို့ အိမ်မှာ တီးဝိုင်း အသစ်ထောင်ဖို့၊ ဂစ်တာသမား၊ ဒရမ်သမားတွေကို လေ့ကျင့်ခန်းတွေ ပေးပြန်ပါတယ်။ နောက်တော့ ကျောင်းသားသစ် ကြိုဆိုပွဲ၊ ကျောင်းနှုတ်ဆက်ပွဲတွေ အတွက် သီချင်းတိုက်ဖို့ မိန်းကလေးဆောင်၊ ယောကျ်ားလေး ဆောင်တွေဆီ ရောက်သွားပြန်ပါသည်။ သူ့မှာ သူနေသော အိမ်နေရာ အတိအကျမရှိ။ ဂီတရှိရာ၊ သီချင်းရှိရာသာ သူ့အိမ်ရာ၊ ဂီတခေါ်ဆောင်ရာ၊ သီချင်းတွေ၏ ခေါ်ဆောင်ရာသို့သာ သူလှည့်လည် သွားလာနေခဲ့သည်။ အနေအထိုင်၊ အစားအသောက်၊ ကျောင်းစာ၊ ကျန်းမာရေး ဘာတစ်ခုမှ ဂရုမစိုက်ခဲ့။

မော်လမြိုင် ပြောင်းသွားရတော့လည်း ဂီတဆရာ ဦးအောင်စိုးကို ရှာဖွေပြီး ဂီတသီအိုရီ၊ နိုင်ငံတကာသုံး ဂီတသင်္ကေတတွေ သင်ကြားခဲ့ပြန်သည်။ ပုသိမ်က သူငယ်ချင်းတွေ ဆီကိုလည်း သီချင်းသစ်တွေရေးပြီး Arrangement လုပ်ခိုင်း၊ ဂီတလေ့လာမှု မလျော့ကြဖို့ စာအတန်တန်ရေးပြီးမှာ။ သီချင်းတွေကသာ သူ့ဘဝ၊ သူ့ကမ္ဘာ နောက်တော့ ကျွန်တော်နေသော ရွှေဘိုဆောင်၊ မေခဆောင်နှင့် တခြား သူငယ်ချင်း အဆောင်တွေမှာ ကပ်နေကာ၊ ညလုံးပေါက် အဆောင်တွေရှေ့ အုပ်စုလိုက် ဆိုပြန် တီးပြန်ပါသည်။ မနက်မိုးလင်းချိန် အိပ်ရာကနိုးလို့ ထွက်ကြည့်လိုက်တော့ သူတို့အဖွဲ့ရော ကျွန်တော့် ဂစ်တာသမားရော၊ အဆောင်ရှေ့ မြက်ခင်းပေါ်မှာ အိပ်မောကျလျက်။ သိပ်မကြာပြန်ပါ။ ပဲခူးက ဂစ်တာသမား သူငယ်ချင်းတွေဆီ လိုက်သွားရင်း ကျွန်တော်တို့ဆီမှ ပျောက်သွားပြန်ပါသည်။ ဒါကြောင့် ၁၉၈၆ ခုနှစ်က OASIS studio မှာ သူ့ပထမဆုံး အယ်လ်ဘမ် 'နာရီပေါ်မှမျက်ရည်စက်များ' အသံသွင်းသောအခါ တစ်ခါမှ မကြုံစဖူး OASIS studio ထဲမှာ နိုင်ငံအနှံ့က သူ့ဂီတ သူငယ်ချင်းတွေ သုံးလေးဆယ်



http://mmteashop.com

ကျော်ဖြင့် ပြည့်ကျပ်လို့။ အားလုံးဟာ သူ့ရဲ့ ဂီတအိမ်ထဲက သွေးသားရင်းချာ မိသားစုများသာ။ သီချင်းများ၏ ခေါင်းဆောင်ရာသို့ မမောနိုင်၊ မပန်းနိုင်လွင့်မျောခဲ့သော သူ့ဘဝ။

အောင်မြင်ကျော်ကြားသော အဆိုတော်ဘဝ ရောက်တော့လည်း တည်ငြိမ်သွားသည် မရှိပြန်ပါ။ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း) က ပန်းနုလဝန်း တေးသံသွင်းဆိုင် ထပ်ခိုးမှာ၊ သုဝဏ္ဏ တိုက်တန်းလျားလေး တစ်ခုမှာ၊ နောက် ကိုဇော်သစ်၊ ရဲသွင်တို့နှင့် ရန်ကင်းမှာ၊ တခြားအတူ အဆိုတော်တွေအဖို့ ဘဝကို လွယ်ကူစွာ ဖြတ်သန်းဖို့ စည်းစိမ်ပြည့်ဝစွာ နေထိုင်ဖို့ ငြိမ်ချမ်းသာယာသော လမ်းကို ရွေးချယ် လျှောက်လှမ်းလေ့ ရှိသော်လည်း သူကတော့ ပိုက်ဆံမရ၊ အအိပ်ပျက်၊ အစားပျက် ပင်ပန်းခံရသော နီးစပ်ရာ သူတွေအတွက် Music Arrengement, Vocal နဲ့ Harmony Arrrangement တွေ လုပ်ပေးရသော ခက်ထန်ကြမ်းတမ်းတဲ့ ဘဝကိုသာ သီချင်းတွေ၊ ဂီတတွေကို ချစ်မြတ်နိုးစိတ် သက်သက်နဲ့ ရွေးချယ်ခဲ့သူပါ။ အိမ်ထောင်ကျပြီး သမီးလေးမွေးပြီးသည် အထိလည်း အိမ်မှာထက် Studio မှာ အနေများခဲ့သူ။

သူ မဆုံးခင် တစ်လ၊ နှစ်လ ကတည်းက သူ့ကျန်းမာရေးက ကောင်းပုံမရတော့ပါ။ တခြားသူတွေဆို အနားယူဖို့ ဆေးကုဖို့ ဆုံးဖြတ်ကြမှ ဖြစ်ပေမယ့် သူကတော့ ဆောင်းဦးလှိုင် ဂီတသက် ၁၀ နှစ်ပြည့် Live Show၊ တူးတူး အမှတ်တရ Live Show၊ တစ်နေ့စာအလွဲများ ဗီစီဒီရိုက်ကူးရေး၊ သူရိန်စိုး အယ်လ်ဘမ်သစ် Promotion ပွဲမှာ Flute, Harmonica နဲ့ Percussion တွေ နောက်ထပ် တီးပေးဖို့ ကိစ္စတွေကိုသာ ဦးစားပေး ရွေးချယ်ခဲ့ပြန်ပါသည်။ သီချင်းတွေ ခေါင်းဆောင်ရာနောက်ကို ငြင်းချက်မထုတ်၊ နောက်ငဲ့မကြည့်၊ သဲသဲမဲမဲ လိုက်ပါနေခဲ့ခြင်းက တစ်ချိန်မှာ ဆိုးရွားတဲ့ ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့ရနိုင်မှန်း သူ့ကိုယ်သူရော၊ အနီးဆုံးက မိသားစုနဲ့ သူ့သူငယ်ချင်းတစ်ချို့ကပါ စိုးရိမ်စွာ ရိပ်စားမိကြပါသည်။

စောစောပိုင်းက သီချင်းတစ်ပုဒ် 'အိပ်မက်ထဲက ရထားကြီး' မှာ သူဒီလို ရေးခဲ့ဖူးသည်။

http://mmteashop.com

(အိပ်မက်ဆန်းတစ်ခု ညစဉ်တွေ့မြင်၊ ငါလေ ရထားကြီး တစ်စင်းနဲ့ပေါ့။ ဘယ်ဆီမှန်းလည်း မသိတဲ့ ခရီးစဉ်အမှောင်မှာ ခုတ်မောင်းရင်း၊ ငါဟာ တစ်ဦးတည်းသော အမြဲတမ်းခရီးသည်၊ နေရာ၊ အချိန်၊ ပညတ်ချက်မဲ့ ဆူညံ အက်ကွဲတဲ့ နလုံးသားခေါင်းလောင်းမြည်သံတွေ အမှောင်နဲ့အလင်း မကွဲပြားတဲ့ကောင်းကင်၊ ညလွင်ပြင်ကိုဖြတ်သန်း တိုးဝင်၊ မီးရထားကြီးတစ်စင်း ငါ့ဝိညာဉ်ကို သယ်ဆောင်ခုတ်မောင်းရင်း၊ သံသရာရှည်မယ့်ခရီး ဘယ်မှာဆုံးမယ် ငါလည်းမသိ၊ ဒီအိပ်မက်ကနိုးတိုင်း ရင်မှာကြေကွဲမိ၊ အိပ်မက်ထဲက ရထားကြီးခေါ်သံ ငါကြားမိ)

'ငါတိမ်တိုက်' သီချင်းထဲမှာလည်း သူဒီလို ညည်းတွားခဲ့သေးတယ်

(ငါဟာတိမ်တိုက်ပါ၊ မီုတွယ်ရာ မရှိပါ။ ရည်ရွယ်ရာမဲ့စွာ ရွှက်လွင့်စဉ်မိုးကောင်းကောင် ဟိုးအဝေး ... ခရီးသွားလေ အရောင်ပြယ်နေပါပြီ ဂျင်းပင်အပြာပောင်းနွမ်း စုတ်ပြတ်ခဲ့တဲ့ ငါ့ဘဝအလား ချုပ်ရိုးကြောင်း အဖာအထေးတွေ ဒဏ်ရာတွေများစွာ ဘဝမှာ အချစ်နဲ့အမုန်း အမှတ်မဲ့ဖြတ်အလာ အနစ်မဲ့တဲ့ဘဝက အမှားအယွင်းများစွာ ပြီးဆုံးခွင့် တစ်ခုတော့ လိုလား ကူညီနိုင်မလား)

သိပ်မကြာခင်က ထွက်သွားသည့် 'ဘာလိုလို' အယ်လ်ဘမ်ထဲမှာတော့ String ရဲ့ fragile ကို 'ကွဲရှတတ်သည် ' ခေါင်းစဉ်နဲ့ ဒီလိုရေးခဲ့ပြန်ပါသည်။

(ဒီပန်းပွင့်လေး ငါကြည့်ကာ ကြည်နူးဆဲ ရုတ်တရက် လွင့်ကြွေသွားတော့ အံ့သြမိခဲ့

ဒီကောင်းကင်ထက် ကြယ်လေးတွေ ကြွေသွားတယ်၊

အထိတ်တလန့် ငါ့ရင်ထဲ အတွေးနဲ့ဆွေး၊ သတိရဖို့တောင် သတိမရဘဲ

မေ့ခြင်းကြီးစွာ မေ့လျော့ခဲ့၊ မရှိတဲ့အရိပ်မှာ မှုးယစ်ဆဲ၊

အချိန်တန်လာရင် အကုန်ပျက်သုဉ်းရမယ်၊ တို့အားလုံးဘဝဟာ ကွဲရှတတ်တယ်

ပြောရင်တော့ ဆွေးစရာပေါ့၊ တို့အားလုံး ကွဲရှလွယ်၊ တို့ ကွဲရှတတ်တယ် )

ခုတော့ တစ်ခါတစ်ရံ စိုးရိမ်မိတဲ့ အတွေးတွေ တကယ်ဖြစ်ပျက်သွားခဲ့ပါပြီ။ သူချစ်မြတ်နိုး တပ်မက်သော သီချင်းတွေက အဆိုးဝါးဆုံး ဖြစ်ရပ်တွေဆီ စောစီးစွာ



http://mmteashop.com

ခေါ်ဆောင်သွားခဲ့ပါပြီ။ သူ့ရဲ့ နောက်ထပ်ဘဝတွေ ရှိခဲ့လျှင်တော့ သီချင်းတွေ၏ ခေါ်ဆောင်ရာ နောက်ကို ငြိမ်းချမ်းသာယာစွာ၊ ကျန်းမာပျော်ရွှင်စွာ လိုက်ပါနိုင်ပါစေလို့ ဆုတောင်းလိုက် ရပါသည်။

မြင့်မိုးအောင်

အလင်းတန်းဂျာနယ်၊ အမှတ် ၃၁၉၊ စက်တင်ဘာ ၆ ရက်၊ ၂၀၀၄။




http://mmteashop.com

# မိကွန်တော ဖတ်ဖို့စာ

မအိ

ငါ့ကို ညည်းလေး သိချင်မှ သိပေလိမ့်မယ်။ အတိုဆုံးစကားနဲ့ ပြောရရင်တော့ ညည်းဖေဖေနဲ့ ငါတို့ဟာ တစ်ကိုင်းတည်းနားတဲ့ ငှက်တွေပါပဲ သမီးလေးရေ။ 'မအိ' ဆိုတာ သီချင်းရေး ဆရာလား၊ အဆိုတော်လား၊ တေးသံသွင်းပိုင်ရှင်လား၊ ညည်းဖေဖေ့ ကျောင်းနေဘက် သူငယ်ချင်းလား။ အဲလိုတွေးထင်ရင် တစ်ခုမှမမှန်ဘူး၊ မှားမယ်။ သမီးနားလည်အောင် ပြောရရင် တစ်ကိုင်းတည်းမှာ နားဖူးခဲ့တဲ့ အရောင်တူတဲ့ ငှက်ကလေးတွေကို သမီးမြင်ဖူးပါ့မလား။ မှန်းသာ ကြည့်လိုက်တော့နော် သမီးလေး။

ငှက်ကလေးတွေဟာ တစ်ကိုင်းတည်း နားနေကြရာကနေပြီး ပျံသန်းချင်ရာကို ပျံသန်းကြ၊ ပြန်ဆုံတဲ့အခါလည်း ရှိရဲ့။ တစ်ခါတလေတော့လည်း အပြီးတိုင် ခွဲခွာသွားချင်တယ်လို့ မရည်ရွယ်ပေမယ့် ဘယ်လိုမှ ပြန်မဆုံဖြစ်ကြတော့ဘူး။ ဝေးသထက် ဝေးရာကို ပျံသန်းရင်း ပျံသန်းရင်းလေ…။ ကံကြမ္မာ အခွင့်ပေးတဲ့ တစ်နေ့မှာ အဝေးကြီး လွင့်ထွက်ပျံသန်းခဲ့တဲ့ ငါနဲ့ ညည်းလေးဖေဖေတို့ ရန်ကုန်ရွှေမြို့တော်ကြီးရဲ့ ၃၃ လမ်းက သစ်ကိုင်းကလေး တစ်ကိုင်းမှာ ပြန်လည် ဆုံတွေ့ကြပါလေရောကွယ်။

ဖေဖေနဲ့ တွေ့တာများ အဆန်းတကြယ် အမှန်းတင်လိုက်တာလို့ သမီးလေး ထင်သွားသလား။ ညည်းဖေဖေက နိုင်ငံကျော် တေးရေးအဆိုတော်ကြီး လေအောရဲ့။ တွေ့ဖို့များ ဘယ်လွယ်ပါလိမ့်မလဲ။ တစ်ကိုင်းတည်းနားတဲ့ ငှက်ချင်းတောင် ဦးအောင်ဝေး၊ ဦးနေမျိုးဇော်၊ ဦးမြင့်မိုးအောင်၊ ဦးဇော်သစ်၊ ဦးသိမ်းတင်သားတို့ကို တစ်ခေါက်သွားရာလို့ မတွေ့ရင် နောက်တစ်ခေါက် သွားရှာလို့ ရနိုင်သေးရဲ့။ ညည်းလေးဖေဖေ နိုင်ငံကျော်ကြီး ကတော့ တွေ့ချင်ရင် ဘယ်ရှာရမှန်းတောင် မသိ။ စိတ်ရှိသလို ပျံသန်းရာမှာတော့ ကျန်တဲ့ ငှက်ဖော်တွေ သြချရပါရဲ့အေ။

ငါကလည်း လေရှည်ရှည်နဲ့ ဘယ်ရောက်သွားပါလိမ့်။ သြော် … ပြန်လည် ဆုံတွေ့ကြတဲ့ အကြောင်းနော်၊ ဟုတ်ကပြီ။ အဲဒီအချိန်က ညည်းလေးဟာ ဂျပန်အိမ်မှာ



http://mmteashop.com

ဘဲဥဖြစ်တုန်း။ ဒါက ငါတို့ ငယ်ငယ်က စကားလေ။ ညည်းလေးတို့ နားလည်နိုင်မှာ မဟုတ်တော့ပါဘူး။ သမီးလေး ဘယ်ဆီဘယ်ဝယ်ကို ရောက်နေမှန်းမသိတဲ့ ညည်းဖေဖေရဲ့ လူပျို လူလွတ်ဘဝကို ပြောတာပါအေ။ လွန်ခဲ့တဲ့ ၁၄ နှစ်တိတိကပေါ့ မိကွန်ထောရယ်။ ခုလက်ရှိ သမီးလေး မိကွန်ထော အရွယ်လောက်တောင် မရှိသေးတဲ့ ကောင်လေး တစ်ကောင်နဲ့ ကချင်သံ ဝဲနေပြီဖြစ်တဲ့ ဗမာမ (ငါပေါ့အေ) တစ်ယောက်ဟာ မြေပြန့်ကို ဘုရားဖူးကားနဲ့ အလည်လိုက်လာ ခဲ့တယ်ပေါ့။ ကချင်တောင်ပေါ်မှာ မွေးခဲ့တဲ့ ကောင်လေးကို မြို့အဆိပ်တွေနဲ့ 'တောက်' သွားမှာစိုးလို့ ဆွေမျိုးတွေအိမ်မှာ ခဏ အပ်ထားရတယ်။ ပြီးတော့ သူ့မေမေဖြစ်တဲ့ငါ ဘာလုပ်တယ်ထင်တုန်း မိကွန်ထောရေ။ ညည်းဖေဖေကဲ့သို့သော အပေါင်းအသင်းပေါင်းတွေကို လိုက်ရှာတော့တာပေါ့အေ့။

အဲဒါ ညည်းဖေဖေနဲ့တွေ့ဖို့ အဝေးကြီးဝေးပြီး နောက်ပိုင်းမှာ ပထမဆုံး ကြိုးစားခြင်း။ သေသေချာချာ တွေ့တွေ့ဆိုင်ဆိုင် ပက်ပင်းကြီးတွေ့တဲ့ နေရာကတော့ ၃၃ လမ်း (အထက်) ရဲ့ ဓမ္မာရုံတည်ရာ လက်ဖက်ရည်ဆိုင်လေးမှာ။ ဘာတဲ့... လေထန်ကုန်း ခေါ်ကြဆိုပဲ။ ငါလည်း မဂ္ဂဇင်းတွေထဲက သိရတဲ့ လေထန်ကုန်းကို နောက်တစ်ခါက် ရန်ကုန် ရောက်တော့ အမှတ်မရှိစွာ ရှာဖွေမိပြန်လေရော။ ဒီတစ်ခါတော့ ငါက ညှော်သည် မဟုတ်တော့ပါဘူးအေ့။ ငါ့ကောင်ကလေးကလည်း ခု ညည်းလေး အရွယ်ဖြစ်ပြီ။ ၈ နှစ်သားလောက် ရှိပြီလေ။ အံမယ် သူ့ကို တောင်ပေါ်သားလေးဆိုပြီး အထင်တော့ မသေးလိုက်ပါနဲ့အေ၊ ချစ်ကောင်း သိတယ်၊ ကော်နီ သိတယ်၊ ထူးအိမ်သင် သိတယ်၊ ခင်ဝမ်းတောင် သိတယ်။ ငါ့သားလေးကို မျက်စိတွေ နားတွေ ပိတ်မထားရက်တာ ညည်းဖေဖေတော့ နားလည်မှာပါ သမီးလေးရယ်။ ညည်းဖေဖေနဲ့ ငါ့သားလေး စတွေ့ကြတဲ့ အချိန်မှာ သူ့အဖေ မရှိတော့ဘူးလေ။ ကောင်လေးက ညည်းဖေဖေကို ပြောင်မကြည့်ရဲ့ဘူး၊ ခိုး ကြည့်တယ်။ သူ့ကို ထိန်းလာတဲ့ သူ့ရဲ့ ဦးဇော် (နေမျိုးဇော်) က ညည်းဖေဖေနဲ့ ဆိုရင် ညီအစ်ကို အရင်းထက် ပိုချစ်ကြတဲ့ သူတွေလေ။ ညည်းဖေဖေက ငါနဲ့စကားပြောပြီးတဲ့အခါ ကောင်လေးကို ဖက်လိုက်တယ်။ သူတို့ နှစ်ယောက် ကိုမျိုးသိန်းရဲ့ လက်ဘက်ရည် ဆိုင်ထဲက ထွက်သွားကြတယ်။ ဆယ့်ငါးမိနစ်လောက်အကြာ ပြန်လာတော့ ကောင်လေး



http://mmteashop.com

လက်ထဲမှာ တစ်ဘက်ကရေခဲမုန့်၊ တစ်ဘက်က မုန့်ထုပ်တွေ မနိုင်မနင်း။ စကားစပ်မိလို့ ပြောရရင် ကောင်လေးက ရေခဲတောင်ပေါ်မှာ သန္ဓေတည်ကြီးပြင်း လာတာ ၇ နှစ်သားလောက် အထိပဲ။ ဒီတော့ ရေခဲမုန့်မစားဖူးဘူး။ မြင်တောင် မမြင်ဖူးဘူးဆိုပါတော့။ အပူပိုင်းမြေပြန့် ရောက်တဲ့အခါ အထူးအဆန်း ဖြစ်တာရော၊ ရာသီဥတုကြောင့်ရောပေါ့။ သူမုန့်ဖိုးရရင် ရေခဲချောင်းပဲ ဝယ်စားတော့တာ။ ခုကြည့်စမ်း၊ ညည်းဖေဖေ ဝယ်ပေးထားတဲ့ ရေခဲမုန့်ဟာ အရည်ပျော်ပြီး စီးကျတောင်နေပြီ။ သူ မစားရက်နိုင်ဘူး။ ဝယ်ပေးထားတဲ့ ရေခဲမုန့်ဟာ အရည်ပျော်ပြီး စီးကျတောင်နေပြီ။ သူ မစားရက်နိုင်ဘူး။ အမေက ဘယ်လောက်ပဲ ယုယယုယ ဖခင်ရဲ့ ကြင်နာမှုမျိုး သူ မေ့သလောက် ရှိသွားပြီလေ။ ပြီးတော့ သူ့ပခုံးကိုဖက်ထားသူက နိုင်ငံကျော် အဆိုကျော်ကြီး။ အဲဒီမှာ ငါ့သားလေး လက်ထဲက ရေခဲမုန့် အရည်ပျော်တော့တာပဲပေါ့ အေရယ်။ ဒီပုံရိပ်တွေကို ငါ ဘယ်လိုများ မေ့ပစ်နိုင်တော့မလဲ မိကွန်ထော။ ညည်းရော ရေခဲမုန့်ကြိုက်များကြိုက်သလားဟင်။ ငါ့ကောင်လေးလိုပဲ အဖမဲ့သွားရှာပြီဖြစ်တဲ့ သမီးလေးကို ငါ လာတွေ့ဆုံဖို့တောင် မရဲပါဘူး သမီးလေးရယ်။ အဲဒီအကြွေးမျိုးတော့ ငါမဆပ်စမ်းရ ပါစေနဲ့။ ငါ့ကိုယ်ငါလည်း သိပါရဲ့အေ။ ငါဟာ အတ္တကြီးတာပေါ့။ ငါခံစားရမှာ ငါ သိပ်ကြောက်နေတယ်။ ခုကို ညည်းဆီ စာရေးရင်း ငါငိုနေရပြီအေ့ သိရဲ့လား ....။

ညည်းဖေဖေ သတင်းကြားစက ဆိုရင် ငါလေ ညည်းဖေဖေကို စိတ်ဆိုးလိုက်တာ။ သူ ဘာလို့ သေလိုက်ရတာလဲ ဟင်။ မထူးပါဘူး သမီးလေးရယ်။ ငါ့ရင်ကိုခွဲပြီး ဖွင့်ပြသလို ပြောလိုက်ရရင် ငါက တစ်ခုလပ်လည်း ဖြစ်ဖူးတယ်။ မုဆိုးမလည်း ဖြစ်ဖူးတယ်။ သေတဲ့လူက နောက်ဘဝ မကူးမချင်း လွတ်မြောက်သွားတာ၊ ဒါ တို့ဗုဒ္ဓဘာသာရဲ့ ထုံးတမ်းအစဉ် အလာအရ တွေးခေါ်ကြည့်တာ။ သမီးလေးတို့ အလိုအရတော့ ကောင်းကင်ဘုံ ရောက်ပြီပေါ့။ ကျန်ရစ်ခဲ့ရသူတွေမှာ လူမှုဒုက္ခရော၊ စိတ်သောကရော၊ နှစ်ပင်လိမ်ပြီလေ။ ဂျာနယ်မှာတောင် နုနုငယ်ငယ် အသစ်စက်စက် မုဆိုးမလေးနဲ့ ဥမမယ် စာမမြောက် သမီးလေးတို့ရဲ့ပုံကို ရဲရဲမကြည့်ဝံ့တာ ငါ ဆိုတဲ့ ကဗျာဆရာမ 'မအိ' ပါအေ။

ရင်သွေးရယ်



http://mmteashop.com

နေကွယ်ခဲ့ပြီ

သည် ဥမမယ်စာမမြောက်

ကလေးအတွက်

ကျေးရူးရှင်ဖခင်တစ်ယောက်ရဲ့

မွေးနေ့လက်ဆောင်များ ပျောက်ပျက်။

အဲဒါ ငါ့သားလေး အဖေဆုံးပါးပြီးနောက် ငါရေးခဲ့တဲ့ ကဗျာထဲက တစ်ပိုဒ်ပါ အေရယ်။ ကောင်လေး တစ်ယောက်တည်း အတွက် ဖွဲ့ခဲ့တာ မဟုတ်ဘူး ဆိုတဲ့ အသိကို ညည်းအဖေမို့လို့ ငါ့ပေးရက်တယ်။ သူ့သတင်းကြား ကြားချင်း ရင်တဆတ်ဆတ် နာကျင်အောင် နာလွန်းလို့ တစ်ကြောင်း၊ ညည်းတို့ သားအမိကိုရော၊ သူ့အမေအိုကြီး ကိုရော မကြည့်ရက်မမြင်ရက်လို့ တစ်ကြောင်း၊ ခါတိုင်းတွေ့ဖို့ ခက်ခဲလှသလို ဒီတစ်ခါတော့ဖြင့် ဟိုနေရာ ဟိုခုတင်ပေါ်မှာ မလှုပ်မယှက်ကြီး သူ့လာကြည့်သမျှ သူတကာ ရှေ့ စင်းစင်းကြီး နေပြပုံကို မလိုလားနိုင်တာ တစ်ကြောင်း၊ အဲသလို အကြောင်းကြောင်းတွေနဲ့ ငါ့ကိုယ်ငါ နေနိုင်သူကြီး ပုံစံချိုးပြီး အဲဒီပွဲကို ငါမလာဖြစ်ခဲ့တာဟာ ခုတော့ မျက်ရည်အကြိမ်ကြိမ်ကျနေရပြီလေ။

ဩော် .... မိကွန်ထော်လေးရေ။ တောရောက်တောင်ရောက် ဖြစ်နေရင်လည်း သည်းခံ ပေးပါအေ။ ညည်းကို ငါမြင်ဖူးတယ်ဆိုရင် ယုံမလား။ လူနဲ့လူချင်းတော့ မဟုတ်ပါဘူး။ ညည်းဓါတ်ပုံလေးကိုပါ။ ညည်းဖေဖေနဲ့ မြင့်မိုးအောင်က ငါ့များ သူတို့ မလွှဲနိုင်မရှောင်နိုင် တွေ့လိုက်ပြီဆိုရင် 'ဘာတွေရေးနေလဲ၊ နေကောင်းရဲ့လား' ဆိုတာတော့ တရရမေးကြသပ၊ မှတ်မှတ်ရရ နောက်ဆုံးတွေ့ဆုံတဲ့ အကြိမ်မှာ ညည်းဓါတ်ပုံလေးကို ထုတ်ပြရှာတယ်။ ၂ နှစ်၊၃ နှစ်အရွယ်လေးပါပဲ။

'ကျွန်တော့် သမီးလေး၊ ချစ်ဖို့မကောင်းဘူးလား'

'နင် တော်တော်ချစ်သလား '

'အင်း အရမ်းချစ်တယ်'

'ဟင်း ကိုယ့်အလှည့်ကျတော့ '



http://mmteashop.com

'မမကလည်း ကျွန်တော့် အမေကိုလည်း ကျွန်တော် ချစ်ပါတယ်ဗျ'

'သိသိ ဒုက္ခအိုးကြီးရဲ့'

သူ့လက်မောင်းကို လှမ်းထုပြီး ၃၃လမ်းပေါ် လမ်းလျှောက်ရင်း အပြန်အလှန် ပြောဖြစ်ခဲ့ကြတာ နောက်ဆုံးလို့ ငါမသိခဲ့ရပါလား မိကွန်ထောရေ။ အံ့မယ် သူက ငါ့များ လေပြေထိုး ချော့နေသေးရဲ့။ ကလေးငယ်တုန်းက အိမ်မှာ အလုပ်လုပ်မရလို့ တခြားသွား လုပ်နေရတာပါတဲ့လေ။ သူတို့ အိမ်မကပ်တာကို မိန်းမချင်း ကိုယ်ချင်းစာပြီး မြည်တွန် တောက်တီးနေကျမှတ်လား။ ခုတော့ ငါဆူပူချင်လည်း သူကတော့ဖြင့် မကြားနိုင်၊ သူ့ရွာပန ဂူသွင်းတဲ့ နေ့တုန်းက ဂျာနယ်တိုက်မှာ အယ်ဒီတာမမအဖြစ် ဟန်တစ်လုံး ပန်တစ်လုံးနဲ့ နေနိုင်အောင် နေခဲ့မိတယ်။ နောက်တစ်နေ့ ဂျာနယ်တိုက်အရောက်မှာ သတင်းစာကို အမှတ်အထင် ကြည့်လိုက်မိတော့ ဆရာကြီးမင်းသုဝဏ် နာရေးသတင်းနဲ့ တိုးပါရော။ နှစ်ယောက်စာ ပေါင်းပြီး ငါ မျက်ရည်မကျဘဲ မနေနိုင်တော့ဘူး။ ဆရာကြီးကို နောက်ဆုံး ကန်တော့တဲ့အနေနဲ့ ဟိုနေရာကို ငါသွားလိုက်ပါတယ်။

သမီးလေးရေ၊ ဘာတွေ့သလဲ သိလား။ ပန်းခွေ၊ ပန်းခြင်းတွေ ထားတဲ့နေရာမှာ လဲပြိုနေတဲ့ အကောင်းစား သစ်ခွပန်းခြင်းလေးရဲ့ ရင်ဘတ်မှာ တွဲလောင်းကျနေတဲ့ 'ကိုငှက်' ဆိုတဲ့ ကဒ်ပြားကို မြင်လိုက်ရရင်ပဲ ဖြေမဆည်နိုင်အောင် ဖြစ်မိသွားတယ်။ ငါမှန်ပါတယ်နော်။ ညည်းဖေဖေနဲ့ ရုပ်ကလပ်ကို ငါ ဘယ်လိုများ ကြည့်နိုင်မှာလဲ သမီးလေးရယ်။

အဲဒီ မကြည့်ခဲ့တဲ့၊ လိုက်ပါ မပို့ဆောင်ခဲ့တဲ့အတွက် ငါမသေမချင်း ဘယ်နခါ မျက်ရည်ကျ ဖြစ်ဦးမယ်ဆိုတာ ငါကိုယ်တိုင်လည်း မခန့်မှန်းတတ်တော့ပါဘူးကွယ်။ ဒါ ငါ့အတွက် ထိုက်တန်တဲ့ ပြစ်ဒဏ်ပါ။ သူပေးခဲ့တဲ့ ပြစ်ဒဏ်တော့ဖြင့် မဟုတ်နိုင်ပါဘူး။ ငါ့အတွက်က ငါ့ကို ပေးလိုက်တဲ့ သင့်တင့်လျောက်ပတ်တဲ့ စီရင်ချက်ပါ။ ကျေကျေနပ်နပ်ကြီး ခံယူသွားပါ့မယ်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ သမီးလေးရဲ့။ တစ်နေ့ကျရင် ငါ့ကောင်လေး 'ဒိုဒို' နဲ့ 'မိကွန်ထော' တို့ တစ်ကွေ့ကွေ့မှာ တွေ့ကြရင်တော့ တစ်ကိုင်းတည်း နားတဲ့ ငှက်ကလေးတွေ မဖြစ်ခဲ့ရင်တောင် ဘဝတူ ဖတစ်ဆိုးလေးတွေအဖြစ်

နွေးထွေးစာနာ ကြင်နာကြကောင်းပါရဲ့အေ။ ဒီအခွင့်အရေးလေးကိုတော့ ကတ်ကတ်သတ်သတ် ငါမျှော်လင့်နေသေးတယ်။

ညည်းလေးဆီ စာတွေ ဆက်ရေးဖြစ်နေဦးမှာလား။ ငါ့ခံစားရသမျှတွေ ဒီစာလေးနဲ့တင် အဆုံးသတ်ပြီလား ဆိုတာလည်း မတွေးထားချင်တော့ပါဘူး မိကွန်ထောရေ။ လူချင်းမတွေ့ဖြစ်မီ အတောအတွင်း စာကို မုဒိတာ မဂ္ဂဇင်းအယ်ဒီတာ နှင်းဝေငြိမ်းကနေ တစ်ဆင့် ပါးလိုက်ရတာကို သမီးနားလည်ပေးပါဦးနော်။

မင်းဖေဖေနဲ့ တစ်ကိုင်းတည်း

နားခဲ့တဲ့ငှက်

ကြီးကြီးမအိ

မုဒိတာမဂ္ဂဇင်း၊ အမှတ် ၁၄၊ ၂၀၀၅။

http://mmteashop.com



# ထူးအိမ်သင် (သို့မဟုတ်) ချစ်စရာကောင်းပြီး လိမ္မာတဲ့ ကလေးတစ်ယောက်

ခင်ပန်နှင်း

ကျွန်မဘဝမှာ ဂုဏ်ယူစရာ များများစားစား မရှိလှပါဘူး။ ဒါပေမယ့် အဲဒီ များများစားစားမရှိတဲ့ အထဲကပဲ ကျွန်မအဖို့ ကျေနပ်နှစ်ခြိုက် ပီတိဖြစ်ရတာက ထူးအိမ်သင် ဆိုတဲ့ ချစ်စရာကောင်းတဲ့ ကလေးလေးနဲ့ မောင်ရင်းနှမ ပမာခေါ်မလား တူအရီးပမာ ခေါ်မလား သားအမိပမာ ခေါ်မလား ဘယ်လို ခေါ်ခေါ်ရပါတယ်။ အဲဒီကလေးလေးနဲ့ ခင်မင်ရခြင်းပါပဲ။

၁၉၉၂ ရဲ့မြန်မာနှစ်ဆန်း ၁ ရက်နေ့၊ အဲဒီတုန်းက ကျွန်မ ဆေးကုသခြင်း လုပ်ငန်းလုပ်ကိုင်တဲ့ ရွှေဘုံသာလမ်း စန္ဒာဆေးခန်းမှာ ဘဲဥလေး (ထူးအိမ်သင်) နဲ့ စတင် သိကျွမ်းရပါတယ်။ အဲဒီကာလက ဘဲဥလေးရယ်၊ မောင်ဇော်သစ်ရယ်၊ ရဲသွင်ရယ်က ရန်ကင်း လေးလုံးတန်းမှာ နေကြတာ။ ကျွန်မ မကြာခဏပဲ အဲဒီ တိုက်ခန်းကို သွားသွား လည်ပြီး ခင်ခင်မင်ခင် ရှိကြတယ်။

တကယ်တော့ ငယ်သူငယ်ချင်းအပေါင်း၊ ငယ်ချစ်အပေါင်းက 'ဘဲဥ' လို့ ချစ်စနိုး ခေါ်ကြတဲ့ အဲ့ဒီကလေးလေးဟာ တကယ်ချစ်စရာ ကောင်းပြီး တကယ်သိမ်မွေ့ရိုးသားတဲ့ ကလေးလေးပဲ ဆိုတာကို ကျွန်မ သူနဲ့ စသိသိချင်းမှာပဲ သဘောပေါက်လိုက်တယ်။ နောက်ပိုင်းမှာလည်း သူဟာ ကျွန်မ သဘောပေါက်ခဲ့တာ ထက်တောင် ပိုပြီး သိမ်မွေ့ရိုးစင်း ချစ်စရာကောင်းတဲ့ ကလေးလေးပါပဲ။ လောဘလည်းမရှိ၊ ဒေါသလည်းမရှိ။ သူသည် မြင့်မားတဲ့ အတွေးအခေါ်ရှင် ဖြစ်ကြောင်းကိုတော့ သူ့ပရိတ်သတ်တွေက သူ့အနုပညာ ပစ္စည်းတွေက တစ်ဆင့် သိပြီးဖြစ်ကြပါတယ်။

ရန်ကင်း လေးလုံးတန်းကနေ သူကန်တော်လေး ၈၉ လမ်းကို ပြောင်းနေတယ်။ အဲဒါ ၁၉၉၃ ခန့်ဖြစ်ပါမယ်။ ဒီတော့ သူ့ဖခင်၊ မိခင်၊ ညီ၊ ညီမတွေကိုပါ ကျွန်မ ရင်းနှီးရတယ်။ သည့်နောက် သူ သွယ်သွယ်ထွေးနဲ့ လက်ထပ်တယ်။



http://mmteashop.com

သူသည် လက်မထပ်မီကပင် သူ့မိဘ ညီအစ်ကိုမောင်နှမတွေကို သူ့အနုပညာကြေးနဲ့ ရှာဖွေ လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်တယ်။ သွယ်သွယ်ထွေးနဲ့ လက်ထပ်ပြီးတော့လည်း ဇနီးသည်အပေါ်မှာ ကြင်နာယုယပြီး ခင်ပွန်းကောင်းတာဝန် ကျေပွန်ဖြစ်တယ်။

လက်ထပ်ပြီး သမီးလေး 'မိကွန်ထော' ကိုရပြီးသည်အထိ ဘဲဥလေးသည် သူ့မိဘ ညီအစ်ကို မောင်နှမ၊ ဇနီး သမီးတို့ကို စုစုစည်းစည်း ဥမကွဲသိုက်မပျက် ထားနိုင်ပြီး သူပဲ ရှာဖွေကျွေးမွေးသူ ဖြစ်တယ်။ ၈၉ လမ်းမှသည် ကျောက်မြောင်း အင်းဝလမ်းကို သူတို့ ပြောင်းကြတယ်။ အင်းဝလမ်းမှနေပြီး ယခုလက်ရှိနေထိုင်ရာ သီတာလမ်းကို ပြောင်းတယ်။

ဘဲဥလေးသည် သူ့ဘဝ တစ်လျှောက်လုံးမှာ ရိုးသားခြင်း၊ မှန်ကန်ခြင်း၊ အလိုမပြည့် မကျေမနပ် မရှိခြင်း၊ ပပလွှားလွှား နေထိုင်မှု မရှိခြင်း၊ အနုပညာ အလုပ်ကိုသာ တစိုက်မတ်မတ် လုပ်ကိုင်ခြင်း စတဲ့ ဂုဏ်အင်တွေနဲ့ ပြည့်စုံသူဖြစ်တယ်။ ဂုဏ်အင်အားလုံး အနက် အမွန်မြတ်ဆုံး ဂုဏ်အင်ကတော့ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဇနီးမိသားစုကို ရှာဖွေ ကျွေးမွေးစောင့်ရှောက်ခြင်းပဲ။

ရှာဖွေ ကျွေးမွေးတယ် ဆိုတဲ့ နေရာမှာ သူသည် သူတစ်ပါးတွေကို ကုမ္ပဏီနဲ့ Business နဲ့ ရှုံးခန်းနဲ့ စတူဒီယိုနဲ့၊ တီးဝိုင်းနဲ့၊ တခမ်းတနား ရှာကျွေးနိုင်တာမျိုး မဟုတ်ပါဘူး။ သူ့အသံလေးနဲ့ သီချင်းလေးဆိုပြီး သူ့နှလုံးသား သူ့ဦးနှောက် သူ့ယုံကြည်ချက်နဲ့ သီချင်းတွေ ရေးပြီး ရှာဖွေ ကျွေးမွေးခဲ့တာ ဖြစ်လို့ အမွန်မြတ်တကာ့ အမွန်မြတ်ဆုံး ဖြစ်ပါတယ်။ ပညာတွေဖြင့် အသက်မွေးခြင်းသည် မြတ်၏လို့ လောကနီတိမှာ ပါတယ်လေ။

ကျွန်မ သူ့ကို သူ့ဘဝလေး၊ သူ့မိဘ ညီအစ်ကို မောင်နှတွေနဲ့ တစုတဝေး တွေ့ရတိုင်းပဲ သူကံကောင်းလိုက်တာလို့ ကျွန်မစိတ်ထဲမှာ အမြဲဖြစ်မိပါတယ်။

သူက ကျန်းမာရေး မကောင်းတော့ အသက်ရှည်ရှာနိုင်မယ် မထင်ဘူးလို့ ကျွန်မစိတ်မှာ ဖြစ်နေပါတယ်။ ဒါပေမယ့် ကျွန်မထင်တာထက် စောတော့စောတယ်။

ကျွန်မလည်းတန်းမှာ စာရေးဆရာ ကိုစစနဲ့ လက်ဖက်ရည်ဆိုင် အမြဲလိုလို ထိုင်တာ နှစ်ပေါင်းကြာပြီ။ Spectrum လက်ဖက်ရည်ဆိုင်ပါ။ လက်ဖက်ရည်ဆိုင် ထိုင်စဉ်၊ ဆိုင်က သူ့သီချင်းလေးတွေ ဖွင့်ရင်း၊ ကျွန်မ သူ့သီချင်းဖွင့်လက်စ ဖြစ်နေရင် ဘယ်တော့မှ



http://mmteashop.com

ထမပြန်ဘူး။ ကိုစစရယ် အဲဒီ အသံလေးကို ထားခဲ့ရမှာ သနားလို့ ပြီးအောင်တော့ ထိုင်ရမယ်လို့ ကျွန်မ ခဏခဏ ပြောမိပါတယ်။ သူ့သီချင်း မဆုံးဘဲ ထားခဲ့တဲ့ ထပြန်တဲ့ထုံးစံ ကျွန်မမှာ မရှိဘူး။ နောက်ပြီး မြောက်ဥက္ကလာ အဲယားကွန်းဘတ်စ်တွေ စပေါ်ပေါ်ချင်းမှာ အဲဒီဘတ်စ်တစ်စီးပေါ်မှာ အလွမ်းရဲ့မီးလျှံများ သီချင်းဖွင့်တယ်။ အဲဒီတုန်းကကားက လူကလည်း ချောင်တော့ ကားပေါ်က တချို့က လိုက်ဆိုကြတော့ ကျွန်မ ကျေနပ်လိုက်တာ။

ချစ်စရာကောင်းတဲ့ ဘဲဥလေးသည် မိဘ ညီအစ်ကိုမောင်နှမ မိသားစု ခြံရံ နေထိုင်ခွင့်ရတာ သူတို့ကို ရှာဖွေ ကျွေးမွေးခွင့်ရတာဟာ သူ့ရဲ့ကံကောင်းခြင်းပဲ။။

သူသည် သူ့ယုံကြည်ရာနှင့်သာ နေထိုင်သွားတယ်။ သူသည် ပပလွှားလွှား နေထိုင်ခြင်း ပရိတ်သတ်ကို စတန့်လုပ်ပြခြင်း ပရိတ်သတ်ရဲ့ အံ့သြအထင်ကြီးမှုကို 'ချူ' ယူခြင်းမရှိဘူး။ ဘယ်မဂ္ဂဇင်း စာမျက်နှာမှာမှလည်း ထောင်ထောင်လွှားလွှား မပြောဘူး။ ငါတကော မကောဘူး။ ကိုယ်ရည်မသွေးဘူး။ ဘယ်စာနယ်ဇင်းရဲ့ အသုံးချမှု မခံဘူး။ သတင်းသမားတွေရဲ့ သတင်း Source အဖြစ်မခံဘူး။ သူ့ခြေထောက်ပေါ်မှာပဲ သူတစ်သက်လုံး မတ်မတ်ရပ်သွားခဲ့တယ်။ တကယ်လည်း လိမ္မာပြီး ချစ်စရာကောင်းတဲ့ ကလေးလေးပါ။

နောက်ပြီး ကျွန်မသူ့ကို နေ့စဉ်လိုလို သတိရရနေတတ်တာ ခု သူကွယ်လွန်ပြီးမှ မဟုတ်ပါဘူး။ ကျွန်မအမြဲပဲ သတိရရနေပါတယ်။ ခု သူကွယ်လွန်သွားပြီး။ ကျွန်မသူ့ကို ပုံမှန်ပဲ ခါတိုင်းလိုပဲ သတိရနေပါတယ်။ အဲဒီ ၁၉၉၂ ကတည်းကပါပဲ။ သူကွယ်လွန်တာ သူမရှိတော့တာကို ကျွန်မလက်ခံပါတယ်။ ဒါပေမယ့် သူမရှိတော့တဲ့ ခံစားချက် ကျွန်မမှာ မရှိပါဘူး။ လူတိုင်းလည်း ဒီလိုပဲ သတိရနေကြမှာပဲ။ ကျွန်မ ယမန်နှစ်က ကမ္ဘောဒီးယား ခရီးစဉ် ၃ လ ကာလမှာတောင် ကျွန်မဟိုမှာ ကျွန်မနဲ့အတူသွားရတဲ့ စာနယ်ဇင်းဆရာနဲ့ ကျွန်မ သူ့အကြောင်းခဏခဏ ပြောမိတယ်။ အဲဒီ ဆရာကတောင် ကျွန်မကို "မမ . . . တော်တော် သတိရတတ်တာပဲ" တဲ့။ 'အေး ဒီလိုပဲ .... ရ ရ နေတတ်တယ်' လို့ကျွန်မ ပြန်ပြောမိတယ်။



http://mmteashop.com

ပြီးခဲ့တဲ့ သင်္ကြန်အပြီးမှာ ကျွန်မတို့ M.P.A ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုသင်တန်းရဲ့ လေ့လာရေးခရီးမှာ ကျွန်မသူ့ရဲ့ "အကြင်နာအိပ်မက် " အကြောင်း ပြောမိတယ်။ သူဆိုခဲ့တဲ့ သီချင်းတွေထဲမှာ ကျွန်မအကြိုက်ဆုံးက 'မင်းမရှိတဲ့နောက်' လို့ ကျွန်မပြောမိတယ်။

ခု သူမရှိတော့ဘူး၊ စကားလုံးအချို့ကို ကျွန်မခံစားလို့ မရဘူး။ စကားလုံး မပျက်တဲ့ စကားလုံးတွေဟာ သူမရှိတဲ့ နောက်မှာ ပေါ်ပေါက်နေတယ်။ ထူးအိမ်သင် သေလို့တို့၊ ထူးအိမ်သင် အသုဘတို့၊ ထူးအိမ်သင် ဈာပနတို့။ အဲဒါတွေဟာ စကားလုံးတွေ မဟုတ်ဘူး။ ယပ်တောင်ပေါ်မှာလည်း ကွယ်လွန်သူ ထူးအိမ်သင်တဲ့။ အဲဒီ ကွယ်လွန်တို့၊ သေတို့၊ အသုဘတို့၊ ဈာပနတို့ဟာ သူနဲ့မလိုက်ဘူး၊ သူ့စကားလုံး မဟုတ်ဘူး။

ကျွန်မသူ့ကို ၁၉၉၂ မြန်မာနှစ်ဆန်း ၁ ရက်နေ့ စန္ဒာဆေးခန်းရှေ့ ရွှေဘုံသာလမ်း ပလက်ဖောင်းမှာ စသိခဲ့ရတယ်။ တကယ်ပဲ အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းတဲ့ ကလေးလေး။ သူ တစ်ခါတစ်ရံ အားနည်းရင် ကျွန်မ Drip သွင်းပေးရတယ်။ အိပ်ရာပေါ်မှာ တုံးလုံးလေးလှဲလျက်။ တကယ်ပဲ ချစ်စရာကောင်းတဲ့ ကလေးလေးပါ။ ခုတော့လည်း သူပက်လက်ကလေး သေနေတာကို ကျွန်မကြည့်နေရတယ်လေ။ ဩော်. .. သေသည်ထိ မိသားစု မိဘ ညီအစ်ကို မောင်နှမတွေကို လုပ်ကျွေးသွားတဲ့ လိမ္မာပြီး ချစ်စရာကောင်းတဲ့ ကလေးလေး။ ဒီကလေးလေးမှ ကောင်းရာသုဂတိမလားရင် ဘယ်သူလားမလဲ။ ကျွန်မ သူ့ကို ဘဝဆက်တိုင်း ထူးအိမ်သင် ဖြစ်စေချင်ပါတယ်။

ခင်ပန်နှင်း

အချစ်ဂျာနယ်၊ အတွဲ ၃၊ အမှတ် ၃၁၉၊ ၂၀၀၅။

[၁၉၉၄ မတ်လ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှာ ကျွန်မ သူ့အသံကို ခံစားပြီး ကဗျာတစ်ပုဒ် ရေးသားပါရှိ ခဲ့ဖူးပါတယ်။ ကျွန်မ ပြန်ပြီး ခံစားဖော်ပြလိုက်ပါတယ်။ အဲဒီကဗျာကို ရှာဖွေကူညီရာမှာ ကူညီတဲ့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်ခင်နှင်းဦးနှင့် ဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်။]



http://mmteashop.com

http://mmteashop.com

ဝိညာဉ်ပူးတဲ့ညဥ့်

တစ်စ တစ်စညဥ့်
နစ်ဝင်မျောပါ
ဘယ်အရာနဲ့အတူ
လိပ်ပြာနိုးသံလား
ဝိညာဉ်ခေါ်သံလား
တံခါးမှန်ပြတင်း
ထင်းခနဲတစ်ချက်
လျှပ်ပြက်အရိပ်ထင်
အသံရှင်
ညဥ့်အရိပ် သူ့အရိပ်
အိပ်မရ
စိတ်ကစွဲမက်
အက်ရှရှ ခပ်ဖွဖွ
သက္ကလပ်စ မထူမပါးကို
ပင်လယ်ကမ်း
စပ်နားကလေပြည်
အသာတကြည်
တိုးဝှေ့တဲ့အသံမျိုး
ရွှေကိုနန်းဆွဲ
မြဲမြံပါးလျ
ဆွဲတိုင်းရ နစ်မျော
အလိုက်သင့်ရွှေ့လျော

ရင်မောစိတ်ထွေ
ညှို့တေလေအသံ
သူ့အသံ
လ ထွက်တဲ့အသံ
လ တက်တဲ့အသံ
လ ကွေးကွေးအနား
ကြယ်ကလေးတွေ
ဖြတ်သွားတဲ့အသံ
လ မိုက်ညမှာ မပွင့်ရရှာတဲ့
ကုမုဒြာရဲ့ ငိုသံ
လင်းလုအရုဏ်
အဟုန်ပြင်းပြင်း အဇ္ဇာ
နိတျာဖောက်တက်
နေထွက်သံ
ညခင်းဆည်းဆာ
ခရမ်းပြာ
ပုလဲနီနီမှဲ့ဆင်းသွား
ရေပြင်နားထိရုပ်
လှုပ်ခတ်သံ
ကံ့ကော်မပွင့်မီ
နီကျင်ကျင်
အညွန့်အတက်
လွန့်ထွက်သံ
လှိုင်းအိအိ



http://mmteashop.com

လှေကလေးနဲ့ ထိမိ
လျှောငြိပြေနွဲ့
လေလှုပ်တဲ့အသံ
ရုပ်နဲ့စိတ်
မချိတ်မိရတဲ့အထဲ
ရဲရဲရှုပ်ဖွ
လှုပ်ဆွတဲ့အသံ
ထူးအိမ်သင် အသံ
ညဥ့်ယံပြုစားဝိညာဉ်စေစား
ကမ္ဘာမြေဖျား
ရွှေ့လျားလွင့်စဉ် ခရီးနှင်
အသံရှင်နဲ့ အတူတူ . . .။




http://mmteashop.com

# စီးဆင်းသွားတဲ့ အလွမ်းမီးလျှံ ( သို့မဟုတ်) ထူးအိမ်သင်

စောဝေ

"ကိုမင်းချစ်သူလား .... အစ်ကို ဆရာက ကျောင်းသားတွေမျက်နှာ အကုန်မြင်ရပါစေတဲ့ ... ဒင်နာ ဒီနေ့ညနေ ၆ နာရီ"

"ကိုစောဝေ ခင်ညားငှက်ကြီးအကြောင်း မသိသေးဘူးနဲ့ တူတယ်။ ကျနော်အခုပဲ သုခကမ္ဘာက ပြန်လာတာ၊ ငှက်ကြီးဆုံးသွားပြီ"

"ဗျာ . . . အစ်ကို ငှက်ကြီး ထူးအိမ်သင် ဆုံးပြီ . . . ကျွန်တော်"

ကိုမင်းရာ အစ်ကိုဘေးမှာ မသေချာမှုတွေ ဒီလောက်များနေတာ၊ ဘာလို့ ဒါကျမှ လာသေချာနေရတာလဲ။ မသေချာမှုတွေ ကျွန်တော့်မှာ များမှများ၊ ကျွန်တော်ငှားမယ်ဗျာ ... အပိုင်ပေးလိုက်မယ်ဗျာ ..... မသေချာစမ်းပါနဲ့လို့၊ ကိုငှက် သေတယ်ဆိုတာ မသေချာလိုက်စမ်းပါနဲ့ ကိုမင်းရယ်။

ငါဘာလုပ်ရမလဲ ... ငါဘာလုပ်ရမှာလဲ။

"ဟဲလို ဟဲလို ကိုနေမျိုး ... ငှက်ကြီး ... ငှက်ကြီး...."

"ဟုတ်တယ် ..... ရေဝေးကိုခေါ်သွားကြပြီ" ဘာလို့ သေချာနေကြတာတုန်း။ ဘယ်တုန်းကမှ မသေချာဖူးတဲ့ ဒီဖုန်းစတ်က ဘာလို့အခုမှ သေချာနေရတာတုန်း။ အမေရေ ... အသံနဲ့ နို့ဖိုးဆပ်တဲ့ ငှက်ကလေး မရှိတော့ဘူးတဲ့။

သီတာလမ်း ... သီတာလမ်း၊ ဒါ သီတာလမ်း လားဟင် ... "ဟုတ်တယ် ထူးအိမ်သင် အိမ်မဟုတ်လား။ ရှေ့မှာ မိုးကာ တဲကြီးထိုးထားတယ်" သေလိုက်ပါလား။ သွားသေ လိုက်ပါလား။ မင်းသာဘာ ဇီးသီးရောင်းပါလား။ မင်းက သေမင်းရဲ့ သက်သေလား။ မိုးကာတဲကြီး၊ လီဗာရွှေ (ရွှေရော်ရော်)၊ မောင်မောင်ဇော်လတ် ငူငူငေးငေးနဲ့ ဝိုက်ဘုတ် ဖြူဖြူပေါ်မှာ ထူးအိမ်သင် (ခ) ကျော်မြင့်လွင် တဲ့။ မင်းလက်တစ်ဆုံး နှိုက်သွားပြန်ပြီပေါ့။ ငါ ရှာပြန်တာ ခဏလေးပါကွာ။ ကိုးရက်တည်း



http://mmteashop.com

ပါကွာ။ ငါ့မှာက ငါကချစ်လို့ပေါင်းတာ၊ ငါ့ကိုချစ်လို့ ပေါင်းတာ သူငယ်ချင်း ကနည်းနည်း လေးရယ်။ မင်း ရက်စက်လိုက်တာ ....။

မရှိခြင်းကိုပြတဲ့ ကနဖျင်းကြီးထဲမှာ ငေးနေတုန်း မော်လမြိုင်က ရောက်လာတဲ့ အမေ့ကိုပွေ့ပြီး အိမ်ပေါ်တင်လိုက်ကြတယ်။ အမေရယ် အမေ့ရဲ့ဒုက္ခအိုးလေး။ အောင်ရင်ငို၊ ကော်နီငို၊ အမေလည်းငို မျက်ရည်တွေကြားက "သား မှတ်မိတယ် အမေမှတ်မိတယ် မင်းတို့သူငယ်ချင်း မရှိတော့ဘူး" အမေ့လက်ကလေးကို ဆုပ်လို့ ကျွန်တော်ဘာမှ မတတ်နိုင်ပါဘူး အမေ၊ မောင်ဇော်သစ်လည်း ဘာမှမတတ်နိုင်ပါဘူး အမေ။ မြင့်မိုးအောင်လည်း ဘာမှမတတ်နိုင်ပါဘူး အမေ။ အမေ့သားက ကဗျာမှာ ဂီတမှာ ကျွန်တော် တို့ထက် များစွာ ရောက်အောင် သွားထားသူ။ သွားခဲ့သူပါ။

"ကိုစောဝေ စဉ်းစားကြည့် သူ့ကိုပြောလိုက်ရင် ဒီသုံးခုနဲ့ကိုင်ပေါက်တော့တာပဲ"

တော်ပါတော့ ဇော်လတ်ရာ၊ သူ့ရဲ့အဆုံးစွန်ထက်မြက်ဖို့ (တော်ဖို့) အဆုံးစွန်ဆုံး မိုက်မဲဖို့ ဒီအကြောင်းပြချက် သုံးခု ... တော်ပါတော့ မောင်မောင်ဇော်လတ်ရယ် နော်။

ငှက်ရေ .... ခင်ဗျားမရှိမှတော့ ဘယ်ခြေလှမ်း ဘယ်ခံစားမှုတွေနဲ့ မစ္စတာဂစ်တာ ကဖေးမြစ်ထဲကို ဆင်းရပါတော့မလဲ။ ဒီကဖေးမြစ်ထဲက တဲကြီးပေါ်မှာလေ အိုင်းရစ် ကဗျာဆရာမကို ဂစ်တာတီးပြီး အမေသီချင်းကို ဗမာလိုဆိုပြတော့ ကဗျာဆရာမက ငေးရီခံစားနစ်သက်လို့ "မင်းဟာ ဂီတအနုပညာရှင်တစ်ယောက်ပါပဲ" လို့ပြောတော့ "No,no, I am Poet" "ငါဟာ မင်းထင်သလို မဟုတ်ဘူး ကဗျာဆရာကွ" တဲကြီးတစ်ခုလုံး ဖိန့်ဖိန့်တုန်သွားတယ်။ ကဗျာဆရာမ မျက်လုံးကလည်း စူးရဲဖိတ်လက်လို့ ငှက်ရာ၊ ပိုင်လိုက်တာ၊ လက်မောင်းကို လက်သီးနဲ့ ပြေးထိုးမိတယ်။

ကဖေးမြစ်ကြီးရေ၊ ကဗျာရွတ်တဲ့အခါ သိမ်းထားပေးပါနော်၊ ငါလွမ်းတိုင်းငှက်ကို လွမ်းတိုင်း ရွတ်မိတဲ့အခါ ထုတ်လွှင့်ပေးပေါ့။ The Tree က ကိုမင်းဦးရေ ခင်ဗျားငေးရလောက်တဲ့ ဂီတပညာရှင် တစ်ယောက်တော့ မရှိတော့ဘူး။ ဒါပေမယ့် သူ့အသံတွေ ကမ္ဘာတည်သရွေ့ရှိနေအောင် လုပ်ကြရမယ်နော်။

"အစ်ကိုပဲ လုပ်မယ့်သူ လုပ်နိုင်တဲ့သူရှိတာ အစ်ကိုလုပ်ပေါ့"

http://mmteashop.com

"နေမျိုးကလည်း လုပ်တိုင်းရော ဖြစ်လို့လား"

"အစ်ကိုကလည်း လုပ်နိုင်တာကိုတော့ လုပ်ရမှာပေါ့"

"အေးပါ လုပ်တော့ လုပ်မှာပါ"

နေမျိုးဆေးရဲ့ ထမင်းဝိုင်းမှာ နေမျိုးဆေးနဲ့ ထူးအိမ်သင် ဂီတရဲ့ရှေ့ရေးအတွက် စကားတွေ၊ ငှက်ရယ် အကုန် လုပ်မသွားရသေးဘူးဆိုတာ ကျွန်တော်တို့ သိပါတယ်။

မစ္စတာဂစ်တာ ကဖေးမြစ်ရဲ့ ပြောင်းပြန်လည်နေတဲ့ နာရီကြီးရှေ့မှာ "ကဗျာဆရာ မော်ဒန်တွေ၊ ပိုစ့်မော်ဒန်တွေ၊ ခေးအော့စ်တွေလုပ်မနေနဲ့ ကျွန်တော့်လို ဘဝကို ပြောင်းပြန် လည်ကြည့်ပါလား၊ ကြီးရာကနေငယ်၊ ငယ်ရာကနေ ပျောက်သွား၊ ကျွန်တော့်မှာ ဆေးရှိတယ်၊ စမ်းကြည့်ပါလား"

ငှက်ရယ် အဲ့ဒီအတိုင်းပဲ သွားပစ်လိုက်တာလား။ အဖေရှိတယ်လေ၊ အမေရှိတယ်လေ၊ မိသွယ်ရှိတယ်လေ၊ သမီးလေးမိကွန်ထော ရှိတယ်လေ။ ခင်ဗျားသိပ်ချစ်တဲ့ ကဗျာတွေ၊ ဂီတတွေ ရှိတယ်လေ။ ဒါတွေကို ကျောခိုင်းလို့ နှုတ်မဆက်ဘဲ။

အောင်ရင်ရေ "ငှက်က ဒါမျိုးဆို လုံးဝမကြိုက်ဘူး၊ ငှက်မကြိုက်တာရော ငှက်ကြိုက်တာရော မလုပ်ပါနဲ့လား အောင်ရင်၊ အမေကပြောတယ်၊ မင်းပဲရှိတယ်တဲ့၊ အလုပ်တွေ ဆက်လုပ်ဖို့တဲ့၊ ကျွတ် . . . ခင်ဗျားကရော ဘာပြောဦးမှာလဲ။" "ကျွန်တော့်ကို တစ်ပတ် တစ်ခါ ဆဲနေကျဗျ"

"အခုတော့ ဘိုသျှပ်မရှိတော့ နားအေးသွားပြီပေါ့"

"နေရတာ ဘယ်အရသာရှိတော့မလဲ ကိုစောဝေရာ"

ဟာ . . . ငှက်မရှိတော့ အသံမကြားရတော့ နေရတာ အရသာမရှိတော့ဘူးတဲ့။ ဟုတ်တာပေါ့။ တို့မြေ၊ တို့ရေရဲ့ တောတောင်ရေမြေအနံ့နေခြင်းမှာ အရသာရှိအောင် တေးသံတွေထားရစ်ခဲ့တယ်လေ။

ငှက်ရေ . . . ခင်ဗျားရှိရာ၊ ဒါမှမဟုတ် ခင်ဗျားမရှိတော့မယ်နေရာ ရေဝေးကို ငှက်ချစ်တဲ့ အမေ့ကိုပွေ့ပြီး ကျွန်တော်လာခဲ့ပါပြီ။ ခင်ဗျားကိုချစ်တဲ့လူတွေ ရာ၊ ထောင်၊



http://mmteashop.com

သောင်း ရေဝေးဗိုက်ကားပြီး သေလောက်တယ်ဗျ။ အမေကလေ အမေက "အမေ မငိုဘူး၊ အမေ ဘယ်တော့မှ မငိုဘူး ထူးအိမ်သင်၊ အမေ ဘယ်တော့မှ မငိုဘူး" တဲ့။ ကျွန်တော်သိပါတယ်။ ကျွန်တော်က ငှက်အမေကို ပွေ့ထားရတာပဲ။ အမေ့ရင်ထဲမှာ မီးတောင်တွေ ကွဲနေတာ။ မျက်ရည်ရေ နင်မိုးယောင်ဆောင်ပြီး ငိုနေတာ ငါသိတာပေါ့။ သစ်ပင်တွေငို၊ ကောင်းကင်တွေငို၊ မြေကြီးကို၊ အညို့းမကြီးပါနဲ့ မျက်ရည်ရယ်။

ထူးအိမ်သင်ရယ်၊ ကျွန်တော်ရယ်၊ ကဗျာအကြောင်း ပြောနေကျ၊ ကဗျာရွတ်နေကျ ဒီမစ္စတာဂစ်တာ ကဖေမြစ်ကြီးထဲက ပြောင်းပြန်လည်နေတဲ့ နာရီတစ်လုံးပေါ်မှာ မျက်ရည်တွေ ရွှဲရွှဲနစ်နေတာ ထူးအိမ်သင်ကို လွမ်းလို့ပါ။ ကျွန်တော်ကတော့ လွမ်းရလွန်းလို့ မလွမ်းအားတော့ပါဘူး။ အမေက "မောင်ဇော်သစ် မင်းတို့က သားကြီးကို ပစ်ထား ကြတာကိုး" တဲ့။ "မောင်ဇော်သစ်၊ မြင့်မိုးအောင် နဲ့ ကျွန်တော်တို့ ခဏလေး ပစ်ထားခဲ့မိလို့ ငှက်က၊ ထူးအိမ်သင်က အမေ့သားက ကျွန်တော်တို့ကို တစ်သက်လုံး ပစ်ထားရစ်ခဲ့ပါပြီ အမေရယ်။ ကျွန်တော် မမှာလိုက်ရဘူး အမေရယ်၊ ဘယ်ဘဝရောက်ရောက် ကဗျာလည်း ရေး၊ သီချင်းလည်းဆိုတဲ့ ထူးအိမ်သင်ပဲ လုပ်ဖို့"

ဒီစာသားကိုရေးရတာ ရင်နာလွန်းလို့ မရေးချင်ပေမယ့် ရင်နာနာနဲ့ပဲ ရေးရတော့တယ် အမေရယ်။

"သေမင်းက အကောင်းကြိုက်လွန်းတော့ အလွမ်းကို ရွက်ကုန်ဖွင့် ထားရ တော့တယ်"

(ထူးအိမ်သင် ၁၄.၈.၂၀၀၄ ကွယ်လွန်ချိန်မှ ၁၆.၈.၂၀၀၄ ရေဝေးမြေချသည့်အထိ ခံစားမှု)

စောဝေ

ပေါ်ပြူလာဂျာနယ်၊ အမှတ် ၃၃ ၊ ဩဂုတ် ၂၄ ရက်၊ ၂၀၀၄။



http://mmteashop.com

## ကောင်းကင်သို့ ဂီတသစ်များ ဖန်ဆင်းတော့မည့် ငှက်လေးတစ်ကောင် (သို့မဟုတ်) ထူးအိမ်သင်

ဝါဝါနွယ်ဦး

(၁၄-၈-၀၄) စနေနေ့ နံနက်မှာ ကျွန်မတို့ စာနယ်ဇင်း အပျော်တမ်း ဘောလုံးအသင်းနဲ့ IBTC အပျော်တမ်း ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲအပြီး ဂျာနယ်တိုက်ကို ပြန်ရောက်ရောက်ချင်း သတင်းတစ်ခုကြောင့် ကျွန်မတို့ အယ်ဒီတာ အဖွဲ့သားများအားလုံး စိတ်မကောင်းခြင်းများစွာ ဖြစ်ရပါတယ်။ အဲဒီသတင်းဆိုးကတော့ ကိုငှက်(ခေါ်) ထူးအိမ်သင် တစ်ယောက် သူချစ်မြတ်နိုးသော အားလုံးကို စွန့်လွှတ်ပြီး ငြိမ်းချမ်းသော ကောင်းကင်ဘုံသို့ ထာဝရအိပ်စက်ဖို့ ထွက်ခွာသွားပြီလို့ သိလိုက်ရသောအခါ . . .

ကျွန်မ သီချင်းတွေစပြီး နားထောင်တတ်စအရွယ် သုံးလေးတန်းလောက်ကစပြီး သူ့သီချင်းတွေကို နှစ်ခြိုက်စွာ နားထောင်ခဲ့ရသည်။

'နာရီသံတွေ ..... ဆူညံလို့နေ'

'သူပန်ထားတဲ့ ပန်းနီနီ ... ကျွန်တော်ခဏ ဖြစ်ချင်သည်'

'လောကရဲ့ .. လမ်းများပေါ် လျှောက်သွားရင်း .... မောပန်းနွမ်းနယ်'

'အချစ်ဆုံးလို့ ... မပြောနဲ့ကောင်မလေးရယ်'

'အကြင်နာရယ် .... ရီဝေတဲ့ အပြုံးလေးများကြားမှာ ...'

'အမြန်လာပါ အိပ်မက်ကလေးရေ'

'လမ်းဘေးကဖေးလေး ငါထိုင်ငေး....'

'အမေ ... ကျွန်တော့်ကို စိတ်မပျက်ဘူးလား'

'ရောဝတီ. . .ရာဇဝင်များရဲ့သတို့သမီး ......'

'မီးမထွန်းတဲ့ အခန်းကျဉ်းထဲ လိပ်ပြာငယ်လေးဝဲ...'

'.........'



http://mmteashop.com

'.........'

ဒီနေ့ ဒီအသက်အရွယ် ရောက်လာသည့်တိုင်အောင် သူ့ရဲ့သီချင်းများကို နှစ်သက်ဆဲ၊ စွဲလန်းဆဲပါပဲ။

ကျွန်မ စာနယ်ဇင်း လောကထဲကို ရောက်ခဲ့ပြီး စာနယ်ဇင်းသမား၁၀ ခံယူချိန် နှစ်နှစ် အတွင်းမှာ ကျွန်မနှစ်မြို့က် သဘောကျမိသော သီချင်းများကို သီဆိုခဲ့သည့် ကိုငှက် (ထူးအိမ်သင်) နှင့် မှတ်မှတ်ရရ သုံးကြိမ်ပဲ တွေ့ဆုံခွင့်ရခဲ့ပြီး တစ်ကြိမ်တစ်ခါပဲ အင်တာဗျူး လုပ်ခဲ့ဖူးပါသည်။ ပထမဆုံးအကြိမ်က Lလွန်းဝါရဲ့ အချစ်မျက်ဝန်း သီချင်းခွေ မိတ်ဆက်ပွဲ။ အဲဒီပွဲမှာတော့ ကိုငှက်နှင့် အင်တာဗျူး ငါးမိနစ်လောက် လုပ်ခဲ့ဖူးပါသည်။ ကျွန်မ မေးသမျှကို စိတ်ရှည်လက်ရှည်နှင့် ဖြေကြားပေးခဲ့သည့် ကိုငှက်ကို ဒီနေ့အထိ ကျေးဇူးတင်လို့ မဆုံးပါဘူး။

နောက်တစ်ကြိမ်ကတော့ အဆိုတော် ကိုသူရိန်စိုး ဖိတ်တဲ့ ဆွမ်းကျွေးတစ်ခုမှာပါ။ ကျွန်မတို့ ပြန်မယ်လုပ်နေတဲ့ အချိန်မှာ ကိုငှက်ရောက်လာတာမို့ နှုတ်ဆက်ရုံလောက်ပဲ နှုတ်ဆက်ဖြစ်ခဲ့ပါတယ်။ နောက်ဆုံး တွေ့ခဲ့ရတာကတော့ တူးတူးရဲ့ အမှတ်တရ ပွဲလေးမှာပါ။ ကိုငှက်က (ဇာတ်ပေါင်းခန်း) ဆိုတဲ့ သီချင်းကို ဆိုခဲ့ပါတယ်။ အဲဒီနေ့က ကိုတူးတူး ကတောင် ပြောပါသေးတယ်။ သူတို့ အရင်က မင်္ဂလာဆောင်ပွဲတွေမှာ သီချင်းဆိုကြတဲ့ အခါ ကိုငှက်က (ဇာတ်ပေါင်းခန်း) သီချင်းကို အမြဲဆိုချင်တယ်လို့ ပြောပြီး သူကတော့ ကိုငှက်ရဲ့ (ကလေးရယ်) ဆိုတဲ့ သီချင်းကို ဆိုချင်တယ်။ သီချင်းလဲ ဆိုရအောင်လို့ အမြဲပြောခဲ့ကြောင်း အမှတ်တရအနေနဲ့ ပြောခဲ့ပါသေးတယ်။ အဲဒီနေ့က (၁.၈.၀၄) နေ့ပါ။

ကိုငှက်သီဆိုခဲ့တဲ့ တစ်ကိုယ်တော် သီချင်းခွေပေါင်း ၁၃ ခုရှိပါတယ်။

(၁) နာရီပေါ်ကမျက်ရည်စက်များ

(၂) မော်ဆရာအိပ်မက်

(၃) သက်ငြိမ်

(၄) အတ္တပုံဆောင်ခဲများ



http://mmteashop.com

(၅) အကြင်နာအိပ်မက်

(၆) အရင်အတိုင်း

(၇) စကားလုံးမရှိတဲ့ကောင်းကင်

(၈) ထူးအိမ်သင် Unplugged Live

(၉) မြို့ပြလရောင်တမ်းချင်း

(၁၀) ဝင်ရိုးစွန်းမီး

(၁၁) အမေ (သို့) မေတ္တာတော်ဘွဲ့

(၁၂) အစိမ်းရောင်ရက်စွဲများ

(၁၃) တစ်နေ့စာအလွဲများ စသည်တို့ပဲ ဖြစ်ပါတယ်။

ကိုငှက် (ထူးအိမ်သင်) (ခ) ကျော်မြင့်လွင်ကို (၁.၇.၁၉၆၃) နေ့မှာ အဘ ဦးထွန်းမြင့် အမိဒေါ်မြရင်တို့မှ ပုသိမ်မြို့တွင် မွေးဖွားခဲ့ပါတယ်။ မောင်နှမတွေ အားလုံး ထဲမှာ ပထမဆုံး သားအကြီးဆုံး ဖြစ်ပါတယ်။ မသွယ်သွယ်ထွေးနှင့် အိမ်ထောင် ကျပြီး မိကွန်ထော ဆိုတဲ့ သမီးလေးတစ်ယောက် ထွန်းကားခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ ကိုငှက်ရဲ့ အသက်ဟာ ၄၁ နှစ် တစ်လ တစ်ဆယ့်လေးရက် ရှိပြီဖြစ်ပါတယ်။

(၁၆-၈-၂၀၀၄) တနင်္လာနေ့ညနေ (၂:၃၀) နာရီမှာတော့ ကျွန်မဟာ ကိုငှက်ရဲ့ နောက်ဆုံးခရီးကို လိုက်ပါ ပို့ဆောင်ပေးမယ့် ကားပေါ်ကို ရောက်ရှိခဲ့ရပါပြီ။ ထူးထူးခြားခြား ပါပဲ။ ကိုငှက်ကို ချစ်ခင်ကြတဲ့ စာရေးဆရာတွေ၊ စာနယ်ဇင်းသမားတွေဟာ စီစဉ်ပေးတဲ့ အဲယားကွန်း ဘတ်စ်ကားကြီး သုံးစီးနဲ့ လောက်တောင် မလောက်ပါဘူး။ အားလုံးဟာ ကိုငှက်အတွက် ယူကြုံးမရဖြစ်သော မျက်နှာကိုယ်စီနဲ့ပါ။ ကျွန်မတို့ စီးလာတဲ့ ကားဘေးမှာ ရေးထားတဲ့ "ထူးအိမ်သင် ( ၄၂) နှစ် ရှာပန "ဆိုတဲ့ စာတမ်းကို ဖတ်မိသူတိုင်းရဲ့ မျက်ဝန်းတွေ ထဲမှာတော့ အံ့ဩသော၊ မယုံကြည်နိုင်သော၊ ကြေကွဲသော၊ ဝမ်းနည်းသော စတဲ့ ခံစားမှုများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်သွားတယ်ဆိုတာ သူတို့ရဲ့မျက်ဝန်းတွေကတဆင့် သိခွင့်ရတဲ့အခါ . . .



http://mmteashop.com

ရေဝေးသုသာန်ကို ရောက်သွားတဲ့အခါမှာတော့ ထောင်ချီနေတဲ့ လူအုပ်၊ ဝမ်းနည်း ကြေကွဲသံများ၊ ရှိုက်သံများ၊ တီးတိုးစကားသံများကိုတော့ ကောင်းကင်ဘုံရောက် ကိုငှက်တစ်ယောက် သိနိုင်ပါ့မလားဆိုတဲ့ အတွေးက ရုတ်တရက်ဝင်လာပြီးနောက်မှာတော့ . . .

ဂီတကိုပဲ တစိုက်မတ်မတ်နှင့် ပုံဖော်ခဲ့သောသူ ...

သူချစ်တဲ့ ဂီတ၊ အနုပညာကို စွန့်ခွာသွားပြီဆိုပေမယ့် ...

သူ့ရဲ့ဂီတကတော့ ကျွန်မတို့ ရင်ထဲ နှလုံးသားထဲမှာ အမြစ်တွယ်မြဲ စီးဆင်းဆဲပါပဲ ...

ရောဝတီမြစ်ကြီး ရှိနေသရွေ့

သူ့ရဲ့ဂီတတွေ ရှိနေသရွေ့

ကျွန်မတို့ရဲ့ အိပ်မက်တွေမှာတော့ ...။

ဝါဝါနွယ်ဦး

သတင်းစုံဂျာနယ်၊ အမှတ် ၄၄၊ ဩဂုတ် ၂၄ရက်၊ ၂၀၀၄။




http://mmteashop.com

# ဓါတ်ပုံသမား (၁) ယောက်ရဲ့ မထင်မှတ်တဲ့အကြောင်း

ဝဏ္ဏခွာနီး

ကျွန်တော် ဓာတ်ပုံရိုက်နေသည်။

ကလင် .. ကလင် ..။

"ဟုတ်ကဲ့ .. ပြောပါ"၊

"ဝဏ္ဏ .. ငါပါ .. ငှက်ကြီး"၊

"ဟုတ်ကဲ့ .. အစ်ကို"၊

"ငါ မနက်ဖြန် ဓာတ်ပုံရိုက်မယ်၊ ဦးသန်းလွင်အတွက်"၊

"ဟုတ်ကဲ့"

"မနက်ဖြန် ငါတစ်နေကုန်ရိုက်မယ်"

ဂလောက် .. ဂလောက်။ တယ်လီဖုန်း ချလိုက်သည်။ ကျွန်တော် စဉ်းစားရပါသည်။ အစ်ကို့ ဖုန်းသံစကားထဲမှာ ဟိ .. ဟိ ရယ်သံပါလို့ နေသည်။ နောက်တစ်နေ့ နံနက် ၁၀ နာရီမှာ ဖုန်းဆက်ပြန်ပါသည်။ ကလင် .. ကလင်..

"ဝဏ္ဏရေ .. ငါစီးတီးမတ်မှာ ရောက်နေပြီ၊ မင်းလာခဲ့"

ကျွန်တော်စီးတီးမတ်ကို လိုက်သွားရပါသည်။ အဲသည်ရောက်တော့ ဂျော်နီ လမ်းလျှောက် တစ်ပုလင်း၊ ဖန်ခွက်နှစ်ခွက်၊ စီးကရက် တစ်ဘူးဝယ်ပြီး ကျွန်တော်တို့ စတူဒီယိုကို ပြန်လာခဲ့ကြပါသည်။ ဓာတ်ပုံမရိုက်ခင် နှစ်ယောက်သား ရေချိန် ကိုက်လိုက်သည်။ ဂလု.. ဂလု။ ကျွန်တော့် အဖွဲ့သားတွေက ဓာတ်ပုံရိုက်ဖို့ စောင့်လို့ နေသည်။ ကျွန်တော်နှင့် ကိုငှက်ကြီးတို့ကတော့ သီချင်းများ၊ ကိုရီးယားရုပ်ရှင်၊ ဘောလုံးပွဲများ၊ ရုပ်ရှင်များ...။ ဂလု.. ဂလု.. သောက်လိုက် ပြောလိုက်နှင့် နေ့လယ် နှစ်နာရီ ထိုးသွားသည်။ ထို့နောက် သုံးနာရီ။ ဂျော်နီလည်း လမ်းလျှောက်ရတာ ခရီးတော်တော်

ရောက်ပြီ။ ကိုငှက်ကြီးကို သူဝတ်လာသည့် အဂတ်အစားအတိုင်း ဓာတ်ပုံရိုက်လိုက်သည်။ ဖျပ်.. ဖျပ်.. ချက်.. ချက်။ ဆလိုက် ၁ဂ ပုံနှင့် ဖလင် ၃၈ ပုံကို ၁၅ မိနစ်ခန့်ကြာပါသည်။

"ငါက ဓာတ်ပုံရိုက်ဖို့ ဝန်လေးတတ်တယ်ကွ၊ ဒါမျိုးရိုက်ချင်တာမဟုတ်ဘူး။ ဝဏ္ဏရ၊ သဘာဂကျကျ ဓာတ်ပုံမျိုးပဲ ရိုက်ချင်တာ။ Liveသဘောမျိုးပေါ့ကွာ။"

ထို့နောက် ဖျပ်.. ဖျပ်.. ချက်.. ချက်။ ဓာတ်ပုံရိုက်တာ ၄ နာရီထိုးသွားပါသည်။ ကိုငှက်ကြီးကို သည်လိုဓာတ်ပုံရိုက်ရတာ ကျွန်တော့်ဘဝအတွက် မမေ့နိုင်စရာ ဖြစ်လိမ့်မည်ဟု မထင်။

ဒေါက်.. ဒေါက်။

ကျွန်တော့် အခန်းတံခါးကို လာခေါက်သည်။ တံခါးဖွင့်တော့ ကိုငှက်ကြီးရဲ့ သူငယ်ချင်း ကိုကြွက်နီ။

ဘာ.. ဘာ ! ! ! ကိုငှက်ကြီးဆုံးပြီ။

ခွင့်လွှတ်ပါ။ အစ်ကိုငှက်ကြီးရဲ့ ဈာပနာမှာ ကျွန်တော် အလုပ်ကိစ္စနှင့် ရေခြားမြေခြား ရောက်လို့နေပါသည်။ အဝေးကလွမ်းရင်း ဆုတောင်းရုံမှတပါး ကျွန်တော် ဘာများ တတ်နိုင်မှာလဲ။ ဘဝ၏ မမေ့နိုင်စရာ တော်တော်များများထဲမှ မေ့နိုင်စရာတစ်ခုကို ကျွန်တော် မှတ်တမ်းထဲမှာ ရေးထိုးပါတော့မည်။ ထိုမှတ်တမ်းကတော့ ဓာတ်ပုံရိုက် ဝါသနာမပါသော ကိုငှက်ကြီးကို ကျွန်တော့် စတူဒီယိုထဲမှာ ဓာတ်ပုံတွေ အများကြီးရိုက်ရင်း၊ စကားပြောရင်း ရှိခဲ့သော နေ့တစ်နေ့ပင် ဖြစ်ပါသည်။

လွမ်း .. လွမ်းလို့သာ နေဦးမှာပါ ကိုငှက်ကြီးရေ။

ဝဏ္ဏခွာနီး

ရတီမဂ္ဂဇင်း၊ အတွဲ ၁ ၊အမှတ် ၇၊ စက်တင်ဘာလ၊ ၂၀၀၄။



http://mmteashop.com

# ထူးအိမ်သင် (သို့မဟုတ်) နာရီတစ်လုံး

မောင်သစ်မင်း

၁။ “ကျွန်တော် ကျော်မြင့်လွင်ပါ” လို့ သူက စတင်မိတ်ဆက်စကား ဆိုလိုက်သည်နှင့် ကျွန်တော့် စိတ်အာရုံက ချက်ချင်းနိုးကြွလာသည်။ ဂန္ဓမာ တေးသံသွင်းမှ ကျော်မိုးအောင်နှင့် ဇော်သစ်တို့ ပေးထားသော ကျော်မြင့်လွင်ရဲ့ သီချင်းခွေကြမ်း တစ်ပတ်လုံးလုံး ကျွန်တော် နားထောင်ထားခဲ့ပြီး ဖြစ်သည်။ သူ့သီချင်းတွေကို ကျွန်တော် အကုန်ကြိုက်သည်။ သီချင်းအရေးကောင်း၊ အဆိုကောင်းသူ ကျော်မြင့်လွင်ကို ကျွန်တော် တွေ့ချင်နေသည်။ ချီးကျူးစကား ဆိုချင်နေသည်။ အိုအေစစ် စတူဒီယိုသို့ ကိစ္စတစ်ခုဖြင့် အလာ ယခုလိုသူနှင့် ဆုံလိုက်ရသည်။ သူ့လက်ကို ကျွန်တော် ဆွဲကိုင်လှုပ်ယမ်းလိုက်ပြီး သူ့ကို ချီးကျူးစကား ဆိုတော့ သူ့မျက်နှာက ရှက်အမ်းအမ်း ဖြစ်နေသည်။ ပြီးတော့ သူက ကျွန်တော့် တေးမြို့ငှက်ဝတ္ထုအကြောင်း ပြောသည်။ သည်လိုနှင့် ကျွန်တော်တို့နှစ်ယောက် ရင်းနှီးသွားခဲ့ကြသည်။ ၁၉၈၆ ခုနှစ် နာရီပေါ်မှမျက်ရည်စက်များ သွင်းနေဆဲကာလ။ ထူးအိမ်သင် မဖြစ်သေးသော ကျော်မြင့်လွင်ဘဝ။

၂။ ရန်ကင်း လေးလုံးတန်းနားက ရဲစခန်းကို ကျောပေးဖွင့်ထားသော ငြိမ်းချမ်းရေး လက်ဖက်ရည် ဆိုင်လေးမှာ ကျွန်တော်တို့နှစ်ယောက် မကြာခဏ ဆုံဖြစ်သည်။ လည်ကတုံး ရှပ်အင်္ကျီဖြူ၊ ကချင်ပုဆိုး အကွက်စိပ်၊ လွယ်အိတ် နွမ်းနွမ်းတစ်လုံး လွယ်ထားသော မျက်မှန်ထူထူ၊ ဆံပင်ကောက်ကောက် လူငယ် တစ်ယောက်။ ကျွန်တော့်ထက် ဆယ်နစ်ခန့်ငယ်သောလည်း စာပေလေ့လာမှုအား၊ ဂီတပညာ လေ့လာမှု အားကောင်းထားသူမို့ ကျွန်တော်နှင့် သူ့ကြားမှာ ပြောစရာစကားတွေ အများကြီး ရှိနေတော့သည်။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် ခိုင်မာသောဘဝ တစ်ခုကို တည်ဆောက်နေသော ကျော်မြင့်လွင်ဆိုသည့် လူငယ်လေးကို ကျွန်တော် တလေးတစား တန်ဖိုးထားခဲ့မိသည်။



http://mmteashop.com

သူက ကျွန်တော့် တေးမြုံငှက်ဝတ္တုထဲက ကိုကိုဝေနှင့် မေမေကြိုင်ဘဝကို ခံစားရကြောင်း မကြာခဏပြော တတ်သည်။ ကျွန်တော်က သူ့သီချင်းထဲက နာရီရဲ့ သီချင်းကို ကြိုက်မိကြောင်း မကြာခဏ ပြောဖြစ်သည်။

'မြစ်တစ်ခုလို အချိန်များစွာ စီးဆင်းဆဲ

လူ့ဘဝကို တို့ရရှိခဲ့တယ်. . . လောကကို ပေးဆပ်ဖို့ပဲ..

ဘဝအတွက် နှစ်သိမ့်ခဲ့၊

ရေဆန်လေဆန် ဒီခရီးထဲ

လူ့ဘဝတစ်ခုတော့ အခိုင်မအာ ဆက်ဖို့အတွက်

တခြားဘဝတွေ ဆုံးရှုံးမသွားဖို့ဘဲ နှလုံးသားမှာသတိရှိနေ

အို စွန့်လွှတ်ဖို့ အသင့်ပဲ

ကိုယ်ရည်ရွယ်တာတွေ မဖြစ်သေးလည်း

သန့်သန့်ရှင်းရှင်း နေထိုင်အသက်ရှင်မယ် ... '

၃။ ဟာမိုနီ မလိုက်ရသေးသော သူ့သီချင်းခွေကြမ်းလေးကို ကျွန်တော် နောက်တစ်ဆင့်ပွားယူပြီး တက္ကသိုလ်တက်နေသော လူငယ်တွေလက်ထဲ ထည့်ပေး လိုက်သည်။ သူတို့ကျောင်းထဲက လက်ဖက်ရည်ဆိုင်တွေမှာ ဖွင့်ကြရင်း အဆင့်ဆင့် ပျံ့နှံ့သွားသည်။ ကျွန်တော့်ဘက်က မဟုတ်ဘဲ တခြားသူတွေဘက်ကလည်း ထိုနည်းလမ်း အတိုင်း သူ့သီချင်းတွေ ပျံ့နှံ့ခဲ့ကာ နယ်အထိ ခရီးပေါက်ခဲ့သည်ကို ကြားရသည်။

ထိုသို့သော အခြေအနေနှင့်အတူ ဂန္ဓမာတေးသံသွင်းနှင့် ရန်ကင်းမှ မောင်မောင်ကျော် ဆိုသူ တစ်ယောက်တို့ သူ့သီချင်းခွေကို စပ်တူဝယ်လိုက်ကြပြီး ဖြန့်ချိရေး ကိစ္စ စတင်ဖို့ တာစူလေပြီ။

ပထမတော့ နာရီပေါ်မှ မျက်ရည်စက်များကို သူ့နာမည်အရင်း ကျော်မြင့်လွင်နှင့်ပဲ ဖြန့်ချိဖို့ဖြစ်သည်။ စာပေလောကတွင် ထိုအမည်နှင့် ကလောင်တစ်ခု ရှိပြီးဖြစ်ကြောင်း ဇော်သစ်က သတိပေးသဖြင့် ထူးအိမ်သင် အမည်ဖြစ်လာသည်။



http://mmteashop.com

စကားချပ် ။ ။ ဗေဒင်ဆရာက စနေ၊ တနင်္ဂနွေ၊ သောကြာနံ အက္ခရာသုံးလုံး အစဉ်အတိုင်းပါသော နာမည်တစ်ခုရွေးချယ်ရန် အကြံပေးသဖြင့် အမျိုးမျိုးပေးကြည့်ရင်း စိတ်တိုင်းမကျ ဖြစ်နေရာက မွန်စစ်သူကြီး လဂွန်းအိမ် ထံမှ အိမ်တစ်လုံးကို ယူ၍ ထူးအိမ်သင်အမည်ကို သူရွေးချယ်လိုက်တာ ဖြစ်သည်ဟု သူ့မိခင်က ရှင်းပြတာ မှတ်သား ရပါသည်။

နာရီပေါ်မှ မျက်ရည်စက်များ သီချင်းခွေထွက်သည်နှင့် ကျွန်တော်တို့ ဂီတ လောကတွင် ထူးအိမ်သင်၏ အမည် ဘယ်လိုမှ ဖျက်မရအောင် အခိုင်အမာ မှတ်တိုင်စိုက်ထူပြီး ဖြစ်ခဲ့လေပြီ။ မြန်မာပြည်အနှံ့ သွားလေရာရာ သူ့အသံကို ကြားရသည်။

ကျွန်တော်ကိုယ်တိုင် သူ့သီချင်းတွေကို ဂစ်တာတီးရင်း ညည်းဖြစ်ဆိုဖြစ်သည်။

'လောဘ ဒေါသ မီးတောက်တွေ၊

မောဟ သောက မီးတောက်တွေ၊

ငြိမ်းရသတ်ရ ခက်ခဲ့ရင် သီချင်းလေး နားစွင့်ဦး

နာရီရဲ့သီချင်း၊ နာရီရဲ့သီချင်း၊ နာရီရဲ့သီချင်းလေး သတိပြုကွယ် . . .'

၄။ နာရီပေါ်မှ မျက်ရည်စက်များ သီချင်းခွေသည် စတီရီယိုဂီတ သမိုင်းတွင် အရေးကြီးသော မှတ်တိုင်တစ်ခု ဖြစ်သည်။ အရေးကြီးေသာ ပထမမှတ်တိုင် တစ်ခုမှာ ၁၉၇၅ ခုနှစ်က ပေါ်ပေါက်ခဲ့သော စိုင်းခမ်းလိတ် ရေးသားပြီး စိုင်းထီးဆိုင် သီဆိုခဲ့သည့် ကိုယ်ပိုင်သံစဉ် သီချင်းများဖြစ်သည်။ The Wild Ones တေးဂီတအဖွဲ့၏ ကိုယ်ပိုင်သံစဉ် ခေတ်တစ်ခုလို သက်ဝင်လှုပ်ရှားစေခဲ့သော အားထုတ်မှုကြီးအပြီး ဒုတိယမြောက် ပြောင်းလဲမှုကြီး တစ်ခုအား ထူးအိမ်သင်က စလိုက်ပြန်သည်။ ကိုယ်ပိုင်သံစဉ် တေးသီချင်း တို့၏ ကိုယ်ရည်ကိုယ်သွေးကို နောက်တစ်ဆင့် မြင့်တက်စေခဲ့သည်။ ပုံသဏ္ဍာန် အပိုင်း၊ တင်ဆက်မှု အပိုင်း၊ ဒဿန အပိုင်း၊ ခံစားမှု ရသပေးနိုင်ပုံအထိ အစစအရာ သိသိသာသာ ပြောင်းလဲသွားသည်။



http://mmteashop.com

နာရီပေါ်မှ မျက်ရည်စက်များ နောက်ပိုင်း ဆက်ထွက်လာသော မော်ဆရာ အိပ်မက်၊ သက်ငြိမ်၊ အတ္တပုံဆောင်ခဲများ၊ အကြင်နာအိပ်မက် စသည့် သီချင်းခွေများဖြင့် ကိုယ်ပိုင်သံစဉ် လူငယ်ထုအပေါ် ဩဇာသက်ရောက်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

သီချင်းတစ်ပုဒ်ချင်းကို မပြောဘဲ သူရေးခဲ့သော သီချင်းအားလုံးကို ခြုံ၍ ပြောရလျှင် သူ့သီချင်းစာသားများမှာ ကဗျာဓာတ်အပြည့် ပါရှိသည်။ သူ့သံစဉ်တွေမှာ ဖမ်းစားနိုင်သော မော်စွမ်းအား ပါရှိသည်။ ဤသည်ပင်လျှင် ထူးအိမ်သင်ကို တစ်မူထူးခြားသော ဆရာတစ်ယောက်အဖြစ် အသိအမှတ်ပြု တန်ဖိုးထားလာရသည်။

နောက်တစ်ခုက သူ့အသံ၊ သူ့ဆိုဟန်။ ဒါကတော့ သူ လေ့လာဆည်းပူးမှုအား တစ်ခုတည်း မဟုတ်ဘဲ မွေးရာပါ ပါရမီကြောင့်ဟု ဆိုရပါမည်။ သူ့အသံသည် ပါးပါးလျလျ နှင့်ပင် အတော်ဆွဲဆောင်မှု ရှိသည်။ လမ်းလျှောက်သွားရင်း တစ်နေရာရာက သူ့သီချင်း ဖွင့်ထားလျှင် သူ့အသံကြားလိုက်သည်နှင့် ရပ်တန့်နားထောင်ချင်စိတ် ဖြစ်ပေါ်ခဲ့ရသည်မှာ ကျွန်တော် ကိုယ်တိုင်ဖြစ်သည်။

၅။ နာရီပေါ်မှ မျက်ရည်စက်များ ထွက်ပြီး လူငယ်လေး ကျော်မြင့်လွင်ဘဝမှ အဆိုကျော် ထူးအိမ်သင် ဖြစ်သွားပြီးနောက်ပိုင်း သူနှင့်ကျွန်တော် အတွေ့ကျဲသွားသည်။ သူလည်း သူ့အလုပ်သူလုပ်၊ ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ရင်း နှစ်ပေါင်းများစွာ ဖြတ်သန်း ခဲ့သည်။ သူ့အောင်မြင်မှုများကို မုဒိတာပွားရင်း ခပ်လှမ်းလှမ်းမှ သူ့ကို စောင့်ကြည့် နေခဲ့သည်။

မလွှဲမရှောင်နိုင်ဘဲ မျက်နှာချင်းဆိုင် ပက်ပင်းဆိုးကြသော အခါများတွင် သူ့ထံမှ နွေးထွေးမှု တစ်စုံတရာကိုတော့ ရစမြဲဖြစ်သည်။ သူ့စကား အသွားအလာများထဲတွင် သူ ကျွန်တော့်ကို မမေ့ကြောင်း၊ တစ်ချိန်တုန်းက အကြောင်းတွေ ပြောရင်းဖော်ပြတတ်သည်။ အလုပ်မရှိ အလုပ်ရှာပြီး ချောင်ကြိုချောင်ကြားက ကျွန်တော့် သီချင်းအဟောင်းတွေကို ဆိုပြတတ်တသည်။ တချို့ သီချင်းတွေဆိုလျှင် ကျွန်တော်ကိုယ်တိုင်ပင် ခပ်မေ့မေ့ ဖြစ်သည်။



http://mmteashop.com

သူကား ထင်ရှားသော၊ အောင်မြင်ကျော်ကြားသော အဆိုတော်တစ်ယောက် ဖြစ်လင့်ကစား သူ့ကိုယ်သူ သီချင်းရေး ဆရာတစ်ယောက်အဖြစ် ဂုဏ်ယူသူဖြစ်သည်။ သည်တစ်ချက် သည်ပင် ကျွန်တော်တို့ သီချင်းရေးဆရာ အားလုံးသူ့ကို ချစ်ရသော အချက်ဖြစ်သည်။

၆။ သူ ဆုံးလျှင်ဆုံးချင်း CMP မှ ကိုဇော်ထူးအောင်က ဖုန်းဆက် သတင်းပေးတော့ ကျွန်တော့်မှာ ကတုန်ကယင်ဖြစ်ရသည်။ ဟုတ်မှ ဟုတ်ရဲ့လား ...၊ မဟုတ်ပါစေနဲ့လို့ ကြိတ်ဆုတောင်းမိသည်။

တူးတူး Live Show တုန်းက သူ ကျွန်တော့် သီချင်းတစ်ပုဒ်ကို ဆိုသွားသည်။ သူ့ကို အဲဒီပွဲမှာ အသက်ရှင်လျက် နောက်ဆုံး တွေ့ခဲ့ရခြင်း ဖြစ်သည်။ ဘာကြာသေးလို့တုန်း။ နှစ်ပတ်လောက်ပဲ ရှိသေးသည်။ သုခကမ္ဘာကို လိုက်သွားတော့ ဆေးရုံနောက်ဘက်က မော်ကျူရီ အခန်းလေးထဲမှာ သူ့ကိုတွေ့ရသည်။ ဟုတ်ပါပြီ။ သူတကယ် ဆုံးပါပြီ။ ၁၄၊ ဩဂုတ်လ ၊ ၂၀၀၄ ခုနှစ်။

သူ အသက်ရှင်လျက် ရှိစဉ်က ပြောဖူးတာ တစ်ခါကြားဖူးသည်။ 'ကျွန်တော်သေရင် ကျွန်တော့်အုတ်ဂူမှာ "ဝေးသွားတဲ့အခါ" ရဲ့ ဂီတသင်္ကေတ လေးလုံးကို Pucca Notes နဲ့ရေးပေး၊ ကျန်တာ ဘာမှမရေးနဲ့' တဲ့။ အဲဒီ သူ့အမှာစကား အတည်ပဲလား။

၇။ ထူးအိမ်သင်သည် နာရီတစ်လုံးဖြစ်သည်။ သံပတ်ကုန်လို့ပဲဖြစ်ဖြစ်၊ ဓာတ်ခဲ အားကုန်လို့ပဲဖြစ်ဖြစ် ရပ်တန့်သွားရပြီ ဆိုစေဦး။ 'နာရီရဲ့သီချင်း' ကတော့ ကြားနေရဆဲဖြစ်သည်။

နာရီရဲ့သီချင်းက လေထဲမှာ ပျံ့နှံ့နေသည်။
'လူ့ဘဝဟာ ရခဲလွန်းလှတယ်၊
ကိုယ့်ဘဝကိုယ် အလွဲသုံးစား မလုပ်နဲ့၊
တစ်နေ့နေ့ သေခြင်းတရားမှာ အားလုံးအဆုံးသတ်ရမယ်၊
ရှင်သန်ချိန်တွေ တိုတောင်းလွန်းတယ်
မကောင်းမှုလုပ်ဖို့ အချိန်တွေ နမြောပါတယ်'



http://mmteashop.com

'လောဘ ဒေါသ မီးတောက်တွေ၊
မောဟ သောက မီးတောက်တွေ၊
ငြိမ်းရသတ်ရ ခက်ခဲ့ရင် သီချင်းလေး နားစွင့်ဦး
နာရီရဲ့သီချင်း၊ နာရီရဲ့သီချင်း၊ နာရီရဲ့သီချင်းလေး သတိပြုကွယ် . . .'

သတိရလျှက်
မောင်သစ်မင်း




http://mmteashop.com

# သီချင်းငှက်နဲ့ ဝေးသွားတဲ့အခါ

ငြိမ်းအေးအိမ်

(၁)

လွန်ခဲ့သော (၁၈) နှစ်ခန့်ကဖြစ်မည် ထင်သည်။

ကျွန်တော်သည် ငှက်တစ်ကောင်နှင့် စတင်မိတ်ဖွဲ့ သိကျွမ်းခွင့်ရခဲ့၏။

ကျွန်တော်တို့ နှစ်ဦးအသိမိတ်ဆွေ ဖြစ်ခဲ့ဖူးသည်မှာ သူအမှန်တကယ် နေထိုင်ရာနှင့် မိုင်ပေါင်း ကိုးရာခန့်ကွာဝေးသော တောင်ပေါ် တောအုပ်လေး တစ်ခုထဲရှိ ရွံ့ကာအိမ်လေး

တစ်လုံးထဲတွင် ဖြစ်သည်ဟု ဆိုလျှင် သင်မအံ့သြပါနှင့်။

ထိုနေ့က တောင်ပေါ်မိုးတို့သည်းသည်း စွေနေသည်။ မှတ်မှတ်ရရ ထိုနေ့တွင် ကျွန်တော်တို့ အပြင်မထွက်ဖြစ်ခဲ့။ ပြတင်းပေါက်မှ လှမ်းမြင်နေရသော မိုးကြောင့် မှုန်နေသည့် ပြင်ပမြင်ကွင်းတွင် တွေ့နေရသမျှ အရာရာသည် စိမ့်ညို့ညို့။ ကျွန်တော်တို့ နှစ်ဦး၏ ခန္ဓာကိုယ်တို့သည်လည်း သံလွင်ရောင်တောက်လျက်။ ရွာချနေသည့် မိုးရေများမှတပါး မြင်သမျှသည် စိမ်းပလွန်း၏။

ပစ္စုပ္ပန်သည် အစိမ်း။ အနာဂတ်သည် အစိမ်း။ တောင်စဉ်တောင်တန်းတို့ သည် အစိမ်း။ စိတ်ခွန်အားတို့ သည်ပင်လျှင် အစိမ်း။ တောက်လောင်နေခဲ့သော နေ့ရက်များ ဖြစ်သည်။

ဝါးကုတင် နှစ်လုံးပါသော အခန်းငယ်၏ အလယ်တွင် ဝါးကွပ်ပျစ်သည် စားပွဲတစ်ခု အသွင်ဖြင့်ရှိ၏။ ထိုစားပွဲပေါ်တွင် ဒစ်ဒါဒါ .. ဒါဒစ်ဒစ် စသဖြင့် အသံကို အသံဖြင့် သင်္ကေတ ပြုတတ်သော ရေဒီယိုစက်ကလေး ရှိသည်။ တိုးလို့တွဲလောင်း ချိပ်ဆွဲထားသော အရာများရှိသည်။ အစိမ်းရောင် အဖုံးပိတ်ရေဘူး တစ်လုံးထဲတွင် ဒေသဖြစ် ဆန်အရက်များ ရှိသည်။ နပျိုသော အသက်အရွယ်ဖြင့် အစိမ်းရောင် သက်ရှိ



http://mmteashop.com

နှစ်ဦးရှိသည်။ တရုတ်လုပ် ကက်ဆက် ကြမ်းကြမ်း တစ်လုံးရှိသည်။ မနေ့က လူကြုံဖြင့် ရလာသော တိတ်ခွေလေး တစ်ခွေကို ထည့်လိုက်သောအခါ ကျွန်တော့်အတွက် အစိမ်းသက်သက် ဖြစ်နေသည့် အသံတစ်ခု ထွက်ကျလာသည်။ ကြားကြားခြင်း စွဲလမ်းခဲ့ရသော ထိုအသံသည် နောင်တွင် ငှက်အဖြစ် ကျွန်တော် သိကျွမ်းခွင့် ရခဲ့သူတစ်ဦး၏ အသံဖြစ်သည်။

"နာရီပေါ်မှ မျက်ရည်စက်များ"

(၂)

တန်ဖိုးကြီးမြတ်သော ငှက်တစ်ကောင်နှင့် လူတစ်ယောက်တို့၏ စတင် တွေ့ဆုံပွဲသည် ဤမျှရိုးရှင်းပြီး ကြီးကျယ်ခန်းနားစွာ ဂန္ထဝင် မြောက်ခဲ့၏။ တောင်ပေါ်တွင် မိတ်ဆွေဖြစ်ခဲ့သော ငှက်တစ်ကောင်ကို ပင်လယ်ကူး သင်္ဘော တစ်စီးပေါ်တွင် စာဖတ်ရင်း လိုက်ပါသွားစေကာ အပြီးတိုင် ခွဲခွာနှုတ်ဆက် ထွက်ခွာခိုင်းသည့် ဇာတ်ညွှန်းမျိုးကို ကံကြမ္မာက ကျကျနန ရေးပေးလိမ့်မည်ဟု မိတ်ဆွေ ကြိုတင်မှန်းဆ နိုင်ခဲ့ပါမည်လား။

(၃)

"မျက်ရည်စက်" သည် ကျွန်တော့်အဖို့ လူစိမ်းတစ်ယောက် ဆိုထားသော အသံစိမ်း တစ်ခုဖြစ်သော်လည်း တစ်ဘက်ဝါးကုတင်မှ မိတ်ဆွေအတွက်မူ အစိမ်း သက်သက် မဟုတ်ခဲ့။ ပြန်လည်တွေ့ဆုံဖို့ မဖြစ်နိုင်သော အလွန်ရင်းနှီး ခဲ့ဖူးသူတစ်ဦး၏ အသံကို သူပြန်ကြားနေရခြင်း ဖြစ်သည်။ ထိုအသံသည် သူ့ဘဝ၏ အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့ဖူးမည်မှာ သေချာသည်။

သူ့မျက်ဝန်းများသည် လွမ်းစိတ်ဖြင့် ညို့မှိုင်းငေးရီ၏။ ထိုသီချင်းများကို ကြားနေရသည့် ခဏတွင်၊ ပုသိမ်၊ ကမာရွတ်၊ အဆောင်၊ ဂီတ၊ ဘဝ အားလုံးတို့သည် အစိမ်းရောင် ဆေးခွက်ထဲ ပျော်ဝင်လုံးထွေးသွားခဲ့ပုံရသည်။

အဘယ့်ကြောင့်ဆိုသော် ငှက်ကိုယ်တိုင် လွမ်းလွမ်းဆွတ်ဆွတ်ဖြင့် "ညီလေးရေ" ဟု တမ်းတခေါ်ငင်ခဲ့သည့် သီချင်းတစ်ပုဒ်သည် သူကိုယ်တိုင်ပင် ဖြစ်နေသောကြောင့်ပင်။



http://mmteashop.com

ထန်ထန်မစဲ ရွာချလိုက်သော မိုးသံတို့ ကျွန်တော်တို့နှစ်ယောက် နားထဲသို့ တိုးမပေါက်ခဲ့။ သီချင်းကို အလွမ်းဖြင့် နားထောင်ရသည့် အခိုက် ပေါ်ပေါက်လာတတ်သည့် နာကြင်ခံခက်မှုမျိုးကို ခင်ဗျားကြုံဖူးပါသလား။ ကျွန်တော်တို့၏ အိမ်လွမ်းစိတ်ပြင်းပြင်းကို သူ့သီချင်းများဖြင့် ခွက်ချင်းတိုက် မော့သောက်လိုက်ပြီး ဘဝထဲ စီးနင်း ဝင်ရောက်လာခဲ့သူမှာ အမြင့်ပျံ ငှက်တစ်ကောင် အဖြစ် ထင်ရှားသောလူ ထူးအိမ်သင် ပင်ဖြစ်သည်။

(၄)

၁၉၉၅ ဝန်းကျင်။

မိုးသည်းသည်း အောက်က တောင်ပေါ် တဲကလေးတွင် နေထိုင်ရှင်သန်ခဲ့ဖူးသော လူစိမ်းစိမ်းနှစ်ယောက်၊ မြို့ပြလမ်းမများနှင့် ပြန်လည် အသားကျစ ပြုချိန်ဖြစ်သည်။

တစ်သက်တွင် ဘယ်လိုမှ ပြန်ဆုံစည်းရန် လမ်းမရှိခဲ့သော ညီအစ်ကို သူငယ်ချင်းနှစ်ယောက် ပြန်လည်ဆုံတွေ့ခဲ့ကြပြီ။ ထိုအဖြစ်ကို ပြန်ပြောပြဖို့အတွက် "အံ့ဩဖွယ်ရာ" ဟူသော ဝေါဟာရ တစ်လုံးတည်းဖြင့် မည်သို့မျှ မလုံ လောက်နိုင်ကြောင်း ကျွန်တော်တို့ အားလုံး လက်ခံလိုက်ကြသည်။

ကျွန်တော်တို့ နှစ်ယောက်က ရှစ်မိုင်မှာ နေသည်။ သူက အိုအေစစ်မှာ၊ ဝေထွန်းဆီမှာ သီချင်းတွေ သွင်းနေ။ ဝင်ခလုပ်၊ ထွက်ခလုပ် ဆုံဖြစ်ကြ။ ပြောဖြစ်ကြ။

ကျွန်တော်ကတော့ စိတ်လိုလျှင် စကားဒလစပ်ပြောပြီး အများအားဖြင့် စာအုပ်တစ်အုပ်ဖြင့် နှုတ်ဆိတ်နေတတ်သော သူ့ကို ကြည့်ကာ သဘောတကျကျ။ တကယ်တမ်း စကားပြောမည် ဆိုလျှင် စာအုပ်များကို တန်ဖိုးထားတတ်၊ ဝါးစားသလို ဖတ်တတ်သော သူ့တွင် ပြောစရာစကား တစ်ပုံတစ်ပင်။ သူမည်မျှစာဖတ် နာထားသည်ကို "ရေမျောသီး" အသံထွက် ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြထားခြင်းဖြင့် သက်သေထူခဲ့သည်။ သူ့ဝမ်းစာကို သူ့အိန္ဒြေရရ ပြသနိုင်ခဲ့သော ထိုငှက်ကို ဘယ်အချိန် စာပေနယ်ဘက် ကူးစက်ဝင်ရောက်ခဲ့လေ မလဲဟု ငေးမောကြည့်နေမိဖူးသည်။



http://mmteashop.com

ကျွန်တော်တို့ ခေတ်ကာလက အလွန် စွဲလန်းနှစ်သက်ခဲ့ ဖူးသော ဆရာကျော်စိန်မင်း၏ သိပ္ပံဝတ္ထုများကို ရှုမဝမဂ္ဂဇင်းမှ ဆုတ်ဖြဲကာ ကဒ်ထူဖုံးဖြင့် သူချုပ်သိမ်း ထားသည်ကို တွေ့ခဲ့ဖူးသည်။ စာအုပ်ရှေ့ဖုံးတွင် သူ့လက်ရေးဖြင့် တိုတို တုတ်တုတ် ရေးထားသည်မှာ (ကျွန်တော်အမှတ် မမှားခဲ့လျှင်) ..

သတိ

မည်သူ့ကိုမျှ မပေးပါ။

ထူးအိမ်သင်

ဟုဖြစ်လိမ့်မည် ထင်ပါသည်။ ကျွန်တော် ပြောချင်သည်မှာ လိုအပ်လျှင် အားမနာ တတ်သော၊ စာအုပ်ကို တန်ဖိုးထားတတ်သော သူ့စိတ်ရင်းကို ဖြစ်သည်။

ထိုစာသားများကို ဖတ်ပြီး ထူးအိမ်သင် ဟူသည်မှာ အလွန် မာကြောကြော နိုင်လှသော ဂွစာတစ်ယောက်ပါလားဟု ထင်မြင်ခဲ့လျှင် ယခု ဖော်ပြ ထားသော ဓါတ်ပုံထဲက သူ့မျက်နှာလေးကို ကြည့်လိုက်စေချင်ပါသည်။

ထိုပုံကို ၉၅၊ သို့မဟုတ်၊ ၉၆ လောက်က ပြုလုပ်ခဲ့သော ဆရာကြီးမင်းသုဝဏ်၏ မွေးနေ့ပွဲတွင်
ကျွန်တော် ရိုက်ယူဖြစ်ခဲ့သော ဓါတ်ပုံဖြစ်ပါသည်။ စာပေပညာရှင်များ၊ လေးစားဂါရဝ ပြုရမည့် ဆရာကြီးများရှေ့တွင်မူ သူသည် ငှက်မဟုတ်။ အခွံကျွတ်နေသည့် ရေမြွေ တစ်ကောင်သာ ဖြစ်ပါသည်။ သူ့စိတ်ထဲမှ ရိုးရှင်းမှုနှင့် သူ့ရင်ထဲမှ ဂါရဝတရားများကို ပုံထဲတွင် ရှင်းရှင်းမြင်နိုင်ပါသည်။ သူဆရာကြီး ဒဂုန်တာရာကို နှုတ်ဆက်ဂါရဝ ပြုနေသောပုံ ဖြစ်ပါသည်။

(၅)

သူလက်မခံနိုင်သော အယူအဆ တစ်ခုအတွက် မည်သူ့ကိုမျှ အားနာနှုတ်ဆိတ် နေပေးလိမ့်မည် မဟုတ်သော၊ ကျည်ထိုး မောင်းတင်ထားသည့် သေနတ် တစ်လက် သည်လည်း သူပင် ဖြစ်နေတတ်သေးသည်။



http://mmteashop.com

တစ်ခါက၊ သူနှင့် (ကျွန်တော် မကျွမ်းကျင်သော) သီချင်း သီဆိုမှုကိစ္စ ပြောဆို ဆွေးနွေးခဲ့ကြဖူးသည်။ ကျွန်တော် မဖတ်လိုက်ရသော်လည်း တစ်ဆင့်ပြောဖြင့် ကြားဖူး ထားသည့် ဆောင်းပါးတစ်ပုဒ်နှင့် ပတ်သက်ပြီး မေးမိတုန်းက ဖြစ်သည်။ သူက သီဆိုချင်းနှင့် ပတ်သက်ပြီး အရှည်ကြီး ရှင်းပြသည်။ ထိုအထဲမှ ကျွန်တော် အလွန် သဘောကျသော စကားတစ်ခွန်းမှာ ..

"ကိုငြိမ်းရ၊ သီချင်းတစ်ပုဒ်ကို ခံစားမှု အပြည့်ထည့်ပြီး ဆိုနေရာမှာ ပေဘာဒီ နားရွက်ဖျားလေးက (သူ့နားရွက်ဖျားလေးကို သူ့လက်သွယ်သွယ်ဖြင့် ကိုင်ပြပါသည်) အသံထွက်မှ ပြည့်စုံမယ်လို့ ကျွန်တော်ထင်ရင် အဲဒီနေရာက အသံထွက်အောင် လုပ်မယ်။ လည်ချောင်း၊ လျှာခင်၊ အာခေါင်၊ ရင်ထဲကလာတဲ့ အသံတွေ လုပ်မနေနိုင်ဘူး"

ခံစားမှုဖြင့် သွန်းထုနေသော အနုပညာ ပစ္စည်းတစ်ခုအတွက် ပုံသေကားကျ နည်းစနစ် များကို ဦးစားမပေးနိုင်သည့် အတွက် ထိုငှက်သည် သင်ခန်းစာ မကျေသူဟု သတ်မှတ်ဖို့ မဖြစ်နိုင်ဟု ကျွန်တော်ထင်ပါသည်။ သူရေးနေဆဲ (သို့မဟုတ်) ရေးရန်ရည်ရွယ်ထားသော ဂီတနှင့် ပတ်သက်သည့် အကြောင်းအရာ များကို သူ့ထံမှ ကြားဖူးထားသည်။ သီချင်း တစ်ပုဒ်ကို ဖန်တီးဖို့ အလွယ်လမ်း မလိုက်ခဲ့သော သူ့အကြောင်း တစ်စွန်းတစ်စ သိထားခဲ့သည်။

သူ့သီချင်းများထဲတွင် ကျွန်တော် အနှစ်သက်ဆုံး တစ်ပုဒ်ဖြစ်သည့် "ရာဇဝင်များရဲ့ သတို့သမီး" နှင့်ပတ်သက်ပြီး ပြောဖြစ်သည်။ ကျွန်တော်ပြောဖြစ်သည်မှာ ..

ပိုင်ဆိုင်မှုအတွက် စစ်မက်များ
ရင်ဆိုင်တိုက်ခိုက် ခဲ့ကြရ
ဂန္ထဝင်မြောက်တဲ့ အချစ်နဲ့
ကာကွယ်သူ တို့ရဲ့ ဓားတွေ
သူရဲကောင်းတို့ မွေးဖွား
ဒါဟာ ငါတို့ သမိုင်းရဲ့

http://mmteashop.com

တောက်ပခဲ့တဲ့ နေ့ရက်များ
ရောဝတီ

ဟူသော အပိုဒ်ဖြစ်၏။

ကျွန်တော်တို့ လှမ်းမမြင်နိုင်သော၊ မမီခဲ့သော ခေတ်အဆက်ဆက်က မြန်မာ့ ဘီဘင်တို့၏ နိုင်ငံတည်ထောင်ရေး အားထုတ် ချက်များသည် သူ့စာသားသံစဉ်များ၌ ခမ်းနားလွန်းလှသည်။ စကားလုံးကျစ်လစ် သလောက် ပြည့်စုံလွန်းလှသည်။

ကြည့်စမ်းပါ။

မပိုင်ဆိုင်ရသေးသော နယ်မြေတစ်ခု ပေါ်တွင် နိုင်ငံတစ်ခုကို ထူထောင်နိုင်ဖို့ ရန်တကာကို ရင်ဆိုင်တိုက်ခဲ့ကြသူများ။ တည်ထောင်နိုင်ပြီးခဲ့သော နယ်မြေကို မပြိုပျက်၊ မပျောက်ကွယ်ရလေအောင် သည်မြေ သည်ရေ သည်ဇာတိကို ချစ်စိတ်ဖြင့် ဓားဖွေးဖွေး သွေးရဲရဲ ဖွဲ့နပဲထည့် ကာကွယ်ခဲ့ကြသူများ။ တိုက်ပွဲသည် သူရဲကောင်းကိုမွေး၏ ဟူသော အဆိုအတိုင်း သည်တိုက်ပွဲများဖြင့် မြန်မာတို့သမိုင်း၏ သူရဲကောင်းတို့ကို မွေးဖွား ပေးခဲ့သော ရောဝတီရပ်ဝန်း၏ ကြီးကျယ်ထင်ရှားခဲ့သော နေ့ရက်များ။

ထိုမျှခန်းနားသော စကားလုံးများကို စီးဆင်းစေခဲ့သည့် သံစဉ်အတီးပိုဒ်တွင် အိန္ဒိယ သံစဉ်များ ရောထည့်ထားခြင်းဖြင့် သီချင်း၏ အလှနှင့်အားကို ပျက်စေသည်ဟု ကျွန်တော်က ထင်သည်။

ကျွန်တော့် အနေဖြင့် သီချင်းကိုအကြိုက်ကြီး ကြိုက်သလောက် ထိုအတီးပိုဒ်တွင် ထည့်ထားသည့် သံစဉ်ကို မကြိုက်ကြောင်း။ ထင်သည့်အတိုင်း သူ့ကိုပြောသည်။

မှန်ထူထူနောက်မှ ငြိမ်သက်သော မျက်လုံးဖြင့် တစ်ချက်ကြည့်သည်။ သည့်နောက် သူကျွန်တော့်ကို ပြောသည်။

"ကိုငြိမ်း .. ပုဂံ ရောက်ဖူးတယ် မဟုတ်လား။ အဲဒီက ဟိုးရှေးပုဂံရဲ့ အငွေ့အသက်တွေမှာ ဘာတွေပါနေတာ တွေ့ခဲ့လဲ။ ကျွန်တော်တို့ရဲ့ ရှေးပုဂံက မြန်မာကြီး တွေဟာ ဘယ်လိုပုံမျိုး ဖြစ်မလဲ။ ကျွန်တော် ပေါ့ပေါ့လုပ်ခဲ့တာ မဟုတ်ဘူး။ ဒီ အာရေဗီယမ် စကေးတွေကို တမင်ကိုထည့်ခဲ့တာ"



http://mmteashop.com

ထိုငှက်သည် အဆန်ကိုမှ ပျံတတ်သည့် ငှက်မျိုးဖြစ်ပါသည်။

(၆)

ကျွန်တော်တို့ အစိမ်းကောင် နှစ်ယောက် "သရဖူ" လုပ်ဖြစ်သောအခါ၊ ၃၆လမ်း ထဲရှိ အခန်းလေးထဲသို့သူ မကြာခဏ လာလေ့ရှိသည်။ ကျဉ်းကြုပ်ကြပ်တည်း လှသော "အေဇက်" ၏ အထပ်ခိုးလေးပေါ်တွင် သူ့ခန္ဓာ ပါးလှပ်လှပ်လေးကို သင့်ရာတစ်နေရာတွင် ခွေခေါက် ထိုးသိပ်ထည့်ထားပြီး စာတစ်အုပ်နှင့် ဖြစ်သလိုနေနေတတ်သည်။

နှစ်ပတ်လည် အထူးထုတ်လုပ်မယ်။ ကဗျာပေးဟု ပြိုလ်ကျသောအခါလည်း မညည်း။ မဂ္ဂဇင်းများတွင် ကဗျာရေးခဲလှ (မရေးသလောက် ရှိလှ) သော နိုင်ငံကျော် သီချင်းရေး ဆရာသည် အမွေးအတောင် မစုံသေးသော၊ လူကြိုက်နည်းသော ကျွန်တော်တို့ မဂ္ဂဇင်းကို (ထူးအိမ်သင်) ဟူသော အမည်ဖြင့်ပင် ကဗျာတစ်ပုဒ်ပေးခဲ့သည်။ (ထိုအမည်ဖြင့် ကဗျာဖော်ပြခဲ့ဖူးသည်ကို ကျွန်တော် မတွေ့ဖူးသေးပါ)။

ယခုပြန်ဖတ်တော့ အမျိုးအမည် ခွဲခြားဖော်ပြရန် ခက်ခဲလှသော ခံစားမှု အလုံးအထွေးကြီး တစ်ခု ရင်ထဲတွင် လှိမ့်ကြွလာသည်။ ထိုအရာ ကို "ကြေကွဲခြင်း" ဟု အမည်တပ်ရမည်ထင်သည်။

သက်တံ့မြစ်
ညနေခင်းတစ်ခု
မိုးစဲလင်းပွင့် ကောင်းကင်မှာ
ဟာ . . .
လှလိုက်တဲ့ သက်တံ့ကြီးတစ်စင်း
စီးဆင်းနေတာ တွေ့တယ်။
ရုတ်တရက်ပဲ
ငါ ကြေကွဲခဲ့ရပေါ့။
ဘဝဆိုတာ



http://mmteashop.com

သက်တံလိုပါလား ...

ရှိတော့ရှိရဲ့

ဒါပေမယ့်

အရှိမဲ့။

ထူးအိမ်သင်

ဘဝဆိုတာ သက်တံလိုပဲ (ရှိတော့ ရှိတယ်။ ဒါပေမယ့် အရှိမဲ့) ဆိုတဲ့ ဒဿနကို သူ ထူထောင်ခဲ့တာ လွန်ခဲ့တဲ့ ကိုးနှစ်လောက် ကတည်းကပါလား။

လူတွေအားလုံးက ရှိနေတယ်လို့ ထင်တဲ့ မြင်နေရတဲ့ သက်တံဟာ တကယ်တော့ မရှိခဲ့။ သက်ရှိထင်ရှား ရှိနေတဲ့ သူ (ငှက်) လည်း တကယ်မရှိခဲ့ဘူးပေါ့။ ဒဏ္ဍာရီတွေ မပြောပါနဲ့ ငှက်ရယ်။ အခု သက်ရှိထင်ရှား မရှိတော့တဲ့ ငှက်ဟာ လူတွေရင်ထဲမှာ ထင်ထင်ရှားရှား လင်းလင်းလက်လက်ကြီးကို ရှိနေသေးတာကို မြင်ရင် ကိုယ့်လူ ဘယ်လိုများ ရေးဖွဲ့ပြဦးမှာလဲ။

သိချင်လိုက်တာ။

(၇)

သရဖူတိုက်ကို လမ်း (၃၀) ထဲ ရွှေ့ဖြစ်သောအခါ၊ ထိုနေရာသည် ပုသိမ်သားများ စုဝေးရာ နေရာတစ်ခုလို ဖြစ်လာတော့သည်။ မဂ္ဂဇင်းတိုက်တွင် ကိုနေမျိုးဇော်၊ ကိုမင်းထက်မောင်၊ ကိုကြွက်တို့ ရှိသည်။ သူတို့က ပုသိမ်သား။ သီဟန်သွင် ရောက်လာသည်။ မြင့်မိုးအောင်တို့ မောင်နံ့ မကြာခဏ ဝင်လာတတ်သည်။ တခါတရံ သူတို့သူငယ်ချင်း ဇော်ဇော်အောင်၊ ကိုမြင့်ဆွေ၊ အလတ်တို့ ရောက်လာသော အခါ ကျွန်တော်တို့ တိုက်သည် ထိုအစုအဝေးနှင့် မကင်းသော ငှက်အတွက်လည်း အသိုက်ငယ် တစ်ခု ဖြစ်ခဲ့သည်။

သည်တုန်းက နောင် သူ့ဇနီးဖြစ်လာမည့် မိသွယ်သည် ပထမနှစ် တက်နေတုန်း ဖြစ်မည်။ သူပိုးပန်းနေတုန်းလား၊ ချစ်သူ ဖြစ်နေကြပြီလား ကျွန်တော်မသိ။ သို့သော် ထို



http://mmteashop.com

မိန်းကလေး ကျောင်းအဆင်းအတက်ကို စောင့်ရမည့် အချိန်တို့တွင် သရဖူ၌ စာအုပ်ထိုင်ဖတ်နေသော ငှက်ကို တွေ့ရမည်ဖြစ်သည်။

တစ်ခါတစ်လေမှာ တောကျသော ကျွန်တော့်ကို သူက အထူးအဆန်းတွေ မိတ်ဆက် ပြတတ်သည်။

"ဟော့လူ ခင်ဗျား မက္ကဆီကန်တော အရက်သောက်မလား"

"ဘာလဲဟ၊ နင့်ဟာက၊ ကိုယ်မသိဘူး"

"ဟောလို သောက်ရတာ။ ခင်ဗျားရဲ့ ညာလက်ညှိုးနဲ့လက်မကြားမှာ ပါးပါးလှီးထားတဲ့ သံပုရာသီး အစိုင်းခြမ်းကို ညှပ်။ အဲဒီ လက်ညှိုး လက်မကြားက လက်ခုံပေါ်မှာ ဆားနည်းနည်းပုံ။ အရက်ခွက်ကို ဘယ်လက်က အသင့်ကိုင်ထား။ အိုကေနော်။ ကဲ။ ညာလက်ခုံက ဆားကို လျှာနဲ့အမြန်လျက်၊ ဘယ်လက်မှာ ကိုင်ထားတဲ့ အရက်ကို တစ်ခါတည်းမော့၊ ပြီးတာနဲ့ ခုနက ညာလက်မှာ ညှပ်ကိုင်ထားတဲ့ သံပုရာခြမ်းကို ပါးစပ်ထဲပစ်ထည့်လိုက်တော့။ သုံးခုစလုံး ဆက်တိုက် ချိန်ကိုက်လုပ်ရမှာ"

သူက လက်ဟန်ခြေဟန်နှင့် သရုပ်ပြ သည်။ သူ့ကိုမြင်ရသည်မှာ အလွန်လှပစွာ ကပြနေသော သရုပ်ပြ တစ်ယောက်လိုဖြစ်သည်။ ကျွန်တော်က ရယ်ပြုံးပြီး တစ်ခါမှ မသောက်ဖူးကြောင်း ပြောတော့ လာလိုက်ခဲ့ဟုဆိုကာ ယုဇနဂါးဒင်းသို့ ခေါ်သွားသည်။ သူ့နည်းအတိုင်း အရက်တစ်ပုလင်း ကုန်အောင် သောက်ခဲ့ရသည်။ "တာကွီလာ" ဟုခေါ်သလား။ ကျွန်တော် သိပ်မမှတ်မိတော့။ ခဏနေတော့ ဆိုင်ထဲမှာ ပရိသတ် တစ်ချို့က သူ့ကိုမြင်သွားကြသည်။ ကိုငှက် တစ်ပုဒ်လောက် ဆိုပါဗျို့ဟု တောင်းဆိုကြသည်။ "ကျွန်တော် အရက် လာသောက်တာပါဗျာ။ သီချင်း လာဆိုတာ မဟုတ်ပါဘူး။ ခွင့်လွှတ်ပါ" ဟုတောင်းပန်ရင်း ဆက်သောက်သည်။ သိပ်မကြာ ဟိုလူလာခေါ် ဒီလူလာပြောနှင့် စင်ပေါ်တက် ဆိုရပြန်သည်။

"ခဏဗျာ။ တစ်ပုဒ်နှစ်ပုဒ် ဆိုပေးလိုက် ဦးမယ်။ ပြီးရင် တခြား သွားသောက်ရအောင်"

ထိုညက တခြားသွားမသောက်ဖြစ် ကြတော့။



http://mmteashop.com

(၈)

ကမ္ဘာလှည့် စာအုပ်ရောင်းသည့် ဈေးသဘော်ကြီး နန်းသီတာဆိပ်ကမ်းတွင် ကမ်းကပ်ကာ စာအုပ်ရောင်းချပေးမည့် သတင်းကို ဖတ်ရသည်။ ဘာစာအုပ်တွေများ အထူးအဆန်း ပါလေမလဲဟု စိတ်စောကာ သဘော်ဆိုက်ရက်ကို မျှော်နေမိသည်။ သဘော်လာတော့ ပထမရက် မိတ်ဆွေများနှင့် စုပြီး စာအုပ်တွေ သွားငေးသည်။ နောက်တစ်ရက် စာအုပ်ဂယ်ရန် တစ်ယောက်တည်း ထပ်သွားသည်။ လိုအပ်သော စာအုပ်တစ်ချို့ဝယ်ပြီး သဘော်ပေါ်က ဆင်းလာသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငေါင်တောင်တောင် ဆင်းလာနေမိခြင်းဖြစ်မည်။

"ကိုငြိမ်း" ဟု ခေါ်သံကြောင့် ကြည့် လိုက်တော့ ငှက်ဖြစ်သည်။ နန်းသီတာ ကားပါကင်တွင်ဖြစ်၏။ သူတစ်ယောက်တည်း။ ကျွန်တော် အတော်ဝမ်းသာသွားသည်။ သူနှင့် မတွေ့ရသည်မှာ ၂နှစ်ခန့်ကြာသွား၍ ဖြစ်သည်။ နှစ်ယောက်သား စကားတွေ ပြောဖြစ်ကြသည်။ တွေ့ဖို့ဆုံဖို့ ချိန်းဆိုကြသည်။

ကျွန်တော်တို့နှစ်ယောက်၏ ဖြစ်နေကျ ထုံးစံအတိုင်း အချိန်းအချက်များသည် ဘယ်တော့မှ ဖြစ်မလာတတ်ကြကြောင်းကိုမူ နှစ်ဦးသား ကျေကျေနပ်နပ် မေ့ထား ဖြစ်ခဲ့ကြသည်ဟု ထင်သည်။ ထိုနေ့သည် ခင်မင်ရင်းနှီးသူနှစ်ဦး၏ နောက်ဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်မည်ဟု သူရော ကျွန်တော်ပါမသိခဲ့။ စာအုပ်ဝယ်ရန် သဘော်ပေါ်သို့ ငှက် တက်သွားခဲ့သည်။ သူ့ကျောပြင်သည် သူ့အား ကျွန်တော် မြင်လိုက်ရသည့် နောက်ဆုံး မြင်ကွင်း ဖြစ်ခဲ့သည်

(သူ့ရျာပနတွင် တိုးကြိတ်ကြပ်ခဲနေသော လူများ ကြားမှ သူ့မျက်နှာကို ကြည့်မြင်ခွင့် မရခဲ့ပါ)

(၉)

ခုတလော ဒီဂျစ်တယ်ဓါတ်ပုံများ အတော်စုဆောင်းဖြစ်နေသည်။ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေးတစ်ခုခု၏ Text များ အဖြစ်၊ ထိုဓါတ်ပုံများကို ထည့်သွင်း အသုံးပြုလိုသည့် ချဉ်ခြင်းကြောင့်ဖြစ်သည်။



http://mmteashop.com

စုဆောင်းမိသည့် ပုံများထဲတွင် မြစ်ဆုံမှ အစပြုသော ရောဝတီပုံများလည်း ပါဝင်ခဲ့သည်။ ထိုအခါ ရာဇဝင်များရဲ့သတို့သမီးသခင် ငှက်ကို သတိတရရှိသည်။ ထိုသီချင်းကို စာသားရော Note များဖြင့်ပါ ဖော်ပြရင်း ကျွန်တော့်ဖန်တီးမှု တစ်ခု၏ Text အဖြစ်သုံးချင်လာသည်။

ကျွန်တော် လိုအပ်သော သီချင်းစာရွက် ရှာပေးကြပါရန် ညီငယ်များသို့ အကူအညီတောင်းထား ဖြစ်သည်မှာ ရက်ပိုင်းသာရှိသေးသည်။ ဘယ်မှ ရှာမတွေ့လျှင် ငှက်ထံမှ တောင်းယူမည် ဟူသော စိတ်ကူးက ရှိနှင့်ပြီးဖြစ်သည်။

သူ့နာရေးသတင်းကို ကိုစန်းဦးထံမှ ပထမဆုံး ကြားရသည်။ ကျွန်တော် မယုံချင်။ ကိုစန်းဦးကလည်း မသေချာသေး၊ သေချာအောင် မေးထားသည်ဟုဆိုသည်။ ကျွန်တော့် ရင်ထဲမှာ မသေချာချင်ပါ။ သေချာပါတယ်ဟူသော အဖြေကိုလည်း မကြားချင်ပါ။

ထိုအရွယ်၊ ထို အနုပညာ အတုံးအခဲကြီးကို သေရမည့်အရွယ်ဟု မည်သို့မျှ ကျွန်တော် သတ်မှတ်နိုင်စွမ်းမရှိခဲ့။ အမှန်ကို လက်ခံရန် ကျွန်တော့် ငြင်းပယ်နေမှု ဖြစ်ပါသည်။

ဖြစ်ရပ်မှန်မှာ ငှက်ကြီး သေဆုံးသွားခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော့်ရင်ထဲတွင်မူ ကျွန်တော့် ငှက်သည် နိုင်ငံတကာသို့ လှည့်လည် သွားလာနေသည့် စာအုပ် သဘော်ပေါ်တွင် အေးအေးလူလူ ဖတ်ချင်ရာကိုဖတ်ရင်း ခရီးသွားနေသည်ဟု အမြဲ မှတ်ယူထားပါမည်။ ကျွန်တော့်သူငယ်ချင်း မသေဆုံးပါ။

နားထဲတွင် ဟာမိုနီကာသံ သဲ့သဲ့ကြားသည်။ ကျွန်တော့်မျက်လုံးများ အိုအေစစ် အသံသွင်းခန်းကို မြင်ယောင်နေသည်။ မဟုတ်နိုင်ပါ။ ပက်လက်ကုလားထိုင်လေး တစ်လုံး။ ဟိုး သဘော် လက်ရန်းလေးဘေးမှာ။ အဲသည်မှာ ငှက်ထိုင်နေပါသည်။ သူ့လက်ထဲတွင် အမည် ရေးထိုးမထားသော စာအုပ်ထူကြီးတစ်အုပ် ရှိသည်။ သူ့မျက်မှန်မှ ထွက်နေသော တလက်လက် အလင်းများက မြစ်ရေပြင်နှင့် အချက်ပြ ဆက်သွယ်နေကြသည်။ လွတ်မြောက်ရာ အရပ်တစ်ခုဆီသို့ သူတို့ စတင်ထွက်ခွာရန် သင်္ကေတဖြင့် အကြောင်း



http://mmteashop.com

ကြားနေခြင်း ဖြစ်နိုင်သည်။ တစ်စုံတစ်ရာမက ထုဆစ်ခဲ့သူသည် လောကကို အနိုင်နှင့် ပိုင်းသွားခဲ့သည်လား။

ဟာမိုနီကာ အသံများ ပိုကျယ်လောင်လာသည်။ သည့်နောက် သီချင်းဆိုသံများ။ သေချာသည်။ ထိုအသံသည် ရာဇဝင်ကို ထုဆစ်ခဲ့သည့် အနုပညာငှက်၏ အသံစစ်စစ် ဖြစ်သည်။

ရာဇဝင်ဟောင်းရဲ သချိုင်းရာ
ရာဇဝင်သစ်တို့ မွေးမွားရာ
ရွှေရောင် နေ့သစ်များအတွက်
ရင်ခုန်သူ တို့ရဲ့ သီချင်းတွေ
ပျိုမြစ် စိမ်းလမ်းရေးအတွက်
ယုံကြည်သူတွေ အသက်နဲ့
ထုဆစ်ခဲ့တဲ့ အိပ်မက်များ (ရောဝတီ)
ရာဇဝင်များရဲ့ သတို့သမီး ငါတို့ရဲ့မိခင် (ရောဝတီ)
ရာဇဝင်များရဲ့ သတို့သမီး ငါတို့ရဲ့ဝိညာဉ် (ရောဝတီ)

ကျွန်တော်တို့အားလုံး ပျိုမြစ် စိမ်းလန်းရေးအတွက် သူ့ရင်ခုန်သံနဲ့ ထုဆစ်ခဲ့သော သီချင်းကိုနားထောင်ကြပါစို့။

ငြိမ်းအေးအိမ်

ရတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၇၊ စက်တင်ဘာလ၊ ၂၀၀၄

http://mmteashop.com

# သီချင်းငှက်၏ ကောင်းကင်ခရီး

လွမ်းဝေနိုင်

သူ့ဆံပင်တွေ တွန့်လိမ်ကောက်ကွေးလို့။ အမြင်အားနည်းတဲ့ မျက်ဝန်း တစ်စုံရှေ့မှာ ပုလင်းဖင် မျက်မှန်ထူထူဝိုင်းဝိုင်းနဲ့။ ဒါ.. သူ့ရဲ့ ဖြစ်တည်ခြင်း သင်္ကေတပေါ့။ ထူးအိမ်သင်ရဲ့ သင်္ကေတပါ။ ၁၉၈၈ လွန်ခုနှစ်များကို သူဟာ ဂီတတွေနဲ့အပိုင် သိမ်းပိုက် နိုင်ပါတယ်။ နာရီပေါ်က မျက်ရည်စက်များဟာ ကျွန်တော်တို့ လူငယ်များအတွက် စိတ်ဓာတ် အဟာရများ ဖြစ်ခဲ့ကြပါတယ်။ သူ့သီချင်းများဟာ ကိုယ်ပိုင်သံစဉ်များဖြစ်ကြပြီး ဒဿနစိမ့်ဝင် စီးဆင်းနေတဲ့ ဂီတများဖြစ်လို့နေပါတယ်။ "အမေ" ကိုချစ်တဲ့ သူ့သီချင်းတွေဟာ အနုပညာလောကမှာ နေရာတစ်နေရာစာ ရပ်တည်ဖို့ ကြိုးစားနေရတဲ့ ကျွန်တော်တို့ လူငယ်တွေအားလုံးရဲ့ သီချင်းဖြစ်သွားခဲ့ပါတယ်။

အမေ .. ကျွန်တော့်ကို စိတ်မညစ်ဘူးလား ..

ဘဝမှ အကြိမ်ကြိမ်အခါခါ ရှုံးလည်း မာနက အကြီးသား ..

ကိုယ်ယုံကြည်ရာကို ဈေးကွက် .. တင်ရောင်းဖို့ ရှက်နေလို့တဲ့ ..

ပိုက်ဆံတစ်ပြားမှမရှိတဲ့ သူသိက္ခာရှိချင်သေးသတဲ့ ..

ကဲ .. အမေ့ရဲ့ ဒုက္ခအိုးလေးပေါ့။

၁၉၉၄ - ၉၅ ခုနှစ်၊ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ် ကျောင်းသား တစ်စု လမ်း ၃၀ က ကိုငြိမ်း (ဆရာငြိမ်းအေးအိမ်) ရဲ့ သရဖူမင်္ဂလာဇင်းတိုက်မှာ စတည်းချနေချိန်။ ကိုကြွက်နီကို အကြောင်းပြုပြီး ပုသိမ်အုပ်စုတွေနဲ့ ခင်မင်ကျွမ်းဝင်ခဲ့ကြပါတယ်။ ပုသိမ် အုပ်စုတွေနဲ့နွယ်ပြီး ဆံပင်ကောက်ကောက်၊ မျက်မှန်ထူထူ သူနဲ့ ကိုမြင့်မိုးအောင်ကို ရင်းနှီးခဲ့ပါတယ်။ အဲဒီတုန်းက သရဖူမဂ္ဂဇင်းမှာ နေ့လယ်တစ်ထောက် ဝင်ခိုရင်း သူ့ချစ်သူ "မသွယ်" ရဲ့ ကျူရှင် ဆင်းချိန်ကို လာစောင့်နေကျ။



http://mmteashop.com

အဲဒီတုန်းက သူက စုပါတေးရေး၊ တေးဆို။ ဒါပေမဲ့ ဘာမှ လောက်လောက်လားလား မရှိသေးတဲ့ ကျွန်တော်တို့ လူငယ်စာပေသမားတွေကို လေးလေးစားစား နွေးနွေးထွေးထွေး ဆက်ဆံလေ့ရှိပါတယ်။ သူဟာ အပြင်ပန်းက ကြည့်ရင် မာကျော သယောင်ယောင် ရှိပေမယ့် ရင်းရင်းနှီးနှီး ပေါင်းကြည့်တဲ့အခါ အရမ်းချစ်စရာ ကောင်းသူ တစ်ယောက်ပါ။

သူ့ကို ဂီတလောကသာမက စာပေလောက၊ သရုပ်ဆောင်လောက ကလူတွေ တော်တော်များများက ချစ်ခင်လေးစားကြပါတယ်။ စာနယ်ဇင်းလောကထဲ ထဲထဲဝင်ဝင် ရောက်နေချိန် သူနဲ့ကျွန်တော် အချိန်ကြာကြာ စကားပြောဖြစ်ကြပါတယ်။ လုံးချင်း ဝတ္ထုရေးပါလားလို့ သူတိုက်တွန်းတော့ ကျွန်တော်က ကျွန်တော့်ဘက်က အခက်အခဲ တွေကို ပြန်ပြောဖြစ်တယ်။ အဲဒီအခါ သူက ခေါင်းတဆတ်ဆတ် ညိတ်ရင်း အင်းလေ.. ဘာပဲဖြစ်ဖြစ် ဒီလောကမှာ ကိုယ့်လူတစ်ယောက် ရှိတာလဲ ကောင်းတာပဲတဲ့။

သူနဲ့ ကျွန်တော်တို့ မှတ်မှတ်ရရအဖြစ်ကလေးတွေက အများကြီးပါ။ အဲဒီထဲက တစ်ခုက စာပေဂျေဖီးယား ဂိုဏ်းခေါင်းဆောင်ကြီး မာဂျေနဲ့ အပေါင်းအပါများက သူတို့ရဲ့ ဂီတစွမ်းရည်ပြဖို့ ကျွန်တော်ရယ်၊ ကိုငှက်ရယ်၊ ကိုကြွက်ရယ်ကို ကာရာအိုကေဆိုင် ခေါ်သွားပါတယ်။ ဆရာမာဂျေတို့ အပေါင်းအဖော်များ သီချင်းတွေတစ်ပုဒ်ပြီး တစ်ပုဒ် ဟစ်အော်ချိန်မှာ ကိုငှက်ရယ်၊ ကိုကြွက်ရယ်၊ ကျွန်တော်ရယ် ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးတွေ ထိုင်လို့။ ကိုငှက်က ကြိုးစားပမ်းစား အသံညှိပေးနေချိန် ကျွန်တော်နဲ့ ကိုကြွက်က အနီပတ်ပုလင်းလေးဖက်လို့။ ဆရာမာဂျေတို့အဖွဲ့က အဆိုရော၊ အကပါ တွဲဖက်လာတဲ့အခါ ကြမ်းပြင်မှာ ထိုင်နေတဲ့ ကျွန်တော်တို့ လူငယ်သုံးဦး အသာလစ်ပြေး ခဲ့ရပါတယ်။ ကျွန်တော်တို့ သုံးဦးထဲမှာ ကိုငှက်က အသက်အကြီးဆုံး။ ဒီတစ်ခါတော့ ကျွန်တော်တိုတတွေ သီချင်းတွေမဆိုတဲ့ဆိုင်ကို ရွေးပြီးသွားကြပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူအဘေဘီစီမှာ အာရုံကျနေပါတယ်။ မကြာခဏ ဆိုသလို ပေါ်ပြူလာဂျာနယ်တိုက်ကို ဝင် ဝင်လာတတ်ပါတယ်။ တစ်ညသား သူရောက် လာတော့ လက်ထဲမှာ တားရှော့ခ် ဖဲထုပ်တွေနဲ့။ ဆရာဟိန်းလတ်နဲ့ တားရှော့ခ် အကြောင်း



http://mmteashop.com

ပြောမလို့တဲ့။ ပြီးတော့ ဆရာဟိန်းလတ်မှာ ရှိတဲ့ တားရော့ခ်အထုပ်နဲ့ သူ့မှာရှိနေတဲ့ တားရော့ခ်အထုပ် လဲမလို့တဲ့။ အဲဒီညက ကျွန်တော် အူကြောင်ကြောင် ဖြစ်ရပါတယ်။ ဆရာဟိန်းလတ်နဲ့ သူနဲ့ တားရော့ခ်တွေ တစ်ယောက်တစ်လှည့် စီ ဟောလို့။ ကျွန်တော့်ကို ဗေဒင်ယုံလားလို့ မေးတယ်။ ကျွန်တော်က "မယုံဘူး" ဆိုတော့ သူ တညှင်းညှင်းရယ်လို့။

ဆရာဟိန်းလတ်ကတော့ သူ့ကို အမှတ်ပြည့်ပေးတယ်။

"ထူးအိမ်သင်ဟာ.. တကယ့်ကို တားရော့ခ်ပညာရှင်ပဲ" တဲ့။

ငါဟာ အတ္တမဲ့အလင်းတစ်ခုဖြစ်ချင်တယ်

(အလင်းတစ်ခုဖြစ်ချင်တယ်)

ပိုင်ဆိုင်တာတွေ စွန့်ပစ်ခဲ့

ရေလိုစီးဆင်းသွားချင်လည်း

(ငါ့အတွက်)

(အစိမ်းရောင်တံခါးများ) ၃

အဲဒီနေ့ဟာ စနေနေ့ဆိုတာတော့ မှတ်မိတယ်။ ပေါ်ပြူလာ အလုပ်တွေ နေ့တစ်ဝက်နဲ့ ပြီးသွားလို့ ရုံးစောစောဆင်းသွားပြီး အခန်းလူရှင်းနေတာမို့ သံဘာရာ တံခါးကို စေ့ထားလိုက်တယ်။ ညနေစောင်းမှာ "အဟက်" ဆိုတဲ့ ရယ်သံပြုလို့ တံခါးဆွဲဖွင့်ပြီး သူဝင်လာတယ်။ အောဘီစီကို တစ်ယောက်တည်းသွားရမှာ ပျင်းလို့တဲ့။ ပေါ်ပြူလာ ရှေ့မှာပဲ ပလပ်စတစ် ထိုင်ခုံကိုယ်စီနဲ့ နှစ်ယောက်တည်း စကားတွေဝိုင်းဖွဲ့လို့။ ကျွန်တော် မေးခွန်းတွေ တရစပ်မေးဖြစ်ပါတယ်။ သူ့အဖြေစကားတွေက ရိုးရှင်းတယ်။ ပွင့်လင်းတယ်။ သူဟာ ဂီတနဲ့ ပတ်သက်ပြီး စေတနာကြီးမားခဲ့သူပါ။

သူရဲ့အဖြေစကားတွေက ပွင့်လင်းလာတာနဲ့အမျှ ကျွန်တော့် အသံဖမ်း ကက်ဆက်ခလုတ် ပိတ်ပစ်လိုက်ပါတယ်။ မြန်မာဘီယာပုလင်းတွေက တချို့က ငုတ်တုတ်၊ တချို့က လဲလျောင်း၊ အတော်များများကတော့ ခန္ဓာကိုယ် ဗလာကျင်းလို့။

မြန်မာသီချင်းကြီးတွေ၊ ယိုးဒယားတို့၊ ကြိုးတို့ သုတေသနလုပ်ဖို့ ကြိုးစား နေတာတွေ၊ သူ့အကြိုက်ဆုံး တေးရေးဆရာက ရွှေတိုင်ညွန့် ဆိုတာတွေ၊ ဟစ်ဟော့ပ်နဲ့



http://mmteashop.com

ပတ်သက်ပြီး မေးမြန်းရာမှာ မယ်လိုဒီပါမှ ဂီတလို့ သတ်မှတ်နိုင်တာတွေ၊ လက်ရှိ ကာလပေါ်ဝတ္ထုများရဲ့ ကျန်းမာရေး၊ ရုပ်ရှင်သီချင်းများ အကြောင်း။

ည ၁၁ နာရီကျော်မှ သူပြန်သွားပါတယ်။ သူနဲ့ ကျွန်တော်တို့ရဲ့ စကားလုံးတွေကို "အင်တာဗျူး" လို့ တံဆိပ်ကပ်မယ်ဆိုရင် ထူးအိမ်သင်နဲ့ ၇ နာရီ အင်တာဗျူးလို့ အမည်ပေးလိုက်ချင်ပါတယ်။

ရာဇဝင်ပောင်းများရဲ့ သၡိုင်း

ရာဇဝင်သစ်တို့ မွေးဖွားရာ

ရွှေရောင်နေ့သစ်များအတွက်

ရင်ခုန်သူတို့ရဲ့ သီချင်းတွေ

ပျိုမြစ်စိမ်းလန်းရေးအတွက်

ယုံကြည်သူတွေ အသက်နဲ့

ထုဆစ်ခဲ့တဲ့ အိပ်မက်များ ရောဝတီ

ကျွန်တော် မိန်းမယူတော့မယ်လို့ သူ့ကို သတင်းပေးတော့ သူ့ထုံးစံအတိုင်း တညင်းညင်းရယ်လို့။ ချောက်ကြီးထဲ ခုန်မချပါနဲ့လို့ ချောက်ထဲက လူက အော်ပြောတော့ အပေါ်ကလူက မယုံဘူး။ ဟင်.. သူကျတော့ ချောက်ထဲ ခုန်ချပြီး သူများကျတော့ တားတယ် ဖြစ်ဦးမယ်။ ခုန်သာချ။ ခုန်သာချတဲ့။ ၂၀၀၄ ခုနှစ်နှစ်ဆန်းပိုင်းရဲ့ နောက်ဆုံးတွေ့ဆုံခြင်းပါပဲ။

သီချင်းငှက်ရဲ့ ကောင်းကင်ခရီးမှာတော့ သူ့ပရိသတ်တွေ ရာထောင်ချီလို့။ ဂမ်းနည်း ကြေကွဲခြင်းပန်းခြင်းတွေ၊ ပန်းစည်းတွေ တောင်ပုံရာပုံ။ သူ့အချစ်ဆုံး ပုသိမ်သားတွေ၊ ဂီတအသိုက်အဝန်းတွေ၊ စာပေလောကသားတွေ၊ သူ့ပရိသတ်တွေ.. သူ့ပရိသတ်တွေ။ သူ့အုတ်ဂူလေးနဲ့ ဆရာကြီး မင်းသုဝဏ်ရဲ့ အုတ်ဂူက ယှဉ်တွဲလျက်။

ကျော်မြင့်လွင်၊ ဘဲဥ၊ ကိုရုပ်၊ ကိုငှက်၊ ထူးအိမ်သင် ငါးမည်ရ သီချင်းငှက်က ကောင်းကင်မှာ လေဟုန်စီးနေဆဲ။

ဂစ်တာသံတွေရယ် ကိုယ်သီဆိုနေမယ်



http://mmteashop.com

ရင်ကို ခုန်စေတဲ့သီချင်းရယ်
အမှောင်မှာအသာအယာနားစွင့်ခဲ့သူဟာ
ခင်တွယ်နေမှာပါပဲကွယ်
အရင်နှီးဆုံးနှလုံးသားများနဲ့
နားလည်နေခဲ့လည်း.... အခုတော့ကွယ်

လွမ်းဝေနိုင်

ရတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၅၊ စက်တင်ဘာလ၊ ၂၀၀၄




http://mmteashop.com

# မျက်ရည်စက်များဖြင့် ဖွဲ့သီသော အလွမ်းမှတ်တမ်း

အောင်စိုးသူ -စတိုင်သစ်

... မျက်ရည်စက်များဖြင့် ဖွဲ့သီသော အလွမ်းမှတ်တမ်း ...

(က)

ကျွန်တော်ကတော့ စိတ်ထဲမှာ မွန်းကျပ်မှုတွေ များလာရင် သူ့သီချင်းလေးတွေ နားထောင် ဖြစ်ပါတယ်။ သူ့အသံရဲ့ ထူးခြားမှု၊ သီချင်းတစ်ပုဒ်ကို ဖွဲ့စည်းထားတဲ့ စကားဝါကျတွေဟာ အားမာန်ကိုဖြစ်စေသလို၊ နားထောင်သူရဲ့ ပင်ကိုယ် ခံစားမှုအလိုက် အတွေးကိုလည်း ကျယ်ပြန့်ခံစားစေတယ်။ ဘယ်သီချင်းဖြစ်ဖြစ်၊ ဘယ်လို ပုံသဏ္ဍာန်ပဲ ဖြစ်ဖြစ် သီချင်းတစ်ပုဒ်ကို ကိုယ်တိုင်ခံစားမှုနဲ့ ဆိုတတ်သူ။

(ခ)

"ရက်စက်တဲ့ နေ့ရက်များ တိုက်ခိုက်ကြလို့ အားနည်းနေပြီဆို၊ တင်းထားတဲ့ စိတ်ဓာတ်များ ပြိုကွဲသွားမလား စိုးရိမ်လို့ ရင်မှာ ဒဏ်ရာများနဲ့ နာကျင်နေပြီပဲ။ အိမ်ပြန်ချင်တယ်၊ အငြိမ်းချမ်း အနွေးထွေးဆုံး အမေ့အိမ်"

သူ့ရဲ့ ဒုတိယကြိုးပမ်းမှု မော်ဆရာအိပ်မက် စီးရီးထဲက အမေ့အိမ် သီချင်းလေးနဲ့ ကျွန်တော်တို့ ရင်ထဲကို အသိတစ်ခု၊ အတွေးတစ်ခုကို သူပေးနိုင်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ နလုံးသား၊ စိတ်ကို သူသိတဲ့၊ နားလည်တဲ့၊ ဂီတသံစဉ်တွေနဲ့ ဖွဲ့စည်းပြီး စိတ်ဓာတ် အာဟာရကျွေးခဲ့တယ်။

သူ့သီချင်းစာသားရဲ့ နောက်ဆုံး သူပြောခဲ့တဲ့ စကားလေး ခုတွေးခုထိ ခုမျက်ရည်ကျစေတုန်းပါပဲ။ တကယ်တော့ သူဟာ သီချင်းဆိုတတ်ရုံတတ်တဲ့ အဆိုတော် သက်သက် တစ်ယောက် မဟုတ်ခဲ့တာ သေချာပါတယ်။ ပညာရှင်စစ်စစ်။



http://mmteashop.com

"အားလုံးထက် နွေးထွေးလုံခြုံတဲ့နေရာဟာ အမေ့ရင်ခွင်ပဲလို့ သိလိုက်ရတဲ့ အချိန်ကျတော့ ကျွန်တော်က ဟိုးအဝေးကြီးမှာ ရောက်နေခဲ့ပြီလေ " တဲ့။

ကိုငှက်စကား၊ ကိုငှက်အသံ၊ အခုကြား အခုထိ လှိုင်းထန်နေတုန်းပါပဲ။ အဝေးကြီးကို ထွက်သွားပြီတဲ့လား။ ကိုငှက်ချစ်တဲ့ အနုပညာ၊ ကိုငှက်ချစ်တဲ့ မိသားစု အသိုက်အဝန်း၊ ကိုငှက်ဆီက ကျွန်တော်တို့လို တေးချစ်ပရိသတ်တွေ အလိုချင်ဆုံး စကားလုံးအတွေး၊ စိတ်အာဟာရ၊ စာသားသံစဉ်တွေကို မျှော်လင့်ခွင့် မပေးတော့ဘူး တဲ့လား။

(ဂ)

"ငါဟာ မားယွင်းခဲ့၊ ရှုံးသွပ်မှုတွေ အလယ်၊ ငါလိုချင်တာ အချစ်စစ်၊ ဘယ်လိုယုံရမလဲ၊ ငါ့အတွက် တံခါးများက အမြဲတမ်းပိတ်ဆို့ထား၊ အရှုံးအမှုးနှလုံးသားက ဟာ.. ထွက်ပေါက်မရှိဘူး " တဲ့လား ကိုငှက်ရယ်။ တကယ်တော့ လူ့ဘဝဆိုတာ လူသားဆန်တဲ့ လူတစ်ယောက်အတွက် ကိုငှက်အမြဲတမ်း ဖတ်မှတ်လေ့လာ ကျင့်ကြံခဲ့တဲ့ ဗုဒ္ဓအဆုံးအမကို နှလုံးသားမှာ ထာဝရတည်ရှိဖို့ ကြိုးစားသူတစ်ယောက်အတွက် ဖွင့်ထားတဲ့ တံခါးရှိရာကို ကိုငှက်ထွက်သွားခဲ့ခြင်းလား။

"ငါလျှောက်ခဲ့တဲ့ လမ်းမှာ ပြန်မလာဘူး၊ ဆုံးဖြတ်ခဲ့ပြီးမှ တွေဝေသလား မင်းသိမှာပါ၊ ငါလေ တစ်ယောက်တည်း အထီးကျန်၊ ဒီကမ္ဘာ ဘယ်အရာ တည်မြဲသလဲလို့ တစ်ယောက်တည်း တွေးမိတော့၊ ငါလိုချင်တာတွေ ယုံကြည်တာတွေ မရှေရာဘူး အချစ်ရေ၊ အလကားပဲ။ တမ်းတခဲ့တဲ့ ဘဝရဲ့ပန်းတိုင် ဘာတွေလဲ။ မင်းသိခဲ့တဲ့ ဘဝရဲ့အဓိပ္ပာယ် ဘာတွေလဲ မင်းသိမှာပါ" တဲ့။

ဟုတ်ကဲ့ ကျွန်တော်တို့ သိလိုက်ပါပြီ ကိုငှက်ရေ။ ရောက်တဲ့နေရာ၊ ရပ်တဲ့နေရာ ကနေ တုန်ရင်လှိုက်မောစွာ သိလိုက်တာပါ။ တကယ်တော့ ကိုငှက်ဟာ ဘဝရဲ့ ဖြတ်သန်းမှု ခရီးမှာ သီချင်းသံစဉ်လေးတွေကိုတင် ချစ်တာ မဟုတ်ပါဘူး။ ဘုရားကိုလည်း ချစ်ခဲ့တယ်။ ဘုရားရဲ့ တရားတော်တွေကိုလည်း ချစ်ခဲ့တယ်။ ပြီးတော့ ကဗျာကိုချစ်တယ်။ လူငယ်ကို ချစ်တယ်။ ပြည်သူကိုချစ်တယ်။ နိုင်ငံကိုချစ်တယ်။ အမေကိုချစ်တယ်။



http://mmteashop.com

ဆရာဇော်ဂျီအပါအဝင် ဆရာဒဂုန်တာရာအပါအဝင် သူလေးစားတဲ့ အနုပညာရှင်တွေကို ချစ်တယ်။ ချစ်ခဲ့တယ်။

"ဘယ်သူမဆို ကျွန်တော့်အနုပညာကို ခွင့်တောင်းရင် အလကားပေးဖို့ ဝန်မလေးဘူး။ လုပ်ချင်သလို လုပ်ပြီးမှ ကျွန်တော် သိလိုက်ရရင်တော့ ကျွန်တော် ခွင့်မလွှတ်ဘူး။ အဲဒါမျိုးက ကျွန်တော်အနုပညာကို စော်ကားတာ။ လူကို စော်ကားတာထက် နာတယ်။ သူတို့ သူတို့တတွေ အဆင်သင့်ချူးစားနိုင်ဖို့ ကျွန်တော် ရင်းနှီးခဲ့ရတာ၊ ပေးဆပ်ခဲ့ရတာဟာ ကျွန်တော့်ဘဝ တစ်ခုလုံးပါပဲ။ ဒါကိုတော့ အစော်ကား မခံနိုင်ဘူး" တဲ့။ အနုပညာရှင် စစ်စစ်ကြီးရဲ့ အနုပညာမာန။ ကိုငှက်ရယ် အဲဒီ ကွက်လပ် အတွက် ဘယ်သူ့ကို အစားထိုးရမလဲ။

(ဃ)

ကျွန်တော်တို့ ရင်ထဲမှာ၊ စိတ်ထဲမှာ မွန်းကျပ်မှုတွေများလာရင် သီချင်းလေးတွေ နားထောင်ဖြစ်နေမှာပါ။ အဲဒီသီချင်းဟာလည်း ကိုငှက် သီချင်းတွေပါပဲလေ။

မိတ်ဆွေကြီး ထူးအိမ်သင်သို့အလွမ်း

အောင်စိုးသူ - စတိုင်သစ်

ရတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၅၊ စက်တင်ဘာလ၊ ၂၀၀၄

http://mmteashop.com

## ထူးအိမ်သင် (သို့မဟုတ်) သီချင်းကောင်းကင်က ပျောက်ဆုံးသွားသော ညနေကြယ်

ပိတောက်မြေမဂ္ဂဇင်း အယ်ဒီတာတစ်ဦး

ထိုမနက်ခင်းက လှည်းတန်း ဆင်ခြေဖုံးရပ်ကွက်ကလေးပေါ်မှ ကောင်းကင်သည် ကမ္ဘာဦးအစ သဘာဝအတိုင်း အပြာရောင ဖျော့ဖျော့အဆင်းမြင့် ကြည်လင် တောက်ပနေခဲ့လေသည်။ ဟိုးအဝေးမိုးကောင်းကင်၌ အရှေ့အရပ်ဆီ ဦးတည်ပျံသန်းသွားသော အမည်မသိ ငှက်ကလေးတစ်ကောင်ကို လှမ်းမြင်ရသည်။ အတိုင်းအဆမရှိ ကျယ်ပြန့်သော ဘဝမိုးကောင်းကင်ထဲမှာ မည်သို့သော ရည်ရွယ်ချက်မျိုးဖြင့် ငှက်ကလေး စွန့်စားပျံသန်းနေသလဲဆိုတာ အတိအကျ မသိနိုင်ပါ။ အသက်ဆက်ရှင်ဖို့အတွက် လိုအပ်သော အစာရေစာ၊ လောကဓံတရားကို အတူရင်ဆိုင်ဖို့ ချစ်သူငှက်မလေးတစ်ကောင်၊ အတောင်ပံအစုံဖြင့် ရှန်းကန် ပျံသန်းနေရခြင်း၏ စစ်မှန်သောအဓိပ္ပာယ်၊ ဒါမှမဟုတ် အနာဂတ် အဝေးမှာ ဝိုးတဝါး လှမ်းမြင်နေရသော သေခြင်းတရား။ အရာအားလုံး ဖြစ်နိုင်ချေရှိပြီး အရာအားလုံး လွဲချော်နိုင်ခြေ အပြည့်ရှိသောဘဝသည် မာယာများသော ကောင်းကင် တစ်ခုပင် ဖြစ်ပါသည်။

လက်ဘက်ရည် ဆိုင်ကလေးထဲ အထီးကျန်အတွေများဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေစဉ် ကဗျာရေးဖော် မိန်းကလေးသူငယ်ချင်း တစ်ယောက် ရောက်လာသည်။ ပြီးတော့ ဘယ်လိုမှ မျှော်လင့်ထင်မှတ် မထားသော သတင်းစကားတစ်ခွန်းကို အလင်္ကာတန်ဆာမဆင်ဘဲ ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်တော့သည်။

"ထူးအိမ်သင် ဆုံးသွားပြီတဲ့၊ သတင်းကြားပြီးပြီလား၊ စနေနေ့မနက်ဆုံးတာ၊ ဒီနေ့ တနင်္လာနေ့ညနေ သင်္ဂြိုဟ်မယ် ပြောတယ်"

သူမဆက်ပြောသည့် စကားသံများကို မကြားရတော့။ ဟိုးအဝေးမြင်ကွင်းမှာ ငှက်ကလေး မရှိတော့သည့် ကောင်းကင်သည် ဟာလာဟင်းလင်း။ လျှပ်စစ်မီးများ ပြတ်တောက်ပြီး လက်ဘက်ရည်ဆိုင် ဒေါင်းဘောက်စ်မှ သီချင်းသံများ ရုတ်တရက် ရပ်တန့်သွား၏။ အာရုံမှာ ထူးအိမ်သင်၏ တွန့်လိမ်ကောက်ကွေးသော ဆံပင်ရှည်ရှည်များ၊



http://mmteashop.com

ပိန်းပိတ် ထူထဲသော ပါဝါမျက်မှန်။ ပြီးတော့ ကျွန်တော်တို့ လူငယ်ဘဝတစ်လျှောက်လုံးကို ဩဇာလွှမ်းမိုးနိုင်ခဲ့သော သူ့သီချင်းသံများ။

"အမေ ကျွန်တော့်ကို စိတ်မပျက်ဘူးလား

အမေယုံကြည့် မျှော်လင့်ထားသမျှ . . . ဘာတစ်ခုမှ ဖြစ်မလာ

ကိုယ်မှန်တယ်ထင်ရင်ပြီးရော . .. ခေါင်းမာတတ်တဲ့အကျင့်ကဆိုး

ပိုက်ဆံတစ်ပြားမှ မရှိဘဲ ... သူသိက္ခာရှိချင်သေးသတဲ့

အမေ့ရဲ့ဒုက္ခအိုးလေးပေါ့ ...."

သူငယ်ချင်း ကောင်မလေးက ထူးအိမ်သင် နာရေးသတင်း အကြောင်းတွေ ဆက်ပြောနေသည်။ အသုဘလိုက်ပို့မယ့် စာနယ်ဇင်းသမားတွေအတွက် ၃၃ လမ်းက လေထန်ကုန်း လက်ဖက်ရည်ဆိုင်မှာ ညနေ ၃ နာရီ ကားစီစဉ်ပေးထားမယ် ဆိုလား၊ ကျွန်တော့်ရုပ်နာမ် ခန္ဓာငါးပါးစလုံးမှာ ရုန်းကြွတစ်ဆို့တက်လာသော ဝမ်းနည်းကြေကွဲမှုကို သရုပ်ဖော် ဖွဲ့နွဲ့ပြရန် စကားလုံးများ ပျောက်ဆုံးနေကြသည်။

ထူးအိမ်သင် .... ထူးအိမ်သင် ... ထူးအိမ်သင်။

ကျွန်တော်တို့ လူငယ်ဘဝ ခံစားမှုများသည် သူ့ဂီတ၊ သူ့အသံများဖြင့် အသက်ဝင် လှုပခဲ့ဖူးသည်။ မော်ပညာတစ်မျိုးလို ဆွဲဆောင်ညှို့ငင်နိုင်စွမ်းသော သူ့အနုပညာထဲမှာ ကျွန်တော်တို့ ကိုယ့်ကိုကိုယ် ရှာဖွေတွေ့ရှိခဲ့ကြဖူးသည်။ သူ့သီချင်းတွေဟာ တခြား လူတွေရဲ့ သီချင်းလို ရိုးရိုးသာမန် သီချင်းမှ ဟုတ်ရဲ့လား။ သူ့အနုပညာ မော်အတတ်ဖြင့် ဖန်ဆင်း စီရင်ထားသော သက်ရှိဂီတများလား။

"ဒီကမ္ဘာမှာ ဘယ်အရာတည်မြဲသလဲလို့

တစ်ယောက်တည်း တွေးမိတော့ ...

ငါလိုချင်တာတွေ ... ယုံကြည်တာတွေ

မရေရာဘူးအချစ်ရေ့ ...အလကားပဲ ..."

လူ့ဘဝ လူ့လောကအကြောင်း ဘာမှမသိ နားမလည်သေးသော ကျွန်တော် စိတ်နလုံးများသည် သူ့သီချင်းများကြောင့် ရင့်ကျက်ပြည့်ဝမှုဆီ ရွေ့လျားလာခဲ့ရသည်။



http://mmteashop.com

အနုပညာသည် အသက်အရွယ်၊ ဘဝအတွေ့အကြုံ နည်းပါးနငယ်သော လူငယ် တစ်ယောက်ကို အသိဉာဏ်အရရော ခံစားမှုအရပါ သိမ်မွေ့ရင့်ကျက်စေကြောင်း ကျွန်တော်တို့ နားလည်လာခဲ့ကြပါသည်။

"လူရယ်ခေါ်နိုင်တဲ့ခါ ... နာကျင်တတ်ပြီစိတ်မှာ

ပြန်လည်လျှော့ဖွပ်မရတော့ဘူး ... ဘဝကညစ်ပတ်တယ်

အမှန်ကိုမမြင်နိုင်သေးတော့ ... ဒီအညစ်အကြေးတွေ စွန်းဆဲ

ဖြူစင်လှသော အင်္ကျီလေး ... ဝတ်ဖို့ရှက်လာတယ် "

အနုပညာသည် ဆုံးမဩဝါဒ ပေးတတ်သည့် လူကြီးသူမ တစ်ယောက် အလွတ် ကျက်မှတ်ထားသော ကျမ်းတစ်စောင် မဟုတ်ပါ။ သို့သော် အနုပညာမှ ဝတ်မှုံကူးလူး ရရှိသည့် ရသခံစားမှု အသိဖြင့် ကျွန်တော်တို့စိတ်မှာ အညစ်အကြေးများ အစွန်းအထင်း မခံရအောင် ကြိုးစားနေထိုင် တတ်လာခဲ့ကြသည်။ လူ့ဘဝ၏ အဓိပ္ပာယ်အမှန်ကို သိမြင်အောင် စူးစမ်းရှာဖွေဖို့ စိတ်ဝင်စားလာခဲ့ကြသည်။

အဲဒါ ဒီကမ္ဘာပေါ်မှာ အနုပညာဆိုတဲ့ အရာကို ဘဝနဲ့ရင်းပြီး ရှာဖွေဖန်တီးခဲ့ကြတဲ့ လူတွေရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ကျေးဇူးတရားပေါ့။ လူသားတို့၏ ယဉ်ကျေးမှုအဆင့်ကို အမှန်တကယ် မြင့်မားစေသော အရာသည် ခေတ်ပေါ်ရုပ်ဝတ္ထုများ၊ ဂုဏ်ဒြပ်များ၊ လူမှုဘဝ ဟန်ပန်များ မဟုတ်ဘဲ အဆင့်မြင့်နည်းပညာများသာ ဖြစ်ကြောင်း ထူးအိမ်သင်၏ သီချင်းများက သက်သေပြခဲ့ကြသည်။

အမေ့အိမ်၊ စိမ်းရက်လေအား၊ သက်ငြိမ်၊ ရာဇဝင်များရဲ့ သတို့သမီး၊ လေလွင့်ခြင်း လမ်းမများ။

ဗင်းဆင့်ဗန်ဂိုး တမ်းခြင်း၊ သီချင်းများနဲ့လူ၊ စကားလုံးမရှိတဲ့ ကောင်းကင်၊ မဟာဝီရ အိုဗုဒ္ဓ။

ပြီးတော့ .... အကြင်နာအိပ်မက်၊ ဝေးသွားတဲ့အခါ၊ အလွမ်းရဲ့ မီးလျှံများ၊ ကောင်းကင်ထဲက မြစ်တစ်စင်း။

အို . . . သီချင်းများရဲ့မော်ဆရာ ထူးအိမ်သင်



http://mmteashop.com

ရင်းနှီးချစ်ခင်သူများက ငှက်ကြီးဟု ချစ်စနိုးခေါ်ဝေါ်ကြသော ထူးအိမ်သင်သည် ၂၀၀၄ ဩဂုတ်လ (၁၄) ရက် နံနက် (၁၁:၄၀) နာရီအချိန်တွင် လှည်းတန်း သုခကမ္ဘာ ဆေးခန်း၌ ကွယ်လွန်သွားခဲ့သည်။ လူတိုင်းကြားဖူးနေကြ စကားရိုးရိုးလေးပါပဲ။ သူကွယ်လွန် သွားသော်လည်း သူ့သီချင်းများ မကွယ်လွန်ပါ။ သူ့သီချင်းများသည် ကျွန်တော်တို့ စိတ်ယဉ်ကျေးမှု ကောင်းကင်ကျယ်ကြီးထဲမှာ ကမ္ဘာတည်သရွေ့ အသက်ဝင် ပျံသန်းနေပြီး ဘယ်တော့မှ မသေဆုံးနိုင်တော့မည့် ဇီဝအနုပညာများပင် ဖြစ်သည်။

သူ့ရုပ်ကလာပ်ကို (၁၆-၈-၂၀၀၄) ညနေ (၄) နာရီအချိန်တွင် ရေဝေးသုသာန်၌ ဂူသွင်းမြှုပ်နှံခဲ့သည်။ ထိုနေ့ညနေခင်းက ရေဝေးပတ်ဝန်းကျင် ရှုမျှော်ခင်းသည် ဩဂုတ် မိုးရေစက်များ၊ ညိုမှောင်သော မိုးသားတိမ်လိပ်များ၊ သောကပရိဒေဝများ၊ ပြန်လည် မရရှိနိုင်တော့သော နာကျင်ဆုံးရှုံးမှုများ၊ ဝမ်းနည်းငိုရှိုက်သံများ၊ လွမ်းသူ့ပန်းခွေများဖြင့် သွေးဆုတ်ဖြူလျော်လျက်။

တေးရေး မြင့်မိုးအောင်၊ မောင်မောင်ဇော်လတ်၊ ဇော်ဝင်းထွဋ်နှင့် ဇနီး၊ ထွန်းအိန္ဒြာဗိုတို့စုံတွဲ၊ R ဇာနည်၊ ဟဲလေး၊ ချောစုခင်၊ လူပင်လယ် တစ်ခုလို ကျပ်ညပ် ပြွတ်သိပ် နေသော ထူးအိမ်သင် သီချင်းချစ်သူများ။

ကမ္ဘာလောကရှိ အရာအားလုံးသည် ဝမ်းနည်းကြေကွဲမှုများဖြင့် တဆတ်ဆတ် တုန်ယင်လှိုက်ခါ နေကြသည်။

"ထူးအိမ်သင် မရှိတော့ဘူးဆိုလျှင် တခြား နားထောင်စရာ သီချင်းတွေ ရှိမှာ မဟုတ်တော့ဘူး"

လူငယ် ကာတွန်းဆရာ ဝလုံး ပြောလိုက်သော စကားသံက ကျွန်တော့် အသွေးအသားများထဲမှာ အထပ်ထပ် ပဲ့တင်မြည်အော်ဟစ် တုန်ခါနေခဲ့သည်။

အို . . . ကမ္ဘာမြေကြီး။

အခု ကျွန်တော်တို့ အနုပညာယဉ် ကျေးမှုအတွက် ရသတန်ဖိုး အဆင့်မြင့်မားတဲ့ သီချင်းတွေ အများအပြား ထားခဲ့ပြီး ကမ္ဘာလောကဆီက ဘာတစ်ခုမှ ပြန်လည်

http://mmteashop.com

ရယူမသွားခဲ့တဲ့ ညနေကြယ် တစ်စင်းကို ဟိုး .... အဝေးမိုးကောင်းကင်ထဲမှာ ကျွန်တော်တို့ လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။

ပိတောက်မြေမဂ္ဂဇင်း အယ်ဒီတာတစ်ဦး

ပိတောက်မြေ မဂ္ဂဇင်း၊ အမှတ် ၁၈၊ စက်တင်ဘာလ၊ ၂၀၀၄။




http://mmteashop.com

# ဝေးကွာသော အရပ်မှ ဝေးကွာသော အရပ်သို့

ကြည်လင်အေး

၁၉၈၇ မှာ "နာရီပေါ်က မျက်ရည်စက်များ" သီချင်းအယ်လ်ဘမ် ထွက်ပေါ်လာပါတယ်။ သီချင်းတွေက ဆိုလို့ တီးလို့ကောင်းတယ်။ တေးသွားလေးတွေက မြူးကြွတယ်၊ ဆန်းသစ်တယ်။ ၁၉၈၇ ဟာ လူငယ်တွေ ဆိုကြ၊ တီးကြ၊ ပျော်ရွှင်ကြတဲ့ ပွဲလမ်းတွေ နိုင်ငံအနှံ့က တက္ကသိုလ်ကောလိပ်တွေမှာ အရှိန်ကောင်းတဲ့ အချိန်ပါ။ အဲဒီတုန်းက တက္ကသိုလ်၊ ကောလိပ်တွေမှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲ Fresher Welcome ဆိုပြီး ပွဲတစ်ပွဲ၊ ဆရာကန်တော့ပွဲ ဒါမှမဟုတ် နောက်ဆုံးနှစ်ကျောင်းသားတွေကို နှုတ်ဆက်ပွဲ Farewell ဆိုပြီး ပွဲတစ်ပွဲ ကျင်းပနေကြတာပါ။ ပွဲတွေတိုင်းလည်း ကျောင်းသူ၊ ကျောင်းသားတွေကိုယ်တိုင် ပါဝင်သီဆိုတီးခတ်မှုတွေနဲ့ ဝေဝေဆာဆာ စည်စည်ကားကားပါ။

ဒီလို ပျော်ရွှင် စည်ကားသာယာတဲ့ ပွဲတွေအပေါ် "နာရီပေါ်က မျက်ရည်စက်များ" သီချင်းခွေက သိမ်းပိုက်သွားတယ်လို့ ပြောရလောက်အောင် ကျောင်းသားဂီတပွဲတိုင်း "မေ့လိုက်တော့" သီချင်းကို ဆိုချင်သူ သုံးဦး၊ ငါးဦး၊ "သူပန်ထားတဲ့ ပန်းနီနီ" ကိုဆိုမယ့်သူက နှစ်ဦး၊ သုံးဦး ဖြစ်သွားခဲ့တော့တာပါ။ ဒါမျိုးက တစ်နေရာတည်းမှာ မဟုတ်ဘူး။ တောင်ကြီးကောလိပ် (အဲဒီတုန်းက ဒေသကောလိပ်အဆင့် ) မှာ၊ မြစ်ကြီးနားနဲ့ မော်လမြိုင် ကောလိပ်တွေမှာ၊ မန္တလေးနဲ့ ရန်ကုန်တက္ကသိုလ်တွေမှာ ကျောင်းပွဲတွေလုပ်တိုင်း ကျောင်းသားတွေက ထူးအိမ်သင်ရဲ့ သီချင်းတွေချည်းပဲ ဆိုချင်ကြတာပါ။

အဲဒီတုန်းက ကျွန်တော်က တောင်ကြီးမှာ

ထူးအိမ်သင် စတီရီယိုအဆိုတော် ဖြစ်တာက ရန်ကုန်၊

သိလည်း မသိကြ၊ ဝေးခဲ့ပါတယ်။

၁၉၈၈မှာ "မော်ဆရာအိပ်မက် " အယ်လ်ဘမ် ထွက်ပါတယ်။ ဂီတမှာ အာရုံစူးစိုက်လွန်းသူတွေရဲ့ လမ်းကို ထူးအိမ်သင်လည်း လိုက်ဖြစ်ခဲ့တယ် ပြောရမှာပါ။ ပထမ



http://mmteashop.com

သီချင်းခွေ အောင်မြင်သွားကြရင် ဒုတိယသီချင်းခွေဟာ ဂီတပညာရပ်ပိုင်းအရ ပညာသားပါတဲ့ တေးသွားတွေ၊ သီချင်းတွေကိုပဲ ဆိုပြကြတာက မြန်မာဂီတနယ်ပယ်မှာ ခပ်များများပါ။ အခု "မော်ဆရာအိပ်မက်" မှာလည်း ပထမထွက်ခဲ့တဲ့ သီချင်းအယ်ဘမ်လို လိုက်ဆိုလို့၊ တီးလို့လွယ်တဲ့ သီချင်းတွေ သိပ်မပါတော့ဘဲ တီးခတ်မှုအပိုင်းရော သီဆိုမှုအပိုင်းပါ ပညာပါတဲ့ သီချင်းလေးတွေ ပါဝင်လာခဲ့ပါတယ်။ ဥပမာ - 'နတ်မိမယ်' ဆိုတဲ့သီချင်းဆိုရင် ဒီကနေ့အထိ အဆိုပညာလေ့လာထားသူတွေ ပြန်ဆိုကြတာတောင် လွန်ခဲ့တဲ့ ၁၅ နှစ်က ထူးအိမ်သင်ဆိုထားတဲ့ jazz စတိုင် တိုင်မင်အဝင်အထွက် အရသာတွေကို မမှီခဲ့တာ တွေ့နေရပါတယ်။ သီချင်းအယ်လ်ဘမ်တွေ ၁၉၈၇ မှာ စပြီးရေးစပ်သီဆို ထွက်ပေါ်လာတဲ့ ထူးအိမ်သင်ဟာ ဖော့စ်ထရော့၊ ချာချာ၊ ဂိုးဂိုး၊ ဘော့စာနိုဗာတို့ စနစ်မကျတကျနဲ့ ဒသနတွေ၊ စကားလုံးတွေဘက် ပိုပြီးအားပြုကြရင်း ဂီတသစ်ကို ပျိုးထောင်နေကြတဲ့ မြန်မာကိုယ်ပိုင် တေးသွား လှုပ်ရှားမှုထဲမှာ တေးဂီတ ဖွဲ့စည်းမှု စနစ်တကျနဲ့ ကိုယ်တိုင်လည်းရေး ကိုယ်တိုင်လည်း ဆိုသူတစ်ယောက် အနေနဲ့ ထူးခြားတောက်ပစွာ ပေါ်ထွက်လာခဲ့တာလို့ ဆိုရမှာပါ။ ဒါပေမယ့် ဂီတကို စနစ်ကျချင်လွန်း အားကြီးလေတော့ ကိုယ်ပိုင်ဟန် မရခင်ကာလ တစ်လျှောက်လုံး အနောက်က Rock & Roll ခေတ်ဦးဟန်တွေ လွှမ်းခဲ့တာ သူ့သီချင်းတွေမှာ တွေ့ရတာပါပဲ။

၁၉၈၉ - ၉၀ တွေမှာ "သက်ငြိမ်" သီချင်းအယ်လ်ဘမ် ထွက်ခဲ့ပါတယ်။ "သက်ငြိမ်" ရဲ့နောက် "အတ္တပုံဆောင်ခဲများ"၊ "အကြင်နာအိပ်မက်"၊ "အရင်အတိုင်း" စတာတွေကို တစ်နှစ်ကို တစ်ခွေ ဆိုရမလို ၁၉၉၃ အထိ သီချင်းအယ်လ်ဘမ်တွေ ဖြတ်သန်းလာပါတယ်။ ၁၉၉၄...။

အဲဒီ ၁၉၉၄ မှာတော့ "စကားလုံးမရှိတဲ့ ကောင်းကင်" ဆိုတဲ့ အယ်လ်ဘမ် ထွက်လာပါတယ်။ ဒီသီချင်း အယ်လ်ဘမ်နဲ့ အတူ သူ့ရဲ့ ပုသိမ်က သူငယ်ချင်း ပန်းချီသမား၊ ကဗျာသမား မြင့်မိုးအောင်ကို သီချင်းရေးသူအဖြစ် ပေါ်ထွက်လာခဲ့စေပါတယ်။

ထူးအိမ်သင်ရဲ့ သီချင်းတွေထဲက "ရာဇဝင်များရဲ့သတို့သမီး" ဆိုပြီး ရောဝတီမြစ်ကြီး အကြောင်းရေးတဲ့ သီချင်းမှာတော့ သူဖန်တီးချင်တဲ့ ဂီတမျိုး သူ့အတွက်



http://mmteashop.com

ရောက်မရောက် မသိပေမယ့် ကိုယ့်အတွက် သူ့ကို နားလည်လို့ ရသွားခဲ့ပါပြီ။ ထူးအိမ်သင်ကို ကိုယ်ပိုင်တေးသွား၊ ကိုယ်ပိုင်သီချင်းစာသား၊ ကိုယ်ပိုင်ဒဿန ပီပီပြင်ပြင် ရှိသူပါလားလို့ ကောင်းကောင်း နားလည်ခွင့် ရလိုက်ပါတယ်။

တဖြည်းဖြည်း နားလည်ခွင့် ရတာတွေထဲမှာ သူဟာ ဂီတနယ်ထဲမှာနေ၊ ဂီတနဲ့ ရေရှည် ခရီးဆက်နိုင်ဖို့၊ ခေတ်နဲ့မဝေးသွားဖို့ (အချိန်ပေး စောင့်ဆိုင်း စုယူရတဲ့ ကိုယ်ပိုင်တေးသွား၊ ကိုယ်ပိုင် တေးစာသားတွေ ဖန်တီးရမှာ ဖြစ်သလို) ကော်ပီလို့ခေါ်တဲ့ နိုင်ငံတကာ တေးသွားထဲကို ခေတ်ရဲ့ ရင်ခုန်သံစာသား ရေးဖွဲ့ထည့်သွင်းတဲ့ သီချင်း အမျိုးအစားတွေနဲ့လည်း ဖြတ်သန်းရဦးမယ်လို့ သူခံယူသွားတဲ့ အကြောင်းလည်း ပါဝင်ခဲ့ပါတယ်။

သူနဲ့ မြင့်မိုးအောင်တို့ရဲ့ "စကားလုံးမရှိတဲ့ ကောင်းကင်" အရမ်းအောင်မြင်ခဲ့ပါတယ်။ အဲဒီတုန်းက ထိသမျှ ရွှေဖြစ်နေတဲ့ နင်းဆီလှိုင်း တေးထုတ်လုပ်ရေးရဲ့ တစ်ပွင့်ပြီးတစ်ပွင့် ဖူးပွင့်ကြတဲ့ နင်းဆီတွေထဲမှာ "စကားလုံးမရှိတဲ့ ကောင်းကင်" အယ်လ်ဘမ်ဟာ အထင်ကရတစ်ခု ဖြစ်ခဲ့ပါတယ်။ ကော်ပီလို့ ခေါ်နေကြတဲ့ သီချင်းတွေထဲမှာ မြင့်မိုးအောင်ရဲ့ အတွေးနဲ့ အရေးက မာမာတင်းတင်းနဲ့ ခပ်နက်နက်ရှိုင်းရှိုင်း ဖြစ်နေပြီး တစ်ဘာသာ ကွဲနေခဲ့တာကြောင့်လို့ ဆိုရပါတယ်။ ထူးအိမ်သင်က မြင့်မိုးအောင်ဆီမှာ ရှိနေတဲ့ အတွေးအတွင်းသားကို နားလည်ပါးနပ်စွာ သူ့အဆိုပညာနဲ့ ပေါင်းပြီး တင်ဆက်တတ်တာကလည်း တစ်ကြောင်းလို့ပြောရပါမယ်။

၁၉၉၄-၉၅ ကျတော့ ကျွန်တော် ရန်ကုန်ရောက်ပါပြီ။

ရန်ကုန်ပါး နည်းနည်းဝပါပြီ။ ထူးအိမ်သင်ကို မြင်ဖူးနေပါပြီ။

ထူးအိမ်သင်ဆိုတာ လူတစ်မျိုးဖြစ်ကြောင်း ကြားဖူးနေပါပြီ။

ရန်ကုန် အောင်ဆန်းကွင်းက သူ့ရဲ့ Unplugged Live၊ သူ့ဒေါသ၊ သူ့ရဲ့ တစ်ဖက်စွန်းတွေ ကြားသိနေခဲ့ရပါပြီ။ သူ .... တကယ့်လူပါလား။

လေ့လာ ဆည်းပူးလွန်းအား ကြီးသူတွေတိုင်းလိုလို အစွန်းတစ်ဖက်ကို ရောက်သွား တတ်ကြတာဟာ လောကရဲ့ဓမ္မတာ။ ထူးအိမ်သင်ဟာ စာရေးတဲ့ လင်းထက်၊



http://mmteashop.com

ကဗျာရေးတဲ့ သျှပ်မှုးကျော်ကနေ ဂီတသမားထူးအိမ်သင်အဖြစ် ပေါက်မြောက်သွားတဲ့အခါ ဂီတရဲ့ နက်ရှိုင်းညို့ငင်မှုထဲ သူတကယ်ပဲ ကျရောက်ပြီလား။ ဘယ်အရာမဆို လိပ်ပတ်လည် ဘဝင်ကျ၊ ဆုံးခန်းတိုင်အထိ သိနားလည်ရမှဆိုတဲ့ သူ့စရိုက်သဘာဝဟာ အဆုံးဘယ်မှာ မဆိုနိုင်တဲ့ ဂီတဟင်းလင်းပြင်ကြီးထဲ မပြီးနိုင်မဆုံးနိုင် အမောတကော ရှာဖွေစမ်းသပ်ခြင်းတွေနဲ့ လုံးထွေးခဲ့ပြီလား။

သူနဲ့ မြင့်မိုးအောင် "မြို့ပြလရောင် တမ်းချင်း" အယ်လ်ဘမ်ကို သီချင်း ခြောက်ပုဒ်လောက်နဲ့ ထုတ်ဖြစ်ခဲ့သေးပါတယ်။ ၁၉၉၆ နောက်ပိုင်းတော့ သီချင်းခွေ ကျဲသွားခဲ့တယ်။ အတွဲခွေထဲမှာ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ဝင်ဆိုခဲ့တယ်။ တစ်ကိုယ်တော် ခွေထွက်ပြန်တော့လည်း သူတကယ်ဖြစ်ချင်တဲ့ ဂီတဖွဲ့စည်းပုံမျိုး ထုတ်ပြတာမဟုတ်။ လေ့ကျင့်ခန်း ဆင်းတာမျိုး ဆန်ဆန်သာ။ အယ်လ်ဘမ်နာမည်တွေကတော့ ထားပါတော့။ တကယ် အားထည့်ပြီး မကြိုက်မချင်းပြင်ဆို၊ ပြင်တီးနေတဲ့ "နှစ်ချို့ဝိုင်" ထွက်မလာတာကပဲ သူဖြစ်ချင်နေတဲ့ ဂီတအနုပညာနဲ့ သူနဲ့ အနီးအဝေးပဲလား။

ဘာသာရေး အတွေးဒဿနတွေပါတဲ့ သီချင်း နှစ်ပုဒ်သုံးပုဒ်လည်း သူဆို လိုက်သေးတယ်။ မဇ္ဈိမ၊ မဟာဝီရ အိုဗုဒ္ဓ။

နောက်ပိုင်းမှာ သူ လူရင်းထားပြီး ပေါင်းသင်းတဲ့ သူတွေရဲ့ ပတ်ဝန်းကျင်ကို ကျွန်တော် ရောက်နေလို့ သူ့စရိုက်သဘာဝ၊ သူ့အကြောင်း နားရည်ဝ ရင်းနှီးခွင့်ရ ဖြစ်နေပြီ။

၂၀၀၂ ခုနှစ်ကျတော့ ရှသ်ပက်ဒယ် ဆိုတဲ့ အင်္ဂလိပ်ကဗျာဆရာမ တစ်ယောက် အလည်အပတ်ခရီး၊ စာပေခရီးလေ့လာရာကနေ ရန်ကုန်မှာ ဇေယျာလင်း၊ မင်းထက်မောင်၊ ငြိမ်းဝေ၊ မြင့်မိုးအောင်၊ စောဝေ၊ စန်းဦးတို့ အဓိကပင်တိုင်အဖြစ် စုဖြစ် ပြောဖြစ်ကြတဲ့ ကဗျာဝိုင်းကလေး ထွက်ပေါ်ခဲ့ပါတယ်။ တစ်လတစ်ခါ လတစ်လရဲ့ ပထမဆုံးသောကြာနေ့ ညနေတွေမှာ ဆုံဖြစ်ခဲ့ကြတာပါ။ ကဗျာကိစ္စ၊ ကဗျာအကြောင်း သက်သက် ကဗျာစိတ်နဲ့ပဲ ပြောကြ၊ ရေးကြတဲ့ စကားဝိုင်းလေးကို သူ ပေါက်ပေါက်လာခဲ့ပါတယ်။ အံ့ဩဖွယ်ရာ

http://mmteashop.com

တိတ်ဆိတ်စူးစိုက်စွာ သူ လာနားထောင်ပါတယ်။ အင်မတန် နည်းပါးတဲ့ ဆွေးနွေးမှုလေး တချို့ပဲ သူ လုပ်တတ်ပါတယ်။

ဂီတရဲ့ နက်ရှိုင်းမှုတွေထဲ တိုးဝင်ရှာဖွေမယ့် ကြယ်ရောင်ပြိုးပြက်တဲ့ ဂီတရပ်ဝန်း မျက်နှာစာကို ပုန်းနေခဲ့သူဟာ ကဗျာအကြောင်း၊ အထူးသဖြင့် လွတ်လပ်တဲ့ ခေတ်ပေါ်ကဗျာအကြောင်း ငြင်းခုံမှုကင်းတဲ့ စကားဝိုင်းကိုတော့ ကြိုကြားကြိုကြား ရောက်လာပါဝင်ခဲ့ရင်း သူ့အာရုံစူးစိုက်တဲ့ မြန်မာ့ဂီတခရီးကာလ အရှည်ကြီးထဲက ကဗျာနဲ့ နွယ်တဲ့ သဘောတရား တစ်စွန်းတစ်စကိုလည်း ပြောတတ်ဆိုတတ် သုံးသပ်ကြည့်နေ တတ်တာလည်း ကြုံဆုံခဲ့ရပါတယ်။

ကျွန်တော်က ကဗျာဝိုင်းမှာ နားထောင်သူ၊ မှတ်တမ်းသဘောလေးတွေ ပြုစုပေးသူ၊ ဒီစကားဝိုင်းကို လာတဲ့အခါ သူက သူ့ပင်ကို စရိုက်နဲ့ ကွဲပြားစွာ စူးစူးစိုက်စိုက် ငြိမ်ငြိမ်အေးအေး နေထိုင်တတ်တာကြောင့် ကျွန်တော် သူနဲ့ နီးသွားပြီလို့ ထင်မှတ်ခဲ့တယ်။

စကားဝိုင်းကာလတွေ ပြီးရင်တော့ ထမင်းစုစားကြတယ်။ တစ်ခါတစ်ရံ ယမကာလည်း ပါတတ်တယ်။ ကဗျာဝိုင်းက ထမင်းဝိုင်းကို ကူးရင်တော့ သူ့အသံ နည်းနည်း ပြန်ကြားရတတ်တယ်။

အဲဒီလို ကြုံဆုံမှုတွေနဲ့ နီးလာပြီလို့ ထင်မှတ်ထားခဲ့တယ်။ ဆက်ပြီး အဓိပ္ပာယ်ရှိတဲ့ အနုပညာအဝန်းအဝိုင်းတွေမှာ ရင်းရင်းနီးနီး ဆုံကြလိမ့်မယ်။ သူဖန်တီးတဲ့ ဂီတတွေကို ခံစားရင်း သူ့အနုပညာ ရမ္မက်ဇော်ကို မှန်းဆကြည့်ခွင့် ကြုံလိမ့်မယ်လို့ စိတ်ထဲမှာရှိနေတုန်း ကျွန်တော်တို့လို သာမန်လူတွေနဲ့ တော်တော်ဝေးတဲ့ အရပ်ကို သူထွက်ခွာ သွားလိုက် ပြန်ပါပြီ။

ထူးအိမ်သင်ရဲ့ ငယ်ပေါင်း သူငယ်ချင်းမြင့်မိုးအောင်ကတော့ ပုသိမ်မှာ ပန်းချီ၊ ကဗျာ စတာတွေနဲ့ ဝါသနာပါရာ စူးစူးစိုက်စိုက် လုပ်ကိုင်သူ "အနုပညာပိုး" ဘဝကနေ တကယ့် ပရော်ဖက်ရှင်နယ် ခေတ်ပေါ်သီချင်း ရေးဖြစ်အောင် သူ့ကိုဆွဲခေါ်ခဲ့တဲ့ သူ့ရဲဘော် ထူးအိမ်သင်ဟာ သီချင်းတွေကနေ လူနေမှုဘဝ ပီပီပြင်ပြင်တည်ဆောက်ဖို့ ကျပြန်တော့လည်း "အမေ (သို့မဟုတ်) မေတ္တာတော်ဘွဲ့" အယ်လ်ဘမ်နဲ့ သူ့ကို



http://mmteashop.com

ကူညီခဲ့ပြန်တဲ့ အကြောင်း၊ အခုလတ်တလော သူ (မြင့်မိုးအောင်) ရဲ့ ငယ်လက်ရာ ဝတ္ထုတိုတိုလေးတွေ အင်္ဂလိပ် - မြန်မာနှစ်ဘာသာနဲ့ စီစဉ်နေရာမှာ အင်္ဂလိပ်ဘာသာပြန်ကို ရေးပေးတဲ့ ပုသိမ်က ကိုတူးတစ်ယောက် ထူးအိမ်သင် ဆုံးပါးတာကိုကြားပြီး ရောက်လာ တာကြောင့် စာအကျအပေါက် မရှိအောင် စစ်ဆေးပေးဖို့ ဖြစ်သွားရပြန်လို့ ကွယ်လွန် တာတောင် သူ့ကိုအကျိုးပြုဖို့ ဖြစ်နေသေးတယ်ရယ်လို့ မြင့်မိုးအောင်က ကြေကွဲစွာ ဆိုနေပါသေးတယ်။

ကျွန်တော်တို့ တစ်တွေရဲ့ ဝန်းကျင်မှာ တန်ဖိုးကြီးတဲ့ အနုပညာတွေကို မွေးဖွား ဖန်တီးခဲ့ကြတဲ့ အနုပညာရှင်တွေ လောကထဲကနေ ထွက်ခွာသွားတိုင်း ထိုက်တန်တဲ့ မှတ်မှတ်သားသား မော်ကွန်းထိုး ဂုဏ်ပြုနိုင်မှု အတော်နည်းပါးနေခဲ့တာ ကြာပါပြီ။ လုပ်သင့်မှန်း အသိထဲမှာ ရှိကြပေမယ့် လက်တွေ့ စွမ်းဆောင်ဖို့တော့ နှေးကွေးခဲ့ကြ ပြန်ပါတယ်။ ဒီလို နှေးကွေးလျော့ရဲ နေမှုတွေကို ရပ်တန့်စေပြီး လုပ်သင့်တာကို စလုပ်ဖြစ်ကြဖို့လည်း သူ့ရဲ့အချိန်မတိုင်မီ ကြွေလွင့်မှုက ကျွန်တော်တို့ကို နှိုးဆော်သလို ဖြစ်ခဲ့ရပါတယ် ....။

ထူးအိမ်သင်ရဲ့ ဂီတကို တန်ဖိုးထား သတိရစွာဖြင့် ....။

ကြည်လင်အေး

သရဖူမဂ္ဂဇင်း၊ အမှတ် ၈၄၊ အောက်တိုဘာလ၊ ၂၀၀၄။



http://mmteashop.com

# ဩဂုတ်လ ညနေခင်းတစ်ခု၌ ကျွန်တော်တို့နှစ်ယောက် ထူးအိမ်သင်ကြောင်း ပြောဆိုကြခြင်း

မောင်သစ်မင်း နှင့် ညီညီသွင်

သူ ရုတ်တရက် ထွက်ခွာသွားတော့မှ သူ့အကြောင်းကို ကျွန်တော်တို့ ပိုပြောဖြစ်ကြ သလိုပဲ။

စိတ်ထိခိုက်စွာပြောဖြစ်တယ်။

နမြေတသစွာ ပြောဖြစ်တယ်။ လွမ်းမောကြေကွဲစွာ ပြောဖြစ်တယ်။

'ဝေးသွားတဲ့အခါ' ဒီလိုဖြစ်ရတာ သဘာဝပဲလား။ ထွက်ခွာသွားသူက ငြိမ်းအေးစွာ ထွက်ခွာ သွားပေမယ့် ကျန်ရစ်ခဲ့ကြသူတွေကတော့ ခံစား၍ ကျန်ရစ်ခဲ့ရပြီ။

ညီညီသွင်က စိတ်မထွန်းနိုင်လို့ သူ့ရုပ်ပနာကို လိုက်မပို့ဖြစ်။ သူတို့နှစ်ယောက်က အတော့်ကို ရင်းရင်းနှီးနှီး နေခဲ့ကြသူတွေ။ စားအတူ၊အိပ်အတူ၊ ပေဖော်ပေဖက် တေဖော်တေဖက်တွေ။ ညီညီသွင်ရဲ့ လှုပ်ရှားနေတဲ့ စိတ်တွေ ပြေရာပြေကြောင်း ညီညီသွင်ဆီ ရောက်အောင်သွားပြီး စကားစမြည် ပြောကြတယ်။ ဒီလိုပြောကြတော့လည်း သူ့အကြောင်းတွေ ပါလာရပြန်ရော။ ပြန်လည် သတိရစရာတွေ ချည်းပါလား။

ညီညီသွင်က ထူးအိမ်သင်နဲ့ စတင်တွေ့ဆုံပုံကို ဒီလိုစပြောပြပါတယ်။

"အဲဒီ ၁၉၈၆ ခုနှစ်လောက်ကပါပဲ၊ မေစတူဒီယိုမှာ ကျွန်တော်တို့ တီးဝိုင်း အသံသွင်းတဲ့နေ့ တစ်နေ့ပေါ့၊ တီးဝိုင်းမှာ ဒရမ်တီးတဲ့သူက မော်လမြိုင်က ဆိုတော့ သူနဲ့ ရင်းနှီးတယ်၊ အဲဒီအဆက်အသွယ်နဲ့ ကျွန်တော့်ကို တွေ့ဖို့ မေစတူဒီယိုကို ရောက်လာ တာပေါ့။ မော်လမြိုင်က သီချင်းရေးတဲ့ ကျော်မြင့်လွင်အဖြစ် ကျွန်တော့်ကို မိတ်ဆက် ပေးတယ်။ သူရေးထားတဲ့ သီချင်းတွေပြချင်လို့ ပြောတော့ ရတယ်ပြပေါ့။ ဒီလိုပဲ သီချင်းတွေ လာလာပြကြတဲ့ သူတွေရှေ့မှာ ရှိနှင့်ထားသော ကျွန်တော့်စိတ်က ခပ်ပေါ့ပေါ့ပဲ။ သိပ်ပြီး အလေးအနက် မထားမိဘူး။ ခဏတော့ စောင့်နိုင်ရင် စောင့်ပေးပါ။ အသံသွင်းတဲ့ သီချင်းက တီးလက်စ ဖြစ်နေလို့ ကိစ္စပြတ်အောင် ဆက်လုပ်လိုက် ပါရစေဦးဆိုပြီးသူ့ကို မေစတူဒီယိုက Canteen မှာ ထားခဲ့ပြီး စတူဒီယိုထဲ ပြန်ဝင်

အလုပ်လုပ်ရင်း အလုပ်ထဲ နစ်သွားလိုက်တာ ကျွန်တော်သူ့ကို မေ့သွားပါလေရော။ ဘယ်လောက် ကြာသွားတယ် မသိဘူး။ စတူဒီယို တံခါးကို တွန်းဖွင့်ပြီး အပြင် ထွက်လိုက်တော့ ညဖြစ်နေပြီ။ သူ့ကို Canteen ထဲမှာ ထိုင်လျက်သားတွေ့ ရတော့ ကျွန်တော် အတော့်ကို အားနာသွားတယ်။ အဲဒါနဲ့ သူ့ ကိုတောင်းပန်ပြီး သီချင်းဆိုပြဖို့ ဂစ်တာ ယူပေးတယ်။ သူကတော့ အေးအေးဆေးဆေးပါပဲ။ ဂစ်တာတီးပြီး သူရေးတဲ့ သီချင်း တစ်ပုဒ်ကို စဆိုပြတယ်။

အဲဒီသီချင်းက နောင်တချိန်မှာ ကျော်ကြားလာမယ့် 'နာရီပေါ်က မျက်ရည်စက်များ' သီချင်းပေါ့။ သူဆိုပြတာကို နားထောင်နေရင်းက သူ့ကို အထင်ကြီး တဲ့စိတ် လေးစားတဲ့ စိတ်တွေ ကျွန်တော့် ရင်ထဲမှာ တမုဟုတ်ချင်း ဖြစ်လာနေတယ်။ သူဟာ သူလိုကိုယ်လို သာမန် သီချင်းရေးဆရာ တစ်ယောက်မဟုတ်ဘူး ဆိုတာ ချက်ချက်ပဲ သိလိုက်တယ်။ "

နောက်တစ်ပုဒ် ထပ်ဆိုပြလိုက်တဲ့ အခါမှတော့ ကျွန်တော် အတော့်ကို ဖျားသွားရတယ်။ အဲဒီသီချင်းက 'ဝေးသွားတဲ့ အခါ' လေ။ Swing Jazz ပုံစံ သီချင်းပေါ့။ Counter Point တွေနဲ့ ရေးရတာ။ ဒီလိုသီချင်းပုံစံမျိုး ကျွန်တော်တို့ စတီရီယို သီချင်းတွေ ထဲမှာ ဒါပထမဆုံး ကြားဖူးတာပဲ။

ညီညီသွင်က မမောတမ်း တောက်လျှောက် ပြောပြတယ်။ သူ့မျက်လုံးတွေက ရီဝေဝေနဲ့ အတိတ်ဆီ စိတ်ရောက်နေမှန်း ကျွန်တော် နားလည်လိုက်တယ်။ အဲဒီတုန်းက သူ့အပြုအမူ အတွက် ထူးအိမ်သင်ကို အခုထိ အားနာနေတာ သူ့မျက်နှာပေါ်မှာ တွေ့ရတယ်။

'အဲဒီ ထူးအိမ်သင် ဖြစ်လာမယ့် ကျော်မြင့်လွင်ဟာ သူ့အတွက် ပညာဝမ်းစာတွေ ပြည့်အောင် ဖြည့်ပြီးမှ ဒီလောကထဲကို တိုးဝင်လာတာပဲ ' လို့ ကျွန်တော်က ပြောလိုက်တော့ ညီညီသွင်က အဲဒီအဆိုကို ထောက်ခံတယ်။

http://mmteashop.com

'စာသားတွေ၊ စာသားထဲမှာ ပါတဲ့ အတွေးအခေါ်တွေကလည်း အဆင့်မြင့်တယ် တေးသွား သံစဉ်ဖွဲ့စည်းပုံတွေ၊ ကော့ဒ် အယူအဆတွေကလဲ အဲဒီတုန်းက ကြားနေကြ ပုံစံမျိုး မဟုတ်ဘဲ နောက်ထပ် ဟန်အသစ်တစ်ခုပါလာတယ် ကိုသစ်ရဲ့'

'ဟုတ်တယ်၊ ငါတို့ စတူရီယို လမ်းကြောင်းမှာ ကိုယ်ပိုင် သံစဉ်ဂီတရဲ့ နောက်ထပ် အပြောင်းအလဲ တခုဆီကို ရွေ့လျား တိုးတက်ခဲ့ရတာ ထူးအိမ်သင် သီချင်းတွေရဲ့ ဩဇာသက်ရောက်မှု ကြီးမားခဲ့တာကြောင့် ဆိုတာ ငြင်းကွယ်လို့ မရနိုင်ပါဘူး။ သူဟာ ကိုယ်ပိုင်သံစဉ် ဖြစ်စဉ်ရဲ့ အရေးပါတဲ့ မှတ်တိုင်တစ်တိုင်ကို အသေအချာ စိုက်ထူနိုင်ခဲ့သူ အဖြစ် ငါတို့ မှတ်တမ်းတင်ရမှာပဲ'

'ကိုသစ်ပြောတာ အမှန်ပဲ၊ ကျွန်တော်တို့ ဂီတလောကမှာ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုတွေ ပေါ်ထွက်ခဲ့တာ နည်းခဲ့ပြီ။ အဲ့ဒီ အနည်းအကျဉ်းထဲမှာပဲ သူဟာတကယ် ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ခဲ့တယ်'

'ဟုတ်တယ် ညီညီသွင်ရေ၊ အဲဒါကြောင့် သူ့ကို ဆုံးရှုံးရတာ ကြီးကျယ်တဲ့ ဆုံးရှုံးမှု၊ အစားထိုးမရတဲ့ ဆုံးရှုံးမှုတစ်ခုလို့ ငါဆိုချင်တယ်'

ညီညီသွင်ကတော့ ငေးငေးမောမောနဲ့ သက်ပြင်းချတယ်။ သူတို့နှစ်ယောက် လက်ပွန်းတတီး နေခဲ့တဲ့ အချိန်တွေ သူတွေးနေပုံ ရတယ်။ သူ့မှာ အမှတ်ရစရာတွေ ပိုများ နေတော့မယ်။

'အဲဒီမှာ စတွေ့ပြီးကတည်းက ကျွန်တော်တို့ နှစ်ယောက်ဟာ သူငယ်ချင်းတွေလို ဖြစ်သွားကြတယ်။ သူ့ရဲ့ ပထမဦးဆုံး အယ်လ်ဘမ် "နာရီပေါ်က မျက်ရည်စက်များ" ဖြစ်မြောက်ရေးကို ကျွန်တော် အတတ်နိုင်ဆုံး ဝိုင်းကူပေးတယ်။ အဲဒီ အယ်ဘမ်မှာ ကျွန်တော် ဟာမိုနီ ဆိုပေးခဲ့တာပေါ့။ အဲဒီမှာလည်း သူ့ရဲ့ အရည်အချင်းကို ထပ်တွေ့ ရတယ်'

"ဘာများလဲ ညီညီသွင်"

"ဟာမိုနီဆိုဖို့ တစ်ယောက်ချင်း အတွက် သူ့အပိုင်းနဲ့ သူဖြစ်ဖို့ သူကိုယ်တိုင် နတ်စ်တွေ ခွဲပြီး ရေးပေးတယ်။ သပ်သပ်ရပ်ရပ် တိတိကျကျရှိဖို့နဲ့ အသံထွက်ကောင်းဖို့



http://mmteashop.com

ဂရုတစိုက် မကောင်းမချင်း သူ့စိတ်ကြိုက် မရမချင်း ပြန်ပြန်ဆိုခိုင်းတယ်။ သူဟာ အသံ စီမံခန့်ခွဲမှုပညာ (Vocal Arrangement) ကိုပါ တော်တော် ထဲထဲဝင်ဝင် လေ့လာထားတာ တွေ့ရတယ်။ ဥပမာ 'ဝေးသွားတဲ့အခါ' သီချင်းအတွက် ဟာမိုနီ ခွဲပုံတွေက ပညာသားပါလှတာ ကိုသစ်အသိပဲ"

"ဟုတ်တယ်၊ အနုပညာ ပါရမီ အားကောင်းသူတွေဟာ ဆေးစက်ကျရာ အရုပ် ထင်တတ်တယ်။ သူက ပါရမီတင်မကဘူး၊ စူးစိုက် အားထုတ်မှုမှာပါ အားကောင်းခဲ့တယ်။ သီချင်းကောင်း တစ်ပုဒ် ရလာဖို့ အချိန်ကို တန်ဖိုးရှိရှိ အသုံးချပြီး စိတ်ရှည်လက်ရှည် စောင့်ယူတတ်တယ်၊ အဲဒါ အတုယူစရာ တစ်ခုပဲ"

"သီချင်းကောင်း တစ်ပုဒ်ရဖို့ စိတ်ရှည်လက်ရှည် စောင့်ရတယ်လို့ ကိုသစ်ပြောလို့ သူနဲ့ ပတ်သက်တဲ့ ကိုယ်တွေ့တစ်ခု ထပ်ပြောပြအုံးမယ်။ ကျွန်တော်ရယ် သူရယ် ကလိုမှူးရယ် သုံးယောက် အိုအေစစ် စတူဒီယိုမှာ တစ်ယောက်တစ်နေရာစီ နေရာယူပြီး တစ်ညလုံး သီချင်းရေးကြတယ်။ မနက်မိုးလင်းရင် ကိုယ်ရေးတဲ့ သီချင်း ကိုယ်ဆိုပြကြေး ဆိုပြီးတော့၊ ကလိုမှူးက ညဉ့်ဝက်လောက်မှာပဲ သူရေးတဲ့ သီချင်းပြီးသွားလို့ ဆိုပြပြီး အိပ်သွားရော။ ကျွန်တော် တစ်ညလုံးရေးတာ မိုးစင်စင်လင်းတော့ သီချင်းတစ်ပုဒ် အချောပြီးသွားတယ်။ အဲဒီ အချိန်မှာ ထူးအိမ်သင်က စာသားတစ်ကြောင်းတည်းပဲ ပြီးသေးတယ်။ သံစဉ်ကတော့ အချောပြီးသွားတယ်။ သံစဉ်က အရင်ကတည်းက တည်ထားပြီးသားကို အခုညမှ အချောရသွားတာလို့ ပြောတယ်။ တစ်ကြောင်းတည်းပြီးတဲ့ သူ့စာကြောင်းကို ကျွန်တော် ဖတ်ကြည့်လိုက်တယ်။

"ကွယ်လွန်ပြီးသော အိပ်မက်များ" တဲ့။

"တစ်လလုံးလုံး အိုအေစစ် စတူဒီယိုမှာ အဲဒီသီချင်းရဲ့စာသားကို တကုတ်ကုတ် ဆက်ရေးနေတော့တယ်၊ တစ်နေ့ပြီးတစ်နေ့ ရေးလိုက်ပြင်လိုက်၊ ရေးလိုက် ပြင်လိုက်နဲ့ စိတ်ရှည်လက်ရှည် စူးစူးစိုက်စိုက်ပဲ၊ အိုအေစစ် စတူဒီယို Canteen ထဲက ခုံတန်းလေး ပေါ်မှာ သီချင်းရေးတဲ့ စာအုပ်ကို ခေါင်းချပြီး အိပ်မော ကျနေတာ တွေ့ရတယ်။ သူ့စိတ်ထဲမှာ ဒီသီချင်းနဲ့သူပဲ ရှိပုံရတယ်။ ဒီသီချင်း မပြီးမချင်း မာန်မချတဲ့ သဘောပဲ။



http://mmteashop.com

သီချင်းပြီးသွားတဲ့ နေ့မှာ အဲဒီသီချင်းကို သူဆိုပြတာ ကျွန်တော် နားထောင်ရတယ်။ ကြက်သီးတဖျန်းဖျန်း ထရပါတယ်။ သီချင်းက "ရာဇဝင်များရဲ့ သတို့သမီး" ပေါ့။

ညီညီသွင်က သီချင်းနာမည် ပြောလိုက်တဲ့ အချိန်မှာ ကျွန်တော့်နားထဲ ထိုသီချင်းကို ကြားယောင်လာပါတော့တယ်။

"ကွယ်လွန်ပြီးသော အိပ်မက်များ
ထာဝစဉ်လဲ့လျောင်းအိပ်စက်ရာ
အိန္ဒြေကြီးမားလွန်းတဲ့ ဒီမြေမှာ တို့ရဲ့သွေးတွေ ..
ဖြတ်သန်းရင်းနဲ့စီးဆင်း
သူဟာ ရာဇဝင်များရဲ့
လျှို့ဝှက်ချက်တို့ သိမ်းဆည်းထား
ရောဝတီ
ရွှေအတိပြီးသော မြို့ပြများ
အစဉ်လာ ကြီးမားခဲ့ကြရာ
ရာဇဝင်ဟောင်းရဲ့အမှတ်တရ
ဒီမြေဟာ တို့ရဲ့အမိမြေ
ယဉ်ကျေးမှုရဲ့နှလုံးသား
ရှင်သန်စေသူ တန်ခိုးရှင်
အခမ်းနားဆုံးသော သက်ရှိကဗျာ ... ရောဝတီ

အမြို့မြို့ အရွာရွာကိုဖြတ်ပြီး မြန်မာပြည်ရဲ့ အလျားလိုက်အတိုင်း စီးဆင်းလာတဲ့ ရောဝတီမြစ်ကြီးကို ကျွန်တော့် မျက်စိထဲ မြင်ယောင်လာပါတယ်။

ရောဝတီမြစ်ကြီး တငြိမ့်ငြိမ့် စီးဆင်းတာကို မြင်ရတိုင်းကိုလည်း ကျွန်တော့် စိတ်ထဲမှာ နိုင်ငံချစ်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာ တတ်တယ်။ အမျိုးကို ချစ်တဲ့ စိတ်တွေ ရင်ထဲမှာ ဒီရေတက်သလို တက်လာတတ်တယ်။ ငါတို့ရဲ့ မိခင်ဟာ ရောဝတီပါပဲ။



http://mmteashop.com

ငါတို့ရဲ့ဝိညာဉ်ဟာ ရောဝတီပါပဲလို့ ဟစ်အော်ချင်လာတယ်။ မျက်စိထဲမှာ ရုပ်ရှင်ပိတ်ကားတစ်ချပ်ကို ကြည့်နေရသလို ပုံရိပ်တွေ လှုပ်ရှား ပေါ်ပေါက်လာတယ်။

နိုင်ငံချစ်စိတ်နဲ့ ကျူးကျော်သူတွေကို တွန်းလှန်ရတဲ့ စစ်ပွဲတွေ၊ ခုခံကာကွယ်ရတဲ့ စစ်ပွဲတွေနဲ့အတူ သမိုင်းရဲ့တောက်ပခဲ့တဲ့ နေ့ရက်များ ....။

ကျွန်တော် ရုတ်တရက် သတိဝင်လာတယ်။ သီချင်းထဲ မျောပါသွားတဲ့ စိတ်ကို ပြန်စုစည်းလိုက်တယ်။ ထူးအိမ်သင် ဘယ်လောက် ကြိုးစားအားထုတ်ခဲ့ရတယ် ဆိုတာ ကျွန်တော် နားလည်တယ်။ ဘယ်လောက် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ ရတယ် ဆိုတာ ကျွန်တော် ကောင်းကောင်း သဘောပေါက်ပါတယ်။ ဒီသီချင်းရလာဖို့ ဒီသီချင်း ရလိုက်ဖို့။

ညီညီသွင်ရော၊ ကျွန်တော်ရော အပြင်ဘက်ကို ငေးကြည့် နေမိကြတယ်။ ထူးအိမ်သင်ကို မတွေ့နိုင်တော့ဘူး ဆိုတာ ကျွန်တော်တို့ နှစ်ယောက်စလုံး သိကြပါတယ်။ ဒါဖြင့် ကျွန်တော်တို့ ဘာကိုကြည့်နေကြတာလဲ။

အပြင်မှာ မိုးတဖွဲဖွဲ ရွာနေတယ်။ အမှောင်ထုဟာ တဖြည်းဖြည်းချင်း သိပ်သည်း လာနေတယ်။

ရောဝတီက အိပ်မက်များကို ထုဆစ်နေဆဲ။

ထူးအိမ်သင်က ဝေးရာသို့ ထွက်ခွာသွားခဲ့ပြီလေ။

ကျွန်တော်တို့ကား ကျန်ရစ်ခဲ့သူတွေပါတကား။

မောင်သစ်မင်းနှင့် ညီညီသွင်

ပြူတီမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၄။

http://mmteashop.com

# မြစ်မင်းတွေကို ချစ်ခြင်းဖွဲ့လေသူ မော်ဆရာ တစ်ယောက်ရဲ့ ရာဇဝင်

သိမ်းတင်သား

ညသည် သန်းခေါင်ယံသို့ ဖြေးဆေးစွာ ချဉ်းကပ်နေ၏။

မြစ်တစ်စင်းသည်ကား သဘာဝတရား၏ အလိုအတိုင်း တိုးတက်လာနေသည့် ဒီရေတို့ကို မငြင်းမဆန် လက်ခံနေလေသည်။ မြစ်ရေတို့ တဖြည်းဖြည်း တက်လာလေပြီ။ "သံလွင်မြစ်" ကမ်းဘေးက သန်းခေါင်ယံသို့ ချဉ်းကပ်နေတဲ့ည။

သံလွင်မြစ်ကမ်း ဘေးတွင်မူ စွန့်ပစ်ခံရရှာသော သဘော်ပျက်ကြီး တစ်စင်းကား မတည်မြဲခြင်း၏ သင်္ကေတအလား အသက်မဲ့လျက် ရှိလေသည်။ အဆိုပါ သဘော်ပျက်ကြီးနှင့် သံလွင်မြစ်ကမ်းသို့ ဆက်သွယ် ထားသည့် "ကုန်းဘောင်" ပြားဟု ပညတ်ပြုအပ်သော သစ်သား တံတား ပျဉ်ချပ်လေး ပေါ်တွင်မူ မျှော်လင့် ရင်ခုန်ခြင်းများ၏ ပြတ်စဲ ရပ်ဆိုင်းခြင်းကို ခံခဲ့ရပြီး ဘဝနှင့်ဆန္ဒ ဆက်စပ်၍ မရနိုင်ရှာတော့သည့် လူငယ်တစ်ဦး။

"ကံကြမ္မာ၏ စီရင်ခြင်း" ကိုခံယူရန် အသင့်ဖြစ်နေသည့် စိတ်ကျနေသော လူငယ်လေး သည်ကား သေရည်အိုးထဲ စိတ်အဆာပြေလိုကြား ကူးခတ်ခဲ့ပြီး လက်ပန်းကျ နေခဲ့လေသည်။ သို့သော် သူ့နှလုံးအိမ် ထဲမှာတော့ မိခင်ကို ချစ်ခင်ခြင်းများက မမောတမ်းမပမ်းတမ်း ကုန်းဘောင် ပျဉ်ချပ်လေးမှသည် စကြဝဠာအထိ ပျံ့လွင့် နေခဲ့လေသည်။

သံလွင်မြစ်ကမ်း ဘေးတွင်တော့ လူငယ်လေး၏ မိတ်ဆွေတစ်စုသည်ကား သူတို့ မိတ်ဆွေ၏ "ကံကြမ္မာစီခန်း" ကို အသိရှိရှိဖြင့် မလှုပ်မယှက် ကြည့်နေခဲ့ရရှာ၏။ "ကြည့်ချင်ပွဲ" မဟုတ်ဘဲ ကြည့်နေရုံမှ တစ်ပါး သူတို့ဘာမှဝင်စွက်ဖက်ခွင့် မရှိချေ။

ညဥ့်သည် နက်သည်ထက် နက်လာသလို မြစ်ရေသည် မြင့်သည်ထက် မြင့်လာခဲ့ပြီ။



http://mmteashop.com

"မင်းတို့ ငါ့အမေကို လုံးဝ မပြောရဘူး" ဟူသည့် လူငယ်၏ အမိန့်အား သူတို့ မလွန် ဆန်နိုင်ကြသည်ပဲ။

"ဘယ်သူမှ မလာကြနဲ့၊ ခင်ဗျားတို့ လာရင် ကျုပ်ခုန်ချလိုက်မယ်" ဆိုသည့် တိကျပြတ် သားသည့် သူ၏ သေရည်များနှင့် လိမ်းကျံထားသော အဆုံးစွန်ဆန္ဒကို သူတို့ လိုက်လျောရ တော့မည်လား။ သဘော်ာပျက် ဆက်တင်ဘေးတွင် လူငယ်တစ်စု ထိုးဇာတ်တစ်ခု ကပြနေ ကြခြင်းတော့ မဟုတ်ချေ။ တကယ့်ဖြစ်ရပ်မှန်။ ကံကြမ္မာ၏ ဇာတ်ညွှန်းသည် ရုတ်ချည်းပြောင်းလဲခဲ့ လေသည်။

"အန်တီ... မသွားပါနဲ့၊ ရေတက်လာပြီး၊ အန်တီ ကျသွားလိမ့်မယ်"

ပါးလုပ်သော ခန္ဓာကိုယ်နှင့် သားဇောကပ်နေသည့် မိခင်တစ်ဦးမှာမူ ဘာကိုမှ သတိမမူတော့။ သဘော်ာပျက်ကြီး ဆီသို့ ကုန်းဘောင် ပျဉ်ချပ်ပြားလေးမှ တစ်ဆင့် တွားသွား နေချေပြီ။

သူမအနေဖြင့် မတ်တပ် မရပ်ဝံ့လောက်အောင်ပင် သားဇောကား ဖိစီးလေးလံ နေသည်ပဲ။ သားသည် သူ့အတွက် စကြဝဠာ။

"သား..."

"ဟင်... အမေ"

"ငါ့အမေကို မင်းတို့သွားမပြောနဲ့ ဆိုတာ မင်းတို့ သွားပြောတယ် ပေါ့လေ"

"သား... လာပြန်စို့... ရေတက်နေပြီ... အမေနဲ့ လိုက်ပြန်စို့"

"အမေပြန်နှင့်... သားလိုက်ခဲ့မယ်"

သူ့သားသည် ကတိတည်သူ၊ စိတ်အင်အားကောင်းပြီး သူမလုပ်နိုင်တာကို ဘယ်တော့မှ မပြောတတ်သည်ကို အမေသိသည်။ ကမ်းပေါ်မှ ပြန်စောင့်ရန် မိခင်အိုတွင် ခွန်အားမဲ့ သွားခဲ့ရှာပြီ။ ဤတွင် သားက အမေကို လက်တွဲလျက် ခက်ခဲစွာ ပြန်ခေါ်လာရ တော့သည်။ ဤသို့ဖြင့် သူ့မိခင်အား သွားရောက် အကြောင်းကြားခဲ့ကြသည့် မိတ်ဆွေများ အဖို့လည်း သူ၏ ပြစ်တင်ဆဲဆို ကြိမ်းမောင်းသံများမှ ဝေးရာသို့ စိတ်လက် ပေါ့ပါးစွာ ပြန်လာနိုင်ခဲ့လေ တော့သည်။



http://mmteashop.com

သံလွင်သည် "ကံကြမ္မာ၏ စီးနင်းခြင်း" ဟူသည့် ထိုးဇာတ်ကို ပြီးဆုံးအောင် မကပြနိုင်ခဲ့ ပါချေ။

"သား... သား ဘာဖြစ်ချင်သလဲ"

"သားဖြစ်ချင်တာကို ဖြစ်စေရမယ်"

ပါးလုပ် သွယ်လျသော မိခင်အိုသည် သူ၏ သွေးများဖြင့် ဖွဲ့စည်း ဖြစ်တည် လာရရှာသူ သူချစ်သော သားကြီးအား စိတ်ခွန်အား၊ ရုပ်ခွန်အားများ သူမ တတ်နိုင် သည်ထက် ပို၍ ဖြည့် ဆည်းပေးမည် ဖြစ်ကြောင်း ကတိပြုခဲ့ရှာလေသည်။

"သန်းခေါင်ထက် ပို၍ ညဥ့်မနက်တော့ပြီ" ဟု "အဆုံးစွန်သော စွန့်လွှတ်ခြင်း" ကျဆုံးခြင်း များကို နောက်ချန်ရစ်ကာ မနက်ခင်း အရုဏ်ဦးတွင် မျှော်လင့် ဖူးပွင့်လာတော့မည့် သီချင်း ပန်းပွင့်များ အတွက် လူငယ်သည်မြစ်၏ တေးသွားနှင့် တေးကဗျာတို့အား အချိုးညီပေါင်းစပ် ခဲ့လေသည်။

"မြစ်တစ်ခုလို အချိန်များ စီးဆင်းဆဲ... လူ့ဘဝကို တို့ရရှိခဲ့တယ်"

"လောကမှာ ကိုယ်အသက်ဆက်ဖို့ အတွက် တခြားဘဝတွေ ဆုံးရှုံးမသွားဖို့ပဲ"

အဆိုပါ သားအမိ၏ "သံလွင်ဖြစ်စဉ်" သည်ကား တကယ့်မှန်ကန်သော ချစ်ခြင်း မေတ္တာဘွဲ့ မဟာ ဖြစ်ကြောင်း မိခင်အို ဒေါ်မြရင်ကိုယ်တိုင် ပြန်လည် ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ လူငယ်လေးမှာ ကိုကျော်မြင့်လွင် (ခေါ်) ကဗျာရေးသူ သျှပ်မှုံးကျော်၊ ချစ်ကိုယ်တွေ့ ဖွဲ့ခဲ့သည့် "လင်းထက်" ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်တွင် လူဦးရေ အထူထပ်ဆုံး၊ လူနေမှု အသိပ်သည်းဆုံး တိုင်းဒေသ ကြီးဖြစ်ရုံမက မြန်မာနိုင်ငံ၏ စပါးကျီကြီး ဖြစ်သည့် ဧရာဝတီတိုင်း၏ မြို့တော် "ပုသိမ်" ကား သေးသလောက် ခမ်းနားကြီးကျယ်သည့် သမိုင်းစဉ် ထုထည်ထုထုဖြင့် အေးဆေး ပျင်းရိနေလေသည်။

"ငဝန်" မြစ်ကြီးသည်မြို့ကို နှစ်ခြမ်းခွဲကာ ရထားတို့ကို ရပ်တန့်ပစ်လိုက်သည်။ မော်တော်ကားတို့ကို ပင်လယ်အထိ ခေါ်သွားသည်။ ပင်လယ်ကူး သင်္ဘောကြီးတို့အတွက် လှိုင်း လေငြိမ်ရာ ကျွန်းရိပ်သာ လမ်းဆုံးမြို့ကြီး ဖြစ်သော ပုသိမ်သည် လူပျင်းများစွာ



http://mmteashop.com

(အထူးသဖြင့်) အနုပညာရှင်၊ အတတ်ပညာရှင်၊ ဉာဏ်ကြီးရှင်တို့ကို ဂုဏ်သရေရှိစွာ မွေးထုတ် ပေးခဲ့လေသည်။

၁၉၅၈ ခုနှစ်တွင် မွန်တို့ဌာန ရာမညမှ ရောဝတီတိုင်း ပုသိမ်သို့ ကျန်းမာရေးပညာ အရာရှိ ဦးထွန်းမြင့် အမည်ရှိ နိုင်ငံ့ဝန်ထမ်း တစ်ဦး ရောက်ရှိလာခဲ့လေသည်။ သံလွင်မြစ်ဝှမ်း သားတစ်ဦးအား "ဝဝန်" သည် လက်ခံလိုက်လေသည်။ နောက် ခုနှစ်နှစ် အကြာ ၁၉၆၁-၆၂ ခုနှစ်တွင် ဒေါ်မြရင် အမည်ရှိ သံလွင်သူ၊ သူနာပြုဆရာမလေး တစ်ယောက်သည်လည်း ပုသိမ်သို့ တာဝန်ထမ်းဆောင်ရန် ရောက်ခဲ့ရပြန်သည်။ ကျန်းမာရေးဌာန ဝန်ထမ်းနှစ်ဦး ဖြစ်သည့် ဦးထွန်းမြင့်နှင့် ဒေါ်မြရင်တို့သည် ၁၉၆၂ တွင် နိုင်ငံ့တာဝန်သာမက နလုံးသားတာဝန်ကိုပါ နှစ်ဦးသဘောတူ ပုသိမ်တွင်ထူထောင် ထမ်းဆောင်ခဲ့ကြလေသည်။

သမိုင်းခေတ်တစ်ခု၏ စပ်ကူးမတ်ကူးကာလ ဖြစ်သော ထိုအချိန်က ပုသိမ်တွင်ပုဂ္ဂလိက ပိုင်ဆေးတိုက်ကြီး ၂ ခုရှိခဲ့သည်။ ပုသိမ်ဆေးရုံကြီးမှ အထက်တန်း သူနာပြုဆရာမကြီး Sister ဒေါ်သန်းစိန်နှင့် ခင်ပွန်းသည် ဆရာဝန်ကြီး ဒေါက်တာ ဖာတားတို့၏ ဆေးတိုက်ကြီးနှင့် ဆရာဝန်ကြီး ဒေါက်တာအယ်လ်ဖောင်၊ ဒေါ်ငွေးတို့၏ ဆေးတိုက်ကြီး တို့ပင် ဖြစ်သည်။

ဦးထွန်းမြင့်၊ ဒေါ်မြရင်တို့၏ ရင်နှစ်သည်းခြာ သားရတနာ ဖြစ်လာသည့် သားကြီး ကိုသန်းထွန်းစိုးအား ပုသိမ်မြို့၊ ဘန့်ဘွေးကုန်းရပ်ရှိ ဒေါက်တာဖာတား၏ ဆေးတိုက်ကြီးတွင် ၁-၇-၁၉၆၃ ခုနှစ်တွင် မွေးဖွားခဲ့၏။ ပုသိမ်တွင် အချင်းမြှုပ်ခဲ့သည်။ ကိုသန်းထွန်းစိုး (ခေါ်) ကိုကျော်မြင့်လွင်အား "ဝဝန်" သည် လက်ခံ ရရှိခဲ့ပြီး သူကတော့ ကမ္ဘာကျော် ဒသနပညာရှင် "ဟိုက်ရာကလီတပ်စ်" ၏ "သူသူငါငါ မြစ်တစ်စင်းထဲတွင် ရေနှစ်ခါ မချိုးနိုင်" ဟူသော ဒသနကို "ဝဝန်" ထံမှ ရရှိကာ "ကမ္ဘာမြေပြင်အတွက် သီချင်းလေး တစ်ပုဒ်" ဖြစ်လာခဲ့လေသည်။ ငယ်နာမည် ကိုဘဲဥဟု အမည်တွင်သော သူ့သားကြီး မောင်မောင်ဘဲဥ လသားတွင် ဝန်ထမ်းတို့၏ သဘောသဘာဝ အရ သူ့မွေးရပ်မြေ "မော်လမြိုင်" သို့ ပြောင်းရွှေ့ခွင့် ရခဲ့သည်ဟု ဒေါ်မြရင်က ပြောပြသည်။



http://mmteashop.com

"သားသား ၂ နှစ်သား မပြည့်ခင်မှာပဲ တို့ ပုသိမ်ကို ပြန်ရောက်ရပြန်တယ်၊ တို့က Posting ပြန်ရပေမယ့် သူ့အဖေက ပုသိမ်ကနေ ပြောင်းလို့ မရဘူးလေ၊ ဒါနဲ့ပဲ တို့တွေ ပုသိမ်မှာ မြဲသွားခဲ့ရတော့တာပဲ။ ကျန်တဲ့ ကလေးတွေလည်း ပုသိမ်မှာပဲ မွေးခဲ့ရတော့တာပေါ့" ဟု အရီး ဒေါ်မြရင်က ပြောပြသည်။ သားကြီး ဩရသ သားကြီး မောင်မောင်ဘဲ (ဘဲဥ) အား ဒေါက်တာ ဖာတား၏ ဆေးတိုက်ကြီးတွင် မွေးဖွားခဲ့သော ဦးထွန်းမြင့်၊ ဒေါ်မြရင်တို့ ဇနီးမောင်နှံသည် ကျန်သည့် သူတို့သားသမီးများအား သူတို့ မိသားစု အခြေပြုရာ ပုသိမ်မြို့ပြည်တော်သာ တိုက်တန်းတွင် မွေးဖွားခဲ့ကြသည်ဟု ဆိုသည်။ သူတို့၏ သမီးကြီး မိမိုး၊ သားဉာဏ်ဉာဏ်၊ သမီး မိတောက်တို့ကို ဝမ်းဆွဲဆရာမကြီး ဒေါ်အုန်းမြက မွေးဖွားပေးခဲ့ပြီး နှိုညာသား အောင်အောင် ကိုတော့ ဆရာမကြီး နန့်တင်မေအေးက မွေးဖွားပေးခဲ့သည်ဟု အရီးကပြောပြသည်။ သူတို့ မိသားစုအတွက် အထွေးဆုံးသား မောင်ဆုကိုတော့ ပုသိမ်တိုင်း ဆေးရုံကြီးတွင် သားဖွား မီးယပ်ဆရာဝန်ကြီး ဒေါက်တာဦးမောင်မောင်ကိုယ်တိုင် မွေးဖွားပေးခဲ့သည်ဟု ဆိုသည်။ ကိုကျော်မြင့်လွင်မှ အစပြု၍ သူတို့ တစ်အူထုံဆင်း မောင်နှမအားလုံး ပုသိမ်သား စစ်စစ်၊ ပုသိမ်ဇာတိများ ဖြစ်ခဲ့ကြလေသည်။

ဝန်ထမ်း သားသမီးများအတွက် များသောအားဖြင့် ဘဝဖြတ်သန်းမှု အစသည် နေ့က လေးထိန်းကျောင်း (ဝါ) မူကြိုကျောင်းဖြင့် စတင်ခဲ့ကြရသည်သာ များပေသည်။ မိဘနှစ်ပါးက ဝန်ထမ်းများဖြစ်ရကား သူတို့ကို ထိန်းကျောင်းဖို့ မည်သူက တာဝန်ယူပါမည်နည်း။ အထူးသဖြင့် တစ်ရပ်တစ်ရွာက လာရောက် အခြေချနေထိုင်သူများအဖို့ ကြီးစွာသော အခက်အခဲ ဖြစ်ရလေသည်။ ၁၉၆၃ ခုနှစ် အတိုင်မီကာလက ပုသိမ်တွင် နေ့ကလေးထိန်း ဌာနတစ်ခုသာ ရှိခဲ့သည်။ ယင်း ဌာနက "လစာနည်း" ဝန်ထမ်းများ၏ သားသမီးများကိုသာ လက်ခံခဲ့သည်။ ဤတွင် မောင်ကျော်မြင့်လွင် (ခေါ်) မောင်ဘဲဥ အတွက် ခက်ရချေပြီ။ ဤသို့သော အခက်အခဲကို သူ့ဖင်ဦးထွန်းမြင့် ဦးဆောင်ပြီး ဖြေရှင်းခဲ့သည်ဟု ဦးထွန်းမြင့်က ပြန်လည်ပြောပြခဲ့သည်။



http://mmteashop.com

"တို့ ပုသိမ်မှာ ... အခု "ထောင်ကုန်းရပ်ကွက် "မှာ ရှိနေတဲ့ "ကိုယ်ထူကိုယ်ထ မူကြို ကျောင်း " အိမ်မည်းကြီးဟာ ငါတို့ စထောင်ခဲ့တာပေါ့ကွာ။ ငါရယ်၊ ပုသိမ်တိုင်းဆေးရုံကြီးက ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်၊ သူ့ဇနီး ဒေါ်ခင်ခင်ညွှန့်၊ ဘဏ်မန်နေဂျာ ဦးသိန်းထိုက်ရယ်၊ နာမည် မမှတ်မိတော့တဲ့ စိုက်ပျိုးရေး မန်နေဂျာ တစ်ယောက်ရယ် စုပေါင်းပြီး အဲဒီ ဦးကျော်တင့် (တိုင်းကျန်းမာ အငြိမ်းစား) တို့အိမ်နားက အိမ်မည်းကြီးကို သွားငှားခဲ့ ကြတာပဲကွာ ..."

"တို့ကပဲ ကော်မတီ လုပ်ပြီး စထောင်ခဲ့တာ၊ ဘာလို့လဲဆိုတော့ "ပဒင်းတန်း" က မူ ကြိုကျောင်းက လစာမြင့်တဲ့ ဝန်ထမ်း သားသမီးတွေကို လက်မခံဘူး၊ နောက်ပြီး သား၂ ယောက်ဆိုရင် လက်မခံဘူးကွာ၊ တို့ထောင်တဲ့ ကိုယ်ထူကိုယ်ထ မူကြိုကျောင်းအတွက် ဆရာမ လိုက်ငှားတော့ ဆရာမကြီး တစ်ယောက်ရတယ်ကွ၊ ဆံထုံးကြီး အကြီးကြီးနဲ့ကွာ... ဆရာမ ပေါင်းကြီးပါ၊ ဒေါ်သန်းအောင်တဲ့ကွ "

ဤသို့ဖြင့် "ထောင်ကုန်းမူကြို" တွင် မောင်သန်းထွန်းစိုး နေခဲ့ရတော့သည်။ မိဘနှစ် ပါးက ပုသိမ်ရှိ ဒေသန္တရ ဆေးခန်းကြီး၂ခုဖြစ်သည့် "ကုသိန္နာရုံ"ဆေးခန်းနှင့် "တလိုင်း ချောင်း" ဆေးခန်းကြီး များတွင် နေ့စဉ် အလုပ်ဆင်းခဲ့ရပြီး သူတို့သားကြီးကို မနက်ပို့ညနေကြို လုပ်ခဲ့ရပါသည်ဟု ဆိုပါသည်။ အရီးဒေါ်ရင်မြကမူ သူ့သားကြီး၏ ဘဝအစကို တမ်းတစွာ ပြောပြနေပါသည်။

"အဲဒီ ဆရာမကြီး ဒေါ်သန်းအောင်ကစလို့ ထောင်ကုန်းမူကြိုကျောင်းက ဆရာမတွေ အားလုံး သူ့ကို "မောင်သန်းထွန်းစိုး" လို့ပဲ ဒီနေ့ထိ သိကြတော့တာ။ "ကျော်မြင့်လွင် " ဆိုပြီး သူတို့မသိဘူး။ တို့ဘကြီး မွန်လူမျိုး ဘုန်းတော်ကြီးက ဇာတာခွင်နဲ့ တွက်ချက်မှည့်ပေးတာ မောင်သန်းထွန်းစို ... တဲ့၊ အဲဒါ သူ့အဖွား (အဖေ၏ အမေ) က "အမလေးတော် ... ငါ့မြေးကို သခင် သန်းထွန်းနဲ့ သခင်စိုး၊ ဒီလူကြမ်းကြီးတွေ နာမည်တော့ မပေးလိုက်ပါနဲ့ကွယ် " ဆိုပြီး လူကြီးပီပီ ကန့်ကွက်ခဲ့ရာမှ "မောင်ကျော်မြင့်လွင် " ဖြစ်ခဲ့ရသည်ဟု ပြောပြသည်။ အဆိုပါ ဘုန်းတော်ကြီးကပဲ မွန်နာမည် "ပေါ်စွမ်း " ဟုပေးခဲ့ကြောင်းလည်း ပြောပြသည်။ "ဒီကောင်ဟာ လက်ဖျားငွေသီးမယ် ကလေးပဲ၊



http://mmteashop.com

ဒါကြောင့် "ပေါ်စွမ်း" လို့ခေါ်ရမယ်ဟု ဆိုခဲ့သည်တဲ့။ "ပေါ်စွမ်း" သည် မွန်ဘာသာဖြင့် "ကိုငွေသီး" ဟု အဓိပ္ပာယ်ရသည်ဟု အရီးက ပြောပြသည်။

သူကတော့ "ပိုက်ဆံတစ်ပြားမှ မရှိဘဲ သိက္ခာရှိချင်သေးသတဲ့" ဟူ၍ "အမေ့ရဲ့ ဒုက္ခအိုးလေး" ကို ဖွဲ့သီ သွားခဲ့လေသည်။

ငယ်နာမည် ဘဲဥ၊ ပေါ်စွမ်း၊ သန်းထွန်းစိုး၊ ကျော်မြင့်လွင်ဆိုသည့် ပုသိမ်သား မွန်-မြန်မာ ကပြားလေးသည် ဆံထုံးတော်ကြီး ဒေါ်သန်းအောင်၏ လက်တွင် ကျောင်းသား ဘဝကို စတင်ဖြတ်သန်းခဲ့ရသူ ဖြစ်ခဲ့ပါ၏။

ဗီဇနှင့် ပတ်ဝန်းကျင် ဘယ်အရာက အရေးကြီးသနည်း ဟူသည့် မေးခွန်း၏ အဖြေကို မည်သူကမျှ ယနေ့ထက်တိုင် အဖြေထုတ်နိုင်ခြင်း မရှိသေးချေ။ အငြင်းပွား နေကြဆဲ။ သို့သော် ကလေးတစ်ယောက်အတွက် ပတ်ဝန်းကျင်ကောင်း လိုအပ်သည် ကတော့ ငြင်းချက်ထုတ်စရာ ပုစ္ဆာ မဟုတ်ပါချေ။

ကိုကျော်မြင့်လွင် ကြီးပြင်းခဲ့ရာ ပတ်ဝန်းကျင်သည် နိုင်ငံတော်က အရာရှိများကို တာဝန် ထမ်းဆောင်ချိန်တွင် နေထိုင်ရန်ပေးထားသည့် ဝန်ထမ်းအိမ်ရာ တိုက်တန်းများ ဖြစ်သည်။ "ပြည်တော်သာ" တိုက်တန်းများ၊ လုံးချင်းတိုက်များသည်ကား တိုင်းအဆင့် အရာရှိ ဝန်ထမ်း များအတွက်သာ ဖြစ်ချေသည်။ ပုသိမ်မြို့လည်း ရပ်ရှင်ရုံကြီးနှင့် ၂ရုံနှင့် မကွာဝေးလှချေ။

ဤသို့သော ပတ်ဝန်းကျင်သည် သူ့အတွက် အနုပညာအမြုတေကို ကြီးရင့် ရှင်သန်စေရန် ရေခံမြေခံကောင်းခဲ့ စေသည်ဟု ယူဆရမည်ဖြစ်သည်။ ထိုမှတစ်ဝ မိဘနှစ်ပါး၏ စရိုက်လက္ခဏာနှင့် ဝါသနာအထုံတို့ကလည်း နုနယ်သည့်နှလုံးသားနှင့် ဦးနှောက်အတွက် စံပြုစရာ ဖြစ်ခဲ့သည်ကို အနည်းနှင့်အများတော့ လက်ခံရမည်သာ ဖြစ်ပါသည်။ မောင်ကျော်မြင့်လွင် ရေဒီယိုဖက်ရင်း အိပ်ပျော်သွားတတ်သည်က သူ့ဖခင်၏ ရေဒီယိုလေး သာတည်း။ သူ့ဖခင်ဦးထွန်းမြင့်သည် "မဟာဂီတ" အနုအလှတေးတို့တွင် ဝါသနာထုံလှလေသည်။ ထိုကာလများဆီက ဝန်ထမ်းများအဖို့ စနေနေ့ဝက်၊ တနင်္ဂနွေရုံးပိတ်ရက် များကား အပြည့်အဝလှပခဲ့သော မိသားစုပိုင် အားလပ်ရက်



http://mmteashop.com

စစ်စစ်များ ဖြစ်ခဲ့ချေသည်။ ဤဖခင်၏ အစီအမံဖြင့် သူတို့ တိုက်ခန်းလေးတွင် ရုံဖန်ရံခါ ဆိုသလို မဟာဂီတသံများဖြင့် ထုံမွှမ်းခဲ့ရလေသည်။ သူသည် "ထောင်ရောင်နေပတ်ပျိုး" နှင့် ယဉ်ပါးခဲ့ရသူ ဖြစ်ခဲ့လေသည်။

"စနေ၊ တနင်္ဂနွေနေ့တွေ ဆိုရင် အလှည့်ကျ လူကြီးတွေကို ပင့်ဖိတ်ပြီး ဆိုကြတီးကြတာပေါ့လေ၊ တစ်ခုခုကျွေးပြီးတော့ပေါ့ကွာ၊ "ဦးအိမ်တက်" တို့ "ဆရာမောင်" တို့ "ဦးဘသောင်း"တို့ မင်းတို့ ယိုးဒယားကုန်း ရပ်ကွက်က "ဦးလှထွန်း" တို့နဲ့ပေါ့။ ဦးလှထွန်း ဆိုတဲ့ အဖိုးကြီးဆိုရင် သီချင်းကြီးဆိုတာ သိပ်ကောင်းတာပေါ့၊ အသံဝါကြီးနဲ့ကွာ၊ တို့က ကာလပေါ်တွေ မဟုတ်ဘူး၊ သီချင်းကြီးဝိုင်းပါ။ ပတ္တလား၊ တယောနဲ့ ဘင်ဂျိုတွေလဲ ပါတာပေါ့၊ အဲဒီတုန်းက ပုသိမ်မှာ ဘင်ဂျိုကောင်းတာ ၂ ယောက် ၃ ယောက်လောက်ပဲ ရှိတာ၊ ဒီအထဲမှာ 'ဗန္ဓုလထီးဆိုင်' က 'ဦးငွေလွယ်' ဆိုတဲ့ တရုတ်ကြီးဟာ အကောင်းဆုံး ပဲကွ၊ သူက သီချင်းကြီးတွေ အများကြီးရတယ် "ဦးထွန်းမြင့်က သူ့သားကြီး မောင်သန်းထွန်းစိုး ယဉ်ပါးကြီးပြင်းခဲ့ရသည့် သူတို့၏ ဂီတဝိုင်းအကြောင်း ပြန်ပြောင်း ပြောပြသည်။

နေ့ခင်းဘက်တွင် မူကြိုကျောင်းတက်ရပြီး၊ စနေ၊ တနင်္ဂနွေနေ့များတွင် သီချင်းကြီး၊ သီချင်းခံများဖြင့် ယဉ်ပါး ကြီးပြင်းခဲ့ရသူ မောင်သန်းထွန်းစိုး တစ်ဖြစ်လဲ မောင်ကျော်မြင့်လွင် တစ်ယောက် ဂီတအနုပညာကို ခုံမင်တက်မက်ဖို့ လုံလောက်သော ပတ်ဝန်းကျင် အကြောင်းခံများပင်ဖြစ်တော့သည်။ သူ့ဖခင်က သူ ၂ နှစ်၊ ၃ နှစ်သား လောက်တွင် ဘာဂျာ (ဟာမိုနီတာ) လေးတစ်လက် စတင်ဝယ်ပေးခဲ့သည်တွင် သူက စူးစမ်းသော ကလေးတို့ သဘာဝအတိုင်း တစ်စစီဖြုတ်ပစ်လိုက်သည်ဟု ပြောသည်။ ဆန်းကြယ်သည့် အသံထွက် တူရိယာ ပစ္စည်းလေးကို ကလေးတစ်ယောက် အတွက် စူးစမ်းစရာ ကောင်းနေသည်ထင့်။ သူ မတီးတတ် မမှုတ်တတ်သည့် လူကြီးများ တီးခတ်နေကြသည့် ဘင်ဂျို၊ တယော၊ မြန်မာဂီတ၊ ပတ္တလား တို့ထက် သူပိုင်ဆိုင်သည့် 'ဘာဂျာ' လေးကို သူစိတ်ဝင်တစား စူးစမ်းလိုချင်သည်သာ ဖြစ်ပေလိမ့်မည်။

http://mmteashop.com

မြို့လယ် ရုပ်ရှင်ရုံကြီး ၂ ရုံနှင့် မကွာဝေးလှသော သူတို့နေထိုင်ရာ 'ပြည်တော်သာ' တိုက်တန်းမှ အနည်းငယ်ဆက်သွားလျင် ပုသိမ်၏ မြို့အသည်းနှလုံး၊ မြို့လည်ခေါင်ရှိ မိဖုရား ကြီးဥမ္မာဒန္တီ၏ ကောင်းမှုတော် 'ရွှေမုဋ္ဌော' စေတီတော်ကြီးကို ရောက်သည်။ ယခင်ကာလ များက ပုသိမ်သည်သင်္ဘောဖြင့်သာ မဟာရန်ကုန်အပါအဝင် အခြားမြစ်ဝကျွန်းပေါ်မြို့ကြီး များသို့ သွားလာနိုင်ခဲ့လေသည်။ ငဝန်မြစ်သည် ကွေ့ကောက် စီးဆင်းလျက် ပုသိမ်သို့ ခေါ်ဆောင်ခဲ့သည်။ ပုသိမ်ကိုဝင်လျင် 'ရွှေမုဋ္ဌော' စေတီအား ၃ ကြိမ် ဦးခိုက်ရသည်ဟု ပြောစမှတ်ရှိသည်။ ပုသိမ်ကမ်းနား 'ကိုယ့်မင်းကိုယ့်ချင်း' တံတားမှ တက်တက်ချင်း ဘုရားကြီးအား ဖူးမျှော်ရပေမည်။ ရွှေမုဋ္ဌောဘုရားကြီး၏ တောင်ဘက် စောင်းတန်းကြီးကား ပုသိမ်မြစ်အထိ ရောက်သည်။ ဈေးလည်းရှိကာ 'နတ်လမ်းဈေး' ဟုခေါ်တွင်သည်။ ယခုတော့ စောင်းတန်းကြီးသာ ရှိတော့ပြီး ဈေးကား မရှိတော့ပြီ၊ ဘုရားကြီးတွင် နှစ်စဉ် ရွှေသင်္ကန်း ကပ်လှူပွဲ၊ တပို့တွဲလ စတုမဓုထိုးပွဲ၊ မသိုးသင်္ကန်း ကပ်လှူပွဲ စသည်ဖြင့်ရှိသည်။ တစ်ခုသော 'ရွှေမုဋ္ဌောစေတီကြီး' ၏ ထီးတော် တင်လှူပွဲကြီးတွင် ဆိုင်းဝိုင်းကြီးဖြင့် ခမ်းခမ်းနားနား ပူဇော်တင်လှူခဲ့ရာ မူကြိုကျောင်းသား မောင်သန်းထွန်းစိုး (ဝါ) မောင်ကျော်မြင့်လွင်မှာ မခံနိုင်အောင် စိတ်လှုပ်ရှားသွားပြီး ပုဆိုးလေး ခါးတောင်းကြိုက်ကာ ကွေးနေအောင် က, လေသည်တဲ့၊ သူကသောအခါ သူ့ညီအကြီးဆုံး ကိုဉာဏ်စိုး (ယခု) လျှပ်စစ်အင်ဂျင်နီယာ (FISCA Co) မှာလည်း အစ်ကိုကြီးနှင့် အတူ ကွေးနေအောင် ကခဲ့ကြသည်ဟု သူတို့မိခင်ကြီးက ပြောသည်။ ရေဒီယိုဖက်အိပ်ပြီး 'ဝင်းဦး' ကို အသည်းစွဲကြိုက်ခဲ့သူ၊ မောင်ကျော်မြင့်လွင်၏ ပထမဆုံးသော Performance ဟုပင် မှတ်တမ်းပြုရပေမည်။ ဒီလိုနှင့် 'ပေါ်စွမ်း' ခေါ် မောင်ကျော်မြင့်လွင်တစ်ယောက် မူလတန်းကျောင်း တက်ခဲ့ရလေသည်။ သူတို့အိမ်နှင့် အဝေးလှသော အမှတ် (၂၀) အမက၊ ဥမ္မာဒန္တီ ရပ်တွင် ဖြစ်သည်။ တရုတ်ကျောင်းဟု အမည်တွင်သော အမှတ် (၂၀) အမကသည် မြို့ရှိကြေးရတက်၊ လူကုံထံသားသမီးများ၊ စာတော်သူများဖြင့် နာမည်ကျော်သည့် ကျောင်းလည်းဖြစ်သည်။

http://mmteashop.com

မောင်ကျော်မြင့်လွင် တတိယတန်း အရောက်တွင် သူ့ဆရာမ ဒေါ်ခင်ခင်က 'မောင်ကျော်မြင့်လွင် ... မင်းကဗျာရွတ်ပြိုင်ပွဲ ဝင်ရမယ်။ မင်းကို ဆရာမယုံကြည်လို့ ခိုင်းတာ' ဟူ၍ တာဝန်ပေးခဲ့သည်ဟု ဆိုသည်။ ဤတွင် ဖခင်ဖြစ်သူက 'တစ်ထောင့် တစ်ညပုံပြင်များ' ထဲမှ ထုတ်နှုတ်လျက် နဘေကာရန်ဖြင့် ပြန်လည် ရေးသား လေ့ကျင့်ပေးပြီး ကဗျာရွတ် ခဲ့ရသည်တဲ့။ သူ၏ အသွေးအသားထဲတွင် 'ကဗျာ' စီးဆင်း ဝင်ရောက်ခဲ့ခြင်း အမွန်အစလည်း ဖြစ်ပေတော့သည်။ ဤသို့ဖြင့် ဒေသကောလိပ် ကျောင်းသားဘဝ သူတို့ ရေးသားထုတ်ဝေခဲ့ သော 'မြ' အမည်ရှိ ကျောင်းတွင်း ကဗျာစာအုပ်လေးတွင် သူက

"အမေ - -

အမေ ဝမ်းရည်စပ်တယ်ဆိုရင် ခွင့်လွှတ်ပါ။

သားရင်ထဲမှာ ကဗျာ"

သျှပ်မှူးကျော်

ဟုရေးခဲ့ပြီး သံသရာထိပါအောင် ကဗျာကို ချစ်သွားခဲ့တော့သည်။

ကဗျာဆရာ သျှပ်မှူးကျော် ဖြစ်ရန် မောင်ကျော်မြင့်လွင်သည် တတိယတန်း ကျောင်းသားဘဝက စတင်ခဲ့သည်ပဲ။ တစ်ထောင့် တစ်ညမှသည် သံသရာထိအောင် ရှည်လျားခဲ့ချေ၏။

ဤသို့ဖြင့် တိတ်တိတ်လေး ပျင်းနေတတ်တဲ့ 'ငန်' မြစ်ကမ်းဘေးက ပုသိမ်မြို့လေးဟာ 'ကမ္ဘာမြေရဲ့ သီချင်းလေးတစ်ပုဒ်' ကို ရရှိခဲ့လေသည်။ သူသည်ကား ကိုယ်ထူကိုယ်ထ မူကြိုကျောင်းသားလေး 'မောင်သန်းထွန်းစိုး'၊ ပုသိမ်မြို့က ဥမ္မာဒန္တီ မိဖုရားကြီး တည်ထားတော်မူခဲ့တဲ့ 'ရွှေမုဋ္ဌော' စေတီတော်ကြီး၊ ရွှေသင်္ကန်းကပ်လှူပွဲမှာ ပုဆိုးလေး ခါးတောင်းကျိုက်ပြီး ညီငယ်နဲ့အတူ ကွေးနေအောင် ကခဲ့သူ၊ ဆိုင်းမရှိလို့ မကရရင် ရေဒီယိုလေးပိုက်ပြီး အိပ်ပျော်ခဲ့ရှာသူ မောင်ကျော်မြင့်လွင်။ နတ်စီတဲ့ အိပ်မက် လှလှများကို လွယ်လွယ်နဲ့ မရဆိုတဲ့ တရားသဘောကို ပြခဲ့လေသည်လား။



http://mmteashop.com

ဤသို့ကဗျာနှင့် နေခဲ့သူ၊ မဟာဂီတသံများကြားမှာ ယဉ်ပါး သာယာနေတတ်သူ၊ ရေဒီယိုလေးနှင့် ငယ်စာရင်းမဖျက်နိုင်ခဲ့သူ မောင်ကျော်မြင့်လွင် တစ်ယောက် သူ၏ ဝတန်းကျောင်းသားဘဝတွင် သူ့အတွက် ကြီးလှစွာသော အချိုးအကွေ့တစ်ခု ဖြစ်ပွားသွားခဲ့လေသည်။ နွေကျောင်းပိတ်တစ်ခုတွင် ဆွေမျိုးများရှိရာ မော်လမြိုင်သို့ အိမ်လည်ရာမှ အပြန် အစ်ကိုဝမ်းကွဲ ကိုအောင်မျိုးဆန်းထံမှ ဂစ်တာဟောင်းလေးတစ်လုံးကို ပုသိမ်သို့ သယ်ဆောင် လာခဲ့ရာမှ အစပြုခဲ့သည်။ သူကား တူရိယာလေးနှင့် စိတ်ဝိညာဉ်ကို စကြဝဠာသို့ လွှင့်တင်ရင်း ဤကမ္ဘာမြေကို ဖွဲ့သီဖို့ အစပြုခဲ့လေပြီ။

ဖခင်၏ ခွင့်ပြုချက်မရသော အဖြစ်၊ ဤတွင် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်ဖြစ်သူ ကဗျာဆရာစိုးရိမ် (ကိုအောင်အောင်ကျော်)၊ ကိုဦး (ကိုအောင်ကျော်ဦး) တို့နှင့် အတူ အဖြူရောင်ဂစ်တာလေး၏ စိုးထိတ်ငိုရှိုက်သံ၊ လွတ်လပ်တက်ကြွသံ၊ လွမ်းဖွဲ့ကြိုး၊ လူငယ်တို့သဘာဝ အဖဖြစ်သူနှင့်လည်း အမြင်လွဲချော်ခဲ့ရလေသည်။

"မင်းစဉ်းစားကြည့်စမ်းကွာ… အဲဒီလူငယ်ဘဝမှာ ဂစ်တာတီးရင် တစ်ယောက်လောက်တောင် ထွန်းထွန်းပေါက်ပေါက် ဖြစ်လို့လား၊ ကျောင်းစာမှာ ချို့တဲ့သွားနိုင်တယ်လေ၊ အဲဒီတော့ ကျောင်းစာကို အဆင်ပြေအောင်လုပ်၊ ပြီးတော့မှ တီးချင်ရင်တီး၊ သူ (သားသား) ၁၀တန်းအောင်တော့ ၁၆နှစ်ပြည့်ရုံပဲ ရှိသေးတာပါ။ တစ်ခုခုတော့ ဖြစ်စေချင်ခဲ့တာပေါ့ကွာ၊ ဆရာဝန်တို့ အင်ဂျင်နီယာတို့လေ… ဒီလို ဂစ်တာလေးနဲ့ ဟိုသွားလိုက် ဒီသွားလိုက်အစား … မင်း အဖေတစ်ယောက် ဖြစ်ခဲ့ရင်လည်း မင်းဒီလိုပဲခံစားဖြစ်မှာပါကွာ"

ဤသို့ ဖခင် ဦးထွန်းမြင့်က သူ့သားကြီး၏ ဂီတာလေးအပေါ် ဆွေးမြေ့စွာ အလွမ်းစကား ဆိုခဲ့ရှာလေသည်။ သူကား မရပ်နားတော့ပြီ၊ ဂီတသင်္ကေတများနှင့် ရင်းနှီးယဉ်ပါးစေရန် မြို့နယ် လူငယ်ဘင်ခရာတပ်ဖွဲ့သို့ ဝင်ခဲ့လေသည်။ ဆရာဦးစန်းတင့်၏ မောင်းနှင်မှုအောက်၊ ဆရာဦးကျောက်စိမ်း အမည်ရှိ အပျော်တမ်း အနုပညာရှင်ကြီးတို့ထံတွင် ဂီတသင်္ကေတများ ဆည်းပူးခဲ့သည်။ ပြီးတော့ပုသိမ်၏ အထင်ကရ 'ငုဝါ' တီးဝိုင်းတွင် သီချင်းဆိုသူ ဖြစ်ခဲ့သေးသည်။ ဒေသကောလိပ် ကျောင်းသားကြီးဘဝ တွင် သူသည် ဝါသနာတူ လူပေလူတေကလေးများ (သူတစ်ပါးကို ဒုက္ခမပေးဘဲ



http://mmteashop.com

ကိုယ့်ကိုယ်ကိုသာ ဒုက္ခလမ်းကို ရှာကြသူများ) နှင့် ပေါင်းဖက်ပြီး 'အမေ့ရဲ့ဒုက္ခအိုးလေး' ဖြစ်ဖို့ ကျောင်းစာသင်ခန်းများကို ကျောခိုင်းခဲ့တော့သည်။ ကျောင်းပွဲတွေ တီးသည်။ ကဗျာတွေ ရေးသည်။ သီချင်းတွေ ရေးသည်။ သီချင်းတွေကို စီမံခန့်ခွဲသည်။ အနုပညာနှင့် ပက်သက်လျှင် အခြေအမြစ်ကိုကျ ရေဆုံးရေဖျား လိုက်တတ်သူ 'သျှပ်မှူးကျော်' ဖြစ်လာလေသည်။ တစ်အိမ်လုံး 'မော်လမြိုင်' ပြန်ပြောင်းသွားပေမယ့် သူ ကျန်ရစ်ခဲ့သည်။ ပုသိမ်မှာ သူ့အတွက် ကဗျာတွေရှိသည်။ သီချင်းတွေရှိသည်။ သူနဲ့ ဆိုးဖက်တေဖက် ဒုက္ခအိုး အရွယ်စုံရှိသည်။ ပြီးတော့ သူ့မွေးရပ်မြေ၊ ၁၉၈၂-၈၃ ကာလတွင် ပုသိမ်ကောလိပ်ရှိ အဆောင်ညစာစားပွဲများ၊ မောင်မယ်သစ်လွင် ကြိုဆိုပွဲများ၊ နှုတ်ဆက် ညစာစားပွဲများ အားလုံး သူဦးစီးသော Shore of Peace ပဲ ဒိုင်ခံ တီးခတ်ခဲ့သည်အထိ သူတို့ အုပ်စု အားထုတ်ခဲ့ကြသည်။ ၁၉၈၄-၈၅ ခုနှစ်ခန့်တွင် ဖြစ်မည်ထင်ပါသည်။ ပုသိမ်ရွှေဆိုင်တန်းက Sunflower အမည်ရှိ တီးဝိုင်းကို ဦးစီးသူ ကိုအောင်တင်ဦး၊ ကိုအောင်ကျော်ဦး (မောင်ဝိုင်း) တို့နှင့် သူ သီချင်း အရောင်းအဝယ် ဖြစ်ခဲ့လေသည်။

ကိုအောင်တင်ဦးရော၊ မောင်ဝိုင်းရော၊ သူတို့အဖွဲ့ဝင် ကိုအောင်မြတ်ရော၊ အခုတော့ သူ (ကိုကျော်မြင့်လွင်) ပါ မရှိကြတော့ပြီပဲ။ မောင်ဝိုင်းနှင့် အောင်တင်ဦးတို့ အိမ်တွင် ကိုနေဝင်း (မောင့်လပြည့်ဝင်း)က တည်းခို အခြေပြုနေသည့် ကာလဖြစ်သည်။ ကိုအောင်တင်ဦးက သီချင်းခွေ အသံသွင်းမည်။ သီချင်းတွေဝယ်မည် ဖြစ်လာသည်။ ဤတွင် ပုသိမ်မြို့ရှိ တစ်ဦးတည်းသော ခေတ်ပြိုင်သီချင်းရေးသူ သူ (ကိုသျှပ်) နှင့် အဆင်ပြေခဲ့သည်။ 'အခါလွန်မိုး' အပါအဝင် သီချင်း ၄ပုဒ်ကို ကျပ်တစ်ထောင်နှင့် ရောင်းဝယ်ဖြစ်ခဲ့လေသည်။ 'အခါလွန်တဲ့မိုး' သည် သူရေးစက သီချင်းနာမည် မရှိသေးချေ။ ပြီးတော့ ဂီတသံစဉ်ကလည်း ယခုကဲ့သို့ မဟုတ်သေး။ သံပြိုင် (Chorus) ပိုဒ်တွင်… 'ခုတော့ ဝေးကြပြီမေ xxx ခုတော့ဝေးကြပြီလေ xxx ခုတော့ ဝေးကြပြီ တို့နှစ်ဦးသား xxx နှုတ်ဆက် မျက်ရည်လေးများ xxx အားလုံး မသိအောင် သိမ်းထား xxx ပန်းကလေး မနွမ်းအောင် xxx မိုးစက်လေးများအစား xxx သွန်းလောင်းလိုက်ပါလား' ဟူ၍ ဖြစ်သည်။ သူ (သျှပ်မှူးကျော်) အောင်တင်ဦးကို ရောင်းတော့မှ 'အခါလွန်တဲ့မိုးမို့ အငြိုးနဲ့ရွာ' ဟူ၍



http://mmteashop.com

ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ ဤ 'အခါလွန်တဲ့မိုးမို့ အငြိုးနဲ့ရွာ' ဟူသော သီချင်းစာသားကိုပင် အောင်တင်ဦးတို့က ပြင်ဆင်ချင်သည်ဆို၍ သူနှင့်အကြီးအကျယ် ပြဿနာ ဖြစ်ခဲ့သေးသည်။ သူသည် သူ့သီချင်း၊ သူ့အနုပညာကို ဘယ်တော့မှ အထိမခံတတ်သူ။ 'ပိုက်ဆံတစ်ပြားမှ မရှိဘဲ သိက္ခာရှိချင်သေးသတဲ့' ဆိုသည့် ပုဂ္ဂိုလ်။ ခုလည်းပဲ သီချင်းရောင်းခ ကျပ်တစ်ထောင်တိတိ။ သူဘာလုပ်မည် ထင်ပါသနည်း။ ရန်ကုန် စံရိပ်ငြိမ်မှာနေခဲ့စဉ် 'ရှုမဝ' မဂ္ဂဇင်းပါကဗျာအတွက် ရသည့်စာမူခကျပ် ၁၀ ကို ငွေလွှဲဖြင့် မိခင်ကို ဦးဦးဖျားဖျား ကန်တော့ခဲ့သည့် လင်းထက် (ဝါ) သျှပ်မှူးကျော် ခုတစ်ခါဖြင့် ဘာလုပ်ခဲ့ပါသလဲ။ တစ်မြို့လုံးက သူချစ်ခင်သူ သူငယ်ချင်း အားလုံးကို ခေါ်သည်။ ပုသိမ် ဝဲန်မြစ်ကမ်းဘေးမှ ဖွင့်လှစ်ခါစ 'သီတာဦး' အမည်ရှိ ရေပေါ်စားသောက်ဆိုင်၏ ဘားတွင် ကြိုက်တာကို ကြိုက်သလောက် သောက်စေခဲ့သည်။ ကျပ် ၁၀၀၀ ဆိုသည်မှာ ထိုကာလက အတော်များသော ပမာဏ။ ဘီယာတစ်လုံးမှ ၈ ကျပ် ၅၀ ပြား၊ ရမ်တစ်ပက် ၄ ကျပ် ၄၀ ပြား၊ ကျပ် ၁၀၀၀ ကို ကုန်အောင်ကို ပျော်ပွဲဆင်ခဲ့သူပါပင်။ မနက်ဖြန်အတွက် သူ ဂရုမစိုက်။ ဒီလိုနှင့် မော်လမြိုင်နှင့် ရန်ကုန်၊ ပုသိမ် ကူးချည်သန်းချည် သွားနေခဲ့သည်။ ပုသိမ်က သူ့တပည့်တွေ သူငယ်ချင်းတွေဆီကို စာတွေ မကြာမကြာရေးပို့၊ သူကိုယ်တိုင် နတ်ဆက်ပွဲများ ရှိသည့် ဇူလိုင်၊ ဩဂုတ်လများတွင် ပြန်ပြန် ရောက်ရောက်လာတတ်စမြဲ။ သူပါဝင်တီးခတ် စမြဲဖြစ်ခဲ့လေသည်။ ဂီတသည် လည်းကောင်း၊ ဂီတာသည် လည်းကောင်း သူနှင့် ဘယ်တော့မှ မကင်းကွာခဲ့သူ ဖြစ်လေသည်။ မော်လမြိုင်သို့ သူအပြီး ပြောင်းသွားပေမယ့် သူ့အကြောင်းကို သူပြောပြလို့ သိနေရသည်။ စာတွေထဲက ဖြစ်သည်။ သူသည် တကယ်တော့ Arranger ဂီတ စီမံခန့်ခွဲသူသာ ဖြစ်ချင်သူ။ သူကား သီချင်းဆိုသူ မဟုတ်။ သီချင်းရေးမည်။ ဂီတတွေ တပ်ဆင် မွမ်းမံပေးမည်။ လှပသော သူ၏ အနုပညာကို သူ တမြိန့်မြိန့် ပီတိကျ ခံစားမည်။ သူက ဒါပါပဲ။ ဒီလိုနှင့် သူပထမဆုံး အသံသွင်း ဖြစ်ကြောင်း သူကိုယ်တိုင် ပြောပြ၍ သိခဲ့ရသည်။ သီချင်းဆိုသူ မဟုတ်။ တီးခတ်သူ Drummer အဖြစ်နှင့်တဲ့။ Local Talent အစီအစဉ်အတွက် စောရူဆဲ၏ အစီအမံဖြင့် သူတို့ Excellence တီးဝိုင်း အသံသွင်း အတွေ့အကြုံ ဖြစ်သည်။ မော်လမြိုင်တွင် သူတို့



http://mmteashop.com

တည်ထောင်ခဲ့သည့်ဝိုင်း။ ဂီတာတီးတာက ကိုG.K ဆိုသည့် သီချင်းရေးသမား၊ သူက Drummer... ပထမဆုံး တီးရတာက Clift Richard ရဲ့ Devil Women ဖြစ်ခဲ့သည်။

၁၉၈၁ နိုဝင်ဘာမှာ မိသားစု မော်လမြိုင်ပြောင်းခဲ့ပေမယ့် ပုသိမ်မှာကျန်ရစ်ခဲ့သူ သျှပ်မှုးကျော်၊ ခုတော့ မော်လမြိုင်မှာ တီးဝိုင်းထောင်နိုင်တဲ့ကာလ ဖြစ်လာခဲ့သည်။

သူ၏ ပေးစာများအရ အဆိုတော်တစ်ဦး သူ့သီချင်းတွေကို အလကားတောင်းတဲ့ အကြောင်း၊ ကိုဘွဲ့မှုးတို့နဲ့ ရုံပုံငွေပွဲတစ်ပွဲ လုပ်မယ်ဆိုတာတွေ၊ ဆရာဦးအောင်စိုးထံမှာ သီအိုရီ သင်နေတာတွေ သိလာရသည်။ သူ့မှာ ဘာအခက်အခဲနှင့် နာကျည်းစရာတွေ ရှိသည် မသိ။ 'သူဂီတကို ကျောခိုင်းလိုက်ပြီ' လို့ ပုသိမ်နှင့် ပက်သက်သည့် သူ့မိတ်ဆွေ တပည့်၊ ဆရာများအား ကြေညာခဲ့သေးသည်။ "သူ ဂီတကို လုံးဝဝါသနာ မပါတော့ဘူး၊ စွန့်လွှတ် လိုက်ပြီ" တဲ့။ ဘယ်သူကမှ မယုံကြည်ပါ။ သူကား လိမ်ညာတတ်သူ၊ ကြွားဝါတတ်သူ၊ လျှို့ဝှက်တတ်သူမှ မဟုတ်တာ။ သူက ပြောစရာမကျန်အောင် ပွင့်ပွင့်လင်းလင်း ပြောတတ်သူ၊ လုံးဝ အားမနာတတ်သူ၊ မလိုအပ်လျှင် ဘာမှ မပြောတတ်သူပဲ။

ယခု သူမရှိတော့မှ သူ့ရဲ့ကြေကွဲခန်း၊ ပေါက်ကွဲခန်းတွေကို မိခင်ကြီး ဒေါ်မြရင်နှင့် သူ့ညီ ကိုအောင်မျိုးဟိန်းတို့က ပြောပြမှ သိရတော့သည်။ သူသည် သူတစ်ပါး၏ သိက္ခာနှင့် ဂုဏ်သရေကို စောင့်ထိန်းသူပဲ ဖြစ်ပါ၏။ ကွယ်လွန်သည်အထိ ထိုအကြောင်းကို တစ်လုံးတစ်ပါဒမျှ မပြောခဲ့ပေ။ သူ (သျှပ်မှုးကျော်) မော်လမြိုင်ပြောင်းကာစ 'မော်လမြိုင်' ဂီတရပ်ကွက် အခြေအနေကို သူ့ညီက ဤသို့ ပြောပြလေသည်။

"မော်လမြိုင်မှာက 'ရွှေ' ဆိုတဲ့တီးဝိုင်းက နာမည်ကြီးတယ်။ နောက် ကိုမြသောင်း (ဂျက်မြသောင်း) ဦးစီးတဲ့ 747 လည်း နာမည်ကြီးပါပဲ။ ကိုလေး (သျှပ်မှုးကျော်) က Bass တီးတယ်၊ G.K (ကိုဗလဆိုခဲ့တဲ့ သီချင်း ရေးခဲ့သူ) က ဂစ်တာ၊ ကိုစိုးညွှန့် (G.K ရဲ့ ညီ) က ဂစ်တာ၊ Drum က ကိုအောင်စိုး...၊ သူတို့ဝိုင်းက Excellence တဲ့ဗျ၊ အဲဒီ Excellence နဲ့ သီချင်းဆိုခဲ့တဲ့ ကို... (နာမည်တော့ မပြောတော့ဘူးဗျာ၊ သူလည်းအခု မရှိတော့ဘူး၊ ဆုံးသွားပါပြီ) က ကိုလေး သီချင်းရေးတယ် ဆိုတာကို သိသွားပြီး သူဆိုမယ် ခွေသွင်းမယ်



http://mmteashop.com

ဆိုပြီး စီစဉ်ခဲ့တာလေ။ အဲဒီကာလက No.No တို့ 'ခွင့်မပြု' တို့ပေါ့… ကိုလေးဆိုပြတော့ အသံသွင်းမယ် ဖြစ်လာတာပါ။ ကိုလေးက Parts တွေ ခွဲတော့တယ်။ Aces နဲ့တီးဖို့။ ဒါပေမယ့် အဲဒီကိစ္စက ပျက်သွားခဲ့ပါတယ်။

သူ့အတွက် ကြီးစွာသော ရည်မှန်းချက် ပျက်စီးရခြင်းဖြစ်သည်။

"အဲဒီကာလမှာ Excellence က ပျက်သွားပြီး Sharp ဆိုတဲ့ အမည်သစ်၊ ဝိုင်းသစ် ဖွဲ့ကြတယ်။ ကိုလေးက Lead တီးခဲ့တယ်။ သူ့အနွံအတာ အင်မတန် ခံကြပါတယ်။ သူတို့ဝိုင်းက သီချင်းတိုက်ပြီးရင် အရက်သောက်ကြတာပဲ။ အဲဒီကာလမှာ ခုနခွေကိစ္စ ပျက်သွားတော့ သူ အရမ်း စိတ်ထိခိုက်သွားတော့တာ။ တစ်နေ့တော့ သူတို့ သီချင်းတိုက်ပြီး သောက်ကြတော့ ကိုလေးဟာ ဘာမပြောညာမပြောနဲ့ Rum တစ်လုံးလုံး ကို တစ်ချက်တည်း သောက်ချလိုက်တာ"

ဤကား အံ့သြစရာ ဖြစ်ပါသည်။ ပုသိမ်တွင် ဤသို့ အရက်ကို ဘယ်တော့မှ လက်လွတ်စပယ် သူမသောက်ပါ။ သူ့ရောင်းရင်းတွေ အကုန် လဲကုန်ချိန်တောင်မှ သူက ဂီတာလေးနှင့် သီချင်းတီးရင်း ကျန်ခဲ့နိုင်သူပါ။ သူအတော်စိတ်ထိခိုက်လို့ပဲ ဖြစ်ပါလိမ့်မည်။ ယခုဖြစ်ရပ် အရင်ကရော သူ ဘာတွေ ကျဆုံးခဲ့ပါသလဲ။ သူက Composer သန့်သန့် လုပ်ချင်သူ၊ သူက Arranger လုပ်မည့်သူ၊ သူက လိုအပ်လျှင် Player၊ သီချင်းဆိုချင်သူ မဟုတ်တာ သူနှင့်နီးစပ်သူတွေ သိခဲ့သည်။ ဒါတောင်သူက တကယ့် အဆိုကောင်းသူပင်။ မှတ်မိပါသေးသည်။ Shore of Peace အဖွဲ့ဝင် အတီးသမားများ တစ်ယောက် တစ်ပုဒ်စီ သီဆိုပေးပါဟု ပုသိမ်ကောလိပ်မှ ဌာနမှူးများ၊ ပါမောက္ခများ၊ အဆောင်မှူးများက တောင်းဆိုလျှင် တစ်ယောက်တစ်ပုဒ်စီ အနည်းဆုံး ဆိုပေးရသည်။ ဤတွင် သူ (သျှပ်မှူးကျော်) ကား တကယ့်ပီပီပြင်ပြင် ဆိုနိုင်သူဖြစ်ကြောင်း သိရတော့သည်။ သူပထမဆုံး ဆိုခဲ့သည်က ရီတာစိုးဝင်း၏ သီချင်း ၂ ပုဒ် ဖြစ်ပါသည်။ 'ပလေးဘွိုင်ရဲ့ ပလေးဘွိုင်' တေးစုတွင် ပါခဲ့သည့် 'လျှို့ဝှက်အချစ်' နှင့် 'သွားနိုင်တယ်' ဖြစ်သည်။ နောက် တက္ကသိုလ် အေးမောင်၏ 'ပုန်းလို့မနေနဲ့ကွယ်' တို့ ဖြစ်၏။ သူရေးသော သီချင်းများကိုမှ သူ ဘယ်တော့မှ မဆိုပြခဲ့ပေ။ သူငယ်ချင်းတွေကိုတော့ ပေးဆိုသည်။ ထိုကာလ ပုသိမ်



http://mmteashop.com

ကောလိပ်တွင် 'ဝေးသွားတဲ့အခါ' အမည်ရှိ သူ့သီချင်းကတော့ အဆောင်ညများ၊ ကန်သုံးဆင့် တစ်ဝိုက်၊ ထိုမှ ပုသိမ်ကောလိပ်ထွက် ဂစ်တာသမား ကျောင်းသား ကျောင်းသူများ၏ သီချင်း ဖြစ်ခဲ့သည်။

မော်လမြိုင်ရောက်မှ ဒီလို သူရမ်အရက်တစ်လုံးလုံး တစ်ခါတည်း သောက်ချ ပစ်လိုက်သည်တဲ့။ ပြီးတော့... သူ့အမေကို ဘာမှမပြောဖို့မှာရင်း သံလွင်မြစ်ထဲ ဆင်းသွားခဲ့ သည်ဟု သိခဲ့ရတော့သည်။ ဤဆောင်းပါး အစပိုင်းက ပါခဲ့ပြီးသည့်အတိုင်း သူ့အမေက သူ့ကို ကယ်တင်ခဲ့လေသည်။

သံလွင်ကား သူ့ကို မဖျက်ဆီးနိုင်ခဲ့ချေ။

"သူက အရေးသမားပဲ လုပ်ချင်တာ၊ အဆိုသမား မလုပ်ချင်ဘူး၊ အဲဒီမှာ ငါလည်း ရှိစုမဲ့စုလေးတွေ စုပြီးတော့ပေါ့ကွယ်...၊ ရော့...သား... ဆိုပြီး ငွေနစ်သောင်းခွဲလား မသိဘူး... ပေးလိုက်တော့တာ၊ အဲဒါနဲ့ သူရန်ကုန်ကို တက်ခဲ့တော့တာပဲ"

မောင်သန်းထွန်းစိုး၊ မောင်ကျော်မြင့်လွင်၊ ကိုဘဲဥ၊ ကိုသျှပ် မှသည် ထူးအိမ်သင် အဖြစ် ခရီးအစပျိုးခဲ့ခြင်း ဖြစ်ပေသည်။ ထူးအိမ်သင်အကြောင်း ဤနေရာတွင် မဖော်ပြတော့ပါ။ ဘာ့ကြောင့်ဆိုတော့ သူ့နာမ ပညတ်များ မတူခဲ့သလို၊ အခြေအနေ၊ စိတ်ထားများလည်း မတူတော့၍ပင်။

'ထူးအိမ်သင်' ဟူသည်ကား ဖွဲ့သီစရာမလိုသော 'ကမ္ဘာမြေ၏ တေး'။

'ကမ္ဘာမြေ ငြိမ်းချမ်းပါစေ ပန်းပွင့်တွေ ဆုတောင်းနေ' ဟူ ၍ ဩကာသလောကကို ချစ်မက် တွယ်တာသူ ဖြစ်လေသည်။ သူသည် မည်သည့်ကာလတွင် မည်သို့ဖန်တီးရမည်၊ မည်သို့ဖြည့်ဆည်းရမည်ကို အလွန်သိသူ။

သူ့ဖခင်ကြီး ဦးထွန်းမြင့်ကတော့

"ဒီပုံက ငါကိုယ်တိုင် ရိုက်ထား၊ ကူးဆေးထားတာ၊ Contact ကူးထားတာကွာ...၊ သားသား (ထူးအိမ်သင်) ၁၃ နှစ် ၁၄ နှစ်လောက် ရှိမှာပေါ့၊ မောင်ဆု (သူ့ညီအငယ်ဆုံး မင်းဆုမွန်) က ၁၉၇၂ ခုနှစ်မှာ မွေးတာဆိုတော့ ၈ လသားလောက် ရှိပြီပေါ့။ မတ်တတ် မရပ်နိုင်သေးလို့ နောက်ကနေချီထားရတာ" ဟူ ၍



http://mmteashop.com

သူ့မိသားစု ပုံလေးကိုပြရင်း...

"ဟိုတုန်းက ပုသိမ်မှာ ဓာတ်ပုံဆရာ ဘယ်သူတွေ ရှိလဲဆိုတော့ သမဝါယမက ကိုလှမြင့်ရှိတယ်၊ 'မေအောင်' တို့အဖေ ကြေးမုံဝင်း ကိုတင်ညွန့်၊ မော်စကို ဗစ်ကားစီးတဲ့ ဝင်းချစ်ဓာတ်ပုံတိုက်က ကိုလှမောင်တို့ပဲ ရှိတာ၊ တို့ပုသိမ် 'ဗဟို' ဓာတ်ပုံတိုက်က ကင်မရာတွေဟာ ငါ့ဟာတွေချည်းပဲ။ ဗဟိုပိုင်ရှင် 'အာသာ' ဆိုရင် 'အာသာ ငါ့ကို ကင်မရာ တစ်လုံးပေးစမ်း' ဆိုရင် 'ဦးထွန်းမြင့် အဲဒီမှာ ကြိုက်တာယူသွား' ပဲ အရင်က Flash Gun သိပ်မသုံးသေးဘူးကွ"

လို့ သူရိုက်ထားတဲ့ ပုံလေးကိုကြည့်ရင်း ပြောပြရှာသည်။

"သားသားမှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်ကွာ... သူနဲ့ငါ တိုင်ပင်ထားတာ တွေရှိတယ်၊ 'မိုးဇော်ကို' ဆိုတဲ့ ဆိုင်းဆရာလေးကို သူက Notes သင်ပေးမယ်၊ မိုးဇော်ကိုက သူ့ကို ဆိုင်းဝိုင်းအကြောင်းရှင်းပြပြီး တီးပေးမယ်၊ သူတို့ အဲဒီအစီအစဉ်အတွက် ချိန်းထားကြတာ၊ ဘာမှမကြာသေးဘူး၊ သူဆုံးမယ့်နှစ်ပါပဲ"

ဖခင်တစ်ယောက်၏ ကြေကွဲခြင်းကား၊ ဣန္ဒြေရသည် ဆိုပေမယ့် ကြိတ်မှိတ်ခံစား ဖြေသိမ့်နေရခြင်းမှာမူ မသက်သာလှပါပေ။

သူတို့၏ သား၊ သူတို့၏ အစ်ကိုကြီးကား 'ထူးအိမ်သင်' အဖြစ် မိသားစုအတွက် သာမက၊ မြန်မာပြည်အတွက်၊ ထိုမှတစ်ဝ ကမ္ဘာမြေအတွက် သီချင်းများ၊ အနုပညာများ၊ နလုံးသားများစွာ အတွက် ချစ်ခြင်းအားဖြင့် ပေးဆပ်သူဖြစ်ခဲ့ပါပြီ။

"ဩော်... ဒီသားကို မွေးရကျိုးနပ်ပါတယ်ကွာ၊ ဒါပေမယ့် ဒီအချိန်ကာလက နည်းလွန်း အားကြီးပါတယ်ကွာ... လူတစ်ယောက်အတွက် အနည်းဆုံးတော့ အသက် ၅၀ လောက်နေရရင် တော်သေးတာပေါ့လေ... ခုဟာက ၄၀ ပြည့်ရုံလေး ရှိသေးတာ ပြီးတော့ ငါတို့ သူ့ကို စိတ်ကျေနပ်တဲ့အထိ မပြုစုလိုက်ရဘူး"

ဖခင်၏ အသံ တိမ်ဝင်သွားလေပြီ။

အနမ်းတစ်ခုအတွက် လွမ်းသူ့ မျက်ရည်များကား ဘယ်သူ့အတွက် ဖြစ်တော့ မည်လဲ၊



http://mmteashop.com

"ငါ နားမယ်ဆိုရင်… နားလို့ရပြီ… ငါ ပုသိမ်မှာ ခြံလေးတစ်ခြံဝယ်ပြီး ကလေးတွေကို Music သင်ပေးမယ်ကွာ" လို့ ပြောခဲ့ရှာသူကား အေးချမ်းငြိမ်းသက်စွာ သံသရာ ခရီးရှည်ကြီးကို ထွက်ခွာသွားရှာလေပြီ၊

'သံလွင်' က တရားပြ၊ တရားချတာကို လက်ခံခဲ့သူ၊ 'ငဝန်' က ထွေးပွေ့ခဲ့သူ၊

'ဧရာဝတီ' ကို တပ်မက်ခဲ့သူအတွက် သူ့စကားတစ်ခွန်းကိုပဲ ဂုဏ်ပြု ဖော်ပြလိုက်ပါရစေ။

"ငါတို့က အဆိပ်ပြင်းတဲ့၊ အန္တရာယ်ရှိတဲ့ အကောင်တစ်ကောင်နဲ့ နေရမှ အရသာရှိတာကွ၊ ဒီအကောင်၊ ဒီအရာကို တို့နိုင်နေရရင် ဘယ်လောက် အရသာရှိသလဲ" ဟူသတည်း။

သူသည် အဆုံးစွန်အထိ အကြောက်အလန့်မရှိသူ၊ အန္တရာယ်ကိုတောင် အရသာခံတတ်၊ အလုပ်ရှာတတ်သူပင် ဖြစ်ပါတော့သည်။

သိမ်းတင်သား

နရီမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၁၀)၊ (၁၁) ဇူလိုင်၊ ဩဂုတ်၊ ၂၀၀၅ ခုနှစ်။

http://mmteashop.com

# လွတ်လပ်သန့်စင်သော ချစ်ခြင်းအားဖြင့်

မြင့်မိုးအောင်

သိပ်မကြာတော့တဲ့ (၁၄ - ၈ -၂၀၀၆) ဆိုရင် ထူးအိမ်သင်ဆုံးတာ နှစ်နှစ်ပြည့်ပြီ။ ၁၃ ရက်နေ့ သောကြာညနေ ဆေးရုံတက်ရကတည်းက စိတ်ထဲမှာ စိုးရိမ်နေခဲ့တာ။ သူရော ကျွန်တော်ရော ၁၃ ဂဏန်းကို လုံးဝမကြိုက်ကြ။ မှတ်မှတ်ရရ ကိုညီထွဋ်တို့နဲ့ ငွေဆောင်ကို လိုက်သွားဖြစ်တော့ Friday 13 တစ်ရက်မှာ ကြုံခဲ့ရတဲ့ ဖြစ်ရပ်တချို့က မမေ့စရာ။ အင်ပါယာ တီးဝိုင်းရဲ့ Bass ဂစ်တာသမား ကိုဘိုမြင့် ရေနစ်လို့ မနည်းကယ်ခဲ့ရတယ်။ ပြီးခဲ့တဲ့ ညကတည်းက အိပ်နေတုန်း သူ့ခြေထောက်ကို ဆွဲချခံခဲ့ရသေးတယ်တဲ့။ နိုင်ငံခြားသား တစ်ယောက်က မနက်ကော်ဖီတစ်ခွက် သောက်ပြီးကတည်းက ငါးများ ထွက်လိုက်တာ သူ့စက်လှေစက်ပျက်နေလို့ ည ၁၀ နာရီလောက်မှ ငါးဖမ်း သင်္ဘောတစ်စင်းနဲ့ ပြန်ရောက်လာခဲ့ရ။ စောပြန်သွားတဲ့ ကိုမီးပွားတို့လည်း ကားပျက်လို့ ဒလမှာ တစ်ည အိပ်လိုက်ရ။ သူနဲ့ကျွန်တော်နဲ့ကတော့ လူသေကောင်တွေပါတဲ့ ခြောက်ခြားစရာ အိပ်မက်တွေ ခဏခဏမက်။ ကိုရွှေနဲ့ ကျွန်တော်လည်း ညဘက် အရိပ်စီးလို့ ဘုရားစာတွေရွတ်ကြရနဲ့။

ဒါပေမယ့် နောက်တစ်ရက်ပြန်လာခဲ့တဲ့ အချိန်လေးကတော့ ဘဝမှာ ပျော်ရွှင် ကြည်နူးစရာပါ။ ကားပေါ်မှာ မြန်မာပလွေသံကြားလို့ ကြည့်လိုက်တော့ တောတောင် တွေကို ငေးကြည့်ရင်း စိတ်လိုလက်ရ မှုတ်နေတာ သူ။ ပြီးတော့ ကိုညီထွဋ်ရယ်၊ ကိုမောင်မောင်လွင်ရယ်နဲ့ မြန်မာဂီတ အကြောင်းတွေ စိတ်ပါလက်ပါ ပြောဖြစ်ခဲ့ကြ။ ကျွန်တော် သတိထားမိတာက သူနောက်ဆုံး Album သွင်းမယ့် သီချင်းတွေမှာ အဲဒီ လူသုံးနည်းတဲ့ သဘာဝ တူရိယာတွေကို အဓိကသုံးချင်ခဲ့ပုံပါ။ နိုင်ငံခြားက ပြန်ရောက်လာ တိုင်းလည်း ပလွေအမျိုးမျိုး၊ ဟာမိုနီကာ၊ ပုံလေးတွေ၊ ဂစ်တာသေးသေးလေးတွေ ဝယ်လာပြီး တီးလိုက်မှုတ်လိုက် လေ့ကျင့်လိုက်။



http://mmteashop.com

သိပ်မကြာခင်မှာတော့ သူ့စိတ်ကို ရိပ်စားမိလာခဲ့ပါတယ်။ တကယ်ဆို သူဟာ နည်းပညာ တိုးတက်မှုအရ ပြောင်းလဲ ပေါ်ပေါက်လာတဲ့ Computer programming music ကို တခြားသူတွေ လေ့လာလိုက်စားတာ၊ အားပေးနှစ်သက်တဲ့ လူတစ်ယောက်ပါ။ သူကိုယ်တိုင်လည်း မြန်မာပြည်ရဲ့ ပထမဆုံး Computer programming music လက်ရာအနေနဲ့ "မြို့ပြလရောင် တမ်းချင်း" ဆိုတဲ့ Album တစ်ချပ်ကို မြတ်မြတ်နိုးနိုးနဲ့ ဖန်တီးခဲ့သူပါ။

ဒီအချိန်မှာတော့ အားလုံးက ဒီအပေါ်မှာပဲ အဓိက အားကိုးနေကြတော့ သူတစ်စုံတစ်ခုကို စိုးရိမ်သွားပုံရပါတယ်။ တူရိယာသံအားလုံးကို computer ထဲမှာ ဖန်တီးရနေတော့ တူရိယာ အသစ်တွေ၊ တူရိယာအစစ် တီးခတ်မှု ပညာတွေ တဖြည်းဖြည်းနဲ့ ကွယ်ပျောက်သွားမှာ သူစိုးရိမ် နေခဲ့ပုံပါပဲ။ ဒါကြောင့် သူနောက်ထပ် သွင်းမယ့် Album ကို အဲဒီလို တူရိယာ အစစ်တွေနဲ့ ဖန်တီးကြည့်ဖို့ သူဆုံးဖြတ်လိုက်တာပါပဲ။

လက်ရှိ ခေတ်ကာလထဲမှာ အလုပ်ဖြစ်နေတဲ့ စီးပွားဖြစ်နေတဲ့ ခေတ်စားနေတဲ့ အရာတွေကို အဆင်သင့်လက်ခံပြီး၊ အောင်မြင်မှုရအောင် လုပ်ဖို့ထက်၊ တိမ်ကော ပျောက်ကွယ်သွား နိုင်တဲ့ တခြားသူတွေကို လှည့်မကြည့်လို့ နစ်နာဆုံးရှုံးသွားနိုင်တဲ့ ဂီတလောကရဲ့ ကွက်လပ်တွေကို ပင်ပန်းဆင်းရဲခံပြီး ဖြည့်စွက်ချင်တာ သူ့ရဲ့ ဂီတအပေါ် စစ်မှန်တဲ့ ချစ်မြတ်နိုးခြင်းပါ။ အဆိုတော်တစ်ယောက် အဖြစ် လွယ်လွယ်နဲ့ ပိုက်ဆံရမယ့် စင်မြင့်ဖြေဖျော်ပွဲတွေကိုလည်း အမြဲလိုလို ငြင်းပယ်နေခဲ့ပြီး၊ စင်နောက်ကနေ မထင်မရှားနဲ့ ပုံလေး တီးလိုက်၊ ပလွေလေး မှုတ်လိုက်၊ လိုအပ်တာတွေကို ဖြည့်စွမ်းပေးချင်စိတ် အပြည့်အဝ ရှိတဲ့သူပါ။ ဂီတလောကရဲ့ အိမ်ဦးခန်းမှာ ထိုင်ပြီး စတိုင်ကျကျနဲ့ နေဖို့ထက် မီးဖိုချောင်တွေ နောက်ဖေးခန်းတွေမှာ လိုအပ်နေတာတွေကို လိုက်ရှာဖွေပြီး တာဝန်ယူ လုပ်ကိုင်ချင်တဲ့ သူတစ်ယောက်ပါ။ ဂီတဆိုတဲ့ အိမ်တစ်ခုကို စစ်စစ်မှန်မှန် ချစ်မြတ်နိုး ခဲ့တော့ အဲဒီကနေ အကျိုးအမြတ် တစ်စုံတစ်ရာရဖို့ထက် သပ်ရပ်လှတဲ့ ဂီတအိမ်ကလေး



http://mmteashop.com

ဖြစ်ဖို့ လိုအပ်တဲ့ ထောင့်ကနေ လွတ်လပ်သန့်စင်တဲ့ စိတ်ထားနဲ့ အသက်ရှင် နေထိုင်သွားခဲ့သူပါ။

ငွေဆောင်ခရီးကအပြန် ပိုပြီးပျော်ရွှင်စရာ ကောင်းခဲ့တာကတော့ ပုသိမ်မှာ ကျွန်တော်ရယ် သူရယ် ကိုရွှေရယ် ဆင်းကျန်ဖြစ်ခဲ့ကြတာပါပဲ။ ပုသိမ်ကို သူက သိပ်ပြီး သဘောကျပါတယ်။ အကြောင်းကတော့ ရိုးရိုးမြို့ကလေး ဖြစ်နေလို့ပါပဲ။ ခရီးလမ်းဆုံး မြို့ဆိုတော့ စီးပွားရေးလည်း သိပ်မထွန်းကားဘူး။ ခေတ်နဲ့အမီလည်း လျင်လျင်မြန်မြန် လိုက်ပြီး မပြောင်းလဲနိုင်ဘူး။ မြို့သူမြို့သားတွေကလည်း အေးအေးဆေးဆေးပါပဲ။ အရေးတကြီး၊ အလောတကြီး လုပ်ကိုင်စရာတွေလည်း ရန်ကုန်မြို့ကြီးမှာလို ဘာမှ သိပ်မရှိလှဘူး။ အေးအေးဆေးဆေး ပျင်းပျင်းရိရိနေလို့ရလို့ ကျွန်တော်တို့က ချစ်မြတ်နိုးရတဲ့ မြို့ကလေးပါ။ ကျွန်တော်တို့ တက်ခဲ့ဖူးတဲ့ ကောလိပ်ဖက် လျှောက်သွားကြ၊ ညဖက် ကန်သုံးဆင့် ကန်လယ်က တံတားပေါ်မှာ ပက်လက်လှန်အိပ်ပြီး ကောင်းကင်ကို ကြည့်ကြ၊ ကိုရွှေကတော့ ကျွန်တော်တို့ရဲ့ မြို့လေးဟာ ကောင်းကင်ရယ်၊ ကြယ်တွေရယ်နဲ့ နည်းနည်းပိုနီးသလိုပဲလို့ မှတ်ချက်ချတယ်။ ကျွန်တော်တို့ ရယ်ကြရသေးတယ်။ ဒီနေရာကို လွမ်းဆွတ်မိရတဲ့ အဓိကအကြောင်းကတော့ ဒီမှာ ကျွန်တော်တို့ ရှင်သန်ခဲ့ချိန်လေးတွေဟာ လွတ်လပ်သန့်စင်မှု အပြည့်အဝ ရခဲ့ကြလို့ပါပဲ။

ကဗျာတွေ ရေးမယ်၊ သီချင်းတွေ ရေးမယ်၊ ဘယ်သူ့အကြိုက်လဲ လိုက်စရာမှ မလိုဘဲ။ ငွေကြေးကြောင့်ပဲ ဖြစ်ဖြစ်၊ အောင်မြင်ကျော်ကြားမှု အတွက်ပဲဖြစ်ဖြစ်၊ ဘာအလျော်အစားမှ မရှိခဲ့တဲ့ တကယ့်ချစ်မြတ်နိုးစရာ အတိတ်ကာလလေးတွေကို သူရော၊ ကျွန်တော်ရော၊ အဲဒီမြို့လေးမှာ ပိုင်ဆိုင်ဖူးခဲ့ကြတာကြောင့် ဘဝဟာ ပိုပြီး ကျေနပ် နှစ်သိမ့်စရာ ဖြစ်ခဲ့ရတယ်လို့ ထင်ပါတယ်။

အဲဒီနောက်တော့ ထုံးစံအတိုင်း ရန်ကုန်မြို့တော်ကြီးရဲ့ စက်ယန္တယားထဲမှာ ဝက်အူစတွေ မူလီစတွေ အဖြစ်နဲ့ ကျွန်တော်တို့တစ်တွေ ပြန်လှုပ်ရှား လည်ပတ်မြဲ ဖြစ်ခဲ့ ရပြန်ပါတယ်။ သူနဲ့လဲ ကျွန်တော်မတွေ့ဖြစ်တာ တော်တော်ကြာသွားခဲ့ပါတယ်။

http://mmteashop.com

ခဏတဖြုတ်တွေ့တဲ့ အချိန်မှာတော့ သူ့ကျန်းမာရေးကို နည်းနည်း သတိထားလိုက်မိပါတယ်။

သူကတော့ ထုံးစံအတိုင်း ခေါင်းမာမာနဲ့ ဆေးခန်းမသွားဘူး။ ပိုက်ဆံရမယ့် အလွယ်တကူ ကိစ္စတွေကိုလည်း ခေါင်းမာမာနဲ့ ငြင်းပယ်မြဲ။ ကျွန်တော်ကတော့ စိတ်ညစ်တယ်သာ ညည်းနေတယ် အဲဒီအရှုပ်အထွေးတွေ ကြားထဲမှာပဲ ခေါင်းမဖော်နိုင်အောင် အလုပ်များဆဲ။ တစ်နေ့မှာတော့ ပုသိမ်ကို သူတစ်ယောက်ထဲ ပြန်သွားတယ်ဆိုတဲ့သတင်းကို ကြားလိုက်ရပါတယ်။ ဒါသူရဲ့ဘဝမှာ နောက်ဆုံးအကြိမ် ပုသိမ်ကိုပြန်ခွင့်ရခြင်းပါပဲ။

သူဆုံးပြီး အတော်ကြာမှပဲ အဲဒီ ပုသိမ်ကို နောက်ဆုံး တစ်ခေါက် သူရောက်ခဲ့တုန်းက အကြောင်းတွေကို သူငယ်ချင်းတွေဆီက ပြန်သိလိုက်ရပါတယ်။ ညဦးပိုင်းမှာတော့ ဘီယာဆိုင်မှာ သူငယ်ချင်းတွေနဲ့ စားသောက်စကားပြောပြီး ညနက်ပိုင်းမှာ သူတစ်ယောက်တည်း သူငယ်ချင်းတွေ ဆီကနေ ထွက်သွားခဲ့တယ်။ နောက်မှ ပြန်သိရတာက ပုသိမ်ကောလိပ် အဆောင်တွေနားက တာလမ်းမကြီးဆီ သူလျှောက်သွားခဲ့တယ်။ သူကျောင်းတက်တုန်းက သွားခဲ့ဖူးတဲ့ လက်ဖက်ရည်ဆိုင် အရက်ဆိုင်တွေရှိတဲ့ သူညဘက် သူငယ်ချင်းတွေနဲ့ ဂစ်တာတီးခဲ့ဖူးတဲ့ နေရာတွေပေါ့။ အဆောင်တွေရှေ့နဲ့ လမ်းဘေး နားတွေမှာတော့ ဂစ်တာဝိုင်းလေးတွေ အများကြီးရှိနေဆဲပါပဲ။ သူကတော့ အဲဒီညအမှောင်ထဲမှာ လျှောက်သွားရင် ဂစ်တာဝိုင်းလေးတွေမှာ ရောထိုင်၊ သီချင်းတစ်ပုဒ်လောက် ဆိုခွင့်တောင်းပြီး၊ ဂစ်တာတီး သီချင်းဆိုလိုက်၊ နောက်တစ်ဝိုင်းရောက် တစ်ခါဆိုလိုက်၊ တီးလိုက်နဲ့ တစ်ညလုံး အချိန်ကုန်သွားခဲ့ပါတယ်။ အရင်တုန်းက ဘဝလေးကို ပြန်ရသွားပြီလို့များ မူးမူးနဲ့ သူကျေနပ်သွားသေးသလား။ ဒါမှမဟုတ် သူလွတ်လပ် သန့်စင်စွာ ချစ်မြတ်နိုးခဲ့တဲ့ ဂီတနဲ့ ကဗျာမြေကို လွတ်လပ်သန့်စင်စွာ နောက်ဆုံး နှုတ်ဆက်သွားတာများလား။ အဲဒီညလေးက ကျွန်တော်တို့ကို ပြောပြသွားခဲ့ပါတယ်။

မြင့်မိုးအောင် - ချယ်ရီမဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၀၆



http://mmteashop.com

# မြစ်တစ်စင်းရဲ့ ခေတ်ပြိုင်ခံစားမှု

ပေရယ်ဆိုးငြိယ်

(၁)

ကောင်မလေးငယ်။

မင်း နားထောင်ခဲ့ဖူးလိမ့်မယ်။ တစ်ချိန်ချိန်မှာ၊ တစ်နေရာရာကနေ ဧရာဝတီရဲ့ ငိုညည်းသံတွေ၊ လှိုင်းခတ်သံတွေ၊ ရေစီးသံတွေ၊ အဲဒီ မဟာဂီတတွေကို မင်းနားထောင်ခဲ့ဖူးလိမ့်မယ်။

ဟိုးမှာ ရိုးမတို့ရဲ့ ချစ်ခြင်း၊ မိုးခေါင်တောင်တန်းနဲ့ မှိုင်းညို့သစ်တောတွေရဲ့ ကရုဏာ၊ သည်မှာ မြေပြန့်လွင်ပြင်နဲ့ မြစ်ဝကျွန်းပေါ်ရဲ့ ကြီးမြတ်တဲ့ ကဗျာတစ်ပုဒ်ဟာ ငါတို့ရဲ့ မြစ်မင်းဧရာဝတီပါပဲ ကောင်မလေးရေ ...

အင်္ဂလိပ်ကဗျာဆရာ Tennyson ရဲ့ The Brook ဆိုတဲ့ ကဗျာထဲကလိုပဲ။ ဧရာဝတီကလည်း ဒီလိုပါပဲနော်။

For men may come and may go,

But I go on forever တဲ့။

အဲဒီ ဧရာဝတီ၊ ငါတို့ရဲ့ဧရာဝတီ၊ ကဗျာတွေဖွဲ့ကြ၊ စာတွေဖွဲ့ကြ သီချင်းတွေဖွဲ့ကြတဲ့ တို့များရဲ့ ဧရာဝတီ၊ ဧရာဝတီဟာ တို့အနုပညာရဲ့ မဟာသီချင်းတွေ။ မဟာဂီတတွေနဲ့ ထုံမွှမ်းတဲ့မြစ်။ ဒါ ဧရာဝတီပဲလေ။

(၂)

ကောင်မလေးငယ်ရေ။

ညတုန်းက "ထူးအိမ်သင်" ရဲ့ "ရာဇဝင်များရဲ့ သတို့သမီး" ကိုနားထောင်ခဲ့ရတယ်။ မနေ့တုန်းကတော့ ဆရာ "ဗန်းမော်တင်အောင်" ရဲ့ "မြစ်ရေပေါ်ဝယ်" ကို



http://mmteashop.com

ပြန်ဖတ်ဖြစ်ခဲ့တယ်။ ဒီနေ့တော့ "ခင်ဝမ်း" ရဲ့ "ရောဝတီ" ကိုလည်း ပြန်နားထောင်မိပြန်ပြီကွယ်။

ရာစုနှစ်တွေရဲ့ အစောပိုင်း အစဦးကတည်းက စီးဆင်းညည်းရှည်၊ လွမ်းချင်းဝေခဲ့တဲ့ ခင်ဝမ်းရဲ့ "ပြည်မှာဆောင်း" အခွေ၊ အဲဒါ ညည်းမှတ်မိဦးမှာပါနော်။

ပြည်မြို့ကို ဖြတ်သွားတဲ့အခါ ရောဝတီ ရေအလျဉ်ဟာ ခင်ဝမ်းအတွက် ရင်ခုန်စရာ ဖြစ်ခဲ့ပြီ။ ခင်ဝမ်းက ဒီလိုရေးသီ ဒီလိုဟစ်ကြွေးလို့ ဒီလို ခေတ်ပြိုင်မြစ်တစ်စင်း၊ အစဉ်အလာ မဟာမြစ်မင်းရဲ့ ဂီတကို ဖွဲ့ခဲ့ပြီ။

ဒီလိုလေ။

"တိမ်တိုက်တွေရဲ့အဆုံး အနောက်ဘက်က အဝေး
မိုးကုတ်စက်ဝိုင်းတစ်နေရာ
နေရောင်အချို့ရှိနေသေးရဲ့
မြူတွေဆိုင်းနေတဲ့ ရခိုင်ရိုးမရဲ့ အရိပ်
ဟိုဘက်ကမ်း မြစ်ခြေရိုးမှာ မှောင်မိုက်နေပြီ
အေးမြတဲ့ မြောက်လေကြောင်းကို ဆန်ပြီးပြန်တက်ခဲ့တဲ့ ငှက်ကလေးတွေ
အလင်းရောင်က မရှိမဲ့ ရှိမဲ့ ခရီးဝေးကို ပျံသန်းခဲ့ရလို့
ပင်ပန်းခဲ့ပြီလား
ခရီးဖော် အပေါင်းအသင်းတွေ မိုးမချုပ်မီ အိမ်ကို ပြန်ခဲ့ပြီ
ရောဝတီ ရောဝတီ ရောဝတီ"

မင်းပြန်ကြားယောင်၊ မင်းနားထောင်နော်၊ ခင်ဝမ်းရဲ့ ရောဝတီ၊ ငါတို့ ပြန်လွမ်းကြရမည်။

ကောင်မလေးရေ။ ကဗျာဆရာတွေကလည်း ရောဝတီကို ဖွဲ့ခဲ့ကြပြီပဲ မဟုတ်လား။ လှပတဲ့ ရောဝတီနဲ့ ကဗျာတွေ၊ တို့စာပေမှာ ပွင့်ထွန်းဖူးခဲ့ပြီပဲ။

"အို ရောဝတီ
အောင်စည်ဆော်လော့



http://mmteashop.com

ပြန်တော်ဝင်ခန်း ရောက်ချေပြီ” တဲ့။

“အို ဘယ့်ဘယ် အို ဘယ့် ရောဝတီ

သင်သည် စီးဆင်း၊ တို့ရင်တွင်းမှာ

မြင်းခွာဖြောင်းဖြောင်း၊

ဖုန်တထောင်းထောင်းနှင့်

စစ်မောင်းဟီးမြည် တပ်ကြီးချီလော့

နီနီရဲရဲ သင့်အသည်းကို

မခွဲတုံလော ခွဲတုံလော” တဲ့။

“အို ရောဝတီ

နေဝန်းနီ

သင်သည်နီးထ၊ ပင်လယ်ဝသို့

ရိုးမကဆင်း၊ ရွှေဘိုမြင်းလို

အတင်းဒုန်းစိုင်းပါလေလော့” တဲ့။

“အားလုံးပြည်သူ လူထုအထဲ

ရဲဘော်မသေ၊ ကြယ်ကြွေဘူး

ရောဝတီကတော့ စီးမြဲပင်” တဲ့။

ရောဝတီကတော့ စီးမြဲပါ ကောင်မလေးငယ်။

ခင်ဝမ်းရင်ထဲက လှိုက်လှိုက်လှဲလှဲစီးဆင်း။ ကြေကြေကွဲကွဲ လှပနေတဲ့ ရောဝတီရဲ့ သီချင်းကတော့ . . .

“တည်ငြိမ်တဲ့ သူ့ရဲ့ရေအလျဉ်

ရင့်ကျက်တဲ့ ရေပြင်

ကြည့်လိုက်စမ်းပါ

ခမ်းနားတဲ့ သူ့ရဲ့အသွင်



http://mmteashop.com

မဟာ သဘာဝအရှင်
ရောဝတီ ရောဝတီ
မှိုင်းညို့တဲ့ အေးမြခြင်း
လောကရဲ့ မိုးကောင်းကင် တစ်နေရာမှာ
နွေကြယ်ကလေး လင်းလက်နေခဲ့
အပြာရောင် လွှမ်းနေတဲ့ နွေညရဲ့အောက်
တစ်ကိုယ်တော် ခရီးထွက်ဖို့
မြစ်မင်းက ခရီးဆက်ခဲ့ပြီ”
‘မြစ်မင်းဟာ
ခရီးဆက်ခဲ့ပြီပဲ
ညီမလေးရေ’

Robert Frost ရဲ့ Storing by wood a snowy Evening ဆိုတဲ့ ကဗျာထဲကလိုပေါ့။

The woods are lovely, dark and deep.But I have promise to keep,And miles to go before I sleep.

သစ်အုပ်တို့ကား
ချစ်ဖွယ်မှောင်မိုက် နက်ရှိုင်းကာ
ငါ့ဝယ် ကတိများစောင့်ထိန်းရာ
မအိပ်စက်မီ မိုက်များစွာ . . . ။

ထူးအိမ်သင်၏ လက်ရေးမူ

ခင်ဝမ်းရဲ့ ဝေဒနာဟာ တို့ရဲ့ ဝေဒနာပါပဲကွယ်။ ခင်ဝမ်းခေတ်ပြိုင်ထဲမှာ လူဖြစ်လာကြတဲ့ မျိုးဆက်သစ် လူငယ်တွေ၊ အဲဒီ လူငယ်တွေဟာ ဆရာ ဇန်းမော်တင်အောင်ရဲ့ “မြစ်ရောပေါ်ဝယ်” ကိုလည်း ခံစားပြန်ဖတ်ကြရမှာပေါ့နော်။

http://mmteashop.com

"မြစ်ရောပေါ်ဝယ်" ဝတ္ထုထဲမှာ ဆရာဇန်းမော် ဖွဲ့ပြခဲ့တဲ့ ရောဝတီရဲ့ ရုပ်ပုံလွှာက ရသမြောက်လွန်းလှပါတယ်။

ပြည်မြို့တစ်ဖက်ကမ်း တောင်ညိုတန်းတွေ အပေါ်ကနေ အောက်ကို ငုံ့ကြည့်လိုက်တဲ့ အခါ။

မြစ်မင်းရောဝတီရဲ့ မဟာကျေးဇူးတွေကို ကြည့်မြင်လာရတယ်တဲ့။ ရောဝတီက ထမ်းပိုးသယ်ဆောင်လာခဲ့တဲ့ သမိုင်းရဲ့တာဝန်တွေကလည်း ပထမ မြန်မာနိုင်ငံတော်ကို အနော်ရထာနဲ့ ကျန်စစ်သားတို့ မတည်ထောင်မီကတည်းက ပါပဲနော်။

ရောဝတီရဲ့ ပုခုံးသား နှစ်ဖက်ပေါ်မှာ ရောဝတီရဲ့ နှလုံးသားထက်မှာ ငါတို့ရဲ့ ရှေးက လူတွေ တည်ဆောက်ခဲ့ကြတဲ့ တစ်ခါတစ်ရံ စစ်မက်ဖြစ်ပွား၊ တစ်ခါတစ်ရံ ရဲရင့်၊ တစ်ခါတစ်ရံကြေကွဲ၊ အဲဒီ ပထမ မြန်မာနိုင်ငံတော်မှသည် လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး။

နယ်ချဲ့ရဲ့ဓားကို ထောင်ထားခဲ့ဖူးသည်လည်း ရောဝတီ။

ဖက်ဆစ်ဂျပန်တွေကို မောင်းထုတ်ခဲ့ဖူးသည်လည်း ရောဝတီ။

၁၉၄၈ ခုနှစ်မှာ အမျိုးသားနိုင်ငံတော်သစ်ရဲ့ လွတ်လပ်ရေးကို ကြွေးကြော်ဖူးသည်လည်း ရောဝတီ။

"ရောဝတီ
ရောဝတီ ရောဝတီ
မည်သို့ပင်ဖြစ်စေ
ချစ်နေသေးသည်
သခင်ကိုယ်တော်မှိုင်း
ဒဂုန်တာရာတိုင်းပြည်
ရောဝတီပါပဲကွယ်။
ရောဝတီ
မြစ်မင်းရောဝတီ
မဟာမြစ်မင်း ရောဝတီ



http://mmteashop.com

ဗန်းမော်တင်အောင်
ရင်ထဲက ရောဝတီ
ခင်ဝမ်းဖွဲ့သီ
တပြိမ့်ပြိမ့် ရောဝတီ
ရောဝတီ
အိုဘယ့် ဘယ် အိုဘယ့် ရောဝတီ ”

(၄)

မင်းရင်ထဲမှာ အမျိုးသား နိုင်ငံတော် ရှိတယ်။

ကောင်မလေးရေ၊ မင်းရင်ထဲမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေး တိုက်ပွဲတွေ ရှိမယ်။

ညီမလေးရေ၊ အမျိုးသား နိုင်ငံတော် အလှခေတ်ဦးကို မင်းချစ်ရင် တို့အားလုံးရဲ့ အသည်းနှလုံး မီးလျှံတွေကို ရေစင်သွန်းဖျန်းပေးမယ့် ဟောဒီ ရောဝတီရဲ့ကာချင်းရှည် မင်းခံစား နားထောင်ပါဦးလေ။

“ရာဇဝင်များရဲ့ သတို့သမီး
ရာဇဝင်များရဲ့ထူးအိမ်သင်
ရာဇဝင်များရဲ့ သတို့သမီး ”

ကောင်မလေးငယ်။ မင်းနားထောင်ခဲ့မယ်၊ မင်းရင်ခုန်ခဲ့မယ်။

ခင်ဝမ်းရဲ့ ၈၀ ခုနှစ်အစက ရောဝတီ။ ထူးအိမ်သင်ရဲ့ ၉၀ ခုနှစ်အစက ရောဝတီ။ ခင်ဝမ်း ရောဝတီ လှိုင်းသံက မဟာဆန်သည်။ ကာရန်ပန်းချီ။

ထူးအိမ်သင် ရောဝတီ လှိုင်းသံက မုန်တိုင်းထန်သည်။ အရိုင်းမယ်လိုဒီ။

၈၀ ခုနှစ်နဲ့ ၉၀ ခုနှစ် ရောဝတီရင်ခုန်သံ သီဝရီ မတူတော့ပြီ။ ခေတ်ချင်းမတူလို့ ရင်ခုန်သံများလည်း မတူနိုင်တော့။



http://mmteashop.com

ခင်ဝမ်းက ဂစ်တာကြိုးပေါ်မှာ ရောဝတီကို ညှိယူတယ်။ ထူးအိမ်သင်က ရောဝတီကို ဂစ်တာအိုးထဲ ထည့်တယ်။ ဘာပဲဖြစ်ဖြစ် မနေ့ကခေတ်နဲ့ ဒီနေ့ခေတ် ရစ်သမ်အတိုင်းသာ ရောဝတီဟာ လှိုင်းခတ်နိုင်ရှာပေလိမ့်မယ်။

ခင်ဝမ်းပြီးတော့။

ပုဂံရဲ့ညတစ်ညမှာ လရောင်က ထူးအိမ်သင်ကို ကဗျာစပ်ခဲ့ပြီ။ ကြီးကျယ်ခမ်းနား မြင့်မြတ်တဲ့လောကကြီးက ထူးအိမ်သင်ကို တေးသွားဖွဲ့ခဲ့ပြီ။ ဟောဒီလို။

"ကွယ်လွန်ပြီးသော အိပ်မက်များ
ထာဝစဉ်လှဲလျောင်းအိပ်စက်ရာ
အိန္ဒြေကြီးမားလွန်းတဲ့ ဒီမြေမှာ တို့ရဲ့သွေးတွေ ..
ဖြတ်သန်းရင်းနဲ့စီးဆင်း
သူဟာ ရာဇဝင်များရဲ့ လျှို့ဝှက်ချက်တို့ သိမ်းဆည်းထား
ရောဝတီ
ရှေးအတိပြီးသော မြို့ပြများ
အစဉ်လာ ကြီးမားခဲ့ကြရာ
ရာဇဝင်ဟောင်းရဲ့အမှတ်တရ
ဒီမြေဟာ တို့ရဲ့အမိမြေ
ယဉ်ကျေးမှုရဲ့နှလုံးသား
ရှင်သန်စေသူ တန်ခိုးရှင်
အခမ်းနားဆုံးသော သက်ရှိကဗျာ
ရောဝတီ
ရှင်သန်စေသူ တန်ခိုးရှင်
အခမ်းနားဆုံးသော သက်ရှိကဗျာ
ရောဝတီ ....

http://mmteashop.com

ငါတို့လွမ်းဖို့ ခေတ်များစွာဟာ ထူးအိမ်သင်အတွက် ကဗျာပါကွယ်။ ထူးအိမ်သင် လွမ်းတဲ့ခေတ်များစွာဟာလည်း ငါတို့အတွက် မဟာဂီတပါပဲနော်။

'ရာဇဝင်များရဲ့ သတို့သမီး

ငါတို့ရဲ့မိခင် ရောဝတီ

ရာဇဝင်များရဲ့ သတို့သမီး

ငါတို့ရဲ့ဝိညာဉ် ရောဝတီ

ငါတို့ရဲ့ဝိညာဉ် ရောဝတီ'

(၅)

ချစ်တဲ့ ကောင်မလေးရေ။

ကဗျာထဲက ရောဝတီကို ငါတို့ရှာလို့တွေ့ကြပြီပဲ။ ထူးအိမ်သင် ကိုယ်နှိုက်က ကဗျာပါပဲနော်။ သူ့ကဗျာကို နားထောင်နေကြမယ့် လူငယ်သစ်တွေရင်ထဲ

"ရောဝတီဟာ အက်ပစ်ကဗျာ။

ရောဝတီဟာ မဟာတမ်းချင်း

အလင်းထွန်းသစ်

မော်ကွန်းတေးသံ"

တို့ကဗျာတွေရဲ့ ခေတ်ပြိုင်ခံစားပုံ၊ မြို့ပြအာရုံခံစားမှု၊ လူထု ရင်ခုန်သံတွေ၊ "ရောဝတီ" က ကိုယ်စားပြုခဲ့ပြီပဲလေ။

"အို ရောဝတီ

သင်သည် မုန်တိုင်း၊ ဖက်ဆစ်ရိုင်းကို

ပိုင်းပိုင်းချိုးဖြတ် သတ်ပါလော့။

အို ရောဝတီ

သင်သည် မီးတောင်၊ ကွဲပေါက်လောင်၍

အမှောင်အုတ်ရိုး ချိုးပါလော့။



http://mmteashop.com

အို ရောဝတီ
သင်သည်မြူးတံ၊ လေကိုဆန်၍
ဖောက်ပြန်သူကို ပစ်ပါလော့။
အို ရောဝတီ
သင်သည် ရင်ခုန်၊ ဟစ်ကြွေးတုံတော့
ဝတ်ရုံခွာချ၊ တိုက်ပွဲစလော့
ဗမာ့သမိုင်း တို့သမိုင်းကား
မရိုင်းကောင်းလော ရိုင်းကောင်းလော”
တို့သမိုင်းဟာ မြင့်ရှည်ခဲ့ပြီ ညီမလေးငယ်။
“အို ဘယ့်ဘယ် အိုဘယ့် ရောဝတီ
သင်သည် စီးဆင်း တို့ရင်တွင်းမှာ
နှင်းဆီပွင့်တွေ၊ သည်းသည်းခြွေပြီ
ကြွေလည်းရဲရဲ၊ ဝေရဲရဲမို့
နီနီရဲရဲ သင့်အသည်းကို”

ဟောဒီမှာ မင်းပြန်ကြားယောင်၊ မင်းနားထောင်နော်၊ အောင်ပွဲတကာရဲ့ ကဗျာတစ်ပုဒ်၊ ထူးအိမ်သင် ရင်ထဲက ရောဝတီရဲ့ ရုပ်ပုံလွှာ ဟောဒီမှာ။

‘ပိုင်ဆိုင်မှုအတွက် စစ်မက်များ
ရင်ဆိုင်တိုက်ခိုက်ခဲ့ကြရာ
ဂန္ထဝင်မြောက်တဲ့ အချစ်နဲ့
ကာကွယ်သူ ငါတို့ရဲ့ဓားတွေ
သူရဲကောင်းတို့မွေးဖွား
ဒါဟာ ... ငါတို့ သမိုင်းရဲ့ ...
တောက်ပခဲ့တဲ့ နေ့ရက်များ
ရောဝတီ



http://mmteashop.com

ရာဇဝင်ရဲ့ သချိုင်းရာ ရာဇဝင်တို့ မွေးဖွားရာ
ရွှေရောင်နေ့သစ်များ အတွက်
ရင်ခုန်သူတို့ရဲ့သီချင်းတွေ
စိုပြည်စိမ်းလန်းရေး (ထာဝရငြိမ်းချမ်းရေး) အတွက်
ယုံကြည်သူတွေအသက်နဲ့
ထုဆစ်ခဲ့တဲ့အိမ်မက်များ
ရောဝတီ"
"ရာဇဝင် သတို့သမီး … ငါတို့ရဲ့မိခင်
ငါတို့ရဲ့ဝိညာဉ်
ရောဝတီ"

(၆)

ညီမလေးရေ
"ဇန်းမော်တင်အောင်ကစ
ခင်ဝမ်း နဲ့ထူးအိမ်သင်အဆုံး
အားလုံးဟာ ရောဝတီရဲ့နှလုံးသား
တစ်ခုတည်းဖြစ်တယ်လေ။
ခင်ဝမ်း
စီးဆင်းလင်းစေခဲ့ပြီ ရောဝတီ
ထူးအိမ်သင်
စီးဆင်းလင်းစေခဲ့ပြီ ရောဝတီ
မေခ၊ မလိခ
ပင်မရေစီး
ရှေ့ခရီးမှာ



http://mmteashop.com

စည်းရုံး စုစည်းကာနေ
စည်းရုံး စုစည်းကာနေ
ရောဝတီရေ ”။

ပေရယ်ဆိုးငြယ်
ဒီရေစီးသံ မဂ္ဂဇင်း ၁၉၉၁။




http://mmteashop.com

# ထူးအိမ်သင် အမှတ်တရ စီးတီးအက်ဖ်အမ်မှ ထုတ်လွှင့်မှုများ

ကျွန်တော်တို့ နားထောင်ဖို့ ကျွန်တော်တို့ ဟစ်ကြွေးသီဆိုဖို့ ကမ္ဘာမြေပေါ်ကို သီချင်းတွေ ကျဲဖြန့်လို့ ထွန်ယက် စိုက်ပျိုးခဲ့သူ၊ ခေတ်တစ်ခေတ်ရဲ့ အနုပညာရှင် အစစ်ဖြစ်ခဲ့သူ၊ သူ့သီချင်းတွေနဲ့ ကျွန်တော်တို့ စိတ်ဓာတ်တွေ ခိုင်ခံ့ခဲ့၊ အားအင်တွေ ဖွံ့ဖြိုးခဲ့၊ အတွေးအမြင်တွေ လင်းပွင့်ခဲ့၊ ဘဝလမ်းကြောင်းတွေ ဖြောင့်ဖြူးခဲ့၊ အနုပညာကို နှစ်သက်မြတ်နိုး သူတိုင်း ချစ်ခင်ကြတဲ့ ကိုငှက်အတွက် ကျွန်တော်တို့ လုပ်ပေးနိုင်တာ လေးပါ။

## စီးတီးအက်ဖ်အမ်

၂၀၀၄ခု ဇူလိုင်မှစ၍ သီရိသန္တာမီဒီယာမှ ထုတ်ဝေတင်ဆက်လျက် ရှိသည့် EMPEROR မဂ္ဂဇင်းသည် အမျိုးသား သီးသန့် မဂ္ဂဇင်း ဖြစ်သည့်အလျောက် လစဉ် EMPEROR ၏ EMPEROR များအဖြစ် ရုပ်ရှင်၊ ဂီတ၊ အားကစားနှင့် အခြားနယ်ပယ် အသီးသီးမှ နာမည် ကျော်ကြားပုဂ္ဂိုလ်များကို Cover Men အဖြစ် ရွေးချယ်တင်ပြခဲ့သည်မှာ ယခုဆိုလျှင် ပဥ္စမမြောက်လသို့ တိုင်ခဲ့ပါပြီ။ သို့သော်လည်း EMPEROR နံပါတ် ၅ ကို အဆိုတော် ကိုထူးအိမ်သင် မျက်နှာဖုံးဖြင့် ထွက်ရှိမည်ဟု အယ်ဒီတာ အဖွဲ့မှ ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ဆဲမှာပဲ ကိုထူးအိမ်သင်ဆိုသော ကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ရပါသည်။ မည်သို့ပင်ဖြစ်စေ မူလဆုံးဖြတ်ချက်အတိုင်း ဂီတမှတ်တိုင်ကို ခိုင်ခိုင်မာမာ စိုက်ထူ နိုင်ခဲ့သည့် "ကိုထူးအိမ်သင်" ကို EMPEROR ၏ EMPEROR အဖြစ် တင်ဆက် လိုက်ပါသည်။ ကိုထူးအိမ်သင်ကို ချစ်သော ပရိသတ်များ တစ်စုံတစ်ရာ ကျေနပ်မှု ရှိလိမ့်မည် မျှော်လင့်ရင်းဖြင့် ကိုထူးအိမ်သင် ကွယ်လွန်ခြင်း အတွက် အထူး ကြေကွဲ ဝမ်းနည်းမိရပါကြောင်း မှတ်တမ်း ပြုလျှက်



http://mmteashop.com

http://mmteashop.com

## အယ်ဒီတာအဖွဲ့
## EMPEROR မဂ္ဂဇင်း
## မောင်သစ်မင်း နှင့်

တေးရေးဆရာ မောင်သစ်မင်းအနေနဲ့ ကိုထူးအိမ်သင်ကို စတင်သိရှိခဲ့ပုံလေး အရင်ဦးဆုံး ပြောပြပေးစေချင်ပါတယ်။

၁၉၈၆ ခုနှစ်လောက်က သူသွင်းထားတဲ့ ခွေကြမ်းလေးကို ဂန္ဓမာ တေးသံသွင်းက ကိုဇော်သစ်တို့ ကျော်မိုးအောင်တို့က ပေးတာနဲ့ နားထောင်ဖြစ်တယ်။ တစ်ပတ်လောက် အကြာ အိုအေစစ်စတူဒီယိုမှာ ကျော်မြင့်လွင်ပါ ဆိုပြီး မိတ်ဆက်ပါတယ်။ အဲ့ဒီမှာ လူချင်း စသိခဲ့တယ်။

အခုလို တေးရေး တေးဆို ကိုထူးအိမ်သင်လို အနုပညာရှင်တစ်ဦး ဆုံးရှုံးသွားတဲ့ အတွက် ဆရာ့ရဲ့ ခံစားချက်ကို ပြောပြပေးပါဦး။

သူ့ကို ဆုံးရှုံးရတာကို ကိုယ်တို့ ဂီတလောကအတွက် အကြီးအကျယ် ဆုံးရှုံးမှု တစ်ခုပါပဲ။ ကိုယ်ပိုင်သံစဉ် သီချင်းတွေ ထွန်းပြောင် တောက်ပလာအောင် ဖန်တီး နိုင်တဲ့ ထူးအိမ်သင် ကွယ်လွန်မှုဟာ ဘာနဲ့မှ အစားထိုးလို့မရအောင် ကွက်လပ်ကြီး တစ်ခုဖြစ်ခဲ့ရတယ်။ သူ့ကို ကျွန်တော်တို့ တန်ဖိုးထားကြတယ်။ အခုလို ဖန်တီးနိုင်မှု စွမ်းအားရှိတဲ့သူ ငယ်ငယ်ရွယ်ရွယ်နဲ့ ကြွေလွင့်သွားရတာကို နမြောတမ်းတနေကြရတယ်။ သူလိုလူမျိုး နောက်တစ်ယောက် ပေါ်ထွက်လာဖို့ ဘယ်လောက် အချိန်ကြာကြာ စောင့်ရဦးမယ်ဆိုတာ မသိဘူး။

ကိုထူးအိမ်သင်နဲ့ ပတ်သက်တဲ့ ဆရာ့ရဲ့ ရင်ထဲက အမှတ်တရ ဖြစ်ရပ်ကလေး၊ ဒါမှမဟုတ် သီချင်း၊ တစ်ခုခု ပြောပြပေးစေချင်ပါတယ်။

သူကတော့ ကိုယ်တို့ ဂီတလောကမှာဆိုရင် ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုတဲ့ အနုပညာရှင်က အနည်းအကျဉ်းလောက်ပဲ ပေါ်ထွက်ခဲ့တာထဲမှာ ကွဲပြားခြားနားတဲ့ ကိုယ်ပိုင်ဟန် တစ်ခုနဲ့ သီးခြားပေါ်ထွက်လာပြီး ပြောင်မြောက်တဲ့ ပါရမီရှင် တစ်ဦးလို့ ဆိုချင်တယ်။ ကိုယ်ပိုင်သံစဉ် တေးသီချင်းတွေရဲ့ လားရာကို အသွင်တစ်မျိုးနဲ့ ကူးပြောင်း

မြှင့်တင်ပေးနိုင်ခဲ့သူ ဖြစ်တယ်။ အဲ ... တစ်ခါက အမေသီချင်းတွေ ပြန်ဆိုတော့ အမေ(သို့မဟုတ်) မေတ္တာတော်လား မသိဘူး။ အဲဒီခွေထဲမှာ ကိုယ်ရေးတဲ့ ကိုယ်ပိုင်သံစဉ်လေး တစ်ပုဒ် သူဆိုတယ်။ "ကြွေးဟောင်းဆပ်ခွင့်ပြုပါ" ဆိုတဲ့ သီချင်း သူဆိုတာ တော်တော် သဘောကျပါတယ်။ နောက်တော့ ကိုယ့်ရဲ့ အသက်ငါးဆယ်ပြည့်နှစ် ရွှေရတု မွေးနေ့ အထိမ်းအမှတ် ဆိုပြီး အယ်လ်ဘမ်လေး နှစ်ခုဖြစ်တဲ့ "တေးမြုံ့ငှက် နှစ်ငါးဆယ်" မှာ သူ့ကို သီချင်းတစ်ပုဒ် ဆိုပေးဖို့ အကူအညီ တောင်းလိုက်တယ်။ အရင်တုန်းက ကိုသန်းနိုင် ဆိုထားတဲ့ "သီချင်းများနဲ့လူ" အဲဒါကို နားထောင်ပြီး ချက်ချင်း ကြိုက်သွားတယ်။ ကျွန်တော် ဆိုမယ်တဲ့၊ အဲဒီကနေ တေးမြုံ့ငှက် (၁) ထဲမှာ အဲဒီသီချင်းလေးပါတယ်။ တော်တော်လေး ကောင်းတယ်။ ကိုယ်လည်း တော်တော် ကျေနပ်ပါတယ်။ အဲဒီ သီချင်းကို သူဆိုထားတာ။

ကိုထူးအိမ်သင်နဲ့ ပတ်သက်တဲ့ ဆရာ့ရင်ထဲက အမှတ်တရ စကားလေး ပြောပြပေးပါလား။

အမှတ်တရဆိုတော့ အဲဒီ တေးမြုံ့ငှက် နှစ်ငါးဆယ်ပြည့်တုန်းက PTL Studio မှာ Key လာချိန်တော့ စကားတွေ ပြောဖြစ်ကြတယ်ပေါ့နော်။ ဒီလိုပဲ ဂီတ အကြောင်းကို ပြောကြရင်းနဲ့ လုစ်ခနဲ တစ်ခုပြောတယ်။ အဲဒါကတော့ ဘယ်တော့မှ မမေ့ဘူး။ "ကျွန်တော် သေရင်တဲ့ ကျွန်တော့်ရဲ့ အုတ်ဂူလေးမှာ "ဝေးသွားတဲ့အခါ" ဆိုတဲ့ သီချင်းခေါင်းစဉ်လေးနဲ့ စာသားလေးတွေကို ပတ်ကား Notes နဲ့ ရေးပေးပါတဲ့။ ကိုယ် ဖျတ်ခနဲ သူ့မျက်နှာကို ဖမ်းကြည့် လိုက်တော့ အဲဒီနားမှာ သုံးလေးငါးယောက်ရှိတယ်။ သူကတော့ အမှတ်တမဲ့ပဲလား၊ ဘယ်လိုလဲတော့ မသိဘူး၊ ကိုယ့်ရင်ထဲမှာ ဘယ်တော့မှ မမေ့နိုင်ဘူး၊ အခုချိန်ထိလည်း ခံစားရတုန်းပဲ။

ပရိသတ်ကို သီးခြား ပြောချင်တာလေးများ ရှိရင်လည်း ပြောပေးပါဦး။

အထွေအထူးတော့ မရှိပါဘူး။ အခုလောလောဆယ်မှာတော့ ထူးအိမ်သင် ဆုံးရှုံးရတာနဲ့ပဲ စိတ်မှာ တော်တော် ထိခိုက် ကြေကွဲနေရတယ်လို့ပဲ ပြောချင်ပါတယ်။

http://mmteashop.com

## ဝင်းမင်းထွေး နှင့်

ဆရာဝင်းမင်းထွေး တစ်ကိုယ်တော် ရေးခဲ့တဲ့ "အရင်အတိုင်း" အယ်လ်ဘမ်မှာ လက်တွဲ လှုပ်ရှားခဲ့ချိန်လေးကို အမှတ်တရ ပြောပြပေးစေချင်ပါတယ်။

ကိုယ်က အစကတည်းက စကားလုံးသမားဆိုတော့ ငှက်ကြီးပေါ့နော်။ သူကတော့ ကိုယ့်ထက် ၉ နှစ်ငယ်တယ်။ ဆရာ ဒဂုန်တာရာ စကားနဲ့ ပြောရရင် ငါးနှစ်မှာ ဂျင်နရေးရှင်း တစ်ခုပေါ့နော်။ မျိုးဆက် နှစ်ခုလောက် ငယ်တာပေါ့။ အတွေးအခေါ် အရ အယူအဆအရတော့ လောကအမြင်တွေ တော်တော် တူကြတာကိုး။ နောက်တစ်ခုက သူက အနုပညာကို စတင် လှုပ်ရှားတာက လူတော်တော်များများ သိပ်မသိလိုက်တဲ့ ကဗျာလေ။ "လင်းထက်" ဆိုတဲ့ နာမည်နဲ့ ရှုမဝမှာ ကဗျာရေးဖို့ ကြိုးစားနေတဲ့ အချိန်မှာကတည်းက ကိုယ်တို့ သိခဲ့ကြတာ။ အဲဒီအချိန် ရှုမဝမှာ အယ်ဒီတာ ကိုကျော်စိန်မင်းနဲ့ ပတ်သက်ပြီး ကိုယ်တို့ သိခဲ့ကြတာ။ အဲတော့ ကဗျာ Mood အရတော့ ကိုယ်တို့က ညီအစ်ကိုတွေလို ဖြစ်နေကြတဲ့အတွက် Copy နဲ့ Own Tune ရယ်လို့ ကိုယ်က မခွဲတော့ဘဲနဲ့ သူနဲ့ ကိုယ်နဲ့ကြားမှာ စကားလုံးတွေ အရတော့ ဒိုးယိုပေါက်ပဲလေ။ အဲဒီအတွက် အံ့ဩရင် အံ့ဩမယ်။ ဘာမှတော့ ပင်ပင်ပန်းပန်း မရှိလိုဘူးလို့ ပြောရမှာပဲ။

ဆရာဝင်းမင်းထွေး ရင်ထဲမှာ အရင်အတိုင်း ရှိနေသေးတဲ့ ကိုထူးအိမ်သင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးတွေကိုလည်း ပြောပြပေးပါဦး။

အကြောင်းအရာတွေကတော့ ပြောမယ်ဆို အများကြီး ရှိပါတယ်။ ကိုယ့်ရင်ထဲမှာ တကယ့်ကိုပဲ ကျန်ခဲ့တာ တစ်ခုက ဇင်းဆင့်ဇန်ဂိုးပဲ။ သူကတော့ ကြေကွဲစရာ ကောင်းတယ်။ ဒီလောက် ကမ္ဘာကြီးအတွက် ပေးဆပ်သွားပြီး သူကတော့ ဘာမှ ရမသွားဘူး။ အဲ့ဒီမှာ ကိုယ်လည်း ဒီအပေါ် ခံစားမှု အပြည့်ရှိတယ်။ ငှက်ကြီးကလည်း ဒီအပေါ်မှာ ကိုယ်နဲ့ ရွယ်တူ၊တန်းတူ တစ်ထပ်တည်း ကျတယ်။ ကိုယ်ကလည်း ခံစားမှု အပြည့်နဲ့ ရေးရတယ်။ သူ့ခမျာ ဒီတစ်ပုဒ်တည်းကို ညပေါင်းများစွာ သူနဲ့ ကိုဂျွန် ဂစ်တာတစ်လုံးတည်းနဲ့ သူတို့နှစ်ယောက် တစ်ပြိုင်နက်တည်း Live သွင်းကြတယ်။ တော်တော် ပင်ပင်ပန်းပန်းကို ကြိုးစား ကြတယ်။ ထွက်လာတဲ့ အခါကျတော့



http://mmteashop.com

ဒီသီချင်းလေးက သူတို့ ကြိုးစားရကျိုး နပ်ကြတယ်။ အမှတ်တရအနေနဲ့ ကမ္ဘာလောကကြီးကို ကောင်းကျိုးပေးဆပ်ဖို့ ကြိုးစားရင်းနဲ့ နောက်ဆုံး တကယ်တမ်းကျတော့ သူတို့ ဘာမှ မရနိုင်တော့တာကို သိတဲ့ ပေးနိုင်ခဲ့တဲ့ သီချင်း တစ်ပုဒ်ပေါ့။ ကိုယ်ကတော့ အဲဒီအပုဒ်ကို ကြိုက်တယ်။

ကိုထူးအိမ်သင်အတွက် အမှတ်တရ စကားတစ်ခွန်းလောက် ပြောပြပေးပါဦး။

ငှက်ကြီးကတော့ တကယ်တမ်းပြောရရင် သူနဲ့ကိုယ်က လူတွေအားလုံးကို ငြိမ်းချမ်းစေချင်တဲ့ ဆန္ဒရှိတာ၊ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးကို အားလုံး သောက တွေ ဝေးစေချင်တဲ့ ဆန္ဒတွေ တူပါတယ်။ အဲတော့ သူလည်း သောကကင်းဝေးတဲ့ ဘဝတစ်ခု ရောက်ပါစေလို့ ကိုယ်လည်း အမှတ်တရ သူ့ရှာပနမှာ ရေးခဲ့ပါတယ်။ အဲဒါက တကယ့် ကိုယ့်ဆန္ဒပါ။

## မင်းချစ်သူ နှင့်

ဆရာ မင်းချစ်သူ အနေနဲ့ ကိုထူးအိမ်သင်ကို ဘယ်အချိန်ကစပြီး သတိထား သိရှိခဲ့ရပါသလဲ။

ဇော်ဝင်းထွဋ်ရဲ့ တစ်ကိုယ်တော် အယ်လ်ဘမ် "အချစ်စွမ်းအင်" ကို အိုအေစစ် Studio မှာ သွင်းကြရင်း လူသစ်တစ်ယောက်ရဲ့ သီချင်းတွေကို ဖွင့်နေတာ ကြားတယ်။ ပုသိမ်က ကျော်မြင့်လွင် လို့ ခေါ်တဲ့ လူငယ်တစ်ယောက်ပဲတဲ့။ ဟာ ... သီချင်းတွေက ကောင်းတယ်၊ ဘယ်သူရေးတာလဲ ဆိုတော့ သူကိုယ်တိုင် ရေးတာတဲ့။ နောက်ပိုင်းကျတော့ ထူးအိမ်သင်လို့ ကျွန်တော်တို့ သိခဲ့ရတယ်။ အဲဒီ အယ်လ်ဘမ်လေးက "နာရီပေါ်မှ မျက်ရည်စက်များ" ဆိုပြီး ပရိသတ်တွေ နားထဲ ရောက်ပြီး အောင်မြင်လာတယ်။

အဲဒီ ကိုထူးအိမ်သင်နဲ့ ဆရာမင်းချစ်သူတို့ အနုပညာအရ ရင်းနှီးပတ်သက်ခဲ့ပုံ လေးကို ပြောပြပေးပါဦး။



http://mmteashop.com

အဲဒီအချိန် "အချစ်စွမ်းအင်" လုပ်ခဲ့တဲ့အချိန်၊ ၈၆/၈၇ လောက် ဖြစ်လိမ့်မယ် ထင်တယ်။ နောက်ပိုင်းတော့ သူနဲ့ ကိုယ်နဲ့ သိကျွမ်းခင်မင်သွားကြတယ်။ ဒါပေမဲ့ အလုပ်ကတော့ တော်တော်နဲ့ မလုပ်ဖြစ်သေးဘူး။ ၉၇ ခုနှစ်လောက်မှာ ထင်တယ်။ ဦးလှိုင် (သုခမိန်လှိုင်) နဲ့ ကိုယ်နဲ့ရေးတဲ့ အယ်လ်ဘမ်လေး တစ်ခု ပူးပေါင်းပြီးတော့ လုပ်ဖြစ်ခဲ့တယ်။ အဲဒီမှာ ကိုယ်က သီချင်းလေးတစ်ပုဒ် ရေးဖြစ်တယ်။ "မဖွံ့မ" ဆိုတဲ့ သီချင်းလေးပါ။ အဲဒီ သီချင်းကို ဆိုမယ့်သူက ထူးအိမ်သင်ဆိုမှ ကောင်းမယ်လို့ ကိုယ့်စိတ်ထဲမှာ ထင်တယ်။ ဒါနဲ့ "မဖွံ့မ"ကို အတူတူ လုပ်ဖြစ်ခဲ့ကြတယ်။ နောက်ထပ်တော့ သူနဲ့ ကိုယ် တွဲမလုပ်ဖြစ် လိုက်တော့ဘူး။

ကိုထူးအိမ်သင် သီဆိုခဲ့တဲ့ သီချင်းတွေထဲက ဆရာမင်းချစ်သူ အမှတ်တရ ရှိတဲ့ သီချင်းတစ်ပုဒ်အကြောင်းလည်း ပြောပြပေးပါဦး။

ကိုယ့်သမီးအကြီး ဆုံးသွားတဲ့ အချိန်တုန်းက သူအိမ်ကို လာတယ်။ လာရုံတင် မကဘူး ရက်မလည်မချင်း မိုးလင်းပေါက် နေပေးခဲ့တယ်။ ကိုယ်တို့ အနုပညာသမား အချင်းချင်းပေါ်မှာ ထားရှိတဲ့ လေးစားခင်မင်တဲ့ စိတ်ပေါ့။ အဲဒါလေးကို ကိုယ် အမြဲတမ်း မှတ်မှတ်ရရ ဖြစ်ပါတယ်။ နောက် အမှတ်ရစရာ သီချင်းလေးကတော့ ကိုယ်ရေးပြီး သူဆိုဖြစ်ခဲ့တဲ့ "မဖွံ့မ" အယ်လ်ဘမ်ထဲက "ကျွန်းလေး" ဆိုတဲ့ သီချင်းလေးပါ။

ကြွေလွင့်သွားပြီ ဖြစ်တဲ့ သီချင်းငှက် ကိုထူးအိမ်သင်အတွက် အမှတ်တရ စကားလေး ပြောပေးပါဦး။

အရမ်းနမြောပါတယ်။ စိတ်မကောင်းလည်း ဖြစ်ခဲ့တယ်။ အထူးသဖြင့် ကျန်ရစ်ခဲ့တဲ့ သူ့မိသားစုနဲ့ ကိုယ် ထပ်တူထပ်မျှပါပဲ။ နောက်ထပ် ကိုယ်ပြောနိုင်တဲ့ စကားလုံး တွေထက် ပိုပြီး ဆုံးရှုံးမှု တစ်ခုပဲလို့ ပြောချင်ပါတယ်။

## ကိုမြင့်မိုးအောင်နှင့်

ကိုထူးအိမ်သင်နဲ့ ကိုမြင့်မိုးအောင်တို့ အကြား ပတ်သက်ဆက်နွယ်ခဲ့တဲ ရင်းနှီး ခင်မင်မှု အကြောင်းကို အစအဆုံး ပြောပြစေချင်ပါတယ်။



http://mmteashop.com

ပုသိမ် အမှတ် ၂ အထကမှာ ကျွန်တော် အထက်တန်း ကျောင်းသားဘဝပေါ့။ အဲဒီအချိန်မှာ ပြည်တော်သာမှာနေတဲ့ သူငယ်ချင်းတစ်ယောက် သူကနောက်တော့ ဇင်မျိုးသန့် ဆိုတဲ့ နာမည်နဲ့ သီချင်းဆိုဖြစ်ခဲ့တယ်။ အဲဒီကတစ်ဆင့် ကျွန်တော်နဲ့ ထူးအိမ်သင် သိခဲ့ကြတယ်။ အဲဒီမှာ ထူးအိမ်သင်က ဝေးသွားတဲ့အခါ တို့ "မင်းမရှိတဲ့နောက်" တို့ သီချင်းကောင်းတွေ အများကြီး ရေးနိုင်နေပြီ။ နောက် ဒေသကောလိပ် စတက်တော့ သူ့ကို တွေ့ရတော့လည်း အဲဒီမှာ စာအုပ်ကလေးဖတ်လိုက်၊ ဂစ်တာတီးတဲ့ အပေါင်းအသင်းတွေနဲ့ တွေ့လိုက်နဲ့ တွေ့နေရတာပဲ၊ ကျွန်တော်က ဂစ်တာ သိပ်မတီးတတ်ဘူး။ ဒါပေမဲ့ ဂီတကို စိတ်ပါဝင်စားစွာ နေလာတဲ့ အခါကျတော့ သူနဲ့ အလွယ်တကူပဲ ခင်ခင်မင်မင် ဖြစ်သွားတယ်။ သူက ကျွန်တော့်အိမ်မှာ လိုက်နေပြီးတော့ ကျွန်တော်တို့ အိမ်အပေါ်ထပ် အခန်းလေးမှာ သီချင်းနားထောင်၊ ဂစ်တာကော့ဒ်တွေရှာ၊ Arrangement တွေ ဘာတွေ လုပ်တယ်။ ပြီးတော့ ဂစ်တာနဲ့ ပတ်သက်တာတွေ ကျွန်တော့်ကို သင်ပေးတယ်။ အဲဒီအတွက် တစ်ချိန်ချိန်မှတော့ ကျွန်တော်ဟာ တစ်ခုခု ဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။

ကိုထူးအိမ်သင်ရဲ့ "စကားလုံး မရှိတဲ့ ကောင်းကင်" ကော်ပီအယ်လ်ဘမ် တစ်ခုလုံး ကို တစ်ကိုယ်တော် ရေးဖွဲ့သူ တေးရေးဆရာ ကိုမြင့်မိုးအောင် အနေနဲ့ ကိုထူးအိမ်သင်ရဲ့ အနုပညာအားကို ဘယ်အချိန်ကစပြီး သိထားခဲ့တယ် ဆိုတာလေးနဲ့ ကိုမြင့်မိုးအောင်ရဲ့ အနုပညာအားကို ကိုထူးအိမ်သင်က ဘယ်လို သိရှိသွားခဲ့လို့ ဒီလို လက်တွဲ ဖြစ်ခဲ့ရပါသလဲ။

ကျွန်တော်က အဲဒီအချိန်တုန်းက အပြင်လူတစ်ယောက် သဘောမျိုး ဖြစ်နေပါပြီ။ ဘယ်လို အပြင်လူလည်းဆိုတော့ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှာ ကျောင်းတက်တယ်။ ကျောင်းတက်တဲ့ အချိန်တုန်းက ပန်းချီသင်တန်းတို့၊ ဂစ်တာ သင်တန်းတို့၊ ဓာတ်ပုံသင်တန်းတို့ အဲဒီတွေကို ရောက်နေတယ်။ နောက်ပြီး ကျောင်းက ပြီးတဲ့ အချိန်ကျတော့လည်း ကျွန်တော့်အဖေ၊ အမေကလည်း ကျွန်တော့်ကို လိုတဲ့ ပိုက်ဆံ ပို့ပေးပြီး ရန်ကုန်မှာ ဂစ်တာ ဆက်သင်တယ်။ ပုသိမ် ပြန်ရောက်တဲ့အခါ ဂစ်တာ သင်တန်းပေးဖြစ်တယ်။ အချိန် တော်တော်ကြာလာတော့ အဲဒီမှာ သူကတော့



http://mmteashop.com

အဆိုတော်ဖြစ်နေပြီး တစ်ခါတလေ ပုသိမ်ကို လာလည်တယ်။ ကျွန်တော့် ဂစ်တာ သင်တန်းကိုလည်း သူရောက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်က Music နဲ့ ပတ်သက်ပြီး ကျွန်တော့် စိတ်ထဲမှာ ဖြစ်နေတာက အဲလိုပဲ Pop နယ်ထဲမှာ ကျွန်တော်က ဝင်ပြီးတော့ လုပ်ချင်စိတ် မရှိဘူး။ ကျွန်တော် နားထောင်တာက Pure Music တို့ ဘာတို့က များတယ်။ အမှန်တော့ ကျွန်တော်က Outsider ဖြစ်နေတဲ့ သဘောပါ။ ဒါပေမဲ့ အဲဒီကာလမှာ ကျွန်တော်က ကဗျာတွေ ရေးဖြစ်တယ်ပေါ့။ ကျွန်တော်ရေးတဲ့ ကဗျာတွေ၊ စာတွေ အတိုင်းအတာ တစ်ခုထိ သူကြိုက်တယ်။ ပြီးတော့ Music နဲ့ ပတ်သက်ပြီး ကျွန်တော် အတိုင်းအတာ တစ်ခုထိ ပြည့်စုံပြီလို့ သူထင်တဲ့ အတွက် ကြောင့် အဲဒီအခွေကို တစ်ခွေလုံး ကျွန်တော့်ကိုရေးခိုင်းတယ်။ ကျွန်တော် တစ်ခွေ လုံးရေးတဲ့အခါမှာ သီချင်းက ဆယ့်လေးငါးပုဒ်လောက် ရှိတယ်။ အဲဒီအထဲကနေမှ အကောင်းဆုံးဖြစ်မယ့် ဟာလေးတွေကို ရွေးတယ်။ ဆိုလို့ အဆင်မပြေတဲ့ နေရာလေးတွေကို သူပြင်တယ်။ ဘာပဲပြောပြော အဲဒီတစ်ခွေက ကျွန်တော့်ကို အနီးကပ် သင်ပေးသလိုလည်း ဖြစ်ပါတယ်။ အဲဒီတစ်ခွေ ရေးပြီးတဲ့နောက်တော့ သီချင်းရေးဖို့ဆိုတာ ကျွန်တော့်အတွက် အများကြီး လွယ်ကူသွားခဲ့တာလည်း သူ့ကျေးဇူး ကြောင့်ပါပဲ။

ကိုထူးအိမ်သင်နဲ့ ပတ်သက်လို့ အမှတ်တရ ဖြစ်ရပ်လေးတွေ ရှိရင် ပြောပြပေးပါဦး။

သူနဲ့ ကျွန်တော်ကတော့ နေခဲ့ထိုင်ခဲ့ အချိန်တွေက အတော်များတော့ အမှတ်တရ ဖြစ်စရာတွေကတော့ တော်တော်များပါတယ်။ ဒါပေမယ့် အဲဒီသီချင်းကိစ္စနဲ့ ပတ်သက်တာ လေးပဲ ပြောရမှာပေါ့နော်။ ကျွန်တော် ဒီလောကထဲ ရောက်လာခဲ့တာ ကလည်း သူ့ကြောင့်ပါ။ တစ်ခုကကျတော့ အဲလိုမျိုး လက်တွေ့ဘဝနဲ့ ကင်းလွတ်နေတဲ့ လူတစ်ယောက်ကို သူက ဒီ လက်တွေ့ဘဝ နယ်ထဲကို ရောက်အောင် သူ စိတ်ပါလက်ပါနဲ့ ဆွဲခေါ်ခဲ့လို့လည်း ကျွန်တော် ရောက်ခဲ့တယ် ဆိုတော့ ဒီကိစ္စကလည်း တကယ့် တကယ်တော့ ဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ အမှတ်ရစရာ တစ်ခု ဖြစ်ခဲ့ပါတယ်။



http://mmteashop.com

ကိုမြင့်မိုးအောင် အမှတ်တရ ရှိခဲ့တဲ့ ကိုထူးအိမ်သင်ရဲ့ သီချင်းတစ်ပုဒ်လောက် ရွေးချယ် ပြောပြပေးပါဦး။

ဒါကတော့ "လေလွင့်ခြင်း လမ်းမများ" ပါ။ ကျွန်တော်က Copy တွေ ရေးတဲ့ အခါကျတော့ သူ့တစ်ခွေလုံးစာရေးပြီးတဲ့နောက် အခြားလူတွေလည်း ရေးပေး ဖြစ်ပါတယ်။ တော်တော်လေး ကြာတဲ့အခါကျတော့ ကျွန်တော် ကိုယ်ပိုင်သံစဉ် သီချင်း ရေးချင်စိတ် ပေါ်လာတယ်။ အဲဒီတုန်းက ပုသိမ်မှာ သီချင်းငါးပုဒ်လောက် ရှိတယ်။ ကျွန်တော် ရေးတာ အဲဒီ "လေလွင့်ခြင်းလမ်းမများ" ပထမဦးဆုံး အပုဒ်ပေါ့။ အဲဒါလေး ရေးပြီးတဲ့ အခါကျတော့ ကျွန်တော်က သူနဲ့လည်း လိုက်မယ်ထင်လို့ ရန်ကုန် ရောက်လာတဲ့အခါကျတော့ ပြတယ်။ ပြတဲ့အခါကျတော့ သူက အခွေတောင် နားမထောင်သေးဘူး။ စာသားကို ကြည့်လိုက်ပြီးတော့ သံစဉ်တွေ သူ့အလိုလို ကြားတယ်ပေါ့။ အဲတော့ အဲဒါကို သူ့ဟာသူပဲ သံစဉ်ထည့်ပြီး ရေးမယ်ဆိုပြီး သူရေးတယ်။ ကျွန်တော် ပထမရေးတဲ့ ပုံစံကတော့ Blue ပုံစံ နည်းနည်းလေး ဝင်တယ်။ အဲဒါကို Country ပုံစံလေးနဲ့ လွမ်းမောဖွယ်ရာ ဘက်လေးကို ရောက်အောင် ပြောင်းပြီးတော့ ရေးတယ်။ ပိုပြီးတော့ အမှတ်ရစရာ ဖြစ်တာကတော့ အဲဒီသီချင်းမှာ အောက်ဆုံးနှစ်ကြောင်း လောက်ပဲ စာသားကို သူပြင်တယ်။ ကျွန်တော် ရေးထားတာက ငါ့အတွက် နားဖို့ အိမ်ရှိဦးမလား ငါ့အတွက် မေတ္တာ ရှိဦးမလား၊ အဲဒီနောက်မှာ သူက ရေးထားတာက ဒါဟာ အစပြုခြင်း တစ်ခုလား၊ ဒါဟာ အဆုံးသတ်ခြင်း တစ်ခုလား လို့ သူထည့်လိုက်တယ်။ အဲဒီ တိုက်ဆိုင်မှုလေးကလည်း ကျွန်တော့်အတွက် အမှတ်ရစရာလေး တစ်ခုပါပဲ။

ဂီတကြယ်ပွင့် ကိုထူးအိမ်သင်အတွက် အမှတ်တရ စကားတစ်ခွန်းလောက် ပြောပြပေးပါဦး။

သူက လက်မှတ်ထိုးရင် ချစ်ခြင်းအားဖြင့် ဆိုပြီး ရေးလေ့ရှိတယ်။ အခြားလူတွေ ကတော့ ဒါ ထူးခြားမှုလေး တစ်ခု အဖြစ်နဲ့ပဲ သိရင် သိမှာပေါ့နော်။ ဒါပေမယ့် ကျွန်တော်တို့ အနီးကပ် ပေါင်းသင်းနေကြတဲ့ သူတွေကျတော့ သူဟာ တကယ်ကို အဲဒါကို လေးလေးနက်နက် ရေးခဲ့တာပါ။ သူဟာ ကောင်းတဲ့လူတွေ၊ ကောင်းတာကို လုပ်တဲ့



http://mmteashop.com

လူတွေအတွက် အမြဲတမ်း လှိုက်လှိုက်လှဲလှဲနဲ့ အားပေးကူညီမှု ရှိခဲ့တဲ့ လူပါ။ ဥပမာ ကျွန်တော် ဆိုလို့ရှိရင်လည်း ဒီလောကနဲ့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ လူတစ်ယောက်၊ မရရအောင် ကူညီတဲ့ အနေနဲ့ကို ဒီနယ်ထဲကို ခေါ်လာခဲ့တယ်။ နောက် ကိုရွှေဂျော်ဂျော်တို့၊ အယ်ဖြူတို့၊ မောင်မောင်ဇော်လတ်တို့ နောက်လူတွေ အားလုံးကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုတာ သူက အခြားသူတွေထက် ပိုပါတယ်။ အဲလိုမျိုးပဲ အခြားအနားမှာ ရှိတဲ့ လူတွေအတွက် သူ့ရဲ့ ကိုယ်ကျိုးကို မငဲ့ကွက်ဘဲနဲ့ အမြဲတမ်း အဲဒီလူတွေ ကောင်းဖို့အတွက် သူက ပေးဆပ်ခဲ့တဲ့ လူပေါ့နော်။ အခွင့်အလမ်းတွေ ကူညီစရာ တွေ ရှိလည်း ကူညီ။ အဲဒီအတွက်လည်း သူ့အတွက် ဘာအကျိုးအမြတ် ရှိတာ မဟုတ်ဘဲနဲ့ ကူညီခဲ့တဲ့သူပါ။ ဂီတကိုလည်း သူက ငွေကြေးတို့ အောင်မြင် ကျော်ကြားမှုတို့နဲ့ တန်ဖိုးဖြတ်ပြီးတော့ ချစ်ခဲ့တာ မဟုတ်ပါဘူး။ ပိုက်ဆံ ငွေကြေး မရဘဲနဲ့ Music လုပ်တာတို့၊ Vocal Arrange လုပ်တာတို့၊ Harmony ခွဲပြီး ဆိုပေးတာ၊ နောက်ပြီးတော့ အခုအချိန်မှာ ဘယ်သူမှ အရေးစိုက်မှာ မဟုတ်တော့တဲ့ Flute လေးတွေ သူမှုတ်တယ်။ ပြီးတော့ ပတ်ကားရှင်း တီးတယ်။ ဟာမိုနီကာဆိုလည်း သူမှုတ်နေတာပဲ။ အဲလိုမျိုး သူဟာ စိတ်ပါဝင်စားစွာနဲ့ ဂီတ နောက် လိုက်လွန်းတဲ့ အခါကျတော့ သူ အအိပ်ပျက်၊ အစားပျက်နဲ့ ကျန်းမာရေးကို ဂရုမစိုက်ဘဲ နေခဲ့တယ်။ အဲဒါကြောင့်လည်း အခုလို စောစောစီးစီး နဲ့ ထွက်ခွာသွားရတာပါ။ နောင်ဘဝတွေမှာ အေးအေးချမ်းချမ်းနဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ သီချင်းတွေနဲ့ အချိန်အကြာကြီး နေနိုင်တဲ့သူ ဖြစ်ပါစေလို့ သူ့ကို ကျွန်တော် ဆန္ဒပြုစေချင်ပါတယ်။

## ရွှေဂျော်ဂျော်နှင့်

နာရီပေါ်မှ မျက်ရည်စက်များ ကိုယ်ပိုင်သံစဉ်တေးစုလေး ထွက်ရှိလာချိန်တုန်းက တေးရေးတေးဆို အသစ်စက်စက် ထူးအိမ်သင်ဆိုတာကို ဘယ်လို မှတ်ချက် ချခဲ့မိပါသလဲ။

အဲဒီတုန်းက မန္တလေးမှာပဲ ရှိသေးတယ်။ အဲဒီမှာ သူ့သီချင်း ကျွန်တော် ကြားလိုက်တဲ့ အခါမှာ ကျွန်တော် တော်တော် ရှင်းရှင်းပြောရရင်တော့ လန့်သွားတယ်။ အဲဒီမှာ စာသားဘက်ကရော၊ စာပေကို မွှေနှောက်နားလည်ပြီးတော့ အသားကျကျ



http://mmteashop.com

ရေးနိုင်တာရော၊ Melody၊ Music Form တွေဘက်က အရမ်းကောင်းတာရော တွေ့ရတဲ့အခါ ကျွန်တော် တော်တော် ချီးကျူးမိတယ်။ တော်တော်လည်း အံ့သြမိတယ်။

ကိုထူးအိမ်သင်နဲ့ ကိုရွှေရော်ရော်တို့ကြား လူမှုရေးအရ အနုပညာအရ အမှတ်တရ ဖြစ်ရပ်လေးတွေ ရှိရင်လည်း ပြောပြပေးပါဦး။

အမှတ်တရ ဖြစ်ရပ်တွေထဲက တစ်ခု ပြောခွင့်ရရင်တော့ ကျွန်တော်တို့ ၁၉၈၉/၉၀ လောက်မှာ ကျွန်တော် မန္တလေးက သူငယ်ချင်းခွေကို အိုအေစစ် Studio မှာ လာပြီး သွင်းတယ်။ အဲဒီမှာ သူနဲ့တွေ့တယ်။ ကျွန်တော်တို့ စကားတွေ ပြောဖြစ်ကြတယ်။ ဆရာ သစ္စာနီရဲ့ စာတွေအကြောင်း ကဗျာဆရာ Kဇော် (မန္တလေးကိုသိန်းဇော်) ရဲ့ ကဗျာတွေ အကြောင်း ပြောရင်းနဲ့ ပိုရင်းနှီးလာတယ် တစ်ယောက် တစ်ယောက်လည်း စိတ်အတွင်းသားချင်း တူတယ်။ ယုံကြည်မှု ပိုတက်လာပြီး နောက်တော့ ကျွန်တော့်ကို သီချင်းအပ်တယ်။ သီချင်းသုံးပုဒ် အပ်တော့ ကျွန်တော်က ဝမ်းသာတာပေ့ါ။ မမျှော်လင့်ဘူးလေ။ နောက် သူက ကျွန်တော့်ကို စီစဉ်သူဆီ ခေါ်သွားတယ်။ ဒါ ကျွန်တော့် သီချင်းရေး ဆရာတစ်ဦး ဆိုပြီး မိတ်ဆက်ပေးတော့ ကျွန်တော် လန့်သွားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူက ကျွန်တော့်ထက် အများကြီး ရေးနိုင်တာကိုး။ အဲဒီတုန်းက ကျွန်တော်တို့ ပိုက်ဆံရတာက တစ်ထောင် ဖြစ်ရင်ဖြစ်မယ်။ ထောင့်ငါးရာ ဖြစ်ရင် ဖြစ်မယ် ဆိုပါစို့။ ရေးခငါးရာ ပြောတယ် ဆိုပါတော့ သူကမရဘူး။ လုံးဝကို မရတာ။ တစ်ထောင်တော့ ပေးရမယ် ဆိုတဲ့ ပုံစံမျိုး ပြောတယ်။ ပြောပြီး ကျွန်တော့်ကို သုံးပုဒ်စာကို ကျွန်တော် ပြန်တဲ့အခါကျတော့ ရှင်းပေးလိုက်တယ်။ ရှင်းပေးလိုက်တော့ ဒါက ကျွန်တော့်ရဲ့ ပထမဆုံးရတဲ့ ပိုက်ဆံဆိုတော့ အမေ့ပေးမယ်ဆိုပြီး ပျော်ပြီး ပြန်လာခဲ့တယ်။ နောက်မှ သိရတာက အဲဒီပိုက်ဆံက သူပဲစိုက်ပေးလိုက်တာ။ သူများတွေ ပြောလို့ သိရတာ။ သူကတော့ မပြောဘူး။ အဲဒါကတော့ အမှတ်ရစရာတွေထဲက အမှတ်ရစရာကောင်းတဲ့ အချက်လေး တစ်ချက်ပါပဲ။

http://mmteashop.com

ကိုရွှေဂျော်ဂျော်နဲ့ ကိုထူးအိမ်သင်တို့က သူငယ်ချင်းတွေအဖြစ်ပါ အတွင်းကျကျ ရင်းနှီး လက်တွဲခဲ့ကြတော့ အနုပညာသမား ထူးအိမ်သင်အဖြစ်နဲ့ မဟုတ်ဘဲ ကိုကျော်မြင့်လွင် ဆိုတဲ့ လူတစ်ယောက်အပေါ် ဘယ်လို မြင်မိပါသလဲ။

ကျွန်တော့် စိတ်ထဲမှာတော့ သူက အင်မတန် လွတ်လွတ်လပ်လပ် ကစားမက်တဲ့ ကလေးလေး တစ်ယောက်နဲ့ ဉာဏ်ပညာ ပြည့်စုံတဲ့ ဘုန်းကြီးနဲ့ ပေါင်းထားသလိုမျိုး အဓိကကတော့ သူက ကြောက်စရာ ကောင်းလောက်အောင် ဖွဲ့ကောင်းတယ်။ ကူညီချင်တယ်။ သူများအတွက် ကောင်းမယ်ထင်ရင် သူ့ကို မုန်းလည်း သူပြောမှာပဲ။ ပြောတာပဲ။ ကျွန်တော် လေ့လာကြည့်ရသလောက် မှားသွားရင် ဝန်ခံတတ်တယ်။ အသက်ကြီးလို့ ဘာဖြစ်တယ် ညာဖြစ်တယ် မရှိဘူး။ အင်မတန် မေတ္တာတရားနဲ့ ဉာဏ်ပညာနဲ့ ပြည့်ဝတဲ့ လူသား တစ်ယောက်ပါ။

ကိုထူးအိမ်သင်အကြောင်း ပြောရင် ချန်ထားခဲ့လို့ မဖြစ်ဘူးထင်တဲ့ မှတ်တိုင်လေး တစ်ခု ပြောပြပေးပါဦး။

စာပေနဲ့ဂီတကို အချိုးကျကျ ပေါင်းပေးနိုင်တာ။ အမေ့အိမ်၊ ရာဇဝင်များရဲ့ သတို့သမီး၊ မဟာဝီရ အိုဗုဒ္ဓ - (မောင်မောင်ဇော်လတ်နဲ့ ပေါင်းလုပ်တဲ့ သီချင်း) သူများ မမြင်သာတဲ့ မှတ်တိုင်လေးတွေလည်း ရှိတယ်ပေါ့။ ဥပမာ ကျွန်တော်တို့ အဲဒီခေတ်ကဆို ရန်ကုန်မှာ ဂီတသင်္ကေတစာအုပ်တို့ လေ့ကျင့်ခန်းစာအုပ်တို့က အင်မတန် ရှားတယ်ဗျ။ ရရင်လည်း ပြောရရင် သူ့ရဲ့ ဆန်းကျမ်းနည်းတွေကို ဝှက်ထားတယ်။ သူက အဲဒါတွေရအောင် ဆွဲထုတ်ပြီး နယ်က မိတ်တွေတွေ၊ လူငယ်တွေဆီကို ဖြန့်ပစ်လိုက်တာ၊ ဒါမျိုးတွေကျတော့ မမြင်သာဘူးဗျ။ နောက်ပြီး အဲဒီခေတ်က ဟို .. မပြည့်စုံတဲ့ တတ်ယောင်ကား အနည်းစုပေါ့ဗျာ။ ဂီတဝေဖန်ရေး သမားတွေကို သူက ပညာရပ် ရှုထောင့်ကနေ ကြိုက်တာနဲ့လာ ပညာရှင်ဆန်ဆန် တကယ် သန်သန်မာမာနဲ့ ပြောဆိုပြီးတော့ တုံ့ပြန်ခဲ့တာမျိုးကျတော့ သိပ်တော့ မမြင်သာဘူးပေါ့နော်။ ဒါလည်း ကျွန်တော့် စိတ်ထဲမှာတော့ မှတ်တိုင်လေး တစ်ခုပါပဲ။

http://mmteashop.com

မရှိတော့ပြီ ဖြစ်တဲ့ ကိုထူးအိမ်သင်အတွက် အမှတ်တရစကားလေး ပြောပြပေးပါဦး။

ကျွန်တော် ပြောချင်တာကတော့ ကျွန်တော်က သူ့ကို ကိုလေးလို့ ခေါ်တာပေါ့နော်။ အစ်ကိုလိုပဲပေါ့။ ကိုလေး ယုံကြည်တဲ့ မေတ္တာတရားနဲ့ ဉာဏ်ပညာဟာ ဘဝဆက်တိုင်း ရောက်လေရာ ဘဝမှာ ဆက်လက်ပြီးတော့ ထူထောင်နိုင်ပါစေ။ နောက်ပြီးတော့ သူ့သီချင်းလေးထဲကလို ငါဟာ အတ္တမဲ့ အလင်းတစ်ခု ဖြစ်ချင်တယ်ဆိုတဲ့ အတ္တမဲ့ အလင်းတစ်ခု ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။

## မောင်မောင်ဇော်လတ်နှင့်

တေးရေးဆရာ မောင်မောင်ဇော်လတ်ရဲ့ ဘဝမှာ ကိုထူးအိမ်သင်က ဘယ်လိုနေရာက ပါဝင်ခဲ့ပါသလဲ။

ကျွန်တော့် ဘဝမှာ ကိုငှက်က နံပါတ်တစ်အနေနဲ့တော့ ကျွန်တော်တို့ ငယ်စဉ်တုန်းက သူနဲ့ကိုယ် မတွေ့ဆုံခင်အချိန်ထိ ကျွန်တော်တို့ရဲ့ ကြားဆရာပေါ့။ နောက် ကျွန်တော်နဲ့ သူနဲ့ ခင်သွားပြီးတဲ့အချိန်မှာ သူက ကျွန်တော့်ရဲ့ အကိုပေါ့။ ကျွန်တော့်ရဲ့ သင်ဆရာပေါ့။ တွဲလာတဲ့ သက်တမ်း ကြာလာတဲ့ အချိန်မှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်။ အဲလိုမျိုး ကျွန်တော်တို့ ပတ်သက်မှု ရှိခဲ့ပါတယ်။

ကိုထူးအိမ်သင်ရဲ့ ကျန်းမာရေးကို ဂရုတစိုက် စောင့်ရှောက်ပေးရင်းနဲ့ အနီးကပ်ရှိနေတဲ့လူတစ်ယောက်အနေနဲ့ ကိုထူးအိမ်သင်ရဲ့ နောက်ဆုံး နေ့ရက်တွေ အကြောင်း ပြောပြပေးပါဦး။

မဆုံးခင် နှစ်ရက်အလိုညက ကိုငှက်ရဲ့ အမျိုးသမီး ကျွန်တော့်ကို လာခေါ်ပါတယ်။ ကိုငှက် နေမကောင်းလို့ အိမ်ကို လာခဲ့ပါဦးဆိုလို့ ကျွန်တော် သွားကြည့်တော့ သူတော်တော်လေး မောနေပြီ။ ဒါကြောင့် ကိုငှက်ကို ဆေးရုံတက်ဖို့ တိုက်တွန်း ပါတယ်။ ဒါပေမယ့် သူက ဆေးရုံမတက်ချင်ဘူး။ ဘယ်လိုမှ ပြောလို့မရတာနဲ့ ကျွန်တော်တို့ အသိအစ်မဆီ ဖုန်းဆက်ပြီး ဘာဆေးတွေ ဘာတွေသွင်းနဲ့ အစ်မ ပေးတဲ့ဆေးတွေ



http://mmteashop.com

တိုက်ပါတယ်။ နောက်တစ်ရက် သွားကြည့်တော့ အခြေအနေက မထူးခြားတဲ့အပြင် ပိုဆိုးလာပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သူ့ကို အတင်းပဲ မရမက ဆေးရုံ တင်ခဲ့ပါတယ်။ ဆေးရုံမှာ တစ်ညနေပြီး နောက်တစ်နေ့ မနက်မှာ ဆုံးပါတယ်။

ကိုမောင်မောင်ဇော်လတ် အတွက် ကိုထူးအိမ်သင်နဲ့ ပတ်သက်ပြီး အမှတ်တရလေးများ ရှိခဲ့မှာပါ။ ကိုထူးအိမ်သင်ရဲ့ နောက်ဆုံးနေ့တွေထဲက အမှတ်တရလေး တစ်ခုလောက် ပြောပြပေးစေချင်ပါတယ်။

အဲဒီ နောက်ဆုံးနေ့ အခေါက်ပေါ့နော်၊ သူ့ကို ကျွန်တော် တွေ့ရတဲ့အချိန်မှာ စကားကောင်းကောင်း မပြောနိုင်တော့ဘူး။ တော်တော်လည်း မောနေပြီ။ အဲဒီရှေ့လေးမှာ ကျွန်တော်နဲ့ သူနဲ့ တွေ့ဖြစ်ခဲ့တာလေးတွေက ကျွန်တော်တို့ အတွက် အမှတ်ရစရာ ကောင်းပါတယ်။ ကျွန်တော် သူ့ရဲ့ အသက် ၄၀ ပြည့် မွေးနေ့တုန်းက ကျွန်တော် သူ့ကို မွေးနေ့ လက်ဆောင် သီချင်းတစ်ပုဒ် ရေးပေးခဲ့ဖူးပါတယ်။ အဲဒီ သီချင်းလေးကို သူ Arrange ဘယ်လိုလုပ်ထားတယ်။ ဘယ်လိုတီးမယ်ဆိုပြီး ကျွန်တော့်ကို တိုင်ပင်ပါတယ်။ တိုင်ပင်ခဲ့ပေမယ့်လည်း ဆုံးသာသွားတယ်။ အဲဒီသီချင်းကို သူဆိုမသွားလိုက်ရဘူး။ အဲဒါက ကျွန်တော် အတွက်တော့ ကျွန်တော်က မွေးနေ့လက်ဆောင် ပေးပေမယ့်လည်း သူဆိုမသွားနိုင်တော့ ကျွန်တော့်ရဲ့ လက်ဆောင်ကို သူယူဆောင်မသွားဘူးလို့ပဲ ကျွန်တော့် စိတ်ထဲမှာ ခံစားရပါတယ်။

ကိုထူးအိမ်သင် သီချင်းတွေထဲက ကိုမောင်မောင်ဇော်လတ် အမှတ်တရဖြစ်တဲ့ သီချင်းတစ်ပုဒ်အကြောင်း ပြောပြပေးပါဦး။

ကိုငှက် သီချင်းတွေက များသောအားဖြင့် အကုန်လုံးပြောစရာမရှိအောင် ကောင်းပါတယ်။ သူက သီချင်းတပုဒ်ကို ရင်ထဲကပါမှ အနုညာသက်သက်သာ ရေးတဲ့သူမို့ ကျွန်တော်တို့ အတွက်တော့ "ညီလေးရေ" သီချင်းကတော့ ဆုံးမနေသလိုမျိုး ခံစားရတယ်။

အစ်ကို တစ်ယောက်က ညီတစ်ယောက်ကို ရင်းရင်းနှီးနှီး ပြောတဲ့ လေသံမျိုး ပေါက်တော့ ကျွန်တော့်အနေနဲ့ကတော့ "ညီလေးရေ" သီချင်းကို ဒီအချိန်မှာ ပိုပြီး စိတ်ထဲမှာ အမှတ်ရစေပါတယ်။



http://mmteashop.com

ကိုမောင်မောင်ဇော်လတ် ရေးပေးပြီး ကိုငှက်ဆိုခဲ့တဲ့ သီချင်းတွေထဲက အမှတ်တရ ဖြစ်တဲ့ သီချင်း တစ်ပုဒ်လောက် ပြောပြပေးပါဦး။

သူနဲ့ ကျွန်တော်နဲ့ ရေးတယ်ဆိုတာက ကျွန်တော်က Melody ပေးတာ များပါတယ်။ သူက စာသားထည့်တယ်။ အဲဒီမှာ တွဲရေးတဲ့ သီချင်းထဲမှာဆိုရင် "မဟာဝီရ အိုဗုဒ္ဓ" ပေါ့နော်။ အဲဒီ တစ်ပုဒ်ကတော့ ကျွန်တော်တို့ နှစ်ယောက်အတွက် အမှတ်တရလို့ပဲ ပြောရမှာပေါ့။ ကျွန်တော် သူ့ကို အဲဒီသီချင်းမယ်လိုဒီ ပေးထားတဲ့ ခုနှစ်က ၁၉၉၀ လောက်က ပေးထားတာပါ။ ဆယ်နှစ်ကျော်ကြာပြီးမှ အဲဒီသီချင်းကို စာသား အပြည့်အစုံရေးတာ၊ ကြားထဲမှာ သုံးဆင့်လောက် ပြောင်းပြီးမှ ဒီသီချင်းဘဝကို ရောက်တာ အဲဒီသီချင်းလေးကတော့ သူနဲ့ ကျွန်တော့်ရဲ့ အမှတ်တရပေါ့နော်။

(အခုဟာက City FM က လွှင့်ထုတ်ခဲ့တဲ့ "ကြယ်စင်များရဲ့ ပွဲတင်သံ" သို့မဟုတ် သီချင်းငှက်ရဲ့ ပွဲတင်သံကို ကူးယူတင်ပြပေးခြင်းသာ ဖြစ်ပါတယ်။ အဓိက ကတော့ ကိုငှက်ကို ချစ်တဲ့ ပရိသတ်အတွက် နောက်ပြီး ပရိသတ်ကို ချစ်တဲ့ ကိုငှက်အတွက် တလေးတစားနဲ့ ဖော်ပြပေးလိုက်ပါတယ်။ အနုပညာစိတ်အပြည့် ဖြင့် ကူညီကြသော City FM မှ ဦးကြည်မင်းသိန်းနှင့်တကွ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်)

နရိန္ဒ

EMPEROR မဂ္ဂဇင်း၊ အမှတ် ၅၊ စက်တင်ဘာ၊ ၂၀၀၄

http://mmteashop.com

# ထူးအိမ်သင်ကို ဖွဲ့စည်းခြင်း

ညီလေးခင်

ထူးအိမ်သင် ဂစ်တာနှင့် စတင်ထိတွေ့ရချိန် ပထမဆုံး တီးခတ်ကြည့်မိသော ကော့ဒ် ..
C Major Chord

ထူးအိမ်သင် ဂစ်တာတီးတတ်တော့ ပထမဆုံး တီးမိ၊ ဆိုမိသော သီချင်း။
နွေဦးည။ တေးရေး၊ တေးဆို - စိုင်းထီးဆိုင်။

ထူးအိမ်သင် မဖြစ်မီ ပထမဆုံး စင်မြင့်ဖျော်ဖြေမှု နေရာဒေသ၊ နှစ်ကာလ၊ တေးဂီတ နှင့် ဆိုသောသီချင်း ..

ပုသိမ်မြို့ ကမ်းနားလမ်းတွင် ၁၉၈၀ ပြည့်နှစ်က ငဝါတေးဂီတ (ကိုတင်ယု) နှင့် ကိုင်ဇာ သီဆိုသော "အကောင်းဆုံး ဂီတာတီးနေမယ်" သီချင်းကို ဆိုခဲ့သည်။

ထူးအိမ်သင်မဖြစ်မီ ပထမဆုံး ရေးသောသီချင်း
ကော်ပီ (Copy) "ကန္တာရနလုံးသား" (HASTAMANANA/ABBA) ၁၉၇၉ ခုနှစ်တွင် ရေးခဲ့။
ကိုယ်ပိုင်သံစဉ် "ဝေးသွားတဲ့အခါ"၊ ၁၉၈၂ ခုနှစ်တွင် ရေးသည်။

ဂီတနှင့် ပတ်သက်သော ပထမဆုံးဆရာ ...
ဦးကျောက်စိမ်း၊ ဦးစန်းတင့်(ပုသိမ်အနောက်မြို့နယ်၊ လမ်းစဉ်လူငယ် တပ်ဖွဲ့) ၁၉၇၇ ခုနှစ်။

ထူးအိမ်သင်၏ ပထမဆုံး အယ်လ်ဘမ်အမည်၊ နှစ်ကာလ၊ ပါဝင်သည့်တေးပုဒ်ရေ၊ တေးဂီတ၊ စတူဒီယို၊ ဖြန့်ချီဆိုင်နှင့် ကာဗာဒီဇိုင်းပညာရှင် ...
"နာရီပေါ်မှ မျက်ရည်စက်များ" (၁၉၈၇) သီချင်း ၁၆ ပုဒ်ပါဝင်၊ တေးဂီတ Aces, Oasis studio ဂန္ဓမာ တေးသံသွင်းမှုဖြန့်ချီ၊ဓာတ်ပုံမျိုးလေး (Eco)၊ ဒီဇိုင်း သိန်းလွင် ဖြစ်သည်။

ထူးအိမ်သင်က အခြားသူအား ပထမဆုံးရေးပေးသော သီချင်းအမည်၊ သီဆိုသူနှင့် နှစ်ကာလ၊ အယ်လ်ဘမ်အမည်
"လူနဲ့အကျီ" သီချင်း၊ သီဆိုသူ သုခနောင်(၁၉၈၆)၊ "လူနဲ့ အကျီ" အမည်ကိုပင် အယ်လ်ဘမ် အမည်တပ်ခဲ့။



http://mmteashop.com

ထူးအိမ်သင်၏ ပထမဆုံး စင်မြင့်ဖျော်ဖြေပွဲ၊ နေရာဒေသ၊နှစ်ကာလ၊ တေးဂီတ၊ ပထမဆုံးသီဆိုသော သီချင်းနှင့် ဆိုခဲ့သော သီချင်းပုဒ်ရေ ...

ရန်ကုန်မြို့ရှိ မေရီချပ်(ပ်)မင်း ဆွံ့အနားမကြားကလေးများ ကျောင်းတွင် ၁၉၈၇ ခုနှစ်က New Wave တေးဂီတနှင့် "မေ့လိုက်တော့" သီချင်းအပါအဝင် အားလုံး ၅ ပုဒ် သီဆို ဖျော်ဖြေခဲ့သည်။

တစ်ကိုယ်တော် စင်မြင့် ဖျော်ဖြေမှု ပထမဆုံးပွဲ၊ နေရာဒေသ၊ တေးဂီတ၊ သီချင်းပုဒ်ရေ ...

ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ၁၉၉၄ ခုနှစ် Iron Cross တေးဂီတနှင့် သီချင်း ၂၉ပုဒ် ဖျော်ဖြေခဲ့သည်။

ထူးအိမ်သင်၏ အထူးခြားဆုံး ဆန္ဒအပြည့်ဝဆုံး စင်မြင့်ပွဲ ...

အထက်ပါ ပွဲကိုပင် ညွှန်း၏

ပထမဆုံး ဆိုဖြစ်သည့် ကော်ပီတေးအမည် ..

"ရေစီးကြောင်းသံယောဇဉ်" သီချင်း၊ တေးရေး မင်းချစ်သူ ဖြစ်ပြီး၊ ကျိုက္ကဆံစင်မြင့်တွင် မင်းခေါင်နှင့် တွဲဖက်သီဆိုခဲ့ဖူးသည်။

ပထမဆုံး ရေးဖြစ်သည့် စုံတွဲတေးအမည်၊ သီဆိုသူ နှစ်ဦး

၁၉၈၂ ခုနှစ်တွင် ရေးသော "ဝေးသွားတဲ့အခါ" သီချင်း ဖြစ်ပြီး ထူးအိမ်သင် နှင့် ပေါက်ပေါက်တို့ သီဆိုခဲ့သည်။ ထိုသီချင်းမှာ သူ၏ နာရီပေါ်မှ မျက်ရည်စက်များ အယ်လ်ဘမ်တွင် ပါဝင်ခဲ့ပါသည်။

ပထမဆုံး ရုပ်သံမှ လွှင့်သည့် သီချင်းအမည် ..

အောင်ရင် နှင့်တွဲပြီး "မဆုံးတဲ့သီချင်း" ကို သီဆိုလွှင့်ခဲ့ဖူးသည်။

ဗွီဒီယို၊ ရုပ်ရှင်တေးအဖြစ် ပထမဆုံး အသုံးပြုသည့် သီချင်းအမည်နှင့် ပါဝင်သော ဇာတ်ကားအမည် ...

ခိုးယူ သုံးစွဲခြင်း ခံခဲ့ရသည်။ ထိုသီချင်းသည် ပထမဆုံး ဗွီဒီယိုတွင် အသုံးပြုသည့် သီချင်း ဖြစ်၏။

ကိုယ်ပိုင်သံစဉ်နှင့် ကော်ပီတေးအပေါ် ထူးအိမ်သင်၏ အမြင် ...



http://mmteashop.com

ကိုယ်ပိုင်သံစဉ် (အဲဒီ ဝေါဟာရအတိုင်းပဲ ထားလိုက်ပါတော့) သီချင်းရော၊ ကော်ပီသီချင်းရော အမျိုးအစားနှစ်ခုလုံးဟာ ရှိသင့်ရှိအပ်လို့ (ဒါမှမဟုတ်) တောင်းဆို လိုအပ်လို့ ရှိနေရတယ်လို့ ယူဆရပါတယ်။ သို့သော် နောက်ဆုံးမှာတော့ ကိုယ်ပိုင်သံစဉ်လို့ ခေါ်ကြတဲ့ Own Composition တွေဟာ ပင်မရေစီးကြောင်း ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့ အနေနဲ့ ကော်ပီသီချင်းတွေကို ဘာကြောင့်ပဲ ဖြစ်ဖြစ် ရှုတ်ချစရာ အထင်သေးစရာမရှိဘူး။ အခြေခံ အကြောင်းကတော့ ကျွန်တော်တို့အတွက် ဂီတပညာ သင်ယူစရာ ကျောင်းတွေ မရှိခြင်းပါပဲ။ ပင်ကိုရေးသီချင်းများ ဖွဲ့သီနိုင်ဖို့အတွက် တေးသွားဖွဲ့စည်းမှု၊ အဲဒီ တေးသွားတွေ ပေါ်မှာ မိတ်ဖက်သံများ တည်ဆောက်မှု၊ ဂီတဖန်တီး စီစဉ်ခန့်ခွဲမှု၊ တီးမှုတ် သီဆိုမှု အတတ်ပညာ နည်းစနစ်တွေလိုတယ်။ အဲဒါတွေကို ဘယ်မှာ သွားသင်ယူ ရမလဲ။ ကျွန်တော်တို့မှာ ကျောင်းမရှိဘူး။ ကောင်းပြီး နိုင်ငံခြားတေးသွားတွေ၊ သီချင်းတွေကို ကျွန်တော်တို့ လိုက်ပြီးတီးကြတယ်။ ဆိုကြတယ်။ ဒီလိုနဲ့ ကော်ပီ သီချင်းများ၊ သီဆို တီးခတ်ခြင်းဟာ ကျွန်တော်တို့အတွက် ဂီတပညာ သင်ယူလေ့လာမှု (ဒါမှမဟုတ်) ဂီတကျောင်း တက်ရောက် သင်ကြားမှု ဖြစ်လာတယ်။ ခင်ဗျားတို့ နားထောင်နေရတဲ့ ကော်ပီသီချင်းတွေဟာ ကျွန်တော်တို့ရဲ့ ဂီတပညာစစ်ဆေးမှု၊ စာမေးပွဲ အဖြေလွှာတွေပါပဲ။ ဒါတွေသာ မရှိ ခဲ့ရင် ကျွန်တော်တို့ ကျန်းမာကြံ့ခိုင်တဲ့ ကိုယ်ပိုင်သံစဉ် သီချင်းတွေကို ဘယ်နည်းနဲ့မှ ဖန်တီးလာနိုင်ခဲ့စရာ မမြင်ပါဘူး။ ကော်ပီသီချင်းများ တီးခတ် သီဆိုကြရင်းနဲ့ ကျွန်တော်တို့ အတွေ့အကြုံတွေ ရလိုက်တယ်။ နည်းစနစ်တွေ ရလိုက်တယ်။ ဂီတအသိပညာနဲ့ သီဝရီတွေ ရလိုက်တယ်။ အဲဒါတွေ အားလုံးကို အသုံးပြုပြီး ကိုယ်ပိုင် သံစဉ် သီချင်းတွေကို ပိုမိုအားကောင်းလာအောင် ကျွန်တော်တို့ ဖန်တီးနိုင်ခဲ့တယ်။

ထူးအိမ်သင် ပြောသော "သီချင်းတစ်ပုဒ်၊ အချိန်ကာလာ အသစ်နှင့် သမိုင်းဆိုင်ရာ ကိစ္စ -

မရောက်ရှိသေးတဲ့ အချိန်နဲ့ အခြေအနေ တစ်ခုဆီကို ရည်ညွှန်းတဲ့ နိမိတ်ဖတ်တဲ့ သီချင်းတွေ ရှိခဲ့ဖူးတယ်ဆိုတာ ငြင်းလို့မှ မရဘဲ။ ဒါပေမဲ့ ဒီသီချင်းမျိုးက အမြဲတစေ များများစားစား ထွက်ပေါ်လာတာမျိုးတော့ မဟုတ်ဘူး။ တစ်စုံတစ်ခု သော အခြေအနေရဲ့



http://mmteashop.com

ပြင်းထန်တဲ့ စေ့ဆော်တိုက်တွန်းမှုနဲ့ တောင်းဆိုမှုရှိမှသာ ဖြစ်နိုင်တာမျိုးပေါ့။ ဒါပေမယ့် ဒီသီချင်းမျိုးက အများအားဖြင့် သမိုင်းဆိုင်ရာ တန်ဖိုးသာ ကြီးမားလေ့ရှိပြီး အနုပညာနဲ့ ရသအလှ တန်ဖိုးကတော့ သိပ်မပြောပ လောက်ဘူးလို့ ယူဆပါတယ်။ သူက အချိန်ကာလာ အပိုင်းအခြားတစ်ခုနဲ့ သီးခြား ဖွင့်ဆိုချက်ရှိတဲ့ အခြေအနေတစ်ခုကို တိုက်ရိုက် ရည်ညွှန်းတတ်တဲ့အတွက် ရသ ခံစားမှုမှာ တစ်သမတ် တန်ဖိုးမရှိနိုင်လို့ပါပဲ။

သီချင်းတစ်ပုဒ်အပေါ် ပြဌာန်းမှုကိစ္စ ...

သီချင်းတစ်ပုဒ်ကို သီးခြားအပိုတာဝန်ယူရမယ်လို့ ပြဌာန်းစရာ အကြောင်း မရှိပါဘူး။ သီချင်းတစ်ပုဒ်ရဲ့ မူလတာဝန်ဟာ လူတွေရဲ့ ခံစားမှုအာရုံကို တစ်စုံတစ်ခုသော အကြောင်းခြင်းရာပေါ်မှာ ညွတ်နူးစေဖို့သာဖြစ်တယ်။ အဲဒီမှာ သီချင်းကို ဖန်တီးသူရဲ့ စေတနာနဲ့ ပေးလိုတဲ့ အကြောင်းအရာပေါ်မှာ မူတည်ပြီး တာဝန်တစ်ခုခုကို ယူပြီးသား ဖြစ်နေပါလိမ့်မယ်။ အရေးကြီးဆုံးကတော့ အနုပညာ ဖန်တီးမှုတစ်ခုဟာ အနုပညာမြောက် နေဖို့ပါပဲ။ အဲဒါမှပဲ ဒီသီချင်းကို နားထောင်ရင်း ခင်ဗျားတို့ ကျွန်တော်တို့ ရင်ခုန်နိုင် ပါလိမ့်မယ်။ အခြေခံအားဖြင့် ဖန်တီးသူဟာ ရိုးသားမှုရှိဖို့ လိုအပ်တယ်။ သီချင်းကို ဖန်တီးစဉ်မှာ သူကိုယ်တိုင် ရင်ခုန်နေမှ ဒီသီချင်းကို ခံစားတဲ့ အခြားသူတွေလည်း ရင်ခုန်မှာပေါ့။ ဒီလိုမှ မဟုတ်ဘဲ ကိုယ်တိုင် ရင်မခုန်ဘဲနဲ့ တာဝန်တစ်ခုခုယူဖို့ ကြိုးစားရင် (ဖွတ်ကြီး ကြိုးစားရင်) သီချင်းတော့ ဖြစ်လာမှာ မဟုတ်ဘူး။ အသံအနိမ့်အမြင့်ထားပြီး ရွတ်ဆိုရတဲ့ ဝါဒဖြန့် ကြော်ငြာစာတန်းတွေ၊ ပြည်သူ့နီတိနဲ့ ဆေးကြော်ငြာတွေပဲ ထွက်လာလိမ့်မယ်။ အဲ့ဒါတွေကို သီချင်းလို့ ဘယ်တုန်းကမှ ကျွန်တော် မယူဆခဲ့ဘူး။

ထူးအိမ်သင် သီချင်းတစ်ပုဒ် ဖွဲ့စည်းမိခြင်းနှင့် ဖွဲ့စည်းပုံ -

အတွေ့အကြုံတစ်ခု (ဒါမှမဟုတ်) အဖြစ်အပျက်တစ်ခု (ကြီးကြီးမားမား ဖြစ်စေ၊ အသေးအဖွဲဖြစ်စေ) ကနေ့ အမြင်တစ်ခု (သို့မဟုတ်) ခံစားမှုတစ်ခု ရရှိတဲ့အခါ သီချင်းဖွဲ့ ဖြစ်တာ များပါတယ်။ တစ်ခါတစ်ရံ တွေ့ကြုံနေစဉ်မှာပဲ တိုက်ရိုက် ရေးဖွဲ့ဖြစ်ပြီး တစ်ခါတစ်ရံကျတော့ အဲဒီ အတွေ့အကြုံ အဖြစ်အပျက်ကို ရင်ထဲမှာ အချိန် တော်တော်ကြာကြာ သိမ်းဆည်းထားပြီးမှ ရေးဖွဲ့ဖြစ်တာလည်း ရှိပါတယ်။ ဒုတိယပုံစံနဲ့



http://mmteashop.com

ရေးဖွဲ့ဖြစ်တဲ့ သီချင်းတွေမှာ လောကအပေါ်ကြည့်မြင်မှု၊ မိမိအတ္တအပေါ် အမိပ္ပာယ်ဖွင့်ဆိုမှုနဲ့ လောဘနဲ့ မိမိရဲ့ ဖြစ်တည်မှုအကြား မျဉ်းဖြောင့်ဆက်သွယ်မှု သဘောတွေ ပါလာပါတယ်။ ပထမပုံစံနဲ့ ရေးဖွဲ့သီချင်း အများစုကတော့ အဖြစ်အပျက် တစ်ခု (သို့မဟုတ်) ခံစားမှုတစ်ခုကို တိုက်ရိုက် မိတ္တူကူး ဖွဲ့စည်းတာမျိုးပါပဲ။

ထူးအိမ်သင် ဖွင့်ဆိုသော လူငယ် လူကြီးနှင့် ဂီတ -

ဂီတကို အများဆုံး ခံစားနိုင်တာ လူငယ်တွေပဲဆိုတော့ လူငယ်ကြိုက် သီချင်းတွေကို ကန့်ကွက်စရာ အကြောင်းများ ရှိသေးရဲ့လားဗျ။ ကျွန်တော်တို့ကို နားလည် ခံစားနိုင်သူတွေ အတွက်ပဲ ကျွန်တော်တို့ ပေးစရာရှိတယ်။ နားမလည်နိုင် မခံစားနိုင်သူတွေ အတွက် ကျွန်တော်တို့မှာ ဘာမှ ပေးစရာမရှိဘူး။ လူငယ်ကြိုက် သီချင်းဆိုတာကိုရော ခင်ဗျား ဘယ်လို အမိပ္ပာယ် ဖွင့်ဆိုပါသလဲ။ လူငယ်ကြိုက် သီချင်းတွေဆိုတာနဲ့ ခပ်ပျက်ပျက် ခပ်ရမ်းရမ်း သီချင်းတွေလို့ သတ်မှတ်ဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ သီချင်းတွေကို ပြန်လေ့လာကြည့်ပါဦး။ ဒီနေ့ လူငယ်တွေကို အထင်သေးလို့ မရဘူး ဆိုတာလည်း ခင်ဗျားတို့ ကျွန်တော် တို့ အသိပါပဲ။ အခု လူကြီးတွေကြိုက်တဲ့ အနှစ်နှစ်ဆယ်တေးတို့ ခေတ်ဟောင်းတေးတို့ အဲဒါတွေရော အရင်တုန်းက လူငယ်ကြိုက် သီချင်းတွေပဲ မဟုတ်လား။ သူ့ရေစီးကြောင်းဟာ သူ့ပိုင်ပစ္စည်း တွေကို သယ်ဆောင် သွားလိမ့်မယ်။

ညီလေးခင်

ပန်းဝေသီ မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၉၆။

http://mmteashop.com

# မဖျှိမဒေသက မဟာဝီရ အိုဗုဒ္ဓကို ပူဇော်သူ

ကိုမျိုး(I.R)

ကိုထူးအိမ်သင်ရဲ့ "နှစ်ချို့ဝိုင်" အစီအစဉ်က လုံးဝပျက်သွားပြီလား။ ပရိသတ်က အခုထိ စိတ်ဝင်တစား စောင့်မျှော်နေကြတယ်လေ။

နှစ်ချို့ဝိုင် အစီအစဉ်က မပျက်ပါဘူး။ ဘာကြောင့် ဒီလောက်ထိ ကြာနေတာလဲ ဆိုတာက ကျွန်တော်တို့ ဒီသီချင်းတွေကို လုပ်ရင်း လုပ်ရင်းနဲ့ အချိန်က ကြာလာတော့ သီချင်းတွေကို ပြန်နားထောင်လိုက်၊ သီချင်း Arrangementတွေ၊ တီးထားတာတွေ၊ ရွေးထားတဲ့ Style တွေ၊ Rhythm တွေ၊ နောက် ဒီ Voice တွေ အဲဒါတွေကို စိတ်တိုင်းမကျတော့တာနဲ့ အားလုံး သွင်းထားတာက သီချင်း ၂၅ ပုဒ်၊ အပုဒ် ၃၀ လောက်ရှိမယ်။ ဒါပေမဲ့ အဲဒါတွေကို မကျေနပ်တော့တာနဲ့ ရပ်ထား လိုက်တာ ဆိုပါစို့။ အခု အဲဒါကို ပြန်သွင်းနေပါပြီ။ ကိုဇော်သစ် (နှင်းဆီလှိုင်း) နဲ့ပဲ လုပ်မှာပါ။ သီချင်းတွေကတော့ ရွေးထားတာ အများကြီးပဲဗျာ။ ပရိသတ်လက်ထဲ ရောက်မှပဲ ဘယ်သီချင်းတွေ ဖြစ်မလဲဆိုတာ အတိအကျ သိပါလိမ့်မယ်။ သီချင်း အကုန်လုံး Version အသစ်တွေချည်း လုပ်ထားတာပါ။ Band က Emperor ပါ။ ဖြန့်မယ့်အချိန်ကိုတော့ အတိအကျပြောလို့ မရသေးပါဘူး။

"အစိမ်းရောင် ရက်စွဲများ" အယ်လ်ဘမ်ထဲမှာ မောင်မောင်ဇော်လတ်နဲ့ တွဲရေးထားတဲ့ "မဟာဝီရ အို..ဗုဒ္ဓ" သီချင်းက တော်တော် ထူးခြားတယ်နော်။ ကိုငှက်တို့ ဘယ်လို စိတ်ကူးနဲ့ ဒီသီချင်းကို ဖန်တီးခဲ့ကြတာလဲ။ ဒီသီချင်းအတွက် ကိုငှက်တို့ အချိန် ဘယ်လောက်ယူခဲ့ကြလဲ။

ဒီ "မဟာဝီရ အို.. ဗုဒ္ဓ" က ဒီသီချင်းရဲ့ Melody Sketch အကြမ်းလေးကို မောင်မောင်ဇော်လတ် ကျွန်တော့်ကို ပေးထားတာ ကြာပြီ။ သူ မန္တလေး ဆေးကျောင်းမှာ

တက်ခါစ 1st MB, 2nd MB နှစ်လောက်ကတည်းက သူ ဒီ Melody Sketch လေးကို ပေးထားတာ။ ဒါလေးကို ဒီ Melody ထဲမှာ ဘာ Theme ထည့်မလဲ ဆိုပြီးတော့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ကို ကြာနေတာ၊ နောက်ဆုံး ဒီဗုဒ္ဓအကြောင်းကို ဗုဒ္ဓပူဇော်တဲ့ သီချင်း ရေးတော့မယ် ဆိုတဲ့ အခါကျတော့ အဲဒီ Melody Sketch လေးကို ပြန်ပြီး "မဇ္ဈိမဒေသ" အတိုင်း အဲဒီ အငွေ့အသက်ကလေး ပါအောင် ပြန်ပြီးတော့ Edit ပြန်လုပ်ယူတယ်။ အဲဒီလို ပြန်လုပ်ယူပြီးတော့မှ ဒီ Theme ကို ဒီ Melody ထဲမှာ ဝင်အောင် ထည့်ခဲ့တာပါ။ ဘယ်လောက်ကြာလဲ ဆိုတာတော့ တွက်ကြည့်ပေါ့ဗျာ။ ၁၉၉၂၊ ၁၉၉၃ လောက် ကတည်းက စပြီး ဒီသီချင်းကို ရေးခဲ့ကြတာ။

"မဟာဝီရ အို..ဗုဒ္ဓ" သီချင်းကို ပြန်နားထောင်ပြီးတော့ ကိုငှက်ရဲ့ စိတ်ထဲမှာ ဘယ်လို Feeling မျိုး ပေါ်လာခဲ့ဖူးလဲ။

ဒီသီချင်းကို ပြန်နားထောင်တော့ ကျွန်တော့်စိတ်ထဲမှာ ဒီသီချင်းကို အဲဒီအချိန် တုန်းက ဒီ့ထက် ပိုကောင်းအောင် လုပ်ခဲ့သင့်တယ်။ လုပ်နိုင်သင့်ခဲ့တယ်လို့ တွေးမိတယ်။ ဗုဒ္ဓကို ပူဇော်တဲ့နေရာမှာ ဒီထက်ပိုပြီးတော့ အမွန်အမြတ်နဲ့ ပူဇော် ချင်တဲ့ စိတ်မျိုးရှိတော့ အားမလို အားမရ ဖြစ်တယ်။

နောက်ပိုင်း ကိုငှက်ကို အတွဲခွေတွေထဲမှာ မကြာမကြာ တွေ့လာရတယ်။ မကြာခင်က ထွက်သွားတဲ့ "အလိုအပ်ဆုံး" ခွေထဲမှာ တူးတူးရဲ့ သီချင်းတစ်ပုဒ်ကို ပြန်ဆိုထားတယ်နော်။ သူများသီချင်းဟောင်းတွေကို ပြန်ဆိုရတဲ့အပေါ် ကိုငှက် Feeling ကရော ဘယ်လိုရှိလဲ။ စီးပွားရေးအရလား။ လူမှုရေးကြောင့်လား၊ ဒီသီချင်းတွေကို ပြန်ဆိုချင်တဲ့စိတ်က ပြင်းပျလို့လား။

အင်း ... သူများ သီချင်းဟောင်းတွေကို ပြန်ဆိုရတဲ့ ကိစ္စက အဓိကက လူမှုရေးကြောင့်ပါ။ ပြန်ဆိုပေးရတော့မယ် ဆိုတဲ့ အချိန်ကျတော့လည်း တကယ့် ကို ကိုယ်ဆိုချင်တဲ့ သီချင်းတွေ၊ ဟိုတုန်းက တကယ်ကို ကြိုက်ခဲ့တဲ့ သီချင်းတွေ၊ အဲဒါလေးတွေကို သေသေချာချာ ရွေးချယ်ပြီးတော့ ဆိုခဲ့တာပါ။



http://mmteashop.com

ကိုငှက်ရဲ့ သီချင်းတွေကို လေးဖြူတို့၊ ထွဏ်းထွဏ်းတို့၊ စည်သူတို့၊ အဲလက်စ်တို့ ပြန်ဆိုထားတာကိုကော ဘယ်လိုမြင်လဲ။ လက်ခံနိုင်ရဲ့လား။

အဆိုနဲ့ ပတ်သက်လို့ ပင်ကိုယ်အသံကော technique ကော ကောင်းရင် အကောင်းဆုံးပဲပေါ့ဗျာ။ ဒါပေမယ့် တစ်ယောက်တည်း အယူအဆအရ ပြောရရင် ပင်ကိုအသံထက် Technology ပေါ့နော်။ ဒီ Singing Technique တွေ လေ့ကျင့်ထားနိုင်မှု၊ ပိုင်နိုင်မှုက ပိုပြီးတော့ အရေးကြီးလိမ့်မယ်လို့ ထင်တယ်။ အဆိုနဲ့ ပတ်သက်ပြီး သင်တန်း ဘာညာဆိုတာကတော့ ကျွန်တော်လည်း သိပ်ပြီး အချိန်မပေးနိုင်ဘူး။ ဒါပေမဲ့ ကလေးတွေကိုတော့ ကြုံရင် ကြုံသလို ကျွန်တော် သင်ပေးပါတယ်။

"အရင်အတိုင်း" တို့၊ "စကားလုံးမရှိတဲ့ကောင်းကင်" တို့လို ကော်ပီသီချင်းတွေ ဆိုထားတာလည်း တချို့သီချင်းတွေမှာ မူရင်းထက်ကို ကောင်းတယ်လို့ ထင်မိတယ်။ အဲဒီကော်ပီတွေ ပြန်ဆိုတုန်းက ကိုငှက် မူရင်းအတိုင်းပဲ ပြန်ဆိုခဲ့တာလား။ ဒါမှမဟုတ် Mood တို့ Experssion တို့ကို သူတို့နဲ့ မတူအောင် ပြောင်းဆိုခဲ့တာလား။

မူရင်းထက်ကောင်းတယ်လို့ မနောက်ပါနဲ့ဗျာ။ အဲဒီလိုတော့ ခင်ဗျား မနောက်နဲ့။ ကျွန်တော် ကော်ပီသီချင်းဆိုတဲ့ အခါကျလို့ရှိရင် ဘာပဲဖြစ်ဖြစ် ကျွန်တော် မူရင်းသီချင်း အပေါ်မှာ အတတ်နိုင်ဆုံး ကြိုးစားပြီး သစ္စာရှိပါတယ်။ အဖြစ်နိုင်ဆုံး သူတို့ Mood နဲ့ Expression ကို ကျွန်တော် အတတ်နိုင်ဆုံး ပြောင်းပြီးတော့ ထည့်ယူပါတယ်။

ဂီတပုံစံ အမျိုးအစားတွေဟာ ခေတ်တစ်ခေတ်ရဲ့ Image ကို ထင်ဟပ်ပြစေတယ် ဆိုတာကို ကိုငှက်လက်ခံလား .။

သေသေချာချာ လက်ခံတာပါဗျာ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီဂီတမှ မဟုတ်ဘူးလေ။ ဒီအနုပညာရပ်တိုင်းဟာ သူပေါ်ပေါက်လာတဲ့ ခေတ်ရဲ့ Image ကို ထင်ဟပ်တာပဲ။ ဒီခေတ်ထဲမှာ နေထိုင်တဲ့၊ ဒီခေတ်ထဲမှာ ရှင်သန်သွားတဲ့ အနုပညာရှင်တွေဟာ ဒီခေတ်ရဲ့ ရိုက်ခတ်မှုအရပဲ ဒီခေတ်ရဲ့ Imageကိုပဲ သူတို့ရဲ့ ဒီအနုပညာလုပ်ရပ်တွေမှာ ထည့်ပြီးတော့ ဖော်ပြမှာပဲ။

http://mmteashop.com

အဆိုတော် တစ်ယောက်ဟာ Mood နဲ့ Expression ဘယ်ဟာက ပိုအရေးပါတယ်လို့ ထင်ပါသလဲ။ ကိုယ်ဆိုရမယ့် သီချင်းရဲ့ Melody နဲ့ Theme နဲ့ ရော ဆိုင်မယ် ထင်ပါသလား။

Expression ဆိုတာ Mood ရှိမှ လာတာဗျ။ Mood ကောင်းမှ Expression ကောင်းနိုင်မှာ။ ဒီနှစ်ခုက တွဲနေတာကိုး။ Mood ကောင်းဖို့ Mood ရဖို့ ဆိုတာကလည်း ကိုယ်ဆိုမယ့်သီချင်း Melody နဲ့ Theme ကို ကိုယ်က နှစ်နှစ် သက်သက် ကျေကျေနပ်နပ်နဲ့ ကိုယ်ဆိုနိုင်မယ့် အနေအထားမျိုးရှိမှ Mood ကောင်းမယ် ထင်တာပဲ။

ကိုငှက်ကြိုက်တဲ့ ဂီတပုံစံတွေကို Top Ten စာရင်းအနေနဲ့ ချရေးကြည့်မယ် ဆိုရင်။

ကျွန်တော် ဂီတပုံစံ အားလုံးနီးပါးကို ကြိုက်တယ်။ Top Ten ချရေးလို့ကို မဖြစ်နိုင်ပါဘူး။ ကျွန်တော် ကြိုက်တာတွေက အများကြီးပဲဗျ။ ဘယ်ဟာ အကြိုက်ဆုံး ဆိုတာလည်း ကျွန်တော့်မှာ မရှိပါဘူး။

"မြို့ပြလရောင်တမ်းချင်း" လို Blues ပုံစံမျိုးတွေကော နောက်ထပ် လုပ်ဖို့ အစီအစဉ် ရှိသေးလား။

Blues သီချင်းတွေလည်း ကျွန်တော် ရေးဦးမှာပဲ။ ဆိုလည်း ဆိုဦးမှာပဲ။ ကြိုက်တယ်။

Alter ဟာ Circle ပုံစံဆန်တယ် ဆိုတာကကော။

အင်း ... Alternative Music အကြောင်း ပြောဖို့က တော်တော်တောင် နောက်ကျနေပြီ ထင်တယ်။ ကျွန်တော့် အယူအဆကတော့ Chord Phrasingမှာ သီအိုရီဆိုတာ မရှိဘူးဗျ။ သုံးနေကျ သွားတတ်တဲ့ Flow မျိုးပေါ့နော်၊ အဲဒါမျိုးပဲ ရှိလိမ့်မယ်။ သာမန်သွားနေကျ Phrase မျိုး မသွားဘဲနဲ့ တခြား Phrase တစ်မျိုး ပြောင်းပြီး သုံးတာပေါ့။ အဲဒါ သီအိုရီနဲ့တော့ သိပ်မဆိုင်လှဘူး။ သီအိုရီဖျက်တယ် လို့ ပြောတာကိုလည်း ကျွန်တော် သိပ်လက်မခံချင်ဘူး။ သီအိုရီချိုးတယ်တို့ သီအိုရီ ဖျက်တယ်တို့ ပြောတာတွေ ကျွန်တော် သိပ်လက်မခံနိုင်ဘူး။ ကျွန်တော့် အမြင်အရတော့ Dimension တွေ ပြောင်းလိုက်တယ်လို့



http://mmteashop.com

ထင်တာပဲ။ Circle ပုံစံ ဆန်တယ် ဆိုတာကလည်း ဒီဂစ်တာ Riff တွေကို ထပ်တလဲလဲ သုံးထားတဲ့အခါ ကျတော့ ဒီထဲမှာ သွားတဲ့ Melody ကလည်း နည်းနည်းလေး လည်ချင်တဲ့ သဘောပေါ့။ နည်းနည်းစက်ဝိုင်းဆန်တဲ့ ပုံစံမျိုး ဖြစ်လာကြတာပေါ့။ သူတို့ အဲဒီလို မြင်ကြတယ် ထင်တာပဲ။

ကျွန်တော်တို့ဆီက Own Tune တွေဟာ Adaptation အဆင့်မှာပဲ ရှိနေသေးတယ် လို့ ထင်လား။ ကိုငှက်ရဲ့ အမြင်ကို သိပါရစေ။

ကျွန်တော်တို့ Own Tune တွေ၊ Adaptation အဆင့်မှာပဲ ရှိနေသေးတယ်လို့ ကျွန်တော်မထင်ဘူး။ Adaptation ထက်တော့ အများကြီး တိုးတက်လာပြီလို့ ကျွန်တော် ထင်တာပဲ။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ကလေးတွေ အနေနဲ့က (တချို့ဆိုရင်ပေါ့နော်) ကျွန်တော် ကြားဖူးတာက သူတို့ အယူအဆလေးတွေ နည်းနည်းလွဲနေသလားလို့။ အဲ ... International စည်းမျဉ်းအရ ၈ဘားအထိ တူလို့ရတယ်တို့ ဘယ်နှစ်ဘားတူလို့ရတယ်တို့ အဲဒီလို သူတို့ တွေးပြီးတော့ ဟိုနားက ၃/၄ဘားလောက် ဒီနားက ၃/၄ဘားလောက် အဲဒီလိုမျိုး စပ်လိုက်ရင် Own Tune တစ်ပုဒ်ဖြစ်တာပဲလို့ ထင်ကြတဲ့ ကလေးတွေက ထင်ကြတယ်ဗျ။ အဲဒီ ကိစ္စကတော့ နည်းနည်း လွဲနေသေးတယ်။ ဒါပေမယ့် Adaptation အဆင့် ထက်တော့ မကတော့ဘူးလို့ ကျွန်တော် မြင်တယ်။

Big V အခွေလုပ်တုန်းက နိုင်ငံခြား သွားခဲ့တယ်နော်၊ အဲဒီတုန်းက သူတို့ဆီက ဂီတလောကနဲ့ ကျွန်တော်တို့ဆီက ဂီတလောက ဘာတွေ ကွာခြားနေပါလိမ့်။

အဲဒီက ဂီတလောကက ဈေးကွက်ကြီးတယ်၊ ဈေးကွက် သန့်ပြန့်တယ်၊ နောက် အယ်လ်ဘမ် တစ်ခု အောင်မြင်တယ် ဆိုလို့ရှိရင်လည်း သန်းနဲ့ချီပြီးတော့ သန်းပေါင်းများစွာ ရောင်းကြတာဆိုတော့ သူတို့ရဲ့ ဒီ Audio Entertainment Business က ကြီးတယ်ဗျ။ လည်ပတ်နေတဲ့ ငွေကလည်း များတယ်။ ဆိုတော့ အနုပညာရှင်တွေ အနေနဲ့လည်း ခံစားခွင့် ပိုရှိတယ်။ နောက် ဒီဂီတ Industry တစ်ခုလုံး၊ ဒီလုပ်ငန်းကြီး တစ်ခုလုံး ဝင်ငွေကောင်းတဲ့ အခါကျတော့ သူတို့သုံးတဲ့ ဒီပစ္စည်း ကိရိယာတွေကအစ ကျွန်တော်တို့ထက် ပိုသာတယ်။ ဖန်တီးနိုင်မှု စွမ်းရည်ကို ကျွန်တော် ပြောတာ



http://mmteashop.com

မဟုတ်ဘူးနော်၊ ရုပ်ဝတ္ထုပစ္စည်းအနေနဲ့ သာတယ်။ Technology ကျွန်တော်တို့ထက် သာတယ်။ နောက် Music Education ပေါ့။ ဒီဂီတပညာရေးပိုင်းမှာလည်း သူတို့ ကျွန်တော်တို့ထက် အများကြီး သာပါတယ်။ ကျွန်တော်တို့ဆီကတော့ ဈေးကွက် ကလေးကလည်း ကျဉ်းသေးတာကိုး။ ခံစားခွင့်အနေနဲ့လည်း နည်းတယ်။ နောက် ဒီမှာ လည်ပတ်နေတဲ့ ငွေကြေးကလည်း သိပ်အများကြီး မဟုတ်တော့ (ဂီတလောကကို ပြောတာနော်) ပစ္စည်းကိရိယာကအစ နောက်ကျ ကျန်ခဲ့တယ်။

Album တစ်ခုအတွက် ပေးလိုက်တဲ့ Title ဟာ အဲဒီ အယ်လ်ဘမ် အတွက် အရေးပါတယ်လို့ ထင်သလား။ Cover Design နဲ့ Wall Sheet တွေကရော အခု Media ခေတ်မှာတော့ ကြော်ငြာပေါ့။ အရေးကြီးတယ်လို့ ထင်သလား။

ခင်ဗျားပြောတဲ့ အရာတွေ အကုန်လုံး အရေးကြီးတယ်လို့ ကျွန်တော် မြင်ပါတယ်။ အင်း … ဒါပေမယ့်လည်း အဓိကကတော့ သီချင်းကောင်းဖို့က အဓိက ကျလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။

Traditional ဂီတပုံစံတွေကိုကော ကိုငှက်ကြိုက်လား၊ ကျွန်တော်တို့ဆီမှာရှိတဲ့ Traditional ပုံစံတွေကို ခေတ်ပုံစံနဲ့ ပြန်လုပ်ဖို့ စိတ်ကူးမရှိဘူးလား။

ကျွန်တော် ကြိုက်တယ်။ Traditional Music ရိုးရာဂီတပေါ့လေ။ အခုခေတ် ဒီ အနောက်တိုင်းဂီတပုံစံနဲ့ ပြန်လုပ်ဖို့ ကျွန်တော်ကြိတ်ကြံနေတယ်။ (ရယ်လျက်) ဒါပေမယ့် ကျွန်တော်တစ်ယောက်တည်း လုပ်လို့ ဖြစ်မှာ မဟုတ်ဘူးဗျ။ ကျွန်တော် သိတယ်။ ကျွန်တော် အကူအညီ လိုတယ်။

Riche Black Moore တို့ The Corrs တို့ရဲ့ Traditional တွေကို ဘယ်လိုမြင်လဲ။

Black Moore Night ရော၊ The Corrs ရော နှစ်ဖွဲ့စလုံးကို ကြိုက်တယ်။ သူတို့ ယူထားတဲ့ အခြေခံ Traditional Scale တွေကတော့ မတူဘူးပေါ့ဗျာ။ Black Moore Night ကတော့ Gipsy Scale တွေပေါ့။ ၁၆ ရာစုလောက်က Gipsy တွေရဲ့ ရိုးရာပုံစံပေါ့။ Corrs ကတော့ အိုင်းရစ်လူမျိုးတွေရဲ့ ရိုးရာတေးသွား အဖွဲ့အနွဲ့ပုံစံပေါ့။ တစ်မျိုးစီ ကျွန်တော်



http://mmteashop.com

ကြိုက်တယ်။ ဒါပေမဲ့ နောက်ပိုင်း The Corrs အယ်လ်ဘမ်တွေက Pop Music ဘက်ကို ပိုယိုင်လာတယ်လို့ ကျွန်တော် မြင်တယ်။

Queen အဖွဲ့က Fredy Mercury ကို ကိုငှက် အရမ်းကြိုက်တယ်လို့ သိရတယ်။ ကိုငှက်လိုပဲ တခြား ဂီတသမားတွေ တော်တော်များများလည်း ကြိုက်ကြတယ်။ ဘာအချက်တွေကို ကြည့်ပြီး ကြိုက်ခဲ့တာလဲ။ ဘာကြောင့်လဲ။

Fredy Mercury ရဲ့ Queen ကို ဘာကိုကြည့်ပြီး ကြိုက်သလဲဆိုရင် အချက်ပေါင်းများစွာနဲ့ ကြိုက်တယ်။ သူ့ရဲ့ အရေးစွမ်းရည်၊ အဆိုစွမ်းရည်၊ အတီးစွမ်းရည်၊ နောက် ဒီတူရိယာတွေကို နေရာချတဲ့၊ အစီအစဉ်လုပ်တဲ့၊ Arrangement လုပ်နိုင်တဲ့ စွမ်းရည် အကုန်လုံးကို ကြည့်ပြီးတော့ကို ကြိုက်တာ။ ဒီ Fredy Mercury ဆိုတဲ့ ဆရာကြီးက ဘုရားသခင်ရဲ့ လက်ဆောင်ပါပဲဗျာ။

နောက်ပိုင်း ကိုငှက် သီချင်းရေးအား အတော်နည်းသွားတာကို တွေ့ရတယ်။ ဘာကြောင့်လဲ စိတ်ကျန်းမာရေးနဲ့များ ဆိုင်လား။

အင်း ... (ရယ်လျက်) သီချင်းရေးအား နည်းသွားတယ်ဆိုတာ အကြောင်းက တစ်ခုတည်းပါပဲ။ အကြည်ဓာတ် ခန်းလာလို့။ သီချင်းရေးတယ်၊ သီချင်းတစ်ပုဒ် ဖန်တီးတယ်ဆိုတာ စိတ်ထဲမှာ အကြည်ဓာတ်လေး ရှိနေမှ၊ ဒီအကြည်ဓာတ်လေးနဲ့ စိုစွတ်နေမှ ရေးလို့ကောင်းတာပါ။ အကြည်ဓာတ်ခန်းတဲ့ အခါကျတော့ မရေးချင်တော့ဘူး။ အဲဒါကြောင့်ပါပဲ။

ခုချိန်မှာ ကိုငှက် သီချင်းတစ်ပုဒ်ရေးဖို့ အတော်အားယူရလား။ အဲဒီအခါ ကိုငှက်ရဲ့ စိတ်ကို ဘာတွေနဲ့ ဘယ်လို တည်ဆောက်ယူလဲ။

(ရယ်လျက်) အဲဒီလို သီချင်းကို အားယူပြီး ရေးရတာမျိုးကို ကျွန်တော် ဝါသနာကို မပါတာ။ သူ့ဘာသာသူ စီးကျလာတဲ့ ဉစ္စာကို စောင့်ပြီးတော့ ခံယူရတာမျိုးပဲ ကျွန်တော် လိုချင်တယ်။ အဲဒီလို အားထုတ်ပြီး ညှစ်ယူရတဲ့သီချင်းမျိုး ကျွန်တော် မလိုချင်ဘူး။ အဲဒါကြောင့် နောက်ပိုင်း သီချင်း အရေးကြဲသွားတာပါ။ စိတ်ကိုတော့ ဘာနဲ့မှ

http://mmteashop.com

တည်ဆောက် ယူလို့ မရဘူးဗျ။ စောစောက ပြောသလိုပဲ။ အကြည်ဓာတ် ခန်းရင် ဘာမှလုပ်လို့မရဘူး။

လူတစ်ယောက် ဖန်တီးတဲ့ အနုပညာရဲ့အောင်မြင်မှုဟာ အသက်အရွယ်နဲ့ကော ဆိုင်မယ်လို့ ထင်သလား။

အဲဒီလို ကျွန်တော် ထင်ကိုမထင်မိဘူးဗျာ။

ရောဝတီ အကြောင်းကို ရေးထားတဲ့ သီချင်းပုံစံမျိုးကော ထပ်မလုပ်တော့ဘူးလား။ ဒီတစ်ခါ ဘယ်နောက်ခံဒေသကို ဖွဲ့ဆိုဖို့ အာသီသရနေလဲ။ ကိုငှက်ရဲ့ဇာတိ မော်လမြိုင်မြို့အကြောင်းကိုကော မရေးဘူးလား။

ထပ်လုပ်ဖို့ရှိတယ်ဗျ။ အင်း ... မော်လမြိုင်မြို့ အကြောင်းတော့ မဟုတ်ဘူး ပေါ့နော်။ မွန်လူမျိုးတွေရဲ့ ဒေသအကြောင်းပေါ့။ အဲဒီအကြောင်းတော့ ကျွန်တော်ရေးဖို့ရှိတယ်။ ဒါနဲ့ စကားမစပ်ပေါ့ဗျာ။ မော်လမြိုင်က ကျွန်တော့်ဇာတိ မဟုတ်ဘူးဗျ။ ကျွန်တော်က ပဝတ္တိသားပါ။ ပုသိမ်က ကျွန်တော့် ဇာတိပါ။ မော်လမြိုင်က ကျွန်တော်ကြီးမှ ကျွန်တော်မိဘတွေ အလုပ်ပြောင်းလို့ ကျွန်တော် လိုက်ပြောင်း သွားတာပါ။

"ရောဝတီ" အကြောင်း ရေးထားတဲ့ သီချင်းကို ကိုလေးဖြူက Version အသစ်နဲ့ ပြန်ဆိုထားတယ်နော်၊ အဲဒီ Version ရဲ့ arrange ကို ကိုငှက် စဉ်းစား ပေးခဲ့တာလား။

ကိုလေးဖြူက ဒီသီချင်းကို စီးပွားရေးအရ ရောင်းတန်းဝင် ထုတ်လုပ် ဖြန့်ချီဖို့ ပြန်လုပ်တာ မဟုတ်ပါဘူး။ ဂျပန် ဖူကူအိုကာမြို့က သူတို့ကို ဖိတ်ပြီး တီးကြဆိုကြတဲ့ အခါကျတော့ Own tune ဆိုဖို့ သူတို့ကလည်း စိတ်ကူးရှိတယ်၊ နောက် မြန်မာလူမျိုး မြန်မာနဲ့ ပတ်သက်တဲ့ သီချင်းမျိုးလည်း ဖြစ်ရင် ပိုကောင်းတယ် ဆိုပြီးတော့ သူတို့ ဒီသီချင်းကို ရွေးချယ်ပြီးတော့ သူတို့ ပြန်တီး ပြန်ဆိုကြတာပါ။ ကိုလေးဖြူ ပြန်ဆိုထားတာ ကျွန်တော် နားထောင်ဖူးပါတယ်၊ ဒီသီချင်းကို သူတို့ဆီမှာ တီးတော့ အသံလွှင့်တဲ့ အချိန်မှာ ဖမ်းထားတဲ့ အခွေလေး ရှိတယ်လေ၊ အဲဒါလေး ယူလာပြီးတော့ ကျွန်တော့်ကို ပေးနားထောင်ပါတယ်၊ ကောင်းပါတယ်။ အဲ... arrange ကိုတော့ I.C ကပဲ လုပ်တာပါ။

http://mmteashop.com

ကိုငှက် ဖန်တီးခဲ့တဲ့ သီချင်းတွေထဲက Masterpiece ဖြစ်တဲ့ သီချင်းတပုဒ်ကို ပြပါဆိုရင် ဘာသီချင်း ဖြစ်မလဲ။

အင်း … အဲဒီကိစ္စက ကျွန်တော်ပြလို့ရတဲ့ ကိစ္စ မဟုတ်ဘူးဗျ။ Masterpiece ဆိုတာ အချိန်က ပြပါလိမ့်မယ်။

အခုနောက်ပိုင်း ဂီတပုံစံတွေကို တော်တော် ရောပစ်ကြတယ်နော်၊ ဘာကြောင့်လို့ ထင်လဲ။

ဂီတပုံစံတွေကို Fuse လုပ်တယ်ပေါ့။ ရောတယ်၊ hybrid လုပ်တယ်၊ တစ်ခုနဲ့ တစ်ခုမျိုးမတူတဲ့ ဂီတနှစ်မျိုးကို ပေါင်းစပ်ပစ်တယ်ဆိုတာက ဘာကြောင့်လည်းလို့ ပြောရရင် ကျွန်တော် ဥပမာတစ်ခုပေးမယ် အနီရောင်နဲ့ အပြာရောင် မတူတဲ့ အရောင် ၂ ခုကို ပေါင်းစပ်လိုက်တယ်။ အဲဒီမှာ အရောင်အသစ်လေးတစ်ခု ရသွားတယ်။ ခရမ်းရောင်၊ အဲဒါ ပါပဲ။

Jazz, Blues, Rock … စတဲ့ ဂီတပုံစံတော်တော်များများကို ကိုငှက် ဆိုဖူးတယ်နော်။ ဘာကြောင့် ဂီတပုံစံတစ်မျိုးတည်းကိုပဲ မရွေးခဲ့တာလဲ။

ကျွန်တော်က ဂီတပုံစံတော်တော်များများကို ကြိုက်တာဗျ။ အကုန်လုံးနီးပါးကို ကြိုက်တာဆိုတော့ တစ်ခုတည်းနဲ့ စာချုပ်ချုပ်ပြီးတော့ ကျွန်တော် လက်ထပ် ပေါင်းသင်းလိုက်ရင် ကျန်တဲ့ ဂီတအမျိုးအစားတွေနဲ့ ကျွန်တော် လွဲရတော့မှာ ပေါ့ဗျာ။ ကျွန်တော်က အားလုံးကို ကြိုက်တာ။ အားလုံးကို ချစ်ချင်တာ။ ဒီ Music အားလုံးကို ချစ်တယ်။ အဲဒါကြောင့်မို့ ခေါင်းစဉ် တစ်ခုတည်းအောက်မှာနေဖို့ ကျွန်တော် ဘယ်တုန်းကမှ စိတ်ကူးရှိကို မရှိခဲ့ဖူးပါဘူး။

ကိုမြင့်မိုးအောင်နဲ့ ကိုငှက်တို့က ဘယ်တုန်းကတည်းက ရင်းနီးခဲ့ကြတာလဲ။ ကိုမြင့်မိုးအောင် နာမည်ရလာတာဟာ ကိုငှက်ရဲ့ လက်တွဲခေါ်မှု တစ်စိတ်တစ်ပိုင်း ကြောင့်လို့ ပြောလို့ရမလား။

မြင့်မိုးနဲ့ ကျွန်တော်နဲ့က ၁၉၈၀-၈၁ ကျွန်တော်တို့ ပုသိမ်ဒေသကောလိပ်မှာ ကျောင်းအတူတူ တက်ကြကတည်းက ခင်ခဲ့ကြတာပါ။ မြင့်မိုးအောင်ဆိုပြီး ဖြစ်လာ



http://mmteashop.com

တာကတော့ သူ့အရည်အချင်းနဲ့သူပါ။ ဘယ်ကျောက်ခဲကိုမှ ဆီကျိတ်လို့ ဆီထွက်မလာပါဘူး။

ကိုငှက် တစ်ခါတလေ Copy ရေးတယ်နော်၊ Copy ရေးတဲ့ အပေါ်မှာ ကိုငှက်ရဲ့ Feeling က ...

Copy ရေးတဲ့ အပေါ်မှာ ကျွန်တော့်သဘောက လေ့ကျင့်ခန်း လုပ်နေတယ်လို့ပဲ သဘောထားပါတယ်။ အင်း ... ဒီလေ့ကျင့်ခန်း အပေါ်မှာတော့ စိတ်ပါလက်ပါ စေတနာထားပြီး ကျွန်တော်လုပ်တယ်။ ဒီလောက်ပါပဲ။

ခုထိ Copy နဲ့ Own Tune ဝိဝါဒ ကွဲလွဲနေကြတဲ့အပေါ် ကိုငှက် ဘယ်လိုမြင်လဲ။

အင်း ... ဘယ်ပန်းပွင့်မဆို သူ့အချိန်၊ သူ့နေ့ရက်ရောက်မှ ပွင့်တယ်ဆိုတဲ့စကားလည်း ရှိသားပဲဗျာ။ Copy တွေပျောက်သွားရမယ့် အချိန်ကျရင် ပျောက်သွားမှာပါ။ အခုထိကတော့ ရှိဖို့လိုအပ်နေသေးလို့ ရှိနေသေးတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။

ဂီတနဲ့ပတ်သက်လို့ ကိုငှက်က အတော်လေ့လာအားကောင်းတယ်လို့ ပြောကြတယ်။ ဂီတနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ဘာတွေ ပြုစုထုတ်ဝေဖို့ အစီအစဉ်မရှိဘူးလား။ စာရေးချင်တဲ့စိတ်ကော ရှိရဲ့လား။

ကျွန်တော့်ထက် လေ့လာအားကောင်းတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိပါတယ်၊ သူတို့ ရေးကြပါလိမ့်မယ်။ ရေးလည်းရေးနေကြတာပါပဲ။ "အလင်္ကာဂျာနယ်" တို့၊ ဘာတို့ ထဲမှာ သူတို့ ရေးနေကြတာပဲ။ ကျွန်တော်ကတော့ စာအုပ်တွေဘာတွေ ထုတ်ဖို့ ဆိုတာ လောလောဆယ် အစီအစဉ်မရှိသေးပါဘူး။ ကျွန်တော်က စာရေးလည်း ပျင်းတယ်ဗျ။

ခုနောက်ပိုင်း ကျွန်တော်တို့ဆီမှာ လူငယ်ကိုယ်ပိုင်အဖွဲ့လေးတွေ ပေါ်လာကြတာကိုကော ကိုငှက် ဘာပြောချင်လဲ။

ကျွန်တော် ကြိုဆိုပါတယ်။ ဒီလို အဖွဲ့လေးတွေ များများပေါ်လာလေ ကောင်းလေပဲဗျာ။ ဘာပဲပြောပြောပေါ့ဗျာ။ အရေအတွက် များများ ပေါ်လာတဲ့အထဲကပဲ အရည်အချင်းဆိုတာ နောက်တစ်ဆင့် တက်လာမှာပေါ့။ ကျွန်တော်က ချာတိတ် တွေကို အားပေးပါတယ်။ Welcome ပါ။



http://mmteashop.com

ကျွန်တော်တို့ဆီက Studio တွေရဲ့ စက်ပိုင်းဆိုင်ရာတွေ အသံဖမ်း အင်ဂျင်နီယာပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ကော ကိုငှက် အားရရဲ့လား။ ဘာတွေ လိုအပ်သေးတယ်လို့ထင်လဲ။

ဘာလိုသေးတယ်လို့ ထင်လဲဆိုရင်၊ ဘာလိုသေးတယ်လို့ ထင်ကို မထင်တတ်ပါဘူးဗျာ။ ဒါပေမယ့် တစ်ခုခု ... တစ်ခုခုတော့ လိုနေသေးတာတော့ အမှန်ပဲဗျာ။

"မဟာဝီရ အိုဗုဒ္ဓ" သီချင်းကို ဖန်တီးတော့ Arrangeကို ကိုငှက်နဲ့ ကိုမောင်မောင်ဇော်လတ်တို့ ပေါင်းလုပ်ကြတာလား။ I.C ကပဲ Arrange လုပ်ပေးတာလား။ Arrange ကို ဘယ်လောက်ကြာကြာ အချိန်ယူစဉ်းစားခဲ့ကြသလဲ။

Arrangement က မောင်မောင်ဇော်လတ်ရော၊ ကျွန်တော်ရော၊ I.C ရော အားလုံးစုပေါင်းပြီးတော့ လုပ်ကြတာပါပဲ။ ကျွန်တော်တို့ ဒီသီချင်းရဲ့ body(ကျောရိုး) ကို တော့ သိပ်ကြာကြာ မစဉ်းစားခဲ့ကြပါဘူး။ ဒီကျောရိုးပေါ်မှာ အမွှန်းအမံလေး လုပ်ဖို့ကတော့ နည်းနည်း အချိန်ယူပြီးတော့ စဉ်းစားခဲ့ရပါတယ်။

အဲဒီ သီချင်းထဲမှာ သုံးထားတဲ့ အိန္ဒိယပုံ၊ ပလွေစတဲ့ တူရိယာတွေက တကယ့်အစစ်တွေပဲ သုံးထားတာလား။ ဒီအိန္ဒိယသံစဉ်မျိုးကို ရဖို့၊ ဒီသီချင်းထဲမှာ ထည့် အသုံးပြုဖို့ ကိုငှက်တို့ ဘယ်လို စိတ်ကူးပေါ်ခဲ့ကြတာလဲ။

တကယ့်တူရိယာအစစ်တွေ သုံးထားတာပါ။ ဒီသီချင်းကို ဗုဒ္ဓကို ပူဇော်တဲ့ သီချင်းအဖြစ်ဖွဲ့မယ်လို့ စဉ်းစားပြီးတဲ့အခါကျတော့ ဒီ ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသရဲ့အငွေ့အသက်လေးပေ့ါ။ အဲဒီ မဇ္ဈိမဒေသရဲ့ Taste လေး ရအောင်လို့ ကျွန်တော် တို့ တာပလာ၊ ပလွေ၊ ခြူ၊ နောက် လင်းကွင်းသေးသေးလေးတွေပေ့ါနော်။ ခွင်ခွင် ဆိုတဲ့ အသံလေးတွေက အစ အဲဒါလေးတွေကို ကျွန်တော်တို့ ဒီမဇ္ဈိမဒေသရဲ့ ရသလေး ရအောင်လို့ ကျွန်တော်တို့ စဉ်းစားပြီး သုံးခဲ့ကြတာပါ။

အဲဒီလို ခေတ်နဲ့လျော်ညီအောင် လုပ်ထားတဲ့ ဗုဒ္ဓနဲ့ ပတ်သက်တဲ့ သီချင်းမျိုးတွေ ချည်းပဲ ဖန်တီးပြီး သီးသန့်စုစည်းထုတ်လုပ်ဖို့ စိတ်ကူးမရှိဘူးလား။

http://mmteashop.com

ကျွန်တော် စဉ်းစားထားတယ်။ ဟိုတုန်းက ဆရာစိုင်းခမ်းလိတ် တစ်ခွေ လုပ်ဖူးပါတယ်။ နန်းခမ်းနွံလိတ် ဆိုတဲ့အခွေပေါ့။ တစ်ခွေလုံး ဗုဒ္ဓနဲ့ ပတ်သက်တဲ့ သီချင်းတွေပါပဲ။ ဒါပေမယ့် ကျွန်တော် လုပ်ချင်တာက ဗုဒ္ဓဝင်ပေါ့ဗျာ။ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ် အကြောင်းကို တစ်ခွေစာလောက် ကျွန်တော် လုပ်ချင်တယ်။

ဘာသာရေး စာအုပ်တွေကော ဖတ်ဖြစ်လား။ ဘာသာတရား ကိုးကွယ် ယုံကြည်မှု နဲ့ပတ်သက်လို့ ကိုငှက် ဘာပြောချင်လဲ။

ဘာသာတရား ကိုးကွယ်ယုံကြည်မှုဆိုတာ သူ့အချိန်နဲ့ သူ့ဖြတ်သန်းမှုနဲ့ သူရင့်ကျက်မှုနဲ့သာ ဖြစ်နိုင်တဲ့ ကိစ္စဆိုတော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တစ်ယောက်ကို တစ်ယောက် ဘာမှပြောစရာ အကြောင်းမရှိပါဘူး။ ဘာသာတရားနဲ့ ပတ်သက်လို့ ဘာလုပ်ဖြစ်သလဲဆိုတော့ ကျွန်တော် ဘာမှမလုပ်ဖြစ်ဘူး။ တစ်ခုပဲ ကျွန်တော် ဒီလောကကြီးမှာ နေမှု ထိုင်မှု ရှင်သန်မှုပေါ့နော်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မတရားသဖြင့် အသက်ရှင်နေတာမျိုး မဖြစ်အောင်လို့ ကိုယ့်ဘာသာကိုယ် ကြိုးစားပြီးတော့ နေထိုင်ပါတယ်။ ဒီလောက်ပါပဲ။

"အကြင်နာအိပ်မက် " သီချင်းက Copy လို့ ပြောသံကြားမိတယ်။ ကိုငှက် အာရုတိုက် သီချင်းတွေရော နားထောင်ဖြစ်လား ဂီတနဲ့ ပတ်သက်လို့ အာရှမှာ ဘယ်နိုင်ငံက အတိုးတက်ဆုံးလို့ထင်လဲ။

"အကြင်နာအိပ်မက် " က ကျွန်တော့် Own Tune ပါပဲ။ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး အဲဒီသီချင်းက Copy လို့ ပြောကြတာလဲဆိုတာ ကျွန်တော်စဉ်းစားလို့ကို မရဘူး။ ကျွန်တော်က ဘာသီချင်းလာလာ အကုန်နားထောင်ပါတယ်။ တရုတ်သီချင်းရော၊ ဂျပန်သီချင်းရော၊ အိန္ဒိယသီချင်းရော အကုန် နားထောင်တယ်။ အာရှမှာ ဆိုရင်တော့

ကျွန်တော့် တစ်ယောက်တည်း သီးသန့် အမြင်အရပြောရရင် အင်ဒိုနီးရှားကို ကြိုက်ပါတယ်။

ကိုငှက် Show တွေ သိပ်မဆိုဖြစ်တော့ဘူးနော် ...။



http://mmteashop.com

ကျွန်တော် Concert တွေ သိပ်မဆိုဖြစ်တော့ဘူး။ ငြိုးငွေ့တာလည်း ပါတယ်။ နောက်တစ်ပိုင်းက ကျွန်တော်တို့ ဒီမှာလုပ်နေကြတဲ့ Concert တွေက Hall Concert လေးတွေ ဖြစ်နေတယ်။ အဲဒါမျိုးကို ကျွန်တော် မကြိုက်ဘူးဗျ။ ကျွန်တော်က Open air concert တွေပဲ ဆိုချင်တာ။ အဲဒါကြောင့်လည်း ပါတယ်။

ကိုငှက် အသက်ရလာတဲ့အခါ ဂီတနဲ့ပတ်သက်တဲ့ ဘယ်လိုအလုပ်မျိုးတွေ လုပ်သွားဖို့ စိတ်ကူးရှိလဲ။

ကျွန်တော် အသက်ကြီးတဲ့အထိ နေရဦးမယ်ဆိုရင် ကျွန်တော် ကလေးတွေကို ဒီဂီတနဲ့ ပတ်သက်တာတွေ သင်ပေးပြီးတော့ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် နေသွားဖို့ ကျွန်တော် စဉ်းစားထားတယ်။

နောက်ပိုင်း သူတို့ဆီက အယ်လ်ဘမ်တွေမှာ တယောတွေကို တော်တော် ဦးစား ပေးထည့်သုံးလာတာ တွေ့ရတယ်။ orchestra လို တယောဝိုင်းကြီးတွေ ကိုလည်း Show ပွဲတွေမှာ ပွဲထုတ်လာကြတယ်။ ကျွန်တော်တို့ဆီမှာကော အဲဒီ လို orchestra ဝိုင်းကြီးတွေ ဘာကြောင့် မလုပ်နိုင်သေးတာလဲ။

လေးလေးတင်ရီ (တယောဦးတင်ရီ) တို့ ကြိုးစားနေကြတာပဲ။ လေးလေးတင်ရီ ဆိုရင် သူ့တစ်သက်လုံး ဒီတယောကိုပဲ ဖောက်ချပြီး စူးစိုက်ပြီး ကြိုးစား လာခဲ့ တာပဲ။ တစ်နေ့နေ့ကျရင်တော့ ဒီလို string orchestra ကြီးတွေကို Rock Band တွေနဲ့ တွဲပြီးတော့ တီးမှုတ်ဖျော်ဖြေတဲ့ concert တွေ ဖြစ်လာမှာပါ။

ကျွန်တော်တို့ဆီက ပရိသတ်ရဲ့ ဂီတပေါ် ခံစားတတ်တဲ့ အာရုံတွေဟာ အရင်ကထက် ပိုမြင့်လာတယ်လို့ သတ်မှတ်လို့ ရမလား။ ကိုငှက် ဘယ်လိုမြင်လဲ။

အင်း ... ကျွန်တော်က မျက်စိနည်းနည်းမှုန်တယ်ဗျ။ ခင်ဗျားသိပါတယ်ဗျာ၊ နည်းနည်း မဟုတ်ဘူး။ အများကြီးကို မှုန်တာ။ ကျွန်တော့်မျက်မှန်က အထူကြီး လေ။ ကျွန်တော် ဘယ်လိုမှ မမြင်တတ်ပါဘူးဗျာ။ (ရယ်လျက်)

ကိုမျိုး (I.R)

၁၈၊ နိုဝင်ဘာ၊ ၂၀၀၂



http://mmteashop.com

# အနက်ရောင် မှတ်တမ်း တေးဆိုသော ငှက်ကလေး အဝေးသို့ ထွက်သွားလေပြီ

ရုပ်ရှင်တေးကဗျာ အယ်ဒီတာအဖွဲ့

၁၄-၈-၀၄ နေ့၊ တယ်လီဖုန်းသံတစ်ခု ဝင်လာသည်။ တစ်ဖက်က အသံက တေးရေးဆရာ ကိုသုခမိန်လှိုင်။

"ထူးအိမ်သင် ဒီနေ့မနက်က ဆုံးပြီ"

"ဘယ်သူ ..."

"ထူးအိမ်သင်လေ"

ဩော် .. သေဆုံးခြင်းတွေ အဖုံဖုံကို ကြားခဲ့ရ မြင်ခဲ့ရ တွေ့ခဲ့ဖူးပြီ။ လောကကြီးမှာ မွေးဖွားလာလျှင် တစ်နေ့ သေရမည်ပင်။ သို့သော် ကြားရတိုင်း ကြားရတိုင်း ရင်ထဲသို့ ထိထိနိုက်နိုက် ဝင်လာတတ်သည့်စကား ...။ တစ်ဖက်က စကားပြောနေသူ ကိုသုခမိန်လှိုင်ကို ဘာမျှလည်း အထွေအထူး ပြန်မပြော လိုက်မိတော့။ ၁၄-၈-၀၄ နေ့ကတဲ့ သုခကမ္ဘာဆေးတိုက်တွင် တက်ရောက် ကုသရင်း...။ မြန်မာပြည်၏ လူငယ်ဂီတပညာရှင်တစ်ဦး။ ကိုယ်ပိုင်တေး ဖန်တီးသူ၊ ကိုယ်တိုင် သီဆိုသူ၊ အများကြိုက်တိုင်း လိုက်မလုပ်၊ ကိုယ်တိုင်က ကောင်းတယ်ထင်မှ လုပ်တတ်သူ။ ကိုယ်ပိုင်အတွေး ကိုယ်ပိုင်အမြင်နှင့် ဂီတလမ်းကို လျှောက်ခဲ့သူ၊ ထူးအိမ်သင်ဆိုသော လူတစ်ယောက် ငယ်ရွယ်သော ဒုတိယအရွယ်မှာပင် သူချစ်သည့် လောကကြီး၊ သူချစ်သည့် မိသားစု၊ သူချစ်သည့် ဂီတ အားလုံးကို စွန့်ပစ်ခဲ့ကာ သံသရာ ခရီးရှည်သို့ ထွက်ခွာသွားလေပြီ။

မြန်မာနိုင်ငံမှာ ၁၉၇၀လောက်က စပြီး အနောက်တိုင်း ဂီတဟန်တွေ ကိုသာ ပုံတူကူးယူ တီးခတ်သီဆိုကြသော အခြေအနေ ဖြစ်ပေါ်လာသည်။ ဤအခြေအနေကို ကြည့်ပြီး ငါတို့ ဂီတလောကကတော့ ပုံတူကူးလောက ဖြစ်သွားပြီ။ ဘာမှ ဖန်တီးမှု မရှိကြတော့ဘူး ဟု ဝေဖန် စိတ်ပျက်သူတို့လည်း ရှိ ကြသည်။ သို့သော် အလွယ်တကူ



http://mmteashop.com

ပုံတူကူးယူခြင်း မပာတ်ဘဲ မိမိ ဘာသာ အသည်းနလုံးနှင့် မိမိဦးနှောက်နှင့် ပေါင်းစပ်ကာ တီထွင်ဖန်တီး စိတ်ကူးကြံဆသူ တို့လည်း ရှိကြပါသေးသည်။ လူကြီး၊ လူလတ်၊ လူငယ် ဂီတဖန်တီးရှင် ကိုယ်ပိုင် ဦးခေါင်းကို အသုံးပြုသူတို့က သူတို့၏ အနုပညာ အသိ စိတ်ဓာတ်ဖြင့် ဂီတလောကက ရေစုန်မမျောရန် ကြံ့ကြံ့ခံ ရပ်တည်ပေးနေကြသည်။ ထိုအထဲတွင် မြန်မာ့ခေတ်ပေါ်ဂီတ၏ မျှော်လင့်ချက် ရောင်ခြည်အဖြစ် လူငယ်ဂီတ အနုပညာရှင် ထူးအိမ်သင်ကို တွေ့ရှိရသည်။ သူနှင့် တွေ့ဆုံမေးမြန်းကာ သိရှိသမျှကို တင်ဆက်လိုက်ရပါသည်။

ထူးအိမ်သင် မဖြစ်ခင် ကျော်မြင့်လွင် ဘဝမှာတုန်းက ကမ္ဘာ့ဂီတကို ဘယ်လို ခံစား လေ့လာခဲ့ဖူးပါသလဲ

အဲဒီတုန်းက အဲသလောက်ကြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖို့ အခွင့် မသာခဲ့ဘူး။ လက်ဖက်ရည်ဆိုင်မှာ သီချင်းနားထောင်တာလောက်၊ လက်လှမ်းမှီသလောက် ရေဒီယိုပေ့ါ။ ရေဒီယိုကတော့ တော်တော် စွဲစွဲ လမ်းလမ်း နားထောင်တယ်။ ညဆိုရင် ရေဒီယို ပိုက်ပြီး အိပ်ပျော်သွားတယ်။ ဘယ်အစီအစဉ်တွေ ဘာတွေပြီးသွားမှန်း မသိဘူး။ ကျွန်တော့် အမေဖြစ်ဖြစ်၊ အဖေဖြစ်ဖြစ် ကျွန်တော့် ရင်ဘတ်ထဲက ရေဒီယိုကို ဆွဲယူသွားရတယ်။

ကမ္ဘာ့ဂီတ သမားတွေထဲမှာ ထူးအိမ်သင်အပေါ် သိသိသာသာ လွှမ်းမိုး နိုင်ခဲ့သူတွေ ရှိမလား။ အခုလက်ရှိရော ရှိနေသလား။

ကမ္ဘာ့ဂီတသမားတွေထဲက ကျွန်တော် စွဲစွဲလမ်းလမ်း ကြိုက်ခဲ့ဖူးတဲ့ အဖွဲ့တွေ တော်တော်များများ ရှိပါတယ်။ ဥပမာ - Carpenters တို့လို၊ BeeGees တို့လို၊ Eagle, Deep Purple အများကြီး ရှိခဲ့တယ်။ အဲဒီထဲကမှ ကျွန်တော့်ကို သိသိသာသာ လွှမ်းမိုးလာခဲ့တဲ့ အဖွဲ့က ဖရက်ဒီမာကျူရီ Fredy Mercury တို့၊ လူဝီအမ်းစထရောင်းတို့၊ ဘီးဂျီးစ် တို့ အဲဒီ သုံးဖွဲ့ကတော့ ကျွန်တော့်အပေါ် လွှမ်းမိုးနိုင်ခဲ့ဆုံးပေ့ါ။

"ကောင်းတဲ့သီချင်းဆို ကျွန်တော်ကြိုက်တယ်" လို့ ထူးအိမ်သင် ပြောခဲ့ဖူးတယ်၊ ဘယ်လို အင်္ဂါရပ်နဲ့ သီချင်းတွေကို သီချင်းကောင်းလို့ သတ်မှတ်ပါသလဲ။



http://mmteashop.com

ကျွန်တော်ကြိုက်တဲ့သူတွေ၊ တေးရေးသူ Own Compostion ရေးတဲ့ သူတွေထဲမှာ အတော်များများ ရှိတယ်ခင်ဗျ။ ဆရာစိုင်းခမ်းလိတ်၊ ကိုနေဝင်း အတော်များများကို ရှိခဲ့ပါတယ်။ ဒါပေမဲ့ အားကျခဲ့ဖူးတာတော့ မရှိဘူး။ အားကျခဲ့တာဆိုရင်တော့ ကျွန်တော် အားကျခဲ့တဲ့ တေးရေး ပညာရှင်က ဆရာ မြို့မငြိမ်းပါ။

"မော်ဆရာအိပ်မက် " ကို ထူးအိမ်သင်ရဲ့ ပရိသတ် အတော်များများက ဒီနေ့ထိ အမှတ်ပေးနေကြဆဲပဲ။ ထူးအိမ်သင် ကိုယ်တိုင်က အကြိုက်ဆုံး အယ်လ်ဘမ်ကကော ဘာများလဲ။

ဟုတ်ကဲ့။ အတော်များများကလည်း ကျွန်တော့်ကို အဲသလို ပြောကြပါတယ်။ ကျွန်တော် ရေးဖွဲ့ခဲ့ရတဲ့ သီချင်းတွေ အနေနဲ့ကတော့ ပင်ကိုယ် သီချင်းတွေ အနေနဲ့က အဲဒီကတည်းက သီချင်းတော်တော် များများကို နှစ်သက်ကျေနပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခွေအနေနဲ့ တီးတာ၊ ဆိုတာ၊ အသံဖမ်းတာပြုတာက အစပေါ့နော်။ အဲဒီ အနေအထားမျိုး ကျတော့ ကျွန်တော် "အတ္တပုံဆောင်ခဲများ " ကို ပိုပြီး အားရပါတယ်။

ထူးအိမ်သင်က ဂီတဟန်မျိုးစုံကို ရောပြီး ကိုင်တွယ်လေ့ရှိတယ်။ ထူးအိမ်သင်ကို Fusion သမားလို့ သတ်မှတ်ရင် လက်ခံမလား။

ဟုတ်ကဲ့၊ ကျွန်တော့်ကို Fusion သမားလို့ သတ်မှတ်ရင် လက်ခံချင်တာ ပေါ့။ ဒါပေမယ့် တကယ့်တကယ်ကျတော့ ဖျူးရှင်းသမား အစစ်ပီသတဲ့ ဖျူးရှင်းသမား တစ်ယောက်လည်း မဟုတ်သေးတော့ ဖြစ်ချင်ပါတယ်။ ဖျူးချင်းသမားတစ်ယောက် ဖြစ်ချင်ပါတယ်။

သက်ငြိမ်သီချင်းလေးဟာ ခင်ဗျားဘဝရဲ့ တစ်စိတ်တစ်ပိုင်းလို့ သိရှိရတယ်။ အဲဒီကိစ္စလေး (ဇာတ်လမ်းလေး ) သိပါရစေ။

ကျွန်တော် ကောလိပ်ကျောင်းသားဘဝ ပုသိမ်ကောလိပ်မှာ တက်တုန်းကပေါ့။ ၁၉၈၂-၈၃ လောက်ကပေါ့။ ကျွန်တော် အိမ်ကနေ ထွက်လာပြီး၊ အိမ်ကနေ ထွက်လာတယ် ဆိုတာကလည်း ပထမနှစ်ကို နှစ်ကြိမ်ကျထားလို့ External (ပြင်ပဖြေ) ကျောင်းသား ဖြစ်သွားတယ်။ (ထူးအိမ်သင်က ရယ်မောလိုက်သေးသည် ) ကျွန်တော့် မိဘတွေကလည်း



http://mmteashop.com

အဲဒီတုန်းက မော်လမြိုင် ပြောင်းသွားတယ်။ ကျွန်တော် တစ်ယောက်တည်း ပုသိမ်ကိုလာပြီး သူငယ်ချင်းဆီမှာနေပြီး အဲဒီကနေ ကျောင်းတက်ရတယ်။ အရမ်းချို့တဲ့ သွားတာပေါ့။ ပိုက်ဆံမရှိ ဘာမရှိနဲ့။ သူငယ်ချင်း တစ်ယောက်ရဲ့ အခန်းထဲမှာ အမြဲတမ်း ခွေနေရတယ်။ သူ့အခန်းထဲကနေကြည့်ရင် ပြတင်းပေါက်က အမြဲမြင်နေရတယ်။ သူ့ခုတင်မှာ ကျွန်တော် ကပ်အိပ်ရတော့ ကျွန်တော့် မျက်စိရှေ့မှာ ပြတင်းပေါက်ရှိတယ်။ ညနေချိန်မှာ ကြယ်တွေ တောက်နေတာ တွေ့နေရတယ်။ ကျွန်တော်လည်း အဲဒီအချိန်မှာ ဘာမှလည်း မလုပ်နိုင်၊ အဖက်ဖက်က ကျဆုံးနေတဲ့အချိန်၊ ပညာရေးရော ဘာရော အကုန်ကျဆုံးနေတဲ့ အချိန်မှာ ကျွန်တော့်စိတ်ထဲ နည်းနည်း စိတ်ရောဂါ ဖြစ်ချင်တယ်။ အဲဒီချိန်မှာ ဒီ ကြယ်ကို ကြည့်ရင်းကြည့်ရင်း ကြည့်ရင်းနဲ့ပဲ ကျွန်တော့်ကိုယ် ကျွန်တော် အဲဒီအခန်းထဲက ပစ္စည်းအဟောင်းတစ်ခုလို၊ သူငယ်ချင်းက ခုတင်ပေါ် ပစ်ချထားတဲ့ ဖဲချပ်တစ်ခုလို၊ အခန်းထဲ ပစ်ချထားတဲ့ စောင်တစ်ခုလို၊ ခုတင်ခြေရင်းမှာ လဲနေတဲ့ အရက်ပုလင်းတစ်လုံးလို၊ နောက် အခန်းထဲမှာ ထောင်ထားတဲ့ ဂစ်တာစုတ်ကလေး တစ်ခုလို၊ ကျွန်တော်ကိုယ်ကျွန်တော် အဲဒီလိုပဲ ခံစားလာရတယ်။ အဲဒီအချိန်ကနေ စပြီး အဲဒီသီချင်း တည်ခဲ့တာပေါ့။

"ရာဇဝင်များရဲ့ သတို့သမီး" ကို ပုဂံမှာ ရေးခဲ့တယ်လို့ ဖတ်ဖူးသလားလို့။ အဲဒီသီချင်းရဲ့ အကြောင်းအရာနဲ့ ဂီတပုံစံကို ဘယ်လို ရှာဖွေပေါင်းစပ် ပေးခဲ့ပါသလဲ။

"ရာဇဝင်များရဲ့သတို့သမီး" က ပုဂံမှာ ရေးခဲ့တာ မဟုတ်ဘူးခင်ဗျ။ ပုဂံမှာ ကျွန်တော် Inspiration ရတာပေါ့။ ပုဂံမှာ တစ်ညဗျာ၊ ကိုဝင်းမင်းထွေး လုပ်တဲ့ ရှိုး၊ ပခုက္ကူကို သွားကြရင်းနဲ့ တစ်ဖွဲ့သားလုံး၊ ဆိုခဲ့တဲ့ လူငယ်တစ်ဖွဲ့သားလုံး ပုဂံကို သွားလည်ကြတယ်။ သွားလည် ကြရင်းနဲ့ ညဘက်မှာ ညီထွဋ်တို့ဘာရော တစ်အုပ်လုံး ဘုရားတွေ လျှောက်ဖူးကြရင်း ကန်တော့ပလ္လင်ဘုရားမှာ ဘုရားစောင့်တဲ့ လူတွေကို ပြောပြီး ဘုရားပေါ်တက်ကြည့်ကြတယ်။ အဲဒီလို တက်ကြည့်ကြရင်းနဲ့ ဘုရားပေါ်က ညဘက်မှာ ဧရာဝတီမြစ်ကို ထိုင်ကြည့်ရင်းနဲ့ ဧရာဝတီမြစ် တစ်ဖက်ကမ်း စက်ရုံက လင်းနေတဲ့ မီးရောင်လေးရယ်၊ မြစ်ကြီးပေါ်မှာ အလင်းရောင်လေး လက်နေတာရယ်၊



http://mmteashop.com

ဒီဘက်ကို ကြည့်လိုက်တော့လည်း ဘုရားပြို ဘုရားပျက်တွေ မည်းမည်းနဲ့ပေါ် မြင်နေရတာရယ်၊ မြစ်ကြီးရယ်၊ ဘုရားတွေရယ်၊ ဟိုဘက်က တောင်တန်း တွေရယ် ကျွန်တော်ကိုယ်တိုင် ထိုင်ကြည့်ရင်းနဲ့ ကျွန်တော့် စိတ်ထဲမှာ အဲဒီသီချင်း စတည်ခဲ့ပါတယ်။ အဲဒီ သီချင်း အကြောင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တစ်ခါလည်း ပြောဖူးပါတယ်။ မြန်မာတွေ အဲဒီအချိန်က တိုးတက်ခဲ့တယ်ဆိုတာ လက်ရုံးရည်ရော နှလုံးရည်ရော ရှေးမြန်မာကြီးတွေ ဘယ်လိုဘယ်လို ခက်ထန်ကြံ့ခိုင်တဲ့ အားကောင်း နှလုံးသားတွေနဲ့ ဘယ်လို ပျော့ပျောင်းတဲ့ နှလုံးသား၊ ဘယ်လို သိမ်မွေ့တဲ့ ခံစားချက်တွေနဲ့ ဧရာဝတီ မြစ်ဝှမ်းနယ်မှာ ကျွန်တော်တို့ ခုခေါ်နေတဲ့ မြန်မာနိုင်ငံကြီးကို ဘယ်လို တည်ဆောက်ခဲ့ကြတယ် ဆိုတာ ကျွန်တော်တို့ ရင်ထဲမှာ အရမ်းကို အံ့သြပြီး လေးလည်း လေးစားမိပါတယ်။ ရှေးမြန်မာကြီးတွေအပေါ် အရမ်းကို ကြည်ညိုတဲ့ စိတ် ကျွန်တော့် ရင်ထဲမှာ ပြင်းပြင်းထန်ထန် ပေါ်လာခဲ့တယ်။ နောက် ရှေ့ဆက်သွားမယ့် ဧရာဝတီရဲ့ သမိုင်းမှာ ကျွန်တော်တို့ရဲ့ မျှော်လင့် ချက်တွေ၊ ကျွန်တော်တို့ရဲ့ အိပ်မက်တွေ ရှေ့ဘယ်လို ဖြစ်လာမလဲ ဆိုတာကို စိတ်ထဲမှာ ခင်းကျင်းကြည့်တာ ပေါ့နော်။ ကျွန်တော်တို့ရဲ့ အိပ်မက်လေးတွေကို ပြပွဲခင်းကျင်းကြည့်တဲ့သဘော။ အကြောင်းအရာ ကတော့ အဲဒါပါပဲ။ Music Composition ဂီတဖွဲ့စည်းပုံကျတော့ Blues Scale ကို အခြေခံလိုက်တယ်။ ဟာမိုနီ ပရိုဂရက်ရှင်ပေါ့။ Scales နဲ့ ဟာမိုနီပရိုဂရက်ရှင်တွေကို Blues ကို အခြေခံပြီး ယူလိုက်တယ်။ Rhythm ပိုင်းကျတော့ လူရဲ့ ရင်ခုန်သံ၊ တိုက်စည် တိုက်မောင်းတွေ၊ စစ် တိုက်တဲ့အခါ တိုက်စည်တိုက်မောင်းတွေရဲ့ ရိုက်ချက်တွေကို ယူလိုက်ပါတယ်။

သီချင်းတွေကို တီးခတ်ရာမှာ Chord Progression နဲ့ Arrangement တွေကို ထူးအိမ်သင် ကိုယ်တိုင်ချပါသလား။ ဝိုင်းနဲ့ တွဲလုပ်ပါသလား။

သီချင်းတွေ တီးခတ်ရာမှာ Chord Progression နဲ့ Arrangement ကို များသောအားဖြင့် ကျွန်တော်ကိုယ်တိုင် ချပါတယ်။ ဝိုင်းနဲ့ တွဲပြီးတော့ လုပ်တာတွေလည်း ရှိပါတယ်။ များသောအားဖြင့်တော့ Chord Progression တွေကို ကျွန်တော်ကိုယ်တိုင် ချတာများပါတယ်။



http://mmteashop.com

Aces နဲ့ တွဲဖက်အလုပ်လုပ်ခဲ့ရာမှာ ဘေ့စ်ဂစ်တာသမား ကိုဇာလျှန်းကို ဘယ်လို မြင်ပါသလဲ။ (အနုပညာသမား တစ်ယောက်အနေနဲ့ )

ကိုဇာလျှန်းဟာ အနုပညာသမား တစ်ယောက်အနေနဲ့ ပြောရရင် တကယ်တော်တဲ့ ဆရာသမား တစ်ယောက်ပါပဲ။ ကိုဇာလျှန်းက ကျွန်တော် ပြောရင် လွန်ရာများ ကျမလား မသိဘူး။ ကိုဇာလျှန်းဟာ မြန်မာပြည်မှာ ဘေ့စ်ဂစ်တာသမား တစ်ယောက် အနေနဲ့ အတော်ဆုံး လူတစ်ယောက်ပါ။ ဘေ့စ်ဂစ်တာသမား တစ်ယောက်သာမက Musician တစ်ယောက်အနေနဲ့လည်း အလွန်တော်တဲ့ လူတစ်ယောက်ပါ။

"အရင်အတိုင်း" ကော်ပီခွေထဲက "ဗင်းဆင့်ဗန်ဂိုးတမ်းချင်း" ဟာ Dom Melcom ရဲ့ မူနဲ့ မတူဘူး။ ထူးအိမ်သင်ရဲ့ ကိုယ်ပိုင် Version လား။

ဗင်းဆင့်ဗင်ဂိုး တမ်းချင်းဟာ Original က ဗင်းဆင့်ပေ့ါနော်။ Dom Melcom ရဲ့ မူပါပဲ။ အဲဒါ ကျွန်တော့်ရဲ့ ကိုယ်ပိုင် Version လားလို့ မေးတာ ကျွန်တော် အံ့ဩနေတယ်။ ကျွန်တော်ဆိုတာများ လွဲနေလို့လား။ Version က Dom Melcom ရဲ့ Version ပါပဲ။

"ဝင်ရိုးစွန်းမီး" ဟာ ထူးအိမ်သင်ရဲ့ ရာဇဝင်မှာ မစွံဆုံး အခွေလို့ ပြောရင် လက်ခံမလား။

ဟုတ်ကဲ့။ ဝင်ရိုးစွန်းမီးဟာ ကျွန်တော့်ရဲ့ မစွံဆုံးအခွေလို့ ပြောနိုင်ပါတယ်။ ကျွန်တော် လက်ခံပါတယ်။ ကျွန်တော် လုပ်တာ မှန်သမျှ လူတွေ ကြိုက်လိမ့်မယ်၊ အောင်မြင်လိမ့်မယ်၊ လူတွေ လက်ခံ လိမ့်မယ်လို့ ပြောရဲလောက်အောင် ကျွန်တော် မတော်ပါဘူး။

ကော်ပီနစ်ခွေ ဆိုလိုက်တာဟာ အဲဒီနောက်ပိုင်း ထူးအိမ်သင်ရဲ့ ဖန်တီး မှု ရပ်တန့် လေးလံနေတဲ့ အပေါ်မှာ သွားပြီး အကျိုးသက်ရောက် ခဲ့စေတာလား။

မဟုတ်ပါဘူး ခင်ဗျာ။ ကော်ပီ သီချင်းဆိုဖြစ်တာဟာ ဆိုဖြစ်တာ ဖြစ်ပြီး၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင်သီချင်း ဖန်တီးမှု ရပ်တန့်နေတာ တစ်ပိုင်းပါ။ ကျွန်တော့်ရဲ့

http://mmteashop.com

ကိုယ်ပိုင်သီချင်း ဖန်တီးမှု ရပ်နေလို့ ကြားထဲမှာ ကော်ပီ သီချင်း အစားထိုးလုပ်တာ မဟုတ်ပါဘူး။ ကော်ပီက ကျွန်တော့်ရဲ့ ခံစား မှုနဲ့ကို လုပ်ချင်လို့ လုပ်တာပါ။

"မြို့ပြလရောင်" ဆိုတဲ့ Blues သီချင်းမှာ ထူးအိမ်သင်ရဲ့ ပင်ကို Tone က ပါးလွန်းပြီး ချိုမြနေတဲ့အတွက် Blues နဲ့ သိပ်မကိုက်လှဘူးလို့ တချို့က သုံးသပ်ကြတယ်။ အဲဒါ။

အဲဒါ ကျွန်တော် လက်ခံပါတယ်။ အဲဒီ အချက်ကို (ထူးအိမ်သင် ရယ်နေသည်)

ဂီတသမားတွေနဲ့ လေးနက်တဲ့ ဝါသနာရှင်တွေကို လိုက်လံ ဆွေးနွေး ကြည့်တဲ့ အခါမှာ "သက်ပြိမ်"၊ "ရင်ခုန်ရင်အချစ်"၊ "ရာဇဝင်များရဲ့ သတို့သမီး"၊ "အမေ့ရဲ့ ဒုက္ခအိုးလေး"၊ "အမေ့အိမ်"၊ "မြို့ပြညများ"၊ "နာရီပေါ်က မျက်ရည်စက်များ"နဲ့ "ဝေးသွားတဲ့အခါ" တို့ဟာ ထူးအိမ်သင်ရဲ့ ဂီတအရ ကျန်ရစ်မယ့် မှတ်တိုင်များလို့ ဆိုကြတယ်။ ခင်ဗျားရဲ့ ကိုယ်ပိုင် အမြင်ကရော။

ဒါကတော့ ပရိသတ်တွေရဲ့ သတ်မှတ်ချက်ပါပဲ။ ပရိသတ်က ဒါမှတ်တိုင် ဆိုလည်း မှတ်တိုင်ပေါ့ဗျာ။ ကျွန်တော်က သတ်မှတ်လို့ ရတဲ့ ကိစ္စ မဟုတ်တော့ ကျွန်တော် ဘာမှ မပြောချင်ပါဘူး။

ကိုယ်တိုင် တီးခတ်ဖို့ အစီအစဉ် ရှိလား။

ဟုတ်ကဲ့။ တီးချင်ပါတယ်။ ဒါပေမဲ့ တီးဖို့ အစီအစဉ်တော့ မရှိသေးပါဘူး။

အာရှနိုင်ငံတွေက ဂီတသမားတွေကို (ဥပမာ- တရုတ်၊ ထိုင်း၊ဂျပန်) ဘယ်လို မြင်လဲ။

ကောင်းပါတယ်။ ကျွန်တော် သဘောကျပါတယ်။ အထူးသဖြင့်တော့ ဖန်တီးမှု အပိုင်းမှာ ကျွန်တော်တို့ဘက်က နိမ့်ကျတယ်လို့တော့ ကျွန်တော် ပြောလိုဘူးပေါ့နော်။ သို့သော် တက်ခနိုပိုင်းအရ တက်ခနော်လော်ဂျီပိုင်းအရ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည် ဖြစ်စေ လက်ခံရမှာပဲ။ ဒါက အရှိတရားပဲ။

တကယ်လို့ ကမ္ဘာ့ဈေးကွက်ထဲဝင်ဖို့ အခွင့်အရေး ရခဲ့ရင် မြန်မာ့ဂီတဟာ အဆင့်အတန်းမီမီ တိုးဝင်နိုင်ဖို့ အသင့်ရှိပြီလား။



http://mmteashop.com

အင်း … ကျွန်တော်တော့ မထင်သေးဘူးဗျ။ အခွင့်အရေး ရပြီဆိုရင် တောင်မှပဲ ကျွန်တော်တို့ဘက်က ပြင်ဆင်ဖို့ အချိန်တစ်ခုတော့ ယူရဦး မယ်လို့ ကျွန်တော်ထင်ပါတယ်။ ပြန်းခနဲတော့ ဝင်ဖို့ ကျွန်တော်တို့ ဘက်မှာ အဆင်သင့်မရှိသေးဘူးလို့ ကျွန်တော် ထင်ပါတယ်။

ထူးအိမ်သင်နဲ့ လေးဖြူက အတူတွဲပြီး Live တွေ၊ သီချင်းခွေတွေမှာ သီချင်းပေါင်းဆိုတာမျိုးတွေ နည်းနည်း လုပ်ဖူးတယ်။ အခု လေးဖြူ ကိုယ်ပိုင်သံစဉ် နှစ်ခွေ ထွက်ပြီးသွားပြီ။ သူ့လုပ်ရပ်ကို ဘယ်လို မြင်ပါသလဲ။

ဟုတ်ကဲ့။ ကောင်းတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အဆိုတော်တွေထဲမှာ လေးဖြူတို့လို ညီထွဋ်တို့လို ပရိသတ်ထုနဲ့ထည်နဲ့ ရှိနေကြတဲ့ ပရိသတ်က ကော်ပီသမားလို့ လက်ခံ ထားကြတဲ့ သူတွေကိုက ကိုယ်ပိုင်သံစဉ် လုပ်လာကြတယ် ဆိုတော့ ဝမ်းသာပါတယ်။ ကြိုက်ပါတယ်။

ထူးအိမ်သင် ပါဝင်ကူညီသီဆိုပေးခဲ့တဲ့ ပုရွက်ဆိတ်ကလေးများရဲ့ ရောင်စုံ ချောကလက် အခွေမှာ ကတ်ကိုဘိန်းစတဲ့ အော်တာနေးတစ် သီချင်းများရဲ့ Melody တွေ၊ Riff တွေ စတိုင်လ်တွေ သိသိသာသာ ဖြတ်ညှပ်ကပ်လုပ်ထား တာ တွေ့ရတယ်။ (ဥပမာ တီဗီကြော်ငြာ သီချင်းကို Nirvana ရဲ့ နာမည်ကြီး သီချင်းတစ်ပုဒ်နဲ့ ဖွဲ့စည်းပုံရော၊ တေးသွား အလိုက်ပါ ဆင်နေတယ်) အဲဒီတော့ ကမ္ဘာ့ဂီတကို ရင်ပေါင် တန်းနိုင်ဖို့ ဖြတ်ညှပ်ကပ်ဆိုတာ လိုအပ်တဲ့ ကဏ္ဍလို့ ယူဆလို့ ထူးအိမ်သင်အနေနဲ့ ကူညီခဲ့တာပါလား။

နည်းနည်းချွန်တဲ့ မေးခွန်းပဲ။ ဒါပေမယ့် ကျွန်တော် ဖြေပါမယ်။ ဘယ်လိုလဲ ဆိုတော့ ကျွန်တော့်ကို အကူအညီတောင်းတယ်။ ဒီသီချင်း ဒီသီချင်းလေးတွေ ဆိုပေးပါဆိုတော့ အဲဒီခွေမှာ ကျွန်တော် ၂ ပုဒ် ဆိုခဲ့တယ်လေ။ ကျွန်တော် ဆိုတဲ့ သီချင်းကိုပဲ ကျွန်တော် ကြားဖူးတယ်။ ဒီအခွေတစ်ခွေလုံးမှာ ပါမယ့် သီချင်းတွေအားလုံးကို ကျွန်တော် စစ်ဆေးတာမှ မဟုတ်ဘဲ။ (ထူးအိမ်သင်က ရယ်လိုက်ပြီး) ခင်ဗျားတို့ ဆိုမယ့် သီချင်းတွေက ဘာတွေလဲဟေ့လို့ စစ်ဆေးတဲ့ အလေ့အကျင့်လည်း ကျွန်တော့်မှာ မရှိဘူးလေ။ ဒါကြောင့် တခြား သီချင်းတွေ အကြောင်းလည်း ကျွန်တော် မသိလိုက်ပါဘူး။



http://mmteashop.com

လက်ရှိ ကမ္ဘာ့ဂီတရဲ့ ရာသီဥတုကိုရော အားရပါရဲ့လား။

လောလောဆယ်တော့ ကမ္ဘာ့ဂီတ အခြေအနေက ပြောရရင်တော့ ထုံထိုင်းထိုင်းကြီး ကျွန်တော် အဲဒီလိုပဲ ခံစားရတယ်။ Music ရဲ့ အစဉ် အလာအရ၊ Music Composition နဲ့ သူက တစ်လှည့်စီ သွားနေတဲ့ အချိန်မှာ Complexity အနေနဲ့ကတော့ Heavy Rock Band တွေကို ပြန်ပြီး တဖြည်းဖြည်း Simplicity ဘက်ကို ပြန်လှည့်လာတာပေါ့နော်။ အခုဆိုရင် ဟိုအရင်ကလို ဘေ့စ်တစ်လက်၊ ဂစ်တာတစ်လက်၊ ဒရမ်ဆက် တစ်စုံနဲ့ သီချင်းတွေ ဖန်တီးတဲ့ဆီ သွားနေကြတယ်။ အဲဒီတော့ အခုကာလက

အဲဒီခရီးကြား ကာလထဲ ရောက်နေတယ်လို့ အခုကာလကို ကျွန်တော် ယူဆယ်။ ထုံထုံထိုင်းထိုင်း မှုန်မှုန်ဝါးဝါး ဖြစ်နေတာ။

အဆိုအတွက် ငယ်စဉ်ကတည်းက သီးသန့် လေ့ကျင့်ခဲ့တာလား။

မရှိပါဘူး

ဂီတမှာ သီအိုရီ ရှိတယ်ဆိုတဲ့ အဆိုကို (အမြဲတမ်း) လက်ခံပါသလား။ တကယ်လို့ ဒြပ်မဲ့ပန်းချီမျိုး သီအိုရီထက် ပိုနက်ရှိုင်းတဲ့ ခေတ်သစ် ဂီတမျိုး ပေါ်လာခဲ့ရင်ကော လက်ခံဖို့ အသင့်ရှိမလား။

ဘယ်ဂီတမဆို ပေါ်လာခဲ့လို့ရှိရင် လက်ခံဖို့ အချိန်တစ်ခုယူပြီး ကြိုးစား ရတာပါပဲ။ ဒီဟာတစ်ခု ပေါ်လာတာနဲ့ ဝုန်းခနဲဆိုပြီး လက်ခံနိုင်ဖို့ ကျွန်တော်တို့ခေါင်းတွေ၊ ကျွန်တော်တို့ ရင်ဘတ်တွေက အဆင်သင့် ဘယ်တော့မှ မဖြစ်ပါဘူး။ သူဟာ ဘယ်ပေါ်မှာ မူတည် တည်ဆောက် ထားတာလဲ။ သူ့ရဲ့အလှအပတွေက ဘာလဲဆိုတာ စူးစမ်းရှာဖွေကြည့် ရတာပါပဲ။

မြန်မာပြည်ရဲ့ အရည်အချင်းရှိ တေးရေးဆရာ တစ်ယောက်အနေနဲ့ ကမ္ဘာ့ဂီတအသစ်ရှာ ခြေစမ်းပွဲမှာ ဝင်နွှဲဖို့ စိတ်ကူးရှိလား။

စိတ်ကူးမရှိပါဘူးခင်ဗျာ၊ အဲဒီ ခြေစမ်းပွဲဝင်ဖို့ ကျွန်တော့်မှာ ခြေလှမ်း မမီပါဘူး။ ကျွန်တော် ပြောတာနော်။

ဘယ်လို စာပေအမျိုးအစားကို အရသာ အတွေ့ဆုံးလဲ။



http://mmteashop.com

ကျွန်တော် ကဗျာကို အရသာ အတွေ့ဆုံးပဲ။

ဘယ်လို ကဗျာမျိုးလဲ၊ ဂန္တဝင်လား၊ ခုပြောနေကြတဲ့ မော်ဒန်လား။

ကဗျာဆိုရင် ကောင်းတဲ့ကဗျာ၊ ဘယ်ကဗျာမဆို ကြိုက်ပါတယ်။

၂၁ ရာစုမှာ မြန်မာ့ခေတ်ပေါ်ဂီတရဲ့ အလားအလာ ဘယ်လိုရှိမလဲ။

ကျွန်တော် မသုံးသပ်တတ်ဘူးခင်ဗျာ၊ တကယ်ပြောတာပါ။

ပရိသတ်ကို ပြောစရာရှိရင် ပြောပါဦး။

အဟား..ဟား၊ ပြောစရာ ဘာရယ်လို့ ပြောစရာ မရှိပါဘူးဗျာ၊ ဂီတ တစ်ခုကို ကြိုက်ကြ နှစ်သက်ကြတဲ့ နေရာမှာ စတီရီယို တစ်ခုအနေနဲ့ ကြိုက်တာမျိုးထက် တကယ်ကို နက်နက်ရှိုင်းရှိုင်းနဲ့ ဒီဂီတတစ်ခုရဲ့ သဘောသဘာဝ၊ ဖွဲ့စည်းပုံ သဘောသဘာဝ၊ အဲဒါတွေကို သိမြင်နားလည်လို့ ရင်ထဲက တကယ်ကို နှစ်နှစ်ခြိုက်ခြိုက် ရင်ထဲက ကြိုက်တဲ့ ခံစားတတ်တဲ့ ပုံစံမျိုးဖြစ်အောင် ကြိုးစားနားထောင်ကြဖို့ ကျွန်တော် တိုက်တွန်းချင်ပါတယ်။

လိပ်စာကကော...။

၆၉၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

အယ်ဒီတာအဖွဲ့

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ အမှတ် ၁၀၊ အမှတ် ၁၁၊ ၂၀၀၄

http://mmteashop.com

# ဖန်တီးသူ၏ စေတနာနှင့် ဝေဖန်သူ၏ ဝေဒနာ

စုစုစံ

"မဟာဝီရ အို ... ဗုဒ္ဓ"

ရေး - မောင်မောင်ဇော်လတ် /ထူးအိမ်သင်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ သံဃံ သရဏံ ဂစ္ဆာမိ

ကမ္ဘာမြေပြင်မှာ မှောင်အတိနေ့ရက်များ ကယ်တင်ရှင်မရှိသော အခိုက်ကာလ ဉာဏ်ပညာအလင်းနဲ့ လမ်းမှန်ပြဗုဒ္ဓ

အမှန်ကို မမြင်နိုင်ခြင်း အဝိဇ္ဇာတရား အရာရာကို တွယ်ငြိသည့် တဏှာ သံသရာစက်ဝန်းအား ချိုးဖျက်သွား ဗုဒ္ဓ

ကျင်လည်ရာ လေးဖြာသြဃ ... စုန်ဆန်ကာ အကြိမ်ကြိမ် ပြန်ကျက်စား အဖန်ဖန် သေခြင်း/ရှင်ခြင်းသည် ဆင်းရဲလေစွ အို ...အဖ

ဒေသနာတော် သစ္စာလေးပါး မမြင်နိုင်သူ အကျွန်သည် လူအန္ဓ ရွှေဉာဏ် အရှင် သဗ္ဗညုတအား ပူဇော်ညွှတ်တွား အို ... မဟာဝီရ ဗုဒ္ဓ

ဒုက္ခ၏အကြောင်း သမုဒယအကြောင်းအကျိုးတို့ ချုပ်ခြင်း နိရောဓ မှန်ကန်သည့် ထွက်မြောက်လမ်းသည်ကား မဂ္ဂ

"ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံဟေတုံ တထာဂတော အာဟ တေသဉ္စယော နိရောဝါ ဧဝံဝါဒီ မဟာသမဏော ဗုဒ္ဓ"

အကြင်တရားတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏ ထိုဖြစ်ရာ အကြောင်းကို လည်းကောင်း ထိုအကြောင်း အကျိုးတရားတို့၏ ချုပ်ငြိမ်းရာနှင့် ချုပ်ငြိမ်းကြောင်းကို လည်းကောင်း တထာဂတ အရှင်သည် ဟောတော်မူအပ်ပြီ မြတ်သော ရဟန်းသည် ဤသို့ အယူရှိ၏။ ။

၂၀၀၅ ခု၊ ဖွန်လထုတ် မဂ္ဂဇင်းတစ်စောင်တွင် ပါဝင်သော "ဂီတဝေဖန်ရေး" ကိုဖတ်ပြီး ယခုစာကို ရေးသားခြင်း ဖြစ်ပါသည်။ ခေါင်းစဉ် ၌ "မဟာဝီရ...အို...ဗုဒ္ဓ" ဟု ရေးဖွဲ့သော "ရေဗျိုင်း" တေးရေးဆရာ၏ အမှားများဟု ဖော်ပြထားပါသည်။

ထိုခေါင်းစဉ်ကြောင့်ပင် ထိုဝေဖန်ရေးကို ဂရုတစိုက် ဖတ်ဖြစ်သွားပါသည်။ "မဟာဝီရ ... အို... ဗုဒ္ဓ" သီချင်းမှာ ၂၀၀၁ ခုနှစ်က ထွက်ခဲ့သော "အစိမ်းရောင်ရက်စွဲများ" တေးအယ်လ်ဘမ်မှ ကိုထူးအိမ်သင် သီဆိုထားသော သီချင်းဖြစ်သည်။ တေးရေးသူ "မောင်မောင်ဇော်လတ် /ထူးအိမ်သင် " ဟုလည်း သိရှိပြီး ဖြစ်ပါသည်။

ကိုထူးအိမ်သင် သီဆိုသော သီချင်းများကို ကျွန်မနှစ်သက်ပါသည်။ ကိုမောင်မောင်ဇော်လတ်ရေးသော သီချင်းတော်တော်များများကိုလည်း နှစ်သက်ပါသည်။ သို့သော် "ကိုမောင်မောင်ဇော်လတ် /ထူးအိမ်သင်" နှစ်ဦး စလုံးကို (Crazy) ဖြစ်သူ၊ အရူးအမူး ကြိုက်သူများထဲတွင် ကျွန်မမပါဝင်ပါ။

"မဟာဝီရ ...အို...ဗုဒ္ဓ" သီချင်းသည် ကျွန်မကြိုက်နှစ်သက်ခဲ့သော သီချင်းတစ်ပုဒ်ဖြစ်သည်။ ထိုသီချင်းကို ဖန်တီးခဲ့သော၊ သီဆိုခဲ့သော သူတို့ နှစ်ဦးကို ကျွန်မကျေးဇူးတင်သလို ဗုဒ္ဓဘာသာဝင် လူငယ်တစ်ယောက် အနေနှင့် အထူးလေးစားခြင်းလည်း ဖြစ်ခဲ့မိသည်။

ယခု ထိုသီချင်း၌ ဘယ်လို အမှားတွေ ပါဝင်နေသလဲ သီချင်စိတ်ဖြင့် ဝေဖန်ရေး ဆောင်းပါးကို သေသေချာချာ ဖတ်ခဲ့ပါသည်။ အစ၌ပင် "ပဋိက္ကတ်စာပေ " မကျွမ်းကျင်

မန့်စပ်ရာသော ရေးဖွဲ့မှုအမှားများဟု ဝေဖန်ရေးဆရာ ညီညီတင် (မြောင်းမြ) က ပြောထားသည်။ ပထမဦးဆုံး "မဟာဝီရ ...အို..ဗုဒ္ဓ" ဟူသော သီချင်းခေါင်းစဉ်၌ မဟာဝီရ ဆိုသည်မှာ ဂျိန်းဘုရားကို ခေါ်သည့် နာမည်ဖြစ်ကြောင်းနှင့် ဂျိန်းဘာသာ၏ ကျင့်ကြံမှု များကို သေချာရှင်းပြထားပါသည်။

ထိုမဂ္ဂဇင်း စာမျက်နှာ (၆၇)၌ ("ထေရဝါဒအမြင်ဖြင့် ကြည့်လျှင် ဤသို့ "မဟာဝီရ ...အို...ဗုဒ္ဓ" ဟု ရေးဖွဲ့ခြင်းသည်ပင် "ဓမ္မန္တရာယ်" ရှိသော ရေးသားခြင်း ဖြစ်ပါသည်။

http://mmteashop.com

"မဟာဝီရ" သည်ပင်လျှင် "ဗုဒ္ဓ" ဟု နလုံးပိုက်မိပြီး နောင်လာနောက်သားများ ခိုင်မာစွာ အမြစ်တွယ်သွားစေနိုင်သော "ဓမ္မန္တရာယ်"ဖြစ်သည် ) ဟု ဆိုချင်ပါသည်။

"ဗုဒ္ဓ" အား ဓမ္မပူဇာတေးနှင့် ပူဇော်ရာတွင် မဟာဝီရ ဂိုဏ်းနှင့် ထင်ယောင်ထင်မှားဖြစ်အောင်နှင့် ဝေ့လည်လည် ရေးထားသဖြင့် "ထေရဝါဒဗုဒ္ဓဘာသာ" အရ မဖွယ်မရာ အဆီအငေါ်မတည့် ဖြစ်နေပါကြောင်း ဝေါဝေါကြီး ပေါ်ထွက်လာပါသည်။ "တေးရေးဆရာ" ၏ ပိဋကတ်စာပေ မကျွမ်းကျင်၊ မနှံ့စပ်မှုကြောင့် "ပမာဒလေခ" ဖြစ်ရပါသည် ဆိုလျှင် "ထေရဝါဒဗုဒ္ဓဘာသာ" အတွက် အင်မတန်မှ အဆိပ်ပြင်းလှသော "ပမာဒလေခ"ဖြစ်ပါသည်။ ) ဟု ပြင်းပြင်းထန်ထန် ဝေဖန်ထားပါသည်။

ကျွန်မသည် နိဂဏ္ဌနာဋ္ဌပုတ္တဟူသည် ဂိုဏ်းဘုရားဟူ၍ ကြားဖူးသော်လည်း မဟာဝီရဟူသော အခြား အမည်ရှိကြောင်း မသိခဲ့သည် ကို ဝန်ခံပါသည်။ "မဟာဝီရ ..အို...ဗုဒ္ဓ" သီချင်းမှ မဟာဝီရ ၏ အဓိပ္ပာယ်ကို "ကြီးမြတ်သော ရဲရင့်ခြင်း လုံ့လဝီရိယ ရှိတော်မူသော"မြတ်စွာဘုရား ဟူ၍ သာ နားလည်သဘောပေါက် ခံစားခဲ့ပါသည်။

ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်သော သူများအတွက် မဟာဝီရဆိုတာ ဂိုဏ်းဘုရားအမည်ဟု သိရှိပြီး ထိုခေါင်းစဉ် အပေါ် မနှစ်သက်ခြင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဆရာ ညီညီတင် (မြောင်းမြ)က မဟာဝီရ ဟု သုံးတာ မသင့်တော်သော ရေးဖွဲ့ခြင်း ဖြစ်သည် ဆိုတာကိုတော့ လက်မခံနိုင်ပါ။ မြန်မာနိုင်ငံတွင် ဂိုဏ်းဘုရားအကြောင်းသိသူ (ဂိုဏ်းကို မဟာဝီရဟု ခေါ်မှန်းသိသူ) ဦးရေ အလွန်နည်းပါသည်။ နောင်လာနောက်သား များလည်း ထိုသီချင်းကို ကြားပြီး ဗုဒ္ဓမြတ်စွာဘုရား ကို ဂိုဏ်းဘုရားဟု ထင်စရာ လွဲမှားစရာ အကြောင်းမရှိပါ။ သီချင်းစာသား ထဲတွင် ဗုဒ္ဓ၏တရားတော်များ အထင်အရှားပါဝင်နေပါသည်။

ထိုစာပိုဒ် ဖတ်ပြီးသည်အထိ ဗုဒ္ဓဘာသာအတွက် စိုးရိမ်သော စေတနာ နှင့် ဝေဖန်ရေးသားခြင်းဟုသာ ထင်နေခဲ့ပါသည်။ ဒုတိယအမှားအနေနှင့် "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ" သရဏဂုံ (၃)ပါးကို မြန်မာသံနှင့် မရွတ်ဘဲ ကမ္ဘာ့သံနှင့် ရွတ်သည်ဟု ထောက်ပြ ဝေဖန်ထားသည်။



http://mmteashop.com

(စာ - ၆၈) ("သစ်ငုတ်တို" ကို "သရဲ" ထင်နေသလို ကမ္ဘာသံ တလွဲကြီးအား မြန်မာသံဟု ထင်ပြီး အထင်မှား အသိမှားဖြင့် မှန်းရမ်းရွတ်ဆို နေခြင်းဟူသော အချက်ကို သတိပြုမိစေရန် တင်ပြခြင်း ဖြစ်ပါသည်။ မည်သူ ကိုမှ မကျေနပ်မှု၊ အငြိုးထားမှု၊ ပျက်စီးစေလိုမှု မရှိပါ။

"မဟာဝီရ ...အို..ဗုဒ္ဓ" ဓမ္မပူဇာတေးမှ "အမှား" ကို ဖော်ထုတ်၍ "ဗုဒ္ဓသာသနာတော်" အတွက် "ထမ်းသင့်သောတာဝန်" ကို ထမ်းလိုက်ခြင်း ဖြစ်ပါသည်) ဟု ရေးသားထားပါသည်။

တတိယအမှားအနေနှင့် "ကယ်တင်ရှင်မရှိသော အခိုက်ကာလ" မှ "ကယ်တင်ရှင်"၊ အဖန်ဖန် သေခြင်း/ရှင်ခြင်းသည် "ဆင်းရဲလေစွ အို...အဖ" မှ "အို...အဖ" ဟူသော ဖွဲ့နွဲ့မှုကို ထေရဝါဒနှင့် လုံးဝဆန့်ကျင်သည်ဟု ဝေဖန်ပါသည်။

ထိုစာပိုဒ် ဖတ်ပြီးချိန်တွင်တော့ စေတနာနှင့် အမှားတွေ ထောက်ပြတာ ဟုတ်ရဲ့လားဟု သံသယရှိလာပါသည်။ ကျွန်မသံသယသည် ဆောင်းပါး နောက်ဆုံး အပိုဒ်ကို ဖတ်ပြီးသည့်အခါ ရှင်းရှင်းလင်းလင်း အဖြေပေါ်သွားပါသည်။

(စာ-၇၁) (လွန်ခဲ့သော နှစ်ကာလအနည်းငယ်က ဤ မဂ္ဂဇင်း စင်မြင့်ပေါ်မှ ကျွန်တော်က The Ants အဖွဲ့၏ Album တစ်ချပ်ကို "ချောကလက်၏အရသာ" အမည်ဖြင့် "ဂီတဝေဖန်ရေး" ရေးခဲ့ဖူးပါသည်။ ထိုအခါ The Ants အဖွဲ့သားများက "အင်တာဗျူး" တစ်ခုတွင် ဆင်ကို မမြင်မကန်းစမ်းကြသည့် "မျက်မမြင်ပုဏ္ဏား" ၆ ယောက်ရှိသည့် အနက် "ညီညီတင်(မြောင်းမြ) ကတော့ "သတ္တမမြောက် မျက်မမြင်ပုဏ္ဏားဟူသော စကားမျိုးဖြင့် ကျွန်တော့်ကို ဂုဏ်ပြုခဲ့ပါသည်။ ထိုအင်တာဗျူး ပါဝင်သော မဂ္ဂဇင်းကို မမှတ်မိတော့ပါ။ လိုရင်း အဓိပ္ပာယ်ကတော့ ထိုအတိုင်း ဖြစ်ပါသည်။

"အကန်း" ထက် ပိုပြီး "မမြင်သောသူ"မှာ "မကြည်သောသူ" ဖြစ်ပါသည်။ ယခု "သတ္တမမြောက်မျက်မမြင်ပုဏ္ဏား"က "အကန်း" ထက် ပိုပြီး မမြင်သည့် "ရေဗျိုင်း" တေးရေးဆရာ၏ "အမှား"ကို ထောက်ပြ ဝေဖန်လိုက် ရပြန်ပါပြီခင်ဗျား။) ဟု ဖြစ်ပါသည်။



http://mmteashop.com

ထိုဂီတဝေဖန်ရေးဆောင်းပါးကို အစမှအဆုံးထိ ဖတ်ပြီးသည့်အခါ ကျွန်မ အလွန်စိတ်မကောင်း ဖြစ်မိပါသည်။ ဆရာ ညီညီတင် (မြောင်းမြ) သည် ၂၀၀၁ ခုနှစ်က ပေါ်ထွက်လာသော သီချင်းကို ၂၀၀၅ ခုနှစ်အထိ ကာလ ကြာမြင့်ခဲ့ပြီးမှ "အမှားကို ဖော်ထုတ်ခြင်းနှင့် သာသနာ့တာဝန်ထမ်းသည် " ဟု ဆိုထားပါသည်။

အမှားကို အမှန်သို့ ရောက်အောင် ဝေဖန်အကဲဖြတ်ရာ၌ မှန်ကန် မွန်မြတ်သော ရည်ရွယ်ချက်နှင့် စေတနာကောင်း ရှိခဲ့သင့်ပါသည်။ တကယ့် စေတနာမှန်နှင့် ထိုသီချင်းမှ အမှား (သို့မဟုတ်) အားနည်းချက်များကို ဖော်ပြတာဆိုလျှင် နောက်ဆုံးစာပိုဒ်ကို ထည့်စရာ မလိုအပ်ပါ။ ထိုစာပိုဒ် ကြောင့်ပင် ဝေဖန်သူသည် မကျေနပ်မှု ရန်ငြိုးဖွဲ့မှုပေါ်တွင် အရင်းတည် ထားကြောင်း သိသာလွန်းပါသည်။ ထိုဆောင်းပါးကြောင့် ကျွန်မရင်ထဲတွင် သိလိုသော မေးခွန်း ၂ ခု ပေါ်ပေါက်လာပါသည်။

(၁) မိမိ၏ မကျေနပ်ချက်ကို ပြဿနာတစ်ခု ဖန်တီးပြီး စာပေ စင်မြင့်ပေါ်မှ စကားလုံးများနှင့် တိုက်ခိုက် ထိုးနှက်သင့်ပါသလား။

(၂) ထိုလုပ်ရပ်ကို "ထေရဝါဒ ဗုဒ္ဓဘာသာအတွက် ထမ်းသင့်သော တာဝန်ထမ်းခြင်း" ဟု နာမည်ကောင်းယူက သုံးသင့်ပါသလား။ သုံးခွင့် ရှိပါသလား။

ဗုဒ္ဓဘာသာတွင် ထေရဝါဒနှင့် မဟာယန ဟူ၍ ကွဲပြားပြီး တန္တရယာန၊ မန္တရယာန၊ ယန္တရယာန စသည်ဖြင့် ဝါဒများ ကွဲပြားစွာ ရှိနေကြောင်း သိရပါသည်။ ထိုသို့ ကွဲပြားရာတွင် ဗုဒ္ဓဘာသာဟု ခံယူထားသူ အများစုမှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံ ဖြစ်ပါသည်။ ကျွန်မတို့ လူငယ်များတွင် အများစုမှာ ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်သူ၊ ကိုးကွယ်မှု မရောနှောသော ထေရဝါဒနှင့် ကိုက်ညီသူ၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင် စစ်စစ်ဟု ပြောရဲသူ ရှိသော်လည်း အလွန်ရှားပါသည်။ ကျွန်မကိုယ်တိုင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အဆင့်မှ ထေရဝါဒ ဗုဒ္ဓဘာသာဝင် အဆင့်ရောက်အောင် ကြိုးစားနေရဆဲ ဖြစ်ပါသည်။ ကျွန်မနားလည်သော ထေရဝါဒ၏ အနိမ့်ဆုံးအဆင့်မှာ ကိုယ်ကျင့်တရား ကောင်းမွန်ဖို့ ဖြစ်ပါသည်။



http://mmteashop.com

ဗုဒ္ဓဒေသနာတော်အရ "ဝိဝါဒံ ဘယတော" ငြင်းခုံမှုဟူသမျှသည် အန္တရာယ်သို့သာ ဦးတည်၍။ "အဝိဝါဒံ ခေမတော" မငြင်းခုံဘဲ ဆွေးနွေးညှိနှိုင်းခြင်း ဟူသမျှသည် ငြိမ်းချမ်းခြင်းသို့သာ ဦးတည်၏ဟု သိရှိ နားလည်ထားပါသည်။ ကျွန်မသည် ဆရာ ညီညီတင်(မြောင်းမြ)လို ပိဋကတ် စာပေ ကျွမ်းကျင်သောသူ မဟုတ်ပါ။ တရားမျှတမှု မရှိသော ဝေဖန်ခြင်းဟု ယူဆ၍ ကျွန်မနားလည်သော စာပေဗဟုသုတ အသိနှင့်သာ "မဟာဝီရ ...အို..ဗုဒ္ဓ" သီချင်းမှ စာသားများကို ခံစားမိသမျှ ပြောပြလိုခြင်း ဖြစ်ပါသည်။

(၁)

ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဒါတရားသည် ဗုဒ္ဓဘာသာဝင် ဖြစ်ဖို့ရန် အနိမ့်ဆုံး အဆင့်ဖြစ်၏။ ထို့အတူ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ" ဟု ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ ရွတ်ဆိုခြင်းဖြင့် အနိမ့်ဆုံးအဆင့် သရဏဂုံတည်သူ ဖြစ်၏ဟု သိရှိထားပါသည်။ သို့သော် ရဟန်း၊ သာမဏေ ပြုသည့်အခါတွင်မူ သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ပီသအောင် ဆိုနိုင်မှ ဖြစ်မည်ဟု သိရှိပါသည်။

"မဟာဝီရ..အို..ဗုဒ္ဓ" သီချင်းတွင် သရဏဂုံကို ကမ္ဘာသံနှင့် ရွတ်ဆိုခြင်း သည် အမှားဟု ဆို၍မရပါ။ မြန်မာနိုင်ငံမှာမို့ ရွတ်ဆိုပူဇော်ခြင်းကိုသာ နှစ်သက်သည်။ နားထောင်လိုသည်ဟု ဝေဖန်သူကဆိုလျှင် လက်ခံနိုင်စရာ ရှိပါသည်။ ထိုသီချင်းကြောင့် သီချင်းကို နားထောင်ပြီးသော မြန်မာနိုင်ငံမှ လူများသည်လည်း ဘုရားရှိခိုး ဝတ်ပြုသည့်အခါ သီချင်းထဲက ကမ္ဘာသံအတိုင်း လိုက်ရှိခိုးကြမည် မဟုတ်ပါ။ မိမိတို့ ရွတ်ဖတ်နေကျ မြန်မာ သံနှင့်သာ သရဏဂုံရွတ်ကြပါသည်။

အဓိကရည်ရွယ်ချက်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးကို သတိရဖို့၊ သရဏဂုံကို ရွတ်ဆိုမိဖို့ နှလုံးသားမှ ယုံကြည်စွာ ရွတ်ဆိုခြင်းသည် အဓိက ဖြစ်၍ ကမ္ဘာသံ၊ မြန်မာသံ ခွဲခြားခြင်းသည် သာမညသာ ဖြစ်ပါသည်။

http://mmteashop.com

(၂)

"ကမ္ဘာမြေပြင် မှောင်အတိနေ့ရက်များ ... ကယ်တင်ရှင် မရှိသော အခိုက်ကာလ ဉာဏ်ပညာအလင်းနဲ့ လမ်းမှန်ပြဗုဒ္ဓ"

ဗုဒ္ဓမြတ်စွာဘုရားသည် လောကသုံးပါး၏ အနှိုင်းမဲ့ ကျေးဇူးတော်ရှင် ဖြစ်ပါသည်။ မြတ်စွာဘုရားမပွင့်မီက လူနတ်ပြဟ္မာသတ္တဝါတွေသည် "ကုသိုလ်နှင့် အကုသိုလ်"၊ "ရုပ်တရား နှင့် နာမ်တရား"၊ "ပညတ်နှင့် ပရမတ်" ခွဲခြားမသိခဲ့ကြပါ။ မြတ်စွာဘုရား ပွင့်တော်မူသော အခါမှ ဟောကြားသော တရားတော်တွေကြောင့် "ကုသိုလ် နှင့် အကုသိုလ်"၊ ရုပ်နှင့် နာမ်၊ ပညတ် နှင့် ပရမတ်" ခွဲခြား သိမြင်လာနိုင်ခြင်း ဖြစ်သည်။ မြတ်စွာဘုရား အလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်တော်မူခဲ့ခြင်းမှာ သတ္တဝါများအား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်ရန် ကြိုးစားကျင့်ကြံခဲ့ခြင်းဟု ကျွန်မ သိရှိထားပါသည်။

"မဟာဝီရ ... အို.. ဗုဒ္ဓ" သီချင်းတွင် တေးရေးဆရာသည် "ကယ်တင်ရှင် ဗုဒ္ဓ" ဟု တိုက်ရိုက်ညွှန်ပြ ဖွဲ့ဆိုထားခြင်းမရှိပါ။ (အကယ်၍ ရှိခဲ့လျှင်သော်မှ မြတ်စွာဘုရားသည် သတ္တဝါတို့အား သံသရာ ဝဋ်ဆင်းရဲ ဝဲဩဃထဲမှ လွတ်မြောက်စေဖို့(ဓမ္မဖြင့်) ကယ်တင်တော်မူသည်မှာ အထင်အရှား ဖြစ်သဖြင့် "ကယ်တင်ရှင်" စကားလုံးကို အပြစ်မမြင်သင့်ပါ) ယခုလည်း ဉာဏ်ပညာအလင်းနဲ့ လမ်းမှန်ပြသူ၊ လမ်းညွှန်သူ ဗုဒ္ဓဟူသော အဓိပ္ပာယ်နှင့်သာ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ကျွန်မတို့ သီချင်း နားဆင်သူတွေသည်လည်း လမ်းမှန်ပြပေးသူ ဗုဒ္ဓဘုရားဟုသာ နားလည် ခံစားမိပါသည်။ ဘုရားမပွင့်မီ ကုသိုလ်၊ အကုသိုလ် ခွဲခြားမသိသော အချိန်ကာလကို "ကယ်တင်ရှင် မရှိသော အခိုက်ကာလ" ဟု အနုပညာ သဘောအရ တင်စား၍ စကားလုံး သုံးနှုန်းခြင်းသည် (ပုဂ္ဂိုလ်အရ ကယ်တင်သည့်) ကယ်တင်ရှင်ဝါဒကို လက်ခံသော သဘော သက်ရောက်မှု မရှိဟု မြင်ပါသည်။



http://mmteashop.com

(၃)

"အမှန်ကို မမြင်နိုင်ခြင်း အဝိဇ္ဇာတရား၊ အရာရာကို တွယ်ငြိသည့် တဏှာ၊ သံသရာစက်ဝန်းအား ချိုးဖျက်သွား ဗုဒ္ဓ"

ဗုဒ္ဓ၏ အဘိဓမ္မာတရားကို ကျွမ်းဝင်ဖူးသတွေအဖို့ ထိုစာသားကို မြင်သည်နှင့် (ကြားသည်နှင့်) အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟူသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ချက်ချင်း သတိရမိမည် ထင်ပါသည်။

"သစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံး ပျက်စီးရသကဲ့သို့ ထို့အတူ သံသရာတွင် စည်ပင်နေသည့် သတ္တဝါဟု ခေါ်ဆိုအပ်သော ရုပ်နာမ် ခန္ဓာ သစ်ပင်ကြီး၌ "အဝိဇ္ဇာနှင့်တဏှာ" ဟူသော ရေသောက်မြစ်နှစ်ခုကို "အရဟတ္တမဂ်" တည်းဟူသော လက်နက်ဖြင့် ဖျက်ဆီးလိုက်သောအခါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် အပြီးသတ် ချုပ်ငြိမ်းသွားရလေသည်" ဟူသော ဝဋ်စက်ရဟတ်ပြတ်ပုံကိုလည်း ထိုစာသားနှင့်ပင် ထင်ရှား စေပါသည်။

ထိုအချက်များသည် "မဟာဝီရ ..အို..ဗုဒ္ဓ" သီချင်းမှ ဆရာ ညီညီတင် မဝေဖန်ခဲ့သော မဖော်ပြခဲ့သော အားသာချက်များ၊ စေတနာကောင်းများ ဖြစ်ပါသည်။ ပါဠိစာပေနှင့် မကျွမ်းဝင်သော လူငယ်များသည်လည်း ထို စာသားကြောင့်ပင် "အဝိဇ္ဇာ ဆိုတာ အမှန်ကို မမြင်နိုင်သော သဘော" "တဏှာဆိုတာ အရာရာကို တွယ်ငြိသည့် သဘော" ပါလားဟု သိရှိနားလည်း သွားနိုင်ပါသည်။

(၄)

"ကျင်လည်ရာ လေးဖြာဩဃ၊ စုန်ဆန်ကာ အကြိမ်ကြိမ် ပြန်ကျက်စား အဖန်ဖန်သေခြင်း၊ ရှင်ခြင်းသည် ဆင်းရဲလေစွာ အို...အဖေ"

သတ္တဝါတို့၏ ကာမဝဲဩဃ၊ ဘဝဝဲဩဃ၊ ဒိဋ္ဌိဝဲဩဃ၊ အဝိဇ္ဇာဝဲဩဃ တို့၌ နစ်မြုပ်နေရပုံနှင့် သံသရာတွင် အဖန်ဖန် သေခြင်း၊ ရှင်ခြင်းဖြင့် ဘဝများ စွာ



http://mmteashop.com

သံသရာလည်နေသော ဒုက္ခကို ငြီးတွားသံနှင့် သတိသံဝေဂရအောင် ဖော်ပြထားသည်ဟု ကျွန်တော် ခံစားမိခဲ့ပါသည်။

"အို ...အဇ" ဟူသော စကားလုံးသည် "ဣသရနိမ္မာနဝါဒီ" (တန်ခိုးရှင် ဖန်ဆင်းပေးသောဝါဒ) ၏ ဓမ္မတေးများတွင် သုံးနှုန်းသောကြောင့် ဗုဒ္ဓဘာသာ ၏ ဓမ္မပူဇာတေးမှာ မသုံးသင့်တာလား ကျွန်မနားမလည်ပါ။ ပိဋကတ်တော် ထဲတွင် မြတ်စွာဘုရားအား "အဇ" ဟု မသုံးသော်လည်း၊ မြတ်စွာဘုရား၏ တရားဒေသနာတွေမှာ "ချစ်သား အာနန္ဒာ"၊ "ချစ်သမီး ဝိသာခါ" စသည်ဖြင့် သုံးနှုန်းတာ တွေ့ဖူးပါသည်။ တစ်ခါတစ်ရံ လူကြီးများနှုတ်မှ "ဗုဒ္ဓ" အကြောင်း ပြောသည့်အခါ "အဖဘုရားရှင် ကိုယ်တော်မြတ်ကြီး" ဟု ခေါ်ဝေါ် သည်ကို ကြားဖူးပါသည်။ (ရဟန်း သံဃာတော်များကပင်လျှင် "တို့ရဲ့ အဖ ဘုရားရှင်"၊ "ဘုရားသားတော်များ ဖြစ်တဲ့ တို့များ" စသည်ဖြင့် ဟောပြော ရေးသားကြသည့် သာဓကများစွာ ရှိပါသည်။) ထို့ကြောင့် ဆရာ ညီညီတင် (မြောင်းမြ) ဝေဖန်သလို စွပ်စွပ်ရေး၊ ဖြီးဖြန်းရေးခြင်းမျိုး မဟုတ်ဘူးဟုတော့ ကျွန်မ ပြောရဲပါသည်။

(၅)

"ဒေသနာတော် သစ္စာလေးပါး မမြင်နိုင်သူ အကျွန်သည် လူအန္ဓ ရွှေဉာဏ်အရှင် သဗ္ဗညုတအား ပူဇော်ညွတ်တွား အို ... မဟာဝီရ အိုဗုဒ္ဓ"

ဗုဒ္ဓဘုရားရှင် ဟောကြားသော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးတရားတော်ကို မသိမြင်နိုင်သေးသူ မိမိသည် ဉာဏ်ပညာနည်းသော၊ ညံ့ဖျင်းသော လူအန္ဓဖြစ်ပါသည်။ ထိုမိမိသည် ရွှေဉာဏ်ရှင် သဗ္ဗညုတ မြတ်စွာဘုရားအား ရှိခိုးပူဇော်ပါ၏ဟု တေးရေးဆရာ သည် ရိုးသားစွာ ရေးဖွဲ့သီဆိုထားပါသည်။

ဆက်၍ သစ္စာလေးပါး တရားတော်ကို ပါဠိလိုရေး၊ မြန်မာလို အနက်ပါ ထည့်သွင်းပူဇော်ထားပါသည်။



http://mmteashop.com

"မဟာဝီရ အိုဗုဒ္ဓ" သီချင်း၌ တေးရေးဆရာသည် နားဆင်သူ ပရိသတ်ကို သူတတ်စွမ်းသော အနုပညာနှင့် သူယုံကြည်ကိုးကွယ်သော ဗုဒ္ဓ မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါစိတ်ကို ဖော်ပြလိုက်ခြင်းသည် ပထမရည်ရွယ်ချက်ဖြစ်ပါလိမ့်မည်။ ဒုတိယ ရည်ရွယ်ချက်မှာ ပါဠိစာပေနှင့် မရင်းနှီး၊ မကျွမ်းဝင်သော လူငယ်ပရိသတ်ရင်ထဲကို ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာတော်တွေ အနည်းငယ်ဖြစ်ဖြစ်၊ တစ်စွန်းလောက်ပဲဖြစ်ဖြစ် ဝင်စေချင်ခြင်း၊ သိစေချင်ခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်မယူဆသည်ထက် ပိုမို ကောင်းမွန်သော ရည်ရွယ်ချက်များလည်း ရှိနေနိုင်ပါသည်။

(ဥဒယဗ္ဗယနှင့် ဥဒကဗ္ဗက) ပါဠိ မှားယွင်းပြီး ဖြစ်ပျက်ရှုရမှာကို ရေဗျိုင်း ရှုမိလို့ တရားထူး မရတာမျိုးနှင့် "မဟာဝီရ အို ...ဗုဒ္ဓ" သီချင်းမှာ ဘာမှ မသက်ဆိုင်ပါ။ သီချင်းနားထောင်သူသည် တရားထူး ရလိုစိတ်နှင့် နားထောင်ခြင်းလည်း မဟုတ်ပါ။ (ဝေဖန်ရေး ဆောင်းပါး၌ သီချင်းနားထောင် တာ အကုသိုလ်စိတ်ဟု ဆရာညီညီတင် (မြောင်းမြ)က သေချာ ရှင်းပြထားသည်။) နားထောင်ရင်းမှသာ မြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါ စိတ်၊ ဘုရား၏ ဒေသနာတော်ကို ကြည်ညိုစိတ်သာ ဖြစ်သွားနိုင် သောကြောင့် "ရေဗျိုင်း" တေးရေးဆရာဟု သုံးနှုန်းထားခြင်းသည် မဆိုင်သော အသုံးအနှုန်း၊ မသင့်တော်သော ဥပမာ နိုင်းနှိုင်းချက်၊ မတရားသော စွပ်စွဲချက်ဟု ကျွန်မပြောချင်ပါသည်။

ကျွန်မသိသလောက် သီချင်းခွေ ထွက်ရန်အတွက် တေးစာသားများကို စာပေ စီစစ်ရေး တင်ရပါသည်။ ဘာသာရေးနှင့်ဆိုင်လျှင် သာသနာရေး ဆိုင်ရာ ခွင့်ပြုချက် ယူရပါသည်။ "မဟာဝီရ အို ဗုဒ္ဓ" သီချင်းမှ စာသားများ သည် တကယ်သာ ဓမ္မန္တရာယ်ရှိသည်၊ ဗုဒ္ဓသာသနာအတွက် အင်မတန် အဆိပ်ပြင်းသည်ဆိုလျှင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်များက ခွင့်ပြုခဲ့မည် မဟုတ်ပါ။ ယခု ထိုတေးသီချင်းသည် ၂၀၀၁ ခုနှစ်က ထွက်ရှိခဲ့ပြီးပြီ။ တေးရေးဆရာ၏ ရည်ရွယ်ချက်၊ စေတနာကောင်း များကိုလည်း ပရိသတ်က နားလည် လက်ခံခဲ့ပြီး ဖြစ်ပါသည်။



http://mmteashop.com

ကျွန်မစဉ်းစားမိသည်မှာ အဘိဓမ္မာအရ သီချင်းနားထောင်လျှင် "သောမနဿ သဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ အသင်္ခါရိက စိတ်နှင့် လောဘမူ အကုသိုလ်စိတ် ဖြစ်ကြောင်း ရှင်းပြနိုင်သော ဆရာညီညီတင် (မြောင်းမြ) သည် ထိုဂီတ ဝေဖန်ရေး ဆောင်းပါး ရေးနေစဉ် "ဒေါမနဿ သဟဂုတ်၊ ပဋိဃသမ္ပယုတ်၊ အသင်္ခါရိက ဒေါသမူ အကုသိုလ်စိတ် ဖြစ်နေမလား၊ ထိုအကုသိုလ်စိတ်ကို ပယ်နိုင်ခဲ့လားဟု စဉ်းစားကြည့် မိပါသည်။

နောက်ဆုံးအနေနှင့် ကျွန်မကြားဖူးသော ကဗျာနှင့် ဤစာကို အဆုံးသတ် လိုက်ပါသည်။ ။

စစ်ကိုင်းတံတားကြီး
အလွန်ကြီးလည်း
လျှောက်သူမခက်
ဆောက်သူခက်၏။

စုစုစံ

http://mmteashop.com

# သီချင်းငှက်နဲ့ ဝေးသွားသောအခါ

အောင်ကျည်စိုးမြင့် (ANA)

ရန်ကုန်မြို့မှာ ဝဿန်မိုးက သည်းသည်းမည်းမည်း ရွာနေတယ်။ စနေမိုး ထင်ပါရဲ့။ စနေနေ့ ရုံးပိတ်ရက်လည်းဖြစ်၊ မိုးကလည်း စွေနေတော့ အသွားအလာ ရှင်းနေတယ်။ သတင်းသမားတွေလည်း တစ်ယောက်နဲ့ တစ်ယောက် မဆုံဖြစ်ကြဘူး။ နေ့လည်ပိုင်းမှာ သတင်းသမား ဇေယျာမြတ်ခိုင်က ပြောလာတယ်။ ကိုငှက် (ထူးအိမ်သင်) ဆုံးသွားပြီ။ စောစောလေးတင်ကပဲတဲ့။

ခုတလော ဘယ်သူတွေက ဘယ်လို စိတ်ကူးအကြံနဲ့ သတင်းမှာ ကောလာဟလတွေ ထုတ်လွှင့်နေကြသလဲ မသိဘူး။ အဆိုတော် ဘယ်သူ ဘယ်သူတော့ ဆုံးသွားပြီဆိုတာ တစ်ယောက်မကဘူး။ တော်တော်များတယ်။ ဈေးထဲမှာ ရပ်ကွက်ထဲမှာ ပျံ့နှံ့နေတယ်။ နိုင်ငံခြား ရောက်နေတဲ့ အဆိုတော် တစ်ယောက်တောင် ပါလိုက်သေးတယ်။ သတင်းသမား တစ်ယောက်အဖို့ သတင်းဆိုတာ ကြားတာ သတင်းမဟုတ်ဘူး။ မြင်တာမှ သတင်းမှန်တယ် ဆိုတာရှိတယ်။ သေချာတဲ့ သတင်းတစ်ပုဒ်အတွက် သတင်းဖြစ်ပေါ်ရာ ဒေသ၊ အခြေအနေ၊ ဖြစ်စဉ်တွေကို တိတိပပသိရအောင် ကိုယ်တိုင် (သို့မဟုတ်) ဆက်သွယ်မှု လိုင်းကြောင်းကနေ အတည်ပြု စုံစမ်းကြရတာ၊ ခုတော့ သတင်းသမား အချင်းချင်းပြောတာ။ ယုံကြည်လောက်တဲ့ သတင်းဖြစ်နေတော့ ရုတ်တရက် အံ့အားသင့်ပြီး စိတ်မကောင်း ဖြစ်ရတယ်။ တကယ်တော့ ကျွန်တော့် သတင်းသမား ဘဝတစ်လျှောက်မှာ မွေးနေ့ အမှတ်တရ ကွယ်လွန်ခြင်း အတွက် အမှတ်တရ မရေးခဲ့ဖူးပါဘူး။

ဒီတစ်ခါတော့ ကျွန်တော် လေးစားတဲ့၊ ခင်မင်တဲ့ မိတ်ဆွေ ကိုထူးအိမ်သင် အကြောင်း ကျွန်တော် ဆုံဖြစ်ခဲ့ဖူးတဲ့ သူ့အကြောင်း သတင်း တစ်ပုဒ်၊ စာတစ်ပုဒ် ရေးသားလိုပါတယ်။

http://mmteashop.com

ကိုထူးအိမ်သင်၊ ကျောင်းနာမည် (ကျော်မြင့်လွင်) ကို ဧရာဝတီတိုင်း မြို့တော် ပုသိမ်မှာ (၁.၇.၁၉၆၃) ရက်က မွေးဖွားခဲ့ပါတယ်။ အဘ ဦးထွန်းမြင့် (ကျန်းမာရေးအရာရှိ) နဲ့ အမိ ဒေါ်မြရင် (သူနာပြုဆရာမကြီး) တို့ရဲ့ သားသမီး (၆)ဦးအနက် သားကြီး ဩရသ ဖြစ်ပါတယ်။ မွေးချင်း မောင်နှမတွေမှာ ထူးအိမ်သင် (ကျော်မြင့်လွင်)၊ မခင်မိုးရီ၊ ကိုဥာဏ်စိုး၊ မနွယ်နီခင်၊ မောင်အောင်မျိုးဟိန်း၊ မင်းဆုမွန် တို့ ဖြစ်ပါတယ်။ မူလတန်း ပညာကို ပုသိမ်မြို့ အမှတ် (၂၀) အ-မ-က မှာ စတင် ပညာသင်ကြားခဲ့ပြီး အ-ထ-က(၃) ကနေ အထက်တန်း အောင်မြင်ခဲ့ပြီး (၁၉၇၉-၈၀) ခုနှစ်မှာ ဧရာဝတီတိုင်း ဒေသကောလိပ် ပုသိမ်သို့ တက်ရောက်ခဲ့ပါတယ်။ (၁၉၈၁) ခုနှစ်မှာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ မိသားစုနဲ့ လိုက်ပါပြောင်းရွှေ့ခဲ့ပြီး မော်လမြိုင် တက္ကသိုလ်မှ ရုက္ခဗေဒဘာသာဖြင့် ဘွဲ့ရရှိခဲ့ပါတယ်။ မော်လမြိုင် မြို့မှာ ဂီတဆရာ ဦးအောင်စိုး(KC,Francis) ထံမှ ဂီတပညာနဲ့ ဂီတသင်္ကေတ များကို စနစ်တကျ သင်ယူခဲ့ပါတယ်။ (၁၉၈၆) ခုနှစ်မှာ ပထမဆုံး တေးအယ်လ်ဘမ် (နာရီပေါ်မှ မျက်ရည်စက်များ) အမည်နဲ့ တေးသံသွင်းခဲ့ပြီး ဂီတလမ်းကြောင်းပေါ်မှာ အောင်မြင်တဲ့ တေးရေးသူ၊ တေးသံရှင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ပုသိမ်က ငယ်သူငယ်ချင်းတွေက သူ့ကို (ကိုဘဲဥ) လို့ခေါ်ပြီး၊ အရွယ်ရောက်ပြီး ကဗျာတွေ၊ သီချင်းတွေ ရေးတော့ (သျှပ်မှူးကျော်)တဲ့။ ဂီတလောက ရောက်တော့ (ကိုငှက်) လို့ ခေါ်ကြပါတယ်။ ကိုထူးအိမ်သင်ဟာ (၁၉၈၂) ခုနှစ်က (လင်းထက်) ကလောင်အမည်နဲ့ ရှုမဝ ရုပ်စုံမဂ္ဂဇင်းမှာ ဝတ္ထုတိုကို ပုံနှိပ်ဖော်ပြခြင်း ခံရတယ်။ အဲဒီအချိန်တုန်းက ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် (၆)လမ်း၊ ဂျပ်ဆင်ရိပ်သာ အနီးက ကိုမောင်မောင်၊ မကြည်ကြည်ဝင်းတို့ရဲ့ ဘော်ဒါဆောင်မှာ ပုသိမ်သားတွေ စုပြီး အဆောင်ငှားနေကြတယ်။ အဲဒီမှာ ပုသိမ်ကောလိပ်မှာ တက်ခဲ့ဖူးတဲ့ ဆရာအောင်ဝေးနဲ့ ပြန်ဆုံတယ်။ မနက်စာကို ကိုယ့်ဘာသာကိုယ် ဦးချစ် လက်ဖက်ရည်ဆိုင်မှာ သောက်၊ ညနေစာကို ဟင်းတစ်မယ်ဖြစ်အောင် ပိုက်ဆံ စုပြီး ချက်စားကြရတယ်။ အသက်အကြီးဆုံး ဖြစ်တဲ့ ကိုအောင်ဝေးက ပင်တိုင် ထမင်း၊ ဟင်းချက်ရတယ်။ မနက်စာ တစ်နပ်ကတော့ ဖြစ်သလို ကြုံ သလိုပဲ အဆင်ပြေသလို



http://mmteashop.com

စားလိုက်ကြတာပဲ။ မနက်စာ ဝတ်တဲ့ ရက်လည်း မနည်းတော့ဘူး။ မအောင်မြင်သေးတဲ့ အနုပညာသမားဘဝတွေလေ။ မြန်မာတစ်ပြည်လုံးမှာ တစ်ဦးတည်း မြန်မာစာ ခရက်ဒစ်ထွက်ခဲ့တဲ့ ကဗျာဆရာ အောင်ဝေးဟာ တက္ကသိုလ်ဂုဏ်ထူးတန်း၊ မဟာတန်း တက်ရင်း ဂုဏ်ထူးတန်းက တပည့်လေးတွေ စာသင်ပေးရင်း သူတို့က တစ်ပတ်တစ်ခါ ဈေးဝင်ဝယ်လာပေးလို့ ဟင်းကောင်း ကျွေးကောင်း စားကြရတယ်။ နောက်ပိုင်း ကိုထူးအိမ်သင် ဖြစ်လာမယ့် (လင်းထက်) ကလည်း မော်လမြိုင် ပြန်သွားတယ်။ ဆရာအောင်ဝေးကလည်း မြောင်းမြမြို့ကို ပြန်သွားတယ်။ ဒီလိုနဲ့ လွမ်းစရာ စံရိပ်ငြိမ်၊ ဂျပ်ဆင်ရိပ်သာကို စွန့်ခွာခဲ့ကြတယ်။

(၁၉၈၆) ခုနှစ် တစ်နေ့မှာ ဟိုင်းလတ် ဘတ်စ်ကားပေါ် ပြေးတက်တော့မယ့် ထူးအိမ်သင်က သူ့သီချင်းခွေ သွင်းနေပြီ။ မကြာခင် ထွက်တော့မယ်ဆိုပြီး သီချင်းခေါင်းစဉ် အရှည်ကြီးကို ရွတ်ပြတယ်၊ (ဆရာ ငြိမ်းကျော် ဝတ္ထုတွေလို နာမည်အရှည်ကြီး) ပလက်ဖောင်းပေါ်က ကျန်နေတဲ့ ဆရာအောင်ဝေးက "မင်းရဲ့ ခေါင်းစဉ်ကြီးက ရှည်လွန်းတယ်ကွ။ (နာရီပေါ်မှ မျက်ရည်စက်များ) လို့ ပေးလိုက်ကွာ။ မှတ်မိလွယ်တာပေါ့" လို့ ပြောလိုက်တယ်။ ခွေထွက်တော့ အစ်ကို ချစ်ခင်တဲ့ ဆရာအောင်ဝေး ပြောတဲ့အတိုင်း ခေါင်းစဉ်တပ်ထားတာကို ဝမ်းသာစွာ တွေ့ရတယ်လို့ ဆရာအောင်ဝေးက မှတ်မှတ်ရရ ပြောပါတယ်။

ရန်ကုန်မြို့မှာ သောင်တင်ပြီး အမေနဲ့ ဝေးနေတဲ့ သားတစ်ယောက် ဘဝကို ခက်ခဲပင်ပန်းစွာ ဖြတ်ကျော်နေရတာ ကြားတော့ မော်လမြိုင်ကို ပြန်ခေါ်တယ်။ အမေက "သား ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ" တဲ့။ "အမေ ကျွန်တော် အဆိုတော် ဖြစ်ချင်တယ်" ဆိုတော့ ရှိစုမဲ့စု ငွေနစ်သောင်း ထုတ်ပေးလိုက်တယ်။ အဲဒီ ငွေနစ်သောင်းကို ပိုက်ပြီး ဂီတလောကနဲ့လည်း အဆက်အသွယ်မရှိတော့ အဲဒီအချိန်က လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့ ACES တေးဂီတအဖွဲ့က ခေါင်းဆောင် (ဦးစိုးအောင်) ကို ၃၄လမ်း၊ စံပယ်ဦးတေးသံသွင်းနားမှာတွေ့တယ်။ အဖော်ပါလာတာက ကိုမြင့်မိုးအောင်။ "ကျွန်တော်တို့ မြန်မာသံစဉ် သီချင်းသွင်းချင်တယ်" လို့



http://mmteashop.com

တီးဝိုင်းသွားငှားတော့ ဘယ်လို မြန်မာသံစဉ်လဲ မင်းအောင်လို သံစဉ်လား။ နိုင်ထူးလို သီချင်းသံစဉ်လား” လို့ မေးတယ်။ ဒီလိုလည်း မဟုတ်ဘူး ဆိုတော့ တီးဝိုင်းကလူတွေ တော်တော်စိတ်ညစ်သွားတယ်တဲ့။ တကယ် တီးခတ် သီဆိုတဲ့ အခါကျမှ သူတို့နဲ့ မတူဘဲ သီးခြား တစ်လိုင်းထွက်လာလို့ တီးဝိုင်းကလည်း ဝမ်းသာ အားပေးကြတယ်။ သီချင်းခွေ (မာစတာတိပ်) ကတော့ သွင်းပြီး သွားခဲ့ပေမယ့် တိပ်ခွေတွေ ထပ်ပွားဖို့၊ ကြော်ငြာဖို့၊ ကက်ဆက်ဘူး၊ ကာဗာအဖုံးရိုက်ဖို့ ဖြန့်ချီခတွေ မရှိတာနဲ့ ၆ လလောက် လက်ထဲ သောင်တင်နေခဲ့ဖူးတယ်။ သူ့ငွေငါးထောင် ထပ်ထုတ်ပြီး ကိုယ်တိုင် လိုက်လုပ်တော့မှ ချောချောမောမော သီချင်းခွေ ထွက်ခဲ့ပြီး တစ်ခွေတည်းနဲ့ အောင်မြင်ခဲ့ပါတယ် လို့ ဒုတိယသီချင်းခွေ (မှော်ဆရာအိပ်မက်) မထွက်ခင် (၁၉၈၇) ခုနှစ်မှာ ကျွန်တော် (ယခင်ဘားလမ်း) မဟာဗန္ဓုလပန်းခြံလမ်း (အထက်)က ပန်းနုလဝန်း တေးသံသွင်း အပေါ်ထပ်ခိုးလေးမှာ သွားရောက် တွေ့ဆုံ မေးမြန်းစဉ်က ကိုထူးအိမ်သင် ပြောပြခဲ့ဖူးပါတယ်။ သူ့ ပထမဆုံး ခွေသွင်းစဉ်တုန်းက ပုသိမ်၊မော်လမြိုင်၊ ပဲခူးက အပေါင်းအသင်း ရောင်းရင်းတွေက စက်ဘီးပေါင်၊ ဆွဲကြိုးပေါင်ပြီး ရန်ကုန် လိုက်အားပေး ကြတာ။ အသံသွင်းခန်းမထဲမှာ လူ ၃၀ လောက် သူ့ဘေးမှာ ဝိုင်းနေလို့ ဂီတာတီးတဲ့ ဇာလျမ်းက စိတ်ဆိုးပြီး အပြင်ထွက်သွားလို့ အပေါင်းအသင်းတွေကို အပြင်ထွက်ခိုင်းပြီး ကိုဇာလျမ်းကို ပြန်ချော့ရသေးသတဲ့။ မအောင်မြင်သေးခင် ဘဝတွေက စိတ်ဓာတ်ကျရင် တေးရေး သုခမိန်လှိုင်ရဲ့ “လူငယ်လေးတစ်ဦး” ဆိုတဲ့ သီချင်းကို ဂစ်တာနဲ့ ဆိုလေ့ရှိပါသတဲ့။

၁၉၉၂ ခုနှစ်က ရန်ကုန် အမျိုးအသားကဇာတ်ရုံမှာ ထူးအိမ်သင် မွေးနေ့ ၃၀မြောက် (ပုလဲရတု)ကို သူ့အမေ၊ ဂီတအပေါင်းအသင်း၊ တေးချစ်သူ ပရိသတ်များနဲ့ ရုံပြည့်ရုံလျှံ အောင်မြင်စွာ တင်ဆက်နိုင်ခဲ့ဖူးတယ်။ သူ့တေးချစ် ပရိသတ်တွေ ရင်မှာ ပီတိများနဲ့ တသသ အမှတ်ထင်ထင် ကျန်ရစ်ခဲ့ဖူးတယ်။ နောက်ပိုင်း နှစ် ၄၀ ပြည့် မွေးနေ့ပွဲကိုတော့ မလုပ်တော့ပါဘူး။ ၁၉၈၆ ခုနှစ်ကနေ (၁၄-၈-၂၀၀၄) နေ့အထိ ၁၈ နှစ်တာ ဂီတခရီးမှာ တေးအယ်လ်ဘမ် ၁၃ ခု ထွက်ရှိခဲ့ပါတယ်။ (နာရီပေါ်မှ



http://mmteashop.com

မျက်ရည်စက်များ၊ မော်ဆရာအိပ်မက်၊ သက်ငြိမ်၊ အတ္တပုံဆောင်ခဲ့များ၊ အကြွင်နာအိပ်မက်၊ အရင်အတိုင်း၊ စကားလုံးမရှိတဲ့ကောင်းကင်၊ ထူးအိမ်သင် Unplugged Live၊ မြို့ပြလရောင်တမ်းချင်း၊ အမေ (သို့မဟုတ်) မေတ္တာတော်ဘွဲ့၊ ဝင်ရိုးစွန်းမီး၊ အစိမ်းရောင်ရက်စွဲများ၊ တစ်နေ့တာ အလွဲများ) ဖြစ်ပါတယ်။

ပုသိမ် ဒေသကောလိပ်မှာ အတူတူ တက်ဖြစ်ခဲ့တဲ့၊ ကဗျာတွေ သီချင်းတွေ ရေးနေတဲ့ သူငယ်ချင်း မြင့်မိုးအောင် (ကိုဖြူဖွေး) ကို "စကားလုံး မရှိတဲ့ ကောင်းကင်" အခွေအတွက် ယုံကြည်စွာနဲ့ ရေးခိုင်းပြီး ရန်ကုန်မြို့ကို ခေါ်ယူခဲ့တယ်။ တေးရေးသူဖြစ်ဖို့ မရည်ရွယ်ခဲ့တဲ့ ကိုမြင့်မိုးအောင် တစ်ယောက် သူနဲ့တွဲရင်း တေးရေးသူ တစ်ယောက်အဖြစ် အောင်မြင်လာခဲ့တာလို့ ကိုမြင့်မိုးအောင်(ကိုဖြူဖွေး) က ပြောပြပါတယ်။

လွန်ခဲ့တဲ့ ၁၉၉၆ ခုနှစ် မန္တလေးမြို့မှ VEC ပညာရိပ်သာမှာ (၁၀) တန်း အောင်တဲ့ လူငယ်တွေကို ဂုဏ်ပြု အခမ်းအနားလုပ်တော့ ရန်ကုန်က ထူးအိမ်သင်နဲ့ ဟေမာနေဝင်းတို့ နှစ်ယောက် သီဆိုဖို့ စီစဉ်ခဲ့တယ်။ ကိုထူးအိမ်သင်နဲ့ သူ့အမေကို သောကြာနေ့ညနေ ရထားနဲ့ တင်ပေးလိုက်တယ်။ ဟေမာနေဝင်းက ပွဲကျင်းပမယ့် တနင်္ဂနွေနေ့မနက် လေယာဉ်နဲ့မှ လိုက်နိုင်မယ်ဆိုလို့ လက်မှတ်တစ်စောင် ၈၀၀ ကျပ်တန်ကို ၁၅၀၀ ပေးပြီး လိုက်ဝယ်တာ မရလို့ စူပါရဖ်ကားနဲ့ မန္တလေးကို ၈၀၀၀ ကျပ်ပေးပြီး စနေည ၁၀ နာရီက ထွက်တဲ့အခါ မန္တလေးကို နောက်နေ့ တနင်္ဂနွေနေ့လည် ၁၂ နာရီမှ ရောက်တယ်။ အဲဒီလို ဟေမာနေဝင်း ရောက်မလာသေးချိန်မှာ ထူးအိမ်သင်ဟာ သီချင်းအပုဒ် ၃၀ ကျော်ကို Shell တီးဝိုင်းနဲ့ ဆိုရင်း စောင့်နေရဖူးတယ်။

ထူးအိမ်သင်ဟာ ဂီတကို အရှုးအမူး မြတ်မြတ်နိုးနိုး ခင်တွယ်သူမို့ နိုင်ငံခြားက လာရောက် ဖျော်ဖြေ တင်ဆက်တဲ့ ပြင်သစ်၊ ဂျပန်၊ ဂျာမဏီ တီးဝိုင်းတွေရှိရင် စထရင်း၊ ဟိုတယ်နီကိုးလ်၊ အင်းလျားလိတ်၊ ဆီဒိုးနား ဟိုတယ်တွေမှာ နားထောင်လေ့ရှိပြီး ပညာဆည်းပူး တတ်သူ ဖြစ်တယ်။ ယိုးဒယား၊ ဩစတြေးလျ၊ အမေရိကန် နိုင်ငံတွေကို ဂီတဖြေဖျော်ပွဲအတွက် ခရီးသွားခဲ့ဖူးပါတယ်။ သူဟာ ဟောလိုဂစ်တာ၊ လျှပ်စစ်ဂစ်တာ၊ လေမှုတ် တူရိယာ၊ ပကားရှင်းတွေကို စနစ်တကျ တီးခတ်နိုင်စွမ်း ရှိသူလည်း ဖြစ်ပါတယ်။



http://mmteashop.com

လိဒ်၊ ရစ်သမ်၊ ဘော့စ် ဂစ်တာတွေကိုလည်း ကြံ့သလို တီးတယ်။ သူ့ကို စင်မြင့်ဖျော်ဖြေပွဲအတွက် အခကြေးငွေ မြင့်မြင့်မားမား ပေးပေမယ့် ဆိုချင်မှဆိုပြီး တစ်ပြားတစ်ချပ်မှ မပေးရဘဲ သူကျေနပ်ရင်လည်း ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် ပါဝင်သီဆိုလေ့ရှိတယ်။ စင်မြင့် ဂီတပွဲ အချို့မှာ သူ့နာမည် မကြော်ငြာထားပေမယ့် ဆိုချင်ရင် စိတ်ပါလက်ပါ သူဟာ အမေနဲ့ သမီးငယ်လေးကို အင်မတန် ချစ်သူပါ။ အမြဲတမ်း ဦးစားပေးလေ့ ရှိတယ်။ အမေကိုလည်း ဂုဏ်ပြု သီချင်း ရေးဆိုခဲ့ဖူးတယ်။ သူနဲ့ မောင်မောင် ဇော်လတ်တို့ ပေါင်းပြီး မဟာဝီရ အိုဗုဒ္ဓ ဆိုတဲ့ သီချင်းနဲ့ မဖျှိမပဋ္ဌိပဋ္ဌာ အလယ် အလတ် ကျင့်စဉ်လမ်း” ကို လူငယ်ထုကြားမှာ လမ်းပြပေးခဲ့တယ်။ ၂၀၀၅ ခုနှစ်အတွင်းမှာ မြန်မာ နဲ့ မလေးရှား၊ သြစတေးလျ၊ အင်္ဂလန်နိုင်ငံတွေမှာ ပြသမယ့် လူမင်းရဲ့ “ကျန်စစ်မင်း” ဇာတ်ကား ဇာတ်ဝင်သီချင်းနဲ့ ဒါရိုက်တာ ကြည်ဖြူသျှင်ရဲ့ “အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ” ဇာတ်ကားမှာ ဇာတ်ဝင်ခန်း အဖြစ် မဟာဝီရ အိုဗုဒ္ဓ သီချင်းများ ပါဝင်တာမို့ အမှတ်တရ ဖြစ်စေဦးမှာပါ။

လင်းလက် တောက်ပနေဆဲမှာပဲ ကိုထူးအိမ်သင်ဟာ (၁၄.၈.၂၀၀၄) စနေ နေ့လယ် (၁၁း၄၀) နာရီအချိန်မှာ သုခကမ္ဘာ အထူးကုဆေးခန်းမှာ သူ့ချစ်တဲ့ မိသားစုနဲ့ တေးချစ်သူ ပရိသတ်ကို စွန့်ခွာသွားခဲ့ပါပြီ။ ကွယ်လွန်ချိန်မှာ ဇနီး မသွယ်သွယ်ထွေးနဲ့ သမီးငယ် မိကွန်ထော တို့ ကျန်ရစ်ခဲ့ပါတယ်။ သူ့ရဲ့ နောက်ဆုံးခရီးကို မိသားစု၊ တေးချစ်ပရိသတ်၊ ဂီတ အသိုင်းအဝိုင်းမှ ဝမ်းနည်းကြေကွဲစွာ လိုက်ပါပို့ဆောင် ပေးခဲ့ကြပါတယ်။ ရန်ကုန်မြို့ ရေဝေးသုသာန်မှာ ဂူသွင်း သင်္ဂြိုဟ်တာ ဖြစ်ပါတယ်။ သူမြတ်နိုးတဲ့ သီချင်းရဲ့ ဂီတ သင်္ကေတများကို ကျောက်ပြားထွင်းထုပြီး အုတ်ဂူမှာ တပ်ဆင် ထားမယ်လို့ သူ့မိသားစု၊ ဂီတမိတ်ဆွေ သူငယ်ချင်းများက ပြောပြ ပါတယ်။

သူအနှစ်သက်ဆုံး ကဗျာလေးကတော့

အိပ်မက်သည် သူ၊ သူသည် အိပ်မက်၊ အိပ်မက်သည် အသက်ဖြစ်စေ၊
ဆောင်းဦးလျှင် နှင်းကြွင်း၏၊ အချစ်ကြွင်းစေ၊ မြတ်နိုးခြင်း ကြွင်းစေ၊
မေတ္တာ ကြွင်းစေ၊ ချစ်ခြင်း အားဖြင့် ...



http://mmteashop.com

ထူးအိမ်သင် တဲ့။

ကြွေလွင့်သွားတဲ့ ကိုထူးအိမ်သင်သို့ မှတ်မှတ်ရရ
အောင်ကျည်စိုးမြင့် (ANA)




http://mmteashop.com

# မြန်မာအွန်လိုင်းတီးရှောပ့်၏ လွမ်းဆွတ်မှုများ

ကိုငှက်

**"သူ ဖြတ်သန်းကျော်လွှားခဲ့ ခေတ်ကြီးက ပခုံးပေါ် ပစ်တင်ပေးလိုက်တဲ့ တာဝန်ကိုသူဘယ်လောက်ထမ်းရွက်ခဲ့သလဲ" တဲ့လား....**

အဲဒီပေတံနဲ့တိုင်းမယ် ဆိုရင် ကျနော့် ခံစားချက်အရ .....

ကိုငှက်ဟာ

အနုပညာ မာနကြီးစွာ (ခေါင်းမာစွာ) နဲ့ သူ မလုပ်ချင်တာတွေကို မလုပ်သွားဘဲ.... သူလုပ်ချင်တာတွေကိုပဲ လုပ်သွားခဲ့ သူပါ....။

ဒီသီချင်းကတော့ ဘယ်လို ပရိသတ်ကြိုက်စေ၊ ဒီကဗျာကတော့ဖြင့် ဘယ်လို ပရိသတ်တွေ ခံစားစေတော့ ဆိုပြီး ဈေးကွက်ဝင် (လူကြိုက်များ) ဖော်မြူလာတွေ မသုံးပဲ သူခံစားရတဲ့ အတိုင်း ရေးချင်သလိုရေး၊ ဆိုချင်သလို ဆိုသွားခဲ့သူပါ...။

ဒါပေမယ့် အဲဒီသူ့ရဲ့ အနုပညာတွေကပဲ ကျနော်တို့ရဲ့ စိတ်၊ ကျနော်တို့ရဲ့ နှလုံးသားတွေကို အဟာရတွေ အများကြီး ပေးစွမ်းနိုင်ခဲ့သူပါ....။

သူ့အကြောင်းတွေ၊ သူ့သီချင်းတွေ၊ သူ့ခံယူချက်တွေကို ကြားရ၊ မြင်ရ၊ ခံစားရပြီးတဲ့အခါမှာ အနုပညာသမား စစ်စစ်ဆိုတာ ဒီလိုပါလား...။

သူဟာ ဒီနေရာ၊ ဒီအချိန်မှာ ဒီလို လုပ်လို့ရရက်နဲ့ ငွေကြေးနဲ့ အခွင့်အရေးကို ဂရုမစိုက်ပဲ သူလုပ်ချင်တာ လုပ်သွားပါလားလို့ ဦးညွှတ်မိပြန်ပါတယ်...။



http://mmteashop.com

**ကိုယ့် အမျိုးအရင်ဇာတ်၊ သေသွားတာထက် ခင်ဗျား သေသွားတာကို ပိုနှမြောမိပါတယ် ကိုငှက်...**

LinLinJoker

---

အတ္တပုံဆောင်ခဲများအကြောင်း စဉ်းစားနေရင်း တစ်စုံတစ်ယောက် ဝင်လာသံ ကြားရသဖြင့် ဆတ်ခနဲ ခေါင်းထောင် ကြည့်လိုက်မိသည်။ စိတ်ထဲ အံ့သြသွား၏။ ဝင်လာသူက အသက် လေးဆယ်ကျော်ခန့် ပိန်ပိန်ပါးပါးနှင့် ကိုယ်ခန္ဓာ သေးသေး သွယ်သွယ် လူတစ်ယောက် ဖြစ်သည်။ သူ့၏ အသားဖြူပုံကလည်း တစ်ကိုယ်လုံး သွေးတစ်စက်မှ မရှိဟု မှတ်ထင်ရလောက်အောင် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ သို့သော် သွေးပြန်ကြော စိမ်းစိမ်းတွေကတော့ လက်နှစ်ဖက်စလုံးမှာ ထင်းထင်း ပေါ်နေသည်။

နှုတ်ခမ်းနှင့် ပါးပြင်တစ်ဝိုက်မှာ မရိတ်မညှပ်ဘဲ ဖြစ်သလို ထားသော နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး အစအနတွေ ထိုးထိုးထောင်ထောင်နှင့်၊ ဆံပင်တွေကလည်း တွန့်လိမ် ကောက်ကွေးကာ ရှည်လျားပြီး ရှုပ်ပွနေ၏။ ပါးရိုးတွေ ငေါထွက်နေလောက်အောင် ပိန်ချုံးနေသော ထိုသူ၏ မျက်နှာပေါ်မှာ ထင်ရှားသည့်အရာ နှစ်ခုသာရှိသည်။ တစ်ခုက ပါဝါထူထဲလှသော မျက်မှန်အောက်က ရီဝေသည့် မျက်လုံးများ ဖြစ်ပြီး နောက်တစ်ခုက နီရဲပြီး ရှည်လျားသည့် နှုတ်ခမ်းများဖြစ်သည်။

မဂ္ဂဇင်း စာမျက်နှာများ၊ ကက်ဆက်ခွေ ပိုစတာများ၊ ဆိုင်းဘုတ်များတွင် ခဏခဏ မြင်ဖူးနေသဖြင့် သူ ဘယ်သူဆိုတာ ချက်ချင်း သိလိုက်ရသည်။

"မားဆိုးတို့၊ ကိုလင်းတို့၊ ကိုဟိဏ်းတို့ ရှိလား"



http://mmteashop.com

လေသံတိုးတိုးဖြင့် မေးသည်။ သူ့မျက်လုံးတွေကလည်း ကျွန်တော့်ကို ကြည့်မနေသလိုပင်။ အမူအရာက မထုံတတ်သေး ဟန်မျိုးဖြင့်။

"ရှိပါတယ် အစ်ကို … သူတို့တွေ ပုန်းနေကြတယ် ထင်တယ်" ဟု တရိုတသေ ပြန်ဖြေလိုက်မိ၏။

ဘာကြောင့် ရှိုရှိုကျိုးကျိုး ဖြစ်နေမိသလဲ ဆိုသည်ကိုတော့ ကျွန်တော် ကိုယ်တိုင်ပင် မသိ။ တစ်ခုတော့ရှိသည်။ ရင်ထဲမှာ နှစ်သက် ကြည်ညိုမိသည့် အနုပညာရှင်ဟူ၍ လက်ချိုးရေလိုရသည့်အထဲ သူတစ်ယောက်တော့ ပါသည်မှာ အမှန်ပင်။ အဲဒီအထဲကမှ ကျွန်တော် ယခုတွေ့နေသည့်သူမှာ ထူးထူးခြားခြား အဆိုတော် တစ်ဦး ဖြစ်သည့် ကိုသျှပ်။ အခုလို ထိုသူ့ကို မထင်မှတ်ထားဘဲ ဘွားကနဲ တွေ့လိုက် ရခြင်းကြောင့် အလိုလို ရင်ထဲက ညွတ်ကျသွားခြင်း ဖြစ်နိုင်သည်။

နောက်တစ်ချက်က ထိုသူ၏ ရိုးစင်းလွန်းသော စတိုင်ကြောင့်လည်း ဖြစ်သည်။ နာမည်ကြီး အဆိုတော် တစ်ယောက်နှင့် လုံးဝမတူချေ။ အရောင်အသွေး လွင့်နေသော ချည်လုံချည် နွမ်းနွမ်းကလေးနှင့် အပြာရောင် လွင့်ပြယ်နေသော ရှပ်အကျီလေး တစ်ထည်ကို တံတောင်ဆစ်အထိ ရောက်အောင် လက်ခေါက်ပြီး ဝတ်ထား၏။ သူ့ ရီဝေဝေ မျက်ဝန်းတွေ ထဲမှာတော့ သူသီဆိုခဲ့သည့် သီချင်းတွေထဲမှ ဗင်းဆင့်ဗန်ဂိုး၏ ဝိညာဉ်ကို သူ့မျက်မှန်ထူထူများအောက်ကနေ တွေ့နရသလိုပင်။

"ကိုသျှပ် … မားဆိုးတို့ အပုန်းကြီးတွေနဲ့ တွေ့ဖို့ အရေးကြီးလို့လား"

"အရေးကြီးတယ် … သူတို့မှာ အနှစ်နှစ်ဆယ် ငယ်တဲ့ဆေးရှိတယ် ပြောတယ်"

သိပ်မကြာခင် … ဇေယျာဝတီစက်ရုံထုတ် ဘီအီးအရက်ဖြူ စစ်စစ်ပုလင်းများ ဆွဲပြီး မားဆိုးတို့အုပ်စု ထွက်ပေါ်လာပါသည်။



http://mmteashop.com

"ဟဲဟဲ ... ဒီမှာ ကိုသျှပ် အတွက် အနှစ်နှစ်ဆယ်ငယ်တဲ့ဆေး " ဟု မားဆိုးတို့ အုပ်စုက ပြောရင်း ကိုသျှပ်ကို ညွှန်ပြနေပါသည်။

ကိုသျှပ်က နိုင်ငံခြားဖြစ် ဝီစကီတွေထက် အရက်ဖြူစစ်စစ်ကို ပိုပြီး သဘောကျပုံရ၏။ ရှေ့ဖြစ် နောက်ဟောင်း အကြောင်းတွေပြောရင်း ..

သူအသက် နှစ်ဆယ်အရွယ် လောက်တုန်းက စပြီး မြည်းစမ်းရင်း နှစ်သက်ခဲ့ဖူးသော ယမကာအမျိုးအစား ဖြစ်သောကြောင့် ဇေယျာဝတီ စက်ရုံထုတ် အရက်ဖြူစစ်စစ်ကို တွေ့တိုင်း အသက်နှစ်ဆယ်ခန့် ပြန်ငယ်သွားသလို ခံစားရသည့်ဆေးဟု လွမ်းဆွတ်တသစွာ ပြောဖူးသဖြင့် မားဆိုးတို့ အုပ်စုက အမည်တတ်ထားခြင်း ဖြစ်၏။

ကိုသျှပ်လည်း မာဆိုးတို့ အပုန်းကြီးများ အုပ်စုနှင့် ပုလင်းထောင်ရင်း သူ့လက်ထဲမှ တစ်ဝက်တစ်ပျက် ငြိမ်းသတ်ထားသော စီးကရက်တို့ကို မီးညှိဖွာရှိုက်ကာ ဟိုအဝေးကြီးကို ငေးကြည့်နေ၏။ ပြီးတော့မှ သူ၏ သီချင်းဆိုသံအတိုင်း စွဲမက်ဖွယ် ကောင်းသော တိုးတိုးရှရှအသံဖြင့် ...

"ကိုယ်လုပ်ချင်တာကို လုပ်နေရတဲ့သူဟာ အရှင်သခင်ပဲ၊ ပိုက်ဆံလိုချင်လို့ ကိုယ်မလုပ်ချင်ပဲ လုပ်နေရတယ် ဆိုရင်တော့ကျွန်ပဲ ... အနုပညာလောကထဲမှာလည်း ကျွန်လူတန်းစာတွေရှိတာပဲ ..."

ဒီလို အတွေးစကားတွေ ပြောနေရင်းနဲ့ သူသိပ်ချစ်တဲ့ အမေ့အကြောင်း၊ သမီးလေးအကြောင်း၊ ကြယ်တွေစုံတဲ့ ညများစွာ ... ပြောရင်း ပြောရင်းနဲ့ ကိုသျှပ် ဘယ်လို စိတ်ကူးပေါက်သွားသည် မသိ ...

တိုးတိုးရှရှ အသံလေးဖြင့် ....

"ရက်စက်မှုတွေနဲ့ ကမ္ဘာကြီးက



http://mmteashop.com

ခဏကြည့်တာနဲ့ ရင်ထဲတုန်လှုပ်သွား။

ဘဝမှာ ဆိုးရွားလွန်းတဲ့ အခမ္မကို နိုင်ဦးမလား။

ဉာဏ်ပညာရယ်၊ ချစ်ခြင်းတရား ရင်ထဲလှပတဲ့ နေ့တွေရှိဦးမလား။

ဉာဏ်ပညာရယ် ချစ်ခြင်းတရား ရင်ထဲတောက်ပတဲ့ နေ့ရက်တွေ ကြုံဦးမလား။

ယုံကြည်တမ်းတဲ့ နလုံးသားများအားလုံးရဲ့ ကမ္ဘာသစ်ရယ်

ယုံကြည်တမ်းတတဲ့ နလုံးသားများအားလုံးရဲ့ အိပ်မက်ရယ်"

အခန်းထဲဝယ် ကိုသျှပ်၏ အသံတို့ လွင့်မြောနေလေတော့၏။

**NyiSay**

---

ထူးအိမ်သင် (၁၉၆၃-၂၀၀၄)

သက်တံမြစ်

ညနေခင်းတစ်ခု
မိုးစဲလင်းပွင့်ကောင်းကင်မှာ

ဟာ...

လှလိုက်တဲ့ သက်တံကြီးတစ်စင်း

စီးဆင်းနေတာ တွေ့ရတယ်



http://mmteashop.com

ရှုတ်တရက်ပဲ

ငါကြေကွဲခဲ့ရပေါ့…
ဘဝဆိုတာ
သက်တံ့လိုပါလား ..
ရှိတော့ရှိရဲ့
ဒါပေမယ့်
အရှိမဲ့
ထူးအိမ်သင်

၁၉၉၅ခုနှစ်၊ ဇွန်လ၊ သရဖူမဂ္ဂဇင်းမှ..

ကဗျာလေးက တိုတိုလေးနော် ဒါပေမယ့် အဓိပ္ပာယ် အရမ်းရှိတယ်လို့ ထင်မိတယ် …။

ကိုငှက် အကြွေစောလွန်းတယ် … ကောင်းရာဘုံဘဝ ရောက်ရှိပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် ..။

**နတ်မိမယ်**



http://mmteashop.com

Unplugged စီးရီးနှင့်ပတ်သက်၍ ငှက်ကြီးနှင့်အင်တာဗျူး

Unplugged အခွေကို ဘာဖြစ်လို့လုပ်ရတာလဲ။

ကျနော်လည်း Unplugged ကို စိတ်ဝင်စား၊ ကိုလေးဖြူကလည်း စိတ်ဝင်စားတဲ့အချိန်မှာ ဒီအကြောင်း ပြောမိကြယင်းနဲ့ လုပ်ဖြစ်သွားတာပါ။

အောင်ဆန်းကွင်း မိုးလုံလေလုံမှာ လုပ်သွားတဲ့ Unplugged သီချင်းတွေကို ပြန်ထုတ်တာမဟုတ်လား။ ပြန်ဆို/ ပြန်တီးသေးလား။

ဟုတ်ပါတယ်။ တချို့ကို ပြင်ဆင်ရတယ်။ တချို့ကို ဖြည့်စွက်ရတယ်။ တချို့ကို တည်းဖြတ်ရပါတယ်။ သို့သော် မူရင်း Live Mood နဲ့ Inprovisation တွေကို မဖျတ်ဆီးမိအောင် ကြိုးစားထားပါတယ်။

သူများ Unplugged စီးရီးတွေမထုတ်ခင်၊ ပထမဦးဆုံး လူဖြစ်အောင် စီစဉ်လိုက်တာလား။

အဲ့ဒီလို အတွေးမျိုး လုံးဝ မရှိခဲ့ပါဘူး။

Unplugged အပေါ် ထူးအိမ်သင်ရဲ့ ခံစားချက်။

Make-up လုပ်ထားတဲ့ ရောင်စုံ အလှအပတွေ ကြားထဲမှာ သနပ်ခါးရည်ကြဲနဲ့ မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရသလိုမျိုး၊

"ရိုးစင်းမှုကနေ ဖြစ်ပေါ်လာတဲ့ အလှတရား" လို့ ခံစားရပါတယ်။

ထူးအိမ်သင်ရဲ့ အခုစီးရီးဟာ Unplugged စစ်ပါတယ်လို့ ဘယ်လိုရှင်းပြနိုင်မလဲ။

ဘယ်လိုမှ ရှင်းမပြနိုင်ပါဘူး။ တစ်ခုဘဲ ပြောနိုင်တာက လျှပ်စစ် နည်းပညာ မပါဘဲနဲ့တော့ Unplugged ဖြစ်ဖြစ်၊ တခြား ဘယ်ဂီတဘဲဖြစ်ဖြစ် Record လုပ်လို့ မရဘူး။ ကျနော်တို့



http://mmteashop.com

Unplugged Live Concert တစ်ခု လုပ်ကြတယ်။ ဒါကို Record လုပ်ပြီး လက်ဆင့်ကမ်းတယ်။ ဒါပါဘဲ။

MTV Unplugged နဲ့ မြန်မာ Unplugged ဘာကွာသလဲ။

ဘာမှ မကွာပါဘူး။ အားလုံးဟာ "လျှပ်စစ်နည်းပညာနဲ့ အသံကိုပြုပြင်မှု" နည်းနိုင်သမျှ နည်းပါးအောင် ကြိုးစားထားကြတာ ချည်းပါဘဲ။

သီချင်းတွေကို Key ပြောင်းပြီး ဆိုလိုက်ရသေးလား။

Unplugged ကြောင့် Key ပြောင်းဆိုရတာမျိုး မရှိပါဘူး။ နဂိုကတည်းက Live တွေမှာ ပြောင်းဆိုနေကျ ဟာမျိုးတော့ ရှိတယ်။

သူများတွေ Unplugged ကို နိုင်ငံခြား Unplugged ကော်ပီတွေ လုပ်နေကြတယ်။ အဲ့ဒါကို ဘယ်လိုမြင်ပါသလဲ။

ဘယ်လိုမှ မမြင်ပါဘူး။ သူတို့လုပ်ချင်တာကို လုပ်နေကြတာဘဲလေ။

နိုင်ငံခြား သီချင်းတွေကို တစ်သွေမသိမ်း တူအောင်လိုက်ဆို၊ လိုက်တီးနိုင်တာဟာ မြန်မာဂီတလောက၊ သီချင်းလောက ကြီးပွား တိုးတက်လာတာလား၊ ဆုတ်ယုတ်လာတာလား။

ဒါဟာ နည်းပညာ၊ အတတ်ပညာ ဖြည့်ဆည်းမှုပါဘဲ။ မြန်မာဂီတလောက တိုးတက်ဖို့ ဆိုယင် ဒီကနေ နောက်တစ်ဆင့် ကြိုးစားရဦးမယ်။ သိတယ်မဟုတ်လား၊ ကျနော် ပြောတာကို။ ဆုတ်ယုတ်မှု မဟုတ်တာတော့ အသေအချာဘဲ။

ထူးအိမ်သင်ရဲ့ Unplugged ဟာ နိုင်ငံခြား Unplugged တွေ ပုံစံယူထားတဲ့ မြန်မာ့နည်း၊ မြန်မာ့ဟန် Unplugged လား။



http://mmteashop.com

မေးစရာ၊ ဖြေစရာကို မလိုတဲ့ကိစ္စပါ။

နိုင်ငံခြား MTV Unplugged တွေကိုရော ဘယ်လိုမြင်ပါသလဲ။

Band တစ်ခုနဲ့ တစ်ခု တူရိယာ အသုံးပြုပုံ၊ တင်ပြပုံတွေ ကွာခြားကြတာ တွေ့ရပေမယ့် တော်တော်များများကို ကြိုက်တယ်။ အားလုံးကောင်းတယ် လို့တော့ မပြောနိုင်ဘူး။

နားထောင်သူတွေ အတွက် Unplugged ဟာ ဟိုအယင် ထူးအိမ်သင် သီချင်းတွေနဲ့ အရသာချင်း ကွာသွားနိုင်ပါသလား။

နားထောင်သူရဲ့ သဘောအတိုင်းပါဘဲ။

ထူးအိမ်သင်ရော Unplugged လုပ်ယင်းနဲ့ အယင်တုန်းက ဆိုခဲ့တဲ့ Mood ပြောင်းသွားသေးသလား။

Mood တော့ မပြောင်းဘူး ထင်တယ်။ Live မှာ ကျနော်က အမြဲတမ်း Improvise လုပ်နေကျဆိုတော့ Expression ကတော့ တစ်ခါဆိုယင်တစ်မျိုး ဖြစ်နေတတ်တယ်။ အဲ့တာမျိုးတော့ ရှိနိုင်ပါတယ်။

Unplugged ဟာ အရိုးသားဆုံး ဂီတ ဆိုတာ လက်ခံပါသလား။

အရိုးသားဆုံးလို့တော့ မပြောနိုင်ဘူး။ အရိုးရှင်းဆုံးလို့တော့ ပြောနိုင်မယ် ထင်တယ်။ ဒါကလည်း တူရိယာအသုံးပြုမှုနဲ့ နည်းပညာ အပိုင်းကို ပြောတာနော်။ အနုပညာ အပိုင်းမှာတော့ အဲဒီလိုမပြောနိုင်ဘူး။ ရှုပ်ထွေးကောင်း ရှုပ်ထွေးနိုင်တာဘဲ။

ပြန်ဆိုတေးချင်း အတူတူ Own-tune တွေကို ပိုပြီး Unplugged လုပ်သင့်တယ်လို့ ယူဆပါသလား။



http://mmteashop.com

မယူဆပါဘူး။ Unplugged ဆိုတာ Music တစ်ခုမဟုတ်ဘူး။ Presentation တစ်ခုဘဲ။ ဆီလျော်တဲ့သီချင်းရှိသလို မဆီလျော်တဲ့သီချင်းတွေလည်း ရှိတယ်။

ခု Unplugged စီးရီးနဲ့ ပတ်သက်လို့ ခင်ဗျား ပရိတ်သတ်ကို ပြောချင်တာက။

ကျနော်တို့ကတော့ ပို့ပေးလိုက်ပြီ။ ရရှိခြင်း၊ မရရှိခြင်း၊ ငြင်းပယ်ခြင်း၊ လက်ခံခြင်းကတော့ ခင်ဗျားတို့သဘောအတိုင်း ရှိပါစေ။

တခြား ပြောချင်တာလေးတွေရှိယင်။

မရှိတော့ပါဘူးဗျာ။ ဒါပါဘဲ။

၁၉၉၅ ခု၊ ဒီဇင်ဘာလထုတ် "အလင်္ကာ ဂီတဂျာနယ်" မှ ကောက်နှုတ်ဖော်ပြသည်။

**မားဆို**

---

စိုင်းဝင်းမြင့်က ပြောတယ်
တကယ်ကောင်းတဲ့ ကဗျာ
တစ်ကြောင်းတည်းနဲ့ ပြီးခဲ့တယ်
မောင်ချောနွယ်.... တဲ့

ကျွန်တော်လည်း ပြောမယ်
သီချင်းတစ်ပုဒ်က
တစ်အုပ်တမကြီးကို လှုံခဲ့ဖူးတယ်
ထူးအိမ်သင်..... ပါ။

**နွယ်ဦးလှိုင်**



http://mmteashop.com

FB စာမျက်နှာထက်မှ မိတ်ဆွေ တစ်ဦးဖြစ်သူ ကိုနွယ်ဦးလှိုင် ရဲ့ ကဗျာလေးပါ။ ညနေက ကျနော့်ကို တဂ်သွားတယ်။ အဲ့ဒီထက်ပို ကျစ်လစ်တဲ့၊ အဲ့ဒီထက်ပို ကျယ်ပြန့်တဲ့၊ အဲ့ဒီထက်ပို သူ့အပေါ်ရည်ညွှန်းနိုင်တဲ့စာသား ကျနော် မဖန်တီး တတ်တော့လို့ နှစ်တိုင်း ဒီအချိန် ရောက်ယင် ကဗျာတစ်ပုဒ်လောက် ရေးနေကျ အစဉ်အလာကိုဖျက်ပြီး ကိုနွယ်ဦးလှိုင် ကဗျာလေးကို ခင်ဗျားတို့လည်း ခံစားနိုင်ဘို့ တင်ပေးလိုက်တာပါခင်ဗျာ။

ဒုံပါတ်ကတော့ ကျနော် စိတ်ရောလူရော ဘုံးဘုံးလဲစဉ်က အခန်းနံရံလေး ပေါ်မယ် ကျနော်ရေးခဲ့ဖူးတဲ့ ဦးငှက် ရဲ့ စာသားတချို့ပေါ့။ သူ ပုံ /ပြန် ထွက်သွားခဲ့တဲ့ နောက်ပိုင်း "ကိုင်းဖျားသိမ့်သိမ့်တုန်" ခဲ့ပုံလေး ဘယ်တော့မှ မေ့မရသလို၊ သူ့ရဲ့ သတို့သမီးကို ဟိုအကောင်တွေ "အရည်းကြီး" လက်ထဲ အပ်လိုက် တာကိုလည်း ရင်နာလို့မဆုံး။ ကိုငှက်ရေ ... "ပျိုမြစ်စိမ်းလမ်းရေး အတွက် ယုံကြည်သူတွေ အသက်နဲ့ ထုဆစ်ခဲ့တဲ့ အိပ်မက်" ဒီအကောင်တွေ နင်းခြေချိုးဖျက် ကြတော့မယ်။ ခုနေသာ ခင်ဗျားရှိနေခဲ့ယင်၊ ကျနော်တို့အားလုံး ချစ်တဲ့ မိခင်အတွက် ခင်ဗျားဘယ်လို တုန့်ပြန်ဦးမလဲ .. တွေးမိတယ်။ တမ်းတမိတယ်ဆို ပိုမှန်နေမလားဘဲ ကိုငှက်။

**<u>မားဆိုး</u>**

---

ဒီနေ့ ကျနော့်မွေးနေ့ ...။ ခင်မင်ရင်းနှီးတဲ့ ကျနော့် မိတ်ဆွေ ရဲဘော်တွေက ဆုတောင်းပေးတယ်။ မွေးနေ့မှာ ပျော်ရွှင်ပါစေပေါ့။ ဒါပေမယ့် ကျနော့်မွေးနေ့မှာ ကျနော် အပြည့်အဝ မပျော်နိုင်ခဲ့တာ နှစ်တော်တော်ကြာပြီ။ မှတ်မှတ်ရရ (၁၄.၈.၂၀၁၄) ခုနှစ် ကျနော် ဒုတိယနှစ် ကျောင်းသားဘဝ။ အဆောင်ရှေ့က ဂစ်တာသံတွေမှာ ကိုငှက်ရဲ့ သံစဉ်တွေနဲ့ မွေ့လျော်နေတဲ့အချိန် ....။ အဲ့ဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျနော့် မွေးနေ့ကြီးမှာပဲ ကိုငှက်ဆုံးတယ် ဆိုတဲ့ သတင်းကို ကြားလိုက်ရတယ်။ မဖြစ်နိုင်ဘူးလို့ စိတ်ထဲက တွေးမိပေမယ့် ကျနော် ... လက်မခံလို့မရဘူး။ ဒါဟာ တကယ်ဖြစ်သွားခဲ့ပြီ။ ကိုငှက် တစ်ယောက် ... သူ ခံစားသီဆိုတဲ့ မြို့ပြည တွေကို ထားခဲ့ပြီး သူ သိပ်ချစ်တဲ့



http://mmteashop.com

သမီးလေး မိကွန်ထောကို ထားခဲ့ပြီး။ သူ့ရဲ့ အချစ်ဆုံး ဇနီးသည်ကို ထားခဲ့ပြီး။ သူချစ်တဲ့ ဂီတကို ထားခဲ့ပြီး အိုဗျာ ယုတ်စွအဆုံး အရာရာ အားလုံးကို ထားခဲ့ပြီး သူ သိပ်မျှော်လင့်တဲ့ ... ကမ္ဘာသစ်ဆီကို ပျံသန်းသွားခဲ့တယ်။

ခင်ဗျားဆိုခဲ့တဲ့ သီချင်းလိုပဲ ကိုငှက် ...။ ပြသူအသစ် ဖြစ်သူအဟောင်းပေါ့ဗျာ။ ခင်ဗျားကတော့ ဘဝမှာ ဆိုးဝါးလွန်းတဲ့ အဓမ္မတွေကို အနိုင်မထိုးတော့ပဲ ကမ္ဘာသစ်ဆီကို ပျံသန်း သွားခဲ့ပေမယ့် ကျန်ခဲ့တဲ့ ကျနော်ရို့ (၇) နှစ်တိုင်တာတောင် ခင်ဗျားကို မေ့လို့ မရခဲ့ပါဘူးဗျာ။ ခင်ဗျား ဆိုခဲ့သလို လမ်းဘေးကဖေးလေးတွေမှာ ကျနော် ထိုင်ငေးမိတုံးပဲ။ စကားလုံးတွေ သိပ်မလိုဘူး လို့ ဆိုခဲ့တဲ့ ခင်ဗျားအတွက် ကျနော်ရို့ တမ်းတမ်းတတ ဖွဲ့နွဲ့နေကြတာကို ကမ္ဘာသစ်က ခင်ဗျား မြင်ရင် ထိုင်ရယ်နေမှာလား။ ခင်ဗျား အစိမ်းရောင် ရက်စွဲထဲမှာ ဆိုခဲ့တဲ့ ပြန်မလာတော့ဘူးကွယ် ကိုယ်ထွက်သွားတော့မယ် ဆိုတဲ့သီချင်းဟာ ခုချိန်မှာ ကျန်ခဲ့တဲ့ ကျနော်တို့အတွက် ရင်ဆို့စရာပဲ ကိုငှက်။ ခင်ဗျားဟာ အနုပညာသမား ...။ အဆိုတော် သက်သက် မဟုတ်ဘူး ကိုငှက် ... ခင်ဗျားဟာ သွားလေသူ ကိုချော စကားနဲ့ ဆိုရရင် မွေးရာပါ အကြောကြီးကြောင့် အဆိုတော် ဖြစ်လာသူ။ ကျနော်ရို့အတွက် သူရဲကောင်း၊ ခင်ဗျားရဲ့ ဒီသီချင်းကို ကျနော် ခုပြန်နားထောင်မိနေတယ် ကိုငှက် ...။

ငါ့လက်ထဲ ကိုင်ဆွဲတဲ့ မီးအိမ်အလင်းရောင်ဟာ တောက်ပတယ်

အားလုံးကို ငါဟာ လမ်းပြအဖြစ် သွားလိုရာ ပို့ခဲ့ပြီး အပြန် ...

မှောင်ပါတယ်ဆိုတဲ့ ဆူးတောကြားမှာ ရင်တွေ ခုန်ကာမော

ထွက်သက်ဝင်သက်များ ပြင်းလွန်းတော့ မီးအိမ်ဟာ ငြိမ်းခဲ့တယ် ...။

မင်းတို့ သွားလိုတဲ့ ကမ်းတဖက်ကို ရွက်စုံကို လွှင့်လို့ရယ် ...

သဲဖွေး သောင်ယံမှာ နှုတ်ဆက်ပြီး ငါ့အိမ်ပြန်ခရီးကျတော့ ...

http://mmteashop.com

လေနီတွေ ထန်ကာ နိုပ်စက်လို့ လေ့ငယ်ငယ်ဟာ အက်ကွဲ

ငါ့ရွက်တိုင်တွေဟာ ကျိုးပဲ့လို့ တက်တွေဟာ အလုပ်မလုပ်တော့ ....။

ခင်ဗျားဟာ ကျနော်ရို့ လူငယ်ဘွတွေ လူငယ်တွေရဲ့ ညတွေအတွက်တော့ ပဲ့ကိုင်ရှင်ပဲ ကိုငှက်။ ခင်ဗျားရဲ့ ရောဝတီ ခင်ဗျား နက်နက်ရှိုင်းရှိုင်းကြီး ခံစားတဲ့ ရာဇဝင်များရဲ့ သတို့သမီး အခု ဒုက္ခတွေနဲ့ ဗျာများနေရပီ ကိုငှက် ...။ အဲ့ဒါတွေကို ခင်ဗျား သိမသွားနိုင်တော့ဘူးပေါ့။ ကွယ်လွန်ပြီးသော အိပ်မက်တွေ အကြောင်းကို စလည်ဆုံး မချွင်းမချန် သိနေတဲ့ ရောဂတီဟာ အခု နှုတ်ပိတ်ခံရရှာတော့မယ် . ခင်ဗျားသာ ခုချိန် ရှိနေမယ်ဆိုရင် ခင်ဗျားဘာတွေ လုပ်မယ်ဆိုတာ သိချင်မိသေးတယ် အခွင့်ရှိရင် ပြန်လာခဲ့ ကိုငှက် .... ခင်ဗျားကို ကျနော်ရို့အားလုံး မျှော်နေတယ်ဆိုတာ မမေ့ပါနဲ့ဗျာ။

<u>ဟိဏ်းဇော်အောင်</u>

---

ကျနော်လည်းဘဲ ... ခင်ဗျားထွက်သွားတုန်း

သိမ့်သိမ့်တုန် ကျန်ရစ်ခဲ့တဲ့

ကိုင်းဖျားကိုင်းနားလေးရယ်ပါ

ခင်ဗျားရဲ့ ကြီးမြတ်မှုကို

အထူးအထွေ တင်စားနိုင်ဘို့

စကားလုံးမရှိ။


http://mmteashop.com

အခု...
ခင်ဗျားသီချင်းတွေ နားထောင်နေယင်း

ကော်မန့်ရေးယင်း

လွမ်း .. လိုက် ..တာ ..

ခင်ဗျားချစ်တဲ့
ကျနော်တို့အားလုံး ချစ်ရတဲ့

သတို့သမီးကတော့
အရည်းကြီးလက်ရောက်နေပြီ

ဒါပေမယ့်

ကျနော်တို့ ရင်ဘတ်ထဲမတော့

ရောဝတီရော ခင်ဗျားပါ ..

ပြိုင်တူထွန်းလင်း .. စီးဆင်းနေဆဲ။

**ပီကာဆို**

http://mmteashop.com

ကိုငှက်ရေ.... အခုချိန် ခင်ဗျား ဘယ်တွေများရောက်နေလဲဗျာ ..။

ဘာလိုလိုနဲ့ ဒီနေ့ဆို ခင်ဗျား ကျနော်တို့ကို ခွဲသွားတာ ၇ နှစ် တိတိရှိခဲ့ပြီနော် ..။

ခင်ဗျား သမီးလေး မိကွန်ထော တောင် တော်တော် အရွယ်ရောက်နေပြီ ..။

ဒီတပတ်ထုတ် ပေါ်ပြူလာမှာ ကိုငှက်အလွမ်းပြေ ဆိုပြီး ခင်ဗျားအကြောင်းတွေ

ဖော်ပြပေးတာ ဖတ်ရတော့ ရင်ထဲမှာ တော်တော်ကြီးဆို့နေတယ်ဗျာ ..။

ခင်ဗျားသီချင်းတွေ နားထောင်မိတိုင်း အခုထိသတိရတယ် ..။

ခင်ဗျားဟာ.. ကျနော်တို့ မြန်မာနိုင်ငံဂီတလောကရဲ့ သူရဲကောင်းကြီးပါ..။

လက်ချိုးရေလို့ရတဲ့ အရည်အချင်းရှိတဲ့ အနုပညာရှင်ထဲမှာ ခင်ဗျား ထိပ်ဆုံးက ပါတယ် ကိုငှက်ရေ..။

ကျနော်အခုပဲ ခင်ဗျားရဲ့ Master Piece ဖြစ်တဲ့ **ရာဇဝင်များရဲ့သထိုမီး** ကိုနားထောင်နေတယ် ..။

ခင်ဗျားကိုသတိရပြီး ခင်ဗျားချစ်တဲ့ ရောဝတီအတွက် ကျနော် မျက်ရည်တွေ ကျတယ်...။

ခင်ဗျားချစ်တဲ့ ခင်ဗျားမြတ်နိုးတဲ့ ခင်ဗျားတန်ဖိုးထားတဲ့ ခင်ဗျားရဲ့ ကျနော်တို့တွေရဲ့ ရောဂတီရဲ့ အဖြစ်ကို ရောက်ရာ အရပ်ကနေ ထကြည့်လှည့်ပါဦးဗျာ...။ ကျနော် ရင်နာတယ် ကိုငှက်ရေ..။ ခင်ဗျားကတော့ ငြိမ်းအေးရာမှာ ရောက်နေလို့ ရောဝတီရဲ့ အဖြစ်ဆိုးကို မမြင်ရတာလည်း တမျိုးတော့ ငြိမ်းချမ်းတယ် ကိုငှက်ရေ.. ခင်ဗျား ဘာမှ မသိရတော့ဘူးပေါ့.. ခင်ဗျား ကျနော်တို့လိုလဲ ရင်မနာရတော့ဘူး ပေါ့လေ..။



http://mmteashop.com

ကျနော်တို့တွေ ကတော့ မြင်နေကြားနေရတယ် .. ပူလောင်တယ် ရင်နာတယ် ကိုငှက်ရေ..။

ဒါပေမယ့်...

ခင်ဗျားလဲ ဧရာဝတီအတွက် ရောက်ရာအရပ်ကနေ ကျနော်တို့တွေနဲ့ထပ်တူ ကျနော်တို့ထက် ပိုစွာ ရင်နာနေမယ် နာကြည်းနေမယ် ဆိုတာ ကျနော်တော့ ယုံတယ် ကိုငှက်ရေ..။

ခင်ဗျား တင်စားခဲ့သလို ကျနော်တို့ရဲ့ မိခင် **ရာဇဝင်များရဲ့သတို့သမီး ဧရာဝတီ** ကို ကယ်တင်ပေးပါ ကိုငှက်ရေ.. ခင်ဗျား ဧရာဝတီကို ချစ်သလို ကျနော်တို့တွေလည်း ချစ်တယ် ..။

ကိုငှက် ကောင်းရာဘုံဘ ဂမှာ ငြိမ်းအေးစွာနေနိုင်ပါစေလို့ ဆုတောင်းနေပါတယ်ဗျာ ..

နတ်မိမယ်






http://mmteashop.com

http://mmteashop.com



ငှက် …
မောင်ချောနွယ်က ပြောတယ်
"ကြွေဒါဂိုက ပွင့်ခြင်းဘဲ" တဲ့
ငှက် ။

**မားဆိုး**




http://mmteashop.com



# ထူးအိမ်သင်

၁-၇-၁၉၆၂ - ၁၄-၁-၂၀၀၄



COVER DESIGN : MYU SWE THAN
COVER ILLUSTRATION : MOAT-PHONE